
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မှူးသငပြ

။ မြန်မာပြန် ။

# ရဲရင့်သူ၏ဓား

DEACON'S DAGGER

by

JAMES ALBANY



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ကြိုတင် ခွင့်ပြုချက်အမှတ်(၁၀၈၂)

စာအုပ်စာတမ်း စာနယ်ဇင်း မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် (၂၇၆)

ပထမအကြိမ်

၁၉၈၄-ခု၊ နိုဝင်ဘာလ

| | |
|---|---|
| အုပ်ရေ | ၂၀၀၀ |
| တန်ဖိုး | ၂၅-ကျပ် |
| မျက်နှာဖုံးပန်းချီ | မောင်မောင်သိုက် |
| အတွင်းရေခံ ဒီဇိုင်း | အောင်မင်း (သပြေ) |
| အဖုံးရိုက် | အောင်သပြေ |
| မျက်နှာဖုံးကာလာခွဲ | မြရောင်ဝင်း |
| စာအုပ်ချုပ် | ဝေလွင်လွင် |
| ထုတ်ဝေသူ | ဦးတင်မောင်ဝင်း (မြဲ-၁၁၆၈) ဂန္ဓမာစာပေတိုက်၊ ၁၃၉/၁၄၁၊ လမ်း-၅၀၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးသန်းညွန့်နိုင်၊ (မြဲ-၁၂၈၃၃) အောင်သပြေပုံနှိပ်တိုက်၊ အမှတ်-၃၂၊ ၁၀၁-လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |


www.burmeseclassic.com

www.burmeseclassic.com

"အမိနိုင်ငံတော်အား ကာကွယ်စောင့်ရှောက်လျက် ရှိကြ
သော (ကြည်း-ရေ-လေ) တပ်မတော်သားများသို့......."

www.burmeseclassic.com

www.burmeseclassic.com

ထရီပိုလီမြို့၌ ကျွန်ုပ်တို့ ကြုံတွေ့နေရသည့် လတ်တလော ပြဿနာများ ဖြေရှင်းရာတွင် ကျွန်ုပ်၏ ကြံရွယ်ချက်မှာ ရန်သူကို ၎င်း၏ ဒုတိယ ခံစစ်ကြောင်း ဖြစ်သော 'မာရက်' ခံစစ်ကြောင်းဆီသို့ ဆုတ်ခွာသွားစေရန် တိုက်ထုတ်ရေးပင် ဖြစ်၏။

ရန်သူ၏ ရွေ့ပြေးတပ်ဆွယ်များကို ခံစစ် အနေအထားဖြစ်အောင် ဆောင်ရွက်ရန်နှင့် ရန်သူ၏ ခံစစ်ကို ထိုးဖောက်ရန် ဖြစ်၏။

ကျွန်ုပ်သည် လိုအပ်သော ဆက်သွယ်ရေး အဓိက စခန်းများနှင့် အခြားလမ်းမများကို သိမ်းယူရန်နှင့် ရှေ့တန်း လေယာဉ်ကွင်းများကို အုပ်စီးထားရန် ဖြစ်ပေသည်။

BURMESE CLASSIC

ဗိုးလ်မှူးချုပ် မောင်ဂိုမာရီ

(El Alamein To The River Sangro)

www.burmeseclassic.com

www.burmeseclassic.com

ရန်သူ့စစ်ဦးများက အလှမ်းကွာလေလေ၊ ရန်သူ၏ထောက်ပို့လမ်းကြောင်းက ရှည်လာလေလေ၊ ရန်သူသည် ၎င်း၏အနေအထားကို ဆက်လက် ထိန်းကျောင်းထားလိုသည် ဆိုပါက၊ တပ်ဖွဲ့များကို ထောက်ပို့လမ်းကြောင်းအား၊ ထိန်းသိမ်းရန် ထပ်မံချန်ထားရစ်ခဲ့ ရပေမည်၊ ထိုးစစ်တရပ်တွင် ထောက်ပို့ လမ်းကြောင်းများအား ဖြတ်တောက်ထားသည်ဆိုလျှင်၊ ဆုတ်ခွာလာရသော စစ်တပ်တတပ်အနေဖြင့် ရှိသမျှအင်အားကို စုစည်းထားရမည်မှာ ဓမ္မတာပင်ဖြစ်သည်။

ဖီးလ်မာရှယ် ရွှမ်းမဲလ်

(The Rommel Papers)

www.burmeseclassic.com

www.burmeseclassic.com

သဲကန္တာရ၌ သေမင်းသည် မကြောက်မရွံ၊ နောက်မတွန့်သော၊ ဘာမထိ ရဲသွေးစစ်သည်များကို စောင့်ကြိုင်လင့်လျက်....

(The Analects Of Bn Hannamah)

www.burmeseclassic.com

www.burmeseclassic.com

တိုဘီကာက်တဲလ်မိန်း၏ လျှို့ဝှက်သတင်းတရပ်အပေါ် အခြေပြု၍ ဂျာမန်ထောက်ပို့ စခန်းကြီးတခုကို လစ်ဗျား နှင့် အယ်ဂျီးရီးယား နယ်စပ်တွင် တည်ဆောက်ထားပြီး ဖြစ်သည်ဟု.... ကျွန်ုပ် ယုံကြည်ထား၏။ ကမ်းရိုးတန်းရှိ 'ပန်ဇာ' တင့်ကား စစ်ကြောင်းများသို့ စစ်ကားတန်းများ ဦးတည်မောင်းနှင်နေခြင်းကို အာအေအက်(ဖ်) တော်ဝင် လေတပ်မှ အရှေ့အလယ်ပိုင်း ထောက်လှမ်းရေး လေယာဉ် များက မတွေ့ရှိဟုဆိုသော်လည်း၊ ထိုနေရာတစိုက်တွင် လေယာဉ်ကွင်း တကွင်းကို ဂျာမန်တို့ ဆောက်လုပ်ထား သည်ဟု ကျွန်ုပ် ယုံကြည်လျက်ရှိသည်။

အဆိုပါလေယာဉ်ကွင်း၏ တည်နေရာအတိအကျကို ထောက်လှမ်းရှာဖွေမှတ်သားရန် ကြိုးပမ်းရမည်ဟု ကျွန်ုပ် အခိုင်အမာ သဘောပေါက်ထား၏။ ဖြစ်နိုင်မည်ဆိုလျှင် နောက်တကြိမ် မဟာမိတ်တို့၏ 'ထိုးစစ်ကြီး' မဆင်နွှဲမီ ထိုလေယာဉ်ကွင်းကို ဖျက်ဆီးပစ်ရန် လုံးပန်းရပေမည်။

အခက်တွေ့ရသည်ကား.... 'ဘီးရ်'ဒေသ အလွန်ရှိ 'အက်စ်ဟောက်' ကဲ့သို့သောနယ်မြေကို 'အက်စ်အေအက်စ်' အထူးလေကြောင်း တပ်ဖွဲ့ဝင်များက မကျွမ်းကျင်ခြင်းပင် ဖြစ်သည်။ ယင်းနယ်မြေသည် အက်စ်အေအက်စ် များအဖို့ အစိမ်းသက်သက် အန္တရာယ်နယ်မြေဖြစ်ပြီး၊ ကျွန်ုပ်တို့၏ 'ဝါဒီဝါဒမ်' စခန်းမှ မိုင် ၃၀၀-ကျော် အကွာတွင် ရှိနေ လေသည်။

ဒေးဗစ်နှင့် ဘီလ်စတာလင် တို့မှာ အခြားလုပ်ငန်း များနှင့် အလုပ်ရှုပ်နေကြသဖြင့် ကျွန်ုပ်သည် အခြေအနေ ကို တွမ်ရှိုးနှင့် ဆွေးနွေးတိုင်ပင်ရ၏။ 'တွမ်'သည်

www.burmeseclassic.com

www.burmeseclassic.com

ကက်တဲလ်မိန်း၏ ထောက်လှမ်းရေးသတင်းများ တန်ဖိုးရှိခြင်းကို ယုံကြည်အားထားသူ ဖြစ်၏။ သူသည် ကျွန်ုပ်၏ တင်ပြချက်ကို အမှတ်-၈ တပ်မ ဌာနချုပ်ရှိ စစ်ဆင်ရေးမှူးများထံ တင်ပြပေးရန် သဘောတူ၏။ 'တွမ်'သည် တဘက်သား 'ကျူ'လောက်အောင် ပြောဆိုတတ်သူ ဖြစ်ခြင်းကြောင့် သူ၏တင်ပြချက်အား အထက်ဌာနချုပ်မှ ယုံကြည်ပြီးလျှင်၊ မွန်တီ (မောင်ဂိုမာရီ)ထက် အဆင့်မနိမ့်သော ပုဂ္ဂိုလ်ကြီးတဦးက ကျွန်ုပ်အားဆက်လက် ဆောင်ရွက်ရန် ခွင့်ပြုမိန့် ပေးလိုက်လေသည်။

ကျွန်ုပ်သည် ဂျစ်ကားအစီး ၂၀-ကို စုရုံးထားရှိနှင့်ပြီး ဖြစ်၏။ ဌာနချုပ်မှ 'တွမ်'၏ အကြောင်းကြားချက် ရရှိချိန်တွင်.... 'ဂျီလော့အက်ရှ်တန်' ရေးဆွဲပေးသည့် လမ်းကြောင်းများအတိုင်း အသော့မောင်းနှင်ရန် ကျွန်ုပ်တို့သည် တာစူလျက် ရှိပေပြီ။ ယခင်က ထောက်ပို့စခန်းအဖြစ် ကျွန်ုပ်တို့ စခန်းချခဲ့ဖူးသော 'တင့်ဟာရက်'ရှိ ရေတွင်းများနှင့် ဆာဟာရအငူရှိရာသို့ နာရီပိုင်းအတွင်း ခရီးနှင်လာကြ၏။

'တင့်ဟာရက်'မှတဆင့် အနောက်မြောက် ဘက်၊ ဂျာမန်တပ်များ၏ အစိုက်စုရပ် နောက်ဆွယ်မှ အနိမ့်ပိုင်းရှိ 'ဂရိတ်အီစတင်း' သဲကန္တာရလွင်တီးခေါင်ထဲသို့ ချီတက်ခဲ့ကြ၏။

အသွန့်အလွန့် ခရီးကြမ်းသည်ကားမှန်၏။ သို့ရာတွင် စခန်းမှ ထွက်လာပြီးနောက် ၅-ရက်မြောက် နံနက်စောစောပိုင်းတွင် ဂျာမန်တို့၏ လျှို့ဝှက်လေယာဉ် စခန်းကြီးဖြစ်သော 'အယ်ဟာရောက်စီ'သို့ရောက်ရှိပြီး၊ တိတ်တဆိတ် ခြေကုပ် ယူနိုင်ခဲ့လေသည်။

ထိုစခန်းတွင်ကား.... ကျွန်ုပ်တို့ ကျားကုတ်ကျားခဲ အပြင်းချီတက်ခဲ့ရကျိုး နပ်စေသည့် မျှော်လင့်ချက် များ ဆတက်ထမ်းပိုးတိုး၍ ပြည့်ဝခဲ့လေသည်။

ဗိုလ်မှူးကြီး ပီတာဟုမ်း
(Colonel Peter Holms, My Desert War)

www.burmeseclassic.com

www.burmeseclassic.com

## ၁။ အဲလ်ဟာရောက်ဆီကိုဝင်စီးခြင်း

လေကအရှိုးခိုက်အောင် အေးလှသည်။ လေက ယူဆောင်လာသော သဲများကလည်း လူကိုပင် ဖျန်းပွတ်တိုက်သွားကြသည်။ သဲကျင်း၏ အရှေ့ဘက် အစပေါ် အောက် တွင် ကျောက် ဆောင် များ က လွှသွား များ လို စီတန်းလျက် ခင်တန်းကလေး သဖွယ် ရှိနေသည်။ ဤ ကား 'အရှေ့တိုင်း မုန်တိုင်းကန္တာရ' ခေါ် သဲကန္တာရကြီး။ သဲတောင်ကုန်းငယ် ကလေးများ ပေါ်မှ သဲများကို လေကတိုက်ခတ်ယူဆောင်ပြီး ထိုခင်တန်းကလေးပေါ်မှ တဖျန်းဖျန်း ရိုက်ခတ်နေရာ ကမ်းရိုးတန်းကို ပင်လယ်လှိုင်းများကရိုက်ခတ်နေသည်နှင့်ပင် တူသေးတော့သည်။ ထို ကျောက် ဆောင် တန်း ရှေ့တွင်မူ သဲနုပြင်ကြီးရှိရာ ထို သဲပေါ်ဝယ် အက်စ်အေအက်စ် တပ် သား များ သည် မြွေများသဖွယ် တွန့်လိမ်လျက် တွားတက်နေကြသည်။ သူတို့ နောက်ဝယ် တောင်ကုန်း များကို အကာ အကွယ် ယူ လျက် သူတို့၏ ဂျစ်ကားများက စောင့်နေကြသည်။ သူတို့နှင့် မိုင်အစိတ်ခန့်အကွာတွင်မူ ရိုမဲလ်၏ပင်ဇာတပ်မှ ကင်းတပ်သားများက သူတို့စခန်းကို စောင့်လျက် အေးမြလှသည့် ညလေအေးကို ငြူစူဆဲဆိုလျက်ရှိသည်။

ကာနယ် ၏ လက်ပတ်နာရီအရ အရုဏ်တက်ရန် ဆယ်မိနစ် ခန့် သာ လိုတော့သည်။

လူဝေဖီ ခေါ် ဂျာမန် လေတပ်၏ ထုံးစံအတိုင်း နံနက်အရုဏ်တက် သို့မဟုတ် အရုဏ်တက်ပြီးနောက် မကြာမီပင် နွားနို့ပို့ လေယာဉ် ရောက်ရှိ လာတော့မည်။ ထို လေယာဉ်ပျံနှင့် အတူ လေယာဉ်ပျံ အင်အထွက်များ

www.burmeseclassic.com



စတင်တော့မည်ဟု ကာနယ်က ခန့်မှန်းမိသည်။ ကက်ပတိန် ကာ့စ်ထဲလ်မိန်း၊ ရှားရှားပါးပါး ရထားသော သတင်းအရ ဤနေရာသို့ ဆင်းသက်သည့် လေယာဉ်ပျံများသည် ဂျန်ကား ၂၉၀-လေယာဉ်ကြီးများ ဖြစ်သည်ဟု သိရသည်။ ထိုလေယာဉ်ကြီးများသည် ပေါင်ချိန် ရာပေါင်း များစွာသော ပစ္စည်းများကို သယ်ဆောင်ပြီး မိုင် သုံးထောင် ကျော်ခန့် ပျံသန်းနိုင်ပေသည်။

ကာနယ်ဟုမ်းက တွေးမိသည်။ ရဲဘော်ကြီး ရှိမဲလ်သည် သူ၏ ခေါင်းဆောင်ကြီး ဟစ်တလာ အပေါ် မည်ကဲ့သို့သော ဖိအားပေးပြီး ဤသို့သောနေရာမျိုးသို့ ဂျာမန်လေတပ်မတော်မှ အကောင်းဆုံး အဝေးပျံ သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံကြီးများကို စေလွှတ် ပျံသန်းခိုင်းလေသနည်း။ မည်သူမဆို တွေးခေါ် မြော်မြင်တတ်သူဖြစ်ပါက၊ ဤနေရာကား စစ်ရေးအရ တပန်းရှုံးနေသည့် နေရာပင် ဖြစ်ချေသည်။

ကောလာဟလ သတင်းများက ဤသို့ ဆိုသည်....

ရှိမဲလ်သည် ခရစ်စမတ်မတိုင်မီ ကလေးက ဂျာမနီသို့ တိတ်တဆိတ် ပြန်သွားကာ ဟစ်တလာနှင့် တွေ့ဆုံပြီး ရှိမဲလ်က ဝင်ရိုးစွန်း တပ်များ မြောက်အာဖရိကတိုက်မှ အားလုံး ဆုတ်ခွာခွင့် အမိန့်ချမှတ် ပေးပါရန် ဟစ်တလာထံ တောင်းခံရာ ဟစ်တလာက တထိုင်တည်းပင် ယင်း တောင်းဆိုချက်ကို ပယ်ချလိုက်ကာ၊ ထိုအစား ထိုးစစ်သစ်တခု ဖြင့် နိုင်အောင် တိုက်ရမည်ဟု အမိန့်ပေးလိုက်သည် ဆို၏။ နို့ဝင်ဘာလ နှင့် ဒီဇင်ဘာလဆန်း လောက်တွင် ကံကောင်းနေသော မဟာမိတ်တပ်များ တမျိုးတမည် ဖြစ်လာစရာ ရှိသည်ဟု ဂျာမန်များက ခန့်မှန်းခဲ့ကြသည်။

သို့သော်လည်း ယခုအခါတွင်မူ ဗြိတိသျှ အမှတ် ၁-တပ်မတော်သည် အလုံးအရင်းဖြင့် တက်ရောက်လာခဲ့ပြီး ဖြစ်သည်။ အမေရိကန် တပ်များသည်း ထရီပိုလီတွင် တပ်စွဲနိုင်ကြပြီ၊ အလားတူ ပင်လက်လာ၏ လွတ်လပ်သော ပြင်သစ်တပ်များသည်လည်း ချဒ်မှ လစ်ဗျား တောင်ပိုင်းသို့ ဝင်နေပြီ ဖြစ်သည်။ ထို့ထက် မောင့်တီ (ဗြိတိသျှ တပ်များ ဦးစီးချုပ် ဖီးမားရှယ် မောင်ဂိုမာရီ) သည်၊ နည်းဗျူဟာ ကြွယ်ဝသူ ဖြစ်ပြီး သူ့လူများနှင့် စစ် လက်နက်ပစ္စည်း ကိရိယာများ အလဟဿ အချည်းနှီး ဖြစ်မည်ကို အလွန် စိုးရိမ်ကြီးသူ ဖြစ်ရကား၊ ကျွန်းဆွယ်အတွင်း ဒရောသောပါး ဝင်ရောက် တိုက်ခြင်းဖြင့် ရန်သူ၏ ဝါးမျိုခြင်း ခံမည့်သူမဟုတ်ချေ။

တူးနစ်သည် မကြာမီ သဲကန္တာရ၏ စတာလင်ဂရက် စစ်ပွဲ ဖြစ်လာ ဦးမည်ဟုလည်း ကာနယ်ဟုမ်းက ကြားနေသည်။ သို့သော် သဲကန္တာရ အလယ်ခေါင်အတွင်း လျှို့ဝှက်စွာ တည်ဆောက်ထားသည့် ဤလေယာဉ်ပျံ ကွင်း တည်ရှိနေခြင်းမှာ ရှိမဲလ်သည် ပြန်တိုက်ရန် မျှော်လင့်ထားဆဲဖြစ် ကြောင်း ထင်ရှားနေသည်။ ဤပရိယာယ်များလှသော သဲကန္တာရမြေခွေး

www.burmeseclassic.com



ခေါ် ရှိမဲလ် ကား စစ်ရေးနိမ့်၍ ဆုတ်ခွာစဉ်လည်း ထိုးစစ် ဆင် သ ကဲ့ သို့ ကြောက်မက်ဖွယ် ကောင်းအူပါတကား။

ကာနယ်ဟုမ်း နှင့် သူ၏ ထောက်လှမ်းရေး အရာရှိ ကာ်စ်တဲလ်မိန်း တို့ စဉ်းစားမရသည်မှာ သဲကန္တာရ အ တွင်း မည် သည့် ထရပ်ကားများမှ အသွားအလာ မရှိခြင်းပင် ဖြစ် သည်။ ကမ်း ခြေ တွင် အပိုင်းခံနေရသော သူတို့၏ ဂျာမန် တပ် များ ရှိရာသို့ ရိက္ခာပို့ခြင်း ပြုခြင်း ရှိပုံမရ၊ လက် နက် ခဲယမ်းမီးကျောက်များနှင့် လေယာဉ် လောင်စာဆီကျင်းများကို ကောင်း စွာ ဖုံးအုပ်ထားခြင်းဖြင့် လေယာဉ်ပျံကွင်းတခုကို ဝှက်၍ ထားနိုင်ပေသည်။ သို့သော် ဆယ် တန် ကား ကြီး များ၊ ကုန်တင် ကားကြီးများ သဲကန္တာရ အတွင်း မောင်းနှင်သွားလာနေသည့်အခါ၊ သူတို့နောက်ပိုင်းမှ ထွက်ပေါ် လာ မည့် ဖုန်တထောင်းထောင်း ထနေခြင်းကိုမူ မည်သို့မျှဖုံးကွယ်၍ ရမည် မဟုတ်ချေ။ ဤကဲ့သို့ ကားကြီးများ အသွားအလာမရှိဟု သိရသောအခါ၊ ဤဂျာမန်များသည် လေယာဉ်ပျံကြီးများဖြင့် ပစ္စည်းများ သယ်ယူနေကြပြီး ဤနေရာ၌ ဘာလာ၍ လုပ်နေကြသနည်း။

ကာနယ်ဟုမ်း အ ဖို့ ဤပြဿနာ၏ အဖြေကို ကြာရှည်စွာ စောင့် ရ တော့မည် မဟုတ်၊ နေထွက်လာသောအခါ ဂျာမန်တို့၏ သဲချိုင့်ဝှမ်းအတွင်း ကြေးဝါရောင်နေရောင်က တစောင်းထိုးလိုက်သောအခါ သဲတောင်ကုန်း များပေါ်မှ သဲ အ တွင်း ကိုယ် တ ပိုင်း မြှုပ် ကာ စောင့်ကြည့်နေကြသော အက်စ်အေအက်စ် စုံစမ်းရေး တပ်သား များသည် ကောင်းကင် လေယာဉ် ပေါ်မှ မမြင်ရသည့် အရာများကို ထင်ထင်ရှားရှား မြင်တွေ့ကြ ပေလိမ့်မည်၊ ထိုမိနစ်အနည်းငယ်အတွင်း မှာပင် လျှို့ဝှက်ထားသော ဤအဲလ်ဟာရောက် ဆီ၏ လေယာဉ်ကွင်း၏ ရည်မှန်းချက်အကြောင်း ပေါ်ချေတော့မည်။

သို့သော် နေရောင် ပေါ်လာသည့် တပြိုင်နက် သူတို့အား တွေ့မြင် သွားနိုင်မည့် အရေးကလည်း ဆယ်ဆ တက် လာ လိမ့် မည်။ ကာနယ်ဟုမ်း သည် ဤအချက်ကိုလည်း သတိလက်လွှတ်မခံ၊ ရန်သူ၏နယ်မြေအတွင်းသို့ အကြိမ်ပေါင်း မြောက်မြားစွာ ထိုးဖောက် ဝင်ရောက် တိုက် ကာ တိုက် ပွဲ များ စွာ အောင်ပွဲရခဲ့ကြသော ဥ တု သုံး ပါး ခံ သူ၏ အက်စ်အေအက်စ် တပ်သားများ အဖို့ ဤနေရာမျိုးတွင် အမြဲထာဝရ ပုန်းအောင်း၍ နေရမည် လား။ နေနိုင်ကြသည်။ သို့ သော် သူ တို့ စီး နင်း ယူဆောင်လာခဲ့ကြသည် ဂျစ်ကားများ အတွက်ကား အဖုံးအကာ မရှိ၊ ဝှက်ရန်၊ သိုရန်၊ နေရာမရှိ ခက်လှသည်။ ကင်းလှည့်နေကြမည် ဖြစ်သော ဂျာမန် ကင်းတပ်က အလွယ် မရှေး တွေ့နိုင်သည်။ သူတို့က မတွေ့ဘူးထား၊ နေ ထွက် လျှင် ရှေးက လာ ကြမည့် ဂျာမန် လေယာဉ်ပျံ ပိုင်းလော့များက မုချ ကေန် တွေ့မြင်ကြပေ တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုမ်းသည် သူ့ကိုယ်သူ ရှေ့လောကြီးမှုကို အမြဲစိတ်တင် မိသည်။ ယခုမူတော့ ဘာမှမတတ်နိုင်ပြီ။ တကယ်တော့ ဟုမ်းသည် သူ သ တင်း ရသည့်အတိုင်း လျှိုဂုက် လေယာဉ်ကွင်းကို ဤနေရာတွင် အပ်ကျ မတ်ကျ ချက်ချင်း လက်ငင်း တွေ့လိမ့်မည်ဟု သူက မမျှော်လင့်ခဲ့။ သတင်းမှာ အဲလ်ဟာရောက်ဆီ ခံတပ်ပျက်ကြီး အတွင်း၌ လေယာဉ်ကွင်းရှိသည် ဟူ၍ ဖြစ်ပြီး ဟုမ်းက အတော်ရှာဖွေယူရလိမ့်မည်ဟု ထင်ခဲ့သည်။ ယခုမူ ဤသို့ မဟုတ် မထင်မှတ်ပဲ ဘွား ကနဲ လာတွေ့နေရသည်။ နေမထွက်မီ နာရီဝက် ခရီးလောက်တွင်ပင် ကွင်းစပ်သို့ သူတို့ ရောက်လာကြခြင်းပင် ဖြစ်သည်။

ကာနယ်ဟုမ်းသည် ချက်ချင်းပင် သူ၏ အရာရှိများကို ခေါ်ပြီး၊ ဆွေးနွေးသည်၊ အရာရှိ များမှာ ကက်ပတိန် ကာ့စ်တဲလ်မိန်း နှင့် မေဂျာ ဂီးလ်လော့အက်ရှ်တန် တို့ ဖြစ်သည်။

"ခုကျမှ ပြန်လှည့်ပြေးယင် နေထွက်လာမှာနဲ့ ပြေးလို့ လွတ်မှာ မဟုတ်ဘူး ထင်ပါတယ်၊ ကာနယ်။ ဆယ့်ငါးမိုင်လောက်ကလဲ သိပ်မြန်မြန် ကြီး မောင်းလို့ရတဲ့ခရီး မဟုတ်ပါဘူး"

ဟု ကာ့စ်တဲလ်မိန်း ကအဆိုပြုသည်။ ဟုမ်း က ခေါင်းညိတ်လိုက်ပြီး....

"ဖီးလ် ကရော" ဟု မေးလိုက်သည်။

ဂီးလ်လော့ အက်ရှ်တန် က ပြန်၍မဖြေမီ ခေတ္တမျှ အချိန်ယူလိုက်ပြီး

"တိုက်ဖို့ပဲရှိတယ်လို့ ကျွန်တော်ထင်ပါတယ်၊ တောင်ကုန်းပေါ်က ခဲဘော်တွေကို ကျွန်တော်တို့က ကူကြမယ်"

"တို့က....ရန်သူအင်အား ဘယ်လောက်ရှိတယ် ဆိုတာ မသိရဘူး၊ ပြီးတော့လဲ တိုက်လေယာဉ်ပျံလာ....မလာလဲ သိရတာ မဟုတ်ဘူး၊ သူတို့မှာ ခုခံကာကွယ်ဖို့ အစီအစဉ်တော့ရှိတယ်လို့ ဝါထင်တယ်"

"ကျွန်တော်တို့က အပေါ်စီး ရနေပါတယ် ကာနယ်၊ ပြီးတော့လဲ ရုတ်တရက် အလစ်ဝင်စီးနိုင်တဲ့ အခွင့်အရေး ရှိနေပါတယ်"

ဟု ဂီးလ်လော့-အက်ရှ်တန် က ပြောသည်။

"အင်း.... တို့ လွန် ခဲ့ တဲ့ နှစ်ရက် လောက်က ဟာဆီမာတာလာမှာ တွေ့ခဲ့တဲ့ အာရပ် လူရိုင်းတွေနဲ့ ပြန်မတွေ့ရဘူး ဆိုယင်ပေါ့ကွာ၊ ဒီကောင် တွေဟာ ဂျာမန်တွေကို ကပ်ပါးရပ်ပါး တယ် လုပ်ချင်ကြ တဲ့ အကောင် တွေပဲ"

ဟု ဟုမ်း က ပြောရာ ကာ့စ်တဲလ်မိန်း က....

"ဒီကောင်တွေ ဒီဘက် မလာပါဘူး၊ တခြား ဘက် ထွက်ပြေးကြ တာပါ" ဟု ပြောလိုက်သည်။

ဟုမ်း နှင့် အရာရှိ နှစ်ဦးသည် ရှေ့ဆုံး ကျစ်၏ ဘောနက်အနီးတွင် ဒူးထောက်လျက် ဆွေးနွေးနေကြခြင်း ဖြစ်သည်။ သူတို့အပေါ်၌ စစ်ကောင် တခု မိုးပေးထားသည်။ တတ်နိုင်သမျှ အတိုးဆုံး အသံပင် ပွဲ့ဖွင့်မသွား

www.burmeseclassic.com

www.burmeseclassic.com



စေရန် ဖြစ်သည်။ သူတို့သည် သွားရေ ဂျာကင် များ နှင့် လည်ပင်းတွင် ပဝါများ စည်းထားကြသော်လည်း လေအေးကြောင့် ခိုက်ခိုက်တုန်နေကြသည်။ အသံကို နိမ့်၍ တိုးတိုးပြောနေကြသော သူတို့အသံများမှာလည်း ကတုန်ကယင် ဖြစ်နေသည်။

ကာနယ်ဟုမ်း မှာ အသက် ၃၂-နှစ်သာ ရှိသော်လည်း သူ့ကိုကြည့်ရသည်မှာ အသက် ၅၀-ခန့်လို ရင့်ရော်နေပေပြီ။ သိပ်ပြီး ဝလွန်းသူ မဟုတ်သော်လည်း ခပ်ဖိုင့်ဖိုင့်နှင့် ဖျဉ်းဆွဲနေသူနှင့်တူ လှသည်။ မကြာခဏ ဝမ်းပျက်တတ်သူ ဖြစ် ၍ ကိုယ်စရကျနေသည်။ သို့သော် သူ ကား ဘာမှ မဖြစ်သလို သံမဏိ စိတ် ဓာတ် ဖြင့် နေကောင်း ဟန်ဆောင် နေသူ ဖြစ် သည်။ သူ ၏ မေးချွန်ချွန်တွင် မုတ်ဆိတ်မွေးစုစုကလေးရှိ နေရာ အချို့က ဖြူနေသဖြင့် သူ့မှာ အတော်စိတ်ဓာတ်ကျမိရှာသည်။ သူ့ခေါင်းပေါ်မှ မည်းမည်းညိုညို ဆံပင်များတွင်လည်း ဖြူဆွတ်နေသည့် ဆံပင်အုပ်စုက ရှိနေသေးသည်။

အသက် ၃၂-နှစ်ခန့်ရှိ မေဂျာဂီးလ်လော့-အက်ရှ်တန် ကား ဟုမ်း နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ကျန်းမာလှသည်။ ဝါဒီဝက်ဒမ်တွင် စားလိုက်အိပ်လိုက်ဖြင့် အသားအရေ ဆူဖြိုးပြီး ယခု အချိန်လောက် မည်သည့်အခါကမျှ သန်စွမ်း ကျန်းမာခြင်း မရှိခဲ့ပေ။ သဲကန္တာရ အ တွင်း ပေါက်တတ်သော အနာများလည်း လုံးဝ ပျောက်ကင်းနေပေပြီ။

ကာ့စ်တဲလ်မိန်းမှာမူ အသက် ၄၀ - ခန့်ရှိပြီးသူကား အရပ်သား ဘဝတွင် မြေပုံများပုံနှိပ်ရောင်းချခြင်းနှင့် ခရီးသွားလမ်းပြအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သူဖြစ်သည်။ သူသည် အက်စ်အေအက်စ် ဤလေကြောင်း အထူးတပ်ဖွဲ့သို့ ရောက်ခဲ့သည်မှာ ၁၅ - လခန့်ရှိပြီ ဖြစ်သော်လည်း သူ့တွင် ပြောင်းလဲမှုမရှိပေ။ စာတတ်ပေတတ် စီးပွားရေးသမား ဟန်ပန်ကမပျောက်သေး၊ ဤကဲ့သို့သော စစ်မြေပြင်တွင်ပင် ကာလဒေသနှင့် ဆန့်ကျင်၍ ကျနစွာ ဖြီးလိမ်းဝတ်စားဆင်ယင်ထားသည်။

ဟုမ်းက သူ့ထံမှ သင့်လျော်သော အကြံရ ကောင်းရဲ့ဟူသော အကြည့်မျိုးဖြင့်ကြည့်နေသည်၊ သူ၏အကြံများကလည်း မဆိုးပါချေ။

"ကျွန်တော်တို့ကို ရန်သူတွေက သိသွားကြလို့ စောင့်နေကြမယ် ဆိုယင် ကျွန်တော်တို့ ဘယ်လိုမှလုပ်လို့ မရတော့ပါဘူး၊ ဆုတ်ပြေးလို့ လဲအပိုပါပဲ၊ လမ်းကလဲ ပြေးလို့ကောင်းတဲ့ လမ်းမဟုတ်ပါဘူး၊ ကျွန်တော်တို့ လာကြတုန်းက ရန်သူကို ချက်ချင်းတွေ့လိမ့်မယ် မထင်ပဲ တပျော်တပါး လာကြတယ် မဟုတ်လား၊ အဲဒါကိုရန်သူက အဝေးကြီးကတည်းက မြင်နေမှာ ဖြစ်ပါတယ်။ ဒီစခန်းဟာ ရန်သူတွေရဲ့ လျှို့ဝှက်စခန်းဖြစ်လို့ ဂျာမန်တွေဟာကျွန်တော်တို့ကို သူတို့က စ,မတိုက်ပဲနဲ့ အဝင်ခံမလား၊ သူတို့က ကျွန်တော်တို့ကို ထွက်မတိုက်ပဲ စောင့်နေတာလား၊ တနည်းပြောရယင်သူတို့ဟာ သူတို့ လုံခြုံ လို့ ဖြစ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုယင် လေယာဉ်ပျံပဲ ကြောက်စရာရှိတာပေါ့"

ကာနယ်ဟမ်းက မေးလိုက်သည်။

"ကျွန်တော်တို့ ကောင်းကင်မှာ ဘာလေယာဉ်ပျံမှ မတွေ့ခဲ့ဘူး၊ ကောင်းကင်ကနေပြီး ကျွန်တော်တို့ကို မမြင်ဘူးဆိုကြပါစို့၊ ဒီတော့ ဒီစခန်းမှာ ကင်းထောက်လေယာဉ်ပျံ မထားဘူးဆိုတာ ထင်ရှားပါတယ်။ မနေ့မနက်က၊ ကျွန်တော်တို့ဟာ ဒီစခန်းနဲ့ သုံးဆယ့်ကိုးမိုင်လောက်မှာ ရှိပါတယ်။ ကျွန်တော်တို့ကို ဘယ်လေယာဉ်ပျံမှ မတွေ့ပါဘူး၊ ကျွန်တော်တို့ကလဲ ဘယ်လေယာဉ်ပျံမှ မမြင်ခဲ့ကြပါဘူး၊ ဒီတော့ ဒီလေယာဉ်ပျံတွေ လာယင် အနောက်ဘက်က သို့မဟုတ် အနောက်တောင်ဘက်က လာတယ်လို့ ယူဆရမှာ ဖြစ်ပါတယ်"

"ကိုယ့်လူ ပြောချင်တာက ဘာလဲ"

စိတ်မရှည်သော ဂီးလ်လေ့အက်ရှတန်က ဝင်မေးလိုက်သည်။

"ကျွန်တော် ပြောချင်တာက ကျွန်တော်တို့မှာ နေထွက်မှာနဲ့ လေယာဉ်ပျံတွေလာမယ့် အချိန်ကလေးကြားမှာသာ အချိန်ရှိပါတယ်၊ လေယာဉ်ပျံတွေ မနက်တိုင်း တကယ်လာတယ်ဆိုယင်ပေါ့လေ၊ လေယာဉ်ပျံတွေက ဘာလာလုပ်ကြတာလဲ၊ ဂျာမန်တွေရဲ့ လက်နက်တွေကို လာချပေးကြတာလား၊ ကျွန်တော်ဆိုလိုတာက သူတို့မှာ ပျံသန်းစရာ လေယာဉ်ပျံရယ်လို့ ရှိရဲ့လားဆိုတာ သေချာဖို့လိုပါတယ်။ မြေပြင်က ထွက်တိုက်မှာလောက်တော့ ကျွန်တော်တို့က ပြန်ချနိုင်ပါတယ်၊ မှုစရာမလိုပါဘူး၊ မြေအနေအထားကလဲ ကျွန်တော်တို့ဂျစ်ကားတွေထက် သူတို့ကားတွေက ပိုပြီး မကောင်းနိုင်ပါဘူး"

"တခွန်းတည်းပြောယင်"

ကာနယ်ဟမ်းက ဝင်ထောက်သည်။

"ဝင်စီးကြရုံပါပဲ"

ဟု ကာ့စ်တဲလ်မိန်းက တခွန်းတည်းပင် ဖြေလိုက်လေသည်။

"ဖိးလ်...."

ကာနယ်ကမေဂျာ၏ အကြံကို တောင်းပြန်သည်။

"ကျွန်တော် သဘောတူတယ်၊ တကယ့်လူတော်လူကောင်း ဆယ့်နှစ်ယောက်ကို စခန်းထဲကို သွားပြီးအဝင်ခိုင်းမယ်၊ ခြောက်ယောက်က ကုန်းပေါ်က စောင့်ကြည့်ရမယ်၊ လက်နက်ကြီးတွေနဲ့ ဂျစ်ကားတစက်က ထိုးဖောက်ဝင်ဖို့ လုပ်ရမယ်၊ ကျန်တစက်က ခေတ်ဆီတို့၊ ရေတို့၊ ရိက္ခာတို့နဲ့ သမြန်မြန်ပြန်ဆုတ်ပြေးနိုင်ဖို့ အသင့်စောင့်နေရမယ်"

"လေယာဉ်ပျံတွေ မလာလဲ တိုကတိုက်မှာပဲလား"

"တိုက်ကိုတိုက်ရမှာပဲ"

မေဂျာက မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုယင် ကျွန်တော့်ကို ပြန်လွှတ်ပါ"

ကဒ့်စ်တဲလ်မိန်း ကပြောရာ ဂီးလ်လေဒ့ အက်ရှ်တန် က

"ဘယ့်နှယ်...."ဟု တအံ့တသြ မေးလိုက်သည်။

"ဂျစ်နှစ်စင်း၊ လူငါးယောက်နဲ့ ကျွန်တော်ပြန်မယ်၊ ကာနယ်တို့စ,မတိုက်ခင်မှာပဲ အမြန်ဆုံးထွက်ခွင့်ပြုပါ"

"ဘုရား.... ဘုရား.... ဘယ်လိုပါလိမ့်" ဂီးလ်လေဒ့ အက်ရှ်တန် က အလန့်တကြား အော်လိုက်သည်။

"ရေဒီယိုလဲလိုမယ်၊ လှိုင်းတိုရေဒီယိုလိုလိမ့်မယ်"

ကာနယ်ဟုမ်းက အေးဆေးစွာပင် ထပ်ဖြည့်နေသည်။

"ပေးနိုင်ယင်တော့ လိုချင်ပါတယ်ကာနယ်"

"မင်းတို့....ဟာ ဆီမာတာလာအထိ အတူသွားကြပြီး လမ်းခွဲကြမယ် မဟုတ်လား၊ မင်းစိတ်ကူးဒီအတိုင်းပဲ မဟုတ်လား"

"နေပါဦးခင်ဗျား.... ဘာပြုလို့သွား...."

မေဂျာ၏ စကားမဆုံးမီပင် ကဒ့်စ်တဲလ်မိန်းက....

"ဒီလိုပါ မေဂျာ၊ ကျွန်တော်တို့ ဒီတိုက်ပွဲမှာ နိုင်မယ်လို့ အာမ မခံနိုင်ပါဘူး၊ ဒီတော့ ဒီလေယာဉ်ပျံကွင်းရဲ့ သတင်းအမှန်ကို ဂျီအိပ်ချ်ကြူ (စစ်ဌာနချုပ်) ကို ရောက်ဖို့လိုပါတယ်"

"ဟုတ်ပါတယ်၊ ငါသဘောပေါက် ပါတယ်၊ မင်းဂျစ် ကားနှစ်စင်းနဲ့ ရေဒီယိုယူသွား၊ ဒါပေမယ့် ကင်းသမားတွေရဲ့ ပထမ သတင်းပေးချက်ကို စောင့်ပြီးမှ ထွက်....ဟုတ်လား"

"ဟုတ်ကဲ့ပါ....ကာနယ်...."

\+ \+ \+

အရှေ့ဏ်တက်ရန် ငါးမိနစ်သာ လိုတော့သည်၊ ထွက်ပြူစ နေရောင်ခြည်သည် ဟိုအဝေး မိုးကုပ်စက်ဝိုင်းဆီမှ ရေးရေးပျပျ ပေါ်လာနေပြီ။

ရှေ့ပြေးကင်းသမား ဆယ့်နှစ်ယောက် သဲမြေပေါ်မှ တွားရှ်တက်သွားကြသည်မှာ ဆယ့်နှစ်မိနစ်ခန့် ရှိပေပြီ၊ သူတို့သည် ချိုင့်ဝှမ်း အတွင်းရှိ လေယာဉ်ကွင်း အနီး ရောက်သော် သံဆူးကြိုးများ ကာရံ ထားပါ က ဖြတ်တောက်၍ ကွင်း စပ် ရှိ အဆောက်အအုံများအနီး အထိ ဝင် ရောက် စုံစမ်းကြပေမည်။

ဟုမ်း သည် သူတို့ဆီသို့ မျှော်၍ကြည့်မိသည်၊ ဘာမျှမမြင်ရ၊ ဘယ်ကင်းသမားကိုမျှလည်း မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဝဲယာတွင် ဂျစ်ကားများက တိုက်ပွဲဝင်မည့် ပုံဘဏ္ဍာန်ဖြင့် စီတန်း ရပ်လျက် အသင့်ရှိနေကြသည်။ ဆာဂျင်စတက်ဘင်း သည် သဲပြင်ပေါ်တွင် လျှောက်လျက် တွက်ချက်ကြည့်နေသည်။ တိုက်ပွဲလမ်းကြောင်းပေါ်ရှိသဲတောင်ကုန်းမှာ ပေ၂၀၀ ခန့်သာမြင့်မည်။ အဆင်းမှာ လမ်းကြမ်းတမ်းကောင်း ကြမ်းတမ်းလိမ့်မည်၊ သို့သော် မကြာမီပင် လမ်းအကြောင်း၊ ရန်သူတို့အင်အား၊ ရန်သူအနေအထား သတင်းစုံ သိရတော့မည်။

ဟုမ်း သည် သူ့ဂျစ်ကားပေါ်တွင် ထိုင်နေရာမှ အောက် သို့ ဆင်းခဲ့သည်။

ကောင်းကင်သို့ စောင်းငဲ့ပြီး နားစွင့် ကြည့်မိသည်။ မည်သည့် လေယာဉ်ပျံသံမှ မကြားရ၊ ယနေ့မနက် နို့ပို့လေယာဉ်သည် နောက် ကျပါစေဟုလည်း ဆုတောင်းမိသည်။ သူသည် သဲကန္တာရစီးဖိနပ်နှင့် ဖြစ်သည်။ သဲပြင်၏ အရှေ့နားသို့ လျှောက်လာစဉ် တွင် ပင် တောင်ကုန်းပေါ်မှ ပြေးဆင်းလာသော ကင်းတပ်သား နှစ်ယောက်ကို တွေ့ရသည်။ သည်နှစ်ယောက်က ဘယ်သူပါလိမ့်၊ သြော်....ဂေါ့စလင်း၊ ဤနာမည် ဆန်းဆန်းကို သူက မမေ့၊ တပ်ကြပ်တယောက် ဖြစ်သည်။ ကျန် တယောက်က ကက်တရက်ချ်။

ဤ နှစ်ယောက် သူ့အနီးသို့ရောက်လာလျှင်ပင် ဟုမ်း က လက်အိတ်စွပ်ထားသော သူ၏လက်နှစ်ဘက်ကို ပါးစပ်တွင်အုပ်ပြီး 'ဘာသတင်းထူးလဲ' ဟု ခပ်တိုးတိုးမေးလိုက်သည်။

''ထူးတယ် ကာနယ် ခင်ဗျား....လေယာဉ်ပျံကွင်းက ပုံမှန်ကွင်းပါပဲ၊ ဖုံးအုပ်ထားတဲ့ လေယာဉ်ပျံတွေကတော့ အများကြီးပဲ ခင်ဗျ၊ ဒါလောက်များတဲ့ လေယာဉ်ပျံတွေ တခါမှ မမြင်ဖူးဘူး'' ဟု ကက်တရက်ချ် က မောကြီးပန်းကြီးဖြင့် လေသံအုပ်၍ပြောသည်။

''ဘယ်လို အမျိုးအစား တွေလဲ''

''တိုက်လေယာဉ်ပျံတွေပဲ၊ ဘာအမျိုးအစားတွေမှန်းတော့ ကွဲကွဲပြားပြား မသိခဲ့ရဘူး ကာနယ်၊ ကျင်းတွေထဲမှာ ကျကျနန ဖုံး အုပ် ထားပါတယ်''

''ဘယ်လောက်များသလဲ''

''ကျွန်တော် ရေကြည့်တာ အစင်း နှစ်ဆယ် ရပါတယ်၊ ဒါပေမယ့် သူတို့က ကျင်းတွေ တူးနေကြတုန်းပဲခင်ဗျ၊ ညညကျမှ တူးပုံရပါတယ်''

''ပြေးလမ်းကရော''

''လေယာဉ်ပြေးလမ်း နှစ်ခုရှိပါတယ်''

''အဆောက်အအုံတွေကရော''

''တခုမှ မရှိပါဘူး၊ ကျင်း တူး ပြီး နေကြပါတယ်၊ အပေါ် ကလဲ ကင်းဘတ်တွေ မိုးထားတယ်၊ ဒါကြောင့် ကျွန်တော်တို့ တိုက်စွန်တွေ အမှ မတွေ့ရတာပါ''

www.burmeseclassic.com

www.burmeseclassic.com



"အစောင့်အင်အားကရော"

ဂေါ့စလင်း သည် မပွင့်တပွင့်ရယ်လိုက်ပြီး၊ သူ့ပါးစပ်ကို လက်ဖြင့် အုပ်လိုက်သည်။

"ပြောဘောင် မပြောချင်ပါဘူး ကာနယ်၊ ဒီဘက်မှာ စန္ဒရီ သုံး ယောက်ပဲ စောင့်နေတာရှိပါတယ်၊ ဒါပါပဲ"

"ဟုတ်ရဲ့လားကွ၊ သေချာရဲ့လား"

"ဂေါ်ဇီ ပြောတာ ဟုတ်ပါတယ် ခင်ဗျ၊ ဘာ အမြောက်၊ ဘာ လက်နက်မှလဲ မတွေ့ရပါဘူး၊ သူတို့ ပုန်းနေဖို့လောက်သာ လုပ်ထားကြပုံ ရပါတယ်"

"ကျွန်တော်တို့ ပြန်သွားရဦးမလား"

"မလိုတော့ဘူး၊ မင်းတို့နှစ်ယောက် ဂျစ်ကား နံပါတ် ၄-မှာ နေရာ ယူကြ"

"ကျွန်တော်တို့ တိုက်ကြရမှာလား ကာနယ်"

"ငါးမိနစ်အတွင်း စတိုက်မယ်"

တပ်သား နှစ်ယောက်က သူ့အနီးမှ ပြေးထွက်သွားကြစဉ် ကာနယ် ဟုမ်းသည် နောက်သို့ လှည့်ကြည့်လိုက်သည်။ နေဝန်းကြီးသည် ရွှေရောင် တောက်နေသည်။

အစစအရာရာ အသင့်ဖြစ်နေပြီ။ သူသည် သူ့ဂျစ်ကားရှိရာသို့ ခပ် သွက်သွက်လေး ပြန်လျှောက်လာခဲ့သည်။ သူသည် ချက်ချင်းပင် ပြေးတိုက် လိုက်ချင်သော်လည်း ရန်သူများ အံ့အားသင့် အငိုက်မိစေရန် အားလုံး စနစ်တကျဖြစ်စေချင်သည်။ တိုက်ပွဲမှာ လျှိုလျှိုဝှက်ဝှက် သိုသိုသိပ်သိပ် ပြင် ဆင်ရသော်လည်း ရန်သူတို့အကြောင်း သိချင်စိတ်က သူ့အားလွှမ်းမိုးလာ သည်။ သူသည် သူ့ဘွတ်ဖိနပ်ဦးဖြင့် သဲတွင်စိုက်ကြည့်သည်။ ဆာဂျင် စတက်ဘင်းပြောသည်မှာ မှန်သည်။ သဲခင်းသည်မာလှသည်။ ဤနေရာမှာ မိုးများရွာခဲ့လေသလား၊ ပင်လယ်ကမ်းခြေ၌ သဲသဲမဲမဲရွာချ စေတတ်အည့် တိမ်တိုက်တိမ်ဆိုင်များသည် တောင်ပိုင်း ကန္တာရအထိ ရောက်တတ်လေသ လော၊ ဤဒေသမျိုးကား ဘာမဆိုဖြစ်တတ်သည်ပင်။

သူ့ဒူးသည် ညွတ်လာသည်၊ ဗိုက်ထဲတွင်လည်း လေကထလာသည်၊ ခုတလော သူ၏ ဝမ်းပိုက်က သိပ်မကောင်းလှ။

သူသည် တောင်ကုန်းပေါ်သို့ ခက်ခက်ခဲခဲတက်ခဲ့သည်။ ရောက်သော် ကက်စ်တဲလ်မိန်းအနီး ဝမ်းလျားထိုးမှောက်လိုက်သည်။ ဤသို့မှောက်လိုက် ရ၍လည်း သူ့ကိုသူ ကျေးဇူးတင်မဆုံး ဖြစ်နေမိသည်။ ကက်ပတိန် ကာ့စ် တဲလ်မိန်းသည် အားကောင်းသော မှန်ပြောင်းဖြင့် ရန်သူစခန်းရှိရာသို့ ကြည့် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူစခန်းတွင်း၌ အလင်းရောင်ကို တွေ့ရသည်။ စန္ဒရီများနှင့်လည်း နီးကပ်လှသည်။ ဟုမ်းသည် စန္ဒရီဘယောက်အာလုတ်သံ လေးလေးတွဲတွဲဖြင့် ညည်းညူဆဲဆိုနေသံပင် ကြားနေရသည်။ ထိုစန္ဒရီကား ပရှက်ဆိတ်များကို ဆဲဆိုပြီး ခြေဖြင့် နင်းသတ်နေပုံရသည်။

ကာ့စ်တဲလ်မိန်းက ကာနယ်အား မှန်ပြောင်းပေးလိုက်သည်။

ကာနယ်သည် လေယာဉ်ပျံကွင်းကို မှန်ပြောင်းဖြင့် ဝှေ့ယမ်း၍ ကြည့်လိုက်သည်။

ကင်းတပ်သားများ၏ သတင်းပို့ချက်သည် မှန်ကန်လှသည်။ သို့သော် သူတို့အပြောဖြင့် ထိုမျှကြီးကျယ်လှသောလျှို့ဝှက်စခန်းကြီးကို သူ့အား အထင်မကြီးစေခဲ့။ သူမျက်ဝါးထင်ထင်မြင်မှ အံ့ဘနန်း ဖြစ်ရသည်။ ဤမျှ ကြီးကျယ်လှပုံမျိုးကို သူသည် တခါဖူးမျှ မမြင်ဖူးခဲ့ချေ၊ ဤကုန်းပေါ်မှ နေနေချင်ဘနေဘင်းဆိုးနေသော စခန်းကြီးကို ကြည့်ရသည်မှာ တြိဂံပုံစံ၊ စက်ဝိုင်းပုံစံ၊ လေးထောင့်စသဖြင့် ဂျီသြမေတြီပုံသဏ္ဍာန်များကို အရိပ်ထိုး ပြထားသလို ဖြစ်နေသဖြင့် တကယ့်ပုံသဏ္ဍာန်မှန် အနေအထားကို ကောင်းစွာ တွေ့နေရသည်။ ကောင်းကင်မှကြည့်လျှင် မူကား အပြားလိုက်သာ မြင်နေရသဖြင့် ဘာမှန်းမသိနိုင်ချေ။ လေယာဉ်ပျံပြေးလမ်းများကိုပင် ဆူး သေချုံကလေးများဖြင့် ဖုံးအုပ်ထားပြီး လမ်း၏နံဘေးသားကို သဲဖြူးပြီး ကွယ်ဝှက်ထားလေသည်။ ဘာကိုကြည့်လိုက်ကြည့်လိုက် သဘာဝအလျောက် အလေ့ကျ ဖြစ်နေသလို ထင်ရစေသည်။

ယခုမှ ဟုမ်းသဘောပေါက်ရသည်။ အဘယ်ကြောင့် ကောင်းကင် တွင် ကင်းထောက်လေယာဉ်ပျံမရှိခြင်း၊ ပတ္တရောင်ကင်းလှည့်မှု မရှိခြင်း၊ လက်နက်အကြီးစားများဖြင့် ခုခံကာကွယ်ရေး အစီအမံ မရှိခြင်းတို့ကို သဘောပေါက်မိသည်။ ဂျာမန်တို့အည် သူတို့၏ လက်ရာပြောင်မြောက်စွာ လျှို့ဝှက်ဖုံးကွယ်ထားသည့် ဤလေယာဉ်ကွင်းကို မည်သည့် နည်းနှင့်မျှ အပေါ်မခံချင်၊ တစွန်းတစမျှ အသိမခံချင်၊ သူတို့အားအပြစ်မဆိုသာ သူတို့ ကား သူတို့၏ လိမ်မာပါးနပ်မှုအပေါ် စွန့်စွန့်စားစား ကိုးစားထားကြ သည်။ ထောက်လှမ်းရေးအရာရှိ ကာ့စ်တဲလ်မိန်း၌ ဘီဒူး အာရပ် များအဘွင်း ထည့်သွင်းထားသည့် အထူးထောက်လှမ်းရေး သမားများသာ မရှိခဲ့လျှင် မည်သူမျှ ဤလျှို့ဝှက်စခန်း တည်ရှိနေကြောင်း သိကြရမည် မဟုတ်ချေ။

သို့သော် ဤလျှို့ဝှက်လေယာဉ်ကွင်းကို အဘယ်ကြောင့် တည်ဆောက် ခဲ့ကြသနည်း၊ သူ့ရည်ရွယ်ချက်ကဘာလဲ၊ အဘယ်ကြောင့် ဤမျှအားသွန် ခွန်စိုက် အလုပ်သုပ်ထားကြသနည်း၊ ဘယ်အတွက်နည်း....။

www.burmeseclassic.com

www.burmeseclassic.com



ကာ့စ်တဲလ်မိန်းသည် ဘာမျှမပြောပဲ၊ ကာနယ် ပခုံးစွန်းကို သူ့လက်ဖြင့် အသာအယာတို့လိုက်သည်။ နောက်လေယာဉ်ကွင်း ယာဘက်အစွန်ဆီသို့ ညွှန်ပြလိုက်သည်။

ဤနေရာမှ မြင်ရသည်မှာ သဲတောင်ကုန်းကလေးများ အဖြစ်သာမြင်ရသည်။ သို့သော်.... သေချာစွာကြည့်လျှင် ကြီးမားလှသည့် ကျင်းကြီးတခုအပေါ် ဟန်ပြလုပ်ထားသည့် လူ လုပ်တောင်ကုန်းကလေးများ ဖြစ်ကြောင်း တွေ့ရမည်။ ဘုရား....ဘုရား ကြီးမား ကျယ်ပြန့်လှသည့်တွင်းကြီး၊ ပစ္စည်းပစ္စယမည်မျှ ဝင်ဆံ့နိုင်မည်ကို ဟုမ်းကတအံ့တသြ ကြည့်မိသည်။ သေချာပါသည်။ ဤတွင်းကြီးအတွင်းဝယ် ခဲတံဆိမ်များ၊ လက်နက်ခဲယမ်းမီးကျောက်များက နေရာအများဆုံးယူမည်။ နောက် စားနပ်ရိက္ခာ၊ ရေနှင့် တိုက်လေယာဉ်ပျံ များအတွက် အပိုပစ္စည်းများ ရှိချိမ့်မည်၊ ဤလေယာဉ်ကွင်းသည် ရိုမဲလ်၏ ကြည်းတပ်သားများအတွက် ဟုတ်မည်မထင်၊ ဂျာမန်တို့ မီးကုန်ယမ်းကုန် တန်ပြန်ထိုးစစ်ဆင်သောအခါ လေကြောင်းမှ တိုက်ခိုက်ရန် တည်ဆောက်သိုမှီးထားသည့် ရောမလေယာဉ်ကွင်း စခန်းကြီးပင်ဖြစ်ပေလိမ့်မည်။

ဤတန်ပြန် ထိုးစစ်ကြီးသည် မည်သည့်အချိန်၊ မည်သည့်နေရာမှ စတင်လိမ့်မည်ကို မည်သူမျှ သိနိုင်ကြမည်မဟုတ်၊ ဂျာမန်စစ်ဗိုလ်ချုပ်ကြီးများပင် သိမည်မဟုတ်၊ သို့သော်....မမျှော်လင့်သော ဤနေရာမှထ၍ လေကြောင်းမှ အကာအကွယ်ပေးနိုင်မည့် ဒေသများမှ ရှည်ရှည်ဝေးဝေး တွေးတောစရာမလို၊ ပင်လယ်ကမ်းခြေမြို့တမြို့မြို့တွင် ဖြစ်ပေလိမ့်မည်၊ ထိုမြို့မှာ တူးနစ်တော့ မဟုတ်နိုင်။ သို့တန်ပြန်ထိုးစစ်ကြီး ဖြစ်ပွားလာသော် ဗြိတိသျှတို့၏ အမှတ် (၈) တပ်မတော်ကြီး အငိုက်မိခံရသကဲ့သို့ ဤသဲကန္တာရတိုက်ပွဲသည် သမိုင်းတွင် ထင်ရှားလာပေလိမ့်ဦးမည်၊ ဂျာမန်ပင်ဇာ တပ်များသည် စစ်ရေးစစ်ရာကို မျက်လှည့်ပြလိုက်သည့်သဖွယ် အံ့သြစရာ ကောင်းလောက်အောင် ဒုတိယကြိမ်မြောက် ပြောင်းလဲပေးလိုက်သလိုလည်း ဖြစ်ပေလိမ့်မည်။

ကျင်းကြီးများအတွင်း၌ လေယာဉ်အစင်း ၂၀-ရှိနေပြီ၊ နောက်ထပ်လည်း ကျင်းကြီးတွေတူးနေဆဲ၊ လေယာဉ်ပျံ ၄၀-၅၀ ထားကြမည်လား၊ ဤအဲယ်ဟာရောက်ဆီ ရွှေခံတပ်ဟောင်းနေရာကို ကန္တာရ ခရီးသည် အနည်းငယ်နှင့် ရွှေဟောင်းသုတေသီအချို့သာ သိကြသည့်နေရာပင်တည်း။ ဟိုဝေးလံသော ကမ်းခြေဒေသကို မဲတိုက်နေကြစဉ် ဤနေရာ၌ နေ့တနေ့ အမြှုတ်ထွက်နေသည်။ ထိုနေ့တနေ့ ပေါင်းများစွာတွင် ခဲတံဆိပ် ဂါလံ ထောင်ပေါင်းများစွာ သဲကျင်းများအတွင်းသို့လှောင်ခဲ့ပြီး နောက်ထပ်လည်း လောင်စာခဲတံဆိမ်များ ပို့ဆောင်ဖြည့်တင်း နိုင်ခဲ့ကြသည်။ နောက် တိုက်လေယာဉ်ပျံ ၂ စင်း၊ ၄ စင်း၊ ၆ စင်း ဗုံးကြဲလေယာဉ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များပင် စုဆောင်းထားရှိပြီး ရှိမဲလ်၏ တန်ပြန်ထိုးစစ်ကြီးတွင် အသုံးချကြပေလိမ့်မည်။

ဤနေရာမှ ပက်ဒီနိုင်းသို့ လေကြောင်းဖြင့် မည်မျှဝေးသနည်း၊ မိုင် ၂၀၀ ခန့်သာ ဝေးလိမ့်မည်၊ ဤခရီးသို့ သွားရောက်တိုက်ခိုက်ရန် လေယာဉ်မှူးများကို အချိန်ကပ်ပြီးမှ ခေါ်လိမ့်မည်၊ လေယာဉ်ပျံများကို ဖုံးအုပ်ထားရာမှ လှန်လိုက်မည်၊ လေယာဉ် အင်ဂျင်စက်များကို နိုးကြမည်။ သူတို့လေယာဉ် ဝမ်းဗိုက်ထဲမှာတော့ ဓာတ်ဆီကအပြည့်၊ နောက် မြောက်ဘက်စူးစူး ပင်လယ်ရှိရာသို့ ပျံသန်းလာဖို့သာ ရှိတော့သည်။ ဤသို့ရန်သူ့လေယာဉ်ပျံများ ဤလျှို့ဝှက်စခန်းမှ ထလာမည်ကို ဌာနချုပ်မှ မည်သူမျှ သိကြမည်မဟုတ်၊ မောင်တီ(ဖီးလ်မာရှယ်မောင်ဂိုမာရီ)လည်း သိမည်မဟုတ်၊ သူကား ယခုအချိန်အထိ အာရုံအေအက်ဖ် အကူအညီဖြင့် ရှေ့တန်းရှိ ရန်သူ့ လေတပ်စခန်း ဟူသမျှ အရှိမခံပဲ အားလုံးဖျက်ဆီးနိုင်ခဲ့သည်ချည်းပင် ဖြစ်သည်။

ဟုမ်းသည် ကက်ပတိန် ကာ့စ်တဲလ်မိန်းအနီးသို့တွား၍ သွားကာ ကပ္ပတိန်ထိုလက်တို့လိုက်ပြီး ခေါင်းညိတ်ပြကာ သူ့လက်မကိုထောင်၍ ပြလိုက်သည်။

ကာ့စ်တဲလ်မိန်းက မျက်ခုံးကိုပင့်လိုက်ကာ —

"ခုလား...."

ဟုမ်းက စိတ်ပါလက်ပါ ခေါင်းတဆတ်ဆတ်ဖြင့် ညိတ်ပြလိုက်သည်။

ကာ့စ်တဲလ်မိန်းကား လျှင်လှသည်၊ နောက်ထပ်တခွန်း ပြောစရာမလို၊ သူလည်းကာနယ်ဟုမ်းကဲ့သို့ပင် အခြေအနေအရပ်ရပ်ကို သိလိုက်သည်၊ ဤအချိန်ကိုက်ဗုံးနှင့် တူလှသောသတင်းကြီးကို အလက်ဇန္ဒားနှင့် ကိုင်ရှိရှိ ထိပ်တန်းအရာရှိကြီးများထံ ပေးပို့ရမည်။

ယခု အက်စ်အေအက်စ် တပ်ဖွဲ့က သွားကနဲ လာတွေ့နေရသော လေယာဉ်ကွင်းသည် တွေ့ရိုး တွေ့စဉ် သဲကန္တာရလေယာဉ်ကွင်းမျိုးလေးမဟုတ်၊ အထိမခံရှေ့ပန်းကန် ဖြစ်နေသော မြောက်အာဖရိက စစ်မျက်နှာတခုလုံး၏ အခြေအနေကို လွဲပြောင်းပစ်လောက်အောင် အထူးအရေးကြီးလှသည့် စစ်စခန်းကြီးဖြစ်နေသည်။ ထောင်ပေါင်း များလှစွာသော မဟာမိတ် တပ်သားများ၏ အသက်သည် ဤသဲကျင်းများအတွင်း မြုပ်နှံသိုဝှက်ထားသည့် အမြောက်ကျည်ဖုံးလက်နက်များ၏ ထိပ်ဖျားဝယ် တတဲကလေးမှ ရှိနေချေပြီ။

ဤသည်ကို ကက်ပတိန်ကိုဘီကာ့စ်တဲလ်မိန်း သည် သိပေ၏။

တောင်ကုန်းကို ကွယ်ပြီး တရစပ်ပြေးသွားနေသည့် သူ့ကို ကာနယ်ဟုမ်း က မှောက်နေရာမှ သမင်လည်ပြန် ကိုယ်ကိုလှည့်ပြီး ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုဘီ သည် ပြေးယင်းပင် ဂျစ်ကား မောင်းသူများအား ဆ ချက်ပြလိုက်ရာ ဂျစ်နှစ်စင်းသည် တန်းစီ ထားသည့် လိုင်းအတွင်းမှ တဖြည်းဖြည်းကလေး လိမ့်ထွက်လာပြီး သူတို့ လာခဲ့ကြသည့် လာလမ်းကို ခေါင်းတည် လိုက်ကြသည်။

ကက်ပတိန် တိုဘီကာ့စ်တဲလ်မိန်း နှင့် ဂျစ်ကားနှစ်စင်းသည် နောက် ၄-၅ နာရီခန့် အကြာတွင် ဤ ဂျာမန် ရန်သူစခန်းနှင့် ရေဒါဖမ်းမိခြင်းမှ ကင်းလွတ်သည့် အကွာအဝေးသို့ ရောက်ရှိကြပေလိမ့်မည်၊ ထိုနေရာရောက်သော် ဂျစ်များပေါ်တွင် ပါသည့်လှိုင်းတို ရေဒီယိုစက်ဖြင့် ဌာနချုပ် သို့ သတင်းပေးပို့ပေလိမ့်မည်။

ကာနယ်ဟုမ်း သည် သူ့နေရာတွင် တင်ပျဉ်ခွေ၍ ထိုင်လိုက်သည်။ နောက် အနောက်ဘက်မှကောင်းကင်ကိုလှမ်းကြည့်လိုက်သည်။ သူ့နောက် ကျောဘက်မှ နေလုံးကြီး ထွက်ပြူစ ပြုနေပေပြီ၊ နေရောင်က ဂျစ်ကား တန်းပေါ်ရောင်ပြန်ဟပ်နေသဖြင့် ဂျစ်များကို ကောင်းစွာမမြင်ရ၊ ကာနယ် ဟုမ်း သည် နေရောင်ဖြင့် ပီပီပြင်ပြင်မြင်ရပြီဟု ယူဆကာ ရန်သူ၏ လျှို့ဝှက် စခန်းကို ကြည့်လိုက်သည်။ ဂျာမန် တို့ကား တော်လှပါ၏။ ပိရိလှပါ၏။ နေရောင်ဖြင့်ပင် သူတို့၏စခန်းကို ကောင်းစွာကြည့်ရှုအကဲခတ်၍ မရ။

ရန်သူ၏ စခန်းကား တိတ်ဆိတ် ငြိမ်သက်လှသည်။ မနက် မိုးလင်း လှုပ်ရှားမှုမျိုး ဘာတခုမှ မတွေ့ရသေး၊ အကယ်၍ ကျင်းတူးသမားများ အား နေမထွက်မီပင် အလုပ်သိမ်းစေဟန် တူသည်။ ယခု နေထွက်ချိန်တွင် ထိုလူများအား အစအနမျှပင် မတွေ့ရတော့၊ အစောင့် စန္တရီများ ကြည့် ရသည်မှာ ပင်ပန်းနွမ်းနယ်နေပုံရသည်၊ ဘယ်အချိန်တွင် စန္တရီ လဲသနည်း၊ နံနက်ခုနစ်နာရီတွင်လော၊ သို့မဟုတ် ရှစ်နာရီ မထိုးမချင်း မလဲဘူးလော၊ သဲကျင်းအဆောင်များအတွင်း၌ တပ်သား မည်မျှရှိသနည်း။

ဟုမ်း သည် မှန်ပြောင်းကို ထုတ် လိုက် ပြီး ပိုက်ကွန်များ၊ ဆူးခလ ဆူးနွယ်များဖြင့် ဖုံးအုပ်ထားသည့် ကတုတ်ကျင်း အဝ များကို မှန်ပြောင်း များဖြင့် ချိန်ပြီး ကြည့်လိုက်သည်။ ထိုကျင်းများကား ဆီလှောင်ကျင်းကြီး များ ဖြစ်မည်၊ အခြား ဘာမျှမတွေ့ရ၊ ကောင်းလှသည်၊ သူ၏ တပ် သား ကျော် ဆယ့်နှစ်ယောက်၊ အစီး အနင်း၊ အတိုက် အခိုက်၊ အဖျက်အဆီး ကောင်းလှအော သူ့လူများအဖို့ အကွက်ကောင်းပင်။

ထို့နောက် သူသည် လှစ်ကနဲမြင်လိုက်ပြန်သည်။ ရန်သူစခန်းအတွင်း ရောက်နေကြသည့် သူ၏ အက်စ်အေအက်စ်တပ်သားများ၊ တိုက်လေယာဉ် တစင်း၏ ကျင်း အနီး ပိုက်ကွန်အောက်ဝယ် တွန့်လိမ်တက်နေသည့် သ လူတယောက်၊ ဓာတ်ဆီလှောင်သည့် ကျင်း ကြီး အနီး တွင် မြေကြီးနှ ရင်ဘတ်ကပ်လျက်က တယောက်၊ ကာနယ် သည် တခဏ အတွင်း မှာ ချမ်းနေ၍ မဖြစ်တော့၊ နွမ်းနယ်၍ မဖြစ်တော့ပဲ၊ စိတ်ဓာတ် တက်

www.burmeseclassic.com



သည်၊ သူ့တွင် ရင်တွင်းမှ တဒိန်းဒိန်းဖြင့် သွေး ခုန် နှုန်း မြန် နေ သည်ကို သိလိုက်သည်။

ဂီးလ်လေဘ့-အက်ရှ်တန် က သူ့ပခုံးကိုလာကိုင်သည်။

ဟုမ်း က လန့်သွားသည်။

မေလ္လာက သူ့အား ပါးစပ်က ဘာမျှမပြောပဲ၊ ရန်သူ့စခန်း တနေရာသို့ လက်ညှိုးထိုးပြလိုက်သည်။

(ဂ)ဘီးတပ်၊ အက်စ်ဒီ၊ အေအက်ဖ်ဇက် ၂၃၂-အမျိုး အစား သံချပ်ကာ ကားကြီးနှစ်စင်း၊ ကာနယ်ဟုမ်း လုံး ၀ မမြင်ခဲ့သော ကတုတ် ကျင်းကြီးထဲမှ တရွေ့ရွေ့ တက်လာကြသည်။ ဤ ကတုတ်ကျင်းကြီးမှာ လည်း ကျကျနန၊ သပ်သပ် ရပ်ရပ်၊ ရုပ်ဖျက်ထားသည့် ကျင်းကြီးပင် ဖြစ် တော့သည်။ သံချပ်ကာ ကားကြီးများ၏ ဘဲဥပုံတံခါးများကိုပင် လှမ်းမြင် နေရတည်။ ၂၃၂-တို့၏ အင်အား ကောင်းလှသော စက်သံ၊ သူတို့နောက် ချိန်းကြိုးဖြင့် ဆွဲလာသော ထရေလာတွဲများ၏ ဂလိုးဂလောင် အသံများ ပင် သဲ့သဲ့ကြားနေရသည်။သံချပ်ကာကားကြီးတစင်းလျှင် ထရေလာအတွဲ (ဂ)တွဲဆွဲလာရာ ထိုထရေလာများပေါ်ဝယ် လူ လေးဆယ် ခန့်လိုက် ပါ လာကြသည်။ ဤသူများမှာ သဲကန္တာရ အ တွင်း ဝတ်ဆင် သည့် အလုပ် သမား ဝတ် တောင်းဘီ အင်္ကျီတွဲလျက် အရှည်ကြီးများ ဝတ်ဆင်ထားကြ သည်။ သူတို့တွင် ဦးထုပ်မပါ၊ ထို့ထက် ဘာလက်နက်မျှ ကိုင်ဆောင်ထား ကြခြင်း မရှိသည်ကို ဟုမ်း က သတိပြုမိသည်။ ထို့ပြင် သံချပ်ကာ ကားကြီး များတွင်လည်း ရေဒီယိုများ နှင့် လက်ပစ်ဗုံးချင်းများ ဖြုတ်ထားသည်ကို လည်း သတိထားမိလိုက်သည်။

(ဂ) ဘီး တပ် ကားကြီး များ သည် လေယာဉ်ပြေးလမ်း နံဘေးမှ တရွေ့ရွေ့မောင်းနှင်သွားယင်း၊ အလုပ်သမားများအား လမ်းတလျှောက်၌ ချထားခဲ့သည်။ ထိုအလုပ်သမားများသည် ချုံဖုတ်ကလေးများ၊ ထူးခက် များ၊ သစ်ပင်ငယ်ကလေးများကို ဖယ်ရှားပစ်လိုက်ကြသည်။ လေယာဉ် ပြေးလမ်းကြီး ဘွားဘွားကြီး ပေါ်လာသည်။ တဖန် အလုပ်သမားများက လေယာဉ်ပြေး လမ်းနံဘေးအစွန်းများကို မြက်တံမြက်စည်းဖြင့် လှဲလိုက်ရာ လမ်းကိုရှင်းရှင်းကြီး မြင်သာလာသည်။ ထို့နောက် ပီပါစည်ကြီး ၄-လုံး မျက်လှည့်ပြလိုက်သည့်အလား၊ ဘယ် က ဘယ် လို ထုတ်လာကြသည်မသိ၊ ပေါ်လာပြန်ပြီး လမ်း၏အဆုံးတွင် နေရာချထားလိုက်ကြပြန်သည်။ မကြာ မီပင် လေကြောင်းပြ၊ အချက်ပြမီးများနှင့် လမ်းပြမီးများ ထွန်းညှိကြ ပေလိမ့်မည်။ ၃-မိနစ်၊ ၄-မိနစ် အတွင်းမှာပင် စခန်းတခုလုံး သက်ဝင် လှုပ်ရှားလျက် ရှိနေလေပြီ။

ကျင်း၏ မြောက်ဘက်တွင်လည်း ယူနီဖောင်းဝတ် တပ်စုကလေး နှစ်စု တန်းစီနေကြသည်။ ခရာမှုတ်၍ လူစုခြင်း၊ ဥသြဆွဲခြင်း၊ ဆံချောင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ခြင်း၊ ဝီစီမှုတ်ခြင်း မရှိ၊ တိုးတိုးတိတ်တိတ်နှင့် အိပ်ရာမှ ထကာ၊ လှုပ်ရှားလျက် ရှိနေကြခြင်းသာ၊ လုပ်နေကျ အလုပ်များကို ကျွမ်းကျွမ်းကျင်ကျင်နှင့် လုပ်နေကြခြင်းပင် ဖြစ်၏။ မျှော်လင့်သည့် အတိုင်းပင် ပင်ဇာတပ်များကား ယခုကဲ့သို့ပင် စနစ်ကျလှပါပေ၏။

၂၃၂-သံချပ်ကာ ကားများ၏ အမြောက်ပြောင်းများက လွဲ၍ စခန်းတခုလုံး၏အတွင်း၌ လက်နက်ကြီးများ၊ စက်သေနတ် ကတုတ်များ ရှိပုံမရ၊ ယူနီဖောင်းနှင့် တပ်သားများတွင် လက်နက်များကိုင်ဆောင်ထား ကြသည်၊ မှန်ပါ၏။ သို့သော်.... လူဦးရေက များလှသည်မဟုတ်။ တပ်စုတစုတွင် တပ်သား ၁၈-ယောက်နှင့် အရာရှိ ၂-ဦးစီသာ ဖြစ်၏။ အခြေအနေအရ အက်စ်အေအက်စ် တပ်သားများဘက်တွင် အလေးသာလျက် ရှိနေသည်။ ဂျစ်ကားများ တောင်ကုန်းပေါ်မှ အပြေးဆင်း၊ တပ်ဖြန့်၊ စခန်းတွင်းဝင် ထိုးဖောက်၊ သေနတ်တွေနဲ့ ပစ်ပါက၊ အလုပ်သမားတပ်ဖွဲ့များမှာ ဦးစွာကျကုန်ကြမည်။ နောက် မီးလောင်ဗုံးများ ပစ်သွင်းခြင်းဖြင့် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေစဉ် ဖျက်စရာရှိသည်တို့ကို ဖျက်ဆီး ဆုတ်ခွာလာ ရုံသာရှိတော့သည်။ သည့်နောက်တော့၊ လေယာဉ်ပျံများ၏ ပြဿနာကို ဖြေရှင်းရန်သာ ရှိတော့သည်။

ကာနယ်ဟုမ်းသည် တကိုယ်လုံး တောင့်တင်းသွားသည်။ လည်ချောင်းနှင့် ပါးစပ်တခုလုံး တင်းကျပ်လာကာ၊ ခြောက်သွေ့၍ သွားသည်။ ရန်သူ့စခန်းကို အနီးကပ် သွားကြည့်သူများလည်း သူတို့နေရာသို့ သူတို့ ပြန်ရောက်လာကြပြီး၊ တပ်ဖွဲ့သားများ အားလုံးလည်း သူတို့ရှိရာသို့ လှမ်းကြည့်နေကြကာ၊ အမိန့်ကို စောင့်နေကြလေပြီ။ မကြာမီပင် စခန်းတွင်း ရောက်ရှိနေကြသော ‘သူလျှိုတပ်သား’များအား သူတို့က တွေ့ရှိကြပေတော့မည်။ ဟုမ်း၏နားတွင်း၌ ဓလယာဉ်ပျံ အင်ဂျင်စက်သံသဲ့သဲ့လည်း ကြားနေရလေပြီ။ သူသည် ကိုယ်ကိုစောင်းလျက် သူ့အနီးရှိ မေဂျာ-ဂီးလ်လေ့အက်ရှ်တန်ကို ကြည့်လိုက်ရာ၊ မေဂျာသည် မှန်ပြောင်းနှင့် သူ့မျက်နှာ တပ်လျက်သား ရန်သူ့စခန်းလှုပ်ရှားမှုကို ကြည့်နေသည်ကို တွေ့ရသည်။

ဆီပေပါများမှ မီးစာများကို မီးရှို့လိုက်ကြလေပြီ။ မီးခိုးမည်းမည်းများသည် မနက်ခင်း လေအေးအေးတွင် ဝေ့ကာ ဝိုက်ကာဖြင့် ကောင်းကင်သို့ တက်နေကြသည်။ မကြာမီပင် သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံများ လာကြတော့မည်။ ထို လေယာဉ်ပျံများသည် မိမိတို့ ခေါင်းပေါ်မှ ဖြတ်ဆင်းကြမည်ဖြစ်ရာ၊ ဂျစ်ကားတန်းကြီးကို ဘယ်လိုမှ ဖုံးကွယ်ထား၍ ရမည်မဟုတ်၊ လေယာဉ်ပျံများက မြင်သည်နှင့်တပြိုင်နက် ရေဒီယိုများ အလုပ်ရှုပ်ကြတော့မည်။ သည့်နောက် ဘာဖြစ်မလဲ....၊ လေယာဉ်ပျံကြီးသည် ကွင်းသို့မဆင်းပဲ၊ ဝေ့ဝိုက်ပြန်တက်ပြီး ပျံသန်း

www.burmeseclassic.com

www.burmeseclassic.com



သွားကြမည်လော....။ သူတို့ ထွက်လာခဲ့ကြသည့် ကုန်တင် စခန်း သည် ဤနေရာမှ မည်မျှဝေးကွာသနည်း....။ သူ့စိတ်တွင်း၌ ရှုပ် ပွနေ သည်။ အာဖရိကတိုက်၏ ပထဝီ အနေ အထား ကို စဉ်းစား၍ မရပြီ။ သူသည် အားထောက် လျက် တောင်ဆင်ခြေလျှောပေါ်မှ ဆင်းခဲ့သည်။ မေဂျာ ဂီးလ်လော့အက်ရှိတန် သည် ကုန်းပေါ်တွင် ကျန်ရစ်ခဲ့သည်။

ဆုံးဖြတ်ချက်ချရန်၊ အမိန့်ပေးရန်၊ သူ့ကိုယ်ကသူ့ကို စောင်းဆိုနေသည်။ စောစောက ရင်တုန်ပန်းတုန် ဖြစ်နေမှုမနေရာသို့ ဆုံးဖြတ်ချက်ပေးရန် လုံ့ဆော်မှုက သူ့ရင်ကို တင်းကျပ်ကျပ် ဖြစ်နေစေသည်။ သူသည် တပ်ဖွဲ့ သားများအား ဂျစ်ကားများပေါ်သို့ တက်ကြရန် အချက်ပြလိုက်သည်။

လေယာဉ်ပျံသံများသည် တဖြည်းဖြည်း ကျယ်လောင်လာလေပြီ။

ဟုမ်း သည် ရုတ်တရက် သူ၏ဂျစ်ကားရှိရာသို့ ထပြေးပြီး၊ ဂျစ်ကား အနီးရောက်သော်....၊ ဂျစ်ကားအပေါ် တက်လိုက်သည်။ နေရောင်က တောင်ကုန်းပေါ် ဖြာကျနေသည်။ သဲပြင်များသည် မည်းညိုမနေတော့။

ဟုမ်း ၏ စိတ်ထဲတွင် အကြောက်တမျိုး ပေါ်လာပြန်သည်။ မို့မို့ မောက်မောက် သဲပုံကလေးများအတွင်း ဂျစ်ကားများ မရုန်းနိုင်၊ မကန် နိုင်ပဲ၊ နစ်နေမည်လား....၊ စခန်းအတွင်းသို့ တဟုန်ထိုးဝင်ရောက် စီးနင်း မည့်အဖြစ်ကြောင့် သူ့တကိုယ်လုံး တောင့်တင်းသွားမိ ပြန်သည်။ ထို အောင်း လေယာဉ်ပျံသံများက ကျယ်သထက် ကျယ်လာလေပြီ။ မကြာ မီပင်၊ သူတို့ခေါင်းထက်၌ ကြေးမြွားကြီးဖုံးအုပ်လိုက်သလို လေယာဉ်ပျံ အုပ်ကြီး ပေါ်လာလေတော့မည်။

ဂီးလ်လော့အက်ရှိတန် သည် လက်ဖဝါး နှစ် ဘက် ကို ကားလျက်၊ တက်နှစ်ဘက်ကို မြှောက်ကာ ပြေးဆင်းလာသည်။ 'ဘာလဲ.... ဒီကောင်က ဘာကိုပြတာလဲ၊ ဩော်.... အင်း- ဟုတ်ပြီ၊ လေယာဉ်ပျံ ဆယ်စင်း လာ နေတယ် ဆိုပါကလား....'။

ဂီးလ်လော့အက်ရှိတန် သည် ဟုမ်း ၏ ဂျစ်ကားအနီး ဝင်တိုက်မလို ဆောင့်ပြီးရပ်လိုက်သည်။ ယခုအချိန်သည် တိုးညှင်းစွာပြောနေရန် မလိုပြီ။ ဤနေရာ၌ ဗြိတိန်နိုင်ငံ ဧရှာဘုန်းတော်သီချင်းကိုပင် သံပြိုင်ဟစ်အော်သီဆို ကြပါက လေယာဉ်ပျံသံများကြောင့် စခန်းတွင်းမှရန်သူများ ကြားနိုင် မည်မဟုတ်။

"ရှစ်စင်း ... ရှစ်စင်း၊ လေယာဉ်ပျံကြီးက ရှစ်စင်း၊ ၁၀၉-ရှမစ် တိုက်လေယာဉ်က နှစ်စင်း...."

ဂီးလ်လော့အက်ရှိတန် က အော်၍ပြောသည်။

ဤသယ်ယူပို့ဆောင်ရေး လေယာဉ်ပျံကြီးများသည် မိုင်-၃၀၀၀ ကျော် ပျံသန်းနိုင်ကြသည်။ တိုက်လေယာဉ်ပျံများမှာမူ မိုင်-၄၀၀ မျှသာ ဆီမထည့်ပဲ ပျံသန်းနိုင်သည်။ ဤလေယာဉ်ပျံ အုပ်စုသည် တနေရာ ရာ၌

www.burmeseclassic.com



ဆင်းသက်၍ ဆီဖြည့်ခဲ့ကြသည်လား....၊ ဂျာမန်တို့သည် မိုင် ၄၀၀-မက၊ ဝေးလံသောနေရာမှ ရိက္ခာပစ္စည်းများ သယ်ယူနေကြကြောင်းကိုကား.... ဟုမ်း က တွက်မိသည်။

မေဂျာ ဂိုးလ်လေ့အက်ရှ်တန်ကား ထောင်ချောက်ထဲတွင် မိနေသော ခွေးသမင်စပ်ကလေးတကောင်ကဲ့သို့ ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။ သူ၏ ဂျစ်ကားမှာ အမှတ်(၇) ဂျစ်ကားဖြစ်သည်။ ဗယ် တောင်ပံကို သူက တာဝန်ယူရမည်။ ကာနယ်ဟုမ်းသည် သူ့လူများကို မည်ကဲ့သို့တိုက်ရမည်ဟု ပြောစရာမလိုတော့၊ သူတို့သည် ဤကဲ့သို့ စီးနင်းတိုက်ခိုက်ပုံမျိုးကို အကြိမ်ပေါင်းများစွာ လေ့ကျင့်ခဲ့ကြပြီးပြီ။ အလားတူတိုက်ပွဲမျိုးကိုလည်း ဆင်နွှဲခဲ့ကြဖူးပြီ။ မော်တော်ယာဉ်များဖြင့် အခြေအနေအလိုက် မိမိတို့ အကြိုက် လွတ်လပ်စွာတိုက်ရသည့် အခွင့်အရေးသည် သူတို့အတွက် ကြီးမားလှသော လုပ်ပိုင်ခွင့်ပင် ဖြစ်တော့သည်။ ဤသည်ကား အက်စ် အေအက်စ် တပ်စုကလေးများ၏ အချက်အချာကျလှသော သေနင်္ဗျူဟာ ခံယူချက်ပင်တည်း။

"တက်...."

ဟုမ်းက ဟစ်အော် အမိန့်ပေးလိုက်သည်။

မေဂျာသည် ပြုံးလိုက်သည်။ နောက်.... ကာနယ်အား အလေးပြု လိုက်ပြီးနောက် သူ့ဂျစ်ကားရှိရာသို့ ပြေးလေတော့သည်။

ဂျစ်ကားများလည်း စက်ရှပ်ယိမ်းသဖွယ် ညီညီညာညာ နေရာယူ လိုက်ကြသည်။

ဟုမ်းသည် ဒရိုင်ဘာခေါ်ကားက သူ၏ ထိုင်ခုံပေါ်ဝယ် မတ်တတ်ရပ်၍ ရပ်လိုက်သည်။ သူ့ဒရိုင်ဘာက ကားစက်နှိုးထားပြီး ဖြစ်သည်။ နောက်ခုံ ပေါ်မှ ဗစ်ကာအမ်ဂျီ၏ ပြောင်းသည် ဂျစ်ကား၏ခေါင်းပိုင်းမှ ဗယ်ဘက် လှည့်ကာ အသင့်ချိန်ထားသည်။ စက်ကလေးသမားသည် ပခုံးတွင် ခလွယ်သိုင်းထားသော ထားရေပတ်တွင် အေးဆေးစွာ လက်ပစ်ဗုံးများ ချိတ်ဆွဲလျက် ရှိနေသည်။ ကာနယ်၏ စတင်းသေနတ်သည် သူ့ခြေထောက် နှစ်ခုကြား ဂျစ်ကားပေါ်ခင်းထားသည့် ဖော့ဖျာပေါ်ဝယ် အသင့်ရှိနေ သည်။ ဤ ခြောင်ဖော့ဖျာသည် ကိုင်ရိုဟိုတယ်တခု၏ ရေချိုးခန်းအတွင်းမှ တစုံတယောက်ကယူလာပြီး ခင်းထားခြင်းပင် ဖြစ်၏။

ပထမဆုံးလေယာဉ်ပျံသည် သူတို့ခေါင်းပေါ် ပေါ်လာသည်။ တိုက်လေယာဉ်ပျံ ဖြစ်သည်။ မြောက်ဘက်သို့ဦးတည်ပြီး စောင်း၍ပျံ သန်းလာသည်။ သူ့နောက်တွင်မူ သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံ ကြီးများ ခပ်နိမ့်နိမ့် ပျံသန်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူလေယာဉ်မှူးများသည် လေယာဉ်ပျံကွင်း ရှာရခြင်း၊ ပြေးလမ်းကို ချိန်ရခြင်းတို့ဖြင့် အလုပ်များနေကြပြီ၊ တဆက်တည်း မနက်စာစားရမည့်အရေးနှင့် တရေးတမောအိပ်စက် အနားယူကြရမည့် အရေးကို တွေးတောနေကြ ကောင်းနေကြပေမည်။ သူတို့သည် ခရီးရှည်ပျံသန်းလာကြသဖြင့် ပင်ပန်းနွမ်းနယ်၍ လာကြပေမည်။ ရုတ်တရက် သူတို့ ဂျစ် ၁၈-စင်းကို မြင်လိုက်ကြလျှင် အမျိုးအမည် ခွဲခြားရခြင်း၊ ရေဒီယိုသတင်းပို့ခြင်း၊ လေယာဉ်ကွင်းသို့ပံ့မှန်သွား၍ မဆင်းပဲ ကွေ့ကောက်ဆင်းသက်ရန် ပြင်ဆင်ရခြင်းတို့ကြောင့် အနည်းဆုံး တမိနစ်၊ တမိနစ်ကျော် ခန့် အချိန်ကြာပေမည်။

ဟုမ်းက ထိုမိနစ်ပိုင်းအချိန်ကို ယူလိုက်သည်။

သူသည် သူ၏ပစ္စတိုသေနတ်ကိုထုတ်ပြီး၊ လေထဲသို့မြှောက်၍ တချက်ပစ်ဖောက်လိုက်သည်။

သူ့ဂျစ်ကားက ရှေ့သို့ရုန်း၍ထိုးအထွက် သူသည် ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်သည်။ ဂျစ်ကားကို အရှိန်ဖြင့်မောင်းပြီး၊ သဲများကို ရုန်းရသည်။ သဲများက ဘီးအောက်မှ ဖွာ၍ဖွာ၍ထွက်လာကာ ကာနယ်ကိုပင်လာ၍ပက်သလို ဖြစ်နေသည်။ ဒရိုင်ဘာ ရောဘတ်၏ လက်မောင်းကြွက်သားကြီးများပင် တောင့်တင်းလာသည်ကို ကာနယ်က တွေ့ရသည်။ နောက်သို့ လှည့်ကြည့်လိုက်ရာ ဂျစ်ကားကန်းကြီး ဟိုယိမ်းသည်ထိုးဖြင့် သဲများကိုရုန်း၍ လိုက်လာကြသည်ကို တွေ့ရသည်။ အားလုံးသောတပ်သားများသည် စိတ်ဓာတ်တက်ကြွနေသည်။ သူ့နောက်မှ စက်ကလေးသမားအဒမ်သည် ဗစ်ကာပြောင်းတက ကာနယ်၏ခေါင်းကို မရိုက်မိစေရန် သေနတ်ရောပြောင်းကိုပါ ဖက်လိုက်လာသည်ကို တွေ့ရသည်။

ဝမ်းဗိုက်ကြီးများ ဖောင်းကားနေသော ပို့ဆောင်ရေးလေယာဉ်ပျံကြီးများသည် ကာနယ်တို့၏ခေါင်းထက်၌ နိမ့်နိမ့်ကလေးထိုးစိုက်ပြီးဆင်းလာသဖြင့် အလွန်နီးကပ်လှရာ ကာနယ်က သူ့ဦးထုပ်ကို လေယာဉ်ဘီးဝင်ရိုးကို လှမ်း၍ချိတ်လိုက်လျှင်ပင် ရမတတ်ဖြစ်သည်။ သူက အော်ဟစ်ပြီး လိုက်ပါလာသည်။ သူသည် ဤကဲ့သို့ပင် တိုက်ပွဲများအတွင်း၌ သူ့လူများ စိတ်ဓာတ်မကျအောင် ဟစ်အော်အားပေးလေ့ ရှိသည်။ တပ်သားများက သူ၏ ကမူးရှူးထိုးစိတ်ကို သိကြသည်။ သူသည်လည်း သူတို့နည်းတူ မိုက်မိုက်ကန်းကန်း လုပ်တတ်သည်ဟု သိကြသည်။ ထို့ကြောင့်သည်း သူတို့ လေးစားကြသည်။

ဟုမ်းသည် ဂျစ်ကားဆောင့်သည်ကို သူ့လျှာကိုလိမ်၊ အံကြိတ်ပြီးလိုက်ပါလာခဲ့သည်။

ဂျစ်ကား ချိုင့်ထဲကျပြီးလားဆိုလျှင် ဟုမ်းတွင် အသည်းတွေ၊ အူတွေ၊ အဆုပ်တွေ အထွေးသည်လှည်းလန်အောင် ဆွဲလှုပ်လိုက်သလိုဖြစ်ပြီး အူတွေ၊ အသည်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်အတွင်းမှ ပြုတ်ထွက်ကာ၊ ဂျစ်ကားနံဘေးသို့ ပြေးဝင်ကုန်သည်ဟု ပင် ထင်မှတ်မိသည်။ ဂျစ်ကားက ခုန်လိုက်ပြန်ပြီဆိုပါက ရှေ့မှတန်းကို အချိန်မီ လှမ်းကိုင် လိုက်ရသည်။ ဂျစ်ကားက တဟုန်ထိုးပြေးလျှင်လည်း သဲနုံနုပေါ်ကျပြီး ကျွံသွားမည် စိုးရပြန်သည်။ ဘုရား.... ဘုရား၊ ဘီးမကျွံ ပါစေနဲ့....၊ ဘီးမကျွံပါ။ သို့သော် ... ဘီးပတ်များပိုလည်ပြီး မြားလွှတ် သကဲ့သို့ အရှိန်ဖြင့်ပြေးပြန်သည်။ တခါ.... သဲချိုင့်အတွင်းမှ နီညိုရောင် သဲကြောင်းပေါ် ကားရောက်နေသည်ကို တွေ့ရပြန်သည်။

သူတို့သည် တောင်ကုန်းများမှ လွတ်သော် သဲညီညီပေါ်ဝယ် တရကြမ်းမောင်းနှင်ကာ အပြင်းတက်လျက် ရှိကြသည်။

၅-စင်း၊ ၆-စင်း၊ ၈-စင်း.... ဂျစ်ကားတန်းကြီးက လေယာဉ် ကွင်းသို့ ဟူရှုမောင်းနှင်လာကြသည်။

သူတို့တွင် တပ်အလံများ လွှင့်ထူလာခြင်းမရှိ။ သို့သော်.... ဂျစ် ကားများနောက်တွင် သဲတန်းကြီးက အလံကလေးများ ချိတ်ဆွဲလာသည့် သဖွယ် တသီတတန်းကြီးဖြစ်ပေါ် လိုက်ပါလျက်ရှိသည်။ ထို့ပြင် ပြာလဲ့ လဲ့ ခါတ်ဆီအငွေ့များက ရေခဲမတတ်အေးလှသည့် လေထုတွင် အမျှင် တန်း ကျန်ရစ်ခဲ့ရာ ကားများအရှိန်ကြောင့် မြင်ကွင်းတခုလုံး မသဲမကွဲ....။

လက်ဝဲတောင်ပံမှ မေဂျာဂီးလ်လေ့-အက်ရှ်တန်သည် သူ၏ ပစ် မှတ်ကို စတင်ပစ်ခတ်ရန် ကားတန်းမှ ထွက်ခွာသွားသည်။

လက်ယာမှ လက်ဖတင်နင် ဟော်ပွန်ကလည်း အလားတူ ပြုသည်။

အလယ်တွင်မူ ဆာဂျင်စတက်ဘင်းနှင့် နိုလ်တို့၏ ထောက်ပံ့မှုဖြင့် ကာနယ်ဟုမ်း ရှိနေသည်။ ဤသုံးဦးကား ပျော့လျှင်ဖယောင်း၊ မာလျှင် သံချောင်း၊ ဒေါင်ဒေါင်မြည် စစ်သည်တော်များတည်း။

စောစောက မကျေမနပ်နှင့် တညည်းညည်း၊ တတွားတွားလုပ်နေ သော အစောင့်စန္ဒရီသည် သဲပြင်ပေါ်ဝယ် တွန့်လိမ်သေဆုံးနေသည်။ သေနတ်က လက်ထဲတွင်ကိုင်လျက်၊ သူ့သံခမောက်က ပက်လက်လန်လျက် သပိတ်တလုံးနှင့်ပင် တူသေးတော့၏။

ကာနယ်တို့၏ ဂျစ်များသည် သူ့ကိုကျော်ဖြတ် လာခဲ့ကြသည်။

အဖြစ်အပျက်များသည် မြန်ဆန်လှသည်။

ရန်သူ၏ လေယာဉ်ကွင်းသည် တနေ့တာ၏ နေရောင်ကို ခံစားခါ စရှိသေးသည်။ နေရောင်ကြောင့် ရာဇမတ်ကွက်ပုံအရိပ်များ၊ ဘီစကွတ်မုန့် ရောင် အကွက်များအတွင်း၌ အသက်လုကာ ခြေဦးတည့်ရာ ပြေးလွှားနေ ကြသူများ ယူနီဖောင်းနှင့် စစ်သားများက စည်းကမ်းရှိသေးသည်။ သူတို့ လည်း ပြေးကြပါ၏၊ သို့သော် ပြေးပြေးပစ်ပစ်နှင့် စနစ်ကျပါသည်။ အချို့ ကာကားအတွင်းမှကွန်မင်ဒါများသည် သူတို့၏ အူတိုင်များအတွင်းမှ ချည် ပေါ်ချည် ဖြစ်နေကြ၏။ စက်ပြင်ဆရာများအား ထရေလာ အတွဲများကို

www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်လိုက်ရန် ဟစ်အော်ပြောဆို နေကြသည်။ ထရေလာတဲ့များကို ဖြုတ်လိုက်ပါမှ သူတို့၏သံချပ်ကားကြီးများကို လိုရာလှည့်ပြီး ရန်သူများအား ပြန်၍ တိုက်နိုင်မည် ဖြစ်သည်။

မက်ဆာရှမ် တိုက်လေယာဉ်ပျံများ ပြန်လာကြပြီ၊ ကွင်းပေါ်သို့ ထိုးစိုက်ချလိုက်ကြသည်။ သူတို့၏ အမ်ဂျီ ၁၇-များက မီးတောက်အလင်းများ ထွက်ပေါ်လာကြ၏။ သူတို့က မြေပြင်ကို သုညဒီဂရီခန့်ချိန်ပြီး ဂျစ်ကားများကို ပစ်ခတ်နေကြလေပြီ။

ပို့ဆောင်ရေး လေယာဉ်ပျံကြီးများသည် ခေတ္တမျှ ကာနယ်၏ မြင်ကွင်းမှ ပျောက်နေသည်၊ သို့သော် ကာနယ်ဟာမ်းက သူတို့ကို ဂရုမစိုက်နိုင်။ သူတို့၏ ဂျစ်များသည် လေယာဉ်ကွင်းအလယ်ဗဟိုမှာ ရောက်နေကြလေပြီ။ သူ့ဝဲဘက်ကိုကြည့်လိုက်ရာ မေဂျာ၏အဖွဲ့က အမ်ဂျီများဖြင့် တရစပ် ပစ်ခတ်တိုက်ခိုက်နေသည်ကို တွေ့ရသည်၊ သူ့ယာဘက်မှ ဟော်ပွန်နှင့် သူကွပ်ကဲရသည့် ယာဉ်နှစ်စင်းကိုမူ မတွေ့ရ။

တိုက်လေယာဉ်ပျံက ပစ်ခတ်လိုက်သော စက်သေနတ်ကျည်ဆန်များကြောင့် ဖွာကနဲ—ဖွာကနဲ သဲကြောင်းတန်းကြီး ဖြစ်ပေါ်လာသည်။

ဒရိုင်ဘာ ရောဘတ်က လက်ကိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်၊ ဂျစ်ကားက ပြေးနေသူတဦးအား ဖြတ်တိုက်ချလိုက်ပြီး ထိုသူ၏ ကိုယ်ပေါ်မှ ကျော်နင်းလာခဲ့သည်။ ထို့နောက် ချက်ချင်းလိုပင် ဂျစ်ကားကိုဆွဲကွေ့လိုက်ရာ ဂျစ်ကားသည် ခေတ္တမျှ တစောင်းကြီးစောင်းပြီး စစ်ထန်းလျားတခု၏ အဝဆီသို့ ပြေးသွားတော့၏။

ဂျစ်နောက်ပိုင်းမှ အဒမ် ကလည်း သူ၏ ဗစ်ကာ စက်သေနတ်ဖြင့် တိုက်လေယာဉ်ပျံ၏ ဘေးသို့ဆွဲနိုင်သမျှဆွဲ၍ အသွားအပြန် ပစ်နေသည်။ ထိုအချိန်တွင်ပင် ဂျစ်ကားသည် စစ်တန်းလျားအဝအတွင်း ပြေးဝင်သွားလေတော့သည်။

ပေါက်ကွဲသံနှစ်ခုက ဟာမ်းအား တုန်ခါသွားစေသည်။

သူသည် ကြို၍လွှတ်ထားသော အက်စ်အေအက်စ် ရှေ့ပြေးများကို မေ့နေမိသည်။ သူ့ဘိုးကပေါက်ကွဲဟန်တူသည်။ ပိုက်ကွန် အပြတ်များ၊ သံများ၊ ဖုန်များနှင့် လေယာဉ်ပျံကြီးပါ ပျံတက်သွားသည်ဟု ထင်လိုက်ရသည်။ ကာနယ်သည် ကပျာကယာ သူ့ခေါင်းကိုလက်တွင်း၌ ကိုင်ထားသော ပစ္စတိုသေနတ်ဖြင့် ကာလိုက်မိသည်။ ရောဘတ်က ကာနယ်၏အဖြစ်ကိုကြည့်၍ သဘောကျစွာ ရယ်လေသည်။

"ခါတ်ဆီတွေလှောင်တဲ့ ဆီမောင်း၊ ခါတ် ဆီ လှောင် ကန် တွေဆီမောင်း" ဟု ကာနယ်က အော်လိုက်သည်။

ခါတ်ဆီလှောင်ကန်များကား ဆေးသုတ်ထားသည့် တိုင်များအကြားတွင် ရှိနေသည်မှာ မြင်သာထင်သာ ရှိလှသည်၊ ပိုက်များနှင့်ကန်

www.burmeseclassic.com

www.burmeseclassic.com



လန့်ကာများ မရှိတော့၊ လွင့်ထွက်နေလေပြီ။ အတွင်း၌ မှောင်နေသည်၊ ခေါတ်ဆီနံ့ ကိုပင် ကာနယ်က ရှူရှိုက်မိသည်ဟု ထင်မိသည်။ မီးခြစ်ဆန်ကို စောဝ့်မျှော်နေကြသည့်အလား ခေါတ်ဆီအပြည့်ဖြင့် ခေါတ်ဆီပုံးများ အစီအရီ ရှိနေမည့်အဖြစ်ကို ကာနယ်က တွေးမိသဖြင့်လည်း လောဘဖြစ်မိသည်။ ရှိမဲလ် အဖို့ တန်ဖိုးကြီးမားလှသည့် မီးပုံပွဲကြီး။ ဟစ်တလာကလည်း ဤအကြောင်းကို ကြားသော် မည်မျှ ဒေါသဖြစ်လိုက်မည်နည်း။

သူ့ခေါင်းပေါ်ဝယ် တိုက်လေယာဉ်ပျံက မိုးပေါ်သို့ထောင်၍ တက်သွားပြန်သည်။ ဤအမြင့်နှင့် အကွာအဝေးမှာ တိုက်ပွဲနှင့် ဝေးကွာလွန်းလှသဖြင့် ကြောက်စရာမရှိ၊ လေယာဉ်ပျံကြီးများမှာမူ လာလမ်းအတိုင်း ပြန်ပြေးကြပြီနှင့်တူသည်၊ သို့သော် မြေပြင်ပေါ်ရှိ ပင်ဇာတပ်သားများကား လူနံ့-လူညံ့များမဟုတ်ကြ၊ သူတို့သည် အငိုက်အမိခံလိုက်ရသဖြင့် ခေတ္တမျှ ဖရိုဖရဲဖြစ်သွားကြသော်လည်း မကြာမီပင် သေနတ်များ မောင်းတာများကို ထိုဝှက်ထားသည့် နေရာများမှထုတ်ကာ ပြန်လည်ပစ်ခတ်တိုက်ခိုက်နေလေပြီ၊ လေထုတခုလုံး လက်နက်မျိုးစုံ အသံများဖြင့် ဆူညံနေသည်။

ကာနယ် သည် ခုံကိုမြဲမြံစွာ ကိုင်ထားယင်းက "ရောဘတ်....ငါပြောတာ ကြားရဲ့လား"

"ကောင်းကောင်းကြီး ကြားပါတယ်ခင်ဗျာ"

ကာနယ်ဟုမ်း၏ အမှားပင် ဖြစ်တော့သည်။ သူသည် အစကတည်းက ကြိုတင်သိထားဖို့ ကောင်းသည်။ သူ၏အက်စ်ဒဗလျူအက်စ် ရှေ့ပြေးမြွှောက်များသည် သူ့လိုပင် ခေါတ်ဆီလှောင်ကန်များကို တွေ့မြင်ကြပေလိမ့်မည်။ သူ့လိုပင် ခေါတ်ဆီလှောင်ကန်များကို ဖြိုဖျက်လိုသော လောဘစိတ် ဖြစ်ကြပေလိမ့်မည်။ သူသိဖို့ကောင်းသည်၊ ဂျာမန်များ ဘာတွေလုပ်ထားကြ လုပ်ထားကြ၊ ဘယ်ပုံကာကွယ်ရေးတွေ စီမံထားကြထားကြ ပထမဆုံးနှင့် ဗွေဆော်ဦး ဖျက်ဆီးပစ်ရမည့်နေရာကား ခေါတ်ဆီလှောင်ကန်များ ဖြစ်သည်ကို သူ့ရဲဘော်များက သူ့နည်းတူ တွက်ကြလိမ့်မည်ကို သူသိဖို့ ကောင်းလှတော့သည်။

ကွင်းထဲတွင် လက်နက်ဘပ်ဆင်ထားသည့် နေရာများရှိသည်။ ဂျပ်ထူဝတ္ထုများနှင့်တူသော အချပ်ကြီးများဖြင့် ဖုံးအုပ်ထားကြရာ ဂျာမန်တို့က ဤအဖုံးများကို ခွာချလိုက်ပြီး လက်နက်များကို အသင့်ပြင်လိုက်ကြသည်။

စတက်ဘင်း နှင့် နိုင်လ် သည် သူ့နောက်မှ ကပ်လျက်ပါလာပြီ ပါလာသည်။

နိုင်လ်၏ ဂျစ်မှ သေနတ်သမားမှာမူ ကျခဲ့ပြီး ပိုင်ရှင်မဲ့ရှိသော ဗစ်ကာ စက်သေနတ်သည် ပရမ်းပတာ ဝှေ့ယမ်းလျက် ပါလာသည်။ ဂျစ်ကား

www.burmeseclassic.com

www.burmeseclassic.com



-စင်းသည် ဂျာမန်တို့လက်နက် ခံကတုတ်ရှိရာသို့ အပြင်းမောင်းနှင်လာကြသည်။ ရန်သူ၏ ခံဘွင်းအတွင်းသို့ ပြေးဝင်လာကြသည့်နှယ်။

ဤမိုက်မိုက်ကန်းကန်း လုပ်လိုက်သည့်အဖြစ်သည် စက္ကန့် ၉၀-မျှပင်ကြာလိုက်ပုံမရ။

ဗစ်ကာ သေနတ်သံသည် ဟုမ်း၏ နားတွင်း၌ အူသွားသည်၊ တဆက်တည်းပင် ဂျစ်ကားသည် အရှိန်နှင့် တောင်ထိုးမြောက်ထိုး ဖြစ်နေသည်ကို သိလိုက်ပြီး သူလည်း ဂျစ်ကားပေါ်မှ လွင့်စဉ်ကျတော့မည်ကဲ့သို့ ဖြစ်သွားသဖြင့် ဂျစ်ကားဘေးမှ သံဘောင်ကို မြဲမြံစွာ ဆုပ်ကိုင်ထားလိုက်မိသည်။ ရေဘတ်ကို ကျည်ဆန်ထိလေပြီ၊ ကျောဒဏ်ရာမှ ထွက်နေသော သွေးကွက်သည် ဂုဏ်ထူးဆောင် ကြယ်တံဆိပ်ဘပ်ဆင်ထားသည့်အလား ရဲရဲနီနီကလေးဖြစ်နေရာမှ ကျောတခုလုံးပွင့်ထွက်လာတော့သည်။ ရေဘတ်သည် စတီယာရင်ပေါ်သို့ မှောက်ကျသွားတော့သည်။ ချက်ချင်းပင် နောက်မှ အဒမ်သည် သူ့သေနတ်ကိုလွှတ်ကာ စတီယာတိုင်ကို ကိုင်ရန် ရေဘတ်အား ဘေးသို့ တွန်းချရန်ကြိုးစားနေသည်။ တချိန်တည်းမှာပင် စောစောက ကောင်းကင်သို့ ထောင်တက်သွားသည့် တိုက်လေယာဉ်သည် သူတို့အပေါ်သို့ ထိုးစိုက်ချလာသည်။ သူတို့တော့ လေယာဉ်မှ စက်သေနတ်လက်ချက်ဖြင့် နှစ်ပိုင်းပြတ်တော့မည်ဟု ကာနယ်က ခန့်မှန်းလိုက်သည်။ ဂျစ်ကားကလည်း ခင်းထိုး၍ ပြေးမြဲပြေးနေသည်။ သူတို့ရှေ့တွင်ရှိသော ကျင်းထဲတွင်း ဖုံးအုပ်ထားသည့် လေယာဉ်ပျံသည် သူ့မျက်စိထဲတွင် တဖြည်းဖြည်း ကြီးထက်ကြီးလာသည်။ ဤတွင်ပင် သူ့နံဘေးမှ အဒမ်အား တစစီဖြစ်သွားသည်ကို မြင်လိုက်ရသည်။ လေယာဉ်ပျံပေါ်မှ တရဟောကျလာသည့် စက်သေနတ် ကျည်များထိလေပြီ၊ ဂျစ်နောက်မှ ဗစ်ကာသည် အလေးပြုလိုက်သည့်အလား မြောက်ထောင်သွားသည်။ ဂျစ်ကားလည်း မြောက်တက်သွားသည်။

ဤအချိန်မှာပင် ခါတ်ဆီလှောင်ကန်အဝမှ မီးနီကလေးတပွင့် ပွင့်လိုက်သည်ကို မြင်လိုက်ရပြီး တပြိုင်နက်တည်းလိုလိုပင် ပေါက်ကွဲသံကြီးနှင့်အတူ မီးဟုန်းဟုန်း ထတောက်လေတော့သည်၊ ဆီလှောင်ကန်အတွင်းမှ ဂျာမန်များအား အရှင်လတ်လတ် မီးကင်လိုက်လေပြီ။

ဂျစ်ကားသည်လည်း ပိုက်ကွန်တခုကို ဝင်ခါတ်မိကာ ကျွမ်းပြန်ပြီး မှောက်သွားလေတော့သည်။ ကာနယ်ဟုမ်းလည်း သဲပေါ်သို့ ပစ်ကျသွားသည်။

နာလိုက်သည့်ဖြစ်ခြင်း၊ ရိုင်ဖယ်သံတချက် ကြားဖူးနားဝ ရှိနေသည့် ရိုင်ဖယ်သံ၊ ဟိုအဝေးကြီးကလိုလို ကြားလိုက်ရပြီး ကာနယ်၏ ဗယ်ဘက်ထက်မောင်းအရိုးများလည်း ကွဲထွက်သွားပြီဟု အောက်မေ့ရမလောက် နာကျဉ်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဟုမ်းသည် နာကျင်လွန်းသည့် ဒဏ်ရာဖြင့် သတိမေ့သွားလေတော့သည်။

+ + +

ကော်ပရယ် ပီဘီမက်နဲယာ အဖို့ အစစအရာရာ ချောချောမောမောရှိနေရာမှ ရုတ်တရက် ဂျာမန်များ လှုပ်လှုပ် ရှားရှား ဖြစ်လာကြသဖြင့် နောက်ဆုတ်လာကာ ကျင်းတခုအတွင်း ပုန်းအောင်းနေရသည်။ သူသည် ဂျာမန်တို့ အဖုံးအကွယ် ပြုလုပ်ထားသည့် ပိုက်တခုအောက်၌ ၅-မိနစ်တိတိ ကြာအောင် နေခဲ့သည်၊ သူ့အနီးတွင်မူ လည်မျိုကိုညှစ်၍ အသတ်ခံခဲ့ရသဖြင့် သေနေသောဂျာမန် အာဖရိကတပ်မှ အစောင့်တပ်သား၏အလောင်း၊ သူက အေးအေးဆေးဆေးပင် မီးလောင်ဗုံး ၅-လုံးတွင် ကော်ဒိုက်ယမ်းကြိုးများ တပ်ဆင်ထားခဲ့နိုင်သည်။

ထို့ပြင် သူ၏ကြီးမားလှသော မောင်းချခားဖြင့်လည်း ဓာတ်ဆီပုံးများနှင့် ဒီဇယ်အင်ဂျင်ပုံးများကို ဖောက်ခဲ့နိုင်သေးသည်။ သူစိုးရိမ်သည်ကား ဤဓာတ်ဆီလှောင်ကန်နှင့် ဂိုက် ၂၀-သာ ဝေးသည့်နေရာမှ သေနတ်ကိုင်အစောင့်များ ဓာတ်ဆီအနံ့ခံမိကာ သူ့လုပ်ရပ်ပေါ်သွားမည့် အချက်ပင် ဖြစ်သည်။ သူတို့လူသိုက်မှ မည်သူမဆို အစောင့်ကင်းသမားကို မတွေ့မရှိ၊ တွေ့ကြမည်သာ ဖြစ်သည်။ သို့သော် သူတွေ့သော ဂျာမန်အစောင့်တပ်သားဘယောက်ကိုမူ သူက အပြတ်ရှင်းနိုင်ခဲ့၏။

ပီဘီသည် သူ့လိုရှေ့ပြေးတပ်ခွဲး တပ်သားများ ဘယ်ရောက်၍ ဘယ်မှာဘာလုပ်နေကြသည်ကို သူမသိ၊ သူမှာမူကား ဓာတ်ဆီလှောင်ကန်ကို တွေ့နေရသဖြင့် သူ၏ အဓိကပစ်မှတ်အဖြစ် သတ်မှတ်လိုက်သည်။ မည်သူကမျှ ကန့်ကွက်ကြမည်မဟုတ်၊ ခပ်လှမ်းလှမ်းတွင် ဆီလှောင်ကန် နှစ်ခုရှိချေသေးသည်။ အကယ်၍သာ ကာနယ်ဟုမ်းသည် သူတို့အား မနက်မိုးလင်းမှ ခေါ်လာမည့်အစား ညမှောင်မိုက်မိုက်တွင် ခေါ်လာပါက ထိုဆီကန်နှစ်ခုစလုံးကိုလည်း သူဖျက်ဆီးနိုင်မည် ဖြစ်သည်။

ကာနယ်ဟုမ်းသည်လည်း ဤလျှို့ဝှက်လေယာဉ်ကွင်းကြီးကို လာရောက်တွေ့ရသဖြင့် သူများနည်းတူပင် တအံ့တသြ ဖြစ်နေပေလိမ့်မည်ဟု ပီဘီက တွက်သည်။ သို့သော် သူက ကာနယ်၊ ကာနယ် ဖြစ်နေသဖြင့် သူတို့ထက်ပို၍ အမြင်ကျယ်ပေလိမ့်မည်။

ပီဘီသည် လွန်ခဲ့သည့်ကာလခန့်က နှင်းထူလှသည့် ရုရှားပြည် အကာ့ကေးဆပ် စစ်မြေပြင်မှ ပြန်ရောက်ကတည်းက သူ့အထက်မှ အရာရှိများကို သိပ်ပြီး မကျေနပ်ချင်၊ ကော့ကေးဆပ်တိုက်ပွဲမှာ သူ့လို လူမျိုးအတွက်ပင် အသက်နှင့်နီးလွန်းလှသည်ဟု ထင်မိသည်။ ယင်းတိုက်ပွဲမှာ သူတို့ အက်စ်

www.burmeseclassic.com

www.burmeseclassic.com



အေအက်စ် အမြောက်အမြား ကျဆုံးခဲ့ရသည်၊ ထိုစဉ်က မိမိတို့ထံ တပ်ကူ မလွှတ်ခြင်း၊ တိုက်ပွဲပြီးပြန်တော့တော့လည်း ကက်စ်ပီယံ ရေနံဆိပ်ကမ်းမြို့ ဖြစ်သော ဘာကူမှ မိမိတို့တပ်ရင်းများသို့ ပြန်ခေါ်သည့်အခါတွင် မြစ်ကူး ရသည့် အစီအစဉ်ကို အချိန်ဆွဲ၍စီမံခြင်းတို့ကြောင့် ကာနယ်ဟုမ်း ကို သူက အပြစ်တင်ခဲ့မိသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဒီကွန်နှင့်ဟုမ်းတို့လည်း အချင်းများခဲ့ ကြသေးသည်။

သို့ဖြစ်ခြင်းကြောင့် တိုက်ပွဲအောင်ခဲ့သည့်ကိစ္စမှာ ဘာမှအရာမထင် သလို ဖြစ်ခဲ့ရသည်။

ဤသို့ဖြစ်ခဲ့ရသည်ကို မိမိတို့အား သစ္စာဖောက်ရာကျခဲ့သည်ဟုခံစားခဲ့ ရသည်။ ဟုမ်းကြောင့်တော့မဟုတ်၊ မောင်တီ (ဂ) တပ်မကြီးနှင့် သူတို့ ကိုင်တွယ်၍ မရနိုင်သောအဖြစ်အပျက်များကြောင့်သာဖြစ်ပေလိမ့်မည်။ ပီတီ ဒီကွန်နှင့် ဆာဂျင် ဘွတ်စ်ကင်းမဲလ်တို့ ရုရှားသို့ သွားရောက်ကြစဉ်က ရိုမဲလ် အားတိုက်ခိုက်နေသည့် မိမိတို့ဘက်မှစစ်ဒီရေအရှိန်သည်အယ်အလာမိန်း၌မြင့် မားနေပြီ ဖြစ်၍မိမိတို့သည်အပြန်ဘွင်ကန္တာရတိုက်ပွဲများ နွှဲရလိမ့်ဦးမည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော်ရုရှားမှပြန်အရောက် ကိုယ့်တပ်နှင့်ကိုယ် ပြန် လည် ပေါင်းစည်းမိချိန်တွင်မူ စစ်မျက်နှာသည် မိုင်ပေါင်း တထောင်းခန့် အထိ ရွှေ့ပြောင်းသွားချေပြီ၊ အီဂျစ်ပြည်၊ ဘိုင်းနိုင်းမှတဖန် မိမိတို့ မကျွမ်း ကျင် အတွေ့အထိမရှိသော ထရီပိုလီ ဘက်သို့ ရောက်ရှိနေလေသည်။

ဤအဖြစ်များကြောင့်စိတ်ထဲကျင် မရိုးမရွဖြစ်မိသည်။ ဒီကွန်၊ ကင်း ဗဲလ်နှင့် ပီတီတို့အဖို့ တပတ်ရိုက်ခံရသလို ခံစားမိပြီး ပြောင်းလဲနေပြီဖြစ်သော အခြေအနေထဲတွင် မိမိတို့မပါရသလိုလည်း ဖြစ်နေမိသည်။ ရုရှားပြည် နှစ်း ဘောထဲမှ ရက်သတ္တပတ် (၃) ပတ်ခန့် သက်စွန့်ဆံဖျား စွန့်စား တိုက်ခိုက် ပြီးအပြန် ခြေကုန်လက်ပန်းကျလာသော ဒီကွန်သည် သူ့ အထက်အရာရှိကာ နယ်ဟုမ်းနှင့် စကားများကြသည်။ တဦးနှင့်တဦး သူငယ်ချင်းပေါင်းပေါင်း သင်းနိုင်ခဲ့ကြသည့် အက်စ်အေအက်စ်တပ်ဖွဲ့မဟုတ်ပဲ အခြား တပ်မျိုးတွင်သာ ဖြစ်ပါက ဒီကွန်သည် ယခုထက် ဆိုးဆိုးရွားရွား ပြောဆို ရန်ဖြစ်မိပေလိမ့် မည်၊ အက်စ်အေအက်စ်တွင်မူ ပုဂ္ဂိုလ်ထူးချွန်မှုကိုလည်း အလေးထားသည့် အားလျော်စွာ ဒီကွန်ကဲ့သို့ပင် ခြေကုန်လက်ပန်းကျလာသူ ဟုမ်းအဖို့ သူက သူ့ကိုယ်သူ ပျော့ညံ့သူဟု ဝန်မခံလိုသည့်တိုင်- ဒီကွန်အားဖျောင်းဖျောင်း ဖျဖျပြောဆိုချေပလိုက်သည်ဖြစ်၍၊ ပြဿနာမှာ ကြီးထွားလာမှုမရှိပဲပြီးသွား ရသည်။ ဒီကွန်အား ကိုင်ရိုဆေးရုံသို့ သူ့ခေါင်းမှဒဏ်ရာကိုဆေးကုသယင်း (၁၀)ရက် အနားယူခွင့် ပေးလိုက်သည်။

ဆာဂျင် ကင်းဗဲလ်ကလည်း ခွင့်မရအရယူပြီး မြို့ကြီးပြကြီး၏ အရသာ ခံစားရအောင် ဒီကွန်နောက်လိုက်ပါသွားခဲ့သည်။ ပီတီကား အပျော်အပါး

www.burmeseclassic.com

www.burmeseclassic.com



နေရာများကိုစိတ်မဝင်စား၊ ထို့ပြင်လည်း သူသည် ကာနယ်ဟုမ်းနှင့် အဆင်မပြေဖြစ်နေသေး၍ ခွင့်တောင်းရန်မလွယ်လှ၊ ပြီးခဲ့သောနွေရာသီ ကုန်ဆုံးခါနီးလောက်က ပို့ဆက် ဆိပ်ကမ်းမြို့တွင် ဆိုက်ကပ်ထားသော ရေတပ်သင်္ဘောမှ ဘုရင့်ရေတပ်သား တဒါဇင်ခန့်နှင့် ပီတီတို့သည် သါးသါးနားနား အရက်ဘားတခုတွင် မူးရမ်းကာဘားကိုဖျက်ဆီးမှုကြောင့် ကာနယ်က ပီတီကို မျက်မာန်ရှနေဆဲဖြစ်သည်။

ပီတာဘင်းနက်မက်နဲယားခေါ် ပီတီပီတုန်းကလေး၊ အိုင်းရစ်လူမျိုးလူသေးကလေး၊ ပင်ဖြူတ်မြန်လှသူ၊ မျောက်ကဲ့သို့ပေါ့ပါးသူ၊ ပြီးတော့မွေးရာပါ တိုက်စစ်မှူးကား ခွင့် ၁၀-ရက်ကြီးများတောင် မလို၊ ဘာကူ-အက်ရှိရန်တွင် ပင်ပန်းနွမ်းနယ်ကာမျှနှင့် မြို့ကြီးပြကြီးသို့ သွားရောက်အနားယူပြီး၊ စိတ်ခေါ်တက်လာအောင် လုပ်စရာမလို....။

သူလိုသည်ကား၊ တိုက်ပွဲသာ...

ကာနယ်၏ စိတ်ထဲတွင် သဲကန္တာရတိုက်ပွဲ၌ ဘီပီ အား ပါစေလို၍ တမင်သက်သက် ဆွဲခေါ်ထားခြင်း ဖြစ်ချင်လည်း ဖြစ်ပေမည်။ ဒီကွန်နှင့် ကင်းဗဲလ် တို့အားမူ၊ အထက်လူကြီးအား မချေမငံ ပြောဆိုမှုကြောင့် အပြစ်ပေးသည့်အနေဖြင့် ဤကြီးကျယ်လှသော တိုက်ပွဲမှ ပ,ထားခဲ့ခြင်းလည်း ဖြစ်ပေမည်။ ဤတိုက်ပွဲကား အာကစ်အေအာက်စ်များအဖို့ လွန်ခဲ့သည့် စက်တင်ဘာလအတွင်းက ဆင်နွှဲခဲ့ကြသည့် ဘင်ဂါဇီတိုက်ပွဲပြီးလျှင် အကြီးမားဆုံး တိုက်ပွဲတခုပင် ဖြစ်သည်။ သို့သော်လည်း.... ပို၍ဖြစ်နိုင်သည်က သဲကန္တာရ တိုက်ပွဲကျော်များအတွက် ဘာမဆိုဖြစ်နိုင်သလို ဤကိစ္စများမှာလည်း သူအလိုအလျောက် ဖြစ်ခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ ပီတီကား ယခုကဲ့သို့ ဟယ်ဟာ ရောက် ဆီ ကို သွားရောက်နေပြီး၊ ဂျာမန်တို့၏နှာခေါင်းကို ဖြတ်နေရမြန်သဖြင့် ကျေနပ်မိသည်။ သူက သိမ်ငှက်မျက်စိနှင့်တူသော အရာရှိများ၊ ဆာဂျင်များ၏ မျက်စိအောက်ဝယ် မသက်မသာ လိုက်ပါလာခဲ့ရခြင်းအတွက် ရန်သူတို့အား၊ အဖျက်လုပ်ငန်းဖြင့် ဒုက္ခပေးနိုင်လျှင် လိုက်ရကျိုးနပ်ပြီး၊ တန်ဖိုးကျေပြီဟု တွက်သူဖြစ်သည်။

သူသည် ရှေ့ပြေး တပ် ဦး အ ဖြစ် ဘော်လံတီယာ လုပ်ခဲ့သည်။ ကာနယ် ကလည်း သူ့အား ဘော်လံတီယာအဖြစ် လက်ခံခဲ့သည်။ ဤအချက်ကလေးများကတော့၊ ကာနယ် သည် ကောင်းလှသည်ဟု သူက ထင်သည်။

ဤသို့ဖြင့် ပီတီသည် ဤသဲကန္တာရတိုက်ပွဲတွင် ပါဝင်လာခဲ့ပြီး၊ နေမထွက်မီအထိ သူ့စိတ်ကြိုက် လုပ်ခဲ့နိုင်သည်။ နေ ထွက် လာ သော်.... ဂျာမန်များ လှုပ်ရှားလာကြသည်။ လေယာဉ်ပျံများက ရောက်လာသည်။ ဤသို့ ရုတ်သဲသုံ့အတွင်း သူသည် စိတ်ထင်တိုင်းမပေါက်၊ ဤသည်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်မိသည်။ ညအချိန်သာ ဖြစ်ပါက သူတယောက်တည်း ဤရန်သူ၏ စခန်းကြီးတခုလုံးကို ဖျက်ဆီးပစ်နိုင်လိမ့်မည်ဟု သူ့ကိုယ်သူ ယုံကြည်သည်။

သို့သော်.... ယခု သူသည် ရန်သူဂျာမန်တဦး၏ ဇီဝိန် ကို ခြွေ နိုင်သည်။ သူ၏ အဓိကလုပ်ငန်းကို အစောင့်များမသိပဲ လုပ်နိုင်ခဲ့သည်။ ထို့အပြင် အပိုဆုအဖြစ် ကျင်းထဲတွင် ဝှက်ထားကြသော တိုက်လေယာဉ်ပျံ ၁စင်း၏ ဝမ်းဗိုက်အထိ သူ ဝင်ရောက်နိုင်ခဲ့ပြီး၊ ဆွဲမိုင်း တပ်ဆင်နိုင်ခဲ့သည်။ သူ့အကြံက မိုင်းဗုံးနဲ့ကြိုးကိုဆွဲပြီး ကျင်းတွင်းမှ ထွက်ပြေးမည်။ မိနစ်ဝက်ခန့်သာ အချိန်ရလျှင် ဗုံးဒဏ်ကြောင့် လေယာဉ်ပျံကြီး မီးလောင်ပြီး မိုးပေါ်သို့ မြောက်တက်မသွားမီ သူသည် ဘေးကင်းရာသို့ ပြေး နိုင် မည် ဟူ၍ဖြစ်သည်။

သူ့တွင် စတင်းသေနတ် ပါသေးသည်။ လေယာဉ်ပျံကို မိုင်းခွဲ၊ ဝပ်ကျင်းတခုအတွင်း ဝင်ပုန်း၊ ထိုင်နေရာမှ သူ့ပစ်ကွင်းအတွင်း ဝင်ရောက်လာသည့် ရန်သူများကိုပစ်မည်။ စောစောက မီးလောင်ဗုံးများ ဆင်ထားခဲ့သည့် ဓာတ်ဆီလှောင်ကန်အတွင်းမှ အစောင့်များမှာမူ တဦးမှထွက်လာနိုင်မည်မဟုတ်၊ တခါတည်း မီးလောင်တိုက်သွင်းပြီး ဖြစ်နေမည်။ ဤအစီအစဉ် အကြံအစည်များသည် မှန်သည်ဟု သူ့အတွေ့အကြုံများအရ သူက သိသည်။

ဓာတ်ဆီလှောင်ကန် အတွင်းရှိ ဓာတ်ဆီပုံးများသည် ပါးလှသော သံပုံးများဖြစ်သဖြင့် အပြင်သို့ ဓာတ်ဆီငွေ့ပျံရာမှ ပူနွေးသောမြေအောက်ကျင်းအတွင်းဝယ် ဓာတ်ငွေ့များ ပျံ့နှံ့နေသည်။ မီမီလည်း တပါတည်း အရှင်လတ်လတ် မီးကင်ခြင်းကို ခံလိုပါက မီးခြစ်ဆန်တချောင်းနှင့် ကော်ဒိုက် ယမ်းတချောင်း ပစ်သွင်းလိုက်ရုံဖြင့် ကိစ္စပြီးနိုင်သည်။ သို့သော်.... အက်စ်အေအက်စ်တို့၏ အထူးပြုလုပ်စီမံထားသော ခဲတန်ချောင်းမီးလောင်ဗုံးကလေး ၅-ချောင်းတွင် ချိန်ကိုက်စနစ်များ ပါသည်။ သူ့အချိန်တွင် ပေါက်ကွဲပါက ဆီလှောင်ကန်ကြီး တခုလုံး မီး ဟုန်း ဟုန်း တောက် ကာ ပေါက်ကွဲပြီး၊ ဘဝဂ်အထိ တက်သွားနိုင်သည်။ လေဟာနယ်ထု မွန်းသိပ်လာလျှင် အုံကြွလာမည်။ အုံကြွမှုနောက် ပေါက်ကွဲလာမည်။ ပေါက်ကွဲမှုနောက် ခေါင်းတိုင်မှထွက်သည့် မီးတောက်မီးလျှံနှယ် မီးလောင်မည်။ သည်လိုပဲ ဖြစ်ချေမည်။

ပီတီက တွေးမိသေးသည်။ ဤ မြေ အောက် သို လှောင် ခန်း မှာ ဓာတ်ဆီလှောင်ကန် မဟုတ်ပဲ၊ ဂျာမန်တို့၏ အမဲဖူး၊ ပဲဗူး စသည်ဖြင့် သိုလှောင်ကန် ဖြစ်နေပါက သူဘာလုပ်ရမလဲဟု ကြံကြံဖန်ဖန် တွေးလိုက်မိသေးသည်။

ပီတီသည် ပိုက်ကွန်များအောက်ဝယ် ဖြေးဖြေးဝပ်နေသည်။ သူ့ဗိုက်အောက်ဝယ် ကင်းဖယ်ပတ္တူအုပ်ထားသည့် မည်းမည်းညစ်ညစ်၊ မျစ်

www.burmeseclassic.com



ပျက်ခဲ့ခဲ့ ဒီဇယ်ဓာတ်ဆီပုံးတွေ၊ ထိုနေရာမှ ပီဘီက အပြင်သို့ လှမ်းကြည့်လိုက်ရာ၊ သံချပ်ကာ ကားနှစ်စင်းက အလုပ်သမားများကို သယ်ဆောင်လာပြီး နေရာချထားသည်။ နောက်.... အလုပ်သမားများက လေယာဉ်ပြေးလမ်းကို ရှင်းပေးနေကြသည်ကို တွေ့ရသည်။ အဘယ်ကြောင့် လေယာဉ်ပြေးလမ်းတွင် အမှတ်အသားများ ပြထားရသနည်းဟု ပီဘီက အံ့ဩမိသည်။ သဲကန္တာရတွင်းရှိ အက်စ်အေအက်စ် လေယာဉ်ကွင်းများမှာ ဤသို့မဟုတ်၊ လစ်ဗျားရှိ သဲကန္တာရမှသဲနှင့် ဤနေရာမှ သဲများသည် အမျိုးအစား တူပုံမရ၊ ဆာဟာရသဲနှင့် ပို၍တူပေလိမ့်မည်။ သဲအနေအထားကြောင့် ဤကဲ့သို့ အမှတ်အသားများ ပြုလုပ်ထားပုံရသည်ဟု ပီဘီက တွက်မိသည်။

သူပုန်းနေသည့်နေရာမှပင် လေယာဉ်ပျံများ ခေါင်းပေါ်မှ ပျံသန်းသွားကြသည်ကို မြင်နေရသည်။ မြေပြင်ပေါ်ရှိ လေယာဉ်ကွင်း အလုပ်သမားများလည်း များလာပြီဟု ထင်ရသည်။ နေလည်း တက်လာပြီ၊ အဘိုးကြီး ဟုမ်းအဖို့ အခြားလုပ်ဖွယ်မရှိ၊ တောင်ကုန်းပေါ်မှ ဂျစ်ကားများကို အပြင်းမောင်းနှင်လာကာ စခန်းအတွင်း ထိပ်တိုက်ဝင်စီးရန်သာ ရှိတော့သည်ကို သူက နားလည်လိုက်သည်။

ပီဘီသည် ဓာတ်ဆီလှောင်ကန်ကို စောင့်နေသည့် သေနတ်ကိုင်တပ်သားများကို ကြည့်လိုက်သည်။ ဗုံးများလို အချိန်ကိုက် ထားခဲ့ရာ အချိန်သည် ကြာများနေမည်လား....၊ သူက ၁၀-မိနစ်မှန်း၍ ချိန်ခဲ့သည်။ သို့သော်.... ဗုံးများသည် နာရီများမဟုတ်ကြ၊ အချိန်မှန်ချင်မှ မှန်ကြမည်။ ဘာပဲဖြစ်ဖြစ်၊ တဖြည်းဖြည်းနှင့်တော့ ဗုံးများထပေါက်ရန် နီးကပ်လာချေပြီ။

ထိုမှ မိနစ်အနည်းငယ်ကြာသော်.... အက်စ်အေအက်စ် ဂျစ်ကားတပ်တရကြမ်းဝင်ရောက် လာကြပြီကို သူတွေ့ရသည်။ ဂျစ်ကားများက သူ့ဝပ်ကျင်းကို ဖြတ်ကျော်သွားကြသည်။ ဂျာမန်များ ခြေဦးတည့်ရာ ပြေးလွှားကုန်ကြသည်။ ပီဘီက ဆွဲမိုင်း မဆွဲခဲ့သည်မှာ မှားလေပြီဟု ထင်မိသည်။ သို့သော်.... ဗုံး ၅-လုံးကို ကြိုတင်ဆွဲထားရန်မှာလည်း မဖြစ်နိုင်။

သူသည် ထိတ်လန့်သွားသည်။ ဟုမ်း၏ဂျစ်ကားသည် သူနှင့် -၁၀ ကိုက် ကျော်ကျော်မျှသာ ဝေးသည်။ ဂျစ်ကားသည် ဂျာမန် သေနတ်သမားများကို မျက်နှာပြုကာ ဓာတ်ဆီလှောင်ကန် တည့်တည့်ဆီသို့ သွားနေပါကလား....၊ ပီဘီသည် ရုတ်တရက် ပုန်းနေရာမှထွက်ကာ၊ ကာနယ်ဟုမ်း ၏ ဂျစ်ကားကို ဟစ်အော်၍ တားလိုက်သည်။ စက္ကန့်ပိုင်းကလေးအတွင်းမှာပင် ထိုအကြံဖြစ်မိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... အချိန်မရပြီ၊ ခေါတ်ဆီလှောင်ကန်မှ မီးညွန့်ထွက်လာပြီ။ ခေါတ်ဓမ္မ မျှား ဆို့ပိတ်လာပြီဖြစ်၍ ညည်းတွားသံထွက်လာချေပြီ။ ဆီကန် ပေါက်တော့မည် တကား....။

ပီဘီသည် သူ့အောက်မှ သဲမြေလှုပ်လာသည်ကို သတိထားလိုက်မိ သည်။ ဆီကန်ကိုဖုံးထားသည့် ပိုက်ကွန်များအပေါ် သစ်ခက် သစ်ရွက် သဏ္ဍာန် ကပ်ချုပ်ထားသည့် ပိတ်စ၊ အဝတ်စကလေးများ လှုပ်ခါနေကြ ပြီကိုလည်း သူတွေ့ရသည်။

ဟုမ်း၏ဂျစ်ကားကို ကျည်ထိလေပြီ၊ ဂျစ်ကား ယိမ်းထိုးနေလေပြီ။ ကားမောင်းသမား ရှေ့ဘတ်မှာ စတီယာရင်တိုင်ပေါ် မှောက် ခုံ ကြီး ပါ လာသည်။ ကာနယ် ကား မှန်တိုင်းမိသော ရှက်လေ့ပေါ် လိုက်လာသည့် အလား....၊ ဂျစ်ကားဘောင်ကို ဆုပ်ကိုင်ပြီး ကုန်းကုန်းကြီး လိုက်ပါလာ သည်။ ဂျစ်ကားက သူရှိရာသို့ ပြေးဝင်လာနေသည်။

ပီဘီသည် ဒိုင်ဗင်ထိုး၍ ရှောင်လိုက်သည်။ သူနှင့် ပြေး ဝင် လာ သော ဂျစ်ကား၏ကြားတွင် လေယာဉ်ပံ့ကြီးကို ထားလိုက်သည်။ ဂျစ်ကား သည် လေယာဉ်ကိုယ်ထည်ကို ဝင်တိုက်သံ၊ လှည့်ကွေ့လိုက်သံ၊ မှောက် သွားသံများကို ကြားနေရသည်။ သူ က မူ.... လှည့်မကြည့်မိ၊ သူကား ခေါတ်ဆီလှောင်ကန် ပေါက်ကွဲသွားပုံကို အညွှိခံနေရသူပမာ မင်သက်မိပြီး ကြည့်နေ မိ သည်။ လှောင် ကန် အ ပေါ် မှ ဖို့ထားသည့် သဲကုန်းသည် ငှက်ပျောသီးမှည့်မှည့်တလုံးကို အလယ်အူချောင်းမှ ခွဲလိုက်သကဲ့သို့ မွင့်အာ လာပြီး၊ မီးခိုးမည်း မည်းများနောက် မီးလျှံဝါဝါများ အုံ့ထွက်လာ သည်ကို တွေ့ရသည်။

ပထမတကြိမ်၊ နောက်တကြိမ်၊ တဖန်.... တတိယအကြိမ် ပေါက်ကွဲ သံကြီးများ၊ မြေပြင်ပေါ်တွင် ပစ်ခတ်နေသော အမ်ဂျီ သေနတ်သံများ၊ လေယာဉ်ပျံပေါ်မှ ပစ်ခတ်နေသော စက်သေနတ်သံများ အားလုံးကို ဖုံးလွှမ်းသွားတော့သည်။ သူ့မြင်ကွင်းကို မည်းမှောင်နေသော မီးခိုးလုံး များက ကွယ်လိုက်ပြန်သည်။ သို့သော်.... ထိုကြားမှပင် ထွက်ပေါက်ဝတွင် မီးများ စိုင်းဝိုင်းလည်နေပြီဖြစ်၍ ထွက်၍မရ ဖြစ်နေကြသော ဂျာမန် တပ် သားများ ဟစ်အော်ပြေးလွှား နေကြသည်ကို မြင်နေရသည်။ ပေါက်ကွဲမှု ဒဏ်၊ မီးပူဒဏ်ကြောင့် သံများလည်း မှန်တိုင်းထလာကာ၊ တရှီးရှီးဖြင့် မြည်ဟီးနေသည်။ ပီဘီက ပစ်ချင်သည်မှာ လက်ကိုယားနေသည်။ သို့သော်.... ပစ်ကွက်ပစ်ကွင်းက ဘာတခုမျှမရှိ။

ပီဘီသည် သိုလှောင်ကန် ပေါက်ကွဲပုံကို ကြည့်အောင်းကောင်းနှင့် တအံ့တသြ ကြည့်နေမိသည်။ ပေါက်ကွဲရာမှ ဖြစ်ပေါ်လာသည့် အသံများ တဖြည်းဖြည်းနှင့် တိတ်သွားသည်။ ရိုင်ဖယ်သံများ၊ စက်သေနတ်သံများ ကြားလာရပြန်သည်။ သည့်တော့မှ ဆူသည် ဤနေရာ၌သူဖာမယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ သူ့ရဲဘော်များ အပြင်ဘက်တွင် တိုက်ခိုက်နေကြသည်ဟု သတိရလိုက်သည်။

သူသည် လေယာဉ်ဝမ်းဗိုက် ဝပ်ကျင်းမှ ထွက်ခဲ့သည်။

ကာနယ်ဟုမ်း၏ ဂျစ်ကားသည် ခြင်၊ ယင် ပိုက်အဘွင်းမိနေသည့် ယင်ကောင်အလား၊ မှောက်လျက်သား ပိုက်များဖြင့် ငြိတွယ်နေသည်ကို တွေ့ရသည်။ ဗစ်ကာသေနတ်များ၊ သေနတ်စင်မှ ပြုတ်ထွက်နေသည်။ ရေဘတ်၏ကိုယ်သည် အောက်သို့ စောက်ထိုးမိုးမျှော် ကိုယ်တပိုင်းက ကျနေသည်။ သူ့မေးဖျားမှ သွေးများတစက်စက် ကျနေသည်။ ယင်များအုံရှုပ်နေရာ သူ့မေးတွင် မုတ်ဆိတ်ခမွှေးလို မည်းမည်းစုစုကလေး ဖြစ်နေသည်။ ပီဘီ၏ ပဌမဆုံးသူ့စိတ်တွင် ပေါ်လာသည်ကား၊ ဂျစ်ကားပေါ်မှ ရသမျှ လက်နက်ခဲယမ်း မီးကျောက်များကို ပြန်ယူရန်ဖြစ်သည်။ သူ့တွင် အသုံးဝင်မည့် လက်ပစ်ဗုံး၊ ပစ္စတိုစသည်ဖြင့် ရရာကိုယူမည်ဖြစ်၏။ သူသည် ပိုက်ကွန်ကို အသာတွန်းဖယ်ပြီး သတိဖြင့် ထွက်လိုက်သည်။ ပိုက်ဖြင့် ငြိနေသော ဂျစ်ကားသည် လှုပ်လိုက်သဖြင့် ဟန်ချက်ပျက်သွားကာ အောက်သို့ ကျမည်ကဲ့သို့ တွဲလွဲဖြစ်နေသည်။ ပီဘီက လျှင်မြန်စွာ ကိုယ်ကို လှိမ့်ပြီး ရှောင်လိုက်ရာ၊ ကာနယ်ဟုမ်း၏ ကိုယ်လုံးဖြင့် ဝင်တိုက်မိတော့သည်။

အဘိုးကြီးသည် သဲပြင်ပေါ်တွင် ပက်လက် လှဲနေသည်။ အိပ်နေသည်နှင့်ပင် တူသေးတော့သည်။ သူ့ကိုယ်ပေါ်မှာ ဘာဒဏ်ရာဒဏ်ချက်မျှ မရှိ၊ ပကတိ အကောင်းအတိုင်း၊ သို့သော်.... သူ့လက်ဝဲဘက် လက်မောင်းသည် ကောက်နေသည်။

ပီဘီသည် ကာနယ်၏ ဗယ်လက်မောင်းကို ရင်ဘတ်ပေါ်တင်လိုက်ပြီး၊ ကာနယ်ကို ဂျစ်ကားအောက်မှ ဆွဲပြေးကာ၊ လေယာဉ်ပျံကျင်း၏ ပိုက်များအတွင်း ဆွဲသွင်းခဲ့သည်။ မီးခိုးများကြား အပြင်တွင်ပြေးလွှားပစ်ခတ်နေကြသည်ကို ပီဘီက သိသည်။ ထိုခဏ၌ ရှမတ်တိုက် လေယာဉ်တစင်းသည် သူ့ခေါင်းပေါ်မှ နိမ့်စွာပျံသန်းသွားသည်။ မြေပြင်ပေါ်မှ မီးခိုးများ လေယာဉ်နောက်မှ တန်းပါသွားသည်ကိုပင် မြင်လိုက်ရသည်။ သူနှင့် ကာနယ်ကို တွေ့လိုက်သဖြင့် ပစ်တော့မည်ထင်ပြီး မှောက်လိုက်သည်။ လေယာဉ် ပြေးလမ်းပေါ် ဝယ် အက်စ်အေအက်စ် ဂျစ်သုံးစင်း မှောက်နေသည်ကိုပါ တွေ့လိုက်ရသည်။ ပက်လက်လန်နေသော ဂျစ်တစင်းပေါ်မှ မေဂျာဂီးလ်လော့အက်ရှ်တန်သည် စတင်းသေနတ်ဖြင့် တရစပ် ပစ်ခတ်နေသည်။ နောက်.... မီးခိုးများထလာကာ မြင်ကွင်းကို ကွယ်သွားပြန်သည်။ မီးခိုးများအတွင်းမှ မေဂျာသည် ဂျစ်ကားပေါ်မှ ကျွမ်းပြန်ကျသွားသည်ကို မြင်လိုက်ရသည်။

ကာနယ်ဟုမ်းသည် သတိမေ့နေဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပီဘီက ကာနယ်အား စမ်းသပ်ကြည့်ရှုသည်။ ဒဏ်ရာမရှိ၊ အသက်ရှူမှန်သည်။ လက်ကောက်ဝတ်မှ သွေးတိုးကောင်းသည်။

ကာနယ်၏ လက်မောင်းကို ကြည့်ပြန်သည်။ အင်္ကျီလက်အတွင်း ပျော့ခွေနေသည်။ တဂွတ်ဂွတ် အသံများလည်း ကြားရသည်။ သွေးတော့မထွက်၊ ကာနယ်၏ လက်မောင်းသည် ဂျစ်ကားပေါ်မှကျရာတွင် အတွင်းမှ ကျိုးသွားပုံရသည်။ ဂျာမန်တို့၏ သေနတ်ကျည်ဆန် ထိမှန်ခြင်းမဟုတ်။

ကာနယ်အား ဤသို့မမျှော်လင့်ပဲ တွေ့လိုက်ရသဖြင့် ပီဘီ တွင် အခြေအနေတမျိုး ပြောင်းသွားတော့သည်။ ကာနယ်အား ဂျာမန်များ တွေ့ရှိသွားပါက မည်သို့ဖြစ်မည်ကို ပီဘီက သိသည်။ ကာနယ်အား ဂျာမန်များက ဂက်စတာပိုသို့ လွှဲလိုက်ကြမည်။ ဂက်စတာပို ထောက်လှမ်းရေးက ကာနယ်အား စစ်ဆေးမေးမြန်းကြမည်။ နောက်.... ပစ်သတ်မည်။ အလွန်နာမည်ဆိုးလှသော အက်စ်အေအက်စ်မှ ကွန်မန်ဒိုတဦးကို အာဖရိကဂျာမန်တပ်က ဖမ်းမိသည်ဆိုပါက၊ သူတို့အဖို့ ပွဲကြီးပွဲကောင်းပင် ဖြစ်ပေမည်။

မြန်မြန်ဆန်ဆန်လုပ်မှ ဖြစ်ပေတော့မည်။ မည်သည့်နည်းနှင့် မဆို၊ ကာနယ်အား ဤနေရာမှ အမြန်ဆုံးထုတ်သွားဖို့က အရေးကြီးလာသည်။ ဂျာမန်များ တပ်ပြန်မစုနိုင်မီနှင့် မိမိတို့၏ လက်ကျန်ရဲဘော်များ ဤနေရာမှ ဆုတ်ခွာမပြေးမီ၊ ကာနယ်အား ဂျစ်ကားတစင်းပေါ်တင်ပြီး အမြန်ဆုံးမောင်းပြေးမှ လွတ်တော့မည်။

ပီဘီသည် ကာနယ်၏ ကျူးနစ် အပေါ်အင်္ကျီ ကြယ်သီး များ ကို ဖြုတ်၊ ရင်ဘတ်ကို ဖွင့်၊ ကာနယ်၏ ကျိုးနေသောလက်ကို ထည့်၊ ကျူးနစ်အင်္ကျီကို လက်ပေါ်မှပြန်ဝတ်၊ ကြယ်သီးတပ်၊ နောက်.... ခါးပတ်ဖြင့် လက်ရော ခါးပါ ပတ်စည်း၊ ခါးပတ်ဖြင့် မလုံလောက်သေးသဖြင့် ဗိုက်မှ ကြိုးတချောင်းကိုဖြုတ်ကာ၊ ကာနယ်၏ ကိုယ်ပေါ် ထပ်မံ စည်းနှောင်ပြန်သည်။

ဤသို့ ပြုလုပ်နေစဉ် ကာနယ်က သတိရလာပြီး မျက်စိ ဖွင့် ကြည့်သည်။

လက်မှ နာကျင်လှသဖြင့် သူ့မျက်နှာ ရှုံ့တွသွားသည်။

ပီဘီသည် ကာနယ်၏ပါးစပ်ကို သူ့လက်ဝါးဖြင့် ဖြတ်ပိတ်လိုက်ပြီး၊ သူ့ခေါင်း ခါပြလိုက်ကာ....

"ငြိမ် ငြိမ် နေ ပါ၊ ခင်ဗျား ... ဘာမှ မဖြစ်ပါဘူး၊ လက်မောင်းကျိုးသွားတာပါ၊ ဘာမှ ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ စီကထွက်နိုင်အောင် ကျွန်တော် လုပ် ပါ့ မယ်၊ ခု တင် က လေး ပဲ ကျွန်တော် ပြန်လာပါ့မယ် ခင်ဗျား...."

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး၏မျက်လုံးအိမ်မှ မျက်ရည်များ ယိုစီးကျလာသည်။ မီးခိုးများ၍မှင်ကြုတ်နေသည့် သူ့မျက်နှာပေါ်မှ မျက်ရည်ကြောင်းများက စမ်းချောင်းကလေးသဖွယ် ဖြစ်သွားသည်။

ပီဘီသည် သူ့လက်ဖဝါးကို ကာနယ်၏ပါးစပ်မှ မရုပ်သေး၊ ပိတ်မြဲပိတ်ထားလည်း။ သူ့လက်အောက်ဝယ် အဘိုးကြီး၏ပါးစပ်က လှုပ်လှုပ်ရွရွ ဖြစ်နေသည်ကို သူသိသည်။ ဘုရား.... ဘုရား....၊ အဘိုးကြီးမှာ ဒိပြင်အတွင်းဒဏ်ရာတခုခု မရှိပါစေနဲ့ဟု သူက ဆုတောင်းမိသည်။

"ကာနယ်.... ငြိမ်ငြိမ်နေပါ"

ကာနယ်ဟုမ်းသည် သူ့နားကိုစွင့်ထောင်နေကြောင်း ပြလိုက်သည်။

"ဒီမှာ.... ငြိမ်ငြိမ်ကလေးနေပါခင်ဗျား...."

ဟုမ်းက နားစွင့်ဟန် ပြလိုက်သည်။

ပီဘီသည် ဤနေရာတွင် စကားပြောနေ၍မဖြစ်၊ တနည်းဆိုသော်၊ ကာနယ်က အမိန့်တစုံတရာ ပေးလိုက်မည်စိုးသဖြင့် ဘာမျှ မပြောတော့ပဲ၊ စတင်းသေနတ်ကို ကောက်ကိုင်လိုက်ပြီး၊ ပိုက်များကြားမှ တိုးထွက်ခဲ့လေတော့သည်။

သူ့တွင် ရည်မှန်းချက်တခု ရှိသည်။ ဘီး ၄-ဘီးပေါ်ဝယ် ထောင်လျက်သား ရှိပြီး၊ မောင်း၍ရမည့် ဂျစ်တစင်းရရေး၊ ထို့ထက် ဖြစ်နိုင်သေးလျှင် အက်စ်အေအက်စ် အရာရှိတဦးကို တွေ့ရေး ဖြစ်သည်။ အရာရှိကို တွေ့လျှင် သူ့ပခုံးထက်ဝယ်၊ ဝန်ထုပ် ဝန်ပိုးကြီးဖြစ်နေသော ကာနယ်ဟုမ်းကို လွှဲပြောင်းပေးရန် ဖြစ်သည်။

ဂျစ်တစင်းကို တွေ့ပါပြီ၊ သူ့နေရာနှင့် ကိုက် ၃၀-မျှပင် မရှိ။ လေယာဉ်ပြေးလမ်းနှင့် ယှဉ်လျက် ရပ်ထားသည်။ ဂျစ်ကား ပေါ်ဝယ် ဂျာမန်တို့ လေယာဉ်ပျံပြေးလမ်းကို ရုပ်ဖျက်ထားရာ၌ အသုံးပြုသည့် ၃-ထပ်သား အပြားပေါ် ကပ်ထားသော သစ်ရွက်သစ်ခက်များ ပါရှိနေသည်။ မြင်ရသည်မှာ ဂျစ်ကားကို နတ်ပူဇော်ပသရန် ပန်းကုံးတင်ထားသလို ဖြစ်နေသည်။ ဂျစ်အနီးတွင်မူ ဂျာမန်ရော၊ ဗြိတိသျှများပါ မတွေ့ရ။

ယခုအခါတွင် မီးခိုးများရှင်းနေပြီး တိုက်ပွဲကို ကြည့်ရသည်မှာ အခြေအနေ သိပ်မကောင်းလှ....။

တိုက်လေယာဉ်ပျံများက ဝင်ရှုပ်ကြ၍ တိုက်ပွဲအခြေအနေ ပြောင်းသွားရသည်။ အက်စ်အေအက်စ် ၏ မူလရည်ရွယ်ချက်ဖြစ်သော အငိုက်ဖမ်းတိုက်ပွဲမှာ ရည်ရွယ်သလို မဖြစ်တော့ပဲ၊ လေယာဉ်ပျံများကြောင့် ပျက်ပြားသွားရသည်။ သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံကြီးများသည် ထက်ကောင်းကင်၌ ပျားများသဖွယ် အမြင့်အမျိုးမျိုး၌ ပျံဝဲလျက် ရှိနေကြသည်။ တိုက်လေယာဉ်ပျံ နှစ်စင်းက သူတို့အောက်မှာ ......မိတ်တို့ရဲဘော်များအား ပျံဝဲပစ်ခတ်လျက် ရှိသည်။ ဤနှစ်စင်းက စက်.....မြောက်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



…သည်၊ လေယာဉ်ကွင်းထဲသို့ ဗုံးမချ၊ ဗုံးချလျှင်လည်း လေယာဉ် ပြေး …ပျက်သွားနိုင်သည်။ သို့မဟုတ်၊ ဆီကန်များထိပြီး မီးလောင်နိုင်မည်။

လေယာဉ်ပြေးလမ်းအစွန် မိုင်ဝက်ခန့်အကွာတွင် ဂျစ်ကား ၃-၄စီး … လှမ်းမြင်ရသည်။ သံချပ်ကာ ကားကြီးတစင်းကို ဝိုင်းတိုက်နေကြပုံ…သည်၊ ပရက်နိုင်လ်၏ဂျစ်က ဝိုင်းကြီးပတ်ပတ်လှည့်ပြီး ပစ်နေသည်။

မီးများက နေရာအနှံ့လောင်နေသည်။ အက်စ်အေအက်စ် တပ်ဦး …သားများ ကောင်းစွာ အလုပ်လုပ်ခဲ့ကြောင်း ဖော်ပြနေသည်။ မိမိ တဦး …ည်းသာလျှင် မဟုတ်၊ အခြား ရဲဘော်များကလည်း မီးလောင်ဗုံးများ …အောင်မြင်စွာ ခွဲခဲ့နိုင်ကြသည်။ ဝပ်ကတားသည့်လေယာဉ် ၄-၅-၆ စင်းကို …ဖောက်ခွဲနိုင်ခဲ့သည်။ နှံဆီလှောင်ကန်ထားရာ တောင်ကုန်း တခုလည်း မီး …လောင်နေသည်ကို တွေ့ရသည်။ ရှင်ဆိုင်တိုက်ပွဲမှာမူ ပြန့်ကျဲနေသည်။ …ကြီးကျယ်သလို ဖြစ်နေသည်။ သို့သော်.... မြေပြင်တွင် အလောင်းများ …ထား၊ ဟကယ် အကောင်အထည်နှင့် ရှုံခြင်း၊ ထိုးတက်သွားလိုက်၊ ပြန် …ဆင်းလာလိုက်ဖြင့် တရစပ်ပစ်ခတ်နေသော တိုက်လေယာဉ်ပျံ များကမူ …သူသေကိုယ်သေ တိုက်ပွဲဖြစ်ကြောင်း သတိပေးနေသလို ဖြစ်နေရာ တိုက်ပွဲမှာ …ကယ်ပင် ကြီးကျယ်လှပါသည်။ လွင်တီးခေါင်တွင် တိုက်နေရပြီး၊ ပြေး …ပေါက်မရှိ၊ အသာလစ်ထွက်သွားရန် ဖြစ်နိုင်သည့် အခြေအနေမျိုးတွင် …ဖြစ်နေသည်။

သို့သော်.... *ပီတီအဖို့ကား၊ မဖြစ်ဖြစ်အောင် အလစ်ထွက်သွားရန်* …ကြိုးစားရပေမည်။ သူနှင့် ကာနယ်အတွက်ကား မဖြစ်မနေ ထွက်ရမည်။ …အခြေအနေမှ သူသည် နောက်မှ ကာနယ်က တန်းလန်းတန်းလန်းနှင့် ထွက်နိုင်မည်လား။

ပီတီသည် ဂျစ်ကားဆီသို့ တဟုန်ထိုး ပြေးသွားသည်။

စစ်ရေးပြ ယူနီဖောင်း၊ သားရေဖိနပ်ရှည်၊ ခေါင်းထက်၌ သံရောင် …အဝတ်ဖုံးသံခမောက် ဦးထုပ်ဆောင်း၊ ဂျာမန် အာဖရိက တပ်ဖွဲ့မှ ဂျာမန် …စစ်သား ၄-ယောက်သည် ကိုယ်ကို တောင့်တင်းထားကာ၊ ခြေထောက်ကို …မကွေးပဲ တဖြောင့်တည်း ခြေနင်းပြီး ပြေးနေသည်။ သူတို့၏ ဟန်ပန်ကို …ပီတီသို့ တပ်သားများက ပြက်လုံး ထုတ်ခဲ့ကြသည်။ သို့သော်.... သူတို့ …ပြေးပုံမှာ မြန်ဆန်လှသည်။

ဤ ၄-ယောက်သည် ဂျစ်ကားကို လေယာဉ်ပြေးလမ်း အနီးမှ …ယူကြရန် တာဝန်နှင့် ပြေးလာကြသူများဖြစ်မည်ဟု ပီတီက ထင်လိုက် …သည်။ ဤဂျစ်ကားကို ရွှေ့လိုက်မှ လေယာဉ်ပျံ များ ဆင်းနိုင်မည်။ …ရုတ်ချင်းပင် ပီတီသည် ဂျစ်ကားနံဘေးတွင် လဲနေသော ဆာဂျင်စတင် …ဆင်းကို မြင်လိုက်သည်။ သို့ဖြစ်လျှင် ဤဂျာမန် ၄-ယောက်သည် ထောက်…

www.burmeseclassic.com

www.burmeseclassic.com



ဘင်း အား အရှင်လတ်လတ်ဖမ်းမိရန် ကြိုးပမ်းနေကြသည်ဟု ထင်လိုက်မြန်သည်။

စတက်ဘင်း မှာ သဲပြင်ပေါ်ဝယ် သွေးအလူးလူးဖြင့် ပက်လက်လန်လဲနေသည်။ တကိုယ်လုံးလည်း တွန့်လိမ်ကောက်ကွေး နေသည်။

ဂျာမန်လေးယောက်သည် စတက်ဘင်း ရှိရာသို့ ပြေးနေယင်းကပင် ပီဘီ ကို လှမ်းမြင်လိုက်ကြသည်။ သူတို့ မြင်လိုက်သည့်အချိန်မှာ ပီဘီ က သူတို့အား မြင်လိုက်သည့်အချိန်ထက် စက္ကန့်ပိုင်းမျှ နောက်ကျသွားပေပြီ။ ပီဘီအဖို့ ဤစက္ကန့် ပိုင်း မျှ အချိန်သာ လိုသည်။ မဆိုင်းမတွပင် ပီဘီက ပစ်ထည့်လိုက်သည်။ သူတို့က ပီဘီအား သေနတ်ဖြင့် ချိန်ပင်မချိန်လိုက်ရ၊ ပီဘီ ၏ စတင်းမှ ကျည်များ တရဟောထွက်လာကာ ဂျာမန် ၄-ဦးစလုံး မြေကြီးနှင့်မထိခင်မှာပင် အသက်ပျောက်သွား ကြတော့သည်။

ပီဘီ သည် ဂျာမန်များ အတုံးအရုံးလဲသည်နှင့် တပြိုင်နက် စတက်ဘင်း အနီးသို့ လှမ်းဝင်လိုက်သည်။ ခေါင်းကိုမငုံ့၊ သတိဖြင့် ခပ်မတ်မတ်ထားပြီး၊ စတက်ဘင်း ၏ ရင်ဘတ်သို့ သူ၏ ဗယ်ဘက်လက်ဖြင့် စမ်းကြည့်သည်။ စတက်ဘင်း ၏ ဒဏ်ရာကား လေယာဉ်ပျံမှ စက်အမြောက်ဆံ ထိထားသည့် ဒဏ်ရာပင်၊ ပီဘီ ဘာမျှ မတတ်နိုင်တော့၊ သူ့အား ပွေ့ထူလိုက်မည် ဆိုပါကလည်း ယဲ့ယဲ့ကလေး ကျန်နေသည့်အသက် ထွက်သွားပေတော့မည်။

ပီဘီ သည် လန်ဒန်မြောက်ပိုင်းသား ဆာဂျင် စတက်ဘင်း၏ရင်ဘတ်၊ အသက်ရှူသံကို နားစိုက်ထောင်မိသည်။ အသက်ရှူသံက ပြင်းလှသည်၊ အသက်ကိုလု၍ ရှူနေပုံရသည်။ နောက်.... ချက်ချင်းပင် ရပ်သွားသည်။

"ဂျင်နီ...."

ဆာဂျင် စတက်ဘင်း၏ မေးကြောသည် ဆတ်ကနဲ ဖြစ်သွားကာ ပိတ်ထားသောမျက်စိများ ပွင့်လာသည်။ မျက်လုံးများ ပွင့်လာသော်လည်း သူ့မှာ ဘာမျှမြင်ပုံမရ၊ မြူးကြောင်ပြီး အထက်ကိုသာ ကြည့်နေသည်။ ပီဘီ က ကိုယ်ကို အသာအယာ လှုပ်လိုက်ပြီး....

"စတက်ဘင်း...."

"သူ... သေတော့မှာပါကလား၊ သူ... ဘုရားသခင်ဆီ သွားတော့မှာပါ"

ကော်ပရယ် ဟူး ဒါကော့စ်တား ၏ အသံကို ကြားလိုက်ရသည်။ ဒါကော့စ်တား ကား ဝေလနယ်သား၊ ပီဘီသည် ဝေလနယ်သားကို ရှုံ့လှသည်။ ထိုထက် ဒါကော့စ်တား သည် စတက်ဘင်း ၏ ဂျစ်ကား နောက်ပိုင်းဝယ် ဝပ်နေသဖြင့်လည်း ပီဘီကပို၍ စိတ်ဆိုးသွားမိသည်။

"ခင်ဗျားက အဲဒီမှာ ဘာလုပ်နေတာလဲ...."

"ဗုံးဆင်နေတာပါကွာ...."

www.burmeseclassic.com

www.burmeseclassic.com



"ဗုံးဆင်ယင်လဲ၊ တခြားသွားဆင်ဗျာ၊ ကျုပ်.... ဂျစ်လိုချင်တယ်"

"တို့မြေးလို့ မလွှတ်တော့ပါဘူးကွာ၊ ကြည့်ပါလား... လေယာဉ်ပျံတွေ...."

ပီဘီက သူ့စတင်းသေနတ်ကို ဝှေ့ယမ်းလိုက်ကာ....

"ခင်ဗျားဗုံး အသာထားလိုက်ဗျာ၊ ကားမောင်း...."

"မမောင်းနိုင်ဘူးကွ...."

"ကျုပ်နဲ့အတူ ကာနယ်ဟုမ်း ရှိနေတယ်၊ ဟိုနားမှာပဲ ရှိနေတယ်၊ သူ့ကို၊ ကျုပ်တို့ ဒီကထုတ်သွားရမယ်"

ဤအတွင်း စက်သေနတ်ဆွဲသံ တချက် ပေါ်လာသည်။ ပီဘီ၏ ယာဘက်၊ မီးလောင်နေသော ခေတ်ဆီလှောင်ကန်ဘက်မှ ဖြစ်သည်။ ဟောပွန်နှင့် အခြားလက်ဖတင်နင်တယောက်တို့က ကွင်းအစွန်တွင်ရှိသော ဆီကန်တကန်ကို ပစ်ခတ်နေသည်ဟု ပီဘီက ထင်သည်။ ကွင်း၏တဘက် စောစောက ထူမြင်လိုက်သော မေဂျာကီးလ်လေ့အက်ရှ်တန်ရှိရာသို့ ကြည့်လိုက်ရာ ဘာမှမရှိတော့၊ မီးလောင်နေသော ဂျစ်ကား အရိုးပြိုင်းပြိုင်းကိုသာ တွေ့ရသည်။ လေယာဉ်ပြေးလမ်းအနီးတွင် ဂျာမန်များ တဦးတယောက်မျှမရှိ။

"ဒီလိုဆို.... မင်း ဂျစ်ယူသွားလေ၊ ငါ့ကို ဒီနေရာမှာချခဲ့...."

ဒါကော့စ်တားက ပြောပြောဆိုဆို၊ သူ၏ ပေါင်ခြံအတွင်း၌ တစုံတခု ပြုလုပ်နေသည်။

ဤ ဝေလနယ်သားသည် ခပ်ကြောင်ကြောင်ပင် ဖြစ်သည်။ သို့သော်.... သတ္တိတော့ နည်းသူမဟုတ်၊ ပီဘီသည် ဂျစ်ကားနောက်ပိုင်းအနီးသို့ ကပ်လာကာ ကြည့်လိုက်မိသည်။

ဒါကော့စ်တား၏ ဆီးစပ်တွင် လက်ပစ်ဗုံးများ၊ မီးလောင်ဗုံးများ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ဒါကော့စ်တား အလုပ်ရှုပ်နေခြင်းမှာ စနက်တံများကို သူ့ခါးပေါ်ရှိခါးပတ်မှ ကွင်းကလေးများအတွင်း သူ့နေရာနှင့်သူ တခုချင်းဝင်အောင် တပ်ဆင်နေခြင်းပင် ဖြစ်သည်။

"ဘုရား....၊ ဘုရား...."

ပီဘီက အသံအုပ်ပြီး အော်လိုက်မိသည်။

"ခြေထောက်တွေ.... မရှိတော့ဘူးကွ"

ဒါကော့စ်တားက ခပ်ပေါ့ပေါ့ပင် ပြောလိုက်ပြီး၊ ဆက်လက်၍....

"လေယာဉ်ပျံတွေ ဆော်သွားတာပေါ့ကွာ၊ ငါ.... ဒီလေယာဉ်ပျံတွေကို သိပ်မုန်းတာပဲကွ...."

ဂျစ်ကားနောက်ပိုင်း ကြမ်းပြင်တခုလုံး သွေးများဖြင့် ဆေးထားသလား ထင်မှတ်လောက်အောင် ချင်းချင်း နီနေသည်။ မီးလောင်ဗုံး စနက်တံများ ရစ်ပတ်ထားသဖြင့်သာ ပြတ်နေသောပေါင်ရင်းမှ သွေးထွက်

www.burmeseclassic.com

www.burmeseclassic.com



သက်သာပြီး၊ သူ့မှာ ယခုအထိ အသက်ရှင်နေခြင်း ဖြစ်သည်။ သွေးအလူးလူးဖြင့် စုတ်ပြတ်နေသော ညို့သကျည်းတွင် သူ့ဖိနပ်ကတော့တဲကလေး တွဲလောင်း ဖြစ်နေသေးသည်။

"ကောင်းပြီလေ....၊ ကျုပ် ခင်ဗျားကိုရော၊ ကာနယ်နဲ့အတူ ခေါ်သွားမယ်"

"ဟာ.... ပီတီရ၊ မင်းဒီလောက် မိုက်မဲရသလား...."

"ခင်ဗျား.... ဒီမှာနေနေလို့ ဘယ်ဖြစ်ပါ့မလဲ...."

"ဂျစ်ကားက ဟင်းတရိတ်သာ ဆွဲထားတာကွ....၊ ငါက စက်နှိုးပြီး ဟိုဘက်ကို လှိမ့်ဆင်းသွားမလို့ ကြံတာ...."

ဒါကော့စ်တားသည် သူ၏ နောက်ဆုံးအချိန်တွင် ဘယ်ဘက်ကို ဘယ်လိုလှိမ့်ပြီး၊ ဘယ်လို ရန်သူများအား တိုက်မည်ဟု ပီတီက မသိခဲ့။ ရုတ်တရက် (၈)တီး သံချပ်ကာ ကားကြီး သူတို့နောက်မှ ပေါ်လာကာ၊ သူတို့ဆီသို့ အပြေး မောင်းနှင်လာသည်ကို တွေ့လိုက်ရသဖြင့် ပီတီသည် ဂျစ်ပေါ်သို့ ခုန်တက်ကာ သေနတ်ကိုလွှဲပြီး စက်နှိုးလိုက်သည်။ စက်မှာ အေးချိန်မရ၊ ပူနေဆဲဖြစ်သဖြင့် ချက်ချင်းပင်နိုးသည်။ စက်နိုးလျှင်ပင် ပီတီသည် ကလပ်နင်း၊ ဂီယာထိုး၊ လီဗာကို တအားနင်းကာ ထိုနေရာမှ တဆစ်ချိုး ကွေ့ပတ်မောင်းထွက် လာခဲ့သည်။ သံချပ်ကာ ကားမှ ပစ်လိုက်သော အမြောက်ဆန်သည်ဂျစ်ကားကို သိသိကလေးလွဲသွားကာ လေယာဉ်ပြေးလမ်းမှ သဲများအတွင်း နစ်ဝင်သွားရာ သဲများဖွာထွက်လာသည်။

ရုတ်တရက် ဂျစ်က ဆောင့်ထွက်လိုက်သဖြင့် ကားနောက်ပိုင်းမှ ဒါကော့စ်တားသည် နာလွန်း၍အော်လိုက်ကာ ယိမ်းယိုင်သွားသော သူ့ကိုယ်အား ကားပေါ်မှမကျအောင် သေနတ်ဇင်မှ ဖစ်ကာ စက်သေနတ်ကို ဖက်ထားလိုက်သည်။ ပီတီသည် ဂျစ်ကားကို ကွေ့ကာဝိုက်ကာဖြင့် ကျည်လွတ်အောင် မောင်းလာပြီး၊ ကာနယ်အား ထားခဲ့သည့်နေရာအရောက် ရန်သူ ၆-ယောက် ထမ်းစင်များ ကိုင်ပြေးလာကြသည်နှင့် တိုးနေသည်။ ထမ်းစင်သမားများအား ဂျာမန်တပ်သား ၄-ယောက်က စောင့်ရှောက်လိုက်ပါလာသည်။

ဂျာမန်များက ဂျစ်ကားများကို မြင်လိုက်သည်နှင့် ဆီးပစ်ကြရာ၊ ပီတီသည် ကားကို တအားလှည့်ကွေ့လိုက်ရာ ဂျစ်မှာ ဘီး ၂-ဘီးပေါ်တွင် ရပ်ပြီး ထောင်သွားသည်။ ကျည်ဆန်များက ကားဘော်ဒီကို လာထိသည်။ ကားပြန်အကျ တရှိန်ထိုး ထိုနေရာမှ မောင်းထွက်ခဲ့ရာ လေယာဉ်ပျံပြေးလမ်းပေါ် ပြန်ရောက်ခဲ့ပြန်သည်။

သံချပ်ကာ ကားနှင့် သူနှင့် ကိုက် ၅၀-သာ ဝေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်ပင် အက်စ်အေအက်စ် ဂျစ်ကား ၂-စင်း ပေါ်လာသည်။ ဂေါ်စလင်းနှင့် ကက်တာရက်ချ်တို့က တစင်း၊ အခြားတစင်းပေါ်တွင်ကား၊ နိုင်လ်နှင့် ဂျာဒင်၊ သူတို့နှစ်စင်းက ကျွန်းသစ်တကောင်အား ဝိုင်းပတ်နေကြသည့်အလား၊ သံချပ်ကာ ကားအနီး တိုးဝင်ပစ်လိုက်၊ ထွက်သွားလိုက်၊ နောက်တစင်းက ဝင်ပစ်လိုက်၊ ထွက်သွားလိုက်နှင့် လုပ်နေကြသည်။

ပီဘီသည် ပစ်လိုက်ခတ်လိုက်နှင့် ပျော်နေသော ဂျာဒင်၏ မျက်နှာကို လှစ်ကနဲမြင်လိုက်ရသည်။ ရန်သူ၏ ကားကြီးအတွင်း၌လည်း ဂျာမန် ၃-ယောက် ဂျစ်ကားများကို ပစ်ခတ်နိုင်သည့် အနေအထားကို ရွေးလိုက်၊ ကားကိုမောင်းလိုက်ဖြင့် အလုပ်ရှုပ်နေကြသည်ကို ပီဘီက တွေ့လိုက်ရသည်။ ကာနယ်၏ ကိစ္စရှိနေသဖြင့်သာ အသာအောင့်အီး နေလိုက်ရသည်။ သို့မဟုတ်ပါက ဤပွဲတွင်လည်း သူကဝင်နွှဲလိုက်ချင်သေးသည်။

ပီဘီသည် ခဏမျှ ဒါကော့စ်တားကို မေ့နေသည်။ သူသည် လွတ်လောက်ပြီထင်ကာ ဓလေယာဉ်မြေးလမ်းပေါ်မှ ဆင်းကာ ကာနယ်ရှိရာသို့ ဦးတည် မောင်းလာခဲ့ပြန်သည်။

ဒါကော့စ်တားသည် ဗစ်ကာ သေနတ်ကို ဖက်ထားရာမှ သေနတ်ခလုတ်ပေါ် သူ့လက်များကိုသွင်းကာ ပစ်နိုင်သည့် အနေအထားတွင် ရှိနေသည်။ ခြေပြတ်မှဒူးနှစ်ဘက်ဖြင့် ကျည်ဆန် သေတ္တာကို တွန်းကန်ထားသည်။ သူ့ကိုယ်ပေါ်မှ လက်ပစ်ဗုံးများ၊ မီးလောင်ဗုံးများက ပန်းသီးများ၊ သစ်သီးများဆွဲထားသလို တိုလို့တွဲလောင်းဖြင့် ပါလာသည်။ သူ့ခေါင်းပေါ်မှ သက္ကလတ်ဦးထုပ်ပြားကလေးက ခေါင်းပေါ်တွင် တစောင်းတင်နေပြီး မျက်စိတဘက်ကို ဖုံးအုပ်ထားသည်။

ပီဘီ၏ ဂျစ်ကားသည် ထမ်းစင်သမားများဖြင့် တွေ့နေပြန်ချေပြီ။ နောက်ပိုင်း ဒါကော့စ်တား ထံမှ ဗစ်ကာ သေနတ်ဆွဲသံ ပွင့်ထွက်လာသဖြင့် ပီဘီက အသာပုပေးလိုက်သည်။ ထမ်းစင်သမားများကား ရဲစွမ်းသတ္တိရှိကြသူများပါပေ၊ သူတို့သည် သံပြင်ပေါ်လှဲချလိုက်ပြီး ထမ်းစင်ပေါ်မှ လူနာကို ဖက်ထားကြကာ ကျည်ကွယ်ပေးကြသည်။

ပီဘီသည် ဂျာမန်များနှင့် လွတ်ရာမောင်း ရမြန်နှိုးသည်။ ယခု သူ ဘယ်ရောက်၍ ဘယ်ပေါက်နေသည် မသိတော့၊ သူ၏ ယာဘက်တနေရာတွင် ကာနယ်ဟမ်း ရှိလိမ့်မည်ဟု ထင်နေသည်။ သူ့နောက်မှ ဝေလနယ်သားသည် စက်သေနတ် အရှိန်ကြောင့် သူအနေအထား ပျက်သွားကာ ဒဏ်ရာများက နာကျင်လွန်းလှသဖြင့် ညည်းတွားလိုက်ပါလာသည်။ သူသည် ဒူးများကို အားမပြုနိုင်တော့ သွက်သွက်ခါနေသော ဂျစ်ကားအတွင်း ထောက်မိထောက်ရာ သူ့ခြေပြတ်နေရာဖြင့် ဂျစ်ကား၏ သံထည်ကြမ်းပြင်ကို ထောက်

www.burmeseclassic.com

www.burmeseclassic.com



ထားရာ ဒဏ်ရာမှ ပေါ်ထွက်နေသော အရိုးကကြမ်းပြင်ကို ကျိုင်းလျက် အသွန်နာကျင်လှစွာ လိုက်ပါလာလျက်ရှိသည်။

ပီဘီသည် မီးခိုးများကြားမှ ဖုံးထားသော လေယာဉ်ပျံတစင်းကို လှမ်းမြင်လိုက်သဖြင့် ထိုလေယာဉ်ကျင်းရှိရာသို့ အတင်းကွေ့မောင်း လာခဲ့သည်။ ထိုလေယာဉ်အနီးရောက်သော် အကယ်၍သာ ဒါကောဲ့စ်တားက နောက်မှ မအော်လိုက်ပါက ပီဘီသည် ဂျစ်ကားကို ရပ်လိုက်ပေမည်။ ဒါကောဲ့စ်တားက အော်ဟစ်သတိပေးလိုက်သဖြင့် သံချပ်ကာ ကားကြီးနှင့် ဘွားကနဲ ထိပ်တိုက်လာတွေ့ကြောင်း တွေ့ရသည်။ သံချပ်ကာ ကားအနီးတွင်မူ စောစောကရှိနေသော နိုင်းလ်တို့ ဂေါ်စလင်းတို့ကို အရိပ်အရောင်မျှ မတွေ့ရတော့။

သံချပ်ကာကားသည် မီးခိုးများကြားမှ ဘွားကနဲ မားမားကြီးပေါ်လာသည်။ ပီဘီ၏ ဂျစ်ကားဘေးတိုက်မှ ပေါ်လာခြင်းဖြစ်ပြီး ဂျစ်နှင့်ထိုကားကြီးသည် တစင်းနှင့် တစင်း သိပ်မကွာလှပဲ ဘေးတိုက်ယှဉ်၍မောင်းနေကြသည်။ ပီဘီသည် သံချပ်ကာ ကားတွင်းမှ ဂျာမန်များ၏ မျက်နှာများကို သံချပ်ကာ ကား အပေါ်က်မှ လှမ်းမြင်နေရသည်။ သူတို့က ပီဘီကို ပစ်ရန် ကြိုးပမ်းနေကြသည်၊ ထိုစဉ်ပင် ရှေ့တည့်တည့်၌ ဖုံးကွယ်ထားသော လေယာဉ်ပျံတစင်း ပေါ်လာပြန်သည်၊ ဘရိတ်အုပ်၍မရပြီ၊ ထိပ်တိုက်ဝင်ကျုံးရန်သာ ရှိတော့သည်။ သို့မှမဟုတ် သံချပ်ကာကား ဘက်ဆွဲကွေ့ကာ သံချပ်ကာကား၏ အမြီးပိုင်းအောက်မှ ဝင်ပြီး လွတ်ရာကလေး မောင်း ပြေးရန်သာ ရှိတော့သည်။

ပီဘီသည် ဘရိတ်ကိုတအားနင်းလိုက်သည်။ ဂျစ်ကားသည် ရှေ့ဘီး နှစ်ဘီးပေါ်ဝယ် ထောင်သွားသည်၊ ပီဘီ၏ ရင်ဘတ်က စတီယာတိုင် ကို ပြေးဆောင့်သည်။

ထိုအခိုက် သံချပ်ကာကားက ဘေးမှပွတ်သီပြီး သူ့ကိုရော လေယာဉ်ပျံကိုပါ ရှောင်ကာ မောင်းသွားသည်။

ဂျစ်ကားနောက်ဘီးများပြန်အကျ ပီဘီသည် နောက်သို့ လှည့်ကြည့် လိုက်ရာ ဒါကောဲ့စ်တား မရှိတော့။

ပီဘီသည် ယနေ့အချိန်အထိ ဒါကောဲ့စ်တား ဘယ်သို့ဘယ်ပုံ ရန်သူ၏ သံချပ်ကာကားပေါ် ဖက်တွယ်လိုက်ပါသွားသည်ကို မတွေးတတ်၊ ဒါကောဲ့စ်တားကို သူမြင်လိုက်သည့်အချိန်၌ ဝေလနယ်သား သံချပ်ကာကား၏ နောက်ပိုင်းသံမဏိပလိပ်ပြားကြီးပေါ်.. ဝမ်းလျားမှောက်လျက် သံချပ်ကာကားမှ ကြီးကြီးမားမား ဝက်အူများကို လက်ဖြင့်ဆုတ်လျှက် ပါသွား သည်ကို တွေ့ရသည်။ သူ့ကြည့်ရသည်မှာ ရောဘဝဲတကောင် ကျောက်တုံး ကို ဖက်တွယ်ထားသည်နှင့် တူလှသည်။ သူသည် ဂျစ်ကားဖင်ကလောင်အသွား သံချပ်ကာကားပေါ် ခုန်ကူးလိုက်ကာ သူ့တွင်စွမ်းအားရှိနေသော လက်နှစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကို အစွမ်းကုန် အသုံးပြုထားရပုံရသည်။ သူဖက်တွယ်ထားသည့် နေရာမှာလည်း၊ နိမ့်လျှောကြီး ဖြစ်နေသည်၊ သူ့ခေါင်းမှ ဦးထုပ်ပြားကလေးလည်း မရှိတော့။

၂၃၂-သံချပ်ကာ ကားသည် တပတ်လည်ကာ ပီဘီထံဦးတည်မောင်းလာသည်။ ထို့ကြောင့် ပီဘီက ဒါကောဲ့စ်တားကို မမြင်နိုင်တော့ ပီဘီလည်း နောက်ဆုတ်ဂီယာထိုးလိုက်ပြီး အပြင်းဆုတ်လိုက်သည်။ သံချပ်ကာကားပေါ်မှ အမြောက်ပြောင်းသည် သူ့ကိုတည့်တည့်မတ်မတ် ချိန်လိုက်လေပြီ။ ပီဘီ သည် အသိဉာဏ်က တကိုယ်လုံးကို သတိပေးလိုက်သည်၊ သူက ဂျစ်ပေါ်မှ ဘေးတိုက်လှိမ့်ချလိုက်ရန် ဖြစ်သည်။ ဤအချိန်မှာပင် သူမမြင်ရသော ဒါကောဲ့စ်တားက သူ့ဆီးစပ်ရှိ လက်ပစ်ဗုံးပင်ကို ဖြုတ်လိုက်ပုံရသည်။

၂၃၂-သည် မီးတောက် မီးလျှံများကြားတွင် ပျောက်သွားသည်။ ၅-စက္ကန့်ခန့်အကြာတွင်မူ လက်ပစ်ဗုံးများ ပေါက်သံ၊ မီးလောင်ဗုံးများ ပေါက်သံများ ပေါ်လာပြီး သံချပ်ကာကားသည် တစောင်းလဲ ကျသွားလေတော့သည်။

ပီဘီ သည် ဝေလနယ်သား၏ အသက်စွန့်သွားပုံကို စဉ်းစားနေချိန်မရ၊ ဂျစ်ကားကို ဂ'ငယ်ကွေ့ကွေ့လိုက်ကာ ကာနယ်ဟုမ်းရှိရာသို့တရကြမ်းမောင်းလာခဲ့သည်။

ဟုမ်းသည် ကျင်းဝအနီးသို့ ဝမ်းလျားထိုးတွားလာကာ ပီဘီအလာကို စောင့်နေသည်။ သူ၏လက်မှ ကျူးနစ်အင်္ကျီအတွင်း သူ့နံဘေး တွင် ကပ်လျက်ရှိသည်၊ ကာနယ်သည် သတိကောင်းစွာ ရနေကာ ပုံမှန်ဖြစ်နေလေပြီ။

"မက်နဲယား....ဘာ—ဘာဖြစ်တာလဲ"

"အားလုံး ကောင်းပါတယ်ခင်ဗျား၊ ကာနယ် နဲ့ ကျွန်တော် ဒီကဆုတ်ကြမှ ဖြစ်မယ်"

"မဆုတ်ဘူး....ငါ....ငါ"

ကာနယ်ဟုမ်း သည် ထထိုင်မည်ပြုသည်၊ သို့သော် ထ၍မရ၊ လက်မှ အနာက စူးစူးရှရှ နာလှသည်။ သူသည် သဲပေါ်ပုံကျသွားကာ မောနေသည်။

"ကာနယ်.... နာလိမ့်မယ် မထပါနဲ့ ခင်ဗျာ"

ပီဘီ သည် နောက်ထပ်ဘာမျှ မပြောတော့ပဲ၊ ကာနယ်၏ ဂျာကင်ကော်လန်ကို စုကိုင်ပြီး ကာနယ်အားကုပ်မှဆွဲကာ ကျင်းထဲမှ ထုတ်လိုက်သည်။

ကာနယ်သည် နာလွန်း၍ အော်ပြီးပါလာသည်။ သူ့မျက်စိများကို ပိတ်ထားသည်၊ မျက်ရည်များကကျနေသည်။ ပီဘီ သည် ကာနယ် အား

www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူပြီး မတ်တတ်ရပ်စေသည်။ နောက် ကာနယ်အား ဂျစ်ကားပေါ်သို့ အတင်းတွန်းတင်ပြီး ထိုင်စေသည်၊ ကာနယ်၏ ယာလက်ကို ရှေ့တန်းကို ကိုင်ထားစေကာ....

"လက်တန်းကို မြဲမြဲကိုင်ထားပါ၊ ကာနယ်ဟုမ်းခင်ဗျား၊ လက်ကို မလွှတ်လိုက်ပါနဲ့"

သူကဂျစ်ကိုပတ်ပြီး ဒရိုင်ဘာ နေရာတက်ထိုင်ကာ ကားစက်ကိုနှိုးပြီး ကျင်းနှင့် ကိုက် ၂၀-ခန့်အထိ မောင်းသွားသည်။ နောက် ဂျစ်ကို ရပ်လိုက်ကာ ဂျစ်ပေါ်မှ ခုန်ဆင်းပြီး ကျင်းရှိရာသို့ ပြေးလာခဲ့ပြန်သည်။ သူသည် ကျင်းထဲဆင်းသွားသည်၊ နောက်ပိုက်များအတွင်း ဝင်သွားကာ လေယာဉ်ဝမ်းဗိုက်အရောက် မိုင်းပြားပြားဝိုင်းဝိုင်းကလေးကို ဆွဲဖြုတ်သည်။ နောက် တပတ် လှည့်လိုက်သည်၊ လေယာဉ်အောက်သွင်းပြီး ကျင်းအတွင်းမှ ဒုန်းစိုင်း ထွက်ပြေးလာခဲ့သည်။

ကာနယ် သည် မျက်စိကိုစုံမှိတ်ထားဆဲ ဖြစ်သည်။

ပီဘီသည် ဂျစ်ကားကို အပြင်းမောင်းထွက် လာခဲ့သည်။ ဂျာမန်တို့၏ တဲများအတွင်း ဟိုကွေ့သည်ချိုးဖြင့် ထွက်လမ်းရှာနေသည်။ တဲများအတွင်း လူသူမရှိသည်ကိုပင် သူသတိမပြုမိ၊ မကြာမီပင် ပေါက်ကွဲတော့မည့် လေယာဉ်ပျံကျင်းနှင့် ဝေးနိုင်သမျှဝေးအောင် ပြေးနိုင်ဖို့က ပထမအရေးကြီးနေသည်။

ကိုက် ၁၀၀-ခန့် အရောက်တွင် လေယာဉ်ကျင်း ပေါက်ကွဲတော့သည်၊ မက်ဆာရှယ် တိုက်လေယာဉ်၏ အပိုင်းအစများသည် အထက်သို့ လွင့်တက်သွားကာ နေရာအနှံ့တွင်ပြန့်၍ ကျသည်။

ပေါက်ကွဲသံကို ကြားရသဖြင့် ဟုမ်းက မျက်လုံးဖွင့်လိုက်သည်။ ပီဘီက ရယ်လေသည်။ နောက်ဂျစ်ကားကို သူတို့လာခဲ့သည့် တောင်ကုန်းဆီသို့ ဦးတည်ပြီး မောင်းလာခဲ့သည်။ သူသည် ဆုတ်လာနေကြမည့် သူ၏တပ်သားများနှင့် ပြန်ပေါင်းကာ ကာနယ်အား သူတို့ထံလွှဲအပ်လိုက်မည်ဟု စိတ်ကူးမိသည်။

သူ့ရှေ့တွင် ဘာမျှမရှိ၊ တယ်သူ့ကိုမှလည်း မတွေ့ရ၊ သူတို့တပ်သားများလည်းမရှိ၊ ဂျာမန်များကိုလည်း မတွေ့ရ၊ ခုခံပစ်မည့်သူလည်းမရှိ၊ ဤသို့ ဂျာမန်များဘက်မှ ခုခံတိုက်ခိုက်သူ လျော့နည်းနေသည်ကို မကြာမီပင် တွေ့ရပေတော့သည်။

သူသည် ဂျာမန်တို့၏ စခန်းမှ ထွက်လိုက်သည့်တပြိုင်နက် သူသိလိုက်ပါပြီ၊ သူတို့ကား ဒုက္ခလှလှကြီး တွေ့ရတော့မည်ဟု....။

ဂျာမန်တို့က သူတို့လာခဲ့သည့် တောင်ကုန်းကို သိမ်းပိုက်ထားကြလေပြီ။

+ + +

www.burmeseclassic.com

www.burmeseclassic.com

၂။

ဖိနပ်မပါ၊ ကိုယ်လုံးချွတ်နီးနီးနှင့် ကချေသည်မသည် အရပ်ကရှည်လှသည်။ ၆-ပေခန့်ရှိမည်။ ဤသူငယ်မသည် ကိုင်ရိုက ဤခြံနှိပ်ဇီခါလီလီ ရပ်ကွက်အတွင်းမှ အရက်ဆိုင်များတွင် တွေ့နေကျ သူငယ်မမျိုးနှင့် မတူ၊ သူကားဖြူလှသည်။ သူ့အသားအရည်မှာ နို့ရည်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေသည်။ ထို့ပြင်လည်း ပေါ်နေသော ခါးဆစ်မှ အသားပေါ်မှ အမွေးအမျှင်ကလေးများနှင့် လက်ဖျံရိုးပေါ်မှ လက်မွေးများ၊ ပုတီးလုံးကလေး စီထားသည့် ခေါင်းစည်းထဲမှ ဆံပင်အရောင်က ရွှေရောင်ဖျော့ဖျော့။

ကချေသည်မ၏ မျက်လုံးများသည် ပြောင်းနှံများကြား၌ ပေါက်သော ပန်းကဲ့သို့ ပြာလှသည်။ ပျားတုပ်ထားသည့်ပမာ ဖူးဖူးရောင်နေသည့် နှုတ်ခမ်းနှင့် သွယ်ဘန်းလှပသည့် နှာတံလည်းရှိ၏။ ငွေချည်မျှင်မျှင် ၅-မျှင်သာပါသည့် ဘရာစီယာအတွင်းမှ သူ့သားမြတ်အစုံသည် နို့နှစ်ရောင်ထနေကာ အခက်စ်အေအခက်စ် တပ်ဆွဲဝင်များဖြစ်သော ဒိက္ခန်နှင့် ကင်းဗဲလ်တို့အဖို့ သူတို့မြင်ဖူးသမျှထဲ၌ အကြီးဆုံးဟု ထင်ကြသည်။

ကြည့်ကောင်းရှုကောင်းဖြစ်ရန် သားမြတ်ထိပ်မှ နူးနူးညံ့ညံ့ ကြက်ဥပုံ နီညိုညိုအသီးကလေးနှစ်စုံကိုမူ ငွေကတော့ကလေးနှစ်ခုစွပ်၍ ကပ်ထားသည်၊ ကချေသည့်ထိပ်၌ ပန်းပွားနီနီကလေးက သူလှုပ်တိုင်း မြူဆွယ်သယောင်ဘသမ်းယမ်းနှင့်။ သူက ချောပြောင်နေသော ပေါင်တံများ၊ ဗိုက်သားများကို ဆိုင်းချက်နှင့်အညီ လှုပ်ခါယမ်းပြီး ကနေသည်။

"ဘုရား....ဘုရား...."

www.burmeseclassic.com

www.burmeseclassic.com



ဟု ဘွတ်ဇ် ကင်းဗဲလ် က အသံပြုလိုက်ပြီး ဆက်၏။

"ဒီ....ဆီးရီးယား အမျိုးသမီးကတော့ တကယ်ပါပဲဗျာ"

"ဆီးရီးယား ဟုတ်လား"

"ဟုတ်တယ်လေ....ဆီးရီးယား သူတွေက အသားဖြူတယ်"

"မက်ဆီဒိုနီးယန်းသူ မဟုတ်ဘူးလား"

"မဟုတ်ဘူး....ဆီးရီးယား သူ"

"ကလီယိုပါထရာ ဟာ မက်ဆီဒိုးနီးယန်း သူ ဆိုတာ မင်းမသိဘူးလား"

ဟု ဒီကွန်က ပြောလိုက်သည်။

"သွားစမ်းပါ...ကလီယိုပါထရာ....၊ နိုလ်ဘုရင်မဟာ ဒါလောက် ချောမှာမဟုတ်ပါဘူး"

နေရာကား ဇော်စ်တာ အရက်ဆိုင်၊ ကက်ပတိန် ဂျက်ဖ်ဒီကွန်နှင့် ကြီးမားတုတ်ခိုင်လှသည့် ကနေဒါပြည်သား ဆာဂျင်နီးဘွတ်ဇ် ကင်းဗဲလ်တို့၏ တနှစ်ကျော်ကျော်ကတည်းက လာနေကျ စားကျက်တည်း။

ဒီကွန်ကား အင်္ဂလန်ပြည်မှ နဝမမြောက်ရယ်ဘုံးအမတ်ကြီး၏သား ဖြစ်သဖြင့် ရေမရောသော မှူးမျိုးမတ်မျိုးဖြစ်သည်။ ထို့ပြင် အရှေ့အလယ်ပိုင်းတွင် သီးသန့်တပ်မှ ဗိုလ်တဦးဖြစ်သည်။ ဤလျှို့ဝှက်၍ နာမည်ကြီးလှသော သီးသန့်အထူးတပ်မျိုးကို သာယာမက်မောတတ်ကြသော ကိုင်ရိုအထက်တန်းလွှာ အပိုင်းတွင် သူ့အားလူတိုင်းက ကြိုဆိုလက်ခံကြမည်သာ ဖြစ်သည်။ သို့သော် ဒီကွန်သည် ဗြိတိသျှ ကိုလိုနီ အသိုင်းအဝိုင်းနှင့် သဟဇာတမဖြစ်၊ သူသည် သံအမတ်ကြီးကတော်နှင့်လည်း လက်ဖက်ရည်အတူမသောက်လို၊ ကော့တေးလ်ကြက်မြီးပါတီများတွင်လည်း သံတမန်ဆိုင်ရာတို့၏ သမီးပျိုများ ဝိုင်းဝိုင်းလည် အမြီးတနန့်နန့် ဖြစ်နေကြမည်ကိုလည်း သူက မလိုလား။

ထို့ပြင်လည်း သူသည် ကိုင်ရိုတွင်ထိပ်တန်း ဟိုတယ်ကြီး တခု ဖြစ်သော 'ရှက်ပတ်' ဟိုတယ်အတွင်းမှ အရက်ဘားသို့လည်းမသွား၊ ဂရိုပီဂါးဒင်းသို့ သွားလျှင်လည်း ချမ်းသာသော မြေထဲပင်လယ်သူများကို တွေ့နေရမည် စိုးသဖြင့် ထိုနေရာကိုလည်း သူက ရှောင်သည်။

သူသွားနေကျနေရာများသည် ယခုနံနံစော်စော် ဇော်စ်တာ အရက်ဆိုင်၊ သို့မဟုတ် တခါတရံ အပြောင်းအလဲသဘောဖြင့် ဒဲလ်ဟာ၊ စူးအက်ဟာက်ဗင်နီ စသည့် အရက်ဘားဆိုင်များသို့သာ သွားတတ်သည်။ မြို့တွင်းသို့ လာလျှင်လည်း ခေါင်းကို ပိနေအောင်ဖြီး၊ ပွဲသွားယူနီဖောင်းကို ကြော့နေအောင် ဝတ်ဆင်ကာ 'လူချောကလေး'၊ 'လူတော်ကလေး' ဟု အပြောမခံလို၊ ထို့ကြောင့်နှုတ်ခမ်းမွေး ဗရပျစ်နှင့် 'သဲကန္တာရ ...ပ်သား' ယူနီ

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းကို ဝတ်ဆင်လေ့ရှိပြီး၊ သူသည် သူ့ရဲဘော် ကင်းဗဲလ်နှင့် အရက်အတူသောက်ရလျှင်ပင် ကျေနပ်တော့သည်။

''ဒီကောင်မက အသစ် ထင်တယ်ဗျ''

ကင်းဗဲလ် က ဆိုသည်။

''စကင်းဟင်း မဖြစ်တဖြစ်ကလေးလို့ ဆိုချင်တယ်ကွာ''

ဒီကွန် သည်သို့ပြောပြီး တစ်တစ်ရစ်ရစ်နှင့် တောင့်လှသော ကချေသည်မအား မည်သို့မျှ စိတ်မပါပဲ ကြည့်နေမိသည်။

ဣန္ဒြေကြီးလှသော ဒီကွန် သည် ယခုတလော စိတ်မပါ မပျော်ပဲ ဖြစ်နေသည်။ ကော့ကေးဆပ် တိုက်ပွဲမှ ဒဏ်ရာသည် ယခုထိ ခံရဆဲပင် ဖြစ်သည်။ သူသည် အခြား သူ့ရဲဘော်များနည်းတူ စစ်ကို စိတ်ကုန်ခန်းနေသည်။ သူ့မျက်ခုံး အထက်တွင် ဒဏ်ရာရခဲ့သည် မှန်ပါ၏။ သို့သော် သူသည် သူ့ဘုရင်မင်းမြတ်အတွက်၊ သူ့တိုင်းပြည်အတွက်၊ သူ့တပ်ဖွဲ့အတွက် လုပ်ရကောင်းသည်ဟု မထင်မှတ်တော့။ သူ့မှာ သဲကန္တာရအတွင်းမှ နေရောင်ကြောင့်၊ သဲကန္တာရလေကြောင့် သူ့အသားများမှာ မည်းညိုနေသည်။ သို့သော် သူ့မျက်လုံးအစုံကမူ ယခင်ကထက် စူးရှပြီး အရောင်တောက်နေသည်။ ကာနယ်ဟုမ်း ကား လူပါး လူနပ်ပင်၊ ဒီကွန် တွင် နာနာကျည်းကျည်းကလေး ဖြစ်နေပြီး စိတ်ဓာတ်ကျနေကြောင်း သိရသဖြင့် သူ့ကို အကောင်းဆုံး ဆေးကုသရန်ဟုဆိုကာ ကိုင်ရိုသို့ ခွင့် (၁၀) ရက်ပေးပြီး လွှတ်လိုက်သည်။

သူနှင့် ဆာဂျင်ကင်းဗဲလ် တို့သည် ဒဲလ်တာ ဟိုတယ်တွင် အခန်းငှားနေကြသည်။ ထိုဟိုတယ်မှာ ကိုင်ရို၏ အချာဆုံး အရှုပ်ဆုံး ရပ်ကွက်အတွင်း၌ရှိသည်။ ရပ်ကွက်အတွင်း၌ ရှုပ်ရှုပ်ထွေးထွေး ညကလပ်များ၊ အရက်ဆိုင်များဖြင့် ပြည့်နှက်နေသည်။ စစ်သား လူကြမ်းကြီးများမှလွဲ၍ ဘော်ရုံတန်ရုံ လူမလာရဲ၊ ဩစတြေးလျ လူမျိုးများပင် ဤရပ်ကွက်အတွင်း ဝင်မည်ဆိုလျှင် စဉ်းစားပြီးမှ ဝင်ကြသည်။ မိုးမိုန်မှိုန်နှင့် လမ်းကြားများ၊ ပုတီးစေ့စီထားသည့် အခန်းဆီးများကိုဖယ်ပြီး ဝင်ရသည့် ညကလပ်များအတွင်း တော်ရုံ သတ္တိရှိသူများ လာရဲကြသည် မဟုတ်ချေ။ ၂၀-ရာစု စစ်သားများအဖို့ကာ နာမည်ဆိုးလေ ကြိုက်လေ ဖြစ်ကြသည်။

သို့သော်လည်း ရပ်ကွက်အကြောင်း မကောင်းသတင်းများကား ချဲ့ကား ထားကြသည်က များ လေ သည်။ တကယ့် အမာခံကန္တာရ ကွန်ဗွိုင်ဒိုမျာ၊ စစ်သားကြီးများအတွက်ကား ဤရပ်ကွက်သည် အေးချမ်းလှသည်။ ထို့ထက် လျှို့ဝှက်ဆန်းကြယ်သော အရှေ့တိုင်းအကြောင်း စိတ်ကူးယဉ်ထားသမျှ ရှာပုံတော်ထွက်ကြသည့် 'ကာကီတိုးရှစ်' ခေါ် မလည်မဝယ် စစ်သားငယ်တို့၏ တိုးကြ၊ ဝှေ့ကြ၊ သွားကြ၊ လာကြသည့် ဗျာတာဗရက် ရှုခင်းမှလည်း လွတ်ကင်းချမ်းသာရာ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒဲလ်တာ ဟိုတယ်မှ အခန်းများသည် ရေနွေးပါရသည်။ ကျောက်ပြားစီ အခန်းများက အေးလှသည်။ အရောင်တောက်နေသည့် မျက်နှာကြက်တွင် ရေနံဆီမီးအိမ်နှင့် အခန်းတွင်း၌ ချက်ပြုတ်စားနိုင်ရန် ကျောက်စားခွက် မီးဖိုက ရှိသေးသည်။ ဤရပ်ကွက်အတွင်းသို့ ကိုလိုနီ အရှင်သခင်များ လာလေ့လာထမရှိ၊ သို့သော် တခါတရံ ပြင်သစ်ကုန်သည်များမူ ရောက်လာတတ်ကြသည်။ သူတို့သည် မိန်းမနှင့်သေနတ်များအပြင် ထူးထူးဆန်းဆန်း ကုန်ပစ္စည်းများကို အာရပ်များ၊ အီဂျစ် လူမျိုးများနှင့် အရောင်းအဝယ် အလဲအလှယ် ပြုလုပ်ကြသည်။ စစ်ကြီး ဖြစ်နေသည့် ကာလတလျှောက်လုံး ဝင်ရိုးစွန်းနိုင်ငံ ရန်သူတပ်များ အတိုးအဆုတ်အရ ကုန်သွယ်မှု အတက်အကျရှိသည်။ ကုန်သွယ်မှုမူ တောက်လျှောက်ပင် ရှိခဲ့သည်။

"သူ့နာမည် ဘယ်သူလို့ ပြောလိုက်ပါလိမ့်"

ဒီကွန် က တိုးညင်းစွာ မေးလိုက်သည်။

"မပြောဘူး၊ သူ....လိုင်လာ ပဲ နေမှာပါပဲ"

အရက်ကောင်တာတွင် ဘီယာပုလင်းများကို ရေဇလုံကြီး တခုအတွင်းထည့်ကာ ရေခဲတုံးကလေးများဖြင့် စိမ်ထားသည်။ တခန်းလုံး တူရကီဆေးလိပ်နံ့က မွန်းထုံထားသည်။ ဒီကွန် တို့၏ ဝီစကီအနံ့ကလည်း ခပ်သင်းသင်း တွက်လာတတ်သည်။

နှစ်ကြိုးတပ် ဗျပ်စောင်းများနှင့် ဓာဂါက်သီးအိတ်နှင့် တူလှသော ဗုံရှည်တို့ပါဝင်သော တူရိယာဝိုင်းကို မမြင်ရ၊ မီးက သုံးဂိုက်ပတ်လည်ရှိ ဇာတ်ခုံနိမ့်ကလေးပေါ်သာ ထိုးထားသည်။ ကချေသည်မသည် တဖြည်းဖြည်းချင်း မြန်လာသော တီးလုံးနှင့်အညီ က,လာကာ နောက်ဆုံးတီးကွက်ကလည်း မြန်၊ သူကလည်း အလုပ်ရှားဆုံး က,ကွက်များကို အမြန်ဆုံး သွပ်ခါယမ်းနေချောင် က,နေရာ ရှေး အာရပ်အဘိုးကြီး ဒ-ယောက်ပင် အစားအသောက်များ စားမနေနိုင်တော့ပဲ ကချေသည်မကလေးအား သူတို့၏ မျက်လုံးဝါကြီးများဖြင့် မျက်တောင်မခတ် ကြည့်နေကြလေသည်။

ဒီကွန် သည် ကချေသည်မအား မမှိတ်မသုန်ကြည့်နေပြီး စီးကရက်တလိပ်ကိုထုတ်၍ မီးညှိလိုက်သည်။

ဟုတ်ပေလိမ့်မည်၊ ကင်းဗဲလ် ပြောသလို ဤသူငယ်မ၏ နာမည်သည်သည်း လိုင်လာ ပင် ဖြစ်ပေလိမ့်မည်၊ ဤမှာ ဘယ်မိန်းကလေး ဖြစ်ဖြစ် လိုင်လာ ပါပဲ။

တကယ်တော့ သူတို့အား ဘယ်လိုခေါ်ခေါ်အရေးမကြီး၊ သူတို့အား တနေ့ တရက် တခဏသာခံသည့် ပန်းပွင့်တပွင့်၊ ဖန်အိုးပွင်းမှ ပွင့်သော ပန်းသာဖြစ်သည်။ မနက်လင်း၍ နေထိလိုက်သည့်တပြိုင်နက် ညှိုးပေသွားကြရရှာသည်။ သူတို့ကား နာမည်ကြီးညကလပ်မှ ကချေသည်များ

www.burmeseclassic.com

www.burmeseclassic.com



အတိမခံမဟုတ်၊ သူတို့ကိုရသည်၊ သူတို့သည် ညလုပ်ငန်းပြီးပါလျှင် သူတို့ မိသားစု၊ သူတို့ ကလေးများရှိရာ ဆင်းရဲသားရပ်ကွက်သို့ ပြန်ကြရသူများ ဖြစ်သည်။ ထို့ပြင် သူတို့သည် ဗိုလ်မှူးကြီးမှ ဗိုလ်ချုပ်ကြီးမှ ထောင်ချုပ်ကြီးမှ ဟူ၍ လူရွေးကြသူများ မဟုတ်၊ ထိုပုဂ္ဂိုလ်ကြီးများကလည်း မှောင်ခိုဈေးတွင် တဆင့် ပြန်ရောင်းရန် ဇီဇာကြောင်သူများ ဖြစ်ချေသည်။ ဤ ဇော့စ်ဘားတွင် ကိုယ်က ပိုက်ဆံပေးနိုင်လျှင် ကိုယ်ကြိုက်တာ ကိုယ်ရသည်။

ဒီကွန် သည် သူ့နှုတ်ခမ်းအထက်၌ ချွေးစို့နေသည်ကို သတိပြုမိသည်။ ဝီစကီ၏ အာနိသင် ဖြစ်ပေလိမ့်မည်။

သူဝယ်မသည် သူတို့နှစ်ယောက်ရှိရာသို့ က,ယင်းလာနေသည်။ သူ့နှုတ်ခမ်းက ဟ နေသည်။ မျက်လုံးအိမ်ကို ရွှေရောင်ဆိုး မျက်တောင်များဖြင့် ဖုံးကွယ်ထားသည်။ သူ့တွင် ဗိုက်သားလုပ် က ချေသည်များတွင် တွေ့ရတတ်သော ကိုယ်ဟန်မျိုးမရှိ၊ တောင့်တင်း မာကျောလှသည်။ သူ့ သားမြတ်နှစ်ခုပေါ်ဝယ် ချွေးသီးချွေးပေါက်ကလေးများ သီးနေသည်။

သူ့ထံမှ အနံ့ရလောက်အောင် နီးနီးကပ်ကပ် ဖြစ်နေပါပြီ၊ သူ့အနံ့ကား အသားမည်းမများသုံးသည့် စူးစူးရှရှ အမွှေးနံ့သာ အနံ့မျိုး မဟုတ်၊ ခပ်သင်းသင်းဖြစ်သည်။ အီးဗနင်းအင်ပဲရစ်များ ဖြစ်လေသလား။

ထိုလိုက်လျှင်ပင် ရလောက်အောင် တိုးကပ်လာပါကလား၊ ဒီကွန်နှင့် ကင်းဗဲလ် တို့ အပေါ်မိုးလျက် လှုပ်ခါနေသော သူ့ပေါင် နှစ်ချောင်းက ကျောက်စားပွဲစွန်းကိုထိလျက်။

"ဆီးရီးယားလား"

ဟု ကင်းဗဲလ် က အသံအစ်ကြီးဖြင့် မေးလိုက်သည်။

ဒီကွန် သည် စကော့ဝီစကီ အကောင်းစားကို သောက်ထားသည့်တိုင် သူ့အာရုံကြောများက ပျော့ပျောင်းခြင်း မရှိသေး။ သူသည် စိတ်လေးနေသည်။ မှောင်နှင့်မည်းမည်းကြားက ထွက်ပေါ်လာမည့် သေနတ်သံကို စောင့်နေရသလို အချိန်ကိုက်ဗုံး ပေါက်ကွဲမည့်အချိန်ကို စောင့်နေရသည့်ပုံမျိုး၊ စိတ်က ထင့်နေသည်။ ဘာကို ထင့်နေမှန်းလည်း မသိရ။

သူသည် ဝီစကီဖန်ခွက်ကို မ,လိုက်သည်။ သူ့လက်များက တုန်နေသည်ကို တွေ့ရသဖြင့် ဖန်ခွက်ကို အသာ ပြန်ချထားလိုက်သည်။

က ချေသည်မ၏ ခြေထောက်များကား ကြီးမားလှသည်။ ခြေကျင်းဝတ်က ညိုညစ်ညစ်နှင့် ခြေထောက်တဘက်မှ ညို့သကျည်းတွင် ပလာစတာ ခပ်ညစ်ညစ်ကလေးတခု ကပ်ထားသည်။ က ချေသည်မသည် သူတို့စားပွဲမှ လှည့်ထွက်သွားပြန်သည်။ သူ၏ ကျောပြင် လှုပ်လီလှုပ်လဲ့ တင်ပါးဆုံနှင့် ရှည်လျားသွယ်တန်းလှသည့် ပေါင်တံနှစ်စုံကို မြင်နေရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဗုံချက်နှင့်အညီ ပတ်ချာလှည့်ပြီး က,ပြန်သည်။ သူ့ တကိုယ်လုံးတွင် ရှိသမျှ သွက်သွက်ခါအောင် အကုန်လှုပ်နေသည်။ သူ့လက်များကို ခေါင်းပေါ် မြှောက်လိုက်၊ ခါးကို နောက်လှန်ညွတ်ချလိုက်၊ မေးထိုးလိုက်၊ ရှေ့ကော့ထိုးလိုက် စသဖြင့် က,နေရာ သူ့ရင်သားနှင့် တင်ပါးက ချက်ညီညီ၊ တဘက်စီ ခါယမ်းနေသည်။ ရင်သားပေါ်မှ ပန်းပွား အနီကလေးကလည်း ခါယမ်းလျက်။

သူက ဤကဲ့သို့ တွန့်လိမ် လှုပ်ခါနေအောင် က,ယင်း က,ယင်း ဒီကွန် တို့၏ စားပွဲအနီးသို့ ကပ်လာပြန်သည်။ ဒီကွန်ကား ကချေသည်မ၏ ကျောရိုးတော့ တမြောင်းမြောင်းနှင့် ကွဲသံကြားရတော့မည်ဟု ထင်နေသည်။ ဤအချိန်တွင်လည်း သူတို့အနီးသို့ ထိလုကမန်း တိုးကပ်နေပြန်ရာ၊ ဒီကွန် က သူ့လက်များကို ဆန့်မနေရပဲ အသာကလေး လက်ညှိုးဖြင့် သူငယ်မ၏ ချက်အတွင်းသို့ ထိုးလိုက်လျက်ပင် ရနိုင်သည်ဟု တွေးကြည့်မိလိုက်သည်။

ဒီကွန်က အသံကို အုပ်ပြီး....

"လောင်းမလား.... ဆယ်ရှီလင်ကြေး၊ သူ ...မာဆီဒိုးနီးယားပဲ"

"စိန်လိုက်လေ၊ ဆီးရီးယားပါ"

ကချေသည်မသည် တရကြမ်း ကနေပြန်သည်။ ထို့နောက် သူသည် ခါးကို ကွေးလိုက်ရာ သူ့သားမြတ်စုံ နှစ်ခုမှာ ဒီကွန်၏ မျက်နှာအနီး ကပ်သထက် ကပ်လာသည်။

သူ့ယာဘက် ရင်သားပေါ်မှ ငွေကတော့ကလေး၏ ပန်းပွားသည် ဒီကွန် နှာခေါင်းနှင့် ထိလုဆဲဆဲဖြစ်နေသည်။

"ဆွဲယူလိုက်လေ"

ကချေသည်မက တိုးတိုးပြောလိုက်သည်။

"ဘယ့်နှယ်"

"ဆွဲယူလိုက်ပါ....ခက်လိုက်တာနော်"

ပန်းပွားကလေးက ဒေါသတကြီး ခပ်ကြမ်းကြမ်း လှုပ်နေသည်။ ဒီကွန် က ဤသူငယ်မ၏ တင့်တယ်လှသည့် သားမြတ်အစုံနှစ်ခု သူ့ပါးပြင်ကို ထိသွားပါက ဘယ်လိုများ ခံစားရမလဲဟု စဉ်းစားမိသည်။

"ကဲပါရှင်....အချစ်ရယ်.... အဲ့ဒါကလေးကို ဖြုတ်ယူလိုက်စမ်းပါ"

"မင်း....အင်္ဂလိပ်လား"

"အင်္ဂလိပ်အစစ်ပေါ့၊ ဖြုတ်မှာသာ ဖြုတ်စမ်းပါ၊ ဒီမှာ ခါးနာလှပြီ"

ဒီကွန် သည် အသက်တချက် ပြင်းပြင်းရှူသွင်းလိုက်ပြီး သူ့လက်ညှိုးနှင့် လက်မ ကြားတွင် ပန်းပွားကလေး ညှပ်လိုက်ကာ ဆတ်ကနဲ ဆွဲဖြုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အာရပ်ကြီး ၆ - ယောက်နှင့် အခြား သူများက ဤသည်ကို သဘောကျသူကျ၊ မကျသူမကျဖြင့် တီးတိုး ပြောဆိုနေကြသည်။ ကချေသည်မ၏ ရင်သားမှ အသီးကလေးမှာ ထင်းထင်းကြီး ပေါ်လာသည် မဟုတ်၊ အတွင်း၌ ပလာစတာကလေးတခု တပ်ထားသည်ကို တွေ့ကြရသည်။

"ကဲ....ဖြုတ်ပြီး ဘာလုပ်ရမှာလဲ"

"ဒီကွန်က ကချေသည်မ၏ မျက်နှာကို မော့ကြည့်ပြီး မေးလိုက်သည်။

"အထဲကိုကြည့်"

ဒီကွန် သည် အူကြောင်ကြောင်နိုင်လှသည်ဟု ထင်မိသည်။ ဒီကွန်က ကန်တော့ကလေးကို သူ့လက်ဖဝါးအတွင်းဆုပ်ထားရာမှ ကန်တော့ဖင်ကို ဖွင့်လိုက်ရာ သေးကျစ်နေအောင် ထုပ်ထားသည့် စာရွက်ခေါက်ကလေး တခု ထွက်လာသည်။

စာရွက်ကလေးကို ဖြန့်လိုက်ရာ....

"ညသန်းခေါင်တွင် ဤမိန်းကလေးနှင့်အတူ လိုက်ပါခဲ့ပါ၊ သင့်အတွက် အကျိုးရှိလိမ့်မည်၊ ငွေပါယူခဲ့ပါ"

ဟူသော စာတိုကလေးကို တွေ့ရသည်။

"ဘယ်သူ့ဆီက စာလဲ"

"ဒါက အရေးမကြီးပါဘူးလေ၊ ရှင်....ကျွန်မနဲ့ လိုက်မယ် မဟုတ်လား"

ကချေသည်မသည် ကုန်းနေရာမှ ခါးဆန့်ရပ်လိုက်သည်။ ပြီး.... ခါးပေါ် လက်နှစ်ဘက်တင်ပြီး ဒီကွန် ကို ကြည့်နေသည်။

"မေးခွန်းတခု....မေးပါရစေ၊ မင်း....ဘယ်ကလဲ"

"ဖူလ်ဟမ်က ဘာလုပ်မလို့လဲ၊ ကဲ....ရှင်တို့ လိုက်မလား မလိုက်ဘူးလား"

"လိုက်မယ်...."ဟု ဒီကွန် က ပြောလိုက်ပြီး ခပ်ကုန်းကုန်းကလေး ကော နို့ခေါင်းကန်တော့ကလေးကို သူ့နေရာတွင် ပြန်တပ်ထားလိုက်သည်။

(ဖူလ်ဟမ်မှာ လန်ဒန်မှ ရပ်ကွက်တခုဖြစ်သည်၊ စကားချပ်။)

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ရဲ့မျက်လုံးကလေးကိုလို့ဆိုပါတော့ လူကြီးမင်း ခင်ဗျား။ စိတ်စေတနာကောင်းနဲ့ လုပ်လိုက်တဲ့ ကိစ္စကလေးပါဗျာ၊ ဒီလို မဟုတ်လား' ဟု အာနိုးလ်မီးလ်ဘန်းက ပြောလိုက်သည်။

"ဟုတ်လိုက်လေဗျာ"

ဒီကွန်က ပြန်ပြောသည်။

"ကဲ...စိတ်ဖြေနေကြပါ၊ ကျွန်တော်တို့ တိုင်းပြည်နဲ့ ကွာဝေးနေတဲ့ အချိန်သမယမှာ ဒီမျက်ရည် ရေစီးကြောင်းကြီးထဲ ရောက်နေကြတဲ့ ခင်ဗျားကို ကျွန်တော်တို့ရဲ့ ညှိုမှိုင်းနေတဲ့ဘဝကို နည်းနည်းမှလင်း လင်း အလင်းရောင်ထွန်းညှိပြီး 'နေကြထိုင်ကြပါ ခင်ဗျာ၊ ဇာတ်ရုံဆိုတာက ဘယ်သူ့ကိုမှ မကောင်းကျိုးပေးတာမှ မဟုတ်ပဲ၊ ဒီ အရှေ့အလယ်ပိုင်းက ဇာတ်ရုံတွေထဲမှာ ကျွန်တော်တို့တတွေဟာ ရှေ့ကံကြမ္မာအတွက် ခရီးသွား ယင်းဟန်လွဲ က'နေကြတဲ့ လူတွေ မဟုတ်လားဗျာ၊ ဒီလိုမဟုတ်ဘူးလား"

မီးလ်ဘန်းသည် သူ၏ ဗိုက်ပူကြီးပေါ်တွင် လက်နှစ်ဘက်တင်ပြီး ထုံးစံအတိုင်းလေရိုက်ပေတော့မည်၊ သူက အင်္ဂလိပ်စကားကို လေလုံးထွား ထွားနှင့် ပြောတတ်သည်သာမက သူ့လေယူလေသိမ်းမှာလည်း အက်ကွဲကွဲ ကြီးနှင့် နားငြီးစရာ ကောင်းလှသည်။ ဒီကွန်က စိတ်မရှည်ဟန်ဖြင့်....

"ကဲ...အာနိုးလ်....ကျုပ်တို့ကို ဘာလုပ်ခေါ်တာလဲ"

"အကြောင်းကြားစာထဲမှာ ရေးသားထားတဲ့ အတိုင်းပါပဲ ကက်ပတိန် ဒီကွန်၊ ခင်ဗျားတို့ ကျွန်တော်တို့ အကျိုးတူကိစ္စတခုပါပဲလေ၊ ပိုက်ဆံကော ယူခဲ့ရဲ့လား"

"ကဲပါလေ.... အာနိုးလ်ရယ်.... ကျုပ်တောသား မဟုတ်ပါဘူး ခင်ဗျားက ဗိုက်သားလှုပ်ကတဲ့ ကချေသည်မနဲ့လိုက်ခဲ့ပါလို့ ခပ်ဆန်းဆန်း ကလေး....သိပ်ဆန်းတဲ့ခင်ဗျားရဲ့ ဖိတ်ခေါ်ချက်ကို ကျုပ်တို့က တုံ့ပြန်ကြ လိမ့်မယ် မဟုတ်ဘူးလို့ ခင်ဗျားထင်ခဲ့တယ် မဟုတ်လား"

"အိုင်းရစ်ဟာ ဗိုက်သားလှုပ်ကချေသည် မဟုတ်ပါဘူးဗျာ၊ နောက် တော့ ပြောပြပါမယ်၊ သူဟာ ဗီက ဆာဘာလင်ကာ နယ်တရိုးမှာ အင်မတန် တန်ဖိုးကြီးတဲ့ လူမြူအနုပညာရှင်မကလေးပေါ့ဗျာ၊ သူ့ကိုဗိုက်သား ကချေ သည်လို့ သတ်မှတ်လိုက်တာ ကျွန်တော်ဖြင့် မကျေနပ်လိုက်တာဗျာ၊ သူက မက်လုံးရှင်မကလေး၊ သတ်သတ်စပါယ်ရှယ် လေ့ကျင့်ထားရတာပါဗျာ့"

"ကဲပါဗျာ၊ ကျုပ်တောင်းပန်ပါတယ်၊ ခင်ဗျားနဲ့ အိုင်းရစ်ကို ကျုပ်ပြောချင်တာက ဒီဟန်နာမား ရပ်ကွက်ထဲကို ဘောင်းဘီအိတ်ထဲမှာ ပိုက်ဆံအပြည့်ထည့်ပြီး၊ ဗီ....အဲ....ဘာတဲ့ ခင်ဗျားရဲ့ နှမဝမ်းကွဲလေးလိုလှတဲ့ မက်လုံးရှင်မလေး နောက်က တကောက်ကောက် လိုက်လာချင်တာ မဟုတ် ဘူးဗျ၊ အန္တရာယ်များလှတယ်ဆိုတာ ခင်ဗျားလဲ လက်ခံမှာပဲ"

"ကျုပ်ရောင်းလိုက်တဲ့ သေနတ်ပါတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ပါပါတယ် ဒီမှာ"

ဒီကွန် က ခါးပတ်အထက်ကို ပုတ်ပြလိုက်သည်။

"ဒီဆာ့ဂျင်ကြီးလဲ ပါသွားပဲဟာ"

"ကိုင်ရိုမြို့ကြီးမှာ ခံရတဲ့လူမှာ ဘယ်လိုဓားနဲ့ကိုယ့်လည်ပင်းကို ဖြတ်လိုက်သလဲဆိုတာ မသိအောင် စွမ်းဆောင်နိုင်တဲ့ လူကြီးလူကောင်းတွေက ပေါပါဘိသနဲ့ ဒီဟန်နာမား ရပ်ကွက်ထဲကို ညသန်းခေါင်မပြောနဲ့ နေ့ခင်းကြောင်တောင်မှာတောင် အိတ်ထဲပိုက်ဆံထည့်ပြီး မလျှောက်ရဲဘူး"

"ဟုတ်ပေလိမ့်မယ်....ဟုတ်ပေလိမ့်မယ်"

ဘွတ်ဇ်က ဝင်ပြောသည်။

"ခင်ဗျားမှာ ရောင်းစရာရှိယင်လဲ ပြောသာ ပြောပါလေ၊ ပိုက်ဆံဆိုတာက လက်ဖျောက်တီးလိုက်ယင် ရောက်လာမှာပေါ့"

"ကဲ....ဆို ကျုပ်တို့ဘာရမှာလဲ"

"ကက်ပတိန်က ဟန်မလုပ်တတ်ပဲကိုး၊ ဒီဒေသတွေမှာ အရောင်းအဝယ်လုပ်တဲ့နေရာမှာ ဈေးခေါ်တာတို့ ဈေးဆစ်တာတို့ရှိတယ်ဗျ၊ ဒါကို ကက်ပတိန် မသိဘူးထင်တယ်"

"သိလှပေါ့ဗျာ.... ဒါပေမယ့် နိုင်ငံသားအချင်းချင်း၊ မိတ်ဆွေအချင်းချင်း ဒါတွေဟာ မလုပ်သင့်ပါဘူး"ဟု ဒီကွန် က ရိုးရိုးသားသားပင် ပြန်ပြောလိုက်သည်။

မီးလ်ဘန်း က ဒီကွန် ၏ ပါးနပ်လိမ္မာမှုကို ချီးကျူးသည့်အနေဖြင့် ကိုယ်ကိုညွတ်၍ အရိုအသေပြုလိုက်သည်။ သူ့ဟန်ပန်မှာ ပြင်သစ်ဟန်ပန် ပေါက်နေသည်။

အာနိုးလ်မီးလ်ဘန်းကား စကားများသည်။ အများနှင့်မတူ လူတမျိုးဖြစ်သည်။ သို့တိုင်အောင် သူကား ကိုင်ရိုတွင် အနှစ် ၂၀-ခန့် ကုန်သည်ကြီးတဦးအဖြစ် တည်မြဲနေခဲ့သည်။ သူသည် ဘာသာကြီး ၄-မျိုးကို တတ်ကျွမ်းသည်။ အာဖရိကတိုက်သားများ၏ စကားတော်တော်များများကိုလည်း ပြောတတ်သူဖြစ်ပြီး၊ အီဂျစ်တွင်ရှိသမျှသော အင်္ဂလိပ်လူမျိုးများထက် ဒေသစရိုက်ဓလေ့ထုံစံများကို ကောင်းစွာတတ်ကျွမ်း နားလည်သူလည်း ဖြစ်သည်။ သူကား လူမျိုးစုံနေထိုင်သည့် ဤဒေသတွင် သူ့အခြေအနေကို ယုံကြည်မှုအပြည့်ရှိသူ ဖြစ်သည်။ ထို့ကြောင့်လည်း စောစောက သူပြောခဲ့သည့် မျက်လုံးကလေးများနှင့် မကြာခဏ ကစားခဲ့သူ ဖြစ်သည်။ သို့သော်လည်း ဤမြက်လုံးများ ဇာတ်သဘင်သဘော၊ ရယ်ဖွယ်ရာသော လုံးကလေးများ၏ အောက်ဝယ် အကြောင်းတစုံတခု ရှိမြဲပင် ဖြစ်သည်။ သူ၏ အကြောင်းတစုံတခုသည်လည်း အမြဲပင် ထူးထူးခြားခြား အသုံးဝင် အကျိုးရှိသည့် အကြောင်းများ ဖြစ်နေတတ်သည်။ မစ္စတာ မီးလ်ဘန်းကား မျိုးချစ်စိတ်ကို ထိန်းသိမ်းထားသူလည်း ဖြစ်၏။ ရန်သူ အီတလီလူမျိုးများ၊

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်လူမျိုးများနှင့် ပေါင်းသင်းရာ၌ လိုအပ်မှုအရသာ ပေါင်းသင်းသည်။ အပေါ်ယံ မျှသာဟု ဆိုကြပါစို့။

သူသည် ဗြိတိသျှစစ်ဘက် အာဏာပိုင်များနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမဆို 'သတိ'ဟူသည့် စကားလုံးကို အမြဲဦးထိပ်ရွက်တင် ပန်ဆင်ထားသူဖြစ်သည်။ မြောက်အာဖရိကတိုက် အချို့နေရာများတွင် ဗြိတိသျှများကို မုန်းတီးစိတ်မြင့်မားနေသည်ကို သူသိသည်။ သူသည် စစ်ကြီးပြီးစီး၍ ယူနီဖောင်းဝတ်များ အောင်ပွဲခံ အိမ်ပြန်ချိန်အထိ ဤဒေသတွင် နှစ်ရှည်လများ ရောင်းဝယ်ဖောက်ကားလျက်ပင် နေချင်သည်။

တဘက်တွင်လည်း သဲကန္တာရ စစ်သားများက သူ၏ မိတ်ဆွေများဖြစ်နေပြန်သည်။

ဒီကွန်နီသည် မီးလ်ဘန်းအား အက်စ်အေအက်စ်တပ်မှ ထောက်လှမ်းရေး အရာရှိ တိုဘီကာ့စ်တဲလ်မိန်းက မိတ်ဆက်ပေး၍ အသိဖြစ်ခဲ့သည်။ တဆက်တည်းမှာပင် မီးလ်ဘန်းထံမှ ရိုးရိုးတန်းတန်းနှင့် ဝယ်ယူမရနိုင်သည့် အဝတ်အထည်များနှင့် လက်နက်များ ဝယ်ယူသည်အထိ ရင်းနှီးလာခဲ့သည်။

သူ့ခါးမှ ၉-မမ ဘရောင်နင် သေနတ်သည် မီးလ်ဘန်းထံမှ ဝယ်ယူခဲ့သည့် သေနတ်ပင်ဖြစ်သည်။ ထို့အတူပင် ကင်းဗဲလ်၏ အလွန် အသုံးဝင်ခဲ့ပြီး သူ မြတ်နိုးလှသည့် ဗောင်ဂန် ပြောင်းတို သေနတ်သည်လည်း မီးလ်ဘန်းထံမှ ရခဲ့သည့် သေနတ်ပင် ဖြစ်သည်။

မီးလ်ဘန်း ကား အလှူဒါယကာမဟုတ်၊ သူ လုပ်ပေးရသည့် မည်သည့်အလုပ် မည်သည့် အကျိုးပြုချက်ကလေးမဆို ဖားရိုး ဘုရင်များ၏ နှယ်မြေထုံးစံအတိုင်း အဖိုးစားနား ပေးရလေသည်သာ။ အမြတ်အစွန်း ဥပဒေသကလေးပါဟု သူက ပြောင်သလို ချော်သလိုနှင့် ပြောတတ်သေးသည်။

သူသည် အသက် ၄၄ - ၄၅ နှစ်ခန့် ရှိပြီထင်ရ၏။ တကယ်တော့ သူ့အသက် ဘယ်လောက်ရှိပြီဟု မပြောနိုင်၊ သူ့တွင် ဤအရပ်သားများကဲ့သို့ ဝါကြန့်ကြန့် အသားအရေရှိပြီး မျက်လုံးကမူ စူးအက်ဂိုတ်ပေါက်ဝ၏ အပြင်ဘက်မှ လာရောက်ကြသော ကုန်သည် လူတန်းစားများအတိုင်း သံလွင်သီးရောင် ပေါက်နေသည်။ သူသည် ဥရောပတိုက်သား အဝတ်အစားကို ဝတ်သည်ဖြစ်စေ၊ အာရပ်လူမျိုးတို့လို ဝတ်စား ဆင်ယင်သည်ဖြစ်စေ အကောင်းဆုံးနှင့် ပုံအကျဆုံး အဝတ်အထည်များကိုသာ ဝတ်ဆင်သည်။ ယနေ့ညတွင် သူက ကတ္တီပါကွပ် အပေါ်အင်္ကျီ၊ ပိုးရှပ် လည်စည်းအတို၊ ခေါင်းထက်ဝယ် ပိုးပဝါစည်းလျက် ဝတ်စားဆင်ယင်ထားသည်။ သူ့လက်ချောင်းများမှ ရွှေလက်စွပ်များက ဝင်းထိန်လျက်။

www.burmeseclassic.com

www.burmeseclassic.com



မီးလ်ဘန်း၏ ဆိုင်ခန်းအတွင်းဝယ် ကုန်ပစ္စည်းများ ပြသ ခင်းကျင်းထားခြင်းမရှိ၊ ဆိုင်ခန်းမှာ သူပိုင် သုံးထပ်တိုက် ခပ်အိုအို၏အောက်ဆုံးထပ်တွင် ရှိသည်။ ဆိုင်ခန်းမှာ ဟောလီဝုဒ်ရုပ်ရှင် စတူဒီယိုအတွင်းက ရုပ်ရှင် ဆက်တင်တခုနှင့်ပင် တူသေးတော့သည်။ ပြတင်းပေါက်များက ကျဉ်းကျဉ်းတွင် ပျဉ်ပြား တရုတ်ကတ်များ တပ်ထားသည်။ ပန်ကာတခု၊ ထန်းပင်ပေါက်ကလေးများ စိုက်ထားသည့်အိုးကလေး သုံးအိုး၊ ဆင်စွယ်ခြေထောက် စားပွဲရှည်ကြီးပေါ်ဝယ် ငွေနှင့် ရွှေရည်စိမ် ရှေးဟောင်းပစ္စည်း ဖြုတ်စဖြင်းတောင်းများ တင်ထားသည်။ အခန်းတွင်းရှိ ကုလားထိုင် လေးလုံးမှ နောက်မှီ သားရေဖုံးများက ပေါက်ပြဲနေပြီ ဖြစ်ရာ ဤကုလားထိုင်များကို ကိုင်ရို ရှေးဟောင်းပစ္စည်းပြတိုက်မှ ရခဲ့ပုံရသည်ဟု ဒီကွန်က ထင်မိသည်။

ဤသို့ အဆောင်အယောင်ရှိသော အခန်းတွင်းသို့ မီးလ်ဘန်း၏ အစေခံများက ဝင်လိုက် ထွက်လိုက်နှင့် ရှိနေကြသည်။ သူတို့က ကော်ဖီခွက်များ၊ ဂေါ်ဒွင်ဂျင်အရက်၊ ရေခဲရေချိုင့်၊ အချိုမုန့်များနှင့် ပျော့ရွှတ်နေသည့် ကိတ်မုန့်အဝါကြီးများ လာရောက်ချကြသည်။ အစေခံများအားလုံးမှာ မိန်းကလေးချည်း ဖြစ်သည်။ အသားဖြူကြသည်။ ငယ်ရွယ်သူကလေးများပင်။ သူတို့အားလုံး ပိတ်ဖြူအဝတ်များ ဝတ်ဆင်ထားကြရာ ဘုရားရှိခိုးကျောင်းမှ ထွက်ပြေးလာကြသော ဓမ္မတေးဆိုသူကလေးများနှင့် တူနေသည်။ အိုင်းရစ်ကိုမူ အရိပ်အရောင်မျှ မတွေ့ရတော့၊ အပေါ်ထပ်ရှိ မီးလ်ဘန်း၏ အိပ်ရာထက် ရောက်နေလောက်ပြီဟု ခန့်မှန်းရသည်။

ကင်းဗဲလ်သည် ကိတ်မုန့်အဝါတခုကို စားသည်။ နောက် သူလည်း ဒီကွန် အတိုင်း ကော်ဖီကိုသာ သောက်တော့သည်။ သူ စိတ်ကြည်ကြည်လင်လင် ဖြစ်နေစေရန် ဖြစ်သည်။

''ခင်ဗျားတို့.... ဒီရောက်နေတာ ကိုးရက်....ရှိပြီနော်၊ ဟုတ်တယ်မဟုတ်လား''

ဟု မီးလ်ဘန်းက မေးသည်ကို ဒီကွန်က....

''အဲဒီ အထဲ လေးနာရီပါ ထပ်ပေါင်း''

ဟု ထပ်ဖြည့်လိုက်သည်။

မီလ်ဘန်းကား ကိုင်ရိုမြို့အတွင်း အပ်ကျသည်ကအစ သူသိသည်။ သူ့အား သူ့သျှိမျိုးစုံက အမြဲ သတင်းစုံပေးလျက်ရှိသည်။ ထိုသတင်းပေးများတွင် ဈေးအတွင်း ခြေကျိုးကလေးမှ ကာဖီးဆိုင်ပိုင်ရှင်များ၊ ကုလားအုပ် မောင်းသူများမှ ဖိနပ်ပြင်သူများအထိ လူမျိုးစုံလှသည်။ သူကား သတင်းခ,များကို ကုန်ပစ္စည်းဈေးထက် ပို၍ ပေးသည်ဟုပင် ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးလ်ဘန်းသည် တိုဘီကာ့စ်တဲလ်မိန်း၏ 'သတင်းအိုးကြီး' ပင် ဖြစ်ပေလိမ့်မည်၊ ဒီကွန်က တွက်သည်။ မီးလ်ဘန်းထံမှ ပူပူနွေးနွေးသတင်းဦး သတင်းထူးများ ဝယ်ရန် လိုအပ်သောငွေကို သူ့ရဲဘော် ထောက်လှမ်း ရေးအရာရှိသည် မည်သို့ မည်ပုံ ငွေရှာသည်ကိုတော့ ဒီကွန် မသိနိုင်၊ မည်သို့ဆိုစေ တိုဘီသည် ကုန်သည်ကြီး မီးလ်ဘန်းနှင့် အလုပ်ဖြစ်နေကြ သည်မှာတော့ ဧကန်ဖြစ်သည်။

မီးလ်ဘန်း။ "ခင်ဗျားတို့ ဘာမှ မကြားတူးနော်"
ဒီကွန်။ "ဘာကြားရမှာလဲဗျ"
ဘွတ်ဇ်။ "ခင်ဗျားက မပြောပဲ ကျုပ်တို့က ဘာဆိုတာ ဘယ်လိုလုပ် သိမလဲဗျ"

မီးလ်ဘန်းက သဘောကျစွာ ရယ်လေသည်။

"ဒီလိုဆိုယင် ခင်ဗျားတို့ကို ကျွန်တော်က မေးခွန်းမေးမယ်၊ ခင် ဗျားတို့က မဖြေနိုင်ဘူးဆိုယင် ကျွန်တော်က ပြောပြမယ် ဟုတ်ပြီလား"

"လုပ်လေ"

"ခင်ဗျားတို့ရဲ့ အင်မတန် ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ ရဲသူနိုင်စစ်သည် တော်တွေရဲ့ တပ်ဖွဲ့တိုက်စစ်မှူးကြီး ကာနယ်ဟုမ်း ဘယ်ရောက်နေသလဲဆို တာ ခင်ဗျားတို့ သိကြသလား"

"ဒီလို မေးခွန်းမျိုးကို ကျုပ်တို့မဖြေနိုင်ဘူး၊ ဒါဟာ ထိပ်တန်း လျှို့ဝှက်ချက်"ဟု ဒီကွန် က ပြောသည်။

"ခင်ဗျားတို့ရဲ့ရဲဘော်....အင်မတန်လေးစားလောက်တဲ့ ကက်ပတိန် ကာ့စ်စတဲလ်မိန်း ရော ခုဘယ်မှာလဲ"

"သူ့အိပ်ရာထဲသူခွေနေမှာပေါ့ဗျ၊ ဘင်ဂ ါဇီ မြောက်ဘက် တနေရာ မှာပေါ့"ဟု ဘွတ်ဇ် က ပြောလိုက်ရာ....

"မှားတယ်"

ဟု မီးလ်ဘန်း က ဆိုသည်။

"မီးလ်ဘန်း....ကျုပ်တို့တပ် ဘယ်မှာ ချထားတယ်ဆိုတာ ခင်ဗျား လဲ သိသားနဲ့ ဘာပြုလို့ ဒီလို အဓိပ္ပာယ်မရှိ ပဟေဠိတွေ ပြောနေရတာလဲ ဗျာ"

"ကာနယ်ဟုမ်း နဲ့ ကာ့စ်စ်တဲလ်မိန်း တို့ ခင်ဗျားတို့တပ်ချထားတယ် ဆိုတဲ့ ဝါဒီဝါဒီမှာ မဟုတ်တော့ဘူးဗျို့၊ လွန်ခဲ့တဲ့ သောကြာနေ့ကတည်း က မရှိတော့တာ၊ ကျုပ်ဘယ်လိုမှ နားမလည်နိုင်တာက ခင်ဗျားတို့လို လူ စွမ်းကောင်းကြီးနှစ်ဦး ဒီမှာဘာလာလုပ်နေကြသလဲဆိုတာပဲ၊ ခင်ဗျားတို့ ဘာပြုလို့ ကိုယ့်တပ်နဲ့ကိုယ် ပါမသွားကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ....မီးလ်ဘန်း ဒီက ဆာဂျင်ကြီးနဲ့ ကျုပ်ဆီလာတဲ့ အမိန့်ကို ခင်ဗျားက ကြားဖြတ်ယူထားတယ်ဆိုယင် ခုချက်ချင်း ထုတ်ပေးပါလို့ ကျုပ် ခင်ဗျားကို အကြံပြုချင်တယ်၊ စစ်အမိန့်စာကို ဖြတ်စားလာတ်စားလုပ်တယ်ဆိုတာ အင်မတန် အပြစ်ကြီးပါတယ်''ဟု ဒီကွန်က ပြောရာ....

"ကျုပ်က စစ်မိန့်စစ်စာတွေကို ကြားဖြတ်ယူဖို့ မလိုပါဘူးဗျာ၊ ကျုပ်ဆိုတဲ့ အကောင်က စစ်တပ်တကာထက် ပိုသိနေတဲ့ အကောင်ပါ၊ ဟုတ်တယ် မဟုတ်လား"

ဟု မီးလ်ဘန်းက ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်လေ၊ ကျုပ်ကြားဖူးပါတယ်၊ ခင်ဗျားဟာ ရှိမဲလ်ဘာနဲ့ မနက်စာ စားတယ်ဆိုတာတောင် သိတယ်တဲ့"

"ကျုပ်အတွက် အကျိုးရှိမယ်ဆိုယင်တော့ ရှိမဲလ် ဒီညစာ ဘာနဲ့စားမလဲဆိုတာ ကျုပ်ပြောပြနိုင်တယ်"

"ထားလိုက်စမ်းပါဗျာ၊ ဒီ ရှိမဲလ်ကို၊ ပြောစမ်းပါဦး၊ ဟုမ်း တို့ ဘာ့စ်တဲလ်မိန်းတို့ ကိစ္စကို"

ကင်းဗဲလ်က စိတ်မရှည်ဟန်ဖြင့် ဝင်၍ ဖြတ်မေးလိုက်သည်။

"သူတို့ ဝါဒီဝါဒမ်မှာ မရှိတော့ဘူးလေ"

"သူတို့ အဲဒီမှာ မရှိယင် ဘယ်ရောက်ကုန်တုံး"

ဒီကွန်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ဒီလိုသတင်းမျိုးက အကုန်အကျများတယ်ဗျ"

"ဘယ်လောက်လဲ"

"ပေါင်နှစ်ဆယ်၊ အင်္ဂလိပ်ငွေဗျနော်၊ အင်္ဂလိပ်ငွေ၊ ဟုတ်တယ် မဟုတ်လား၊ ငါးကျုပ်တန်တွေကို ပိုလိုချင်တယ်ဗျာ"

"ပေါင်နှစ်ဆယ်တောင် ခင်ဗျားဟာ တကယ့်အမြတ်ကြီးစားပဲ"

ဒီကွန် က ကင်းဗဲလ် အား ဟန့်လိုက်ပြီးနောက်....

"ကျုပ်တို့ နောက် သုံးရက်ဆို တပ်ပြန်ရောက်ကြမှာပဲ၊ တပ်ရောက်ယင် အကြောင်းစုံ သိရမှာပါဗျာ"

"၃-ရက်ကြီးများဆိုတာ အကြာကြီးဗျနော်၊ ဟုတ်တယ်မဟုတ်လား ခင်ဗျားတို့ကျုပ်ကိုမယုံတာ မှားတာပေါ့ဗျာ၊ ဒီတခါတော့ ကြိုက်ရာ ရွေးပေါ့ဗျာ။ ဒီမှာ....ကက်ပတိန်၊ ခင်ဗျားလို ချမ်းသာတဲ့ ပုဂ္ဂိုလ်အဖို့ ပေါင်နှစ်ဆယ်ဆိုတာ မပြောပလောက်ပါဘူး၊ ခင်ဗျားဟာ မှူးကြီးမတ်ကြီးမျိုးပဲဟာ"

ငွေကြောင့်ပြောနေတာ မဟုတ်ဘူးဗျ။ ကျုပ်ကသိက္ခာကြောင့်ပြောနေရတာ၊ ပြီးတော့လဲ ခင်ဗျားဘာပြုလို့ ကိုင်ရိုမှာရှိတဲ့ ထောက်လှမ်းရေးကလူတွေဆီကို သတင်းအရောင်းအဝယ် မလုပ်သလဲဆိုတာ၊ ကျုပ်ဖြင့် နားမလည်နိုင်ဘူး၊ သူတို့က ခင်ဗျားသတင်းတွေကို သိပ်သဘောကျကြမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ"

ဟု ဒီကွန်က ဆိုကာ ဘွတ်ဇ်ကို လှမ်းကြည့်လိုက်သည်။ ဘွတ်ဇ်မှာ မိမိတို့တပ်ဖွဲ့တခုလုံးထက် ပီဘီမက်နဲယားအတွက် သောကမကင်း ဖြစ်နေလေရာ၊ ဒီကွန်ကိုပြန်၍ ခေါင်းတဆတ်ဆတ်ညိတ်၍ ပြလိုက်မိသည်။

ဒီကွန်က ဆက်လက်၍....

"ဒီမယ် အာနိုးလ် ခင်ဗျားတောင်းတဲ့ဈေး ကျုပ်ပေးမယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ သတင်းကတကယ်တန်ဖိုး ရှိပါစေနော်၊ ခင်ဗျားကို ဒါပဲ ကျုပ်သတိပေးမယ်ဟုတ်လား"

"ငွေလက်ငင်းနော်"

ဒီကွန် သည် ဘက်ပြင်းတချက်ချလိုက်ပြီး ရှပ်အင်္ကျီအတွင်းသို့ လက်သွင်းလိုက်သည်။ သူ့ရင်ဘတ်ပေါ်ဝယ် စာအိတ်နှင့် ထည့်ထားပြီး တိပ်နှင့်ကိုယ်ပေါ်ကပ်ထားသည့်ငွေများရှိသည်။ ထိုစာအိတ်ကို ဆွဲဖြုတ်ယူလိုက်ပြီး တထပ်ကြီးပါလာသည့် ငွေစက္ကူများ အနက်မှ ၅-ပေါင်တန် ၄-ရွက်ကို ထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။

"သဲကန္တာရထဲမှာ အလ်ဟာရောက်ဆီ ဆိုတဲ့ နာမည်ကို ကြားဖူးသလား"

"မကြားဖူးဘူး"

"မကြားဖူးဘူးဆိုတာ အံ့သြစရာမဟုတ်ပါဘူးလေ၊ ဘယ်သူမှ သိပ်ပြီးကြားဖူးကြတာ မဟုတ်ပါဘူး၊ အဲဒီ အလ်ဟာရောက်ဆီ ဆိုတာက အိုရီရင့်တယ်အိုက်မှာရှိတယ်၊ အဲဒါကိုရော သိကြရဲ့လား"

"တူးနစ်မှာ မဟုတ်လား"

"အယ်လ်ဂျီးရီးယားမှာ လစ်ဗျားနယ်စပ်မှာကပ်လို့"

"အဲဒီနေရာက ဘာဖြစ်လဲ"ဟု ဘွတ်ဇ်က ဝင်းမေးသည်။

"ရှေးသရောအခါတုန်းက ခံတပ်ကြီးတခုရှိခဲ့တယ်၊ စမ်းချောင်းလဲ ရှိတယ်"

"ဘာလဲ ဒဏ္ဍာရီလား"

"ထပ်....မဟုတ်ပါဘူး၊ ဒီတိုင်းပြည်ကို ပြင်သစ်တွေ မဝင်မီက ဟိုနှစ်ပေါင်း နှစ်ထောင်ကျော်လောက်က ဆိုပါတော့၊ အဲဒီတုန်းက ဘာတာမျိုးနွယ် ခါကာမင် လူမျိုးတွေဆိုတာ ရှိခဲ့တယ်၊ သူတို့က ချဒ်နိုင်ငံကနေပြီး ဧရာမလူမျိုးတွေဆီကို ကျွန်အဖြစ် အရောင်းအဝယ် လုပ်ကြတာကိုး၊ အဲဒါကို ဧရာမလူမျိုးတွေက အဲဒီ အလ်ဟာရောက်ဆီမှာလာပြီး ခံတပ်ကြီးဆောက်ပြီး ကျန်ကုန်သည်တွေဆီက ကျွန်တွေကို ဝယ်ကြတဲ့အလုပ်ကို လုပ်ခဲ့ကြတယ်"

"အဲဒါနဲ့ ကျုပ်တို့နဲ့ ဘာဆိုင်လို့တုံး"

ဘွတ်ဇ်က မေးသည်။

"ဆမိုင်းကြောင်းကလေးများ သိချင်မလားလို့ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ....ဆက်ပါဦးလေ"

ဒီကွန်က ရှေ့သို့ဆက်ပြောစေသည်။

မီးလ်ဘန်းသည် စကားမဆက်သေးပဲ သမိုင်းကြောင်းလေးက သူ့အား ချမ်းတုန်သွားစေလေသည်လားမသိ၊ သူ့ခေါင်းပေါ်မှ လည်စည်းကို ဆွဲပြီး လည်ပင်းအထိ ပတ်လိုက်သည်။

"နောက်တော့ ကျွန်အရောင်းအဝယ် လမ်းကြောင်းက ပြောင်းသွားတယ်လေ၊ ခံတပ်ကြီးကိုလဲ စွန့်ပစ်ခဲ့ကြရာက စိမ့်စမ်းချောင်းတွေလဲ ခြောက်သွေ့ကုန်တာပေါ့၊ အဲ....ခုတော့ အဲဒီနေရာကို တူးကြဆွကြနဲ့ ရှေးဟောင်း သုတေသနဆရာတွေလေ...."

"ဟာ စတိုလင်လို ဂျာမန်ရှေးဟောင်း သုတေသန ပညာရှင်တွေလိုလား"

မီးလ်ဘန်း သည် တအံ့တသြနှင့် သူ့မျက်ခုံးကိုပင့်တင်လိုက်ကာ....

"ဟင်....ခင်ဗျား သူ့အကြောင်းကို သိတယ်ပေါ့"

"စတိုလင်ဟာ တော်တော်အိုပါပြီ၊ ဒါပေမယ့် ခုထိ ဟစ်တလာရဲ့ အကြံပေးအနေနဲ့ လုပ်နေတုန်းပဲ၊ သဲကန္တာရတွေနဲ့ ပတ်သက်ပြီး အဖိုးတန်တဲ့ အကြံတွေ သူ့ဆီက ရတယ်လို့ သတင်းကြီးနေတာပဲလေ"

"အဲဒီစတိုလင်ပေါ့၊ သူဟာ ၁၉၂၀-ခုနှစ်လောက်က အယ်ဟာ ရောက်ဆီကိုလာပြီး၊ တူးကြည့်ဖူးတယ်၊ ဒီဘက်ရာစုနှစ်ပိုင်းထဲမှာ ပထမဆုံးလာတဲ့ ဥရောပတိုက်သားပဲ၊ သူကခံတပ်ဟောင်း နေရာမှာ ရေရှိတယ်လို့ တွေ့ခဲ့တယ်တဲ့၊ များများစားစားတော့ မဟုတ်ဘူး၊ ဒါပေမယ့် လုံလုံလောက်လောက်ကို ရှိသတဲ့၊ ခုတော့ရေမရှိတော့ဘူးဆိုပဲ၊ စတိုလင်က သူ့တွေ့ရှိချက်ကို စာတွေမပေတွေမရေးဘူး၊ လျှို့ဝှက်ထားခဲ့သတဲ့"

"အဲဒါကို ခုဂျာမန်တွေကသိပြီး သူတို့အဖွဲ့ သိပ်ပြီး အဖိုးတန်တဲ့ သတင်းကြီး ဖြစ်နေတယ် ဆိုကြပါစို့"

"ဟုတ်လိုက်လေဗျာ.... ခင်ဗျားသဘော ပေါက်ပြီပေါ့"

"ဒီတော့...."

ဘွတ်ဇ်က မီးလ်ဘန်း၏ ဝေ့လည်ချောင်ပတ် အပြောအဆိုများကို မကျေနပ် စိတ်မရှည်တော့ပဲ ဝင်ထောက်လိုက်ပြန်သည်။

"ဒီတော့ ဘာဖြစ်ရမလဲဗျာ၊ ဂျာမန်တွေက အဲဒီမှာ လေယာဉ်ပျံကွင်းဆောက်ကြတယ်ဆိုပဲ၊ အဲဒီအစီမတန် အဖိုးတန်တဲ့သတင်း ရတနာကလေးကို ကျုပ်ကကျုပ်နဲ့ အင်မတန် ရင်းနှီးတဲ့ အရာရှိတယောက်ကို ပြောလိုက်တယ်၊ ဒီအရာရှိက တခါ သူ့အထက်အရာရှိကြီးကို တင်ပြလိုက်တော့ အဲ့ဒီအရာရှိကြီးက တပ်တောင်တာဗိုလ်ထုနဲ့ လူစုပြီး အဲဒီနေရာကို တခါတည်း သွားကြည့်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဝေ့လည်ချောင်ပတ်တွေ ပြောမနေပါနဲ့တော့ အာနိုးလ်ခင်ဗျား က ကာ့စ်စတဲလ်မိန်းကို ပြောလိုက်တယ် မဟုတ်လား"

"သွေးထွက်အောင်မှန်လိုက်လေ ကက်ပတိန်ရယ်"

"တခါ ကာ့စ်စတဲလ်မိန်းက ကာနယ်ဟုမ်းကို သတင်းပို့တယ်၊ ဒီ သတင်းဟာ မှန်တယ်ဆိုယင် ဘာပြုလို့ ကာနယ်ဟုမ်းက ကျုပ်ကို မပြော ရတာလဲ"

"ဟင်....သူကမပြောဘူး ဟုတ်လား"

ဘွတ်ဇ် က ဝင်ပြောသည်။

"ဟုမ်းက သက်သက်ကျွန်တော်တို့ကို ပထားခဲ့တာပဲ၊ သူနဲ့ခင်ဗျား နဲ့ ဖြစ်ထားတဲ့ ကိစ္စကရှိနေတယ် မဟုတ်လား"

"ကာနယ်က ခရီးကြမ်းလိုက်ဖို့ တို့ကျန်းမာရေးနဲ့ မသင့်သေးဘူး ထင်ပြီး ထားခဲ့တာလဲ ဖြစ်နိုင်ပါတယ်"

"ကာနယ်ဟုမ်းတို့ တပ်လှန်ခဲ့တဲ့ ခြောက်ရက်လောက်က ထွက်သွား ကြတာပဲဗျို့၊ ကျုပ်ပြောချင်တာက ဒီလေယာဉ်ကွင်း ဘယ်နေရာမှရှိတယ်ဆို တာအတိအကျသတင်းရတာ မဟုတ်ဘူး၊ အယ်ဟာရောက်ဆီ အနီးအနားတ ဝိုက်မှာရှိတယ်လို့သာ သိရတာ"

"ငါးရက်ရှိပြီဆိုတော့ နေပါဦး အဲဒီ အိုရီရင့်တယ်အိုက်ထဲ ရောက် အောင် ဘယ်နှရက်လောက် သွားရသလဲ"

"ဝါဒီဝါဒမ်က ဂျစ်ကားနဲ့သွားယင် လေးရက်ခရီးပဲ သွားရပါ တယ်"

"ဒီမယ်....အာနိုးလ် ပြောချင်တာကို ရှင်းရှင်းပြောစမ်းပါဗျာ"

"အကုန်ကြွကုန်ပြီတဲ့ဗျ"

"ဘာရယ်"

"ခင်ဗျားတို့လူတွေ ခံရတယ်လို့ ကြားတာပဲ၊ တပ်လုံးပြွတ်နီးနီးတဲ့၊ သေချာပေါက်တော့ မပြောနိုင်ဘူးပေါ့ဗျာ၊ ဘယ်လောက် ခံရသလဲဆို တာ...."

"ကာနယ်ဟုမ်း က ဦးစီးသွားတယ်ပေါ့"

"ဟုတ်တယ်....ဂျစ်ကား နှစ်ဆယ်နဲ့"

"ခင်ဗျား ဒါတွေ ဘယ်လိုလုပ်သိသလဲဟင်"

ဆာဂျင်ကင်းဗဲလ် က ဝင်မေးပြန်သည်။

"ဒါ....ကျုပ်အလုပ်ပဲဆာဂျင်၊ ဘယ်သူတွေ ဘယ်မှာ ဘာလို တယ်ဆိုတာ ကျုပ်သိဖို့လိုတယ် မဟုတ်လား၊ ဒါမှလဲ ကျုပ်က လိုယင် လိုသလိုထောက်ပံ့နိုင်မယ်မဟုတ်လားဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ဟို....မိုင်တထောင့်ငါးရာလောက်မှာ ဖြစ်နေတဲ့ကိစ္စကို ဒီကရှိတဲ့ ဗြိတိသျှတပ်တွေထက် ပိုသိနေတယ်"

ဒီကွန် သည် သူ့လက်ဝါးကို ထောင်ပြလိုက်ကာ ဘွတ်ဇ်အား —

"ဘွတ်ဇ်....ခဏနေဦး"ဟု ဟန့်တားလိုက်ပြန်ပြီး....ဆက်၍

"အာနိုးလ်....ခု ခင်ဗျားပြောတာတွေဟာ အင်မတန် အဖိုးတန်တဲ့ သတင်းတွေဆိုတာ ဘယ်လိုမှ မေးခွန်းထုတ်စရာ မလိုပါဘူး၊ ဒီထက်ကော ခင်ဗျား ဘာသိသေးသလဲ ပြောစမ်းပါဦး"

"ဟာ....အများကြီးရှိတာပေါ့ ကက်ပတိန်ရဲ၊ ခင်ဗျားကို ကျုပ်က ေန်ပြောပါ့မလား၊ မဟုတ်ဘူးလားဗျာ"

"ကျုပ်တို့လူတွေ တိုက်ပွဲမှာ ခံရတယ်ဆိုတဲ့ ခု....ပြောတဲ့ ခင်ဗျားရဲ့ နောက်ဆုံးသတင်းဟာ ခင်ဗျား အာရပ်တွေဆီက ရတယ်လို့ ကျုပ်...ယူဆတယ်"

"ဟုတ်တယ်၊ ကျုပ်ရဲ့ အာရပ်ကောင်ကလေး တယောက်ဟာ ဟာဆီမာတာလာမှာ ခင်ဗျားတို့ အက်စ်အေအာက်စ် တပ်နဲ့ တွေ့ခဲ့သတဲ့၊ ဒီကောင်လေးက ဘက်ဒွင်အာရပ် လူဆိုးအဖွဲ့ထဲက...."

"ဒီ....အာရပ်တွေက ဂျာမန်တွေကို ကျုပ်တို့တပ်တွေ လာနေပြီလို့ သ ာင်းပေးတယ်ပေါ့"

"မဟုတ်ဘူးတဲ့၊ ဒီကောင်လေးက ကောင်းကောင်းလေးပါ၊ သူ့နာမည်က နူဗီ တဲ့၊ သူက ဂျစ်ကားတပ်တွေကို နောက်ကလိုက်ပြီး ကြည့်ရာက ဘယ်လိုမြင်တယ်ဆိုတာ သိခဲ့ရတာပါ"

"ဘယ်တုန်းက ဖြစ်တာတဲ့လဲ"

"ခုမနက် စောစောကတဲ့"

"ဒီမယ်....အာနိုးလ်၊ ဟို....သဲကန္တာရ ခေါင်ခေါင်က ဒီသတင်းကို ကုလားအုပ်စီးပြီး လာရတဲ့ကောင်ကလေးက ဒီလောက် မြန်မြန် နေ့ချင်း ခင်ဗျားဆီရောက်အောင် သတင်းပေးနိုင်တယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲဗျ၊ ကျုပ်....မေးစမ်းပါရစေ"

"ဖြစ်နိုင်လို့ သူက သတင်း ပေးပြီးပြီပဲဗျာ၊ ခင်ဗျားတို့ သိဖို့လိုတာက သတင်းပဲ၊ ဘယ်လို ဘယ်ပုံလုပ်ပြီး ပေးတယ်ဆိုတာကိုတော့ သိဖို့မလိုပါဘူးဗျာ"

"မဖြစ်နိုင်ဘူးဗျာ၊ မဖြစ်နိုင်တဲ့ကိစ္စမို့လို့ကို....ကျုပ်တော့ ခင်ဗျား သတင်းတွေကို အယုံအကြည် မရှိချင်တော့ဘူး"

"ဒီလိုဆို မယုံနဲ့ပေါ့ဗျာ"

မီးလ်ဘန်းက ပခုံးတွန့်ပြီး ပြောလိုက်သည်။

"အဲ....ခင်ဗျား ကောင်ကလေးမှာ အင်မတန် အားကောင်းတဲ့ ဝိုင်ယာလက်စက် ရှိယင်တော့ ဟုတ်ပေလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှမဟုတ်...လေယာဉ်ပျံပေါ် ပြေးတက်ပြီး လေယာဉ်ပျံနဲ့ လာပြေးယင်တော့..."

ဘွတ်ဇ်က ဝင်ရောက်၍ ထပ်ဖြည့်လိုက်ရာ မီးလ်တန်းသည် မျက်လုံးအနည်းငယ်ပြူးသယောင် ဖြစ်သွား၏။ တကယ်တော့ ဘွတ်ဇ် ပြောသည်က ဟုတ်နေသည်။ ထို့သော် သူ ပြောလိုက်သည်ကတော့...။

"အာဖရိက ဂျာမန်တပ်တွေက အရှင်လိုက် သုံ့ပန်းရအောင် သဲကန္တာရထဲအထိ ထွက်လိုက်ပြီး ဖမ်းကြတာတဲ့ဗျ၊ နူဗီ တောင် ပုန်းနေလို့တဲ့၊ ဒါမှမဟုတ်လို့ သူ့ကို တွေ့သွားယင် အင်္ဂလိပ်သူလျှိုဆိုပြီး ဖမ်းမှာတဲ့ဗျ"

အနည်းငယ်ငြိမ်နေကြပြီးနောက် ဒီကွန်က...

"သုံ့ပန်းအဖြစ် ဘယ်လောက်ပါသွားသတဲ့လဲ"

"ဒါလဲ မသိဘူး"

"ကျုပ်တို့တက်က ဘယ်နှစ်ယောက်ရှိသတဲ့လဲ"

"ခင်ဗျားကလဲဗျာ၊ ဒီ....အာရပ်ကောင်ကလေးက တယောက်တည်းဗျ၊ ဘုရင့် ကင်းထောက်အဖွဲ့ကြီးကို သူ ဘယ်သိပါ့မလဲ"

"ဟုတ်ပါပြီလေ... ထားပါတော့၊ ဒီမနက်ကပဲ တိုက်ပွဲ ဖြစ်တာ နေ့၁"

"မနက် အရုဏ်တက်မှာ"

"ခင်ဗျားက ဒီသတင်းကို ဘာပြုလို့ ကျွန်တော်တို့နှစ်ယောက်ကိုမှ ရွေးခေါ်ပြီး ပေးရတာလဲ ပြောပါဦး"

"ကျုပ်....သိတယ်လေ၊ ခင်ဗျားတို့ နှစ်ယောက် စိတ်ဝင်စားမယ်ဆိုတာ"

"မှန်ပါတယ်...."

"ပြီးတော့လဲ ကျုပ်တို့ ခင်ဗျားတို့ရဲ့ မိတ်ဆွေဆန္ဒကလဲ ရှိသေးတယ်"

"တိုဘီကာ့စ်တဲမိန်းလား၊ ခင်ဗျားဆိုတဲ့လူက...."

"ဟုတ်တယ်၊ သူက သူတို့တစုတချဖြစ်ယင် ကျုပ်က ခင်ဗျားတို့ကို တွေ့အောင်ရှာပြီး သတင်းစုံပြောလိုက်ရမတဲ့"

"အင်း....ဒီလိုဆိုတော့လဲ ခက်သားပဲ၊ တိုက်ပွဲဖြစ်ရတဲ့နေရာကလဲ ဒီက နေ မိုင် ထောင့်ငါးရာလောက် ဝေးတယ်၊ သွားရမယ့်ခရီးက ဘာတဲ့၊ အဲဒီ ခံဘပ်ကိုခေါ်တာ၊ အယ်ဟာရောက်ဆီ၊ အဲ....အဲဒီကနေပြီး ငါးရာ ခရီးသွားရတယ်ဆိုတော့ ကျုပ်တို့ ဘာများ တတ်နိုင်မှာတဲ့လဲ၊ တိုဘီက ဘယ်လိုလုပ်စေချင်တယ်ဆိုတာ ကျုပ် စဉ်းစားလို့မရဘူး"

"သူကတော့ ခင်ဗျားတို့ကို တာဝန်ကျေစေချင်တာပါပဲ၊ လော့ဒ် နယ်လ်ဆင်နဲ့ အင်္ဂလန်လိုပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျာ၊ ဝါဒီဝါဒမ်မှာ ကျန်နေတဲ့ အက်စ်အေအက်စ် တပ်သားတွေကို ရသမျှစုပြီး လိုက်တယ်ထား၊ ဘယ်နည်းနဲ့မှ အချိန်မီ ရောက်နိုင်ဘူး၊ ဂျာမန်တွေက ဖမ်းမိကဲ့ သို့ ပန်းတွေကို မေးမြန်းပြီးလို့ သတ်ပစ်ယင်ပစ်၊ ဒါမှမဟုတ်လို့ ပို့ယင်လဲ ပို့ပစ်လိုက်တော့မှာပဲ၊ ဘယ်ကိုပို့တယ်ဆိုတာလဲ သိနိုင်တာ မဟုတ်ဘူး"

ဘွတ်ဇ်သည် မီးလ်ဘန်း၏ မျက်နှာကိုစိုက်ကြည့်ပြီး....

"ကျုပ်တို့ကို အဲဒီကို အမြန်ဆုံး ရောက်သွားနိုင်အောင် ပို့ပေးနိုင်တဲ့လူ ရှိမယ်ဆိုယင်တော့"

အာနိုးလ်မီးလ်ဘန်းသည် မျက်တောင် တချက်ခတ်ပြီး ဘွတ်ဇ်ကို ပြန်ကြည့်နေသည်။

ဘွတ်ဇ်သည် အံကြိတ်လျက် ခပ်ထန်ထန်ပင်....။

"ဒီမယ်ဗျာ....အဲဒီ သဲပင်လယ် ကန္တာရကြီးထဲက ပူပူနွေးနွေး သတင်းထူး၊ သတင်းဦးကို အမြန်ဆုံး ဒီရောက်အောင် ပို့နိုင်သေးတဲ့ ဥစ္စာပဲဗျာ၊ လူကိုကော အမြန်ဆုံး ရောက်အောင် ပို့ပေးနိုင်တဲ့ နည်းလမ်းလဲ ရှိရမှာပေါ့"

"အင်း....တယောက်ယောက်ကတော့ ပို့ပေးနိုင်မှာပေါ့ဗျာ"

ဟု မီးလ်ဘန်းက ပြောလိုက်သည်။

"ဘယ်လောက်ကုန်မလဲ၊ ဘယ်လောက် အချိန်ကြာမလဲ ပြောဗျာ"

ဒီကွန်က ပြောလိုက်သည်တွင် မီးလ်တန်းက....

"ခင်ဗျားတို့ ဘယ်လိုပုံစံ ဖြစ်စေချင်တယ်ဆိုတာပေါ် မူတည်ပါတယ်"

"လက်နက် လိုချင်တယ်၊ လေထီးနဲ့ ဆင်းချင်တယ်"

"အပျံစား သွားကျရမယ် ဆိုယင်ကောဗျာ.... ပိုမကောင်းပေဘူးလား"

"ဘယ်လို အပျံစားလဲ"

"အလမ်ဒိုင်ဂါက နေပြီး ဟက်ဆီမာတာလာအထိ လေယာဉ်ပျံနဲ့ သွားမယ်ဗျာ၊ မာတာလာမှာ လမ်းပြရှိနေမယ်၊ ဆီရော၊ အပိုပစ္စည်းရော အစုံအလင်နဲ့ ဂျစ်ကားနှစ်စင်းကလဲ စောင့်နေမယ်ဗျာ"

"အဲဒီမှာ ဘီဒူး အာရပ်အရိုင်းတွေ ရှိနေတယ်မဟုတ်လား"

"သူတို့က သူတို့ကိစ္စနဲ့ သူတို့ပါဗျာ"

"လက်နက်ကရော..."

"ယူသွားလို့ရပါတယ်၊ ဇစ်ကာတော့ မရှိဘူး၊ ဆောရီးပဲဗျာ"

"လေယာဉ်ပျံက ဟက်ဆီမှာ ဆင်းလို့ရမလား"

"ရတယ်"

"ကဲ....ဆက်ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"လူနှစ်ယောက်လဲ အပိုထည့်ပေးလိုက်မယ်၊ ကျင့်သားရနေတဲ့ လူတွေပဲ"

"အာရပ်တွေလား"

"တယောက်ကအဖြူ၊ တယောက်က အမည်း"

"အမည်းက..."

"ပိုဘရန်းတဲ့"

"ဘုရား....ဘုရား"

ဘွတ်ဇ်က ညည်းလိုက်သည်။

"တယောက်က ပြင်သစ်လူမျိုးပဲ"

"သူတို့က သွားရမယ့်ခရီးကို သိတယ်ပေါ့"

"သိတာပေါ့ဗျ"

"ကောင်းပြီလေ၊ ကျုပ်တို့ ခင်ဗျား အစီအစဉ်ကို လက်ခံလို့ သွားကြမယ်ဆိုယင် ဘယ်တော့လောက် အမြန်ဆုံး ထွက်နိုင်မလဲ"

"မနက်ဖြန် မနက်ပဲ"

ဒီကွန်သည် သူ၏ လက်ပတ်နာရီကို ကြည့်လိုက်သည်။ နာရီက ညဉ့် ၁၂-နာရီ ထိုးရန် ၁၅-မိနစ်အလို ပြနေသည်။

"ဟုတ်ကဲ့လားဗျ၊ မနက်မှာ တကယ်ပဲ ခရီးထွက်နိုင်ပါ့မလား"

"အိုဗျာ.... ဒါလောက်တော့ ၇-နာရီ၊ ၈-နာရီ အတွင်း စီစဉ်လိုက်ယင် ဖြစ်ပါတယ်"

ဘွတ်ဇ်သည် လေချွန်လိုက်မိသည်။ လျှို့ဝှက်၍ သိရန် ခက်လှသော မီးလ်ဘန်းကို သဘောကျသွားမိသည်။

"ဘယ်လောက်ပေးရမလဲ"

"ကျွန်တော့်အတွက်တော့ ပေါင်နှစ်ရာ၊ ဖရော့နဲ့ ဟို....အမည်းကောင် အတွက်တော့ ခင်ဗျားဘာသာခင်ဗျား သူတို့ကိုပြောပါ"

"ချက် ပေးလို့ရမလား"

"ဆောရီး၊ ငွေသားမှ...."

"ကျုပ်မှာ ခု....ပေါင်နှစ်ရာ မပါဘူးဗျ"

"ကပ္ပတိန်ကလဲဗျာ၊ မနက် (၈) နာရီဆိုယင် ဘဏ်တွေ ဖွင့်တဲ့ ဥစ္စာပဲ"

"ခင်ဗျား....ခုပြောတဲ့ အစီအစဉ်ကို ကျုပ်တို့ လက်ခံတယ်၊ လက်မခံဘူးဆိုတာကို ဘယ်တော့လောက် ကျုပ်တို့ ပြန်ပြောရမလဲ"

"ခင်ဗျားတို့ ကြိုက်တဲ့အချိန်ပြောပါ၊ အင်း....ဒါပေမယ့် မြန်လေ ကောင်းလေပေါ့ဗျာ"

"ရှိုင်းတယ်လို့တော့ မထင်ပါနဲ့ဗျာ၊ ကျုပ်နဲ့ ဆာဂျင်ကင်းဖဲလ်နဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်ဗျာ၊ ကျေးဇူးပြုပြီး...."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ၊ ဟိုဘက်ခန်းထဲမှာ သွားပြောနိုင်ပါတယ်၊ ခင်ဗျားတို့ သဘောရှိပါဗျာ"

ဒီကွန်နှင့် ဘွတ်ဇ်သည် တဘက်ခန်းသို့ ကူးလာခဲ့ကြသည်။ ခေါင်းပေါ်မှ ပန်ကာက လည်နေသည်။ ပြတင်းပေါက်မှ ပျံ့လွင့်ဝင်လာသော အပြင်ဘက် ဥယျာဉ်တွင်းမှ သီးပင် စားပင်တို့၏ ရနံ့က အခန်းတွင်း၌ မွှေးကြိုင်နေသည်။

"ဂျက်ဖ်၊ ဒီ ပေါကြောင်ကြောင်ကောင် ပြောတာ လက်မခံဘူး မဟုတ်လား"

ဟု ဘွတ်ဇ်က ပြောရာ၊ ဒီကွန်က....

"သူပြောသမျှ မှန်နေယင်ကော...."

"မှန်တယ်ပဲ ထားပါတော့၊ ကျုပ်တို့ လေးယောက်နဲ့ ဘာ သွားလုပ်နိုင်မှာလဲ"

"ဒါကတော့ ဟိုကျမှပဲ သိရမှာပဲကွာ"

"ငွေ ဘယ်လိုရှာမလဲ"

"ငွေရေး ကြေးရေးအတွက် မပူနဲ့၊ ကိုယ်... တာဝန်ယူနိုင်ပါတယ်"

"ဟင် ...ခင်ဗျားအိတ်ထဲက ငွေထုတ်မလို့ လား"

"ငွေဆိုတာ မဟုတ်တဲ့နေရာမှာ ဖြုန်းပစ်လဲ ကုန်တာပါပဲ၊ ဒီမယ် ဘွတ်ဇ် မီးလ်ဘန်း သတင်းက မှန်နိုင်တယ်၊ ဒီလူက ကြည့်တော့သာ ပေါကြောင်ကြောင် ထင်ရတာ၊ တကယ်ကျတော့ ပေါကြောင်ကြောင်လူ မဟုတ်ဘူး"

"သူက ခင်ဗျားဆီက ပေါင်နှစ်ရာခွာ၊ နောက်....ကျွန်တော်တို့ကို သဲကန္တာရထဲ လေယာဉ်ပျံနဲ့လွှတ်လိုက်၊ ဘုမသိ၊ ဘမသိ လိုက်သွားကြလို့ ဟိုကျတော့ အခြေအနေကမဟန်၊ ကျွန်တော်တို့ ပြန်မလာနိုင်ပဲ ဖြစ်နေယင် ဘယ်သူကသိမလဲ၊ ကျွန်တော်တို့တော့ လစ်ကြပြီ၊ စစ်ပြေးဖြစ်ပြီလို့ ထင်တဲ့လူက ထင်ကြမှာ၊ အဲ .. ကျွန်တော်တို့ နှစ်ယောက်ကတော့ သဲကန္တာရထဲမှာ အခန့်သား သေနေကြယင် ကျွန်တော်တို့ မြေပုံထိပ်မှာ လက်ဝါးကပ်တိုင်တောင် စိုက်နိုင်မှာမဟုတ်ဘူး"

"မီးလ်ဘန်းက ဒီလို ဖြစ်အောင် လုပ်မယ့်လူစား မဟုတ်ပါဘူး ကွာ"

"ဒီလူက လှီးတဲ့ လူစားဗျ"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့်....သူက တို့လို အင်္ဂလိပ်ပါ ကွာ"

"ကျွန်တော်တော့ ဒီလို လုပ်ချင်တယ်၊ မီးလ်ဘန်းကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်....မလုပ်တော့ဘူး ဆိုပြီး ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ လိုက်ကြမယ်လေ၊ ကာကောင်းယင် တပ်ကို ၄၈-နာရီအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်မှာပဲ၊ လေယာဉ်ပျံကလေး ဘာကလေးနဲ့သွားယင်လဲ သွားနိုင်မယ်၊ ပိုင်းလော့ တယောက် နှစ်ယောက် ကျွန်တော် သိတာရှိပါတယ်”

“ပီတီလဲ အဲဒီ တပ်ဖွဲ့နဲ့ ပါသွားမှာပဲ”

ဒီကွန်က ပီတီဟု ပြောလိုက်လျှင်ပင် ကင်းဗဲလ်မှာ ဆွံ့အ သွားသလို ဖြစ်သွားသည်။ သူက မိုးလ်ဘန်း၏ အစီအစဉ်ကို လက်မခံရန် ကန့်ကွက်နေသည်။ သူ ထပ်မပြောတော့။ ဒီကွန်က ဆက်ပြန်သည်။

“ပြီးတော့....ကာနယ်ဟုမ်း၊ မင်း....စဉ်းစားကြည့်စမ်း၊ ကာနယ်ဟုမ်းလို လူကို ဂက်စတာပိုက ဘယ်လောက်များ လိုချင်လိုက်မလဲလို့၊ မိုးလ်ဘန်း ပြောတဲ့အတိုင်းဆိုယင် ဇီကနေ့ပဲ ရန်သူ့ရဲ့ခန်းကို ဟုမ်းတို့ ဝင်စီးကြတာပဲ၊ ဒါကိုလဲ ကိုယ်ယုံတယ်၊ ဒီတော့....ဟုမ်းတို့ဟာ ဂျာမန်တွေ လက်ထဲ ကျသွားပြီဆိုယင် ခုလောက်ဆို နာရီပေါင်း ၁၂-နာရီကျော်လောက် ရှိနေပြီ၊ ခုထိ တခြားကို မရွှေ့မပြောင်းသေးဘူးဆိုယင် မကြာခင်မှာပဲ ပြောင်းတော့မှာပဲ”

“ပီတီ ဆိုတဲ့ အကောင်ကတော့ သုံ့ပန်းအဖြစ် ခံမယ့်အကောင်မဟုတ်ပါဘူးလေ”

“ဒီလိုဆို ဒီကောင် သဲကန္တာရထဲမှာ ဂျစ်တဇင်းနဲ့ ပတ်ချာ လှည့်ပြေးနေရပြီပေါ့”

“ကောင်းပါပြီ...ကောင်းပါပြီတဲ့၊ ခင်ဗျားမှာလဲ ဦးနှောက်တမျိုး ဖြစ်သွားပြီ ထင်ပါတယ်၊ အိုကေ... ကျွန်တော်လုပ်မယ်၊ ခင်ဗျား ဘာလုပ်ချင်သလဲပြော၊ အကုန်လုပ်မယ်၊ ဒါ....ခင်ဗျားပွဲပါပဲ”

“ကိုယ်လုပ်ချင်တာက ပထမ ရှုံးနဲ့ ဆက်သွယ်မယ်၊ တို့ကံကောင်းယင် သူ အယ်လက်ဇန္ဒား ဌာနချုပ်မှာ ရှိချင်ရှိနေဦးမယ်၊ သူ ဟုမ်းတို့ဆီက ဘာသတင်းမှ မရဘူးဆိုယင် တို့ဘာသာ တို့ချမယ်၊ တွမ်ရှုံးက တို့ကို မသွားနဲ့ ဘာနဲ့တော့ တားမှာမဟုတ်ဘူး၊ ဒီလို သဲကန္တာရထဲကို ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလွှတ်ဖို့ ဆိုတာက လွယ်တာမဟုတ်ဘူး၊ အချိန်အတော်ယူလုပ်ရမှာ၊ အေး....လေထီးဆင်းနိုင်ယင်တော့ ကောင်းသပေါ့၊ အာရ်အေအက်ဖ် ကလဲ ဒီကိစ္စမျိုးကျတော့ သိပ် စိတ်ဝင်စားကြတာ မဟုတ်ဘူး”

ဘွတ်ဇ်က ခေါင်းညိတ်ပြလိုက်သည်။

“ခင်ဗျား မှန်ပါတယ်၊ ဒီကိစ္စမျိုးက မြန်မြန်လုပ်နိုင်မှ....”

“တို့ သွားယင် .... ဟက်ဆီမာတာလာကို အရှေ့တက်လောက်အရောက်သွားမှပဲ”

“အရှေ့တက်လောက် ဟုတ်လား၊ ကျွန်တော်တို့ တွက်ချင်မှာက မနက် (၈) နာရီလောက်၊ လေယာဉ်ခရီးက (၆) နာရီလောက် ပျံရမယ် ဆိုဗျ”

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလေကွာ၊ အားနိုးလ်က မြန်သထက်မြန်အောင် စီစဉ်ပေးပါလိမ့်မယ်"

"နေပါဦး၊ ဘဏ်တွေက မနက် (၈) နာရီမှ ဖွင့်မှာဆိုတော့ ငွေက ဘယ်လိုလုပ်ရမှာတုန်း"

"ဘဏ်တွေဟုတ်လား"

ဒီကွန်က ဘဏ်တွေဟူသည့် စကားလုံးကို ရွံရှာဟန်ဖြင့် ပြောလိုက်ပြီး၊ ဆက်လက်၍....

"ဒီမယ်....ကိုယ့်လူ၊ ကိုယ်ဟာ မှူးကြီး မတ်ကြီးရဲ့ သားပါကွာ၊ ကိုယ့်စကားက ကိုယ့်ခံဝန်ချက်ပဲ၊ ဒီငွေကို တနာရီအတွင်းမှာ ရအောင် လုပ်ပြမယ် .. ကြည့်၊ တနာရီတောင် မကြာစေရဘူး"

ဘွတ်ဇ်ကင်းဖဲလ်အဖို့ ခဏမျှ မှင်သက်မိသလို ဖြစ်နေသည်။ နောက်သူက ပြောလိုက်သည်။

"ကျွန်တော်ဖြင့်ဗျာ... ခု....တကယ် ဖြစ်နေတယ်ဆိုတာ သိနေလို့ပေါ့ဗျာ၊ ဒါမှမဟုတ်ယင် ကျွန်တော်တို့နှစ်ယောက် ဆေးခြောက်မူးပြီး အိပ်မက် မက်နေသလား အောက်မေ့မိမယ်"

"ဒါ... အိပ်မက် မဟုတ်ဘူး ကိုယ့်လူ၊ အလ်ဟာရောက်ဆီက တို့ကပ်ဖွဲ့မှာတော့ ငရဲခံနေရသလား အောက်မေ့နေကြမယ်ကွာ"

"ဘယ်လိုများ ဖြစ်ကုန်ကြသလဲ မဆိုနိုင်ပါဘူးဗျာ"

"အေး....ဘယ်လို ဖြစ်ကြတယ်ဆိုယင် တို့ခု....ပေါင် ၂၀၀-ပေးပြီး သွားကြည့်ကြတော့ တွေ့မှာပဲ"

"ခင်ဗျားက ပီဘီကိုရော တခြားလူတွေကိုပါ စိတ်ပူတယ်ဆိုတာကို ကျွန်တော် ယုံပါတယ်၊ ဒါပေမယ့်....ခင်ဗျားကို အဘိုးကြီးက ကြဉ်ထားခဲ့လို့ ခင်ဗျား ခံနေရတယ် မဟုတ်လား၊ ဒါနဲ့ ခင်ဗျားက ခုလို ငွေအကုန်ခံပြီး အဘိုးကြီးက ချန်ထားတဲ့ပွဲမှာ ပါကိုပါရအောင် ခင်ဗျား လုပ်နေတာ မဟုတ်လား"

"ဟုတ်ချင်လဲဟုတ်မယ်ကွာ"

ဒီကွန်က မတင်မကျ ဝန်ခံသည်။ ဆက်လက်၍လည်း....

"ကိုယ့်ရည်ရွယ်ချက်က ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ ဒါက ဘာအရေးကြီးသလဲကွာ"

"ဟာ...မကြီးပါဘူး၊ မကြီးပါဘူး၊ ဒါက ဘာမှ အရေးမကြီးပါဘူး၊ ကျွန်တော်တို့ ကောင်ကလေး ဒုက္ခရောက်နေတဲ့အထဲက ဆွဲထုတ်ဖို့ အရေးကြီးပါတယ်၊ ကျွန်တော်တို့ သူ့အတွက် ဒါလောက်တော့ လုပ်ကြရမှာပဲ...မဟုတ်ဘူးလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မှန်တယ်၊ နောက်တခု ရှိသေးတယ်၊ ကိုယ့်စိတ်ထဲမှာ ဒီကောင်ကလေး လွတ်ပြေးနေတယ်လို့ပဲ ထင်နေတယ်၊ ဘာကြောင့် ဒီလို ထင်နေလဲလို့တော့ မမေးနဲ့....မဖြေတတ်ဘူး"

"ဖြေစရာမလိုပါဘူးဗျာ၊ ဒီကောင်လေးအကြောင်း ကျွန်တော်တို့ နှစ်ယောက်လုံး သိသားနဲ့၊ ဒီခွေးကောင်လေးကို ဘယ်လိုမှ ဖျက်ဆီးပင်လို့ ရမယ့်ကောင်စားမျိုး မဟုတ်ဘူး၊ ဖျံကလေးလိုလျင်တဲ့ ကောင်လေး၊ ဒါပေမယ့်ဗျာ....သဲကန္တာရကြီးက ရောမ အကျယ်ကြီး၊ ဒီကောင် ဂျာမန် စာ မဖြစ်ခင် ကျွန်တော်တို့နဲ့ တွေ့ပါစေလို့ အောက်မေ့ရတာပဲဗျာ"

"ဒီကောင် လျှောက်ပြေးနေနိုင်ယင်တော့ တို့နဲ့ တန်းတွေ့မှာပဲ၊ ဒါမေယ့်....တခု မင်း သိစေချင်တာက ဟုမ်းအတွက် ကိုယ် ဒီပွဲကို ဝင်နွှဲတာပဲ၊ ဟုမ်း သာလျှင် ပထမ၊ ဟုမ်းသာလျှင် အဓိကပဲ၊ တခြားဟာ တွေက နောက်မှ လျှောက်လျှားပဲ"

"အား.... သိပြီ၊ သိပြီ၊ ဟုမ်းကို ခင်ဗျားက ချဉ်နေတာနဲ့ ခင်ဗျာ ဘယ်လောက် သတ္တိရှိတယ်၊ ဘယ်လောက် လူစွမ်းကောင်း ပီသတယ်ဆိုတာ ပြချင်လို့ပေါ့ ဟုတ်လား"

"မဟုတ်ဘူး၊ ဟုမ်းကို ဂတ်စတာပိုတွေလက်က လွတ်အောင်လို့ပဲ တို့ ဟုမ်းကို ရမှဖြစ်မယ်၊ တို့အားလုံး ဟုမ်းရှိမှဖြစ်မယ်၊ တို့ရဲ့ အက်စ်အေ အက်စ် တပ်တစုတဝေးတည်းဖြစ်နေအောင် ဟုမ်းလိုအရာရှိကြီးတွေက ကိုင် ထားတာ၊ သူမရှိယင် အက်စ်အေအက်စ်ကို ဖြုက်သိမ်းပြီး အရာရှိအရာ တပ်သားတွေကို ဟိုပို့သည်ပို့ ခွဲပို့လိုက်ကြတော့မှာ၊ ဒီသဲကန္တာရ စစ်ဆင် ရေး ပြီးယင်တောင် တို့တပ်ကိုအဖျက်မခံနိုင်ဘူး၊ ဟုမ်းလို ထိပ်တန်းအရာရှိ ကြီးမျိုး ရှိနေဖို့က အရေးကြီးတယ်ကွ"

"ဒီအကြောင်းပြချက်ကို လက်ခံပါတယ်"

"ကဲ- ကိုယ့်လူ၊ ကိုယ့်ဘက်သားပဲမဟုတ်လား"

"အို.... စိန်လိုက်၊ ဘယ်ကိုသွားရ သွားရ၊ ဘာလုပ်ရ လုပ်ရ"

\+ \+ \+

ဒီကွန်နှင့် ကင်းဗဲလ်တို့ အထက်ပါအတိုင်း ပြောဆိုနေကြချိန်ဝယ် ကိုင်ရိုနှင့် မိုင်ပေါင်း တထောင့်ငါးရာခန့်အကွာအဝေးရှိ သဲကန္တာရကြီး အတွင်းဝယ် ပီဘီမက်နဲယားဆိုသူသည် မပျက်မဆီး၊ သူ့ခန္ဓာကိုယ်နှင့် အသက် တည်ဆဲ တည်မြဲလျက် ရှိနေချေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပီဘီသည်ကာနယ်ဟုမ်းအား နှံအေးမှထားပြီး ရန်သူ့စခန်းအတွင်းမှ ဂျာမန်တို့၏ နောက်ဆုံးရွက်ဖျင်တဲကို ကျော်ကာ မူလ သူတို့စထွက်ခဲ့ကြသည့် တောင်ကုန်းရှိရာသို့ ဂျစ်ကားကို အပြင်းမောင်းထွက်လာခဲ့ရာ နောက်မှလည်း ရန်သူများ လိုက်မလာခြင်း မရှိသဖြင့် သူ့စိတ်ခေတ်တက်ကြွနေသည်။ သို့သော် ....

ခဏကြာသော် တောင်ကုန်းတလျှောက်ပေါ်၌ တန်းစီနေကြသော ဂျာမန်များကို လှမ်းမြင်လိုက်ရ၍ တက်ကြွနေသော စိတ်ခေတ်များ ဖြုန်းဆို ကုန်ခမ်းသွားတော့သည်။

မိမိ သည်စက်ကွင်းမလွတ်ပြီဟု ပီဘီက တွက်လိုက်သည်။

စကော့ လူမျိုးတို့ကား အရိုင်းအစိုင်းခေတ်က တိုက်ပွဲတိုက်နည်းတွင် ကျွမ်းကျင် လိမ္မာကြသူများ ဖြစ်သည်။ ဘွတ်ဇ်က ပီဘီနှင့်ပတ်သက်၍ ပြောဖူးသည်။ ပီဘီသည် ပိုက်ကွန်နှင့် ဆူးခထောက်နှင့် တိုက်ရမလား၊ လေမှုတ်အဆိပ်လူးမြှားနှင့် လှံနှင့် တိုက်ရမလား လျှင်လှသည့် လူစားမျိုးဖြစ်သည်ဟု ပြောဖူးသည်။ သို့ပြောသည်ကို ပီဘီကတော့မသိ။ သို့သော် သူသည် ဤခေတ်သစ် စစ်ရေးစစ်ရာတွင်မူ သူ့အကြိုက်တခု ရှိသည်။ ၎င်းမှာ အခြားမဟုတ်။ လီးအင်ဖီးလ်ရိုင်ဖယ်နှင့် အဝေးမှထိမှန်အောင်ပစ်နိုင်သည့် အချက်ပင် ဖြစ်သည်။ ထို့ပြင်လည်း သူ၏ လျှင်မြန်ဖြတ်လတ်မှုဖြင့် ရန်သူကို ရှောင်တိမ်းတတ်ခြင်းပင် ဖြစ်၏။ သူကား ကြောက်သည်ဆိုခြင်းကို အတွေ့အကြုံ မရှိခြင်းနှင့် သူ၏ ခေါင်းကောင်းမှုတို့ကို ဂုဏ်ယူသူဖြစ်သည်။

သို့သော် ယခု သူ့တွင် ဂျစ်ကားကပါနေသည်။ ပီဘီသည် ဤ စက်ကမ္ဘာယာကောင်ကို သူ့ ရိုင်ဖယ်သေနတ်လောက် မယုံကြည်။ ဂျစ်ကားကို မောင်းလို့သာ မောင်းနေရသည်။ ဤကားသည် ဘယ်အချိန် တာယာ ခိုက်ကွဲထွက်မလဲ။ ဘယ်နေရာမှာ အင်ဂျင်ပျက်မလဲ၊ သို့မဟုတ် ဝက်အူထွေ ကျွတ်ထွက်မလဲ တွေးပူနေရသည်။

သို့သော် ဤဂျစ်ကားက အတူ ပြုပြင်ထားသည့် ဝီလီအမ်ဘီဂျစ်ဖြစ်သည်။ ဒီဇိုင်းပုံစံနှင့် တပ်ဆင်ပြုလုပ်ထားကြပုံမှာ တောလမ်းခရီးကြမ်းနှင့် သင့်လျော်အောင် တည်ဆောက်ထားခြင်းဖြစ်ပြီး မကြာသေးမီကလေးကပင် အဟောင်းလဲ အသစ်တပ်စဖြစ်သဖြင့် အိုဗာဟောလ် ပြုလုပ်ထားသည့် ဂျစ် ဖြစ်သည်။ ပီဘီစိုးရိမ်သလို ဂျစ်က ဘယ်လိုမှ ဒုက္ခမပေးနိုင်။

ဂျစ်ကားသည် မြောက်စူးစူးသို့ ဦးတည်ပြေးနေလည်း။ သည်ဘက်သို့ ပီဘီက မသွားလို။ သို့သော် သည်မြောက်အရပ်ဘက်သို့ မတတ်သာ၍ မောင်းနှင် လာခဲ့ရသည်။ ဤသို့ ဂျစ်ကားကို ဆွဲကွေ့လိုက်သည်နှင့် ပြေးလိုသည့် လမ်းနှင့် ဒီဂရီ ၉၀ ခန့် စောင်းထွက်သွားပြီး တောင်ကုန်တန်းပေါ်ရှိ ရန်သူများနှင့် ထိပ်တိုက်မဟုတ်တော့ပဲ မျဉ်းပြိုင်ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူများ ပစ်ခတ်နေကြသည်မှာလည်း ကုန်း၏တဘက်သို့ မဲပစ်နေကြောင်း သတိပြုမိသည်။ မော်တာများ တဒိုးဒိုးဖြစ်နေပြီး စက်သေနတ်သံများက တကပ်ပြီးတကပ် အဆက်မပြတ် ထွက်နေသည်။ မည်သူကမျှ သူ့အား လှမ်းပစ်ခြင်းမရှိ။ သူက နောက်ပြန်လှည့်ကြည့်မိ၏။ သူ့နောက်က ဂျာမန်ရှမစ် တင့်ကားတစီးတလေများ လိုက်လာသလားဟု။ သို့သော် သူ့နောက်တွင် သူ့ရဲဘော်များ နောက်ဆုံးရှိနေသည့် နေရာများမှ ဖုန်တထောင်းထောင်း ထနေသည်ကိုသာ မြင်ရပြီး ဤပိတ်ဆို့နေသော ဖုန်ထုက သူ၏ပြေးလမ်းကို ဖုံးကွယ်ပေးထားသလို ဖြစ်နေသည်။

'ကွန်ကာ'ဂျာမန်လေယာဉ်ပျံများ သူ့ခေါင်းပေါ် ဝဲပျံလာသော အခါ ပီဘီသည် ကြောက်လန့်မိသည်။ ဂျင်လင်းကိုင်ဘီးကို ဝေ့ယမ်း၍ တရကြမ်း မောင်းသည်။ သို့သော် လေယာဉ်ပျံများက သူ့ခေါင်းပေါ်မှ ဝဲပြီး လေယာဉ်ကွင်းအတွင်းသို့ ထိုးဆင်းနေသည်ကို တွေ့ရသည်။

"ဂျာမန်တွေ ဆီပြတ်ပြီနဲ့တူတယ်၊ ဒါကြောင့် ကွင်းထဲပြန်ဆင်းနေတာနဲ့ တူတယ်"

ဟု ပီဘီက ထင်မိသည်။ ဂျာမန် လေယာဉ်သမားများလည်း၊ ခာတ်ဆီကို ငွေနှင့်ချင်၍ တွက်တတ်သူများဖြစ်သည်။ သူတို့လည်း ဗြိတိသျှလေယာဉ်ကွင်းမှ ခာတ်ဆီကိုင်သည့် စာရေးများကဲ့သို့ဖြစ်လျှင် သူတို့၏ လေယာဉ်သမားများသည် သူတို့တိုင်ကီထဲမှ ဆီအတိုင်းအတာကို ယုံကြည်ကိုးစားရကြမည် မဟုတ်ကြ။

ပီဘီ၏ဘေးတွင် ကာနယ်သည် ကုန်းကုန်းကြီး လိုက်ပါလာသည်။ လက်မှအနာက နာလွန်းသဖြင့် မျက်စိကိုစုံမှိတ်ထားသည်။ ပါးစပ်မှလည်း အမြှုပ် တစီစီထွက်နေသည်။

ပီဘီ၏ဂျစ်ကားသည် လေယာဉ်ပျံကွင်းနှင့် ဝေးသည်ထက် ဝေးကွာလာခဲ့ပြီ၊ ကျန်ကာ လေယာဉ်ကြီးများသည် တောင်တန်းကလေးပေါ်မှ တစင်းပြီးတစင်း ပေါ်လာကာ လေယာဉ်ကွင်းထဲသို့ ထိုးဆင်းနေကြသည်။ တိုက်လေယာဉ်ပျံများ၏ အရိပ်အရောင်ကား မတွေ့ရ။

ဂျစ်ကားသည် မီးလောင်နေသော ခာတ်ဆီလှောင်ကန်များမှ ထွက်ပေါ်လာသည့် ကြီးလှသည့် ထီးသဖွယ်ဖြစ်နေသော မီးခိုးမည်းမည်းများ အောက် မြေမာမာပေါ်ဝယ် အပြင်းနှင်လျက်ရှိရာ ကားအရှိန် မြင့်လာသည်နှင့်အမျှ ပီဘီမှာလည်း ကျေနပ်မှုမြင့်လာလေ ဖြစ်နေသည်။

မျက်လုံးများ ကျိန်းစပ်၍ပင်လာပြီ၊ မြေညီညီတွင် ဂျစ်ကား၏အရှိန်ကို မလျှော့ရဲသေး။ မီးခိုးများ၊ လေယာဉ်ပျံများသည် နောက်တွင် ကျန်ခဲ့ပြီး သူ့ရှေ့တွင်မူ ကောင်းကင်ပြင်က မိုးတိမ်မရှိ၊ ပကတိ အပြာအတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



ရှုန်းထနေသော လပိုင်ငါးသဏ္ဍာန် သဲကုန်းကလေးများ၏ အရိပ်များက လမ်းပြမြေပုံ အမှတ်အသားများသဖွယ် ဖြစ်နေသည်။ တကယ်တော့ လမ်းကြောင်းဟူ၍မရှိ။ ဂျာမန်များနှင့်ဝေးရာသို့ ပြေးနေခြင်းသာ ဖြစ်သည်။

ပီဘီ၏စိတ်က အလိုလို သိနေသည်။ ' မကြာမီပင် ဂျာမန် တိုက်လေယာဉ်ပျံများ ပြန်လာလိမ့်မည်။ အယ်လ်ဟာရေကုန်ဆီတဝိုက် မိုး ကောင်းကင်မှ ကင်းထောက်ရှာဖွေမည်။ အက်စ်အေအက်စ် ဂျစ်နှင့်တူသမျှ ဘာမဆို တွေ့လျှင် ကောင်းကင်မှ တဟုန်ထိုးဆင်းကာ ဗုံးကြဲ တိုက်ခိုက်ကြပေလိမ့်မည်။ မြေပြင်မှ သူတို့၏ကင်းတပ်ဖွဲ့များကိုလည်း မိမိရှိရာသို့ ညွှန်ကြားလိမ့်မည်။ ဤသို့တွက်မိပေလေ၊ ပီဘီသည် သူ၏ဂျစ်ကားကို ဝေးနိုင်သမျှ ဝေး အောင် နှင်လေလေ ဖြစ်သည်။

ပီဘီသည် 'ဂရိတ်စတင်းဆင်းဆီ' ခေါ် မဟာသဲကန္တာရ သဲပင်လယ်ကြီးဆီသို့ ဦးတည်ပြေးနေသည်ဟု စိတ်က မသေမချာ ထင်နေသည်။ ထို မဟာ သဲပင်လယ်ကြီးကား အဆုံးအစ မရှိ၊ မိုင်ပေါင်းများစွာ ရှည်လျားကျယ်ပြန့်ပြီး၊ လူ သူ အရောက်အပေါက်မရှိ၊ သင်္ကေတ အမှတ်အသား မြေပုံဟူ၍လည်း ရှိသည်မဟုတ်။

သို့သော် သူမတတ်နိုင်ပြီ။ ဤအခြေအနေသို့ ရောက်နေမှတော့ ဘသည့်ပြန်၍လည်း မဖြစ်။ အခြား ပြေးစရာလမ်းလည်း မရှိ။ ဤနေရာမှ လှည့်ပြေးလျှင်လည်း သေတွင်းထဲ ပြန်သည်နှင့် တူတော့မည်။ ဘာပဲ ဖြစ်ဖြစ် ပီဘီသည် ဤအတိုင်း အတန်ငယ် ခရီးနှင်မည်။ နောက် ဂျစ်ကားကို ဝှက်၍ ညမှောင်သည်အထိ ခိုနေမည်။ ညအချိန်ရောက်၍ ကြယ်များထွက်လာသော် မိမိအား လမ်းပြနိုင်မည့် ကြယ်တလုံးမဟုတ် တလုံးကို တွေ့လိမ့်မည်ဟု သူက ယုံကြည်သည်။ သူ့လည်ပင်းတွင် လမ်းညွှန်အိမ်မြှောင် ချိတ်ဆွဲပါရှိသည်။ သူသည် ညအမှောင်ထုအောက်ဝယ် ဟက်တီမာတာလာသို့ ပြန်ဆုတ်၍ မောင်းသွားနိုင်လိမ့်မည်။ လမ်းခရီးတွင်လည်း ရေရနိုင်သည့် ဒေသများကို တွေ့လိမ့်မည်ဟု မျှော်လင့်ထားသည်။

သူ့စိတ်ထဲတွင်စိတ်ကူးမိမှ ပီဘီ၏စိတ်များ ငြိမ်သွားသည်။ သည်တော့မှလည်း ဂျစ်ကား၏ အချက်ပြဒိုင်ခွက်များကို စစ်ဆေးကြည့်မိသည်။ ဆီ-ရေ-လေ-အားလုံးကောင်းနေဆဲ။

ဂျစ်ကားသည် သဲမာမာပေါ်ဝယ် တနာရီလျှင် မိုင် ၄၀ နှုန်း ပြေးလျက်ရှိသည်။ သူသတိထား၍မောင်းပါက သဲတွင်းများအတွင်း ကျွံကျနိုင်မည်မဟုတ်။ သည်အတိုင်း ခပ်မှန်မှန်မောင်းလျှင် ခရီးအတန်ငယ် ပေါက်ဦးမည်။ သူသည် သူ့လက်မှနာရီကို ကြည့်လိုက်သည်။ ဟင်.... ၁၅ မိနစ်ပဲ ရှိပါသေးကလား။ ရန်သူ၏ လေယာဉ်ကွင်းကို မစီးမီနှင့် ကွင်းတွင်းမှ ထွက်ပြေးခဲ့သည်အထိ အချိန်များစွာ ကြာခဲ့ပြီဟု ထင်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဟုမ်းကား ခံစားနေရရှာသည်။ ပီဘီလည်း သူ့အတွက် ဘာမှမတတ်နိုင်။ ဂျစ်ကားကိုဝှက်ပြီး ခိုနေဖို့ကောင်းသည့် အကွက်အကွင်း ရောက်သည်အထိ ရှေ့သို့ ဆက်လက်နှင်ရပေဦးမည်။

အနောက်စူးစူး အရပ်၊ အယ်ဟာရောက်ဆီမှ (၇)မိုင် ဝေးခဲ့ပြီ။ သေယာဉ်ပုံကွင်းသည် မိုးကုပ်စက်ဝိုင်းအတွင်း ဝပ်ကျန်ခဲ့သည်။ တရိပ်ရိပ် အပူလှိုင်းများနှင့် ငှက်ကုလားအုပ်အမြီးသဖွယ် ကြည်လင်နေသော ကောင်း ကင်ထဲသို့ တလိပ်လိပ် တွန့်တက်နေသည့် မီးခိုးမည်းမည်းကြီးများကိုသာ မြင်ရသည်။

သူ၏အခြားရဲဘော်များ ဘာဖြစ်ကုန်ကြသနည်း။ သူ့လိုပင် ရန်သူကို အပြတ်ဖြတ်နိုင်ခဲ့ကြသလော။ 'လွတ်မြောက်ရေးအဖွဲ့' ခေါ် ဆုတ်လျှင် အလွယ်ဘကူ အသင့်ဆုတ်နိုင်ရန် တောင်ကုန်းပေါ်တွင် ချန်ထားခဲ့သည့် ဂျစ်ကားအဖွဲ့ရော ဘယ်ရောက်သွားသနည်း။ ပီဘီအဖို့ များများတွေးစရာ မလို။ သူတို့ကား ဂျာမန်စာဖြစ်ကုန်မည်မှာ သေချာလှသည်။ သူတို့သည် ဂျာမန်လေယာဉ်များ၏ဘေးမှ လွတ်သည်ဆိုဦး။ အသင့်စောင့်နေကြသည့် မြေပြင်ကင်းတပ်ဖွဲ့များ၏ မော်တာဘေးမှ လွတ်ကြမည်မဟုတ်။

အကယ်၍ တစုံတယောက်သည် မော်တာကျည်ဆန်ကြားမှ လွတ် ထွက်သွားသည် ဆိုဦး။ ဂျာမန်များက ကောက်သင်းကောက်သလို တဦးစီ လိုက်၍ ဖမ်းဆီးခြင်းကို ခံရပေလိမ့်မည်။ ဂျာမန်များသည် သူတို့၏ အထူး လျှို့ဝှက်ထားသော ဘန်ဖိုးများစွာထားသော တန်ဖိုးကြီးမားလှသည့် လျှို့ဝှက် လေယာဉ်ကွင်းကြီး၏ အကြောင်းကို အပြင်သို့ မည်သို့မျှအပေါက်ခံ လိမ့်မည်မဟုတ်သည်မှာ သေချာလှသည်။

ရန်သူများအဖို့ သူတို့ဘက်တွင် အမျိုးမျိုးအသာရနေသည်။ တဆယ့် နှစ်နာရီခန့် နေရောင်ရနေသည်။ သည်အတွင်း များစွာဝေးလံသည့်အရပ် သို့ ရောက်နေကြသည်မဟုတ်သော မိမိတို့၏ ရဲဘော်များကို ရှာဖွေရန်အချိန် များစွာရှိနေသည်။ ထို့ပြင် ကောင်းကင်သို့တက်၍ ထောက်လှမ်းရန် လေ ယာဉ်ပုံများ လိုသလောက်ရှိနေသည်။

သဲလွင်ပြင်ကြီးထဲဝယ် ပုန်းစရာ ဝပ်စရာ ချုံနွယ်ပိတ်ပေါင်း ဟူ၍ လည်း မရှိ။ နောက်တချက်မှာ သူ့ရဲဘော်များ ပြေးစရာရှိသည့်လမ်းမှာ ဟာဆီမာတာလာ ဖြစ်သည်။ မိုင် ၆၀ ဝေးသည်။ ထိုလမ်းတလျှောက်တွင် လည်း ဘီဒူးဘာဘာ၊ တောရက် စသည့် အာရပ်လူဆိုးများ ရှိနေသည်။ သူတို့ကား မျက်နှာဖြူကို လိုလားသူများ မဟုတ်ကြ။ ဂျာမန်များအား မျက်နှာဖြူတယောက်ကို သုံးပဲနိဖြင့် ရောင်းစားကြမည့်သူများပင်။

"မက်နဲယား"

ကာနယ်ထံမှ အသံအစ်အစ်ကြီး ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့....တို့.... ဘယ်ရောက်နေလဲ"

"ကျွန်တော် မသိပါဘူး ဗိုလ်မှူးကြီးခင်ဗျား"

"တို့ .. တို့.... ရေဒီယိုရှိတဲ့ဆီ သွားရမယ်"

"ဟုတ်ကဲ့"

ကာနယ်ဟုမ်းသည် သူ့လက်မောင်းကိုကိုင်လိုက်မိကာ နာကျင်သဖြင့် အော်လိုက်မိသည်။

"ဒီမယ်.... နားထောင်စမ်း၊ ငါပြောတာကို"

ပီဘီက တွေးသည်၊ 'ငါလုပ်စရာရှိတာ ငါလုပ်မယ်၊ ဒီအဘိုးကြီးကို လုံခြုံရာမှာ အသာထားမယ်၊ ငါ့အစီအစဉ်အတိုင်း ငါလုပ်ရမယ်' စသည်ဖြင့် တွေးထားသည်။

"ကျွန်တော် နားထောင်နေပါတယ်၊ ဗိုလ်မှူးကြီး...."

"တို့ အစီအစဉ်လုပ်ရမယ်၊ ဒီ အစီအစဉ် ရှိမှကိုဖြစ်မယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်၊ အစီအစဉ်ကို လုပ်ကိုလုပ်ရမယ်...."

"ဟုတ်ကဲ့ဗိုလ်မှူးကြီး.... အစီအစဉ် ရှိရပါ့မယ်"

ပီဘီ က တွေးပြန်သည်။

"ခုနေမျာ....  ခေတ်ဆီအပို ငါးဂါလံလောက်နဲ့ ရေလေးပိုင့်လောက် ရလိုက်ယင်၊ ဘယ်လောက် ကောင်းလိုက်မလဲ...၊ အဘိုးကြီးရဲ့ နောက်ဆုံး အစီအအစဉ်ကတော့ တလွဲတချော်ချည်း ဖြစ်ခဲ့ပါပြီကော...."

ပီဘီသည် ဂျစ်ကား၏ဒိုင်ခွက်များကို ကြည့်လိုက်ပြန်သည်။

အယ်ဟာဆောက် ဆီမှ ၁၃-မိုင် ဝေးခဲ့ပြီ။

သဲလမ်းကလည်း တဖြည်းဖြည်း ကျဉ်းလာခဲ့ပြီ။

မက်ဆာရှယ် ဂျာမန် တိုက်လေယာဉ်ပျံများ လေယာဉ်ဆီ ထည့်ကြပါက၊ အချိန်မည်မျှ ကြာသနည်း။ လေယာဉ်ကွင်းမှာ အကောင်းပကတိ မဟုတ်တော့။ စ အတိုက်ခံခဲ့ရသည့် ဒဏ်ဖြင့် အပျက်အစီးနှင့် ယခုအချိန်အထိ ရှုတ်ရှုတ်သဲသဲ ဖြစ်နေဦးမည်ဖြစ်ရာ၊ အနည်းဆုံး လေယာဉ်ပျံတစင်းလျှင် နာရီဝက်ခန့် သို့မဟုတ်၊ သည့်ထက်အချိန်ကြာ ပေလိမ့်မည်။

"ကော်ပရယ်...."

ပီဘီ သည် ကာနယ်ဟုမ်း၏ ရှုတ်တရက် အော် လိုက် သံ ကြောင့် လန့်၍သွားမိသည်။

"ကော်ပရယ်.... မင်း ငါ့ကို ဘယ်ခေါ်သွားမလို့လဲ"

ဘုရား.... ဘုရား.... ဟုတ်လိုက်လေ၊ ဒါပဲ သူက လိုချင်နေသည်။ သူ့ဘေး ဂျစ်ကားပေါ်မှ ကာနယ်ကြီးသည် သူ့စိတ် သူ့ကိုယ် မဟုတ်ပြီ။ စိတ်ကယောက်ကယက် ဖြစ်နေပြီကော....။

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဟုမ်း သည် ပီဘီ အား အောဟစ် ပြောဆိုနေသော်လည်း ပီဘီ ကိုမကြည့်၊ မျက်ထောင့်နီကြီးနှင့် ကြမ်းတမ်းခက်ထရော်လှသည်။ သူ့မျက်နှာကြီးက ဟိုး.... အဝေးသို့ အဓိပ္ပာယ်မဲ့ ကြည့်နေသည်။

ဂျစ်ကားအောက်မှ သဲမာမာလမ်းသည် ဆုံးပြီ။

သဲပျော့များက ဂျစ်ကား၏အရှိန်ကို နှေးသွားစေသည်။ ကားစက်က အော်၍ရုန်းနေရသည်။ တာယာများက ချော်နေလေပြီ။ ဂျစ်ကားသည် ဟိုယိမ်းသည်ယိမ်းနှင့် ဖြစ်နေလေသည်။

ပီဘီ သည် ရှေ့ငိုက်နေသော ကာနယ်အား၊ နောက်လှဲမှီထိုင်စေပြီး သူက ကိုယ်ကိုတစောင်း စောင်းပြီး၊ အောက်မှ သဲပြင် ကို ကြည့်သည်။ လီဗာကိုနင်းလိုက်၊ လက်ကိုင်ကို လှည့်လိုက် လုပ်ကြည့်သည်။ နောက်.... သဲနှင့် ကျောက်စရစ်ကလေးများက ပူနေသောတာယာကို တဖျန်းဖျန်း ပက်ရနေသည်။ အသံမျိုးစုံကို နားထောင်ကြည့်မိသည်။

ဂျာမန်တို့၏ လေယာဉ်ကွင်းနှင့် ၁၈-မိုင်အကွာသို့ ရောက်ခဲ့ပြီ၊ လေယာဉ်ပျံကို မကြောက်ရတော့။

"မင်းနာမည် ဘယ်သူလဲ....၊ စီရီရယ်နံပါတ်က ဘယ်လောက်လဲ"

ကာနယ်ဟုမ်းက သူ့အား ကြောင်တောင်တောင် မေးခွန်းများ မေးနေသည်။

ဟိုး.... အဝေးကြီးဆီ၌ လေယာဉ်ပျံတစင်း ဖြူပြာနှမ်းနေသည့် ထက်ကောင်းကင်ဝယ် အမည်းစက်ကလေးမျှသာ မြင်နေရသည်။ ပီဘီက သိလိုက်ပါသည်။ မက်ဆာရှယ် တစင်း ရှာဖွေမှုပုံစံဖြင့် ပျံသန်းနေခြင်း....။

"ငြိမ်ငြိမ်နေပါ၊ ဗိုလ်မှူးကြီးခင်ဗျား...."

"ဟင်.... မင်းကငါ့ကို ခံပြောတယ်ဟုတ်လား၊ ငါဘယ်သူဆိုတာ မင်းမသိဘူးလား...."

"ခြော်.... ကာနယ်ဟုမ်းရယ်၊ တဆိတ်လောက်...."

ကာနယ်သည် ပီဘီ၏ မျက်နှာကို လက်ဝါးဖြင့် ဖြတ်ရိုက်လိုက်သည်။

ဂျစ်ကားသည် ဘေး သဲကျင်းအတွင်း ထိုးကျသွားသည်။ ပီဘီသည် သူ့မျက်နှာပေါ်မှ ကာနယ်၏လက်ကိုပင် ဖယ်မထုတ်နိုင်သေးပဲ၊ ဂျစ်ကားမှောက်မသွားရန် ကြိုးပမ်းရပြန်သည်။ ဂျစ်ကားသည် တစောင်းကြီးဖြစ်ကာ ရပ်သွားလေသည်။

ပီဘီ သည် ကာနယ်၏လက်ကို ဖယ်ချလိုက်သည်။ ကာနယ်၏ ညည်းညူဟစ်အော်နေသံကို သဒ္ဓါဘာကျစွာ နားထောင်ပြီး၊ ဂျစ်ကားပေါ်မှ ခုန်ဆင်းလိုက်ကာ ဂျစ်ကိုပတ်ပြီး ပြေးကြည့်သည်။

သူသည် ဂျစ်ကား၏ ဘီးများကို ကြည့်ရန်ပင်မလိုပါ။ သူ၏ စစ်ဘွတ်ဖိနပ် မည်မျှလောက်ပနစ်သည်ကို ခန့်မှန်းခြင်းအားဖြင့် ဂျစ်ကားသည်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆယ်အထိ သဲကျွံနေပြီကို သိလိုက်သည်။ ဤဂျစ်ကို ပြန်၍ပြေးစေလို ပါက၊ သဲတွင်းမှ တူးဖော်ယူရတော့မည်။

ကာနယ်ဟုမ်းသည် သူ၏ နာနေသောလက်တဘက်ကို တဘက်က ကိုင်ယင်း တုန်နေသည်။

ပီတီသည် ကာနယ်ကို ဂရုမစိုက်အားသေး၊ သူ၏အနာမှာ ကုသ ရန် အချိန်များစွာ ရှိသေးသည်။ ဂျစ်ကားကို ပထမ လုပ်ရမည်။

လေယာဉ်ပျံက မြင်ကွင်းမှ ပျောက်မသွားသေး၊ သို့သော်.... မြင် နေရသေးသည် ဆိုရုံမျှသာ လေယာဉ်သည် အရှေ့စူးစူး မိုးကုပ်စက်ဝိုင်း ဆီသို့ တရွေ့ရွေ့သွားနေသည်။ ပီတီသည် ထိုလေယာဉ်ကို ဂျစ်ကားဆီမှ လျှောက်လာယင်း၊ အတန်ကြာ ကြည့်နေမိသေးသည်။ ထို့နောက် သဲ ပေါ်တွင် ဒူးထောက်လိုက်ကာ၊ သူ့လည်ပင်းမှ ကွန်ပါအိမ်မြှောင်ကို ယူ လိုက်သည်။ နောက်.... လေယာဉ်ကွင်းဆီမှ မီးခိုးတန်းကို အခြေခံယူပြီး၊ နေရှိရာကို ကြည့်လိုက်ကာ၊ သူရောက်နေသည့် နေရာကို ခန့်မှန်းကြည့်လိုက် သည်။ သူကား.... ဤလို တွက်ရချက်ရသည့် အလုပ်များတွင် ကျွမ်းကျင်သူ မဟုတ်၊ ထို့ကြောင့် သူ၏နေရာဌာန၊ ရောက်ရာအရပ် တွက်ကြည့်မှုသည် မှန်လိမ့်မည်ဟု သိပ်ပြီးယုံကြည်လှသည် မဟုတ်။

သူသည် ဒူးထောက်နေရာမှ ထလိုက်ပြီး၊ ဂျစ်ကားနှင့် ကာနယ် ရှိရာသို့ ပြန်လာသည်။ သူ့တွင် နေမြင့်လာပြီဖြစ်၍ ချွေးများ ရွှဲရွှဲစိုနေသည်။ သူနေခဲ့ဖူးသည့် ကွက်တာရာတွင် နေ့လည်ကောင်း၌ ဒယ်အိုးတွင်းထည့်၍ ကြော်သည့်အလား အောက်မေ့လောက်အောင် ပူပြင်းလှသည်။ ယခု ... ဤမှာ ဤမျှပူသည်မဟုတ်ပဲ၊ အပူချိန်လျော့သည် ဖြစ်သော်လည်း၊ ချွေး တပြိုက်ပြိုက် ကျလောက်အောင် ပူလေသည်။

ပီတီသည် ဂျစ်ကားပေါ် ပါလာသည့် ပစ္စည်းများကို တွက်ကြည့် ပြန်သည်။ ရေတဂါလံ ဖိတ်စဉ်သည်၊ နေပူရှိန်ကြောင့် ရေတဂါလံ ချော ပေပြီ။

ခါတ်ဆီ နှစ်ဂါလံလည်း ထိုနည်းလည်းကောင်း ကုန်ပြီ။

ခဲယမ်းမီးကျောက် မျိုးစုံနှင့် လက်ပစ်ဗုံး တသေတ္တာကား ရှိသေး သည်။

ရိက္ခာသံဖြူဗူးပြားထဲတွင် ငါးသေတ္တာဗူးလေး ၂-ဗူး၊ ဝက်ပေါင် ခြောက် ဗူးကလေး ၂-ဗူး၊ ပဲစိမ်းဗူး ၂-ဗူး၊ မက်မုံသီးဗူး ၂-ဗူး၊ ကက် ဘာရီ ချောကလက် ၂-ချောင်း၊ ဟောလစ်ပြား ဗူး၁-ဗူးနှင့် လက်ဖက် ခြောက်နှင့် သကြားရောထားသည့် အထုပ်ဘထုပ်၊ ဆေးသေတ္တာကလေး တခုအထဲတွင်မူ ဆားပြားကလေးများနှင့် ရေကို သန့်စင်စေသည့် ဆေး ပြား ကလေးများကိုပါ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စားနပ်ရိက္ခာကား ပြည့်စုံပါ၏။ ရေနှင့်ဓာတ်ဆီ မရှိသည်က စက်သည်။

သူသည် ဆေးသေတ္တာထဲမှ အက်စ်ပရင် ၄-ပြားနှင့် သူ့ရေဗူးကို ယူပြီး၊ ကာနယ်၏အနီးသို့ လာခဲ့သည်။ သူ၏ ရေဗူးထဲတွင် ရေကများများ စားစား မရှိ၊ ပိုင့်တစ်ဝက်မျှသာ ရှိမည်။

ကာနယ်ဟာမ်းသည် ငိုက်မြည်းလျက် ရှိသည်။ ပီဘီက သူ့ကို ကိုင်လိုက်၏။ လန့်နိုးလာသည်။ သူ၏မျက်ဝန်းများက ညိုမည်း နေသည်။ မျက်ခုံးထဲတွင်လည်း ချွေးပေါက်များက သီးနေသည်။ သူ့ကို ကြည့်ရသည်မှာ မကောင်းလှ။

"ဒါကို သောက်လိုက်ပါ၊ ဗိုလ်မှူးကြီးခင်ဗျာ.... အနာသက်သာပါလိမ့်မယ်"

"မင်း.... ဘာတွေ လုပ်ဦးမလို့လဲ...."

"အက်စ်ပရင် ပါခင်ဗျာ....၊ ယုံပါခင်ဗျာ...."

မယုံသင်္ကာစိတ်ဖြင့်ပင် ကာနယ်သည် ပီဘီ၏လက်တွင်းမှ အက်စ်ပရင် ပြားများကိုယူကာ၊ ပါးစပ်အတွင်း ပစ်သွင်းလိုက်ပြီး၊ ဖျတ်ကနဲ ရေဗူးကို ဆွဲယူပြီး၊ စာမော့တည်းကုန်အောင် သောက် ပစ် လိုက် လေ တော့ သည်။ ပီဘီက မတားလိုက်၊ သည်အတိုင်းပင် ကြည့်နေသည်။ နောက်တွင်မှ ရှိသမျှ ရေကလေးကို ရာရှင်ခွဲတမ်းဖြင့် အသုံးပြုကြရ ပေတော့မည်။

ရိက္ခာများတွင် ပဲ၊ မက်မုံသီးနှင့် ငါးသေတ္တာငါးတို့က အားဖြစ်စေမည့် အရည်ဓာတ်ကို ပေးစွမ်းနိုင်မည်။ ဝက်ပေါင်ခြောက်ကား ဆားငန်မည်။ ထို့ကြောင့် ဝက်ပေါင်ဗူးကို အလျင်ဖွင့်မည်။ သို့မှ ရေကလေး ရှိတုန်း ရေဖြင့်အငန်ဓာတ်ကို ပြေစေမည်ဟု ပီဘီက တွက်ထားသည်။

ကာနယ်သည် ဆေးပြားသောက်ပြီးနောက်၊ သက်ပြင်းချလိုက်ကာ နောက်သို့ လှဲ၍နေသည်။ သူ့မျက်နှာတွင် ချွေးများ တပေါက်ပေါက် ကျနေသည်။ ပီဘီသည် ကာနယ်၏ ပတ်တီးစည်းထားသောလက်ကို ကြည့်မိသည်။ သွေးမည်မျှထွက်နေသနည်း၊ အနာဖြစ်နေပြီလား၊ မေးခိုင်ပိုးဝင်နိုင်မည်လား.... စသည်ဖြင့် တွေးမိသည်။ သူက ကာနယ်အား ချော့မော့ပြောဆိုကာ၊ လက်မှအဏ်ရာကို ကြည့်လိုက်ချင်သည်။ သို့သော်.... ကာနယ်ဟာမ်း က ခံမည်မဟုတ်သဖြင့် ထိုအကြံကို လက်လျှော့လိုက်သည်။

ကာနယ်တွင် ရေဗူးပါမလာ၊ ပီဘီသည် ဂျစ်ကားနောက်တွင် ပါလာသည့် ရေဂါလံပုံးကိုယူ၍ အဖုံးကို ဖွင့်လိုက်သည်။ တဂါလံလျှင် တပိုင့်ခန့်လျော့၍ နေမည်။ ရေကိုနမ်းကြည့်သည်။ အနံ့ကောင်းသေးသည်။ ဓာတ်ဆီငွေ့၊ ဓာတ်ဆီနံ့ စသည်တို့ကြောင့် ရေမပုပ်သေး၊ သူသည် သဲပေါ်တွင် ထိုင်ချလိုက်ကာ၊ ဒူးနှစ်လုံးကြားဝယ် သူ၏ရေဗူးကို ညှပ်ထားလိုက်ပြီး၊ အလွန်သတိကြီးစွာဖြင့် ဂါလံပုံးထဲမှရေကို ရေဗူးထဲထည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ရေဗူးပြည့်ခဲ့သော်.... ရေပုံးကိုပြန်ဖုံးပြီး၊ ဂျစ်ကားအောက်အရိပ်တွင် ဘည့်ဘည့်မတ်မတ်နေအောင် ထားလိုက်သည်။

ပြီး.... သူ၏ရေဗူးထဲမှ ရေနှစ်ကျိုက် မော့သောက်လိုက်သည်။

သည်လို ရေသောက်မိလိုက်မှ သူ့မှာ အာခြောက်ပြီး၊ မည်မျှ ရေ ဘော်နေသည်ကို သိတော့သည်။ နောက်ထပ် သောက်ချင်ပြန်သည်။ သူ၏ နှောကိုယ်က ရေဓာတ်ကို တောင်းဆိုနေသည်။ ပီဘီသည် မစို့မပို့ကလေး ရေဘကျိုက်ကို ပါးစပ်တွင်းထည့်ကာ လျှာပေါ်တွင်ခေတ္တခဏ တင်ထား ယ်ကပြီးမှ လည်ချောင်းအတွင်း လိမ့်စီးသွားစေသည်။ ထို့နောက်တော့.... နိုင်မာသေချာစိတ်မာတ်ဖြင့် ရေဗူး၏အဖုံးကိုပိတ်လိုက်ပြီး၊ ဂျစ်ကားအောက် အရိပ်တွင် ထားလိုက်သည်။

ပီဘီ၏ရှင်ဘတ်မှ အိတ်ထောင်တွင်း၌ယ်၊ သံဗူး ပြား ကလေး နှင့် ထည့်ထားသည့် စုဘိုင်းစီးကရက် ၁၁-လိပ် ရှိနေသေးသော်လည်း ဆေး ထိပ် သောက်ချင်စိတ်ကို မျိုသိပ်အောင့်အီးထားလိုက်သည်။ ရေမှုားများ နိုင်သည့်နေရာကို မတွေ့မချင်း၊ စီးကရက်များကိုမသိဟု သူက ပိုင်းဖြတ် ထားသည်။ စီးကရက်ဆေးသည် ပါးစပ်တွင်း၌ ချွဲသလိပ်ထစေပြီး ရေငတ် စတတ်သည်ကို သူသိသည်။

သူသည် လွန်ခဲ့သည့် ၁၃-နာရီခန့်က ညစာစားခဲ့သည်။ ကာနယ် ဘမ်းလည်း ထိုအချိန်လောက်ကပင် စားခဲ့သည်။ သူတို့နှစ်ယောက်သည် နောက်ထပ် ၅-နာရီ၊ ၆-နာရီခန့် အဆာခံနိုင်ဦးမည်ဟု တွက်ထားသည်။

ယခုအချိန်တွင် သူ့တွင် လိုအပ်နေသည်ကား.... အစာမဟုတ်၊ ကြီးကြပ်ကွပ်ကဲသူပင်....။

ပီဘီသည် ဘယ်သောအခါကမျှ လူချင်းကွဲကာ၊ တဦးတည်း ဖြစ် နေသည့် အဖြစ်ကို တာရှည်စွာသည်းခံနေနိုင်သူ မဟုတ်။

တခါက သူသည် သူ့အုပ်စုနှင့်လူချင်းကွဲကာ တဦးတည်းအဖော်မဲ့ ဖြစ်ခဲ့ဖူးသည်။ ထိုအခါက သူသည် ခြေလျင်ခရီး နှင်ခဲ့ရသည်။ ဝေးလံ သည်တော့ မဟုတ်၊ ၅၆-မိုင်ခရီးသာ ဖြစ်သည်။ ဤခရီးကို ၂-ရက်နှင့် ဘသွားခဲ့ရသည်။ မလုပ်ဖြစ်ခဲ့သော တိုက်ပွဲဘခုမှအပြန်၊ ကျောက်တောင် ဘပ်သောလမ်းကို ပြန်ခဲ့ရခြင်းဖြစ်သည်။ ဂျစ်ကားမောင်း၍ မရသည့် လမ်းသာဖြစ်သည်။

ကင်းဗဲလ်သည် သူနှင့်တွဲဖက် ဖြစ်သည်။ သို့ တွဲတိုင်းလည်း ကင်း ဘါက ခေါင်းဆောင်၊ သူက ရိက္ခာများကို စနစ်တကျ ထုတ်ပေးသည်။ သောက်ရေကို ကိုင်သည်။ သူကသာ အစစအရာရာ စီမံခန့်ခွဲသည်။ ပီဘီသည် ကဲ့သို့ တဦးတည်းအဖြစ်မျိုး ဖြစ်ခဲ့ရသည်။ ဖြစ်စဉ်ကလည်း မကြောက်ခဲ့ ရှိမ်ထိတ်လန့်ခြင်း မရှိ၊ အလွန်အမင်းလည်း ခံစားခဲ့ရခြင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ဤသို့မဟုတ်ပြီ၊ အစစအရာရာ ယခင်အတွေ့အကြုံများ မဟုတ်၊ ကွာခြားလှသည်။

သဲကန္တာရသည် မာယာများလှသည်။ ထို့ထက် ရန်သူဂျာမန်များနှင့် ပြည့်နှက်နေသည်။ ထိုမျှသာ မဟုတ်ပေ၊ စိတ်ကယောက်ကယက်နှင့် ဒုက္ခရောက်နေသော အရာရှိကလည်း သူနှင့်အတူ တန်းလန်းပါနေသေးသည်။

အရာရှိပါလာသဖြင့် ရဲဘော်များအတွက် နေ့စဉ်ညွှန်ကြားချက် သတင်းလွှာ ထုတ်ပြန်ပေးနေသည် မဟုတ်။

မိမိသည် ဘယ်ပေါက်၍ ဘယ်ရောက်နေမှန်း မသိ၊ ကမ်းခြေဘက်တွင် ဘာတွေဖြစ်နေသည်လည်း မသိ၊ သို့သော်.... သူ၏ ပထဝီဝင် ဗဟုသုတသည် အလွန်နည်းပါးလှသည်တော့ မဟုတ်၊ ရေးရေးပျပျတော့ သိပါသေး၏။

ဤနေရာမှ ကမ်းခြေရှိရာသို့ စည့်တည့်မတ်မတ်သွားလျှင် မိုင်-၂၆၀ ခန့် ရှိလိမ့်မည်။ လမ်းတွင် ရေတွင်း၊ ရေကန်၊ ရေရနိုင်မည့်နေရာများ ရှိမရှိ၊ သိသည်တော့ မဟုတ်၊ မိမိတို့တွင်ရှိသော တံနေ့လျှင် ရေပိုင့်တစိတ်စာဖြင့် ဤမိုင် ၂၆၀-ခရီးကို အမြန်ဆုံးနှင်ရပါလျှင် ၁၀-ရက်၊ သို့မဟုတ် အများဆုံး ၁၂-ရက်ခန့် ကြာမည်။

ဤသို့ တွက်မိပြန်တော့လည်း ကမ်းခြေခရီးကို စွန့်လွှတ်လိုက်ပြန်သည်။ မဖြစ်နိုင်၊ မိမိတို့သည် ဂျာမန်စစ်ကြောင်း၏ အနောက်ဘက်တွင် ရောက်နေသည်။ ဒါ အလွန်သေချာသည်။ သေလုမျောပါး ခရီးနှင်ပြီး ခါမှ ရန်သူ၏ အဖမ်းကိုတော့ မခံတော့ပြီ။

ပီဘီသည် သဲပေါ်ဝယ် လေးဘက်ထောက်ကာ၊ ခွေးတကောင် လှည့်ပတ်သွားနေသကဲ့သို့ တဘက်စောင်းကြီး ဖြစ်နေသော ဂျစ်ကားကို ပတ်၍ စစ်ဆေးကြည့်မိသည်။ တာယာများက ကောင်းနေသေးသည်။ ဘာမျှမဖြစ်၊ တာယာအပိုတလုံး ဂျစ်ကား နောက်တွင် ပါသေးသည်။ အသစ်တော့မဟုတ်၊ တိုက်ပွဲသုံး ဂျစ်ကားများကို စိုက်ပွဲမဝင်မီ လမ်းတွင် ကိရိယာ တန်ဆာပလာများကို ဖြုတ်ထားလေ့ရှိကြသဖြင့် ဂျစ်ကားကို မတင်ရန် ပစ္စည်းပစ္စယ မရှိ။

ယခုတော့ ထိုကိရိယာများ လိုအပ်နေချေပြီ၊ ထိုပစ္စည်း ကိရိယာများမပါပဲ ဤမျှအထိ ခရီးပေါက်ခဲ့သည်ကိုပင် ကံကောင်းလှပေသည်။ သဲဘွင်း ကိရိယာမပါလာ၊ ဂုံနီအိတ်မရှိ၊ ဂေါ်ပြားကလေး တပြားသာ ပါလာသည်။ အသည်းပုံ ထိုဂေါ်ပြားပေါက်စနကလေးဖြင့် သဲမှုန်ထဲမှ ဂျစ်ကားကြီးကို ဖော်ထုတ်ရန် ဖြစ်နိုင်မည်မဟုတ်။

မြေပုံဆိုက အပြင်ဘက်တွင် နှစ်ဂါလံ တိုင်ကီထဲတွင် ၂-ဂါလံပျော့ပျော့၊ တဂါလံလျှင် ၁၅-မိုင်ခန့်တော့ မောင်းနိုင်မည်ဟု ပီဘီက တွက်ကြည့်မိသည်။ ဤဓာတ်ဆီများဖြင့် အောက်ထင်မိုင် ၆၀-လောက် ခရီးပေါက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုင် ၆၀-ခရီး ဆိုပါက ဟာဆီမာတာလာနှင့် နီးကပ်၍ သွားမည်။ သို့သော်...သို့သော်.... လမ်းက မှန်ဦးမှကိုး။

မိမိနှင့်အတိုးကြီးတို့နှစ်ဦး သဲကန္တာရတွင် သေသွားကြပါက သုံ့ပန်းအဖြစ် အဖမ်းခံရသည်ထက် ကောင်းလိမ့်မည်။ ဂျာမန်များက မိမိတို့ ဖမ်းမိသွားပါက နှိပ်စက်လိုက်မည် ဖြစ်ခြင်း၊ ပြီးတော့ သတ်ပစ်ကြမည်၊ ကာနယ်ဟုမ်းသည် အသတ်ခံချင်မှ ခံရမည်။ မိမိကား အမှန်သေရမည်။ အက်စ်အေအက်စ် ကော်ပရယ်တယောက်ကား သတ်ပစ်ရန်အတွက် မဟုတ်ပါလား၊ သေချာပါသည်။

ပီဘီ သည် မတ်တတ်ထရပ်လိုက်ပြန်သည်။

ဟုမ်း သည် ပါးစပ်ဟောင်းလောင်းနှင့် ဟောက်၍ အိပ်ပျော်နေသည်။

အတိုးကြီးကား သားသတ်ရုံသို့ ပို့ရမည့် မြင်းအိုကြီးသဖွယ် အိုမင်းမစွမ်း ရှိပါပြီ၊ ဤပုံမျိုးဖြင့် သဲကန္တာရအတွင်း အသက်ရှင် နေနိုင်ရေးမှာ ရက်အနည်းငယ်ခန့်သာ ဖြစ်ပေလိမ့်မည်။

ပီဘီ သည် သဲကုန်းကလေးတခုပေါ်သို့ တက်လာခဲ့သည်။ သဲကုန်းကလေးမှာ ပေ ၂၀-သာသာခန့်သာ မြင့်ပေမည်။ ထိပ်ရောက် သော်.... ဝမ်းလျားမှောက်ကာ နဖူးပေါ်ကို လက်ကိုမိုးပြီး ဟိုဟိုသည်သည် ကြည့်သည်။ သူ၏ ကင်းထောက်ချက်ကား စိတ်ရှည်လှပါ၏။ စေ့စပ်လှပါ၏။

သူဘာကို မြင်ရသလဲ။

သေလိုက်ပါတော့။

လူသားတို့နှင့်တူသည့် အရိပ်အရောင်ဆို၍ ဟိုအဝေး၌ ပျံသန်းနေသော လေယာဉ်ပျံနှင့် မီးခိုးတန်းကလေးမျှသာ တွေ့ရလေသည်။

ပီဘီ ၏ အတွေးအခေါ်ထဲတွင် ဂျာမန်များအား လူသားစာရင်း မသွင်း၊ ဒုက္ခရောက်နေသူများကို ကယ်တင်သူများဟု သတ်မှတ်ရန် ကား ဝေးလှပါသေး၏။ ထို့ကြောင့် အကယ်၍မျာ၊ သူတို့နှင့် ရစ်ဆိုင်ရပါက နှစ်ဦးစလုံး အသေခံမည်။ သူတို့၏ အဖမ်းကိုတော့မခံ၊ ဘယ်လိုပင် အခြေအနေဆိုးနှင့် ရင်ဆိုင်ရပါစေ လုံးဝလက်နက်ချ အညံ့ခံမည်တော့မဟုတ်။

"ဟော့....ကြားကြလား.... ဘယ်တော့မှ အညံ့မခံဘူးကွ"

ပီဘီ သည် တအားကုန်း၍ အော်လိုက်သည်။

ကြီးမားကျယ်ပြန့်လှသည့် ကန္တာရကြီးက ပဲ့တင်သံ ပြန်မလား အဖြေမပေး။

"ချီးမှပဲ"ဟု ပီဘီ က ပြောလိုက်ပြီး သူ့စိတ်ပိုင်းဖြတ် ထားမှုကို ဖျက်ကာ စီးကရက်တလိပ်ကိုထုတ်၍ မီးညှိလိုက်မိသည်။

\+ + +

www.burmeseclassic.com

www.burmeseclassic.com



ဂူးဒေါ့ဇိုက်ဂင် သည် ကြိုတင်အကြောင်းကြားထားခြင်းလည်း မရှိ၊ နောက်သိုက်နောက်ပါလည်း မပါပဲ၊ ရုတ်တရက် အယ်လ်ဟာရောက်ဆီသို့ ရောက်ရှိလာလေသည်။ အနက်ခံပေါ်ဝယ် ငွေသားလျှပ်စစ်လျှပ်နွယ် ပစ် နေပုံ တံဆိပ် တပ်ဆင်ထားသော သူကား ဂျာမန် အက်စ် အက်စ် ထောက်လှမ်းရေးတပ်မှ ဗမဂျာဂျင်နရယ်ပင်တည်း။ ဤမျှကြီးမားလှသည့် အရာရှိကြီး၊ ဤသို့ဘာအတွက် ယခုလို ဆိုင်းမဆင့် ဗုံမဆင့်ပဲ ရောက်လာသည် ဆိုသည်ကိုမူ ဘုရားသခင်နှင့် ဟင်မလာ 'ထောက်လှမ်းရေးတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး' တို့သာလျှင် သိပေလိမ့်မည်။ ဧည့်သည်တော်ကြီးကလည်း ဘာမျှမပြောထို့ကြောင့် အိမ်သည်ဖြစ်သော အယ်လ်ဟာရောက်ဆီမှ ပင်ဇာတပ်မကြီး၏ သယ်ယူပို့ဆောင်ရေးတပ် တပ်မှူးကာနယ် အင်တွန်ဟော့တဲလ်အဖို့ တွေး ယူရန်သာ ရှိတော့သည်။ ဧည့်သည်တော် ဗိုလ်ချုပ်ကား သာမန်ရှေ့တန်း အရာရှိကြီးမျိုးလည်းမဟုတ်၊ မိမိတို့နှင့် အခါအားလျော်စွာ တွေ့ဆုံ ဆက်သွယ်ရသော ထောက်လှမ်းရေးမှ ဆက်သွယ်ရေး အရာရှိမျိုးလည်း မဟုတ်၊ သူကား အထက်မှ ဆင်းလာသည့် ထူးခြားသော ဧည့်သည်တော်။

ဇိုက်ဂင် ၏ ယူနီဖောင်းမှ အဆောင်အယောင် တံဆိပ်များကိုဖြုတ်ထားသည်။ သို့သော်.... ဟော့တဲလ် သည် သူ၏ အတွေးမမှားဟု ဆိုပါက ဇိုက်ဂင် သည် အက်စ်အက်စ် အထူးထောက်လှမ်းရေး ဗဟိုမှ ကိုယ်စားလှယ် တဦးပင် ဖြစ်မည်ဟု တွေးမိသည်။ ဤမျှကြီးကျယ်လှသည့် အရာရှိကြီးတဦး သည် ဘာကြောင့် သာမန်ဂျန်ကာ ပို့ဆောင်ရေး လေယာဉ်ပျံဖြင့် မထင်မရှား ခရီးသည်တဦးအသွင် လိုက်ပါလာခဲ့သနည်း၊ ဟော့တဲလ်အဖို့ မသိနိုင်တော့ပြီ။

ဇိုက်ဂင်ကား မထင်မရှား ရောက်ရှိလာသူ ဖြစ်လင့်ကစား သူ၏ ဟန်ပန် သွင်ပြင်ကတော့ အထက်လွှာနိုင်ငံရေး အသိုင်းအဝိုင်းမှ အထူးအခွင့်အရေးရ ဩဇာတိက္ကမကြီးမားသူအဖြစ် ပေါ်လွင်နေသည်။ ဤကဲ့သို့ အဖနိုင်ငံတော်ကြီး၏ ထိပ်တန်းလျှို့ဝှက်ကိစ္စများအတွက် လူကြီးလူမများနှင့် အနေခက်ဖွယ် ကြုံတွေ့ရပေါင်း များလှပြီဖြစ်သော ဟော့တဲလ် အဖို့ ဦး နှောက်ခြောက်ခံကာ မစဉ်းစားတော့ပြီ။

ဤကိစ္စကား နိုင်ငံရေးကိစ္စ တခုသာဖြစ်ပေလိမ့်မည်၊ ဤသို့နိုင်ငံရေး ကိစ္စ ဆိုပါမူ သူနှင့်မဆိုင်၊ သူ၏ အထက်အဖွဲ့အစည်းဖြစ်သော ဖီးမာရှယ် ရိုမဲလ် ၏ စစ်ဦးစီးဌာနနှင့်သာ သက်ဆိုင်ပေသည်ဟု သူက သတ်မှတ်ထား လိုက်သည်။

ဤ ဗိုလ်ချုပ် ရောက်လာချိန်မှာ မိမိတို့တပ်ဖွဲ့အတွင်း အက်စ်အေ အက်စ်တို့နှင့် တိုက်ပွဲကြောင့် ရှက်စဖွယ် ကစဉ့်ကလျား ဖရိုဖရဲ ဖြစ်နေ သည့် အချိန်နှင့် တိုက်ဆိုင်နေမှုမှာ မိမိတို့အဖို့ ကံမကောင်းခြင်းသာ ဖြစ် သည်။ သည်အတွက်တော့ သူရောက်လာခြင်း ဟုတ်မည်မဟုတ်ဟု ဟော့

www.burmeseclassic.com

www.burmeseclassic.com



တဲလ်က တွက်သည်။ ဗြိတိသျှ ကွန်မန်ဒိုများ ဤကဲ့သို့ အရှက်ဦးတိုက်ပွဲ ဆင်လိမ့်မည်ဟု မည်သူမျှ ကြိုတင်သိခဲ့ကြသည်မဟုတ်၊ အကယ်၍ အက်စ် အက်စ် ထောက်လှမ်းရေးအဖွဲ့အတွင်း မိမိတို့အား စီးမည်ဟူသည့် သတင်း စကား ပျံ့နှံ့ခဲ့ပါကလည်း တစုံတဦးက မိမိအားခုခံရေး အစီအစဉ်များ သို့မဟုတ် ဗြိတိသျှတို့အား ထောင်ဖမ်းရန် ကြိုတင်အသိပေးခဲ့မည်သာ ဖြစ် သည်။ ယခုမူ ဤကိစ္စကို အက်စ်အက်စ်ထောက်လှမ်းရေးအဖွဲ့ပင် သိလိုက် ကြမည်မဟုတ်။

ဤ အဲလ်ဟာရောက်ဆီနှင့် စပ်လျဉ်း၍လည်း ဟော့တဲလ်အား စုံလင် စေ့ငှစွာ ပြောဆိုညွှန်ကြားခဲ့ကြသည် မဟုတ်၊ ရိုမဲလ်က သူ့အားရွေးချယ် စေလွှတ်လိုက်သည်ဟုသာ သာမန်အားဖြင့် သိရသည်။ ဘာလုပ်၍ ဘာကိုင် ရမည်မသိ၊ ဘယ်သူကမှ ဘာအလုပ်ကို ဘယ်လိုလုပ်ရမည်ဟု အသေးစိတ် ညွှန်ကြားကြခြင်းလည်း မရှိခဲ့။ ထို့နည်းတူ အရေးကြီးသည့် လေတပ်မှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ အီတလီ စစ်ဦးစီးဌာနချုပ်မှ ပုဂ္ဂိုလ်တို့ အားလည်းကောင်း၊ သို့မှုမဟုတ် ဖီးမာရှယ် ရိုမဲလ်၏ ရန်ဘက်ဖြစ်သူ အခြား ဂျာမန်အရာရှိကြီးများအား လည်းကောင်း ၎င်းတို့က လာရောက်စပ်စုကြ လျှင် ဘယ်လိုပြော၊ ဘယ်လိုဖြေ၊ ဘယ်လိုလိမ်ဟု တစုံတဦးကမှ မှာကြား ထားခြင်းမရှိ၊ ရိုမဲလ်ကား ဟော့တဲလ်၏ ခေါင်းဆောင် သူ့လက်အောက် ဝယ် ဟော့တဲလ်သည် အားကိုးမာန်တက်၊ မချိုးမဖောက်သော သစ္စာဖြင့် အမှုထမ်းခဲ့ရာ ရိုမဲလ်သည် ဘယ်တော့အခါမှ အမှားလုပ်လိမ့်မည် မဟုတ်ဟု ကား ဟော့တဲလ်က အကြွင်းမဲ့ ယုံကြည်ထားသည်။

ရိုမဲလ်နှင့် ပတ်သက်၍ သတင်းများက ပျံ့လွင့်နေသည်။ ရိုမဲလ် သည် မကျန်းမမာ ဖြစ်နေသည်။ ရိုမဲလ်နှင့် အီတလီအာဏာရှင် (မူဆိုလီနီ) တို့၏ ဆက်ဆံရေးကြောင့် ဟစ်တလာက ရိုမဲလ်အပေါ် ယုံကြည်မှုနည်းလာ သည်။ ရိုမဲလ်ကိုပင် သဲကန္တာရ မြေခွေးအဖြစ်မှ ဖယ်ရှားကာ သူ့နေရာ တွင် အီတလီလူမျိုး ဖီးမာရှယ်တဦးကို ထားမလိုသတင်းများက ထွက်နေ သည်။ ဤ အဲလ်ဟာရောက်ဆီ လျှို့ဝှက်လေယာဉ်ကွင်းသည် ရိုမဲလ်၏ အောင် မြင်ကျော်ကြားမှုအတွက် နောက်ဆုံး စွမ်းဆောင်ချက်တခုပင် ဖြစ်တော့ သည်။ ဟော့တဲလ်ကား အရည်အချင်းရှိသော ရိုမဲလ်၏ သစ္စာခံ တပည့် ကောင်းတဦးဖြစ်ရာ၊ ဤလေယာဉ်ပျံကွင်း အစီအစဉ်တွင် အားထား လောက်သူ တဦးပါပေ။

အလားတူပင် ဂတ်ရှူးကိုလည်း ပြောနိုင်ပေသည်။ ဂတ်ရှူးကား ဂျာမန် အာဖရိက တပ်ဖွဲ့မှ တပ်မှူးဖြစ်သည်။ သူသည် တိုဘရွတ် တိုက်ပွဲ တွင် မျက်သိုးဘက်ကွယ်ခဲ့ပြီး ယခုအခါတွင် အဲလ်ဟာရောက်ဆီ၏ လုံခြုံ ရေးတာဝန်ကို ထမ်းဆောင်နေရသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်လည်း ဟိုမှလည်မှ လေယာဉ်ပုံမျှားဖြင့် ရောက်လာကြမည့် အထူးတပ်ဖွဲ့များကိုလည်း ဤမှာ ရှိနှင့်နေကြသော ရဲဘော်များနှင့် အတူ မြေအောက် အဆောင်များတွင် နေစေပြီး သင်တန်းများပေးရန် တာဝန် လည်း သူ့တွင် ရှိနေသည်။

ဟော့တဲလ်၏ ယူဆချက်မှာ ဖီးမာရှယ် ရိုမဲလ်၏ လျှို့ဝှက်ထားသော အစီအစဉ် ပျက်ပြားအောင် နှောင့်ယှက်နိုင်သူများကား ဗြိတိသျှ ထောက် လှမ်းရေးမဟုတ်၊ သူတို့၏ လျှို့ဝှက်လေယာဉ်ကွင်းပေါ်သို့ မျက်စိမှားရောက် လာသည့် ရန်သူ လေယာဉ်ပုံများလည်းမဟုတ်၊ ယခုနောက် ဆုံး အ တွင်း စည်းထိ ဝင်ရောက် ထိုးနှက် စီးနင်းခဲ့ကြသည့် အက်စ်အေအက်စ် တပ်လည်း မဟုတ်ပဲ၊ ဂျာမန်စစ်ဦးစီးအဖွဲ့ အတွင်း သူ့နားကိုက်တော့ ကိုယ့်ပါးကိုက် ကာ ခါးခါးသီးသီး ပြင်းပြင်းထန်ထန် ဖြစ်ပွားနေသည့် အချင်းချင်း နေ ရာလုပွဲများ၊ ရန်ပွဲများစသည့် အတွင်းတိုက်ပွဲများသာ ဖြစ်ပေလိမ့်မည်ဟု ဟော့တဲလ် က ယူဆသည်။

ဤ လေယာဉ်ကွင်း၏ လျှို့ဝှက်ချက်ကို အစွမ်းကုန် ကာကွယ်ထားရ ပေမည်။ သို့ကာကွယ်ရာ၌ ရန်သူမဟာမိတ်များ သိရှိသွားခြင်းမှ ကာကွယ် ရန် လိုသလို ယခုကဲ့သို့ပြင်ပလူဖြစ်သော ဇိုက်ဂင်လိုလူမျိုးကိုလည်း အသိ ပေး၍ ဖြစ်သည်မဟုတ်၊ ဟော့တဲလ်သည် ဇိုက်ဂင်အား အချင်းချင်းဟု သဘောမထားလို၊ ရန်သူလိုပင် သဘောထားသည်။

အက်စ်အက်စ် ထောက်လှမ်းရေးသည် စစ်ရေးစစ်ရာတွင် သူတို့အလုပ် မရှိ၊ ဝင်ရောက်စွက်ဖက်ရန်မလို၊ ဤကဲ့သို့ စစ်မြေပြင်သို့ပင် လာခွင့်ရှိမရှိ၊ ဟော့တဲလ် က မသေချာ၊ သို့သော်ယခုလိုပုံမျိုးကို ထောက်ခြင်းဖြင့် အက်စ် အက်စ်တို့မှာ နေရာတကာသို့ ဝင်ထွက်ခွင့် ရှိသည်မှာ ထင် ရှား နေ သည်။ သို့သော် ဤသဲကန္တာရ ဒေသဝယ် သံ့ပန်းကိစ္စမှလွဲ၍ သူတို့စိတ်ဝင်စား ဖွယ်ကိစ္စ ဘာမှရှိလိမ့်မည် မဟုတ်ဟု ထင်မိသည်။ မိမိတို့တပ်များသည် ယခု အချိန်ထိ သံ့ပန်းတဦးတယောက်မျှ ဖမ်းဆီးရမိခြင်း မရှိသေး၊ ဗြိတိသျှ ကွန်မင်ဒိုတပ်များနှင့် အက်စ်ဓအေအက်စ် အထူးတပ်ဖွဲ့များနှင့် စပ်လျဉ်း၍ သံ့ ပန်းကိစ္စ ညွှန်ကြားချက်များမှာ ပြတ်သားလှသည်။ ၎င်းတို့အား ဖမ်းမိ လျှင် အနီးဆုံး အက်စ်အက်စ် ထောက်လှမ်းရေးတပ်သို့ ချက်ချင်းပို့ရမည် ဟု ညွှန်ကြားထားလေသည်။ အထူးသဖြင့် အက်စ်အေအက်စ်တို့သည် အန္တ ရာယ်ပေးနိုင်သူများ ဖြစ်သဖြင့် ခရီးလမ်းတွင် အထူးသတိထားပြီး ကြပ် မ ခေါ်ဆောင်လာကြရမည်ဟု အမိန့်တွင် ထပ်ဆင့် ဆိုထားပေသေးသည်။ အက်စ်အက်စ် ထောက်လှမ်းရေး ဗိုလ်ချုပ် ရှတ်တရက် ရောက်လာသည့် အရေးကို ဟိုအကြောင်း သည်အကြောင်းများဖြင့် ဆက်စပ်တွေးထင်ကြည့် သော်လည်း ဘယ်လိုမျှ အဖြေမပေါ်။

www.burmeseclassic.com

www.burmeseclassic.com



ရာပေါင်းများစွာသော လေကြောင်းတိုက်ပွဲများ၊ အမြောက်ကြီးများဖြင့် တိုက်ပွဲများနှင့် မီးကုန်ယမ်းကုန် နွှဲခဲ့ကြသော ပင်ဇာတပ်မကြီး၏ တိုက်ပွဲပေါင်း၊ မြောက်မြားစွာကို အတွေ့အကြုံ ရခဲ့ပြီးဖြစ်သော ကာနယ် ဟော့တဲလ် အဖို့ အက်စ်အေအက်စ် အထူးတပ်ဝင်စီးသည့်တိုက်ပွဲကို ခေါင်းအေးအေးဖြင့်ပင် ကွပ်ကဲ၍ ပြန်လည်တိုက်ခိုက်နိုင်ခဲ့သည်။ သူသည် ကုန်းဘက်မှ ရုတ်တရက် အလစ်ဝင်တိုက်ပါက ခုခံကာကွယ်နိုင်ရန် ကာကွယ်ရေး အထူးအစီအစဉ်များလည်း ပြုလုပ်ထားခဲ့သည်။ သို့သော် သူမထင်မှတ်ပဲ ခံလိုက်ရသည့်အချက်ကလေးတခုက အက်စ်အေအက်စ်တို့ကလည်း အရှက်တိုက်ပွဲ ဆင်နွှဲခဲ့ကြခြင်းပင် ဖြစ်သည်။ များသောအားဖြင့် တိုက်ပွဲများသည် နေ့ရောင်ကို အားပြုလျက် တိုက်ခိုက်လေ့ရှိကြသည်။ သို့သော်ဖျက်ဆီးရေးနှင့် ကွန်မင်ဒိုတိုက်ပွဲများကား မှောင်ရိပျိုးချိန် ညဥ့်အမှောင်ထဲတွင် သာ လုပ်လေ့လုပ်ထရှိသည်။ ယခုသော် လက်တဆုပ်စာ တပ်ဖွဲ့ကလေး ဖြင့် မနက်နေအထွက်ဝင်တိုက်ကြသည်။ အက်စ်အေအက်စ်တို့ကား မိုက်မဲလှချေသည်ဟု ဟော့တဲလ်က ထင်မိသည်။

အက်စ်အေအက်စ်တို့တွင် လေယာဉ်လမ်းများ ဖျက်ဆီးပစ်နိုင်သည့် လက်နက်ကြီးများ ပါ မပါဆိုသည်ကို အရင်ဆုံး သေချာစွာ သိအောင် လုပ်ပြီး မပါဟုသိလျှင်ပင် ဟော့တဲလ်သည် ဓာတ်ဆီ လှောင်ကန်များကို ကာကွယ်ရန် အမိန့်ပေးလိုက်သည်။ ရှူးကလည်း သူ၏ တပ်သားများကို အလျှင်မြန်ဆုံး တောင်တန်းကလေးရှိရာသို့ သွားရန်ညွှန်ကြား ခဲ့လေသည်။ အလစ်ဝင်တိုက်သည့်သူများသည် ဤသဲကုန်းတောင်တန်း ကလေးဘက်မှသာ လာရမည်၊ လာသူများမှာလည်း ဗြိတိသျှများသာ ဖြစ်ရမည်၊ ဗြိတိသျှ တပ်သားများသည် ဟာဆီမာတာလာဘက်မှ ဤအဲလ်ဟာရောက်ဆီ သို့ သူတို့လာလိုပါက မမြင်အောင် လာနိုင်ကြသည်ဟု သူတို့ကတွက်ပြီး ဖြစ်သည်။

အကယ်၍သာ ရှူးတွင် လုပ်နိုင်ခဲ့သည်ဆိုပါက လျှို့ဝှက်လေယာဉ်ကွင်း၏ အပြင်စည်းတွင် မြေမြှုပ်ဗုံးခင်းများ၊ အစောင့်စန္ဒရီများ၊ လေယာဉ်ပစ် အမြောက်များ၊ တင့်ကားပစ် အမြောက်များ စသည်တို့ကို သဲတွင်း၌ မြှုပ်နှံကာ ထားရှိခဲ့မည်။ သို့သော်လည်း ၎င်းတို့တွင် ဤမျှ ဖြန့်ကျက်ထားရန် လူအင်အားမရှိ၊ လက်နက်ကြီးများမရှိ၊ ကောင်းကင်မှ ရန်သူ၏ ကင်းထောက်လေယာဉ်ပျံများ အမြင်မခံနိုင်၊ ထို့ကြောင့် အမိကရ အပြင်စည်း ကာကွယ်ရေး မထားနိုင်ခဲ့၊ တနည်းဆိုသော် ရုပ်ဖျောက်ပုံစံဖြင့် မထင်မရှား ကာကွယ်ရေး အစီအစဉ်သာ ပြုလုပ်နိုင်ခဲ့သည်။

သူတို့၏ စခန်းတွင် အစစအရာရာ ပြည့်စုံသည်။ ခံတပ်ဟောင်းကြီး၏ အနောက်တောင်ဘက်ဝယ် ရေတွင်းဟောင်းကြီးတခုကို တွေ့ရှိထားကြရာ၊ ထိုတွင်းမှ ရေဖူလုံအောင်ရသည်။ ဂျန်ကာ ပို့ဆောင်ရေး လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးများက အခြားလိုအပ်သော အသုံးအဆောင် ပစ္စည်းများကို သယ်ဆောင်လာကြသည်။

စခန်းရှိ အင်အား အားလုံးမှာ ကြည်းတပ်မှချည်း ဖြစ်သည်။ လေယာဉ်မောင်း၊ လေယာဉ် လမ်းပြများမှာလည်း ကြည်းတပ်မှ ဖြစ်သည်။ လူဝေ၏ ဂျာမန်လေတပ်မှ ဝင်ရောက်စွက်ဖက်ခွင့် မရှိ၊ ကွင်းကို အုပ်ချုပ်ခွင့်မရှိ၊ သို့သော်လည်း ဤကွင်းသို့ လာကြသည့် လေယာဉ်ပျံများသည် ဘယ်က လာကြသည်ကိုမူ ဟော့တဲလ်ပင် မသိရ။ တဖန် ဟော့တဲလ်နှင့် ရှုး နှစ်ယောက်စလုံးသည်ပင် ဤကွင်းသို့ ရောက်လာကြသည့် ဗုံးကြဲလေယာဉ်ပျံကြီးများနှင့် တိုက်လေယာဉ်ပျံများသည် မည်သည့်ဒေသ မည်သည့် ပစ်ကွင်း ပစ်မှတ်များကို တိုက်ခိုက်ရန်ဟု ဆိုသည်ကိုကိုလည်း မသိကြရ၊ သို့သော် ဟော့တဲလ် နှင့် ရှုးတို့သည် စစ်ရည်ဝစစ်သားများလည်း ဖြစ်၊ အချင်းချင်းလည်း ရင်းနှီးခင်မင်သော မိတ်ဆွေများ ဖြစ်ကြသဖြင့် သူတို့နှစ်ဦးသည် ထမင်းစားယင်း ဤအကြောင်းကို မကြာခဏ ဆွေးနွေးပြောဆိုမိခဲ့ကြသည်။ ထင်ကြေး အမျိုးမျိုးပေးခဲ့ကြသည်။ သူတို့၏ ထင်ကြေးများကလည်း တလွဲချည်းဖြစ်သည်။ သူတို့က မောင့်ဂိုမာရီ၏ ဗြိတိသျှ (၈) နံပါတ် တပ်များကို တိုက်ခိုက်ရာ၌ အသုံးပြုမည်ဟုတ်ပဲ အိုက်စင်ဟောင်ဝါ၏ ကမ်းတက်တပ်များကိုတိုက်ရန်အတွက်သာ ဖြစ်လိမ့်မည်။ စစ်ရေးပြကွင်းမှ ထွက်လာကာစ ဆောင့်ကြွားကြွား အမေရိကန်တပ်များကို လေကြောင်းမှ ပြင်းပြင်းထန်ထန် တိုက်ခိုက် ချေမှုန်းနိုင်ပါက အမေရိကန်များ ထွေးပျက်မည်။ ထို့ထက် မိုင် - ၂၀၀၀ ခန့် အပြင်းအထန် ဆုတ်ခွာပေးခဲ့ရသောအခါ ဂျာမနီနိုင်ငံတော်၏ စစ်သည်တော်များသည် အမေရိကန်များကိုတော့ အသာကလေး ဆုံးမနိုင်သေးသည်ဟု ပြနိုင်ရန် ဤကဲ့သို့ လေယာဉ်ပျံများကို လျှို့ဝှက် စီစဉ် ထားသည်ဟု ဟော့တဲလ်တို့ နှစ်ယောက်က ကောက်ချက်ချထားကြသည်။

ဗြိတိသျှ အက်စ်အေအက်စ် အထူးတပ်ဖွဲ့က ဂျစ်ကားများဖြင့် သူတို့၏ လျှို့ဝှက် လေယာဉ်ကွင်းကို ဝင်စီးစဉ်က ဟော့တဲလ်သည် သံကုန်းတောင်တန်းကလေးကို မြင်နေရသည်။ သူသည် ထိုအချိန်က လေယာဉ်ကွင်းထဲဝယ် ရှိနေသည်။ သူသည် လေယာဉ် အဆင်းအတက် ဟူသမျှကို ကိုယ်တိုင် ကွပ်ကဲ ကြပ်မလေ့ ရှိသည်။ အက်စ်အေအက်စ်များ ဝင်တိုက်မှုကို အံ့သြမိခြင်းတော့ ဖြစ်မိသည်။ သို့သော်လည်း စိတ်ဓာတ်မကျ၊ ရုတ်တရက်ဖြစ်၍ စခန်းတွင်း ရုတ်ရုတ်သဲသဲ ဖြစ်သည်ကတော့ မှန်၏။ သို့သော်လည်း ဟော့တဲလ်သည် အစစအရာရာ ကြိုတင် ပြင်ဆင်ထားပြီး ဖြစ်၍ အခြေအနေကို ထိန်းသိမ်းထားနိုင်ခဲ့သည်။

အက်စ်အေအက်စ်တို့ တိုက်ပွဲပုံစံမှာ နေရာ ဖြန့်ကြဲ ဖြစ်နေသည်။ ဓာတ်ဆီလှောင်ကန် တခုနှင့် ဖုံးကွယ် လျှို့ဝှက်ထားသည့် လေယာဉ်ပျံ

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ကိုသာ သူတို့တိုက်နိုင်သည်။ ဟော့တဲလ်တို့အဖွဲ့ မူလ အစီအစဥ်များ တိမ်းစောင်းသွားရသည်ဟု ဆိုနိုင်သော်လည်း မရှုမလှ ခံလိုက်ရသည်တော့ မဟုတ်ချေ။

မိမိတို့ အင်္ဂလိပ်တော့မိလိုက်သည်။ သို့သော်....သာသာထိုးထိုးကလေး စဥ်းစားလိုက်သော် ယခု ဝင်စီးရာတွင် ပါဝင်သည့် အက်စ်အေအက်စ် တပ်သား မှန်သမျှသူတို့၏ ဌာနချုပ်သို့ တိုက်ပွဲအကြောင်း ပြန်လည် ပြောဆိုနိုင်ကြခြင်း မရှိစေရ။ သူတို့ဘတွေ တယောက်မျှ သူတို့၏ စခန်းသို့ ပြန်မရောက်စေရ၊ လူတွေရော ဂျစ်ကားတွေပါ အားလုံး ဆာဟာရသဲကန္တာရအတွင်းမှာ ချုပ်ငြိမ်း ပျက်စီးသွားစေရမည်။ ရှာဖွေရေး လေယာဥ်ပျံများ စေလွှတ်ရမည်၊ ဖမ်းဆီးရေးအဖွဲ့များ ထွက်လိုက်ရမည်၊ ဤသို့ဖြင့် လျှို့ဝှက် တည်ဆောက်ထားခဲ့သော အဲလ်ဟာရောက်ဆီ လေယာဥ်ကွင်းစခန်းသည် ၎င်း၏ ရည်ရွယ်ချက်ပြည့်ဝပေတော့မည်။ အမေရိကန် တပ်များကို တယောက်မကျန် အပြုတ်နှံကာ ပင်ဇာ တပ်မကြီး၏ အသက်သွေးကြောကို ပြန်လည်ဆက်နိုင်မည် ဖြစ်ပေသည်။

ဂူးဒေါ်ဇိုက်ဂင်သည် ပထမဆုံး ရောက်ရှိလာသည့် ပို့ဆောင်ရေး လေယာဥ်ပျံဖြင့် ပါလာခဲ့သည်။ သူတယောက်တည်း အစောင့်အရှောက် အဆောင်အယောင် တယောက်မှ မပါ၊ သူသည် လေယာဥ်ပေါ်မှ ခပ်အေးအေးပင် ဆင်းလာကာ မီးခိုးများကြားမှ ဖြတ်၍ တပ်မှူး ရုံးခန်းသို့ လျှောက်လာခဲ့သည်။

ဇိုက်ဂင် သည် ဟော့တဲလ် တွေ့ဖူးသော အက်စ်အေအက်စ် အရာ[illegible] များကဲ့သို့ တောင့်တောင့်တင်းတင်း မာကျောကျော မခိုးမခန့် [illegible]တန်ပ[illegible] မရှိ။ သူက ပေါ့ပါးသွက်လက်ပြီး သားနားသည်၊ ရည်မွန်ပုံရသည်။ သူ လျှောက်လာပုံမှာ တင်ကို အကဲသမား ခြေလှမ်းမျိုး၊ နှုတ်ခမ်းမွေး မုဘ်ဆိတ်မွေး သပ်ရပ်စွာ ရိပ်ထားသည်။ ချွေးသံရွှဲရွှဲနှင့်စုတ်ပြတ်နေသည့် ဟော့တဲလ်နှင့် ကွာချင်တိုင်း ကွာလှသည်။

ဇိုက်ဂင်က စတင်၍ အလေးပြုလိုက်သည်။

ဟော့တဲလ် က ပြန်၍ အလေးပြုသည်။ ထိုအတွင်း ဂျန်ကာ လေယာဥ် နှစ်စင်း ဆင်းလာပြန်သည်။ ပြေးလမ်းပေါ်က တကျွိကျွိ မြည်ပြီး တစင်းက ဘေးလမ်းကြောင်းမှ အခြား လေယာဥ်တစင်းကို ပြေးဆောင့်သည်၊ မြေပြင် ဝန်ထမ်းများသည် လုပ်ငန်းကျွမ်းကျင်ကြသူများ ဖြစ်၏။ စောစောက တိုက်ပွဲကြောင့် လေယာဥ်ပြေးလမ်းကြောင်းပေါ်တွင် ရှိနေသော ဂျစ်ကားပျက်များ၊ လူသေအလောင်းများ၊ ဒဏ်ရာရသူများအား အလျင်အမြန် ဖယ်ရှားပစ်နိုင်ခဲ့ကြသည်။ သေနတ်ပစ်သံများ ကြားနေရသေးသည်။ သို့သော် သဲကုန်းတောင်တန်းကလေးဘက်မှာသာ [illegible] ပေါက်ကွဲသံ [illegible]ကြီးမားမားများကိုမူ မကြားရတော့။

www.burmeseclassic.com

www.burmeseclassic.com



ဇိုက်ဂင်က ခပ်ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။

"ကြို့ဆိုရေး အစီအစဉ်က တယ်လဲ....အချိန်အခါနဲ့ ကိုက်ညီပါလား....ဗိုလ်မှူး"

ဟု ဇိုက်ဂင်က ပြောလိုက်သည်။

ဤ အက်စ်အက်စ် အရာရှိကြီးသည် လေယာဉ်ပျံပေါ်တွင် ကြောက်ရွံ့ထိတ်လန့်ခဲ့သည်ဆိုပါက ယခုအခါတွင်မူ သူ့တွင် ကြောက်ရွံ့စိတ် တစက်မျှ ရှိပုံမပြတော့၊ သို့သော် သူသည် သူစီးလာခဲ့သည့် လေယာဉ်ပျံ၏ တိုင်ကီတွင် ဆီ မည်မျှနည်းပါးစွာ ကျန်သည်ကို သိကောင်းမှ သိပေမည်။ အောက်တွင် တိုက်ပွဲဖြစ်နေ၍ သူ၏ လေယာဉ်ပျံကြီး မဆင်းနိုင်ပဲ ကောင်းကင်တွင် ပျံဝဲနေခဲ့ရာ ဆီမှာ နောက်ထပ် ငါးမိနစ်စာ ပျံစရာသာ ကျန်တော့သည်။ ထို့ပြင်လည်း အက်စ်အေအက်စ် တပ်သားများက လေယာဉ် ပြေးလမ်းများကို အောင်မြင်စွာ ဖျက်ဆီးပစ်ခဲ့နိုင်ကြပါက ဤ ဧည့်သည်တော်ကြီး၏ လေယာဉ်ပျံသည် ယခုကဲ့သို့ ချောမောစွာ ဆင်းသက်နိုင်မည် မဟုတ်၊ ထိုအခါ၌ သူသည် ယခုကဲ့သို့ ပြုံးရယ်နိုင်ပါဦးမည်လော။

ဇိုက်ဂင်က သူ မည်သူ မည်ဝါဖြစ်ကြောင်း ပြောပြီး မိတ်ဆက်သည်။

ဟော့တဲလ်နှင့် ဇိုက်ဂင်တို့သည် မြောက်ဘက် အကျဆုံး လေယာဉ်ပျံပြေးလမ်းနှင့် ဂိုက် ငါးဆယ်ခန့် အကွာတွင် ရပ်စကားပြောနေ[illegible] လေယာဉ်လမ်းမှ လေယာဉ်ပျံတစင်း ဆင်းလာတိုင်း သဲတထောင်းထော[illegible]း ထကာ သူတို့ကို လာ၍ စဉ်နေသည်။ ဟော့တဲလ်၏ နောက်တွင်မူ ပိုက်များဖြင့် ရှပ်ဖျက် ဖုံးအုပ်ထားသည့် လေယာဉ်ပျံတင်းမှာ မီးဟုန်းဟုန်း တောက်ကာ လောင်နေသည်၊ သတ္တုနှင့် ဖိုင်ဘာများ၏ မီးညှော်နံ့ကား ဆိုးဆိုးရွားရွား နံစော်လှသည်။

"အပေါ်ကနေပြီး မြင်နေရတယ်၊ ခင်ဗျားတို့.... အလစ်ဝင်စီးတာ ခံလိုက်ရပုံရတယ်"

"ကျွန်တော်တို့ မခံရပါဘူး....ဗိုလ်ချုပ်၊ ကျွန်တော်တို့သာ အလစ်ခံလိုက်ရယင် ဗိုလ်ချုပ် လေထဲနဲ့ ခုန်ဆင်းရမှာ"

ဟု ဟော့တဲလ်က ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။

"သူတို့ကို အကုန်ဖမ်းမိရောပေါ့"

"မပူပါနဲ့ခင်ဗျား....အကုန် မိမှာပါ၊ ဗိုလ်မှူး ရှူး လိုက်နေပါတယ်၊ ဟို....တောင်ကုန်းကလေးကို ဗိုလ်မှူး ရှူးက စီးမိထားပြီ၊ ရန်သူ ထွက်ပေါက်ကို ဖြတ်တောက်ထားပါပြီ၊ ပြီးတော့လဲ....ကင်းထောက် ကားတွေကိုလဲ သဲကန္တာရထဲ လွှတ်ထားပြီးပါပြီ....ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ၊ သူတို့က"

"ဗြိတိသျှတွေပါ၊ အထူးလေတပ်ဖွဲ့ပါ"

"အား... သူတို့ပဲ ဖြစ်ရမယ်"

ဗိုက်ဂင်က ပြုံးလိုက်ပြန်သည်။

"အဲ....ကျုပ်ကို ကူညီခွင့်ပြုပါ၊ ကျုပ်က စစ်သုံ့ပန်းတွေကို စစ်ဆေးရတဲ့ အတွေ့အကြုံ ရှိပါတယ်"

"ဒီအတွက် လာတာပဲလား ဗိုလ်ချုပ်၊စစ်သုံ့ပန်းတွေကို စစ်ရအောင်လား"

"မဟုတ်ပါဘူး၊ မနက်စာ စားဖို့ လာတာပါ၊ ဟဲ.... ဟဲ... ဟဲ.... တိုက်ပွဲဖြစ်လို့ မီးဖိုဆောင်တော့ မီးလောင်မသွားသေးပါဘူးနော"

"ကျွန်တော်ရဲ့ အကျူးတင့်က ဗိုလ်ချုပ်တို့ လိုတာ လုပ်ပေးပါလိမ့်မယ် ခင်ဗျား၊ ကျွန်တော့်မှာက လုပ်စရာတွေ ရှိနေပါသေးတယ်၊ ဗိုလ်ချုပ်က ခွင့်ပြုမယ်ဆိုယင် ညစာကို ဗိုလ်ချုပ်နဲ့ အတူလာစားပါ့မယ် ခင်ဗျာ"

"ကောင်းပြီ....ဟော့တဲလ်၊ ဟို.... စွန်ပလွန်ပင်တွေ အောက်မှာ စားကြရအောင်"

"သဲတွေအောက်မှာလို့ ဆိုပါစို့....ဗိုလ်ချုပ်ခင်ဗျား"

နေ့တနာရီခန့် ရှိပြီ၊ ပူလှသည်။ လစ်ဗျား၏ နေ့လယ်ခေါင် ရာသီဥတု အတိုင်းပင် ဖြစ်သည်။

ဟော့တဲလ်သည် ဂျန်ကာ လေယာဉ်ပျံများကို ဆီဖြည့်စေပြီးနောက် မက်ဆာရှမစ် တိုက်လေယာဉ်ပျံများနှင့် အတူ ပျံအတက်ခိုင်းလိုက်သည်။ နောက်.... သူသည် တူနီးရှားရှိ ပင်ဇာ စစ်ဌာနချုပ်သို့ တိုက်ပွဲဖြစ်ပုံ အကြောင်းကို အစီရင်ခံလိုက်သည်။သို့ အစီရင်ခံယင်း မသိမသာ ဗိုက်ဂင်၏ အကြောင်းကို မေးမြန်းခဲ့သည်။ ဌာနချုပ်မှလည်း ဘာမျှမသိကြ၊ ဘာကြောင့် ရောက်နေသည် ဆိုသည်ကို လည်း ဘယ်သူမှ မပြောနိုင်ကြ။ ဟော့တဲလ်က တိုက်ပွဲတွင် တိုက်လေယာဉ်နှစ်စင်း လုံးဝပျက်စီး၊ လေးစင်း ပျက်ပြင်ရနိုင်၊ မိမိဘက်မှ (၂၂)ဦးကျ (၃၁)ဦး ဒဏ်ရာရ၊ အကြီးကျယ်ဆုံး ဆုံးရှုံးမှုမှာ လေယာဉ်ဆီလှောင်ကန်တခု မီးလောင်ကာ လုံးဝ ပျက်စီးသွားကြောင်းဖြင့် အစီရင်ခံခဲ့လေသည်။

မိမိတို့အတွက် လျော်ကြေးအဖြစ် အက်စ်အေအက်စ် တပ်သား (၃၉) ဦး အသေရ၊ ဤအထဲတွင် အရာရှိ (၇) ဦး ပါဝင်သည်။ ဂျစ်ကား (၁၉) စင်း ပျက်စီး၊ ရန်သူတပ်သား (၇) ဦး ဒဏ်ရာ ပြင်းထန်၊ (၁၁) ဦး ဒဏ်ရာအနည်းငယ်စီရ၊ တဦးမှာ လွတ်သွားသည်။ သူကား ကော်ပရယ် တပ်ကြပ်ကလေးဟု ရန်သူ အကျဆုံးကိုလည်း အစီရင်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမိထားသော ဖြိတ်သျှ သံ့ပန်းများကလည်း ဟော့တဲလ်နှင့် ရှုး တို့ မျှော်လင့်ထားသလို ဘာမျှ မေးချိမရ၊ တိုတိုတုတ်တုတ် အဖြေများ သာရသည်။ သူတို့ကား ခေါင်းမာလှသည့် ဒဏ်ရာဖြင့် လဲနေသူတို့ပင် မာ ကျောလှသည်။

"နာမည်"

"ဖရက်ဒရစ်အက်စ်တဲလား"

"ဘယ်တပ်ကလဲ"

"ဘုရင့်ခွေးရှာပ် အမှတ် (၅) တပ်ရင်း"

"နာမည် ဘယ်သူလဲ"

"ဟော့ပ်ကင် ဂျီယန်မန်လေး"

"ဘယ်ကလာတာလဲ"

"အမေ့ဝမ်းထဲက"

ဟော့တဲလ် နှင့် ရှုးတို့က စိတ်ရှည်ကြသည်။ ဘယ်လိုမှ ထပ် မမေးကြ။

သူတို့သည် လက်နက်တိုက်ရှေ့တွင် ထိုးထားသည့် အညိုရောင် ကင်း ဖတ်တဲ့ အောက်ဝယ် နှစ်ဦးသား ထိုင်လျက် လက်ဖက်ခြောက်ပြင်းပြင်းနှင့် နှပ်ထားသော လက်ဖက်ရည်ကို သကြားနှင့် သံပရာခြမ်း ခတ်လျက် သောက်နေကြသည်။ သူတို့နှစ်ဦးစလုံး၏ ယူနီဖောင်းများမှာ ချွေးအလိမ်း လိမ်း ဖုန်အလိမ်းလိမ်းနှင့် ဖြစ်သည်။

"ဗိုလ်ချုပ်ရော....ဘယ်မှာလဲ"

"ကိုယ့်ကွာတားမှာ လှဲနေတယ်"

"သံ့ပန်းတွေ စစ်ရအောင် လာတာလား"

"စဉ်းစားရောပဲ၊ သူက ဘယ်လိုလုပ်ပြီး တိုက်ပွဲဖြစ်လိမ့်မယ် ဆိုတာ သိနိုင်မှာလဲ၊ တညလုံး လေယာဉ်ပျံပေါ်မှာ ရှိနေမယ့်ဥစ္စာပဲ၊ တိုက်ပွဲ ဖြစ်လိမ့်မယ် ကြိုပြီး သတင်းရတယ်ဆိုယင်လဲ သူက တို့ကို သတင်းမပို့ပဲ နေမှာ မဟုတ်ဘူး"

"ဒီ.... အက်စ်အက်စ်တွေက သိပ်ပြီး ဉာဏ်များတယ်၊ မပြောနိုင် နိုင်ဘူးလေ"

"ဌာနချုပ်က ရော့စ်ဘက်နဲ့ ကိုယ် စကားပြောရတယ်၊ သူတို့လဲ ဘာမှ မသိဘူး၊ သက်သက် လျှောက်ကြည့်ဖို့လာတာလို့ သူကထင်တယ်"

"သူ့ အမိန့်စာရော"

"ဘာ အမိန့်စာမှ မပါဘူး"

"ဟင်... ဒါဖြင့် သူ ဒီကို လာခွင့်မရှိဘူးပေါ့"

"သူ့ ရာထူး အဆင့်အတန်းနဲ့ လာတာပေါ့ကွာ"

"သူ့ရာထူးက"

www.burmeseclassic.com

www.burmeseclassic.com



ရှူး၏ လက်ဖက်ရည် အနည်းငယ် သဲပေါ်ကို ဖိတ်ကျသွားသည်။ သူက ဆက်လက်၍....

"သူက ပုလိပ်ပဲကွ၊ စစ်သား မဟုတ်ဘူး၊ သူ ဒီကို လာစရာ အကြောင်း ဘာမှ မရှိဘူး .. အင်တွန်"

"ဟုတ်တော့ ဟုတ်တာပေါ့.... ဂတ်ရယ်၊ ဒါပေမယ့်.... တို့က သူ့ကို မောင်းထုတ်လို့ရတာမှ မဟုတ်ပဲ၊ ခုအချိန်ထိတော့ သူက တို့ကို ဘာမှ တောင်းလား ဆိုလား၊ မေးလား မြန်းလားတော့ မလုပ်သေးဘူးကွ၊ တို့ဟာ စစ်တပ်တော့ စစ်တပ်ပါပဲ၊ အထူးစစ်မိန့်နဲ့ တို့ကို ဘာ အကာအကွယ်မှ ပေးထားတာမှ မဟုတ်ပဲကွာ"

"ဒီလို မနက်မျိုးမှာမှ သူက လာရသလားကွ"

"တိုက်ဆိုင်မှုပါကွာ"

"အေး... ဒါပေမယ့် သူက သုံ့ပန်းတွေကို သူကိုယ်တိုင် စစ်ချင် စစ်မှာ"

"ငါသိပါတယ်...စစ်မှာပါပဲ"

"အင်း....သူ့စစ်နည်းကတော့ နည်းမှန် လမ်းမှန်တော့ ဟုတ်မယ် မထင်ဘူး"

"ဒါလဲ .. ငါသိပါတယ်....ဂတ်ရယ်"

"မင်း....ဘာလုပ်မယ် စိတ်ကူးထားသလဲ....အင်တွန်"

ဟော့တဲလ် သည် နှစ်နှစ်အတွင်း အကြိမ် တရာ မြောက် သူ၏ နှာခေါင်းကြားကို လက်ဖြင့် ပွတ်တိုက်နေရာ ချေးနှင့် အသားစကလေး များ လိပ်ထွက်လာသည်။

၎င်းကို သူက ရင်ဘတ်ပေါ်မှ အင်္ကျီစဖြင့် ပွတ်တိုက်ကာ ခါချ လိုက်ပြီး....

"ငါ....လုပ်ပြီးပါပြီ၊ ဖမ်းမိတဲ့သုံ့ပန်းတွေ၊ ဒဏ်ရာရတဲ့လူတွေရော အားလုံး လေယာဉ်ပျံပေါ် တင်လွှတ်လိုက်ပြီကွ"

"ဟ....မြန်လှချည်လား"

"ဟာ ဇိုက်ဂင်နဲ့ ဒီမှာ တွေ့ရမယ့်အတူတူ သူတို့ ဘာသာ သူတို့ လမ်းမှာ ပြေးချင်လဲပြေးကြ၊ ကြည့်ပြီး လွှတ်လိုက်တာပဲ....ဟုတ်ဘူးလား၊ အစောင့်တော့ ထည့်လိုက်ပါတယ်ကွာ"

"အင်တွန်.... မင်း ဘာပြုလို့ ဒီလို လုပ်လိုက်ရတာလဲ၊ သူတို့ကို တို့က ကောင်းကောင်းလဲ မေးရသေးတာ မဟုတ်ဘူး၊ သူတို့ဆီက ဘာ သတင်းမှလဲ တို့ ရသေးတာ မဟုတ်ဘူးလေ၊ သူတို့အဖွဲ့မှာ လူ ဘယ် နှစ် ယောက်ပါတယ်ဆိုတာတောင် သိရသေးတာမှ မဟုတ်တာ"

ဟော့တဲလ် က ပခုံးကို တွန့်လိုက်သည်။ သူကား သူ၏ အမှုထမ်း သက်တွင် နာမည်ကောင်းတွေ ဘာတွေ ဂရုစိုက်သူ မဟုတ်တော့ပြီ၊ သူ၏

www.burmeseclassic.com

www.burmeseclassic.com



ရိုးတွင်းချဉ်ဆီထဲက သူ သိနေသည်ကား သူတို့၏ အာဖရိကတပ်ဖွဲ့များသည် သေတွင်းငင်နေပြီ၊ သေနေ့စေ့ တော့မည် ဟူ၍ပင် ဖြစ်တော့သည်။

သူက ဤသို့ ပြန်ပြောလိုက်သည်။

"ကိုယ်....သုံ့ပန်းတွေနဲ့ပတ်သက်ပြီး ဘယ်အမိန့်ကိုမှ ဖောက်ဖျက်တာမဟုတ်ဘူးလေ၊ အမိန့်ကို နာခံသားပဲ၊ သူတို့ဟာ မင်းတို့ ကိုယ် တို့လို တိုက်ပွဲဝင်နေကြတဲ့လူတွေပဲ မဟုတ်လား....ဂတ်၊ ဒီ အက်စ်အေအက်စ်တွေက သူတို့ဖမ်းမိတဲ့ သုံ့ပန်းတွေဆိုယင် ဘယ်လောက် ရက်ရက်ရောရောနဲ့ ရဲရဲရင့်ရင့် ဆက်ဆံပြုစုတယ်ဆိုတာ မင်းလဲအသိသားနဲ့ကွာ၊ ဟုတ်တယ်....၊ ကိုယ့် သူတို့ကို ဇိုက်ဂင်နဲ့ မတွေ့ခင်မှာပဲ ခပ်မြန်မြန်ပဲ ပို့လိုက်တယ်ကွာ"

သူက နောက်တဖန် ပခုံးတွန့်လိုက်ပြန်၏။

"ကိုယ်.... ဒီ အက်စ်အေအက်စ်တွေကို ဘယ်တုန်းကမှ သဘောမကျခဲ့ဘူးကွာ"

"ရန်သူရဲ့ ကင်းအဖွဲ့ရော ဘယ်လိုဖြစ်သွားသလဲ"

ဟော့တဲလ် သည် နှာခေါင်းကြားကို လက်ဖြင့် ပွတ်ပြန်သည်။ ဤတခါတွင် နာသွားသဖြင့် မျက်နှာရှုံ့သွားသည်။

"ရန်သူရဲ့ကင်းက ရေဒီယိုကားကို ရလိုက်တယ်၊ တိုက်လေယာဉ်ပျံ လက်ချက်မိပြီး စုတ်ပြတ်သွားတာပဲ၊ ရေဒီယိုကားပေါ်က အလောင်းတွေလဲ ရလိုက်တယ်၊ တောင်ကုန်းတန်းကလေးနဲ့ လေးမိုင်လောက် အကွာမှာ ကြည့်ရတာ သူတို့ ဌာနချုပ် ဟာဆီမာတာလာအထိ အရောက်ပြေးပြီး သတင်းပို့ဖို့နဲ့တူတာပဲ၊ အဲ ... သူတို့လိုရာကို ရောက်မသွားဘူးပေါ့ကွာ၊ ဒီတော့ တို့မှာ စိုးရိမ်စရာမရှိပါဘူး"

"ဂျစ်ကားက ဆယ့်ကိုးစင်း၊ တပ်သား ဘယ်လောက်လဲ....အင်တွန်"

"ငါးဆယ့်ရှစ်ယောက်"

"မင်း....တွက်တာ မှန်ယင်ပေါ့လေ"

"ကိုယ်တွက်တာ မမှားပါဘူး၊ ကိုယ်ထင်တယ် သူတို့ တဖွဲ့လုံးကို တို့ရလိုက်တယ်လို့ ထင်တယ်၊ အဲ ဂျစ်ကားတစင်းနဲ့ လူနှစ်ယောက်ကိုတော့ မရလိုက်ဘူးပေါ့ကွာ"

ရှူး က ခေါင်းညိတ်လိုက်သည်။ သူလည်း ဟော့တဲလ် ကဲ့သို့ တွက်မိထားပုံရသည်။ ဗြိတိသျှတို့သည် ဂျစ်အစင်း (၂၀) နှင့် လူ (၆၀) ပါသော တပ်ဖွဲ့တဖွဲ့ကို လွှတ်လိုက်ပုံရသည်ဟုတွက်လျှင် မမှားနိုင်ဟု သူ ယူဆသည်။

"ထရပ်ကားတော့ တစင်းမှ မပါဘူးပေါ့"

"လေကြောင်းကနေကြည့်တော့ ဘာ မတွေ့ဘူးတဲ့၊ မှာ်ဆာရှမစ် တွေကိုတော့ တော်တော် ကျယ်ကျယ်ပြန့်ပြန့် ပြန်ကြည့်ဖို့ လွှတ်လိုက်တာပဲ၊ ဟာဆီမာတာလာမှာ တပ်တွေ စုနေတယ်လို့ ယူဆနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ့်စိတ်ထဲမှာ ထင်နေတာကတော့ ဒီလိုလဲ မဟုတ်သေးဘူး၊ တပ်တွေ စုနေချင်မှလဲစုမယ်၊ ခု သူတို့ရဲ့ ဝင်စီးပုံကြည့်ရတာလဲ တော်တော်ကလေး တော်ရိ ရော်ရိနိုင်တယ်၊ ကျကျနန စနစ်တကျ ဖွဲ့စည်းလာ ကြပုံမရဘူး၊ ထောက်လှမ်းရေးကင်းသာသာပဲ၊ ဒီ့ထက်မပိုဘူး"

"ဟို... ပျောက်နေတဲ့ နှစ်ယောက်ကိစ္စရော"

"တွေ့မှာပါ၊သူတို့ကို တပတ်လောက်ရှာရယင် အသေဖြစ်ဖြစ် အရှင်ဖြစ်ဖြစ် ရမှာပါ၊ အဲ....လတ်တလော အရှင်ဖမ်းမိယင် မတတ်နိုင်ဘူး"

"ဆိုလိုတာက"

"ကိုယ် ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး၊ သူတို့ကို ဗိုက်ဂင်ကိုလွှဲပေး လိုက်ရမှာပဲ ကိုယ့်လူ"

"ခွေးမသားတွေကို ဘုရားသခင်က ကယ်မတော်မူပါ"

ဟု ရှူးက ပြောလိုက်လေသည်။

\+ \+ \+

ပီဘီသည် ကာနယ်ဟွမ်း၏ မှန်ပြောင်းဖြင့် ဂျန်ကာလေယာဉ်ပျံများ ကွင်းမှ တက်နေကြသည်ကို လှမ်းကြည့်ကာ မြင်နေရသည်။ သူတို့သည် ဝေးလှပါသည်။ တောင်ဘက်ဆီမှ ဖြစ်သည်။ သို့သော် မှန်ပြောင်းဖြင့် ကောင်းစွာ မြင်နေရသဖြင့် ပီဘီက ရေတွက်ကြည့်နေမိသည်။ တိုက်လေယာဉ် နှစ်စင်းသာ ပါသဖြင့် သက်ပြင်းချမိသည်။ ဤ လေယာဉ်ပျံများသည် ၅-နာရီကင်းလှည့်ကြမည်။ သူတို့၏ လေယာဉ်မောင်းများသည် ယခု လောက်ဆိုပါက ပင်ပန်းလှရော့မည်။ သူတို့တွင် ကွင်း၌ အရန်လေယာဉ် ကွင်းများ ထားရှိကြလေသလား၊ ပီဘီကတော့ မထင်၊ အခြား ဂျာမန်စစ်သားများစခန်းတွင် ရေမိုး သန့်စင်နေချိန်၌ ဤလေယာဉ်မောင်း လေသူရဲများကို သူတို့က ဖိုခိုင်းကြမည်။ မိမိလည်း လေသူရဲမဖြစ်ခဲ့သည်မှာ ကံကောင်းလှသည်။ လေယာဉ်မောင်းဖြစ်ပါက မစားသာ။

ပီဘီတွင် ဤကဲ့သို့ လေယာဉ်ပျံများ ကင်းတာဝန်အရ၊ ကွင်းမှ ထ၍ပျံတက်နေကြမြန်သောကြောင့် စောစောပိုင်းက ၎င်း၏ စိတ်တွင် ဖြစ်ပေါ်နေသော ကျေနပ်မှုမှာ ပျက်သွားရ၏။ အယ်ဟာရောက်ဆီ လျှို ဝှက် လေယာဉ်ကွင်းကား၊ မိမိတို့ဝင်စီးမှုဖြင့် အကြီး အကျယ် သုံး၍မရ လောက်အောင် ပျက်စီးသွားခြင်း မရှိပါကလား၊ ဆီလှောင်ကန်တစ်ခုနှင့်

www.burmeseclassic.com



လေယာဉ်ပျံ သုံးလေးစင်းခန့်ပျက်အောင် တိုက်ရသည့်တိုက်ပွဲကား တန်ဖိုး ကြီးပါကလား၊ မိမိတို့၏ဘက်မှ ရဲဘော်များမည်မျှ အဖမ်းခံခဲ့ကြရသနည်း၊ သေကြသနည်း၊ ဒဏ်ရာရကြသနည်း။ အဖမ်းခံရသူများအနက် ဘယ်မျှ ပစ်သတ်ခံနေရပြီနည်း၊ ၎င်းတို့၏ကြမ္မာကို မတွေးတတ်တော့ပြီ။ ကြမ္မာဆို၍ မိမိ၏ကြမ္မာသည်လည်း မည်သို့ ဖန်လာဦးမည်နည်း၊ သူကိုယ်တိုင်လည်း မတွေးတတ်တော့ပြီ။

သူသည် လက်ပတ်နာရီကို ကြည့်ပြန်သည်။ နာရီက ရပ်များနေယင်ဒုက္ခ၊ သို့သော်.... သူ ရိက္ခာစာရင်းတွင် ကြည့်စဉ်ကပင် မမေ့မလျော့....၊ သူ့နာရီကို သံပတ်ပေးခဲ့သည်။ ဟုမ်း၏ ကြီးမား၍ အဖိုးတန် လက်ပတ်နာရီကိုလည်း သူပင် သံပတ်ပေးခဲ့သည်။ သူသည် ဟုမ်းအား ထပ်မံ၍ အက်စ်ပရင်ဆေးများ တိုက်ထားသဖြင့် ကာနယ်သည် ယခုအခါတွင် ဂျစ်ကား၏ အောက်အရိပ်၌ ကောင်းစွာအိပ်မောကျလျက် ရှိချေသည်။

ပီဘီသည် ယခုအချိန်ထိ ဘာလုပ်၍ ဘာကိုင်ရမည် မသိသေး၊ သူသည် တစုံတရာကိုလည်း စောင့်ဆိုင်းနေသည် မဟုတ်၊ ဤ နေ့ခင်းကြောင်တောင်၊ နေပူကျဲကျဲတွင် ဂျာမန်ကင်းများလည်း လှည့်နေဦးမည်ဖြစ်၍ ဘာမှ လုပ်နိုင်ဦးမည် မဟုတ်။

၁-နာရီနှင့် ၄၉-မိနစ်၊ မှောင်ဖို့ များစွာလိုသေးသည်။

ကဲ.... မှောင်ပေါ့ပြီ ဆိုပါတော့....၊ သူ ဘာလုပ်ရမည်နည်း။

သဲတွင်းတူးပြီး ရေအခဲခံကာ သေမည်လား....။

သူသည် အကယ်၍ ဂျစ်ကားကို သဲနစ်နေရာမှ ဖော်ထုတ်နိုင်ပြီး၊ မောင်းနှင်သွားနိုင်သည် ထားဦး၊ ဆီအလုံအလောက်မရှိ၊ ရန်သူ များ ဝိုင်းဝိုင်းလည်နေရာမှ ဌာနချုပ်ရှိရာ ဟာဆီမာတာလာ သို့ သွားရာလမ်းပေါ် ရောက်အောင် မည်သို့မျှ ခရီးပြင်းနှင်နိုင်မည် မဟုတ်။ ထို့ထက် ယခု သူတို့သည် ဘယ်ရောက်လို့ ဘယ်ပေါက်နေသည်ကို မသိရ။ သူသည် ဤလမ်းကို ရမ်းသမ်းပြီးလာခဲ့ရာ ဤမျှလောက် ခရီးပေါက်ခဲ့သည်မှာ မှန်သည်။ သို့သော်.... နောက်တဖန် ရမ်းသမ်းပြီး လမ်းကြောင်းသစ်တခုသို့ မသွားရဲ၊ လမ်းတွင် ကန္တာရပျော် အာရပ်လူဆိုးများနှင့် တွေ့နိုင်သည်။ ထိုတနေရာမှ တခြားနေရာသို့ သွားလာနေကြသော သဲကန္တာရ အာရပ်များသည် ပဥ္စမမြောက် ဂျော့ဘုရင်မင်းမြတ်၏ သစ္စာတော်ခံအာရပ်များ ဖြစ်ကြသည်။ သူတို့က ကောင်းကြသည်။ စသဖြင့် မျှော်လင့်ရန်ခဲယဉ်းသည်။ ပီဘီ၏ လက်တွေ့ကျသော စိတ်ဓာတ်ကလည်း ဤဤလိုအကောင်း မြင်တွေးသည့်စိတ်မျိုး နည်းနည်းမျှမရှိ။

နောက်ဆုံး၌ ပီဘီသည် ခြေလျင်ခရီးရှည်ကြီး နှင်ရန်သာ ရှိတော့သည်။ အခြားဘာမှ မလုပ်နိုင်ပြီဟု မှတ်ချက်ချမိသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းများတွင် ဤကဲ့သို့သော သဲကန္တာရရေဒုက္ခမျိုးကို သင်ကြားပေးဖူးခြင်းမရှိ၊ သဲကန္တာရအတွင်း အသက်ရှင်လိုက နက္ခတ်တာရာများကို ကြည့်တတ်ရမည်။ ကွမ်းရွက်များကို ဝါး၍ စားတတ်ရမည်၊ သံခမောက်အတွင်းမှ နှင်းပေါက်နှင်းစက်များကို လျှာဖြင့်လျှက်လျက် သောက်တတ်ရမည်၊ ဒါပဲဖြစ်သည်။

ယခု.... ပီဘီတွင် တကယ်လိုအပ်နေသည်ကား ခုခံယှဉ်၊ ပြေးယှဉ်း လုပ်နိုင်ရန် ပစ္စည်းကိရိယာများတည်း။

ပီဘီသည် ပါးစပ်တွင် မီးမညှိသေးသော စီးကရက်တလိပ်ကို ခဲလျက်၊ သဲထဲတွင် တင်ပျဉ်ခွေထိုင်ကာ ဤခံယှဉ်းဆုတ် စနစ်အတွက် လိုအပ်သောပစ္စည်းကို တွက်ချက်ကြည့်မိ နေသည်။ သူလိုအပ် နေ သည် တို့မှာ....

ယာဉ် ဓာတ်ဆီ၊ ရေနှင့် မြေပုံ....။

ဤကန္တာရကြီးအတွင်း လိုချင်သမျှကို ဝိုးလ်ဝပ်ကဲ့သို့သော စတိုးဆိုင်ကြီးများသို့ သွားရောက်ဝယ်ယူသလို ဝယ်ယူ၍လည်း ရနိုင်သည် မဟုတ်သဖြင့် ရနိုင်သောနေရာတခုသို့ သွားရောက်ယူမှသာ ရနိုင်မည်ဟု သူက တွေးမိသည်။

ထိုနေရာကား အခြားမဟုတ်၊ ရန်သူဂျာမန်တို့၏ စခန်းပင်....။

သူသည် စီမံချက်ကို ချိန်ဆကြည့်သည်။ တွက်ကြည့်သည်။ ပြီး သူ့လက်ပတ်နာရီမှ အချိန်ကို ကြည့်လိုက်ပြန်သည်။

သူသည် အကယ်၍ ကာနယ်နှင့်အတူ ဤနေရာမှ (၂) နာရီခွဲတွင် လာလမ်းအတိုင်း ပြန်လျှောက်မည်ဆိုပါက သဲမာလမ်းဖြစ်သဖြင့် ညနေစောင်းလျှင် ၁၂-မိုင်ခန့်ခရီးပေါက်မည်၊ နောက်ထပ် ၆-မိုင်ခရီးကို စခန်းမှ မီးရောင်ကို မှန်းပြီးသွားမည်၊ ၎င်းတို့၏ လျှို့ဝှက်စခန်းကို ညဉ့်အခါတွင် မှောင်ချထားသည် ဖြစ်သော်လည်း မီးရောင်တစွန်းတစကိုတော့ မြင်ရမည်မှာ အမှန်ပင်။ ထို့နောက် ၆-မိုင်ခရီးကို ပီဘီက သူတယောက်တည်းသွားမည်၊ ကာနယ်ဟုမ်းကို မှတ်သားလွယ် မြင်သာလွယ်မည့် သဲကုန်း တောင်ကုန်း တနေရာရာတွင် ထားခဲ့မည်၊ သူတယောက်တည်း ရန်သူစခန်းအတွင်းသို့ ဝင်ရောက်ကာ လိုချင်တာကို ခိုးယူမည်၊ ရသော် ဟုမ်း ကို ပြန်ခေါ်ကာ သူတို့မနက်ကတိုက်ပွဲစရာ စုရပ်တောင်ကုန်းကလေး၏ လမ်းမှ ဟာမာတာလာသို့ ကြယ်ရောင်ဖြင့် ခရီးနှင်မည်။

ဤသို့ သူကတွက်မိသည်။ ကောင်းလိုက်သည့်အကြံ၊ သူ၏ ပြေးလမ်းတွင် အများဆုံးတွေ့ရလှ၊ ဘီဒူးအာရပ်လူဆိုးများ၊ ဂျာမန်ကင်းနှင့် ဗိုက်ဗင်ထိုး ဗုံးကြဲလေယာဉ်ပျံများသာ ဖြစ်မည်၊ မည်သို့ပင်ဖြစ်စေ၊ ရန်သူ့ လိုက်မမီအောင်ပင် သူက ခရီးတွင်တွင် နှင်နိုင်လိမ့်မည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညအာမှောင်ထုအောက်ဝယ်၊ ရန်သူ၏ စခန်းအတွင်း ဝင်ရောက်ခိုးရန်မှာ မဖြစ်နိုင်ဟု မဆိုနိုင်သော်လည်း မလွယ်လှကြောင်းကိုမူ ပီဘီ က ထည့်၍ မစဉ်းစား။

ဤကဲ့သို့ အကြံအစည်တခု ရလိုက်ကာ ထိုအကြံ အစည် အတိုင်း လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်နှင့် ပီဘီ တွင် ပခုံးပေါ်တွင် ထမ်းပိုးထားရသည့် ဝန်ထုပ်ဝန်ပိုးကြီး တခုကို မ ချလိုက်ရသကဲ့သို့ ပေါ့ပါးသွားလေသည်။ စိတ်လက်ကြည်လင်သွားသည်၊ ပျော်သွားသည်။

၂-နာရီနှင့် ၂၇-မိနစ်။

ပီဘီ သည် ဇုဘိုင်စီးကရက်ကို မီးညှိ၍ နှစ်ဖွာသုံး ဖွာ ခန့် ဖွာ လိုက်သည်။ အောင်ပွဲ၏ အထိမ်းအမှတ်။ နောက်ခရီးရှည်ထွက်ရန်အတွက် ကာနယ်ကြီးကို နှိုးရန်စနေရာမှထလိုက်သည်။

သို့သော်....ကော်ပရယ်ကလေး မက်နဲယား နှင့် ကာနယ်ဟုမ်းတို့အဖို့ မော်တော်ယာဉ်တစင်းရရန်အတွက် ပင်ပန်းခက်ခဲလှစွာ ခရီးရှည် သွားရန်မလိုတော့ပါ၊ သူတို့ထံမှောက်သို့ ရန်သူဂျာမန်များက မော်တော်ကားတစင်းယူ၍ လာနေပါပြီကော....၊၊

ပီဘီ သည် မတ်တပ်ရပ်လိုက်ရာမှ အဝေးတွင် ဖုန်တထောင်းထောင်းထနေသည်ကို လှမ်း၍မြင်လိုက်ရသဖြင့် ရုတ်တရက်ဒူးထောက် ထိုင်ချလိုက်သည်။ သူဂျစ်ကားနှင့် ကာနယ်ကို ကြည့်လိုက်သည်။ ကာနယ် သည် အိပ်ကောင်းတုန်းပင် ရှိသည်၊ ပီဘီ သည် ဝမ်းလျားမှောက်လိုက်ကာ မှန်ပြောင်းဖြင့် ကြည့်လိုက်သည်။

မော်တော်ယာဉ်မှာ ဒင်မလာစကစ်ပါ ဖြစ်သည်။ သူတို့၏ သဲကုန်းများရှိရာသို့ သဲမာလမ်းအတိုင်း မောင်းနှင်၍ လာနေသည်ကို တွေ့ရသည်။

"ခွေးမသားတွေ၊ မင်းတို့နဲ့ငါ တွေ့ကြမယ်"

ဟု ပီဘီ က အံကြိတ်၍ ကြိမ်းလိုက်သည်။

\+ \+ \+

ဂျာမန်လုပ် ဒင်မလာစကစ်ပါ ကားကလေးသည် ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ရှိလှသည်။ သူသည် သဲကန္တာရအတွင်း သူ မောင်းနေကျ အခြားသော စတောက် ကားခေါ်၊ ကင်းလှည့် ကားငယ်ကလေးများလောက် ဆွဲအားမကောင်းလှဟု ကားမောင်းလာသူ စထရင်ချလင်းက ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကား.... များပြားလှသည့် သူ၏ အခြားသောရဲဘော်များ နည်းတူ ကြမ်းတမ်းလှသော ဤဒေသမျိုးကို နည်းနည်းကလေးမှ မနှစ်သက်၊ သူ့အဖို့ ဤ အယ်လ်ဟာရောက်ဆီ သို့ အထူး ဝတ္တရား ဆောင် ရွက် ရန် ပြောင်းရွှေ့ လာရ ခြင်းမှာ ကံဆိုးခြင်းပင်ဟု သူထင်မိသည်။ သူသည် ကြမ်းတမ်းသော အရပ်ဒေသများ၌ မနေလို၊ ဘယ်တော့မှလည်း ကြိုက်နှစ်သက်လိမ့်မည် မဟုတ်ချေ။ သူ၏ရဲဘော် တော်တော်များများလည်း မကြိုက်ကြ၊ အဲလ်ဟာရောက်ဆီ သို့ အထူးတာဝန် တပ်ဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့လာရခြင်းမှာ ကံဆိုးလှသည်ဟု ထင်ခဲ့သည်။ သူသည် သူ၏ပင်ဇာတပ်ဖွဲ့နှင့် ကမ်းခြေဒေသတွင်ပင် နေလိုသည်။ ထိုနေရာတွင် နေရပါက၊ အချိန်မရွေး ဖုံးကြဲခံရ ခံရ၊ သေနတ်ဖြင့် အပစ်ခံရ ခံရ သူနေချင်သည်။

စထရစ်ချဲလင်းသည် သဲကန္တာရကို မကြိုက်၊ ကင်းလှည့်ရ သည့် တာဝန်ကိုလည်း မနှစ်သက်၊ ထို့ထက် အနားမှ တကျီကျီ နှင့် မြည်တွန်တောက်တီးနေသည့် အတ်မန်း ကိုလည်း အမြင်ကပ်သည်။ အတ်မန်းသည် စစ်တိုက်သည့် စစ်သားမဟုတ်၊ မော်တော်ယာဉ်တပ်မှ အတတ်ပညာရှင်ဆာဂျင် တပ်ကြပ်ကြီးတဦးသာ ဖြစ်သည်။ သူသည် မည်သည့် မော်တော်ယာဉ်ကိုမဆို သူ့ပိုင်ယာဉ်ကဲ့သို့ သဘောထားတတ်သူလည်း ဖြစ်ချေသည်။

ဤ ဆာဂျင်အတ်မန်းသည် လွန်ခဲ့သည့် နှစ်နာရီလောက်မှ စပြီး၊ သူ၏ နံဘေးမှနေ၍ မြေပုံဖတ် နေ့းရမည်လားဟု ကြိမ်းလိုကြိမ်း၊ အိပ်ငိုက်ရမည်သားဟု ဆူလိုဆူ၊ တပ်ပြန်ရောက်လျှင် အရေးယူမည် ပြေစလိုပြောဖြင့် မြည်တွန်တောက်တီး လာခဲ့သည်။

စထရစ်ချဲလင်းသည် တကယ်တော့.... တခါသာ ဆတ်ကနဲ အိပ်ပျော်သွားမိပါသည်။ မြေပုံကလည်း တကယ်တော့ မလိုပါ၊ သဲကန္တာရအတွင်း သဲလမ်းကြောင်းကြီးက ဖုန်းနေသည်။ မိုင် ၂ဝ-ခန့်သွားပြီးသော်၊ အနောက်တောင်ဘက်သို့ ၂-မိုင်ခန့် သွားရမည်။ ယခုမူ.... စခန်းမှ မီးခိုးများသည် ကောင်းကင်ပြင်ထဲ ထိုးထိုးထောင်ထောင်နှင့် တက်နေဆဲဖြစ်၍ ပို၍အသွားရ လွယ်နေသေးသည်။ ဘာမြေပုံမှ ကြည့်၍သွားနေရန် မလို၊ အထူးပင် တန်းတန်းမတ်မတ် သွားနိုင်သည်။

အတ်မန်း ကား.... အာဏာသုံးလိုသူပင်၊ သူသည် ကား၏ အိုပ်ဆယ်အုံများ၊ ကာဘရိုက်တာများကို မျက်လှည့်ဆရာသဖွယ် နိုင် နိုင် နင်း နင်း၊ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်လုပ်ကိုင်တတ်သူ ဖြစ်ပေမည်။ သို့သော်.... သူသည် သဲကန္တာရ စစ်ဆင်ရေးကိုသော်လည်းကောင်း၊ ဗြိတိသျှ ကွန်မင်ဒိုတို့၏အကြောင်းကို သော်လည်းကောင်း သိသူမဟုတ်ချေ။ အတ်မန်းသည် ဤဒေသတဝိုက်တွင် ပျောက်နေသည်ဆိုသော ဂျစ်ကားနှင့် ဂျစ်ပေါ်ပါ လူများကို မုချတွေ့လိမ့်မည်ဟု ထင်နေသလား မသိချေ။

www.burmeseclassic.com

www.burmeseclassic.com



"စထရစ်ချဲလင်း.... မင်းမျက်စိတွေ ဖွင့်ထား"

"ဟိုဟာက ဘာလဲ...."

"ဟောဗျ.... ဘုရားရေ၊ ပြောနေလျက်က အိပ်ပျော်သွားပြန်ပြီလား...."

"ထ ကြည့်စမ်း... မင်းမှန်ပြောင်းနဲ့ ကြည့်စမ်း...."

ဤသို့အနားမှ တဖွဖွပြောလိုက်လာသော အတ်မန်း အား စထရစ်ချဲလင်း က ကျိတ်၍ ကျိန်ဆဲမိသည်။

ဗြိတိသျှ ကွန်မင်ဒိုများသည် လူရမ်း လူကြမ်းများ ဖြစ်သည်ကား မှန်ပါ၏။ သို့သော်.... သူတို့သည် မိုက်မဲသူများတော့ မဟုတ်ကြ၊ သူတို့သည် ကုလားအုပ် လမ်းမဟုတ်သော၊ အာရပ်များပင် အသုံးမပြုသော၊ ရေဝေးပြီး အိုအေစစ် မရှိသည့် ဆာဟာရသဲကန္တာရ အလယ်ကောင်တည့်တည့်သို့ ဦးတည်ပြေးကြမည်မဟုတ်၊ ဤမှ အနောက်စူးစူး အာရပ်ကား.... အာဖရိကတတိုက်လုံးတွင် အဆိုးရွားဆုံး သဲကန္တာရ ဒေသပင် ဖြစ်တော့သည်။ အကယ်၍ လွတ်ထွက်သွားသည်ဆိုသော အဆိုပါဂျစ်ကားကို တွေ့မည်ဆိုပါက၊ အဲလ်ဟာရောက်ဆီ ခံတပ်ဟောင်းအနီးမှ တောင်တန်းကလေး၏ ဝဲဘက် 'အေ'ဒေသဟု ခေါ်သောအပိုင်း၊ သို့မှုမဟုတ်.... 'စီ' ဒေသဟု ခေါ်သော နေရာများတွင်သာ တွေ့နိုင်မည်။ ငရဲပြည်၏ တံခါးဝ ဖြစ်သော ဤနေရာတွင်ကား၊ ဘယ်နည်းနှင့်မျှ တွေ့နိုင်မည် မဟုတ်ချေ။

ကား၏ ဒက်ရှ်ဘုတ်မှ မြေပုံက လူပ်ခါသွားသည်။ စထရစ်ချဲလင်း က လက်ယာဘက် လက်တွင်း၌ကိုင်ထားသော သူ၏ ရှမစ်ဆာ သေနတ်ကို လက်ဝဲလက်ဖြင့် ပြောင်းကိုင်လိုက်ပြီး၊ လက်ယာလက်မှအင်္ကျီဖြင့် မြေပုံမှ ဖုန်များကို သုတ်လိုက်သည်။ ဤသည်ကို အတ်မန်းက အလန့်တကြားဖြင့်....

"မင်းသေနတ်ကို ငြိမ်ငြိမ်ကိုင်ထားစမ်းပါ၊ ဘာလဲ.... ငါ့ခေါင်းကို ထုခွဲပစ်မလို့လား၊ ကျည်ဆန် ထွက်သွားမှဖြင့်ကွာ...."

စထရစ်ချဲလင်း က ဘာမှပြန်မပြော၊ ဟုတ်ပေသားပဲ၊ ဒီအာချောင်တဲ့ အကောင်ရဲ့ နားထင်တေ့ပြီး မောင်းဖြုတ်လိုက်ရယင်၊ ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးလိုက်မိသည်။

"ဘာလဲ ဟိုဟာ...."

"ဘာမှမဟုတ်ပါဘူး...."

"ဟိုမှာကြည့်စမ်း၊ ဟိုရှေ့က သဲမြောင်းထဲက ဘာလဲ...."

စထရစ်ချဲလင်း က ထိုအရာကို သဲမြောင်းဟုမခေါ်၊ လစ်ဗျားတွင် 'သတ္တိခဲ ၄၁-ဦး' ဟု ကျော်ကြားခဲ့သော ကန္တာရတိုက်ပွဲတွင် သူပါခဲ့သည်။ ထိုအခါ.... သဲမြောင်းများအတွင်း တိုက်ခဲ့ရသည်။ ယခု အတ်မန်းပြသည့် အရာမှာ သဲချိုင့်ကလေးတခုသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့…ရဲဘော်…ကြည့်စမ်းပါ မင်းမျက်စိနဲ့ သေသေချာချာ"

"မီးခိုးပဲ"

စထရစ်ချဲလင်းက ပြန်ပြောလိုက်ပြီး သူကိုယ်တိုင် အံ့အားသင့်သွားမိသည်။

သူသည် မတ်မတ်ထိုင်လိုက်သည်။ သံခမောက်ဆောင်းထားသည့် သူ၏ ခေါင်းကိုမော့ကာ ကားရှေ့ရှိ သံမဏိဘောင်ကိုကျော်ပြီး ကြည့်လိုက်သည်။ တဖန် ရှေ့သို့တိုးကာ ကြည့်ပြန်သည်။ လေတိုက်လိုက်သဖြင့် သူ၏ နေကာမျက်မှန်ကို ဖုန်များစဥ်ကာ မှုန်သွားသည်။ သူက နေကာမျက်မှန်ကို ရင်ဘတ်ပေါ်သို့ ဆွဲချလိုက်ပြီး မှန်ပြောင်းဖြင့် ကြည့်လိုက်သည်။

"ကဲ….ဘာလဲ"

အတ်မန်း က မေးလိုက်သည်။

"ဂျစ်တစင်း မီးလောင်နေတယ်"

"ကဲ… ငါမပြောဘူးလား…. မင်းက ငါ့ကို ငပေါ ထင်နေတယ်ဟင်း"

အတ်မန်းက ကျေနပ်စွာဖြင့်ခပ်အော်အော်ကလေး ပြောလိုက်သည်။

"ဖြည်းဖြည်း ဆာဂျင်"

အတ်မန်းက ဂျာမန်ခွေး၊ ဒက်ရှိရှန်းကဲ့သို့ သွက်လက်ချက်ချာလှ၏။ ကိုယ့်ကိုယ်ကို ယုံကြည်လွန်းအားကြီးလှ၏။ အတ်မန်းသည် စထရစ်ချဲလင်း သတိပေးနေသည်ကို ဂရုမစိုက်၊ ကားကိုမီးလောင်နေသော ဗြိတိသျှ ဂျစ်ကားရှိရာကို တဟုန်ထိုး မောင်းချသွားလေသည်။

စထရစ်ချဲလင်း ကား ပို၍ သတိထားလေသည်။ သူသည် ခေါင်းကိုငုံ့ကာ လိုက်လာပြီး အတ်မန်း၏ပခုံးကိုကိုင်ကာ 'သတိနဲ့ကပ်ပါဒါ ပုံသေဥပဒေပဲ သတိနဲ့ကပ်'ဟု အော်ပြောသည်။

"ဟား…."

အတ်မန်းကလည်း ပြန်အော်သည်။

"မင်းမမြင်ဘူးလား…. တုံးလှချည်လား ဟိုမှာသေနေကြတာ မမြင်ဘူးလား၊ တို့လေယာဥ်ပျံတွေက ဆော်ထားတာကွ"

"သူတို့ဟိုဒင်း"

စထရစ်ချဲလင်း ၏ စကားမဆုံးမီပင် အတ်မန်း သည် ကားဘရိတ်ကို ဆောင့်နင်းလိုက်သည်။ ကားသည် သဲမာလမ်းပေါ် ဝယ် ရှပ်တိုက်ပြေးကာ တစောင်းလည်သွားပြီး ဂျစ်ကားနှင့် ဂိုက် ၂၀-အကွာလောက်တွင် တုံ့ကနဲ ရပ်သွားသည်။

စထရစ်ချဲလင်း သည် သတိဖြင့်ခေါင်းဖော်ကာ အခြေအနေ အရပ်ရပ်ကို အကဲခတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်၊ သဲမာလမ်းပေါ်ဝယ် ဗြိတိသျှတို့၏ ဂျစ်ကား တစ်ရှိတ် တိုက်သွားသည့် စွတ်ကြောင်းကြီးက ထင်းလျက်၊ နောက်ထိုစွတ်ကြောင်း အဆုံးတွင် သဲကုန်းပေါ်မှ အောက်သို့ထိုးကျနေသည့် အရာများကို ထင်ရှား စွာ တွေ့နေရသည်။ တစုံတခုက ထူးဆန်းနေသည်။ ဂျစ်ကားကို လောင် နေသည့်မီး၊ ကား၏ဘောနက်ပေါ်တွင် ရှိနေသည့် မီးကပြာလဲ့လဲ့ကလေး မီးတောက်မီးလျှံလည်းမဟုတ် သေးသေး သွယ်သွယ်ကလေး၊ ဂျစ်ကား ပေါ်မှ သားရေစ၊ အဝတ်စများကိုပင် မလောင်သေး သံထည်ပင် အညို အမည်းမစွဲသေး။

"...ဆာဂျင်"

"နှစ်ယောက်ကွ...နှစ်ယောက်စလုံး သေနေပြီ"

အတ်မန်းက အောင်မြင်စွာ ကြွေးကြော်သည်။ တောခွေးက အထော ကောင်ကို တွေ့သလိုမျိုးမဟုတ်ပဲ၊ ဤဗြိတိသျှ နှစ်ယောက်ကို သူကပင် ပစ် သတ်လိုက်သည့်အလား ဝမ်းမြောက်ဝမ်းသာစွာ ပြောဆိုနေသည်။

"တို့အလောင်းတွေကို ကားပေါ်တင်သွားမယ်၊ ဂျစ်ကားကိုလဲ ဆွဲ သွားကြမယ်၊ ကဲ....ကားပေါ်ကဆင်း"

"ကျွန်တော်တို့"

စထရစ်ချဲလင်းက 'မဆင်းနှင့်ဦး စောင့်ကြည့်ဦး' ဟု တားလိုသည် သို့သော်....စထရစ်ချဲလင်းက ဘာစကားမှ မပြောလိုက်ရ၊ အတ်မန်းသည် စထရစ်ချဲလင်း၏ လက်တွင်းမှ သေနတ်ကိုဆွဲယူကာ ကားပေါ်မှ လွှားကာ ခုန်ဆင်းသွားလေသည်။ သေနတ်ကို ချိုင်းကြားတွင် အမှတ်မဲ့ညှပ်လျက် ဂျစ်ကားရှိရာသို့ သွားနေသည်။

စထရစ်ချဲလင်း မှာဘာကြောင့်ဟူ၍ပင် မပြောတတ်၊ အတွေ့အကြုံ နှင့် အသိစိတ်က နှိုးဆော်နေ၍လားမသိ၊ ကားတွင်း၌ ပုနေလိုက်မိပြီ သည်။ တချိန်တည်းမှာပင် ကားရှေ့မှန်အောက်က သေနတ်ထားရာသို့လက် ကမ္မန်းပြီး ရိုင်ဖယ်သေနတ်ကို ယူနေမိသည်။ ရိုင်ဖယ်သေနတ်ဖြင့် ဟိုအရှေ့ မဏ္ဍင်နှစ်စက်ပြင်ဆရာ ဆာဂျင်ကို လိုအပ်ကကျည်ကာပေးရန် ဖြစ်သည်။

ဂျစ်ကားနှင့် မီးရောင်ပြာလဲ့လဲ့သည် ငြိမ်းစပြုနေပြီ၊ ဤခုံပေါ် ကောက်တိကောက်ကွေးနှင့် လေထုထဲ ထိုးတက်လာမည့် မီးခိုးထူထူလည်း မရှိပြီ။

ကောင်းကင်၌ လေယာဉ်ပျံများ မရှိသည်မှာ ကြာခဲ့ပြီ၊ အဘယ် ကြောင့် ဤဂျစ်က ယခုမီးထ၍ လောင်နေရသနည်း၊ အကယ်၍သာ လေ ယာဉ်ပျံများက ဤဂျစ်ကားကို တိုက်ခိုက်ခဲ့သည်ဆိုပါက ခဲတံဆီးပိုင်က ပေါက်ကွဲပြီး မီးဟုန်းဟုန်းတောက်ကာ လောင်ကျွမ်းပေမည်။ ယင်းသို့လောက် ဆိုပါက ဂျစ်ကားသည် သံထည်ကိုယ် အရိုးပြိုင်းပြိုင်းသာ ကျန်ပေတော့ မည်။

www.burmeseclassic.com

www.burmeseclassic.com



စထရစ်ချဲလင်း သည် ခေါင်းဖော်က ကြည့်လိုက်ပြန်သည်။

"ဆာဂျင် အတ်မန်း.... သတိနဲ့သွား....သတိနဲ့သွားလေ"

ဟု သူက အော်ပြောလိုက်ပြန်သည်။

မည်သည့် စစ်သားကောင်းမဆို ဤကဲ့သို့ အခြေအနေမျိုးတွင် သတိပေးသည့် အနေဖြင့် သေနတ်ပစ်ဖောက်ပြီး ရန်သူများအနီးသို့ ချဉ်းကပ်မည်သာ ဖြစ်သည်။ အတ်မန်းကား သူ၏ စစ်သားဘဝ တလျှောက်လုံး ထရပ်ကားများအောက်၌သာ နေခဲ့ရသူ ဖြစ်သဖြင့် သူသည် ဤစစ်ဥပဒေသကို မသိပြီ၊ သူသည် သေနတ်ကိုယမ်းလျက် အလောင်းများဆီသို့ တိုး၍သွားနေသည်။ ၁၀-ကိုက်ခန့်သာ ဝေးတော့သည်။

အလောင်းနှစ်ခုသည် သဲပေါ်တွင် ပိုးလိုးပက်လက် ဖြစ်နေသည့် ၂-ယောက်အနက် ခပ်ဝဝ တယောက်မှာ မှောက်လျက်လဲ နေသည်။ သူက သားရေကုတ်အင်္ကျီဝတ်လျက် အရာရှိဦးထုပ်က မျက်နှာတခြမ်းဖုံးကာ ကားယားကြီး လဲနေလည်။ သူ၏ ဝဲဘက်လက်မောင်းက အင်္ကျီထဲ သွင်းထားပြီး ညာဘက်လက်က ဆန့်တန်းလျက် သဲဖုံးနေသည်။ ခပ်လှမ်းလှမ်းရှိ အခြားအလောင်းကမူ ကိုယ်တပိုင်းက သဲဖုံးနေသည်။ သူကတော့ ပိန်ပိန်ပါးပါး စာခြောက်ရုပ်နှင့်ပင် တူသေးတော့သည်။

စထရစ်ချဲလင်း က နားလည်လိုက်ပါပြီ....

အမှတ်မဲ့ပင်၊ ထိုင်ခုံပေါ် မတ်မတ်ထိုင်လိုက်မိသည်၊ သူ၏ အမှားပင် သူက အော်လိုက်ပြန်သည်။

"ဆာဂျင်"

အတ်မန်း က ရုတ်တရက် သူ့ကို ပြန်လှည့်ကြည့်လိုက်သည်။

ဤအချိန်မှာပင် စထရစ်ချဲလင်း က အလုံးစုံကို မျက်ဝါးထင်ထင် မြင်လိုက်ရလေသည်။ ထောင်ချောက်ပေပဲ၊ သို့သော်....သို့သော် ရိုင်ဖယ်ကို လည်း ဆွဲထုတ်၍ မရသေး၊ သူဘာမှမတတ်နိုင်၊ နောက်ကျသွားပါပြီ။

ခပ်ဝဝ အလောင်းကောင်ကပင် တပတ်လှိမ့်လိုက်ကာ ထထိုင်လိုက်သည်။ သူ၏ ညာဘက်လက်သည် သဲထဲတွင် မဟုတ်တော့ပြီ၊ သဲထဲမှ တန်းတန်းကြီးပင် ပေါ်လာပြီး လက်၏အဖျားတွင် လက်သီးဆုပ် ထားသ လို လို တစုံတခုပါလာသည်။ နောက် သူ့လက်က ဆန့်တန်းလျက်၊ သူ့လက်တွင်းမှ အရာရှိသုံး အော်တိုမက်တစ် ပစ္စတိုကား ကြီးမားလှသည်ဟု ထင်မှတ်ရပါ၏။

သေနတ်မှ ဖြောင်းကနဲအသံထွက်လာသည်။

အတ်မန်းသည် သူ၏ ခေါင်းတွင် ကြီးမားလေးလံသော ပစ္စတိုကျည်က အရှိန်ပြင်းစွာ လာရောက်ထိမှန်သဖြင့် နောက်သို့လန်သွားသည်။ ထို့နောက် ခေတ္တမျှ တောင့်တောင့်ကြီးပြန်၍ မတ်နေပြီးမှ ရှေ့သို့ထိုးလဲကျ

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။ သူ့လက်များက ရှမိုက်ဆာသေနတ်ကို ဆုပ်ကိုင်ထား လျက်....။

တချက်တည်းပါ....ဆာဂျင် အသက်ပျောက်သွားလေသည်။

ဤသို့ မဖြစ်မီကလေးမှာပင် စထရစ်ခဲ့လင်း က ဘယ်လိုဖြစ်မည်ကို သိလိုက်ပါသည်။ သူသည် ကိုယ်ကိုလိမ်လျက် ရိုင်ဖယ်ကိုယူယင်း... ကားတံခါးကို ပခုံးဖြင့် တွန်းဖွင့်ပြီးဆင်းရန် အတွန်းလိုက်....စက္ကန့်ဝက်မျှသာ အချိန် ရလိုက်ပါက နာရီအိမ်အတွင်းမှ ဖြတ်ကနဲထွက်လာသည့် ငှက်ကလေးပမာ ကားတွင်းမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်လာနိုင်ပြီး အကာအကွယ်ယူကာ သူ့ကိုယ်သူ ခုခံကာကွယ်နိုင်ပေမည်။

ဗြိတိသျှ ကွန်မင်ဒိုတပ်သားကား လျင်မြန်လှစွာ၏။

သူ၏နံဘေးသို့ လူတယောက် ရောက်လာသည်ကို စထရစ်ခဲ့လင်း သိလိုက်ပါ၏။ ထိုသူသည် သူ့ထံသို့ မြွေတကောင် ပြေးလာသကဲ့သို့ ရှူး ကနဲ ရောက်လာသည်။ သူကခေါင်းကို မော့အကြည့်လိုက်၊ ပိန်ပိန်ပါးပါး ငယ်ငယ်ရွယ်ရွယ် ကွန်မင်ဒိုတယောက်၊ တပ်သုံး ချည် စွပ် ကျယ် ချုပ် ဘောင်းဘီတိုကလေးဖြင့် သူ့တကိုယ်လုံးလည်း ချွေးသံရွှဲရွှဲ၊ သဲတွေ က တကိုယ်လုံးဖုံးလျက်....။

စထရစ်ခဲ့လင်း က သူ့အား အသက်ချမ်းသာပေးဖို့ အသနားခံရန် ပြောမည်အလုပ်၊ ဤသူကား.... ကားပေါ်သို့ မျောက် တ ကောင် ကဲ့ သို့ လျင်မြန်ပေါ့ပါးစွာ ခုန်တက်လိုက်သည်။ သူ့ခြေထောက်တွင် ဘာမှမပါ၊ ခြေသံပင် မကြားလိုက်ရ။

စထရစ်ခဲ့လင်း ၏ ဦးခေါင်းသည် လက်ဖြင့်ဆောင့်၍ အဆွဲခံလိုက် ရသဖြင့် နောက်သို့ လန်သွားသည်။ သူ၏အော်သံမှာ အော်သံဖြစ်မလာ ဘော့ပဲ၊ ဗလုံးဗထွေးဖြင့် ပလုပ်သံထွက်လာသည်။ သူ့လည်ပင်းကား.... ဓားဖြင့် အဖွင့်ခံလိုက်ရလေပြီ။

သူ့လည်ပင်းမှာ အဖွင့်ခံလိုက်ရသည်သာမက၊ လွှဆွဲသလို ခပ်ပြင်း ပြင်း တချက်လည်း အဆွဲခံလိုက်ရဖြင့် ခေါင်းပြတ်လုလု တဲတဲကလေး ဖြစ်သွားသည်။

လည်ချောင်းပြွန်တံဝတွင် သွေးများဖြင့် ပလုံစီသွားသည်။ သွေး များသည် လည်ချောင်းအပေါက်မှ ဗွက်ကနဲ ပွက်ထွက်လာကာ၊ သူ၏ ယူနီဖောင်းပေါ်သို့ ကျကုန်သည်။ ဆွဲထားသည့်လက်က ခေါင်းကိုလွှတ် လိုက်သော်လည်း၊ ခေါင်းသည် သွက်သွက်ခါယမ်း၍ ကျန်ခဲ့သည်။

ဂက်ဖရိုက်တာ စထရစ်ခဲ့လင်း သည် မိခင် ဂျာမန် အာဖရိက တပ် အတွက် နောက်ဆုံးတိုက်ပွဲကို နွှဲခဲ့လေပြီ။ မိမိ၏ နောက်ဆုံးတာဝန်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



သဲကန္တာရအတွင်း ကင်းလှည့်တာဝန်ကိုလည်း ထမ်းဆောင်ပြီးခဲ့လေပြီ။ သူ့ခေါင်းသည်ကား၊ ၂ရှေ့သေနတ်စင်ကို မထိမိမှာပင် သူ့တွင် အသက်မရှိတော့ပါပြီ။

\+ + +

သူ့ကိုယ်ပေါ်မှသဲများကို သပ်ချလိုက်သည်။

သူ့ကိုယ်သူ သန့်စင်ပြီးနောက်.... ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီကို ပြန်ဝတ်လိုက်သည်။ ပြီးသော်.... သူကမေးလိုက်သည်။

"ကာနယ် နေကောင်းတယ်နော်.... ဘယ့်နှယ့်နေသေးသလဲ"

"ကောင်းတယ်.... ကောင်းတယ်၊ တော်တော်ကို ကောင်းသွားတယ်"

"ဗိုလ်မှူးကြီးက သေနတ်ပစ် တော်တော် တော်တာပဲ၊ တယ်လက်ဖြောင့်တာပဲ၊ တချက်တည်းနဲ့ တည့်တည့်ကိုဝင်သွားတာပဲ...."

"နှစ်ယောက်စလုံး သေကုန်ကြပြီမဟုတ်လား...."

"ပွဲချင်းပြီးပါပဲ၊ ခင်ဗျား...."

ကာနယ်ဟုမ်းသည် ပစ္စတိုသေနတ်ကို ကိုင်ထားလျက်ပင် ရှိသေးသည်။ သူသည် သဲထဲတွင် ညာလက်ကိုအားပြုပြီး၊ သက်သက်သာသာထိုင်လျက်ရှိသည်။ သူသည် လန်းလန်းဆန်းဆန်းနှင့် ရှိနေပြီ၊ ပီဘီနှင့်တွေ့စကထက် နေကောင်းလျက် ရှိပေပြီ။

"မက်နဲယား....၊ ငါ့ကို ရေနည်းနည်း ပေးပါဦးကွာ....၊ ခဏခဏ တောင်းတယ်လို့တော့ မထင်ပါနဲ့"

"ဟာ.... ရပါတယ်ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီးဟာ.... ကျွန်တော့်ရဲ့ အထူး ဧည့်သည်တော်ပဲ ဥစ္စာ...."

ပီဘီသည် ရန်သူ၏ ဒိန်မလာကားပေါ်မှ ရလိုက်သည့် သံဖြူခွက်ငယ်ကလေးထဲသို့ သူ၏ရေဗူးမှ ရေများကိုထည့်ပြီး၊ ကာနယ်ဟုမ်း အား ပေးလိုက်သည်။

"အကုန်လုံးလား...."

"ဟုတ်ပါတယ်ခင်ဗျာ.... အကုန်လုံး သောက်လိုက်ပါ၊ ခု.... ကျွန်တော်တို့ ရေပြတ်စရာ မရှိတော့ပါဘူး၊ ဂျာမန်တွေဆီက ဂါလံ မိုးနှစ်ပုံးနဲ့ နှစ်ပုလင်း ရလိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းက ဘာကားလဲ.... ဒိန်မလာ ဟုတ်လား၊ ဒီကားက ရေလို သေးသလား...."

"မှုပြင်ထားတဲ့ မိုဒယ်နဲ့တူပါတယ်၊ အဲလားကူလ်၊ လေနဲ့အင်ဂျင် အေးအောင် လုပ်ထားပုံရတယ်၊ ပန်ကာ ပါပါတယ်၊ ကျွန်တော် မကျွင်းနစ် တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်.... အင်ဂျင်အကြောင်း နည်းနည်း ပါးပါးတော့ နားလည်ပါတယ်"

"ငါပစ်သတ်လိုက်တဲ့ကောင်က စက်မှုတပ်က တပ်စုတပ်ကြပ်ကြီး ပဲကွ...."

"ဟုတ်လားခင်ဗျာ...."

ပီဘီက အလိုက်သင့်ပင် ပြန်ပြောလိုက်သည်။ သူက စိတ်ဝင်စား သည် မဟုတ်။

ပီဘီသည် ရန်သူအလောင်းများ၏ အဝတ်အစားများကို ချွတ်ခဲ့ ပြီးဖြစ်သည်။ အလောင်းနှစ်လောင်းကို သဲကုန်းကလေးအောက်ဝယ် သဲဖုံး ရုံမျှဖုံးပြီး မြှုပ်ထားလိုက်သည်။ လင်းတများ၊ ခွေးအများ မမြင်ရုံမျှသာ ဖြစ်သည်။ ဤသည် လွန်မြောက်သွားသော်၊ ထိုအလောင်းများ ဘာဖြစ်ဖြစ်၊ သူတို့အဖို့ ပူပန်ရန်အကြောင်း မရှိတော့ပြီ။

ဂျာမန်တို့ထံမှ ချွတ်ယူထားသော ယူနီဖောင်းများနှင့် ပစ္စည်းများကို ပီဘီက သပ်ရပ်စွာ သဲပေါ်တွင် ခင်းကျင်းထားသည်။ ယူနီဖောင်းဝတ်စုံ များမှာ ချည်ချောခပ်ပါးပါးနှင့် ချုပ်ထားသည်။ အနည်းငယ် ပွရောင်း ရောင်း ရှိသည်။ ဦးထုပ်သံခမောက်၊ နေကာမျက်မှန်၊ လက်အိတ်၊ သေနတ် စသဖြင့် ပစ္စည်းအစုံဖြစ်သည်။

"ဟို.... ဂျာမန်ကောင်က ခပ်ထွားထွားပဲ၊ သူ့ဝတ်စုံက ဗိုလ်မှူး ကြီးနဲ့ တော်မှာပါ"

"ဘာလဲ.... ရှပ်ဖျက်သွားရမှာလား"

"လိုလိုမယ်မယ်ပေါ့ ဗိုလ်မှူးကြီး...."

ပီဘီက ရေဗူးအဖုံးကိုပြန်ပိတ်ယင်း၊ ဆက်လက်၍....

"ဗိုလ်မှူးကြီး ဂျာမန်စကား ပြောတတ်တယ်နော်...."

"နည်းနည်းပါးပါးတော့ ပြောတတ်ပါတယ်၊ မင်းတို့မိတ်ဆွေ.... ကပ္ပတိန်ဒီကွန်ဖလောက်တော့ သွက်သွက်လက်လက် မပြောတတ်ဘူးကွ...."

"ထွားထွားကောင်ရဲ့ နာမည်က အတ်မန်းတဲ့...."

ပီဘီက စာရွက်စာတမ်းများကိုကြည့်၍ ပြောနေသည်။

"ပြစ်မ်းပါဦး၊ မင်းစာရွက်တွေကို... ဖဲလ်စီဘဲလ်အတ်မန်း၊ ငါ့အသံ ဂျာမန်သံ ပေါက်ရဲ့လား...."

"ဟာ.... ပေါက်တယ်ဗိုလ်မှူးကြီး၊ အဲ.... ကျွန်တော်က ကော်ပရယ် စထရစ်ချ်လင်း...."

www.burmeseclassic.com

www.burmeseclassic.com



"ကတ်ဖရိုက်ထာ စထရစ်ချဲလင်း...."

"ဟုတ်ပြီ.... ဗိုလ်မှူးကြီး၊ ဂျာမန်တွေနဲ့တွေ့လို့ မေးယင်၊ ဂျာမန်လေသံနဲ့ပြောပြီး ဖေါက်ထွက်ကြဖို့ပဲ...."

"မင်းအကြံဘယ်လိုလဲ... ပြောပါဦး"

"ကျွန်တော်တို့မှာ ရိက္ခာလုံလောက်တယ်၊ ရေရှိတယ်၊ ဆီရှိတယ်၊ နောက်.... မော်တော်ကားရှိတယ်၊ မြေပုံရှိတယ်၊ ဒီတော့.... ကျွန်တော်တို့ လာလမ်းကို ပြန်မောင်းသွားကြမယ်၊ လေယာဉ်ပျံကွင်းရဲ့ ဝဲဘက်လမ်းကို လိုက်မယ်၊ အူတို့ရဲ့ ဘားရိုက်တွေနားက ကပ်သွားမယ်၊ ဒါမှ ဂျာမန်ကားပဲ ဆိုပြီး လှမ်းမပစ်မှာ...."

"ကောင်းတယ် မက်နဲယား၊ ပြီးတော့ကော...."

"ကျွန်တော်တို့ ရောက်သွားမယ့်အချိန်မှာ၊ တော်တော် မှောင်နေမယ်၊ ကျွန်တော်တို့ မနေ့ညကထက် လရောင် ပိုပြီးရမယ် လို့ ဆိုယင်၊ ခံတပ်ဟောင်းကိုကျော်ပြီး၊ မနေ့ညက တောင်ကုန်းတန်းအစွန်းထိ သွားကြမယ်၊ အဲဒီနေရာတွေက ညမှောင်နေလဲ အမှတ်အသားတွေကိုရေးရေးတော့ မြင်နိုင်မှာပါ...."

"မြင်ကွင်းက သိပ်မကောင်းယင်.... လမ်းအရှာရခက်မယ်"

"ဟုတ်ပါတယ် ဗိုလ်မှူးကြီးခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်သဘောကတော့ တောင်ကုန်းမှာ ခိုမနေချင်ဘူး၊ လေယာဉ်ပျံတွေမှာ စိုးရတယ်"

"ငါထင်တာက သိပ်တော့မသေချာဘူးပေါ့ကွာ၊ သူတို့လေယာဉ်ပျံတွေက တရက်ခြားသာလာတယ်တဲ့၊ ဘာပဲဖြစ်ဖြစ်လေ မင်းအစီအစဉ်ကို ငါသဘောတူတယ်၊ တောင်ကုန်းနောက်မှာ မနက်မိုးလင်းသွားယင် အန္တရာယ်ရှိနိုင်တယ်၊ ဒီတော့ ဝေးနိုင်သမျှ ဝေးအောင်သွားနိုင်ယင် ကောင်းမယ်"

"ဂျာမန်တွေရဲ့ ကားက ဆွဲပါတယ် ဗိုလ်မှူးကြီး"

"အေးကွာ....ဒီကားတွေကဆီဘယ်လောက်စားတယ်၊ ဘယ်လောက် ဆွဲတယ်ဆိုတာ မသိဘူး"

"ဟုတ်ပါတယ်၊ ဒါတွေသိသွားမှာပါ"

"လက်နက်ဆော့ကရော"

"ကျွန်တော်တို့ ဂျစ်ကားပေါ်က လက်ပစ်ဗုံးတွေရမယ်၊ နောက် ကျွန်တော်တို့ သေနတ်တွေ၊ ပြီးတော့ ဂျာမန်တွေရဲ့ သေနတ်၊ သူတို့သေနတ်က နှစ်လက်တော့ နှစ်လက်တည်းပါပဲ"

"ကင်းလှည့်ကားအတွက် လက်နက်က နည်းလိုက်တာ"

"သူတို့က သူတို့နဲ့တွေ့ယင် သိပ်ပြီးစုံစမ်းနိုင်ကြမယ် မဟုတ်ဘူးလို့ ထင်ပုံရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တို့ရှဲဘော်တွေ ဘယ်လိုဖြစ်ကုန်ကြသလဲ မသိဘူး၊ ကက်ပတိန် ကက်ဇတဲလ်မီန်းလဲ ...ဟာဆီမာတဲလ်လာကို ပြန်သွားတာဘယ်လို နေသလဲ မသိဘူး"

"ကျွန်တော်ပြောတာကို ဘယ်လိုမှ သဘောမထားဘူးဆိုယင် ကျွန်တော်ပြောပါရစေ၊ ကျွန်တော်တို့ လူတွေ ဟိုမှာဘယ်သူမှ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ လူရှိမှာ မဟုတ်ပါဘူး ဗိုလ်မှူးကြီး"

"အေးကွာ....မက်နဲယား၊ မင်းပြောတာ မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ"

"ကျွန်တော်လဲ ဒီလိုပဲပါပဲခင်ဗျာ"

"တို့ဂျစ်ကားကိုရော ဘယ်လိုလုပ်ထားခဲ့သလဲ၊ ဝှက်ထားခဲ့လို့ ရမလား"

"ကားကို ရှို့ထားတဲ့မီးကိုတော့ သဲနဲ့ဖြိမ်းထားလိုက်ပြီးပါပြီ၊ ဒီတော့ ဒီအတိုင်းပဲထားခဲ့ရအောင်ပါ"

"တို့ ဘယ်အချိန် ထွက်ကြမလဲ"

"တနာရီလောက်နေယင် ထွက်ကြပါမယ်၊ ကျွန်တော်တို့ လေယာဉ်ကွင်းကို မှောင်စပျိုးတဲ့အချိန် ရောက်သွားဖို့ အတော်ပါပဲ"

"ကဲ....ဒီလိုဆို ငါ့ကိုဂျာမန် အဝတ်တွေဝတ်ပေးကွာ၊ ယူနီဖောင်းလဲဝတ်ရမှာ၊ တို့က အချိန်တော်တော် ကြာလိမ့်မယ်"

"ဟုတ်ကဲ့....ဗိုလ်မှူးကြီး"

တနာရီနှင့် ၆-မိနစ်ကြာသော် ဗီဘီမက်နဲယားသည် ကားလက်ကိုင်နောက် ဝင်ထိုင်ကာ ကားကိုစစ်ဆေးကြည့်ရှုသည်၊ ၁၀-မိနစ်ခန့် ကြာသော် ကားအခြေအနေကြောင်းသိသွားပြီး ကားကိုမောင်းထွက် လာခဲ့ကြသည်။ အနောက်ဘက်တွင် နေတိမ်းနေချိန်ဝယ် ဒိန်မလားကားကလေးသည် သဲလမ်းပေါ်ဝယ် ချောမွေ့စွာ ပြေးလွှားလျက် ရှိနေချေသည်။

\+ \+ \+

အလ်ဟာရောက်ဆီ လေယာဉ်ကွင်းသည် တညတာ အိပ်စက်အနားယူရန် ပြင်ဆင်လျက်ရှိသည်။ ညကင်းသမားများက ဝင်းအတွင်း ပတ်ချာလှည့်နေကြပြီ ဖြစ်သည်။ ကွင်းအလုပ်သမားများကိုလည်း ကားစောပင် ထမင်းကျွေးထားပြီးဖြစ်သည်။ အပူချိန်သည်လည်း ကျနေပြီ၊ နေ့လယ်

www.burmeseclassic.com

www.burmeseclassic.com



က ဆေးရုံထဲနှင့် ရင်ခွဲရုံအနီးတဝိုက်၌ ပျံ့နှံ့နေသော လူသေအလောင်းများ၏ အနံ့များလည်း တဖြည်းဖြည်းနှင့် ပြယ်စပြုနေပြီ။

နက်ဖြန်နံနက် မိုးလင်း၍ အရုဏ်တက်ပြီးသော် ဝတ္တရားဆောင်ရွက်နေစဉ် ကျဆုံးသွားကြသော လေယာဉ်ကွင်း အလုပ်သမားများနှင့် တိုက်ပွဲကျ ပင်ဇာဘပ်သားများအတွက် အသုဘ အခမ်းအနား ပြုလုပ်ကြရပေမည်။ သူတို့၏ အလောင်းများကို ခေါင်းမသွင်းနိုင်၊ လေထီးစထဲထည့်၍ ချုပ်ထားရသည်။ သူတို့အား မှတ်သားမထားသည့် မြေတွင်းများအတွင်း ချ၍ မြှုပ်ရပေမည်။ ထိကန္တာရအတွင်း သေခြင်းသည် နေခြင်းကဲ့သို့ပင် ကြမ်းတမ်းလှ၏။ တန်ဖိုးနည်းလှပါ၏။

ရန်သူ အက်စ်အေအက်စ်များ၏ အလောင်းများကိုမူ မြေတွင်းကြီးထဲသို့ ချ၍ မြေမြှုပ်နှံကြမည် ဖြစ်သည်။ သူတို့အား အလစ်ဝင်စီးကြသူများဖြစ်သည့်အားလျော်စွာ သူတို့ထံတွင် တပ်မှတ်ပုံတင်များ မပါကြ၊ သို့သိုသိပ်သိပ် တပ်ဆင်ထားသည့် ရာထူးအဆင့် တံဆိပ်များ သာ ပါကြသည်။ မည်သို့ပင်ဖြစ်စေ ဟော့လ်တဲလ်သည် ရတတ်သမျှဖြင့် စာရင်း ပြုလုပ် ထားသည်။ နောင်တွင် ဗြိတိသျှဘက်သို့ ဤစာရင်းကိုမရောက်ရောက်အောင် ပို့ရမည် ဖြစ်သည်။ မနက်အသုဘ အခမ်းအနားတွင် သူသည် ဤကျဆုံးသူရန်သူများအား မြေတွင်းထဲချ၍ မမြှုပ်မီ သင့်တင့်လျောက်ပတ်သည့် ဆုတောင်း မေတ္တာပို့စကား ဆိုရပေဦးမည်။

“ဤစစ်သည်တော်များ မည်သည့်အရောင်အဆင်း ပါရှိသည့် ယူနီဖောင်းဝတ်စုံများကိုဝတ်ဆင်ကြသည်ဖြစ်စေ၊ မည်သည့်အလံတော်အောက်၌ ရပ်တည်၍၊ ဤစစ်ပွဲကို ဝင်ရောက်ဆင်နွှဲကြသည်ဖြစ်စေ၊ ဘုရားသခင်က သူတို့အား ကယ်မစောင့်ရှောက်တော်မူပါ”ဟု သူရွတ်ဖတ်သရဇ္ဈာယ် ရပေမည်။

နက်ဖြန်တွင်ပင် သူသည် မီးလောင်သွားသည့် ခေတ်ဆီလှောင်ကန်ကို ပိတ်ပစ်ရပေလိမ့်ဦးမည်။ ထို့နောက် ပျက်စီးသွားသော လေယာဉ်ပျက်များကိုလည်း ကောင်းကင်မှ ရန်သူ လေယာဉ်ပျံများ မမြင်ရလေအောင် သဲတွင် မြှုပ်ပစ်ရပေလိမ့်ဦးမည်။

ထို့နောက်မှ ဌာနချုပ်သို့ တိုက်ပွဲအစီရင်ခံစာရေးပြီး တင်ရမည်။ ကျဆုံးသွားသူနှင့် ဒဏ်ရာရသူများအတွက်လည်း လူစားတောင်းရပေမည်။

ဟော့လ်တဲလ်သည် တနေ့လုံးမည်မျှ အလုပ်များနေစေကာမူ သူ့ခေါင်းထဲတွင် ဇိုက်ဂင်အကြောင်းက အမြဲပေါ်နေသည်။ ဇိုက်ဂင်သည် သူ့အား အာကာပါဝါပြကာ သူ့အလုပ်ထဲတွင် ဝင်ရှုပ်မည်ဟု ထင်ခဲ့သည်။ သို့သော် ဇိုက်ဂင်သည် တဲအတွင်းမှမထွက်၊ ဟိုဝင်ပါ၊ သည်ဝင်ပါ မလုပ်၊ အဆောင်ခန်းကလေးထဲတွင်သာ ကုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်း အချိန်ကျမှ ဤတဲအတွင်းမှာပင် ဟော့လ်တဲလ် နှင့် ဇိုက်ဂင်တို့ စကားပြောဖြစ်ကြတော့သည်။

ဟော့လ်တဲလ်သည် ပင်ပန်းနွမ်းနယ်ကာ သူ၏ တဲသို့ပြန်ရောက်လာခဲ့သည်။ ရေချိုးမည် နှုတ်ခမ်းမွေးရိတ်မည် ပြီး သန့်ရှင်းသော ယူနီဖောင်းလဲကာ ရှူးလ်နှင့်အတူ ညှော်သည်တော်အား ညစာတည်ခင်း ကျွေးမွေးကြမည်။ ဟော့လ်တဲလ်သည် သစ်သီးခြောက် တဆုပ်လောက်နှင့် လက်ဖက်ရည် တဖန်ခွက်ကို သောက်လိုလှသေးသည်။ မိမိ ရေမိုးမချိုးခင်မှာပင် ဇိုက်ဂင်နှင့် မိမိတို့ ပြင်းပြင်းထန်ထန် ရင်ဆိုင်ပြောဆိုရလိမ့်မည်ဟုလည်း သူကတွက်ထားသည်။

တကယ်တော့ ဤလို မဟုတ်ပါပေ၊ ဇိုက်ဂင်သည် အေးအေးဆေးဆေးပင် အပြောအဆိုကလည်း သိမ်မွေ့လှပါ၏။

ဟော့လ်တဲလ်သည် မျက်နှာသုတ်ပဝါ ပတ်လျက် သူ့လက်တွင်း၌ လက်ဖက်ရည် ဖန်ခွက်နှင့် သေတ္တာပေါ်ဝယ် သစ်သီးခြောက် ပန်းကန်ပြားတို့ တင်ထားသည်။ ဟော့လ်တဲလ်မှာ ဇိုက်ဂင်ရှေ့၌ အနေရ ခက်နေသည်။ ဇိုက်ဂင်ကမူ ရှပ်အင်္ကျီနှင့် ဘောင်းဘီတို့ ကလေးနှင့်ဖြစ်ကာ ခြေထောက်တွင်လည်း ညှပ်ဖိနပ်ကလေးသာ စီးထားသည်။ သူ့ဆံပင်ကိုလည်း ဖြီးမထား၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးလည်း ရိတ်ထားခြင်းမရှိ၊ သို့ဖြင့် သူကား ပို၍ လူသားဆန်သလိုလို ဖြစ်နေသည်။ တကယ်တော့ ရုပ်ဖျက်ခြင်းတမျိုး ဟန်ဆောင်နေခြင်းသာဟု ဟော့လ်တဲလ်က တွေးပြီး သတိထားနေသည်။

"သုံ့ပန်းတွေကို ပို့လိုက်တာ မြန်လိုက်တာ၊ ခုလိုပဲ ခင်ဗျား တို့ မြန်မြန်ပဲ ပို့နေကျလား"

ဇိုက်ဂင် က မေးသည်။

"ကျွန်တော်တို့ဆီမှာ ဘယ်တုန်းကမှ ခုလိုသုံ့ပန်းမျိုး ဖမ်းမိခြင်း မရှိသေးပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့အမိန့်ပေးထားတာ ရှင်းပါတယ်၊ သုံ့ပန်းရှိယင် မြန်မြန်ပို့ရမယ်တဲ့၊ ဒါ့ပြင်လဲ ဒီမှာ သူတို့ကို ထားစရာ နေရာကလဲ မရှိဘူး၊ နေရာအပိုလုပ်ချင်ယင် သဲတွင်းတူး ရတာပဲ၊ ဒီမှာက ထောင်လဲမရှိဘူး၊ ထောင်လုပ်ဖို့ နေရာကောင်းကောင်း မရှိပါဘူး"

"ဟုတ်တာပေါ့"

ဇိုက်ဂင် က ထောက်ခံသည်။

"ကျွန်တော် စစ်ပါသေးတယ်၊ ဒါပေမယ့် ထင်တဲ့အတိုင်းပါပဲ၊ ဘယ်သူကမှ ဘာမှမပြောကြဘူး ရေငုံနေကြတယ်"

"ဟုတ်တာပေါ့"

"ကျွန်တော် ဗိုလ်ချုပ်ကို အကြောင်းကြားဖို့ပါပဲ၊ ဒါပေမယ့် အချိန်က မရဘူး"

"အက်စ်အေအက်စ်နဲ့ တခြား ဗြိတိသျှကွန်မင်ဒိုတွေဆိုတာ လူယုံ

www.burmeseclassic.com

www.burmeseclassic.com



လွယ်နဲ့စစ်လို့ ဆေးလို့ ရတာမဟုတ်ဘူး၊ ဒါကိုဝန်ခံပါတယ်၊ ခင်ဗျား သူတို့အားလုံးကို တွေ့လိုက်သလား"

ဟော့လ်တဲလ်သည် လက်တွင်းမှဖန်ခွက်ကို ချလိုက်ပြီး စွန်ပလွန် သီးတလုံးကို ပါးစပ်တွင်းထည့်၍ဝါးကာ....

"လူနှစ်ယောက်တော့ ပျောက်နေတယ်လို့ ယူဆရပါတယ်၊ ဂျင်တ စင်းနဲ့ လူနှစ်ယောက် ခုလောက်ဆိုယင် သေကုန်ရောပေါ့"

"လူနှစ်ယောက်တောင်ပဲလား၊ လူတယောက်ဆိုယင်တောင် ခင်ဗျား တို့ လုံခြုံရေးအတွက် အန္တရာယ် ရှိနိုင်တယ်လို့ ကျုပ်ယူဆတယ်၊ ခင်ဗျားတို့ ခု ဘယ်လိုစစ်ဆင်ရေးမျိုးလုပ်လုပ်ပါပေ့ဗျာ"

ဟော့လ်တဲလ် သည် ဓဏမျှ တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီး နောက် မေး လိုက်သည်။

"ဗိုလ်ချုပ် ဒီကို ဘာကိစ္စနဲ့လာတာပါလဲခင်ဗျာ၊ ဒီမနက် ဖြစ်တဲ့ တိုက်ပွဲနဲ့များ ပတ်သက်နေသလားလို့ပါ"

"မပတ်သက်ပါဘူး၊ တိုက်ရိုက်မပတ်သက်ပါဘူး"

"ကျွန်တော်ဟာ လျှို့ဝှက်ချက်တွေ ဘာတွေကို သိပ်ကြိုက်တဲ့ လူ မဟုတ်ပါဘူး ကျွန်တော်ကို ဖီးမာရှယ်ကြီး ကိုယ်တိုင်က ခန့်ပြီး ဒီ့အ လုပ် ခိုင်းထားတာပါ၊ ဘာအလုပ်လဲဆိုတာကိုလဲ ဗိုလ်ချုပ်သိတယ်လို့ ကျွန်တော် ယူဆပါတယ်ခင်ဗျား"

ဗိုက်ဂင်က တိုးညင်းစွာ ရယ်လိုက်သည်။

"ဒီအလုပ် ဘာအလုပ်လဲဆိုတာ ကျုပ်မသိပါဘူးဗျာ၊ ရှင်းရှင်းနဲ့ ဘွင်းဘွင်း ပြောရယင် ဂရုလဲမစိုက်ပါဘူး"

ဗိုက်ဂင် သည် ထိုင်နေရာမှထလိုက်သည်။ သူ့အရပ်သည် ဤသဲကျင်း နှင့် အလောတော်ပင် ဖြစ်သည်၊ မြေတွင်းထဲ၌ မြုပ်ထားသည့် သတ္တုဝါ တကောင်နှင့်ပင်တူလှတော့၏။ သူသည် ခြေလှမ်းနှစ်လှမ်း လှမ်းကာ ဟော့လ် တဲလ်ရှေ့သို့ရပ်၏။ ပြီး နောက်ခြေနှစ်လှမ်းဖြင့်ပင် ကျင်းဝကို ကာထားသည့် ကင်းဗတ်တာရပတ်ရှေ့သို့ သွားရပ်ပြန်သည်၊ တာရပတ်မှာ အပြင်မှ လေ အေးမဝင်ရန်နှင့် အတွင်းမှ မီးရောင်အပြင် မထွက်ရန် နှစ်ထပ် ကာ ထား သည်။ သူသည် နောက်တခေါက် ဤသို့ နှစ်လှမ်း စီတကြိမ် ပြု လုပ် ပြီး နောက် ဟော့လ်တဲလ်၏ ရှေ့တည့်တည့်သို့လာ၍ ရပ်လိုက်သည်။

"ဟော့တဲလ်.... ခုမနက်မျိုးကို နောက်တခါ လာတိုက်တာမျိုး မရှိ ရအောင် ကျုပ်စီစဉ်ပေးမယ်၊ ဒီအဲလ်ဟာရောက်ဆီ ကို ကြည်းကြောင်းက လာမတိုက်နိုင်အောင် ကာကွယ်ပေးမယ်...."

"ဗိုလ်ချုပ် လုပ်ပေးမလား၊ ဒါပေမယ့်.... ဘေးပတ်လည်မှာ တပ် တွေချထားယင်၊ ဒီလေယာဉ်ပျံကွင်း ရှိနေတာကို သိကုန်ကြမှာပေါ့"

"ဟုတ်ပါတယ်၊ မဟာမိတ်လေယာဉ်တွေက စတင်လှုပ်ရှားမှုတွေ့ယင်

www.burmeseclassic.com

www.burmeseclassic.com



သိကုန်မှာပဲ၊ ဒါပေမယ့်.... ကျုပ်ပြောတာက စစ်တပ်တွေချဖို့ ပြောတာ မဟုတ်ဘူး၊ ဒီသဲကန္တာရထဲမှာ လှည့်သွားနေကြတဲ့ လူတွေကိုထားမှာ ပြောတာ...."

"အာရပ်တွေပေါ့...."

"ဟုတ်တယ်၊ အာရပ်တွေနဲ့ တခြားလူမျိုးတွေ...."

"ကျွန်တော် နားမရှင်းလှဘူး ဗိုလ်ချုပ်...."

"ဒီည.... ဒါမှမဟုတ်၊ မနက်ဖြန် မနက်စောစောမှာ ကျုပ်သဲကန္တာရ ဂိုဏ်းတဂိုဏ်းရဲ့ခေါင်းဆောင်နဲ့ တွေ့ဖို့ရှိတယ်၊ ဒီဒေသခံလူပဲ၊ သဲပင်လယ်မှာ တော်တော်လဲ ဩဇာတိက္ကမရှိတဲ့လူပဲ၊ သူနဲ့ဆွေးနွေးပြီး၊ သူ့အကူအညီ ယူဖို့ ကျုပ်ကို လွှတ်လိုက်ကြတာပါ၊ ဒီလူနဲ့ ကျုပ်တို့လိုချင်တာတွေ ဆွေး နွေးဖို့ မခက်ပါဘူး၊ ရမှာပါ၊ သူက ဂျာမန်လူမျိုးတယောက်ပဲကိုး...."

"မက်စနာကို ပြောနေတာများလား ခင်ဗျာ...."

"ဟုတ်တယ်၊ မက်စနာပဲ ..."

ဟောလ်တဲလ်တွင် သိချင်စိတ် ပြင်းပြလာသည်။

"မက်စနာဆိုတာ.... ဒဏ္ဍာရီပုံပြင်တွေထဲကလို အင်မတန်မှ ကျော် ကြားတဲ့ လူပါပဲ...."

"ဟုတ်တယ်....၊ သိပ်ကျော်ကြားတယ်၊ ပြီး တော့ လဲ.... ဂျာမန် တယောက်ရဲ့ သားပဲ၊ သူက မူဆလင်လဲမဟုတ်ဘူး၊ ခရစ်ယန်လဲမဟုတ်ဘူး နာဇီပဲ၊ သူက သူ့ရဲ့ ဟော်ဂါတောင်တန်း ခံတပ်ထဲကထွက်လာပြီး ကျုပ် တို့ကို ကူညီမယ်တဲ့...."

"ခု ဗိုလ်ချုပ် သူနဲ့ ဒီမှာတွေ့မယ်ပေါ့...."

"ဟုတ်တယ်၊ သူတို့ လာကြလိမ့်မယ်၊ ဒီတော့.... ခင်ဗျားရဲ့ ကင်း စောင့် ရဲဘော်တွေကို အာရပ်တွေကိုမြင်တာနဲ့ မပစ်ဖို့ အမိန့်ထုတ်ပေးထား စေချင်ပါတယ်"

မက်စနာ၏အကြောင်းကား.... ဒဏ္ဍာရီဆန်လှပေ၏။ သူ့အကြောင်း ကား....၊ ကြီးကျယ်ဆန်းပြား ခမ်းနားလှရာ ဟုတ်သည်လည်းပါ၊ မဟုတ် သည်လည်း ပါချေ၏။ ဤသူ၏ သဲကန္တာရဒဏ္ဍာရီကို ဟောလ်တဲလ်သည် အခြားသော ပင်ဇာတပ်များနည်းတူ အလေးအနက် ထားသည်မဟုတ် မက်စနာသည် ယခုအခါတွင် တုန်တုန်ချည့်ချည့်နှင့် အဘိုးအိုအရွယ်ပင် ရှိရာမည်။ သူသည် ဆိတ်သားရေတဲအတွင်း မြောက် မြား စွာ သော မိန်းမများက ပူညံပူညံနှင့် အပြုစုခံနေရသူသာ ဖြစ်မည်ဟု ဟောလ်တဲလ် ထင်ထားသည်။ ယခု.... ထိုအဘိုးကြီးကို မိမိတို့၏ အက်စ်အက်စ် တပ်တန်း အရာရှိတဦးက တွေ့ဆုံကာ အပေးအယူလုပ်မည်၊ ဆွေးနွေးမည်တဲ့....။

အော်တိုမက်စနာကား.... မျိုးမ စစ်သားဖြစ်သည်။ လီဂျင်နရီ ခေါ် သဲကန္တာရစစ်သားဟောင်း ဂျာမန်အဖေနှင့် တုရကီအမေတို့က မွေးခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သည်။ သူ၏မိခင် တူရကီမှာ သဲကန္တာရ အကြီးအကဲတဦး၏ ကိုယ်လုပ်တော် ကျွန်မိန်းမ ဖြစ်သည်။ မိခင်သည် မက်စနာအား မွေးပြီးလျှင် မွေးပြီးချင်း အသတ်ခံရသည်။ အော်တိုကလေးသည် ကုလားအုပ်များ၊ ခွေးများကြားတွင် ကြီးပြင်းလာရသည်။

သူကား.... ဂျာမန်သွေး ပါလာသောကြောင့် အသားက ဖြူသည်၊ ဆံပင်က နီကြောင်ကြောင်နှင့်ဖြစ်ရာ၊ အာရပ်များက ခွေးဝင်စားကလေး၊ မိမစစ်၊ ဖမစစ် ကလေးဟုဆိုကာ ရိုက်မောင်းပုတ်မောင်း လုပ်ကြသည်။ ဝိုင်းပယ်ခံရသည်၊ အနှိမ်ခံရသည်။ အနှိမ်ခံရသည့် မက်စနာသည် ထိုဘဝအတွင်း ရုန်းကန်လာခဲ့ရသော သူ့အသက် ၁၈-နှစ်သားအရွယ်သို့ ရောက်သော်— တောပုန်းဒမြဖြစ်လာသည်။ သူ့လူစု အနည်းငယ်ဖြင့် အာရပ်အကြီးအကဲကို တိုက်ခိုက်ကာ၊ သူ့အား ဝိုင်းနှိမ်ခဲ့သူအားလုံးကို သတ်ပစ်ခဲ့သည်။ ထိုမှစ၍ သူ့နာမည်မှာ ကျော်ကြားလာကာ၊ သူသည် လည်း တိုက်ခိုက်လုယက်ရသမျှ ရွှေ ငွေ ပစ္စည်း များ ဖြင့် ချမ်းသာကြွယ်ဝလာခဲ့သည်။ သဲကန္တာရအတွင်း ဖြတ်သန်းသွားလာကြသော မည်သည့်လူမျိုးမဆို သူ၏ ဒမြဂိုဏ်းလက်တွင်းမှ လွတ်ကင်းကြသည်ဟု မရှိချေ။

သဲကန္တာရစစ်ဆင်ရေးနှင့် မက်စနာလို လူမျိုးကိုသာ မိမိတို့ဘက်မှ ရလိုက်မည်ဆိုပါက မည်မျှအကျိုးရှိမည်ကိုတော့ ဟော့လ်တဲလ်က တွက်မိသည်။

"အယင်တုန်းကတည်းက မက်စနာကို ကျွန်တော်တို့ စည်းရုံးခဲ့ဖို့ကောင်းတယ်၊ အဲဒီတုန်းက ဘာပြုလို့ခုလို မလုပ်ခဲ့တာပါလဲ...."

"အဲဒီတုန်းက မလိုဘူးပေါ့၊ အာဖရိကစစ်ပွဲတွေမှာ ကျုပ်တို့ဘက်က အသာချည်းကိုး၊ ခုတော့.... ဒီလိုမဟုတ်တော့ဘူး၊ မက် စ နာ က လည်း ကောင်းကောင်းသိတယ်၊ ကျုပ်တို့က သူ့နယ်မြေထဲမှာ ဝင်တိုက်နေရတာ၊ သူ့ရဲ့ သဘာဝရန်သူတွေကိုလဲ တိုက်ရတယ်၊ ရန်သူ ဖြစ်တဲ့ အမေရိကန်၊ ဗြိတိသျှ၊ အင်္ဂလိပ်တွေကိုလဲ တိုက်နေရတယ်၊ ဒီတော့.... သူ့ကို ကျုပ်တို့ သုံးမှဖြစ်တော့မှာကိုး...."

"ဘယ်လို သုံးမှာလဲခင်ဗျာ...."

"ကိုင်ရိုမှာ အင်္ဂလိပ်ဘယောက် ရှိတယ်၊ အာရပ်တွေနဲ့ ကုန်ကူးနေတဲ့လူပဲ၊ ဒီလူမှာ လေယာဉ်ပျံရှိတယ်၊ ဓာတ်ဆီလှောင်ကန်တွေ ရှိတယ်၊ သူ့လူတွေက နိုင်းလ်ကနေပြီး မော်ရိုကို အထိရှိတယ်၊ အဲ.... အဲဒီလူရဲ့ သူလျှိုက ခင်ဗျားတို့ရဲ့ ဒီလျှို့ဝှက် လေယာဉ်ပျံကွင်း အကြောင်းကို ဗြိတိသျှသူလျှိုတွေကို သတင်းပေးလိုက်တာ...."

"ဟင်.... ဘယ်လိုလုပ်ပြီး သူတို့သိ...."

"သူ့မှာ လေယာဉ်ပျံကလေး ရှိတယ်လေ၊ ရွှေနဲ့ဆေးခြောက်သယ်တဲ့ လေယာဉ်ပျံပေါ့၊ တခြားကုန်တွေလဲ ခိုးထုတ်တဲ့လုပ်ငန်း လုပ်တာပေါ့။"

www.burmeseclassic.com

www.burmeseclassic.com



"စစ်ကြီးအတွင်းမှာ ဒါတွေ လုပ်ကြသလား...."

"ဒီလေယာဉ်ပျံကို ခင်ဗျားကိုယ်တိုင် တွေ့ဖူးခဲ့ပါလိမ့်မယ်...."

"ကျွန်တော် တွေ့ယင်လားဗျာ.., ဘယ်လွတ်လိမ့်မလဲ"

"စက် ခေါင်း တ လုံး တပ် အီတလီ လေယာဉ်ပျံကလေးလေ၊ ခြင်ကောင်ကလေးနဲ့ တူကတူသနဲ့...."

"ဟို သူနာပြု လေယာဉ်ပျံကလေးကို ပြောတာလား ခင်ဗျာ...."

"ဘယ်က သူနာပြုလေယာဉ်လဲ၊ အဲဒါ... လိမ်ရေးထားတဲ့ အမှတ်အသားပါ၊ လေယာဉ်ပျံက ဖီးယက်ကက်စတဲလ် လက်တိုအမျိုးအစား၊ သူနာပြုလေယာဉ် အစစ်မဟုတ်ဘူး၊ သူလုပ်နေတာနဲ့ ကရုဏာလုပ်ငန်းနဲ့ ဘာမှမဆိုင်ဘူး...."

"ဘုရား.... ဘုရား"

"ဒုစရိုက်လုပ်ငန်းနဲ့ပျံနေတာ နှစ်နှစ်ရှိပြီ...."

"မက်စနာက သူတို့ကို ဖြိုပစ်နိုင်မှာလား...."

"ဒါပေါ့.... အဲဒီထက်မက လုပ်နိုင်တယ်၊ သူ့မှာ တောရက်စ်အာရပ် ၂၀၀-လောက် သူ့လက်အောက်မှာ ရှိတယ်၊ သူက ဂျာမဏီအပေါ် သစ္စာရှိသလို၊ ဒီကောင်တွေကလဲ မက်စနာအပေါ် သစ္စာရှိကြတယ်"

"ဗိုလ်ချုပ် ဒီကိုလာတာက သူတို့ကို ဘာလုပ်ခိုင်းဖို့ပါလဲ...."

"သင့်တင့်တဲ့ညွှန်ကြားချက် ပေးဖို့ပေါ့...."

ဟော့လ်တဲလ်သည် သည့်ထက်ပို၍မေးရန် မကောင်းတော့သဖြင့် ထပ်မမေးတော့ချေ။ ဇိုက်ဂင်သည် လိုက် လိုက် လျော လျော နှင့် ဤမျှသတင်းပေးလျှင်ပင် တော်လောက်ပေပြီ။ သို့သော်.... ဟော့လ်တဲလ်သည် ဇိုက်ဂင်၏ ဤ အော်တိုမက်စနာနှင့် စပ်လျဉ်းသော အစီအစဉ်နှင့် မိမိတို့ပါပါဝင်ပတ်သက်ခြင်းမရှိပဲ၊ နေလိမ့်မည်ဟု မယုံကြည်။

"ဒီတရက်၊ နှစ်ရက် အတွင်းမှာ တခြားလေယာဉ်ပျံတွေလဲ ဒီကွင်းကို ဆင်းကြမယ်...."

ဟု ဇိုက်ဂင်ကပြောရာ၊ ဟော့လ်တဲလ်က....

"အကြီးစား ဗုံးကြဲလေယာဉ်ကြီးတွေလား ခင်ဗျာ...."

"စတူးကားတွေပဲ...."

"လုဝေ့၏ လေတပ်ကလား...."

"ဟုတ်တယ်...."

"ဘယ်လောက်များမလဲ ခင်ဗျာ...."

"ခြောက်စင်း.... သို့မဟုတ်၊ ရှစ်စင်း"

"ကျွန်တော် ဘာလုပ်ပေးရမလဲ ခင်ဗျာ...."

"ခင်ဗျားရဲ့ မက္ကင်းနစ်တွေနဲ့ စက်တွေစစ်ဆေးပြီး ခိုင်းစေပေးပေါ့"

"ကျွန်တော်လုပ်လို့ ရပါ့မလား...."

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ အမိန့်ပါပါတယ်၊ စာနဲ့ပေနဲ့ရေးပေးလိုက်တဲ့ အမိန့်ပဲ"

"လေယာဉ်ပျံတွေ စစ်ဆေးပြီးလို့ ဆီဖြည့်ပေးပြီးယင်...."

"ကျုပ်လိုက်သွားမယ်...."

"ကျွန်တော် ဗိုလ်ချုပ်အမိန့်ပေးတာကို ဝမ်းမြောက်ဝမ်းသာစွာပဲ လုပ်ပေးပါမယ်၊ ဒါပေမယ့်.. ဒီလေယာဉ်ပျံတွေကိုစွကို ပြောပြရမယ်ဆိုယင်တော့၊ အတိုင်းထက်အလွန်ပါပဲ...."

"ဒီကိစ္စက ကျုပ်ကိစ္စပဲ ဟော့လ်တဲလ်၊ ဒါပေမယ့်.... အကျိုးဆက်ကခင်ဗျားတို့အတွက် အမြတ်ထွက်ပါလိမ့်မယ်၊ အင်္ဂလိပ်တွေ ခင်ဗျားတို့ကို ဟာဆီမာတဲလ်လာက လာပြီးတိုက်နိုင်မှာ မဟုတ်တော့ဘူး၊ လေယာဉ်ပျံ ထလေးပေါ်က ချေမသားလဲ၊ သတင်းပေးနိုင်တော့မှာ မဟုတ်ဘူး။ ပြီးတော့လဲ ဒီကနေ့မနက်က လွတ်ပြေးတဲ့လူတွေလဲ အသက်ရှင်နေဆဲပဲဖြစ်မယ်ဆိုယင်၊ သူတို့ကို ပြန်မိနိုင်မယ်၊ ဒီကောင်တွေ ဂရင်းအတ်ထဲ ပုန်းနေမယ်ဆိုယင်၊ မက်စနာတို့ဆာ ဘယ်မှာဆိုတာ ချက်ချင်းသိမယ်။ အဲဒီကောင်တွေကို မိလာမယ်ဆိုယင် ကျုပ်စစ်ပေးပါမယ်၊ ခင်ဗျားတို့ဒဖို့လဲ အက်စ်အေအက်စ် တွေအကြောင်း အစုံသိရမှာပေါ့...."

"ဒါဆိုယင် သိပ်ကောင်းတာပေါ့ ဗိုလ်ချုပ်၊ ကျွန်တော်နောက်ထပ် ဘာလုပ်ပေးရဦးမလဲ ခင်ဗျာ...."

ဗိုက်ဂင်သည် သူ၏မှတ်ဆိတ်ကျင်စွယ်များကို စမ်းလိုက်ပြီး....

"ရေချိုး တဖသားလောက် ပေးဗျာ၊ ထမင်းမစားခင် သပ်သပ်ရပ်ရပ်ကလေး ဖြစ်အောင်လုပ်ဦးမှ၊ လူကြီးလူကောင်းတွေ ထုံးစံပေါ့ဗျာ၊ မဟုတ်ဘူးလား၊ နေပါဦး.... ခင်ဗျားတို့ ထမင်းစားပွဲတွေ ဘာတွေက ကောင်းပါတယ်နော်...."

ဟော့လ်တဲလ် ပြုံးလိုက်ပြီး....

"အဲလ်ဟာရောက်ဆီမှာ အကောင်းဆုံးပါပဲခင်ဗျာ၊ ဗိုလ်ချုပ်ကို မေးပါရစေဦး...."

"အင်း.... ကျုပ်ကဖြေမယ်လို့တော့ ကတိမပေးဘူးနော...."

"မက်စနာ ခုဘယ်မှာလဲ...."

"ဟာဆီမာတဲလာနဲ့ ဒီနေရာကြားက တနေရာမှာ...."

"ကျွန်တော် ထင်နေတာက၊ ဟာဆီမာတဲလ်လာက ဗြိတိသျှဇုံထဲမှာလို့ ထင်နေတာ မဟုတ်ယင်တောင် ဘယ်သူမှမပိုင်သေးဘူး ထင်ပါတယ်...."

"အယင်တုန်းက ဟုတ်တယ်၊ ခု.... ကျုပ်တို့ပိုင်ပြီ"

"ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းက သိပ်ပြီး မဆီမဆိုင် မကျလှဘူးလို့ ထင်ပါတယ် ဗိုလ်ချုပ်...."

www.burmeseclassic.com

www.burmeseclassic.com



ဇိုက်ဂင်က သူ့ခေါင်းကို အသာစောင်းငဲ့ပြီး....

"ဘာလဲ၊ မေးပါ...."

"ဗိုလ်ချုပ်ဟာ အကိစ်အကိစ် ထောက်လှမ်းရေးကပဲ၊ ဒီ ဘာ့ကြောင့် မက်စနာလိုလူမျိုးနဲ့ ဆွေးနွေးရအောင် လွှတ်လိုက်တာလဲ...."

ဇိုက်ဂင်သည် ခဏငြိမ်နေသည်။ သူ၏ အလိုလိုသိစိတ်က ဤမေးခွန်းကို ဖြေရန်မသင့်ဟု သိနေ၏။ သို့သော်.... သူက ဘဝင်မြင့်သူတဦး ဖြစ်ရကား....

"ကျုပ် ဒါကိုပြောယင်၊ ကိုယ့်ဝမ်းထဲမှာ ကိုယ်ထားပါ၊ အင်မတန် တင်းကျပ်တဲ့ ထိပ်တန်းလျှို့ဝှက်လို့ သဘောထားပါ...."

ဟု ပြောလိုက်ရာ၊ ဟော့လ်တဲလ်ကလည်း....

"ကျွန်တော် ကတိပေးပါတယ် ဗိုလ်ချုပ်...."

"ကျုပ်ကို အော်တိုမက်စနာ နဲ့တွေ့ဖို့ လွှတ်လိုက်တာက ရှင်းရှင်းကလေးပဲ၊ မက်စနာဟာ ကျုပ်နဲ့ ဖအေတူ၊ မအေကွဲ ညီအစ်ကိုပဲ...."

\+ \+ \+

BURMESE CLASSIC

ကာနယ်ဟုမ်းအဖို့ သူ၏ မတက်တတတ် ဂျာမန်စကားကို စမ်းသပ်ကြည့်ရန် အခါအခွင့်က မပေါ်လာ၊ လေယာဉ်ပျံကွင်းအနီးမှ ဖြတ်မောင်းလာရသည့် ခရီးကား ချောမွေ့လွန်းလှပါ၏။ ပီတီအဖို့ တနည်းအားဖြင့် စိတ်များပင် ပျက်မိသေးတော့သည်။ ဆုတ်ခွာခြင်း နည်းဗျူဟာအရ တိုက်တိုက်ဆုတ်ဆုတ်ကလေး လုပ်လိုက်ချင်သေးသည်။ သို့သော်.... တကယ်တော့၊ ပင်ဇာတပ်ကြီး တတပ်နှင့်တော့ တွေ့လိုစိတ် မရှိပါ။

ရန်သူတို့၏တပ် မှောင်ချထားခြင်းသည် လုံးဝမှောင်နေသည်မဟုတ်၊ ဟိုနားသည်နားမှ မီးရောင်ကဲလေးများက ထွက်နေသည်။ မီးဖို ခေါင်းတိုင်မှ မီးပွားများက တဖွားဖွားတက်နေသည်မှာ သဲကုန်းပေါ်မှ မီးပန်းဖောက်နေသည်နှင့် တူလှတော့သည်။ တပ်တွင်းမှ လှုပ်ရှားသွားလာနေသည့် အသံများကို ကြားနေရခြင်းဖြင့် တပ်တွင်းဝယ် ငြိမ်သက်နေမည်မဟုတ်သည်ကို ခန့်မှန်း မိသည်။ ပီတီကား ကား၏ရှေ့တွင် မည်းမည်းသဏ္ဌာန်များကို တွေ့နေရသည်။ ၎င်းတို့မှာ သဲတောင်ပို့ များ လေးကို များများစားစား မဟုတ်၊ ၎င်းတို့ကို ရှောင်ရှားကာ အဲလ်ဟာ မောက်ဆီ ခံတပ်ဟောင်းနေရာဖြစ်သော ဖြူဖြူနံရံကြီးဆီသို့ ဦးတည်မောင်းနှင်ခဲ့သည်။ ထိုတံတိုင်းကြီးသည် အနောက်ဘက်သို့ မျက်နှာမူနေရကား....၊ ကျနေ၏

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ကို ရောင်ပြန်ဟပ်ပေးနေသည်။ ပီဘီသည် လမ်းကြမ်းကို သတိဖြင့်မောင်းနေယင်း ဂျာမန်တို့၏ ချေးတွင်းများအတွင်း ကျသွားမည်ကိုလည်း စိုးမိသေးသည်။ မကြာမီပင် ကုန်းတက်ကိုတွေ့သဖြင့် စိတ်အေးသွားကာ ကုန်းပေါ်သို့ ကားကိုမောင်းတက်ခဲ့လေသည်။

သဲတောင် ကုန်း အား.... မြင်သာထင်သာ ရှိလှသည်။ ယနေ့ည ကောင်းကင်ကား၊ ကြယ်ကလေးများဖြင့် ကြည် လင် ကျယ် ပြန့် လှ သည့် သမုဒ္ဒရာကြီးကဲ့သို့လည်း နက်ရှိုင်းလှသည်။ ထိုအထဲ လကလေးကလည်း အဝေးတွင် ထွက်ပေါ်နေသည်။ ခံတပ်ဟောင်းကို လက် ယာ ဘက် တွင် ထားကာ၊ ပီဘီသည် တောင်ကုန်း၏အဆုံး၊ အမြီးပိုင်းသို့ မောင်းလာခဲ့ရာ ခြေလျှင်ကင်းများလည်း မတွေ့ရ၊ ကင်းထောက်လေယာဉ်များလည်း မရှိ၊ တပ်တွင်းမှ အသံဗလံများလည်း သူတို့နောက်တွင် ကျန်ရစ်ခဲ့လေပြီ။

"သိပ်ခေါင်းဒယ် ဂျားစိုလ်...."

ဟု ကာနယ်ဟုမ်းက ဂျာမန်သံဖြင့် နောက်ပြောင်ပြောလိုက်သည်။ မော်တော်ကားက သဲကုန်းလမ်းပေါ်ဝယ် ခုန်နေသည်။

"ခုအချိန်အထိတော့ ကောင်းတယ်ပေါ့ခင်ဗျာ...."

ပီဘီက ပြန်ပြောလိုက်သည်။

ဘီးများအောက်တွင် သဲများက တရှီးရှီးဖြင့် လေ ချွန် ကျန် ခဲ့သည်။ ပီဘီသည် သဲတောင်ကုန်းအနေအထား ပြောင်းလဲလာပုံကို သတိပြုယင်း ဆက်မောင်းလာခဲ့သည်။

၁၅-မိနစ်ခန့် ကြာသော်.... မြေပေါ်သို့ဆင်းမိခဲ့ကြသည်။ ဤ နေရာကား၊ လွန်ခဲ့သည့် ၁၂-နာရီ ကြာခန့်က အက်စ်အေအက်စ် ဂျစ်ကားတပ်စုရပ်လုပ်ခဲ့သည့် နေရာပင်။ ယခုအခါတွင် တိတ် ဆိတ် ခြောက် သွေ့ နေသည်။ တနေရာတွင် တွန့်လိမ်ကောက်ကွေးနေသော ခပ်ဝဝ ဂျာမန်အသေ နှစ်လောင်းကို တွေ့ရသည်။ ဂျာမန်များက မြေမြှုပ်ချိန်မရလိုက်ပဲ ပစ်ထားခဲ့ကြပုံ ဟန် တူသည်။

ဂျာမန်များကိုလည်း မတွေ့ရ၊ ဤနေရာသို့ လာနေကြသည့် ရန်သူကားမီးရောင်များလည်း မမြင်၊ ပီဘီသည် ကောင်းကင်သို့ မော့ကြည့်လိုက်ကာ၊ အတောက်ဆုံးနှင့် အကြီးဆုံးကြယ်ကြီးတလုံးကို ရှာကြည့်လိုက်သည်။ သူသည် မြေပုံကိုလည်း မသုံး၊ အိမ်မြှောင်ကွန်ပါကိုလည်း မကြည့်ပဲ၊ ဤကြယ်ကြီး၏ အောက်တည့်တည့်တွင် ဟာဆိမာတဲလ်လာ ရှိလိမ့်မည်ဟု ခန့်မှန်းလိုက်သည်။ ထိုကြယ်ကြီးရှိရာသို့ ဦး တည် သွား လိုက် လျှင် မိမိတို့ ယမန်နေ့ညက လာခဲ့ကြသည့်မြေမာလမ်းကို တွေ့လိမ့်မည်ဟု ယူဆသည်။

သူသည် ကားကို အရှိန်လျှော့လိုက်သည်။ ကား စက် က ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကားခေါသေ့ကို ပိတ်လိုက် ဖွင့်လိုက်လုပ်ကာ စက်နှိုးလိုက်သည်။ ကားစက်က တဖွတ်ဖွတ်မြည်ကာ နိုးလာသည်။ ပီဘီက ဂီယာ ထိုးပြီး ရှေ့အထွက်၊ ကားက ရှေ့သို့ခုန်တိုးကာ စက်ရပ်သွားပြန်သည်။

"ဘာဖြစ်တာလဲ...."

"မသိဘူး...."

ပီဘီက ပြန်ဖြေသည်။

ကောင်းကင်က နက်ပြာရောင် သမ်းနေသည်။ အအေး ဓာတ် က ပိုလာသည်။ လေအတိုက်လိုက် သံမှန့်ကလေးများ လေနှင့်အတူ လွင့်ပါ နေပုံမှာ သူတို့၏ ခပ်မှိန်မှိန်ကားမီးရှေ့ဝယ် ဖဲပြားကလေး သွယ်တန်းနေ သည်နှင့် တူလှသည်။

"တို့ရပ်ပြီးနားကြဖို့ ကောင်းပြီ...."

ကာနယ်ဟုမ်းက အကြံပြုလာသည်။

"ခဏကလေးပါ၊ ခဏကလေးပါ...."

ပီဘီက ပြန်ပြောသည်။

"ကားပျက်ယင် ဘယ်နှယ့်လုပ်မလဲ...."

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ...."

ပြောပြောဆိုဆို ပီဘီက ကားကို ဆက်မောင်းလာခဲ့သည်။

လမ်းက ကြမ်းလာပြန်သည်။ ကျောက်ဆောင်၊ ကျောက်ခဲ၊ သဲ ကြမ်းကျင်းများ၊ ဤလမ်းသည် သာမန်ဂျစ်ကားဆိုပါက သဲနစ်နေပေပြီ။ ဤ ဒိန်မလားစကစ်ပါး ကား၊ တောလမ်းသုံး ကားမျိုးဖြစ်၍ သွားနေနိုင် သေးသည်။ မနက်နေရောင်ဖြင့် မြင်မြင်ထင်ထင် မောင်းရလျှင် ကောင်း မည်။ ယခု ညမှောင်မှောင်ဝယ် ဤလရောင်ဖြင့် မောင်း၍မဖြစ်၊ ရုတ်တ ရက် တွေ့နိုင်မည့် ဘေးအန္တရာယ်မှာလည်း လွတ် ကင်း လောက် ပြီ ဖြစ် ၍ ကာနယ်ဟုမ်းက နားချင်နေခြင်းဖြစ်သည်။

ပီဘီ၏ ဗိုက်ကလည်း ဆာလှပြီဖြစ်၍ အူက တကြုတ်ကြုတ်ဖြစ်နေ ပြီ၊ လည်ချောင်းများကလည်း ခြောက်သွေ့နေကာ ရေ ငတ် လှ လေ ပြီ၊ ဘေးမှ အဘိုးကြီးလည်း ဘယ်လိုနေမည်နည်း။ သူ့လက်မောင်းက ဒဏ်ရာ ကလည်း သက်သာရဲ့လား၊ ပီဘီသည် ကားကိုအရှိန်လျှော့ကာ တဖြည်း ဖြည်း အရှိန်သတ်လိုက်ပြီး ရပ်လိုက်သည်။ နောက်ဆုံးဂီယာ အသွင်းလိုက် မှာပင် စက်ကလည်း သေသွားသည်။ ခါးများက တောင့်လှသည်။ လက် မောင်းများလည်း အံသေနေသည်။ ပီဘီသည် နေရာမှမရွေ့သေးပဲ၊ မိနစ် အနည်းငယ်ခန့် သည်အတိုင်း ထိုင်နေလိုက်လေးသည်။ ကား၏ သံခေါင်မိုး အေးလာပုံ၊ တကျွိကျွိမြည်ပုံနှင့် သူ့ရှေ့ရှိ လေကာပြင်မှ တဂီးဂီး တိုက် ခတ်နေသော လေသံကို နားထောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာဆီမာတဲလ်လာသည် သူ၏စကော့တလန်ပြည်က အိုဒင်ဘာရာနှင့် ဂလတ်စကို ခရီးခန့်သာ ဝေးတော့မည်။ တမိုင် နှစ်မိုင်ခန့်သာ အပို အလိုရှိမည်။ သို့သော်... ယခု ဟာဆီမာတဲလ်လာကားလေ၏ တဘက်ခြမ်းသို့ သွားရမလို ခရီးကမလွယ်။

သူသည် ဝန်ခံပါသည်။ သဲကန္တာရအတွင်း မည်သို့မည်ပုံ လမ်းရှာရမည်ကို မသိပါ။

သူနှင့်ဟမ်းတို့ လမ်းပျောက်နေပြီကော...။

သူ့ဘေးမှ ကာနယ်ဟမ်းသည် ခုံနောက်ဘန်းကို လှဲမှီကာ သူ၏ ခေါင်းက ဟိုဘက်ယိမ်းလိုက်၊ သည်ဘက်ယိမ်းလိုက် ဖြစ်နေသည်။ သည်တော့မှ ပီဘီမှာ သတိပြုမိသည်။ အကိုးကြီးသည် စောစောက သတိကောင်းကောင်း ပြန်ရခဲ့သော်လည်း ကားဆောင့်သည့်ဒဏ်ဖြင့် သူ၏ဒဏ်ရာမှာ မခံမရပ်နာကျင်နေလိမ့်မည်ဟု ပီဘီ ယခုမှပင် သတိထားမိတော့သည်။

"ဗိုလ်မှူးကြီး ခင်ဗျာ၊ ဘယ့်နှယ့်နေပါသလဲ...."

"တို့ မသေနိုင်ပါဘူးကွာ၊ မက်နဲယား...."

လေအေးသည် ပူနွေးနေသော ကားအတွင်းသို့ပင် ဖောက်ဝင်လာသည်။ အပြင်တွင် လေကွယ်လုပ်ပြီး နေရပါက၊ နွေးဦးမည်ဟု ပီဘီက ထင်သည်။ သူသည် ကားပေါ်မှ ပင်ပန်းနွမ်းနယ်စွာ ဆင်းလိုက်သည်။ အတန် ငယ် ရပ်ပြီး အသံများကို နားထောင်ကြည့်သည်။ သဲသံနှင့် လေသံမှလွဲ၍ ဘာမှမကြား၊ သူတို့သည် သဲတောင်တန်းကလေးမှ ၇-မိုင်၊ ၈-မိုင်ခန့် ခရီးပေါက်ခဲ့သည်ဟု ခန့်မှန်းမိသည်။ သူက မိုးကုပ်စက်ဝိုင်းအတွင်း မှန်းကြည့်လိုက်ရာ ဤတောင်တန်းကလေးကို ရေးရေးပျပျမြင်ရသည်ဟု သူ ထင်သည်။

ပီဘီသည် သူ၏ကြယ်ကြီးကို လှမ်း၍ကြည့် ပြန်သည်။ သူသည် ဂျာမန်တို့ထံမှ ရရှိခဲ့သည့်မြေပုံနှင့် သူတို့ မည်သည့်နေရာသို့ ရောက်နေသည်ကို ရှာကြည့်ရန် ကြံစည်မိသည်။ သို့သော်.... သူသည် အလွန်ပင် ပင်ပန်းနွမ်းနယ်နေကာ တကိုယ်လုံး ထိုင်းမှိုင်းလေးလံနေပြီး၊ အဆာပင် လွန်နေသဖြင့် မလုပ်ချင်မကိုင်ချင် ဖြစ်နေသည်။ ထို့ကြောင့် သူသည် အစာစားမည်ဟုဆိုကာ၊ ကားနောက်သို့သွားပြီး ကား၏နောက် ဖုံးကို ဖွင့်သည်။ ပြီး.... ကင်းဖတ်ဇစ်အိတ်များ၊ ရေပုလင်းများနှင့် အစားအစာများကို ယူပြီး၊ ကားနောက်ပိုင်း၌ သဲကျင်းတူးကာ၊ ကင်းဖတ်များပေါ် အစားအသောက်များကို လမသွားအောင် သေချာစွာချသည်။ နောက်.... ကာနယ်ကြီးအား လေချွန်သံပေးပြီး ခေါ်သည်။ နောက်.... လေထပ်၍ ချွန်သည့်အကြောင်းမထူးသဖြင့် ကားရှေ့ခန်းသို့ လျှောက်သွားရာ ကာနယ်ဟမ်းအား၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ပီဘီသည် သစ်သီးဗူးတဝက်ခန့်ကို စားလိုက်ပြီး၊ ရေခွက်ငယ်ကလေးနှင့် ရေတခွက် သောက်လိုက်သည်။ သစ်သီးဗူးကို ကာနယ်ရှယ်ယာအဖြစ် ထားလိုက်ပြီး၊ အစားအသောက်များကို ကားနောက်ခန်းအတွင်း ပြန်၍ ထည့်ထားလိုက်သည်။

ကာနယ်ဟာမ်းသည် ခုံပေါ်မှအနည်းငယ် လျှောကျနေသည်မှအပ သူ့လက်မောင်းကို သက်သက်သာသာဖြစ်အောင်ထားပြီး အိပ်မောကျနေသည်။ သူကား မည်မျှဇက်ကြောနာနေပေတော့မည်။ ပီဘီသည် ကာနယ်ကြီး၏ ဒူးနှစ်လုံးပေါ်သို့ သူ၏သိုးမွေး ဂျာကင်အင်္ကျီကို ခြုံပေးထားလိုက်သည်။

သူသည် ကားနောက်ပိုင်းမှ သံကျင်းလေးအတွင်းဝင်ပြီး ကင်းဗတ်အိတ်တခုကို ကျောအောက်မှာခင်း၊ တခုကို ဗိုက်ပေါ်တွင် စောင်အဖြစ်တင်ကာ လှဲနေလိုက်သည်။

အိတ်များ၏အနံ့က ပန်းသီးနံ့ထွက်နေသည်။ သူ၏ဇာတိဖြစ်သော ဂလပ်စကိုမှ သစ်သီးဆိုင်ကလေးကို ပြန်၍ သတိရလိုက်သည်။

ပြုံးလျက် ပီဘီ အိပ်ပျော်သွားလေသည်။

ချမ်းအေးလှသော်လည်း ပီဘီသည် တရေးမှမနိုးပဲ၊ ၁၃-နာရီကြာမျှ အိပ်ခဲ့မိလေသည်။

အသံဗလံများကြောင့် သူလန့်နိုးလာသည်။

တကိုယ်လုံး တောင့်နေသည်။ ချမ်းလှသည်၊ အိပ်ချင်မူးတူး ဖြစ်နေဆဲဖြင့်ပင် ပီဘီက ထ၍ထိုင်လိုက်သည်။

တိမ်မရှိသောကောင်းကင်ဝယ် နေအတန်ပင် မြင့်နေပြီ။

မော်ဇာမက္ကနစ် ရိုင်ဖယ်များ ကိုင်ဆောင်ထားသော အာရပ်တဒါဇင်ခန့်က သူနှင့်ကားကို စိုင်းထားကြသည်။ ခပ်လှမ်းလှမ်းတွင် ပြင်ဆင်ထားသည့် ကုလားအုပ်များအပေါ်ဝယ် အာရပ်များ အယောက် သုံးလေးဆယ်ခန့် ရှိပေသည်။ ဒဝိုးတို့လာသည်ကိုမှ မသိအောင် အိပ်မိလေခြင်း၊ ပီဘီတွင် ဒေါသဖြစ်မိသည်။ ခုမှတော့ ဒါလည်း အရေးမကြီးပြီ။

ပွဲက သိမ်းလေပြီ....။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

## ၃။ ခံ၍ဆုတ်ခြင်း

ကိုင်ရှိမြို့၏တောင်ဘက် ၁၇-မိုင်ကွာရှိ မက်အဒမ်လမ်းခေါ် ကျောက်ခဲလမ်းခင်း လေယာဉ်ပျံကွင်းငယ်ကလေးမှ ဖီးယက်ကက်စတဲလ်လက်တို လေယာဉ်ပျံကလေးသည် အရှက်မတက်မီမှာပင် ထ၍ပျံတက်လာခဲ့သည်။ မီးလ်ဘန်းသည် သူ၏အက်စ်အေအက်စ် ဖောက်သည်များအား သူကိုယ်ပိုင် ခပ်စုတ်စုတ် ဟန်းဘား မော်တော်ကားကို ကိုယ်တိုင်မောင်းပြီး၊ အချိန်းအချက်ပြုထားသည့် နေရာသို့ ခေါ်ဆောင်လာခဲ့သည်။ သူတို့သည် ချိန်းဆိုထားသည့် နေရာသို့ရောက်သော်.... လေယာဉ်မောင်း ဗီဗိုင်တင်နှင့် အက်ဒ်မန်ကက်စနာတို့သည် လေယာဉ်ကလေးနံဘေးမှ အသင့်စောင့်နေကြသည်။ ကက်စ်တဲလ်လက်တို လေယာဉ်ကလေး၏ အားကောင်းသည့် အလ်ဗာရှိမိရှိ စက်က အသင့်နှိုးလျက် ရှိနေသည်။

မိနစ်အနည်းငယ်ခန့် ကြာသော်.... ထိုလေယာဉ်ကလေးသည် လေယာဉ်ပြေးလမ်းပေါ်ဝယ် ပြေးပြန်သည်။ ကြည့်ရသည်မှ ပဋိသန္ဓေနှင့်ငှက်ကြီးဝန်ပိုတကောင်သည် သူ့ဗိုက်ကို သူမနိုင်မနင်းသယ်ပြီး ပြေးနေသလိုနှင့် တူလှသည်။ အတန်ကလေးပြေးပြီးသော် လေယာဉ်ငယ်သည် မိုးပေါ်သို့ထောင်၍ တက်သွားသည်။

ကုန်သည်ကြီး မီးလ်ဘန်းသည် သူ၏ကတိကဝတ်အတိုင်း ပေးစရာရှိသည်တို့ကို ပေးလိုက်ပါပြီတည်း။

ဒီကွန်မှာ စိတ်ညစ်ပျောက်သွားသည်။ သူတို့၏ အဖြစ်အပို ်သူသည် မိကာ ပျော်လာသည်။ သူ့တို့ အဖွဲ့အားလည်း ...

ကိုယ်ပိုင်ကယ်ဆယ်ရေး အဖွဲ့တွဲ....။ဆေးကျောင်းသို့ ပို့ပေးမည်ဟု

လေယာဉ်မောင်းသူသည် ညားသား စစ်သွေးပါသူ ဖြစ်ပုံရလေရကားဖြစ်သည်။ သူ၏စကားသံ ရွှေ့သောအခါ သူသည် ပြောက်ကျားတစ်ထားမင်းသားကြီး မောရစ်ရှပ်ဗ...

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းကြုတ်ကြုတ် ကက်စလာကမူ စကားနည်းသည်။ ပြောလ
လည်း သူ့လေသံမှာ စင်မြင့်ထက်မှ တရားဟောနေသူပမာ လေသံ အန်
အမြင့်နှင့် ချက်ကျကျ အင်္ဂလိပ်စကားပြောနိုင်သူ ဖြစ်သည်။

ကက်စ်တဲလ်လက်တို လေယာဉ်ပျံကလေးကလည်း ရယ်စရာကေ
ပင်။ ကိုယ်လုံးရှည်သည်၊ စက်ခေါင်းတလုံးတည်း၊ အတောင်ပံများ
နိမ့်သည်၊ လေယာဉ်မောင်းစက်ခန်းနှင့် ကိုယ်ထည်ကတောင်လျှက် ပွင့်
သည်။ လေယာဉ်အတွင်းဝယ် သုံးထပ်ပြား စင်ပုခက်နှင့် သတ္တုပြားခွ
များပါရာ၊ ထိုအရာများမှာ ပစ္စည်းများ တင်ဆောင်ထည့်သွင်းသည့်
ရာများ ဖြစ်သည်ဟု ဒီကွန်ကယူဆသည်။ လေယာဉ်ပျံမှာ စုတ်ပြတ်လှပြ
ဓာတ်ဆီစော်နှင့် ဆေးခြောက်စော်ကလည်း နံလှသည်။ ဆေးခြောက်
တင်နေကျ ကုန်ပစ္စည်းဖြစ်ဟန်ရှိသည်။

လေယာဉ်မောင်း ဒီဗွိုင်းတင်က လေယာဉ်ပျံကို ဟာဆီမာတဲလ်
ဘက်သို့ ဦးတည်လိုက်သည်နှင့်တပြိုင်နက် လေယာဉ်ပျံကလေးက ညင်ညင်
သာသာ ပျံသန်းနေပြီ၊ ဒီကွန်နှင့် ကင်းဖဲလ်တို့လည်း စိတ်ချလက်ချ လို
ပါလာနိုင်ကြတော့သည်။

လေယာဉ်ပျံကလေးသည် သဲကန္တာရ၏ အစွန်အဖျားမှ ခပ်နိမ့်
ပင် ပျံသန်းလာခဲ့ရာ မြေပြင်မှတပ်စခန်းများ၊ စစ်ကြောရေးစခန်းများ
မြင်နေရသည်။ အာရ်အေအက်ဖ် လေယာဉ်ကွင်းများအပေါ်မှလည်း
သန်းရရာ အန္တရာယ်ကြီးလှသည်ဟု ဒီကွန်ကထင်မိသည်။ တော်သေးသည
လေယာဉ်ပျံကလေး၏ အတောင်ပံနှစ်ဘက်တွင် ကြီးမားသော အလံနှ
ကို ကြိုးဖြင့်ချည်နှောင် လာခဲ့ကြသောကြောင့် ဖြစ်သည်။ ထိုအလံများ
တော့၊ ကြက်ခြေနီအလံများ....။

"သူတို့ ကျုပ်ကို အကြိမ်ပေါင်းများစွာ မြင်ဖူးနေကြပြီဗျ...."

ဖာဒီဒီဗွိုင်တင်က လေယာဉ်မောင်းယင်း၊ ဒီကွန်တို့ကို အော်
ပြောနေသည်။

"ကျုပ်က လူတိုင်းနဲ့ သိနေပြီဗျ၊ ကျုပ်ကိုပစ်ယင် ဘာခေါ် လဲ
ဟိုဗျာ.... ပင်လယ်ထဲကင့်ကက်၊ အဲဒီဌက်ကြီးကိုပစ်သလို ဖြစ်နေမယ်...."

"အယ်လ်ဘတ်ထရော့စ်...."

ဒီကွန်က ဝင်ထောက်သည်။

"ဟုတ်ပါရဲ့၊ အဲဒီဌက်ကြီး အယ်လ်ဘတ်ထရော့စ် ကိုပြေ

လိုက်သည်။

ကို သိသလား"

...ဉ်ကလေးပါ..."

www.burmeseclassic.com

www.burmeseclassic.com



"အာရုပ်လား...."

"မျိုးမစစ်သား၊ အင်း.... ကျုပ်ပြောတာ နားလည်လား...."

"ကပြားပေါ့ဗျာ၊ သူက ဘာပြုလို့ မီးလ်ဘန်းခိုင်းတာ လုပ်ပေးရတာလဲ၊ အန္တရာယ် မများဘူးလား...."

"ပိုက်ဆံရလို့ လုပ်တာပေါ့၊ ပိုက်ဆံသိပ်လိုချင်တယ်၊ ဂကစ် သာမှာ သူ့မိသားစု ရှိတယ်၊ ဒီကောင်လေးက သိပ်ပြီး ရည်ရွယ်ချက်ကောင်းတဲ့ကောင်လေး၊ မြေပိုင်ဖြစ်ချင်တယ်၊ မြေတွေမှ အများကြီးပိုင်ချင်တယ်...."

"စစ်ဖြစ်တော့ ဟန်ကျတာပေါ့...."

ဒီကွန်က လေယာဉ်စက်သံကိုကျော်အောင် ပြောရသည်။

"ဟုတ်တယ်.... ဟုတ်ပါတယ်၊ ဒါပေမယ့်.... လုပ်ရတာသိပ်ရှုပ်တယ်ဗျာ၊ ဒါတွေ မမေးပါနဲ့တော့...."

ဒီကွန်က နဗီးလ်သည် လက်နက်ရိက္ခာ အပြည့်အစုံ ဂျစ်နှစ်စင်းနှင့် ဆာဟာရအလယ်တွင် အသင့်စောင့်နေမည်ဟု မီးလ်ဘန်းက ဘာကြောင့် သေချာပေါက် ပြောနိုင်ရသနည်း ဟု မေးချင်သည်။ သို့သော်လည်း.... လေယာဉ်မောင်း ဒီဗွိုင်းတင်က ဘာမျှမပြောတော့ပဲ၊ ဆက်မောင်းနေသဖြင့် မမေးလိုက်ရ။

ဒီကွန်သည် သတ္တုပြားပုခက်အတွင်း လှဲပြီးလိုက်ပါလာသည်။

လေယာဉ်ပျံအတွင်း၌ စိမ့်လှသည်။ အက်ဒ်မန်ကက်စလာသည် ပွင့်ရိုက် စောင်စာထည်ကို သူ့ယူနီဖောင်းပေါ်မှ လွှမ်းခြုံထားသည်။ ယူနီဖောင်းမှာ ဖာရာ ထေးရာများနှင့် စုတ်ပြတ်နေပါပြီ။ အပေါ်အင်္ကျီက သံချပ်ကာကားတပ်မှ ချုပ်သည့်အင်္ကျီ၊ အိတ်များတွင် မိုးကြိုးတံဆိပ်များနှင့် အခြားတံဆိပ်များတပ်၍ ချုပ်ထားသည်။

ဘောင်းဘီက အမှတ်(ဂ) တပ်မှ ဆောင်းဝတ် ဘောင်းဘီ၊ ခြေထောက်တွင်မူ အာရ်အေအက်ဖ် လေသူရဲစီး ဖိနပ်များ၊ စုတ်ပြတ်ကွဲအက်နေပါပြီ။ သူသည် စောင် ခြုံထားသော်လည်း တည်ကြည် ခန့်ညားလှပါသည်။

ကက်စလာသည် မိဘမဲ့ဖြစ်သည်။ ကက်စလာမြို့ရှိ မက်သဒစ်မစ်ရှင် ကျောင်းတွင် ကြီးပြင်းခဲ့သည်။ သူ၏ ပထမအမည်မှာ အင်္ဂလိပ်သူတော်စင် တပါး၏ နာမည်ကိုယူထားသည့် နာမည်ဖြစ်သည်။ သူ့အား ဒေါက်တာ ဒေးဆိုသူက ပညာ သင်ကြားပေးသည်။ စစ်ကြီး ဖြစ်ပွားသော် သူသည် ဒေါက်တာဒေး၏ ညာလက်ရုံး ဖြစ်လာသည်။

ဒေါက်တာဒေးက သူ့အား ကိုင်ရိုဆေးကျောင်းသို့ ပို့ပေးမည်ဟု ကတိပြုထားခဲ့သည်။ သို့သော် သူကား စစ်သွေးပါသူ ဖြစ်ပုံရလေရကား အီတလီများကို တိုက်ရသည်ရှိသောအခါ သူသည် ပြောက်ကျားတပ်လားတဦး ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာပင် သူ့အား မီလ်ဘန်းကတွေ့ရှိပြီး ထူ၏အဖွဲ့အစည်းအတွင်း သိမ်းသွင်းခဲ့လေသည်။ သူ့အကြောင်းကို ကက်စလာက အသေးစိတ် မဟုတ်ပဲ ဤမျှသာ ပြောပြသည်ကို ဒီကွန်က အမှတ်တမဲ့လိုလိုနှင့် နားစိုက်ထောင်ခဲ့မိသည်။

အောက်တွင် သဲကန္တာရသည်ပြေးလွှားလျက်ရှိသည်။ သဲကုန်းမို့မို့များသည် လေအဟုန်ကြောင့် ချောမွေ့ပြားချပ်သွားသည်။

နေရောင်နှင့်သဲရောင်က ညှို့မှိုင်းမှိုင်း ဖြစ်နေသည်။ ဘာမှ ထွေထွေ ထူးထူး ကြည့်စရာမရှိ။ ဟိုနားသည်နားတွင် ပျံ့နှံ့ ပေါက်ရောက်နေသော ချုံဖုတ်ကလေးများ၊ ထူးထူးဆန်းဆန်း တပင်စနှစ်ပင်စ ပေါက်ရောက်နေသော ချုံဖုတ်ကလေးများ၊ ထူးထူးဆန်းဆန်း တပင်စနှစ်ပင်စ အုန်းပင်၊ ထရပ်ကား သို့မဟုတ် တင့်ကားပျက်၊ သဲတွင်းမှ ထိုးထိုး ထောင်ထောင် ထွက်နေသော လေယာဉ်ပျက်မှအမြီးပိုင်း စသည်ဖြင့်သာ။

"လစ်များ...."

ဒီဗိုင်တင်က လက်မကိုထောင်ကာ အော်ပြောလိုက်သည်။

မိမိတို့သည် နယ်စပ်ကို ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း ဤလေယာဉ်မောင်းသူသည် ဘယ်လိုလုပ်ပြီး သိပါလိမ့်မလဲ ဟု ဒီကွန်တွေးမိသည်။ သူကား မျက်စိလည်နေပြီ။ မြေအနေအထားကိုလည်း မသိတော့။ အချိန်နှင့် ခရီးလမ်းကိုလည်း မမှန်းဆတတ်တော့ပြီ။

သူတို့သည် အရှေ့အလယ်ပိုင်း၊ အာရ်အေအက်ဖ်တို့၏ လေကြောင်းလမ်းမှတောင်ဘက်သို့အလှမ်းကွာစွာရောက်ခဲ့လေပြီ။ အောက်တွင်သဲမြောင်းများ၊ တောင်ထွတ် တောင်ကုန်းများသည် ပျောက်သွားလိုက် ပေါ်လာလိုက်ဖြင့် ဖုန်ထူပူပြင်းလှသော သဲကန္တာရကြီးတခုလုံးမှာ တွန့်ကြေနေသော ကော်ဇောဟောင်းကြီးတချပ်ကဲ့သို့ ရှိနေသည်။ ကျယ်ပြောလှသည့် စတုရန်းမိုင် ထောင်ပေါင်းများစွာ သဲပြင်ကြီးကား တပ်မကြီးတခုလုံး အစအနရှာမတွေ့ပဲ ပျောက်သွားနိုင်သည်။ ဒီဗိုင်တင်သည် ဤ သဲကန္တာရကြီးပေါ်မှ သူ့လေယာဉ်ပျံကလေးကို မောင်းနှင်လာသည်။

သူကား ဘာမှမှုပုံမရ၊ သူ၏ လေယာဉ်ပျံအစုတ်ကလေးသည် ပျက်မကျနိုင်၊ သဲမုန်တိုင်းအတွင်း ရောက်မသွားနိုင်၊ သူ့လေယာဉ်ပျံစက်က ဘယ်တော့မှမပျက်၊ လေယာဉ်ဆီဖြည့်ရန် ရပ်နားရမည့်နေရာမှာ ဘယ်နည်းနှင့်မှ ကျော်ပြီးမသွားနိုင်ဟု ယုံကြည်ထားသူ ဖြစ်သည်။

ဖာဒီ ဒီဗိုင်တင်သည် သီချင်းကလေးတအေးအေးဖြင့်။ သူ့သီချင်းက မိုးဇက်၏ တေးသွားမှ အမြုးတေး ဖြစ်သည်။

ဒီကွန်သည် ပခက်အတွင်း ကိုယ်ကို သားရေပတ်ဖြင့်သိုင်းပတ်လျက် အိပ်မောကျကာ လိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းထဲသို့အဆင်းလိုက် သူနိုးလာသည်။ အာခြောက်လှသည်။ ခုန်ပေါက်ဆောင့်အောင့်၍ ဆင်းလာသော လေယာဉ်ပျံက သူ့ကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ နောက် ကက်စလာက လှမ်းပေးလိုက်သော ရေဗူးတွင်းမှရေကို ဝမ်းသာအားရ သောက်လိုက်သည်။

ကက်စတဲလ်လက်တို လေယာဉ်သည် မြေပေါ်တွင် ရပ်တန့်သွားသည်။

"ခင်ဗျားတို့ မဆင်းကြနဲ့ဦး"

ဖာဒီကပြောပြီး သူနှင့်ကက်စလာတို့က အယင် ဆင်းသွားကြလေသည်။

ရေတွင်းကို ဆိတ်သားရေနှင့်သံပြွားကြီးအုပ်ထားသည်။ ကြည့်ရသည်မှာ သဲကန္တာရခေါင်ခေါင် မြင်မကောင်း ရှုမကောင်း မော်ရုံတောထနေသည်နှင့် တူသည်။ ရေတွင်း၏နံဘေးတွင် ယောကျ်ား၊ မိန်းမ၊ ကလေးအပါအဝင် အာရပ်လူမျိုး ၂၀-၃၀ ခန့် ဝိုင်းနေကြသည်။ သူတို့ကား မီးလ်ဘန်း၏ ခါတ်ဆီစခန်းကို စောင့်ကြပ်နေကြသူများ ဖြစ်ဟန်တူသည်။ ထနေရာတွင် ကြိုးဝိုင်းထားရာ ကြိုးဝိုင်းအတွင်း၌ အီတလီ ခါတ်ဆီပုံး အမြောက်အမြားကို အမိုးအကာမရှိပဲ သည်အတိုင်း စုပုံထားသည်ကို တွေ့ရသည်။

ကနေဒါလူမျိုး ကင်းမဲလ်ပင် တအံ့တသြဖြစ်မိသည်။

"ဘုရား၊ ဘုရား.... ဘယ်လိုများ ဒီခါတ်ဆီတွေရထားပါလိမ့်"

"ကုလားအုပ်တွေနဲ့ သယ်လာပုံရတယ်"

"ငွေကျတော့ ဘယ်လိုပေးလဲ"

"ဆိတ်တွေပေးရသလား၊ ဆေးခြောက်နဲ့လဲရတာလား၊ ဒါမှမဟုတ် ဆေးလိပ်တို့ကိုကာကိုလာတို့နဲ့လဲရသလား ငါတော့ မတွေးတတ်တော့ဘူး"

ကက်စလာ၊ ဒီဗွိုင်းတင်နှင့် အသက်ကြီးကြီး အာရပ်ကြီး ၄-ဦးတို့သည် ခါတ်ဆီ ဂါလံပုံးများကို ကူသယ်ခေါက်သယ်လုပ်ကာ လေယာဉ်ပျံအတွင်း လက်ဖြင့်လောင်း၍ ခါတ်ဆီထည့်နေသည်ကို အက်စ်အေအက်စ်များက ကြည့်နေကြသည်။ လေယာဉ်အတွင်းဝယ် ခါတ်ဆီနံ့များ မွှန်နေသည်။ တနာရီကျော်ကျော် ကြာသည်။ ခါတ်ဆီထည့်သည့်ကိစ္စပြီးစီး၍ လေယာဉ်ပျံ ပျံတက်ခဲ့ကြပြန်သည်။

ဖာဒီသည် အတွင်းတိုင်ကီများအတွင်းသာ ခါတ်ဆီများ ထည့်ခဲ့သည်။ အပြင်မှအပိုတိုင်ကီနှစ်ခုမှာမူ လေယာဉ်ပျံ၏ ဝမ်းဗိုက်အောက်ဝယ် တိုပီတိုဖုံးများသဖွယ် ချိတ်ဆွဲပါလာကြသည်။ ထိုတိုင်ကီနှစ်လုံးကို အယ်လ်ရီးရီးယားရှိ မီးလ်ဘန်း၏ တခုတည်းသော ခါတ်ဆီစခန်းသို့ရောက်မှ ခါတ်ဆီ ထပ်၍ ဖြည့်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခု.... ဘယ်လောက်ကြာဦးမလဲ ဖာဒီ"

ကင်းဗဲလ်က အော်၍မေးသည်။

"သုံးနာရီ"

ကက်စလာသည် ကြိမ်ခြင်းကလေးထဲမှ ကြက်သား အသားညှပ်ပေါင်မုန့်များနှင့် ပူပူနွေးနွေး ဘီယာဗူးများကို ထုတ်လိုက်သည်။ ဒီကွန်တို့လည်း စားကြ သောက်ကြပြီး ငိုက်ကြပြန်သည်။

နေ့မွန်းတည့်အချိန်ခန့် ရှိပေပြီ။ အဲလ်ဟာရောက်ဆီကို အက်စ်အေအက်စ်တို့ ဝင်စီးသည့်အချိန်မှ ယခုအချိန်အထိ ၂၉ နာရီတိတိ ကြာခဲ့ပြီ။ ဖာဒီ၏အော်သံကြောင့် နိုးကုန်ကြသည်။

ဒီကွန်သည် ရှေ့ ပိုင်းလော့အခန်းတွင်းသို့ လေးဘက်ထောက်ဝင်လာကာ ဖာဒီက လက်ညှိုးထိုး၍ပြသည့်နေရာကို ကြည့်လိုက်သည်။ ရှေ့တူရူ သဲကန္တာရအဖျားတွင် စိမ်းညို့ညို့တနေရာကို တွေ့ရသည်။ ဤကား ဟာဆီမာဘာလာ၊ ဤတွင်မှ ဖာဒီသည် ဤခရီးကို နှစ်ရက်အတွင်း နှစ်ခေါက်ပြန်ခဲ့ပြီဖြစ်ကြောင်း ဒီကွန်စိတ်တွင် ပေါ်လာသည်။ သို့မှမဟုတ်လျှင် မီးလ်တန်းအဖို့ အက်စ်အေအက်စ်တို့၏သတင်းကို မရနိုင်။

"မျက်လုံးဖွင့်ကြည့်ပါ ကိုယ့်ဆရာ၊ ခင်ဗျားတို့ရဲ့ ရဲဘော်တွေဟာ ဒီနေရာအထိ ရောက်ကောင်းရောက်နိုင်တယ်ဆိုတာ ဖြစ်နိုင်တယ်ဗျ"

ဒီကွန်က တမျှော်တခေါ်ကြီး ဖြန့်နေသော သဲပြင်ကြီးကို လှမ်း၍ကြည့်လိုက်မိသည်။

လေယာဉ်ပျံကလေးသည် အမြင့်ပေတထောင်မှ ပျံနေသည်။ ပေတထောင်ထက် မမြင့်။ အိုအေစစ်တခုက အပြေးလာနေသည်။ ဖာဒီသည် လေယာဉ်ပျံဆင်းသက်ရန် နေရာရှာခြင်း၊ စစ်ဆေးခြင်း စသည်ဖြင့်မပြုလုပ်။ သူ့ကိုကြည့်ရသည်မှာ ဤနေရာသည် ဆင်းနေကျဖြစ်၍ အားလုံးမှတ်မိနေပုံရသည်။ အိုးများကို မြင်ရသည်။ သဲပြင်ပေါ်မှ ထိုအိုးများသည် သိုးမွေးစတွင် မည်းစွန်းနေသော အကွက်များနှင့်တူသည်။

ထစ်ပင်နှစ်ပင်။ ထိုနှစ်ပင်မှာ ရေတွင်းပတ်လည်လောက်တွင် ပေါက်နေသည့် အုန်းပင်များနှင့် သီးခြား ဖြစ်နေသည်။ ဖာဒီ၏ လေယာဉ်ဆင်းလမ်းသည် ဤသစ်ပင်နှစ်ပင်ကြားပင် ဖြစ်ပေသည်။

လေယာဉ်ကလေးသည် နိမ့်၍နိမ့်၍ကျလာသည်။ လေယာဉ်ဘီးများက သဲပြင်ကိုထိလိုက်သည်။ မီးခိုး ထွက်သွားသည်။ မြောက်တက်သွားပြန်သည်။ နောက်ပြန် ပြန်ပြီး တကျိကျိ မြည်သွားသည်။ လေယာဉ်၏နောက်တွင် ဖုန်ဘလောင်းလောင်းထကျန်ခဲ့သည်။ လေယာဉ်ကလေးသည် အုန်းပင်ဝိုင်းရှိရာသို့ လိမ့်၍သွားနေသည်။

ကက်စလာက ရှိုးရှိုးသားသားပင် ဆိုလိုက်သည်။

"ဘုရားသခင်၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပါပေ၏"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီကို ဘယ်နေ့က နောက်ဆုံးရောက်ခဲ့သလဲ"
"တနေ့က"
"အယ်ဟာရောက်ဆီက ဘယ်လောက်ဝေးသလဲ"
"မိုင်ခြောက်ဆယ် ဝေးပါတယ်ဆရာ"
ကက်စလာက ဝင်ဖြေသည်။
"ဂျာမန်တွေ"
"မလာနိုင်ပါဘူးဆရာ၊ ဂျာမန်တွေ မရှိပါဘူး၊ ကြည့်ပါလား ဆရာ၊ မော်တော်ကားတွေ ဘာတွေအတွက် ပုန်းစရာကွယ်စရာနေရာမှ မရှိတာ"
"တို့ဂျစ်တွေပဲ ရှိတယ်ပေါ့"
ကင်းဗဲလ်က ဒီကွန်၏နောက်မှနေပြီး ပြောလိုက်သည်။
"ဟိုမှာ.... ညာဘက်မှာ ဂျစ်နှစ်စင်း"
"ဟုတ်ပါတယ်ခင်ဗျား၊ မီလ်ဘန်း ကတိပေးထားတဲ့အတိုင်းပါပဲ" ဟု ကက်စလာက ပြောသည်။

ဖာဒီသည် ပိုင်းလော့အခန်းပေါ်မှ အမိုးကို နောက်သို့ဆွဲ၍ဖွင့်လိုက်သည်။ နောက် ဒူးထောက်ထိုင်နေသည်။ လေယာဉ်ပျံတစ် အတွင်းပိုင်း၌ ထွက်ပေါက်တပေါက် ရှိသေးသည်။ ကင်းဗဲလ်က ကန့်လန့်ကိုလှည့်ဖြုတ်လိုက်ရာ တံခါးရွက်သည် အပြင်သို့လန်ကျသွားခဲ့သည်။ သူသည် စင်ပေါ်မှ သော်မဆင် စက်သေနတ်ကလေးကို ဆွဲယူလိုက်ပြီး အပေါက်မှ သဲပေါ်သို့ယှိမ့်ချလိုက်သည်။ လေယာဉ်ပျံ ရပ်ထားသည့်နေရာနှင့် တဲစုမှာ ဂိုက် ၃၀၀၊ ခန့်ဝေးသည်။

တဲများမှာ ခပ်ကျဲကျဲပင်။ ဂျာမန်ထရပ်ကားတစင်းကို ဝှက်၍ ရပ်ထားလောက်အောင် ကြီးကြီးမားမား တဲတလုံးမျှမရှိ။ အုန်းပင်များကလည်း မြေပြင်ရောက်မှ ကြည့်သော် ကျိုးတိုးကျဲတဲနှင့် ခပ်သေးသေးပင်ဖြစ်သည်။ တကယ့်ချုံချာလှသည့် အိုအေစစ်ကလေး။ ခပ်ဝေးဝေးတွင်မူ ခပ်ပြေပြေ တက်သွားသည့် တောင်ကုန်းကလေး။

ဂျစ်ကားများမှာ ချက်ပလက် အမျိုးအစား။ အမေရိကန်ပစ္စည်းဖြစ်ပုံရသည်။ အုန်းပင်များနှင့် ဂိုက် ၅၀- ဘကွာ၌ ရပ်ထားသည်။

ဒီကွန်သည် လေယာဉ်ပျံပေါ်မှ ဆင်းခဲ့သည်။ သူ့လက်တွင်းမှာတော့ ဘဒရောင်းနှင်း အော်တိုမစ်တစ်။ သူ့တကိုယ်လုံးမှာ တောင့်တင်းသွားပြန်သည်။

အာရပ်များသည် တဒါဇင်ခန့် ရှိပေမည်။ သူ့ကို ဂရုစိုက်ပုံမရ။ တုံးလုံးလှဲနေကြသော ကုလားအုပ်များဘေးဝယ် ဝိုင်းဖွဲ့၍ တင်ပြင်ခွေထိုင်နေကြသည်။ မိန်းမတယောက်မျှမတွေ့ရ။
"ကက်စလာ"
ဒီကွန်က ခပ်တိုးတိုးခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာက ဒီလိုပဲလား"

လေယာဉ်ပေါ်မှဖာဒီက မေးလိုက်ပြန်သည်။

"ဆက်ဒ်မန်၊ ဘာဖြစ်နေတာလဲဟေ့"

"ဂျာမန်တွေတော့ မဟုတ်ဘူးဗျ"

ဖာဒီ ဒီဗိုင်းတင်သည် ပိုင်းလော့ထိုင်ခုံပေါ်ဝယ် ဒူးထောက် ထိုင်လျက်ဖြင့် သူ၏မှန်ပြောင်းကိုထုတ်ကာ အိုအေစစ်ဆီသို့ လှမ်း၍ကြည့်လိုက်သည်။

"ဘီဒိုယင်အာရပ်တွေ မဟုတ်ဘူးဟေ့၊ ကောရက်လူမျိုး အာရပ်တွေပဲ၊ ဒီကောင်တွေက ဒီကကောင်တွေကို မောင်းထုတ်လိုက်ပြီနဲ့တူတယ်"

"ဒီကောင်တွေက အရိုင်းအစိုင်းတွေလား"

ဟု ဒီကွန်က မေးလိုက်သည်။

"ဒီကောင်တွေက သိပ်မာနကြီးတယ်ဆရာ၊ သူတို့အဖို့ ကျွန်တော်တို့ကို ရှိတယ်လို့ ထင်တာမဟုတ်ဘူး"

"ဂျစ်တွေကို ဘယ်လိုလုပ်မလဲ"

ကင်းဗဲလ်ကမေးလိုက်ရာ ကက်စလာက သူ့အမေးကိုမဖြေပဲ လေယာဉ်ပျံပေါ်သို့ လှမ်း၍ပြောလိုက်သည်။

ဖာဒီ လေယာဉ်ပျံကိုလှည့်လိုက်ပါ၊ ကျွန်တော်တို့ ဂျစ်ကားတွေဆီသွားကြမယ်"

"ငါတော့ ဒီအခြေအနေကို သိပ်မကြိုက်ဘူးကွာ"

ဒီကွန်က ပြောလိုက်သည်။

"ဒီလိုပါပဲဆရာ၊ ဒီလူမျိုးတွေရဲ့ ခပ်ဆန်းဆန်းစရိုက်တွေကို နောက်တော့ ရိုးသွားမှာပါ"

"သွားစမ်းပါ၊ လူမျိုးတွေ ဓလေ့စရိုက်တွေဘာတွေ၊ ဓာတ်ဆီတွေက ဘယ်မှာလဲ"

ဟု ကင်းဗဲလ်က စိတ်မရှည်ပဲ ဝင်ပြောသည်။

"သစ်ပင်တွေအောက်မှာပါ"

"မီလ်ဘန်းရဲ့ဆီတွေလား"

"ဟုတ်ပါတယ်"

"ဒီ အာရပ်တွေက ဒီလို ဓာတ်ဆီတွေ ရှိနေတယ်ဆိုတာ သိကြသလား"

"သဲကန္တာရထဲမှာရှိတဲ့လူတိုင်း အားလုံးသိပါတယ်"

ကင်းဗဲလ်သည် တော်မီဂန်းကို မြှင့်ကိုင်လိုက်သည်။

"ဟို....နဗီးလ်ဆိုတဲ့ကောင်ကိုလဲ မတွေ့ဘူး၊ ဒါကို ငါမကြိုက်ဘူး"

"ကျွန်တော်လဲ မကြိုက်ဘူးဗျို့"

ဖာဒီကပြောလိုက်ပြီး ဆက်၍...

www.burmeseclassic.com

www.burmeseclassic.com



"အက်ဒ်မန်ပြောတာ ဟုတ်တယ်၊ ကျုပ် လေယာဉ်ပျံကိုလှည့်လိုက်မယ်၊ ခင်ဗျားတို့ ဂျစ်ကားရှိရာကို သတိနဲ့သွားကြ၊ လေယာဉ်ပျံကို ခင်ဗျားတို့နဲ့ နီးနိုင်သမျှနီးအောင် လိုက်ပေးမယ်၊ ဟုတ်လား"

"ဟိုတောင်တန်းကလေးက ဒီကနေ ဘယ်လောက်ဝေးသလဲ" ဟု ကင်းဗဲလ်ကမေးသည်ကို ကက်စလာက....

"မိုင်ဝက်လောက် ဝေးမယ်ထင်တယ်"ဟု ဖြေသည်။

"တဘက်မှာ တောင်ကြားက ဘယ်လောက်မြင့်သလဲ"

"ခပ်နိမ့်နိမ့်ပါပဲဆရာ၊ ဒါပေမယ့် ရန်သူက ပုန်းမယ်ဆိုယင် ပုန်းနေနိုင်တယ်ဆရာ"

"လေယာဉ်ပျံနဲ့ ရန်သူရှိမရှိ တက်ကြည့်ရယင် မကောင်းဘူးလား၊ ကင်းထောက်သဘောပေါ့"

"မလုပ်နဲ့တော့၊ ဖာဒီက လေယာဉ်ပျံနဲ့နောက်ကလိုက်ပေး၊ တို့က အန္တရာယ်နဲ့တွေ့ယင် လေယာဉ်ပေါ် တက်ပြေးနိုင်မယ်"

ဖာဒီသည် လေယာဉ်ပျံအတွင်း ခေါင်းလျှိုဝင်လိုက်ကာ ခေါင်းပေါ်မှအမိုးကို ပြန်ဖုံးလိုက်သည်။ နောက် လေယာဉ်စက်ရှိန်ကို မြှင့်တင်လိုက်ကာ မလှုပ်မယှက်ရပ်နေသော လူသုံးယောက်အနီးမှ ခေါင်းလှည့်၍ ဘီးလှိမ့်ထွက်ခဲ့သည်။

ဒီကွန်တို့သုံးဦးအား ဖုန်မျှားဖြင့်ဖုံးလွှမ်းသွားသည်။ ဒီကွန်ကအချက်ပြလိုက်ရာ ဖုန်လုံးကြီးအတွင်း သူတို့သုံးယောက်သည် ဂျစ်ကားများရှိရာသို့ သတိဖြင့် ပြေးသွားကြသည်။ ထိုင်နေသောအာရပ်များသည် တုတ်တုတ်မျှ မလှုပ်။ ကုလားအုပ်များကမူ လေယာဉ်ပျံ၏အသံကြောင့် လန့်၍ထလိုက်ကြကာ ချည်တိုင်မှ ရုန်းကန်နေကြသည်။

တောရက်များဟုဆိုသူ အာရပ်များက ရိုက်နှက်ကာ ငြိမ်အောင် လုပ်နေကြသည်။

ဖုန်လုံးကြီးအတွင်းမှပင် ဒီကွန်သည် မီးလ်ဘန်း၏ခေတ်ဆီပုံးများကို လှမ်းမြင်နေရသည်။ ရုပ်ဖျက် ပိုက်ကွန်များအောက်ဝယ် တစီတတန်းကြီး သိုလှောင်ထားသည်ကို တွေ့ရရာ ဒီကွန်မှာ မီးလ်ဘန်း၏ စည်းရုံးရေးကို တအံ့တသြ ဖြစ်မိရသည်။

ဤမျှ များပြားသော ဓာတ်ဆီများကို မည်သူကမျှ လက်ဖျားနှင့် မျှမတို့ပဲ သည်အတိုင်း ထားနိုင်သဖြင့် မီးလ်ဘန်းသည် အာရပ်များအား ကောင်းစွာ ပေးကမ်းထားနိုင်မည်။ သို့မှမဟုတ် ထိထိရောက်ရောက် ဒဏ်ခတ်သည့်စနစ် ကျင့်သုံးထားပေလိမ့်မည်ဟု တွေးမိသည်။

ဂျစ်ကားများ သည် လိုချင့်စဖွယ် မြေမာကလေးပေါ်တွင် ရပ်တန့်လျက်ရှိသည်။ ဂျစ်ကားများ အနီးတွင် လူတဦးတယောက်မျှ မရှိ၊

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသည်မှာ သက်ာယန့်မကင်းစရာ ဖြစ်နေသည်။ ထောင်ချောက်ပေလော။

လေယာဉ်ကလေးသည် ဘီး တလှိမ့်ချင်းလိမ့်ကာ လိုက်ပါလာခဲ့သည်။

ပန်ကာကလည်း ဖြည်းဖြည်းချင်း 'ကလပ်... ကလပ်....ကလပ်' ဟု မြည်ကာ လည်နေသည်။

အာရပ်များသည် ကုလားအုပ်များကိုထိန်းယင်းဖြင့် လှုပ်လှုပ် ရှားရှား ဖြစ်လာသည်။

"ဂျစ်ကားတွေက ထောင် ထားတာနဲ့တူတယ်....ဆရာ" ဟု ကက်စလာက ပြောလိုက်သည်။

တကယ်တော့ ထောင်ချောက်ထောင်ထားသည်နှင့် လုံး၀ မတူပါ၊ ဂျစ်ကားများသည် မီးလ်ဘန်း ကတိပေးလိုက်သလို အပိုခေါတ်ဆီများနှင့် ရေဗူးများနှင့် စပယ်ယာဘီးများနှင့် ဟန်ပန်ကျ အသင့်ပင် ဖြစ်နေသည်။

"တက်မှာသာတက်၊ ခုမှတော့ တို့....နောက်ဆုတ်လို့ မရတော့ဘူး"

ဟု ဒီကွန်က ပြောလိုက်သည်။ ဒီကွန်၏ တမျက်နှာလုံး ချွေးများဖြင့် ရွှဲနေသည်။ သူ့လက်တွင်းမှ ဘရောင်းနင်း သေနတ်ဒင်မှာ လက်ထဲတွင် ချွေးစီးများဖြင့် ချောနေသည်။

ဂျစ်ကားများနှင့် ၁၀ ကိုက်ခန့် အကွာတွင်မူ ကက်စလာသည် တုံ့ကနဲရပ်သွားသည်။

သူ့အသံက ကျယ်လောင်လှသည်။

"ဘုရားသခင် သနားတော်မူပါ"

"ဘုရား....ဘုရား"

ကင်းဗဲလ်ကပါ မြည်တမ်း ယင်း ရပ်လိုက်သည်။ သည်တွင်မှ ဒီကွန်ကပါ မြင်လိုက်ပါပြီ၊ ဒီကွန်မှာ ပျို့အန်ချင်လာမိသည်။

"ဒါ.... ဒါ.... "

သူ့လည်ချောင်းက တစ်ထို့နေသည်။

"ဟုတ်ပါတယ်၊ ဒါ နှုဗီးလ်ပဲ"

ဟု ကက်စလာက ဖြေလိုက်သည်။

နှုဗီးလ်၏အလောင်းမှာ ဂျစ်ကားများက ကွယ်နေ၍ အဝေးက မမြင်နိုင်။ သူကား မြေကြီးပေါ်တွင် ကားကားကြီး ဖြစ်နေသည်။ လက်နှစ်ဘက် ခြေနှစ်ဘက်ကို ဖြဲကားထားပြီး ထက်မြက်လှသော လှံသွား ချောင်းနှင့် လှံ ၄-ချောင်းက ထိုးစိုက်ထားသည်။သူ၏ရှပ်အင်္ကျီကို လည်ပင်းပေါ်အထိစုတ်ဖြဲကာ ဆွဲချထားသည်။ သူ၏ကိုယ်ပေါ်မှ တခဲနက်သော ဒဏ်ရာမှ သွေးသွေးများက အင်္ကျီတခုလုံးကို ချင်းချင်းနီနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကွန်သည် သူ၏ပါးစပ်ကို လက်ဝါးဖြင့်အုပ်လိုက်မိသည်။ သူသည် စစ်သားဘဝဖြင့် လူသေပုံအမျိုးမျိုးကို မြင်ခဲ့ဖူးပါ၏။ သို့သော် ဤလိုတော့ တခါဘူးမျှ မတွေ့ခဲ့။

လူငယ်ကလေး နဗီးလ်၏ ဝမ်းဗိုက်သည် ပွင့်နေသည်။ ဆီးစပ်မှ ရင်ဝအထိ ဓားဖြင့် ဆွဲဖွင့်ထားခြင်းပင်။ အရေနှင့်အသားတစ်များက လန်နေရာ ဗိုက်တွင်းမှ အူတွေ၊ ကလီစာတွေ သည်အတိုင်းမြင်ငနေရသည်။ သွေးများက နေပူရှိန်တွင် ခြောက်သွေ့ကာ အနာဝတွင် ယိုမည်းများသုတ်လိမ်းထားသကဲ့သို့ စေးထန်းနေသည်။

ထိုမှထွက်သောသွေးညှီနံ့များကြောင့် ယင်မည်းရိုင်းများက ဒဏ်ရာပေါ်တွင် အုံခဲနေသည်။ ပုရွက်ဆိတ်များလည်း တက်နေပြီ။ သူတို့သည် နဗီးလ်၏ ဝမ်းဗိုက်နှင့် လည်ချောင်းဝတွင်ခဲကာ အငန်းမရ စားသောက်နေကြသည်။

ကက်စလာသည် တည်တည်ငြိမ်ငြိမ်ပင် နဗီးလ်ကိုကြည့်နေပြီး သူ့ပါးစပ်မှ အာရပ်ဘာသာဖြင့် တိုးညှင်းစွာ ရွတ်ဖတ်ဆုတောင်းနေသည်။

နဗီးလ်၏ ကိုယ်ပေါ်မှ ယင်ကောင်များ၊ ပုရွက်ဆိတ်များသည် နည်းငယ် လှုပ်ရှားရုံသာ လှုပ်ရှားသွားပြီး ထ၍ ပျံ့ဆန်းသွားခြင်း၊ ပြေးကြခြင်း မရှိ။

ကက်စလာသည် နောက်သို့လှည့်မကြည့်ပဲ သူ၏ပန်းရောင် ထနေသာ လက်ဖဝါးကိုဖွင့်လျက်....

"ဆရာတို့၊ ပစ္စတို့ ခဏပေးပါခင်ဗျား"

ဒီကွန်က ကက်စလာ၏ လက်တွင်းသို့ ပစ္စတိုသေနတ်ကို ထည့်ပေးလိုက်ယင်း....

"ရော့....ရော့၊ ဘာလုပ်ဖို့လဲ"ဟု မေးသည်။

"နဗီးလ် မသေသေးပါဘူး"

ဒီကွန်သည် ကိုယ်ကိုကုန်း၍ကြည့်ရာ တကယ်ပင် အသက်ရှိနေသေးကြောင်း တွေ့နေရသည်။ မသေမရှင်ဖြစ်နေရသည့် အဖြစ်ကား နှိပ်စက်ညှဉ်းပန်းခြင်း တမျိုးပင်။

နဗီးလ်သည် အသက် ၁၆ နှစ်ထက် ကြီးပုံမရသေး။ သူ့မျက်လုံးကို ဖွင့်လိုက်ပြီး ကက်စလာအား စေ့စေ့စောင်း၍ ကြည့်သည်။ နောက် နှုတ်ခမ်းများလှုပ်လာသည်။ သူ့ပါးစပ်ပေါ်မှယင်မည်းရိုင်းများက စိတ်ဆိုးမာန်ဆိုးဖြင့် တဝီဝီထအော်ကြသည်။

"အော့... အောတို လာ လာတယ်၊ မက်.... မက်စနာ"

သူသည် အာရပ်ဘာသာဖြင့် မပီကလာ၊ ပီကလာ အသံတိုးညှင်းစွာဖြင့် အားယူပြောရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြွားတယ် သား၊ ကြွားတယ်၊ ဘုရားသခင် အလိုတော်အတိုင်း ပေါ့ကွယ်"

ကက်စလာက အင်္ဂလိပ်လို ပြန်ပြောလိုက်သည်။

နောက် သူသည် ဘရောင်နင်သေနတ်ကို နှစ်ဦးလုံး၏ မျက်ခုံးနှစ်ခုကြား သို့ ချိန်ကာ မောင်းကိုဆွဲလိုက်တော့သည်။

ယင်များက ဝုန်းကနဲ ထပျံကြသည်။ ကင်းဗဲလ်က ဒူးတတက် ထောက်ပြီး သူ၏ သော်မဆင်သေနတ်ဖြင့် နှစ်ချက် အရှည်ဆွဲပစ်လိုက်သည်။

"ဒီကီ....ပြေး... ပြေး....၊ လေယာဉ်ပျံဆီပြေး"

ကင်းဗဲလ်က အော်လိုက်သဖြင့် ဒီကွန်သည် ပြေး၍သာလာရသည်။ ဘယ်ကနေပြီး ဘယ်ကိုပြေးနေသည်ဟု မသိ။ သူ့နောက်မှ ကင်းဗဲလ်နှင့် ကက်စလာတို့က တော်မီဖြင့် ပစ်ခတ်လိုက်ပါလာကြသည်။

ဒီကွန်သည် နောက်သို့လှည့်ကြည့်လိုက်သည်။

အာရပ်များသည် သူတို့တိုက်ခိုက်ပုံတိုက်ခိုက်နည်းအတိုင်း တက်လာ ကြသည်။ ပါးနပ်သိမ္မာလှ၏။ သို့သော် ပရမ်းပတာနိုင်လှ၏။ သူတို့ နည်း ဗျူဟာကို ဒီကွန်သည် ကြားဖူးနားဝရှိခဲ့သည်။ တကြိမ်တခါမှတော့ ကိုယ် တွေ့မကြုံရသေး။

ရေတွင်းမှအတန်ငယ်ဝေးသော တောင်တန်းကလေးအတွင်းတော ကြား ဆင်ခြေလျှောဝယ် ပုန်းအောင်းနေကြရာမှ ထွက်လာကြပုံရသည်။ အာရပ် ၃၀-၄၀ ခန့်သည် ကုလားအုပ်များကိုစီးကာ အပြိုင်းနှင်၍လာနေ ကြသည်။ လက်ထဲ၌ ရိုင်ဖယ်သေနတ်များကို ဝှေ့ယမ်းလာကြသည်။ သူတို့ ၏ ဝတ်ရုံကြီးများက နောက်သို့တဖားဖားလွင့်လျက်။ သူတို့ကား မြန်လှ သည်။ သူတို့ဆီက ပစ်သံများမကြားရသေး။ သည်ဘက်မှ တော်မီသေနတ် သံများသာ ကြားနေရသည်။

အနီးကပ်ဆုံးအာရပ်များလည်း ရှိချေသေးသည်။ သူတို့ကား အိုအေ စစ်ထဲက အာရပ်များ။ သူတို့သည် ဒီကွန်တို့အား လှည့်၍မျှမကြည့်။ မစိုက်ဟန် ပြုနေခဲ့ပြီး ယခုမူ သူတို့ကလည်း တိုက်ပွဲဝင်များ ဖြစ်နေချေပြီ။ သူတို့ကား ကိုက် ၁၀၀ ခန့်သာ ဝေးသည်။ သူတို့သည်လည်း ကုလားအုပ် များပေါ်သို့ ခုန်လွှားတက်ကာ ရိုင်ဖယ်များကို ဝှေ့ယမ်းပြီး သူတို့ဆီသို့ အပြိုင်းနှင်လျက်ရှိသည်။

သို့သော် ဒီကွန်တို့က သူတို့၏ပစ်မှတ်မဟုတ်။ သူတို့သည် လေယာဉ် ကလေးဆီသို့ မဲလာနေပြီး လေယာဉ်ပျံကိုဖျက်ဆီးရန် အားသန်နေကြသည်။

အာရပ်များဘက်မှ သေနတ်သံမကြားရသဖြင့် ဒီကွန်သည် မိမိတို့ အား အရှင်ဖမ်းကြမလို့လားဟု ထင်မိရာ ဤသို့သာ အရှင်ဖမ်းမိပါက အာရပ်များက အရှင်လတ်လတ် မည်သို့မည်ပုံ ညှဉ်းပန်းမြည်ကို ပြော၍ မြင်မိလိုက်သဖြင့် ကြောက်လန့်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နဗီးလ်ကဲ့သို့ ရင်ခွဲနေလှမ်းခံရကာ ယင်မဲရိုင်းစာ အကျွေးခံရမည့် အရေးကား တွေးဝံ့စရာမရှိ။ ဒီကွန်သည် လေယာဉ်ပျံကလေးကို အရှိန်မြင့်မောင်းနေ၍ လေယာဉ်ပျံကို မနိုင်စရာမရှိတော့ဟု ထင်မိသည်။ သို့သော် မိလိုမိငြား ပြေးလိုက်ချင်စရာ မသုမ်းမကမ်းတွင် ရှိနေသည်။

ရုတ်တရက်ပင် လေယာဉ်ပျံကလေးသည် တုံ့ကနဲဖြစ်သွားပြီး အရှိန်နှေးသွားသည်။ ဒီကွန်က လေယာဉ်နောက်မှ ဖုန်လုံးများ ကြားမှ ရှေ့သို့ ပြေးလိုက်ပြန်သည်။ သူ့ခေါင်းထဲတွင်ကား လေယာဉ်၏ အင်ဂျင်စက်သံက ဆူညံနေသည်။

အာရုပ်ချေးက ပစ်ကြပြီ။ သူ့အနီးမှ ကျည်ဆန်များက တဝီဝီ ဖြတ်သန်း သွားနေသည်။ သူက ဂရုမစိုက်နိုင်။ လေယာဉ်ပျံကိုသာ အာရုံစိုက်ကာ ပြေးနေသည်။

မီပါပြီ။ လေယာဉ်ကိုယ်ထည်တလျှောက်ကပ်၍ အားစိုက်ပြေးလိုက်ကာ လေယာဉ်အပေါက်၏တံခါးကို လှမ်းဆွဲလိုက်သည်။ ခြေထောက်က လွတ်သွားသည်။ သူသည် ခြေကိုသိမ်းလိုက်သည်။ လေထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေသည်။ ရှိသမျှခွန်အားကိုသုံးပြီး လေယာဉ်ထဲသို့ ကိုယ်ကို လှိမ့်၍ သွင်းလိုက်သည်။

ကင်းဗဲလ်က နောက်မှ ကပ်လျက်ပါသည်။ သူ့လက်ထဲက တော်မီသေနတ်ဖြင့် ကိုးရိုးကားယား ဖြစ်နေသည်။

ဒီကွန်က ဆာဂျင်ကြီးလက်တွင်းမှ သေနတ်ကိုဆွဲယူလိုက်ပြီး လေယာဉ်ပျံ၏ ကြမ်းပေါ်သို့ ပစ်ချလိုက်သည်။ နောက် ကင်းဗဲ၏ဂျိုင်းနှစ်ဘက်အောက် လက်လျှိုကာ ကင်းဗဲလ်အား လေယာဉ်ပျံပေါ်သို့ ဆွဲတင်ပေးလိုက်သည်။

" ခေါင်းငုံ့ထား "

ဟု ကင်းဗဲလ်က သူ့ကို အော်၍သတိပေးသည်။

ဒီကွန်သည် လေယာဉ်အပေါက်မှ ကုလားအုပ်များ၏ ကြီးမားလှ၍ ကြည့်မကောင်း ရှုမကောင်း ခွာ၏အထက်နားတွင် အမွေးစုတ်ဖွားနှင့် ခြေထောက်များကို မြင်နေရသည်။ ခေါင်းပေါ်မှ လေယာဉ်ပျံ၏ ဖိုင်ဖာအမိုးပေါ်မှ နေရောင်ဝင်ရန် ပြုလုပ်ထားသည့် အပေါက်များ အနီး 'တောက်'ကနဲ 'တောက်'ကနဲ အသံများကို ကြားနေရသည်။ မြားဖြင့် ပစ်သံများ။ ဆီတိုက်ကီများနှင့် ပဲ့ကြိုးများကို ထိမှန်ပါက လေယာဉ်ပျံကလေးသည် ကျွမ်းထိုးမှောက်ခုံဖြစ်ကာ အသုဘ မီးရှို့စင်သဖွယ် ဖြစ်ပေတော့မည်။

အပေါက်မှ လှမ်း၍ကြည့်လိုက်ပြန်ရာ သဲတန်းကြီးများကို မြင်ရပြီး ကုလားအုပ် ခြေထောက်များကို မတွေ့ရတော့။ တဖန် ကက်စလာ၏ မခိုး

www.burmeseclassic.com



စွန်းက အပေါက်တွင် ပေါ်လာပြန်သည်။ သူ့မျက်နှာမှာ အားစိုက်နေပုံရကာ ရှုံ့တွနေသည်။ သူ့နှုတ်ခမ်းနီရဲရဲက ပွင့်လျက်။

ကင်းဖဲလ်သည် တံခါးဝကို ခြေဖြင့်ထောက်ပြီး ကျားကန်ကာ ကက်စလာအား လေယာဉ်ပေါ်သို့ ဆွဲတင်ပေးနေသည်။ ကင်းဖဲလ်၏ မျက်နှာမှာလည်း နာကျင်နေပုံရသည်။ အောက်မှကက်စလာက ကင်းဖဲလ်၏ ခြေသလုံးနှစ်ဘက်ကို လှမ်းကိုင်၊ နောက် သူ့ကိုယ်လုံးပါလာအောင် တအားဆွဲယူပြီး လေယာဉ်ပျံပေါ်ရောက်အောင် အတင်း ဆွဲတက်လာသည်။

ကက်စလာ အပေါ်သို့ရောက်သော်.... သူတို့နှစ်ယောက်စလုံး မောဟိုက်နေကာ၊ အပေါက်ဝမှအတွင်းသို့ လှိမ့်ဝင်လိုက်ပြီး၊ တုံးလုံးပက်လက်ဖြစ်နေကြသည်။

ဒီကွန်သည် လေယာဉ်ပေါက်ကို ပိတ်ကာ၊ ကန့်လန့်ကာ ချထားလိုက်သည်။ သူက တံခါးပိတ်မသွားမီ လှမ်းကြည့်လိုက်သေးသည်။ လည်များစင်းပြီး၊ တဟုန်ထိုးပြေးလိုက်နေသော ကုလားအုပ်များကို မြင်ရသည်။ သည်။ သူတို့အပေါ်မှ အာရပ်များကလည်း ရိုင်ဖယ်များပစ်လျက်။

ဒီကွန်သည် လေယာဉ်ပျံတံခါးကိုပိတ်ပြီး၊ နောက်ထိုင်ခုံ ပုခက်အတွင်း၊ ထိုင်ချလိုက်သည်။ သူ့မှာ အားကုန်လုပန်း ဖြစ်နေသည်။ လေယာဉ်ပျံပျံမတက်နိုင်သေး၊ ပြေးဆဲ၊ နောက်.... သဲပေါ်မှ ကြွတက်လာသည်။

"မင်းတို့နှစ်ယောက် ဘာဒဏ်ရာမှ မရကြပါဘူးနော်...."

"ကျုပ်တော့ ဘာမှမဖြစ်...."

ကင်းဖဲလ် က ပြောလိုက်သည်။

"ကျွန်တော်လဲ ဘာမှမဖြစ်ပါဘူး ဆရာ...."

ကက်စလာ က ပြောပြန်သည်။

"ကောင်းတယ်၊ ကက်စလာ.... ငါ့ပစ္စတို ပြန်ပေးကွာ"

ဒီကွန်သည် ဤသို့ပြောယင်း၊ လေယာဉ်နှုတ်ခမ်းပေါ် ဝမ်းလျားမှောက်လိုက်ပြီး၊ ကင်းဖဲလ် တို့ ၂-ဦးကို ကျော်ဖြတ်၍ လေယာဉ်မောင်းအခန်းဆီသို့ တွားသွားနေသည်။

လေယာဉ်ကွင်းစပ် ခေါင်း ပေါ် မှ အ မိုး တွင် သေနတ်ကျည်အန်ပေါက်နှစ်ခု၊ ဝိုင်းဝိုင်းစက်စက်၊ သပ်သပ်ရပ်ရပ်ကလေး၊ လေက ထို အပေါက် နှစ်ခုမှ စူးစူးရှရှ ထိုးဝင်နေသည်။ ဖာဒီသည် လေသူရဲသုံး သားရေခမောက်ကိုဆောင်းထားကာ၊ မေးအောက်တွင် သားရေပြားနှစ်ခု၏ ကြယ်သီးကိုပါ တပ်ထားသည်။ သူ့မျက်နှာပေါ်တွင်မူ မျက်မှန် ကို ခေါင်းထက်မှ ဆွဲချထားသည်။

လေယာဉ်သည် ကောင်းကင်သို့ပျံတက်လာကာ၊ ပ စော်က် ကွေ့ဝဲပျံကွေ့လျက်ရှိသည်။ အောက်တွင် ကုလား အုပ်များကို မြင်လိုက်ရပြန်သည်။ ၄၀-ကျော်ကျော်ခန့် ရှိပေမည်။ သစ် ပင် ကျိုး တုံး ကျဲ တဲ များ

www.burmeseclassic.com

www.burmeseclassic.com



အောက်ဝယ် လူအနည်းငယ်ခန့် ရှိသည်။ တောင်တန်း ဆင်ခြေလျှောတွင် တဦးတယောက်မျှ မရှိတော့၊ ဂျစ်ကားနှစ်စင်းကိုလည်း သည်အတိုင်းပင် မြင်နေရသည်။နှစ်းလ် ၏ကိုယ်ပေါ်မှ ယင်ကောင်များကိုပင် တွေ့နေရသလို ထင်မိသည်။ ဒီကွန်သည် ဖာဒီ အနားသို့ တိုးသွားသည်။ နောက်.... အသာ အယာပင်၊ ဖာဒီ ၏နားပေါ်မှ နားကျပ်ကို သေနတ်ပြောင်းဖြင့် ဖြုတ် လိုက်သည်။ ပြီးသော်.... ဖာဒီ ၏ နားထင်ကို သေနတ်ဖြင့် တေ့ပြီး....

"ကဲ.... ဖာဒီ၊ ဖြစ်သမျှ ပြောပြစမ်းပါဦး"

"....ဘယ်လိုလဲ၊ ကျုပ်က ဘာပြောရမှာလဲ...."

"မင်း.... ဘယ်သူ့ဘက်ကို တိုက်နေတာလဲ၊ ဒါကို ပြော"

လေယာဉ်သည် နိမ့်ဆင်းသွားသည်။ သဲပြင်မှ ပေ ၂၀၀-ခန့်မှာပင် ပြန်လည်တန်းမတ်သွားကာ၊ အနောက်မြောက်ဘက်ဆီသို့ ရှေ့ရှုပျံသန်း သွားလေတော့သည်။

ဖာဒီဗိုဒ်ုင်တင်သည် နောက်သို့ လှည့်ကြည့်ရာ၊ စိတ်ဆိုးပန်းဆိုးနှင့် ကြည့်နေသော ဒီကွန်ကို တွေ့ရသည်။

ဖာဒီသည် မပြုံးနိုင်တော့။

"ပြောလေ...."

ဒီကွန်က မေးလိုက်ပြန်သည်။

"ပြင်သစ် လွတ်လပ်ရေးအဖွဲ့ပဲ....

\+ + +

ပီဘီသည် ညက အိပ်ရေးဝဝ အိပ်ရသဖြင့်၊ ဝမ်းသာနေသည်။ သို့သော်... မနက် မိုးမလင်းမီနိုးခဲ့လျှင် အကောင်းသားဟုကား၊ ထင်ခဲ့မိ သည်သို့ပင်ဖြစ်စေ၊ အိပ်ရေးဝဝ မအိပ်ခဲ့ရလျှင် သူသည်၊ စိတ်တိုပြန်ပေ ဘည်။ ထိုအခါတွင် သူသည် ဘယ်လိုမှအထိမခံ၊ ခပ်ညံ့ညံ့ ရာဘာကွင်းဆက် ထဲသို့ ဆတ်ကနဲပြုတ်ကာ၊ ဖြစ်ချင်ရာတွေ ဖြစ်ကုန်မည်။ ယခု.... သူ့အား ပါးရိုက် နားရိုက် စစ် နေသော ခပ်ဝဝ ခွေးမသားအား သူ့ ခေါင်း နှင့် ဝင်ဆောင့်မိမည်မှာ အမှန်။

ပီဘီ၏တသက်တွင် သူက ဘာမှပြန်မလုပ်နိုင်ပဲ၊ ပါးရိုက် နားရိုက် နှိပ်စက်သမျှ ခေါင်းငုံ့ခံနေရသည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်ပင် ဖြစ်တော့သည်။ သူသည် ရိုက်သမျှ ငုံ့ခံသည်။ ဘယ်လိုမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခြင်းမရှိ။ လက်ဖြင့်ကာခြင်း၊ ကိုယ် ကို စောင်း ပေး လိုက် ခြင်း စသဖြင့်လည်း မလုပ်၊ သည်အတိုင်းပင် ခံနေသည်။ ထိုးလိုက်လျှင် လိမ့် သွားသည်။ ရိုက်လိုက်လျှင် လည်သွားသည်။ သူသည် သူ၏ကြွက် သား များကို လျှော့ထားသည်။ လျှပ် စစ် တံ ဆိပ် တစ် ဂျာမန် အက်စ်အက်စ် အကောင်က လုပ်ချင်တိုင်း လုပ်နေသည်ကို မသိသလိုအမူအရာဖြင့် ခံနေ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်သူ၏ လက်အိတ်နက်သည် သူ၏ ဆီးစပ်အတွင်း ဝင်လာတိုင်း၊ သေမတတ် နာလှသည်။ ထိုနာကျင်မှုသည် ဝမ်းခေါင်းအထိ တက်လာသည်။ နောက်.... ပေါင်နှစ်ဘက်မှ ခြေသလုံးအထိ ဆင်းသက်သွားကာ၊ ဒူးများ ယိုင်နဲ့သွားပြီး၊ လဲမတတ်ခံစားရသည်။ ပီဘီသည် 'မနာဘူးကွ'ဟု ဟန်ဆောင်၍ပင် မပြနိုင်၊ သူ့ကိုယ်သူ ရဲရင့်သူ၊ အကြောက်အရွံ့ မရှိသူဟုလည်း ဟန်လုပ်၍မပြနိုင်တော့၊ ဤသို့ လုပ်ပြရန်အချိန်တို့က လွန်ခဲ့ပါပြီ၊ သူ၏ အသက်ရှင်ရေးကား၊ ယခုအချိန်တွင် ပါးနပ်မှု၊ လျင်မြန် မှု၊ လိမ္မာမှု စသည်တို့အပေါ် မတည်တော့၊ နောက်.... မိနစ်အနည်းငယ်အတွင်း ဘယ်လိုရုပ်ဘည် ရင်ဆိုင်ရမည်နည်းဟုသာ ရှိတော့သည်။

သူသည် ညစ်ပတ်ပေရေလှသော အခန်းထောင့် ဝယ် ကုန်းလျက်၊ နာကျင်သမျှကို ခံစားနေရသည်။

အစောင့်နှစ်ယောက်က သူ့ကို စောင့်ကြည့်နေသည်။ သူတို့ကား၊ ဂျာမန်များ မဟုတ်၊ အာရပ် ၂-ဦး၊ တယောက်က မြေလှေကားထစ်များ အလယ်တွင် မော်ဆာသေနတ်ကို ဒူးပေါ်တင်လျက် ထိုင်နေသည်။ တဦးက၊ လှေကားရင်းတွင် ရပ်လျက်၊ သူ၏လက်ထဲတွင် လျူဂါသေနတ် ကိုင်ထားသည်။ သူ၏ မည်းညိုနေသောမျက်စိက သတိရှိနေကြောင်း ပြနေသည်။

ပီဘီသည် နာလှသဖြင့် ညည်းတွားနေသည်။

သူ့ဝမ်းထဲ၌ အစာရှိနေလျှင် ဤအစာများသည် ယခုအခါဝယ်၊ ကြမ်းပေါ်အန်ပြန့်ကျဲ အန်ထားပေတော့မည်။

အက်စ်အက်စ် အရာရှိသည် ဘာလက်နက်မှ မကိုင်ထား၊ ကြိမ်လုံးကလေး တချောင်းပင်မပါ၊ သူသည် အမြင်ကပ်စရာ ကောင်းလောက်အောင် ဟန်တွေပန်တွေနှင့် သူ့ဦးထုပ်ကိုချွတ်၊ လှေကားထစ်ပေါ်ဝယ် တင်ပြီးတော့.... ပီဘီရှိရာသို့ တလှမ်းချင်းလာကာ၊ စကားတလုံးမျှမပြောပဲ ပီဘီအား စွတ်ရိုက်တော့သည်။

နောက် ပီဘီအား၊ တကိုယ်လုံး ချွတ်ပြီး ရှာကြည့်သည်။ ယဉ်ကျေးသော မည်သည့်စစ်သားမဆို၊ ဤကဲ့သို့ ကိုယ်တုံးလုံး အချွတ်ခံရသည်ဟုဆိုပါက လူ့သိက္ခာမှ လျော့ကျခံရသည်။ အောက်တန်း ကျလှသည်ဟု ထင်မှတ်ကာ ရှက်၍မဆုံး၊ နာကျည်း၍မဆုံး ဖြစ်ဝတ်ကြသည်။ ပီဘီကမူ လက်ခတ္တကျကျ ကျင့်သုံးသူဖြစ်ရာ၊ သူ့တွင် မျှော်လင့်ချက်ထားသည်ထက်၊ ပို၍မဆိုးရွားသည်ကို တွေ့ရသဖြင့် ဘယ်လိုမှ မထိခိုက်၊ သူသည် လူလူချင်း တွေ့နေရသည်မဟုတ်၊ လူ့ထက် အောက်ကျမှုများကို တွေ့နေရသည်။ သူတို့တွင် 'သိက္ခာ'ဟူသည့် ဝေါဟာရမရှိ၊ ကြင်နာမှု၊ စာနာမှုဆိုသည်မှာ ဝေလာဝေး၊ ထို့ကြောင့် သူသည် သူတို့လုပ်သမျှ ငုံ့ခံနေလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်တွင် ကုန်းကုန်းကြီး ဖြစ်နေသော ပီဘီထံသို့ ဂျာမန် အက်စ်အက်စ် ဗိုလ်မှူးသည် လျှောက်လာပြန်သဖြင့် ပီဘီ၏ ရင်သားကို သူ၏ဘွတ်ဖိနပ်ဖြင့် တချက်ကန်လိုက်သည်။

အလွန်ကောင်းသော အင်္ဂလိပ်စကားသံဖြင့် အက်စ်အက်စ် အရာရှိ က ပြောလိုက်သည်။

"ဘယ်လိုကောင်မျိုးရဲ့စိတ်ဓာတ်ကို မဆို ဖြိုဖျက်လို့ရတယ်၊ ဒါပေမယ့်.... ဒါကသိပ်ပြီး အချိန်ယူရတယ်၊ ငါ့မှာအချိန်မရှိဘူး၊ ကော်ပရယ်.... အဲဒါကြောင့် မင်းရဲ့ခန္ဓာကိုယ်ကို ဖျက်ဆီးပစ်ရမယ်၊ မင်းကိုတော့ မသတ်ပစ်ပါဘူး၊ ခုလဲ မသတ်ပါဘူး၊ နောက်လဲ မသတ်ပါဘူး၊ အဲ.... မင်းက တော့၊ သတ်ပစ်လိုက်ဘာကမှ ကောင်းပါလိမ့်မယ်ဆိုပြီး၊ မင်းအသက် ရှင်နေသမျှ တစိမ့်စိမ့် ခံစားနေရလိမ့်မယ်"

ပီဘီသည် နောက်တကြိမ် လိမ်ဆဲ့မည်ကို စောင့်နေသည်။ သို့သော် မလာ။ အက်စ်အက်စ် အရာရှိက မေးပြန်သည်။

"မင်း.... အက်စ်အောအက်စ် တပ်က မဟုတ်လား"

ပီဘီက မဆိုင်းမတွပင်....

"ဟုတ်တယ်"

"ကောင်းတယ်၊ ကောင်းတယ်၊ ဒီလိုဖြေမှပေါ့၊ မင်းနဲ့အတူပါလာတာက ဘယ်အဆင့်ရှိသလဲ"

"ဗိုလ်မှူးကြီး ..."

လွယ်လွယ်ပင် သစ္စာဖောက်မိလေပြီ။

"မဟုတ်သေးပါဘူး.... ကော်ပရယ်၊ ဗြိတိသျှတွေဟာ ဘယ်တော့မှ ဗိုလ်မှူးကြီးအဆင့် ရှိတဲ့လူတွေကို ရှေ့တန်းမလွှတ်ပါဘူး...."

"နာမည်က ဟုမ်း၊ ခေတ္တ ဗိုလ်မှူးကြီးပဲ၊ ဒု-တပ်မှူး...."

"အား.... ဟုတ်ပြီ၊ ငါနားလည်ပြီ၊ ဝါဒီဝါဒ်က လာတာမဟုတ်လား...."

"ဟုတ်တယ်"

ဂျာမန်က သူ့လက်ကို ဖြုတ်လိုက်သည်။

ပီဘီသည် ဗိုက်ကိုရှုံ့လိုက်ပြီး နှိပ်ထားသည်။ သူ့ဟန်က ကောင်းလှသည်၊ နောက်.... တဖြည်းဖြည်း လေးဘက်ထောက် ကျသွားသည်။ အက်စ်အက်စ် အရာရှိက သူ၏ဖိနပ်ဦးဖြင့် ပီဘီ၏ပခုံးကို အသာအယာ တွန်းလိုက်ကာ၊ အထိုင်ခိုင်းလိုက်သည်။

နောက် ပီဘီရှေ့ဝယ် ဒူးထောက်လိုက်ပြီး....

"ဘယ်နှစ်ယောက်နဲ့ လာစီးကြတာလဲ"

"လူခြောက်ဆယ်...."

"ကားအသန့်နှစ်စင်းပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆယ်...."

"မင်းတို့က လှည့်ကင်းလား၊ သက်သက် လာတိုက်ကြတာလား"

"နှစ်မျိုးစလုံး ဆိုပါတော့...."

လက်အိတ်မည်း စွပ်ထားသည့်လက်သည် ပီဘီ၏ ပခုံးပေါ် ကျလာပြီး၊ လက်မက လည်မျိုကိုဖိညှစ်လိုက်သည်။

"ဘာပြောတယ်...."

"ဒီမှာ... တခုခုတော့ ရှိနေပြီလို့ ကျွန်တော်တို့ သိကြတယ်။ ဒါပေမယ့်.... ဘာမှန်းတော့ မသိကြဘူး၊ ဒါကို လာကြည့်ကြတာ၊ ကင်းသဘောထွက်လာကြတာပါ"

"မင်းတို့က ဘယ်ကသတင်းရလို့ လဲ...."

"ဒါကိုကျွန်တော်က ဘယ်လိုလုပ်သိနိုင်မလဲ...."

"ဘယ်တပ်ဖွဲ့က လာတာလဲ...."

ပီဘီက ပြောလိုက်သည်။

အက်စ်အက်စ် အရာရှိက ခေါင်းတညိတ်ညိတ်နှင့် ဆက်မေးနေသည်။ ရေဒီယို ဆက်သွယ်ပုံစနစ်၊ ဝါဒီဝါဒမ်ရှိ အက်စ် အေ အက်စ် အင် အား၊ အခြားတပ်ဖွဲ့များ ဘယ်မှာရောက်နေကြောင်း၊ (ဤအကြောင်းကိုတော့ ပီဘီက မသိဟု ငြင်းလိုက်သည်)၊ ထို့ပြင် အခြား အချက် အလက် များ၊ များသောအားဖြင့် အသေးအဖွဲ့များနှင့် မဆီမဆိုင် အကြောင်းအရာများသာ ဖြစ်သည်။

ပီဘီသည် လူကောင်းပကတိ ပြန်ဖြစ်နေပြီ၊ သူ့စိတ်ကိုသူ ထိန်းနိုင်နေပြီ။ အက်စ်အက်စ်များ သိပြီးဖြစ်နေမည့် အချက်များကိုသာ ဖြေကြားပြီး၊ များသောအားဖြင့် ကျန်မေးခွန်းများကိုမူ သူက ခေါင်းခါ၍လည်းကောင်း၊ သနားကရုဏာ သက်လာစေရန် ဟန်ဖြင့်.... "ကျွန် တော် က တပ်ကြပ်ကလေးပဲ၊ ဘယ်မှာ သိနိုင်မလဲ...."ဟု လည်း ကောင်း ပြန်လည်ဖြေသည်။ ဤသို့ ဖြေကြားသည်ကို ဂျာမန်က ယုံလေသလား၊ မယုံလေသလားတော့ သူမသိပြီ၊ သို့သော်.... မိနစ် ၄၀-ခန့် မေးမြန်းနေစဉ်၌မူ နောက်ထပ် ရိုက်နှက်ထိုးကြိတ်ခြင်း မပြုတော့။

သူတို့သည် ကာရယ်ဟုမ်းအား၊ လေ ယာဉ် ကွင်း အ နီး ရှိ တဲတခုခု အတွင်း၌ ထားရှိပေလိမ့်မည်။ ပီဘီအားထားရှိသည့် ဤ ရဲတိုက်ဟောင်းကြီး အတွင်း၌ ထားကြလိမ့်မဟုတ်၊ အကယ်၍သာ ဂျာမန်တို့၏ အာဖရိက တပ်ဖွဲ့မှ အရာရှိများအုပ်ချုပ်သည့် တနေရာဖြစ်ပါက၊ ကာနယ်ဟုမ်းအား ကောင်းမွန်စွာပင် ထားကြပေလိမ့်မည်။ သူ့အား နှိပ်စက်ညှဉ်းပန်းခြင်း ပြုကြမည်မဟုတ်၊ သို့သော်.... ယခုမူကား၊ ဤအက်စ်အက်စ် အရာရှိကလည်း ရှေ့ကနေ၊ သူတို့၏ လေယာဉ်ကွင်း လျှို့ဝှက်ရေးကလည်း အရေးကြီးလှသည် ဖြစ်ရကား၊ သူတို့သည် စစ်ထုံးစစ်နည်းကမ်းများကို ရှေးချိတ်ထားကြကာ၊

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဟုမ်းအားလည်း စစ်ဆေးမေးမြန်းနိုင်စက်ကြပေလိမ့်မည်။ ကာနယ်ဟုမ်းခမျာ လက်မောင်းမှာလည်း ဒဏ်ရာနှင့် စိတ်ဓာတ်ကျပြီး၊ များစွာပင်ပန်း နွမ်းနယ်နေရကား၊ သူတို့၏ဒဏ်ကို ခံနိုင်ရှာမည်မဟုတ်။

ပီဘီသည် ကာနယ်ဟုမ်းအတွက် တွေးပူမိယင်း၊ အက်စ်အက်စ် အရာရှိက ကာနယ်ဟုမ်းထံသွားရောက်ကာ၊ ကာနယ်ဟုမ်းနှင့်အတူ ပါလာသူ ကော်ပရယ်က မည်သို့မည်ပုံ၊ သစ္စာဖောက်လိုက်ပြီ ဖြစ်ကြောင်းဖြင့် ပြောဆိုပြီး၊ ကာနယ်ဟုမ်းအား မပြောပြောအောင် နှိပ်ကြမည်ကိုမြင်ယောင် နေမိသေးသည်။

အက်စ်အက်စ် အရာရှိက မေးပြန်သည်။

"မင်း.... မီးလ်ဘန်းဆိုတဲ့ လူအကြောင်း သိသလား...."

"ဒီနာမည် ကြားတောင် မကြားဖူးပါဘူး...."

ဒီကွန်နှင့် ကင်းဗဲလ် တို့သည် မီးလ်ဘန်း ဆိုသူထံမှ လက်နက်များ ဝယ်သည်၊ မီးလ်ဘန်းမှာ ဗိုလ်ကြီး ကာ့စ်တဲလ်မိန်း၏ မိတ်ဆွေတဦး ဖြစ်သည်ဟု ဒီကွန် ကပြောဖူးကြောင်း ပီဘီက အမှတ်ရသည်။

"အဲဒီလူက စစ်သားမဟုတ်ဘူး၊ အရပ်သားပဲ၊ ကိုင်ရိုမှာ နေတယ် လေ...."

"အရပ်သား ဘယ်သူ့ကိုမှ မသိပါဘူး၊ အထူးသဖြင့် ဒီ ကိုင်ရိုက ဘယ်သူ့ကိုမှ မသိပါဘူး...."

စစ်ဆေးမှုအချိန်သည် နှေးလာပါပြီ၊ သို့သော်... မေးလိုက်သည့် မေးခွန်းတိုင်းမှာ ချိန်ဆ၍မေးသည့် မေးခွန်းများဖြစ်သည်။ ဂျာမန် အက်စ်အက်စ် သည် ဖြေသမျှကို ပဟေဠိကွက်ကလေးများကို ဆက်ကြည့် နေသလို၊ စပ်စပ်တွေးယူနေသည်မှာ သိသာလှသည်။

ပီဘီအဖို့ နောက်ဆုံး ၄-၅ ခွန်းမှာ ဘာမှ အစိပ္ပာယ်မရှိဟု ထင်မိ သည်။

"မင်း.... ဒီဗိုင်တင်ဆိုတဲ့ ပြင်သစ်နဲ့အတူ လေယာဉ်ပျံစီးဖူးသလား"

"ဒီနာမည်ကိုလဲ.... တခါမှ မကြားဖူးပါဘူးဗျာ...."

ဂျာမန် အက်စ်အက်စ် က ပီဘီ၏မျက်နှာကို အတန်ကြာစိုက်ကြည့် ပြီး၊ အကဲခတ်နေသည်။

"လူမည်းမျိုး ဂျက်စလာ့ဆိုတဲ့လူနဲ့ ရော ရင်းနှီးမှာပေါ့...."

"လူမည်းတွေနဲ့ ဘယ်တော့မှ မပေါင်းဘူး....၊ တပ်ထဲမှာ လူမည်း တကောင်မှ မပါတာ၊ ဘုရားသခင်ကိုပဲ ကျေးဇူးတင်ရဦးမယ်"

ဂျာမန် အက်စ်အက်စ် သည် အတန်ကြာ ငြိမ်နေပြီးမှ....

"မင်း တို့တပ်သား နှစ်ယောက်ကို ဘာပြုလို့သတ်ရတာလဲ"

"ဒါ... ကျွန်တော့်အလုပ်ပဲ...."

"လည်ပင်းလှီးတာ မင်းအလုပ်လား...."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မလိုးယင်၊ သူတို့က လိုးမှာ"

"မင်းတို့ကို ဒီမနက် သင်္ကန္တာရထဲမှာ ဖမ်းမိတော့၊ မင်းက ဂျာမန်ပင်ဇာတပ်သား ယူနီဖောင်းဝတ်ထားတယ် မဟုတ်လား...."

"ဟုတ်တယ်....သဲကန္တာရထဲမှာ သိပ်အေးတယ်"

"မင်းဟာ စစ်သားမဟုတ်ဘူး၊ သူလျှိုပဲ"

ပီဘီက မျက်စိမှိတ်လိုက်သည်။ ဤအချက်သည် အနှေးနှင့် အမြန်လာလိမ့်မည်ဟု သူက တွက်ထားပြီး ဖြစ်သည်။

ပီဘီသည် နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်မိသည်။ သူ့နှုတ်ခမ်းတို့မှာ ကွဲနေပြီး သွေးတို့ဖြင့် ငန်ကျိကျိ ဖြစ်နေသည်။

ဂျာမန်သည် သူ၏ နံဘေးတွင် တင်ပြင်ခွေထိုင်နေရာ သူ့အားအလစ်ခုန်အုပ်ပြီး ဖျစ်ညှစ်သတ်လိုက်က ရနိုင်သည်ဟု ပီဘီက တွေးနေသည်။ လွယ်လှပါသည်။ လက်ချည်းသက်သက်ဖြင့် အသေ သတ်နိုင်သည်။ သို့သော် သူ့တွင် အရိုက်အနှက်ခံထားရသောကြောင့် အင်အားမည်မျှ ကုန်ခန်းနေသည်ကို မသိရသဖြင့် လျင်မြန်မှုနှင့် အင်အားက လိုက်နိုင်၊ မလိုက်နိုင် မမှန်းဆတတ်အောင် ဖြစ်နေသည်။ သူက ဤသို့ ထလုပ်လိုက်လျှင်လည်း သူ့အဖို့ နေရာတွင်ပင် ပွဲချင်းပြီးနိုင်ပါသည်။ သို့သော် သူက ဤခွေးသားကို အသေသတ်သွားချင်သေးသည်။ သတ်လိုက်ချင်သမှအလွန်အမင်းပင်။ လက်တဘက်က ပါးကို ကိုင်လိုက်၊ တဘက်က လည်မျိုကိုညှစ်၊ ခေါင်းကို လက်မောင်းနှင့်ညှပ်၊ နောက်လှန်ပြီး ဆတ်ကနဲ ဆွဲချိုးလိုက်၊ အက်စ်အက်စ် ကောင်၏ လည်ချောင်းရိုးသည် တချက်တည်းဖြင့် ကျိုးသွားမည်။ မိမိအားလည်း အာရပ်က ပစ်သတ်ပေမည်။

ပီဘီတွင် လက်စားချေလိုမှု စိတ်က ဆူပွက်နေသည်။ သူသည် ကြမ်းပြင်ကို စူးစိုက်ကာကြည့်နေရသည်။ နောက် သူက ပြောလိုက်သည်။

"ခင်ဗျားတို့ သိပါတယ်ဗျာ၊ ကျွန်တော်....သူလျှိုမဟုတ်မှန်း"

ဂျာမန်အက်စ်အက်စ်က ရယ်လိုက်သည်။

"ငါသိပါတယ်....ကော်ပရယ် ရယ်၊ ဒါပေမယ့်....ငါ မသိတာက မင်းက ဘာပြုလို့ မေးသမျှကို 'ဘူး' ခံ မနေပဲ ဖြေတာကိုပဲ ငါမသိတာပါ"

ပီဘီက မော့ကြည့်လိုက်သည်။

"ဘယ်လို...."

"ဗြိတိသျှတွေက အက်စ်အက်စ်တပ်ထဲမှာ သူရဲဘောကြောင်တဲ့ကောင် မပါဘူးလို့ တယ်ပြီး ကြွားကြတယ်ကွ"

"ဒါကတော့ဗျာ....သူရဲကောင်းဆိုပြီး အသေကောင် ဖြစ်မှာထက်အသက်ရှင်နေတဲ့ စစ်သားအဖြစ်နေရတာက ပိုမကောင်းဘူးလား၊ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ခင်ဗျားတို့က ကျွန်တော့်ဆီက မရအရ မေးကြမယ်၊ ကျွန်တော့်ဆီကမရလဲ ကာနယ်ဆီက ရအောင်လုပ်ကြမယ့်ဥစ္စာပဲဗျာ"

"အင်း....မင်း မဆိုးဘူး၊ လိမ္မာသားပဲ"

"ဟုတ်ကဲ့ဆိုပါတော့"

သူ့အခွင့်အရေးက လွန်သွားလေပြီ၊ ဂျာမန်သည် ထိုင်ရာမှ ထလိုက်သည်။ နောက် ပီဘီနှင့် ခပ်လှမ်းလှမ်းမှာ ရပ်နေသည်။

"ဒီကောင်....ငါ့ကို လှမ်းကန်ယင် ဒီကောင်တော့ အသေပဲ"

ဟု ဆိုကာ ပီဘီက စောင့်နေသည်။

သို့သော်၊ အက်စ်အက်စ် ဗိုလ်ချုပ်သည် သူလိုချင်ရာ ရသွားပေပြီ၊ သူက လေ့ကားရှိရာသွားပြီး လှေကားပေါ် တက်မည်အပြု လှည့်၍....၊

"မင်း....မနက်ဖြန် သုံ့ပန်း စခန်းကိုသွားဖို့ စစ်ကြောရေးတပ်ကို လေယာဉ်ပျံနဲ့ သွားရမယ်၊ ဂျာမနီရောက်တော့ ငါ့ရဲဘော် ဂဏ်စတာပို တွေနဲ့ တွေ့ပါလိမ့်မယ်ကွာ၊ အေး... ငါပြောလိုက်မယ်၊ သူတို့က တို့လို တော့ မဟုတ်ဘူး၊ ကြမ်းတယ်၊ သူတို့က မင်းတို့လို အထူး လေကြောင်း တပ်ဖွဲ့တွေကို သာမည တပ်သားတွေ မဟုတ်ဘူးလို့ ယူဆထားကြတာ ကိုးကွ"

ပီဘီက ဘာမျှ မပြောပဲ နှုတ်ပိတ်နေလိုက်သည်။

ဂျာမန်က ခေါင်းတချက် ညိတ်ပြီးနောက် လှေကားပေါ် တက်သွားသည်။ သူ့နောက်မှ ပစ္စတိုကိုင် အာရပ်တယောက် လိုက်ပါသွားလေသည်။ တဖန် ရိုင်ဖယ်ကိုင် အာရပ်ကပါ လှေကားပေါ်တက်သွားပြီး အပေါ်မှနေ၍ လှေကား အဖုံးတံခါးကို ပိတ်လိုက်သည်။ ပီဘီတယောက် တည်း မြေအောက် ခန်းတွင် ကျန်ရစ်ခဲ့သည်။ သူက နားစွင့်နေသည်။ အပေါ်မှ ခြေသံများ တစတစဖြင့် ဝေးဝေးသွားရာမှ နောက် လုံးဝ ပျောက်သွားသည်။

သူ ပြောလိုက်သမျှ အကြောင်းစုံကို ကိုင်ထားကာ ဂျာမန် အက်စ် အက်စ်သည် ကာနယ်ထံ သွားရောက် စစ်ပေဦးတော့မည်၊ သူသည် တကယ်ပင် သူ့ယုံကြည်ချက်အတိုင်း ပြောလိုက်ခြင်း ဖြစ်ပါ၍ သူ့ရဲကောင်း အသေကောင်ထက်၊ အသက်ရှင်နေသော စစ်သားအဖြစ်က ပိုကောင်း သည် မဟုတ်ပါလား။ သူသည် သူ၏တာဝန်၊ သူ၏ကတိကိုမမေ့၊ သူ သာ သေသွားခဲ့သော် ကာနယ်ဟုမ်းအား တပ်သို့ ဘယ်လိုလုပ်ပြီး ပြန် ရောက်အောင် ပို့နိုင်တော့မည်နည်း။ သူ ပို့နိုင်ဦးမှာတဲ့လား၊ တဖန် သူ သာ သဲကျင်းအတွင်း မြုပ်နှံ သင်္ဂြိုဟ်ခြင်း ခံလိုက်ရပါက ရန်သူတို့၏ အယ်လ်ဟာရောက်ဆီ၏ အခြေအနေကို တပ်သို့ ဘယ်လိုလုပ်ပြီး သတင်းပို့ နိုင်မည်နည်း၊ မဟုတ်ပေဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်များကြောင့် သူ ပြောမိသမျှသည် မှန်သည်ဟု ပီဘီက သဘောပိုက်လိုက်သည်။ သူ၏ သစ္စာဖောက်မှုကို ပီဘီက ရှုထောင့်တမျိုးမှ မြင်သည်။ သူ့ရှုထောင့်သည် တကယ် လိုအပ်ချက်၊ လက်တွေ့ကျသည့် အချက်ဟု သူက တွက်သည်။

သူက စောင့်နေအည်။

အချိန်သည် ညနေစောင်းခန့် ရှိပေလိမ့်မည်။

သူတို့နှစ်ယောက်အား အာရပ်များက နံနက် (၈) နာရီလောက် ဖမ်းမိပြီး အယ်လ်ဟာရောက်ဆီသို့ ကင်းထောက်ကားနှင့်ပင် သေနတ်တေ့ ပြီး ခေါ်ဆောင်လာခဲ့ကြသည်။ သည်ရောက်သော် ကာနယ်နှင့် သူ့ကို ခွဲထားလိုက်သည်။ အာရပ်ကြီးများက သူ့ကိုယ်ပေါ်မှ အဝတ်အစားများ ကို ချွတ်ယူသွားကြရာ အတွင်းခံ ဘောင်းဘီကလေးပင် ချန်မထားခဲ့၊ ထို့ နောက် သူ့ကို သုံး လေးနာရီခန့်ကြာအောင် ဘယ်သူက ဘာမှ လာ မမေးပဲ ပစ်ထားခဲ့ကြသည်။

မြေအောက်အခန်းဝယ် ဘာမျှမရှိ၊ နံရံများက ရွှံ့အုတ်နှင့် မြေကြီး သရိုးကိုင်ထားသည့် နံရံများဖြစ်ပြီး မြင့်မားလှသည်။ မြေကြီး လှေကား ထစ်က ခပ်ရွှေရွှေကလေး အပေါ်ထပ်တက်သွားကာ လှေကားထိပ်တွင် ကြီးမားလှသော သစ်သားတံခါးကြီးကို ပိတ်ထားသည်။ အပေါ်ထပ်တွင် အမိုးမရှိသော စကြံလမ်းများရှိပြီး စကြံတလျှောက် တွင် အခန်း များ ရှိလေသည်။ အချို့က နံရံများ ပြိုကျနေသဖြင့် စစ်တပ်ကို ဤမှာ ချမထားခြင်း ဖြစ်မည်ဟု ပီဘီက ယူဆသည်။ အချို့အခန်းများကို စတိုခန်းအဖြစ် ထားချင်လည်း ထားပေလိမ့်မည်။ ပီဘီသည် အခန်းထောင့်တွင် ကုပ်နေပြီး အချိန်မရွေး သေနတ်ဖြင့် ပစ်သတ်ခံရမည့်အချိန်ကိုသာ စောင့် နေမိသည်။

ယခုတော့ ပြီးသွားပါပြီ၊ သူလည်း လုပ်သင့်လုပ်ရာကို လုပ်ခဲ့ပြီး ပြီဟု ယူဆသည်။ သူကား ဤကဲ့သို့ကိုယ် ပြောဆိုမိလိုက်ခြင်းသည် သူ တဦးတည်းအတွက် ကာကွယ်ပြောဆိုခြင်း မဟုတ်၊ မျှော်လင့်စရာ ကင်း နေရှာသော ကာနယ်ဟုမ်း အတွက်ပါ ဖြစ်သည်ဟု သူက ယူဆထား သည်။

ဘယ်လိုနည်းနှင့် တွက်ရတွက်ရ ဤနေရာမှ လွတ်မြောက်အောင် ဘော့ သူ လုပ်ရပေတော့မည်။

တံခါးက တပေါက်တည်းရှိသည်။ ခိုင်ခံ့လှသော သစ်သားတံခါး၊ အခြား အပေါက်ဟူ၍ မရှိ၊ လေဝင်ပေါက်ကလေးမျှ မရှိ...။

အခန်းတွင်း၌လည်း ဘာဆို ဘာမျှမရှိ၊ ရေအိုးကလေး... ရှိပြီး ပန်းကန်ပြားကလေး တချပ်၊ ဇွန်းခက်ရင်းကလေး တ... သံကလေး တချောင်းမျှပင် မရှိ၊ သူ့မှာလည်း အဝတ်အစား မရှိ၊ ... ဖမွေး

www.burmeseclassic.com

www.burmeseclassic.com



တိုင်း အတိုင်းဖြစ်နေသည်။ တကိုယ်လုံးလည်း အရိုက်အနှက် အထု အထောင်း ခံထားရ၍ နာကျင်ကိုက်ခဲလှသည်။ ဝမ်းဗိုက်ကလည်း ဟာပြီး နာနေရာ သူ့မှာ ကုလားအုပ်အကန်ခံထားရသလိုပင်။

တကိုယ်လုံး တောင့်တင်းနေသည့် ကိုယ်ကို မနည်း အားယူထကာ လှေကားရှိရာသို့ ခုန်ဆွ ခုန်ဆွဖြင့် လာခဲ့သည်။ ကိုယ်ကို တရွတ်ဆွဲပြီး လှေကားပေါ် တက်ကြည့်သည်။ ပြီး....သစ်သား အဖုံးတံခါးကို နားဖြင့် ကပ်ပြီး ထောင်ကြည့်သည်။ ဘာသံမျှ မကြားရ၊ အခုရပ် တယောက် ယောက်က စောင့်နေကောင်းနေမည်၊ သို့မှမဟုတ် အစောင့်တယောက်မျှ မရှိပဲ နေချင်နေမည်။ ဘာပဲဖြစ်ဖြစ် ဗလာကျင်းနေသည့် ဤမြေအောက် အခန်းအတွင်း၌ သူက ဘာလုပ်နိုင်မည်နည်း။

ပီတီသည် လှေကားပေါ်မှ တရွတ်တိုက်ပင် ဆင်းလာခဲ့သည်။ သူသည် အခန်းထောင့်တွင် ထိုင်ချလိုက်ပြီး ရေအိုးထဲမှရေကို လက်ညှိုးဖြင့် စိမ်လိုက်ကာ လက်ညှိုးမှရေကို စုပ်သောက်နေမိသည်။ ရေက ဘယ်တုန်းက ထည့်ထားသည်မသိ၊ ပူပူနွေးနွေးပင် ရှိနေပြီ။

မီးရောင်က မှိန်လှသည်။ လေကမဝင်၊ နံရံများက ထူကဲပြီး ဖုန်ထ နေသည်။

သူ့အား မနက်ဖြန် ဂတ်စတာပိုစခန်းသို့ ပို့မည်တဲ့။ ဂတ်စတာပို များက သူ့အား အာချောင်သူ၊ သူတို့ဘက် ပါလာသူဟု သတ်မှတ်ကြ ပေတော့မည်။

ဘယ်က ဘယ်လို ရောက်လာသည် မသိ၊ ပီတီတွင် ကြောက်စိတ် က ဝင်လာသည်။ တကိုယ်လုံး ကြောက်စိတ်က လွှမ်းမိုးလာရာ ပီတီသည် သူ့မျက်နှာကို လက်ဖြင့် အုပ်ထားမိသည်။ သူကား မခံနိုင်တော့ပြီ၊ အကယ်၍ ဂတ်စတာပိုတို့က သူ့ကို မသတ်ဟုထား၊ သူတို့၏ အကျဉ်း ထောင်ထဲဝယ် စစ်ပြီးသည်အထိ သွတ်သွင်းထားကြပေလိမ့်မည်။ ထောင် ထဲတွင်ပင် သူသည် အိုမင်းရင့်ရော်လာပေလိမ့်မည်။ ဤသို့သာ ထောင်ထဲ တွင် နေနေရပါက သူ့အဖို့ သံကန္တာရအတွင်း ဂျစ်ကားဖြင့် လှည့်နိုင် ခြင်း ရှိတော့မည်မဟုတ်၊ သူ၏ လီးအင်ဖီးလ် သေနတ်ဖြင့် ဂျာမန်များ အား အရှာထွက်နိုင်တော့မည်လည်း မဟုတ်တော့၊ စစ်ပြီး၍ ထောင်မှ လွတ်လာသော် ကာနယ်ဟုမ်းကဲ့သို့ အိုမင်းမစွမ်း ဖြစ်နေပေတော့မည်။ သို့သော်... အဆိုးရွားဆုံးကား သူ့အား သစ္စာဖောက်သည်ဟု သတ်မှတ် ကြမည့် အရေးပင် ဖြစ်တော့သည်။

သူသည် ဤနေရာမှ မလွတ်နိုင်ခဲ့သော်၊ ကာနယ်အားလည်း မကယ် နိုင်ခဲ့သော် သူ့အား သူရဲဘောကြောင်သူ၊ သစ္စာဖောက်သူဟု တသက် လုံး အစေါ်ခံနေရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိမရှိတဲ့ကောင်၊ သစ္စာဖောက်၊ အာချောင်တဲ့အကောင်၊ ဘုရား ဘုရား....ဟို....ဂျာမန်ကောင်ကို ထပြီး လည်ပင်းညှစ်သတ်၊ ငါလဲ သေနတ် ပစ်ခံရပြီး သေသွားခဲ့လျှင် အကောင်းသား။

ဘာပဲဖြစ်ဖြစ် ဤအခန်းထဲမှ လွတ်အောင်လုပ်ရမည်၊ သူ့အသက် မသေစေရေးအတွက်သာမက သူ နာမည်ကောင်းကို ထိန်းသိမ်းထားရန် အတွက် ဤနေရာမှ လွတ်အောင်လုပ်မှပင် ဖြစ်တော့မည်။

သူသည် နံရံကိုမှီကာ နံရံကြီးနှင့်သစ်သား တံခါးကြီးကို မော့ ကြည့်မိသည်။

"နင့် ...ငရဲတွင်းပါလားဟ...." ဟု အသံထွက်အောင်ပင် ဆဲရေး တိုင်းထွာမိကာ စိတ်ပျက် လက်ပျက်ဖြင့် ခေါင်းငိုက်စိုက်ကျသွားသည်။

\+ \+ \+

ဖာဒီသည် လေယာဉ်ပျံကလေးကို အောက်သို့ တဖြည်းဖြည်းချင်း ချကာ ဆင်းသက်နေကြောင်း ဒီကွန်က သိလိုက်သည်။

လေယာဉ်မောင်း ပြင်သစ်သည် ဤဂရင်းအက် မဟာသဲကန္တာရ အတွင်းဝယ် ဘယ်နေရာမှာ ဘာရှိသည်၊ ဘယ်နေရာရောက်တော့ ဘာကို ကြည့်ရမည် စသဖြင့် ကျွမ်းကျင်နေပုံရသည်။ ဒီကွန်ကတွက်၍ ရသလောက် တွက်ကြည့်ရာ ၎င်းတို့သည် ဟာဆီမာတဲလ်လာ၏ အနောက်မြောက်ဘက် ၂၅-မိုင်ခန့်သို့ ရောက်ရှိနေသည်ဟု ခန့်မှန်းမိသည်။ နောက်တွင် ကြီးမား သော ဝေလငါးကြီးများ ပုံသဏ္ဍာန် သဲကုန်း အများအပြားကို တွေ့နေရ သည်။

လေယာဉ်ကလေးသည် ဝဲပတ်ကာ နိမ့်ဆင်းလာသည်။ ဘီးများက သဲများနှင့် မလွတ်တလွတ်အထိ ပျံသန်းနေရာမှ အောက်တွင် သဲကုန်းများ ပျောက်သွားပြီး မိုင်ပေါင်း မြောက်မြားစွာရှိမည့် ကျယ်ပြန့်ပြန့်ပြူးသော သဲပြင်ကြီးကို တွေ့လိုက်ရသဖြင့် ဒီကွန်မှာ အံ့ဩမိရသည်။

"တနေ့နေ့မှာ မုန်တိုင်းက ဒီနေရာတွေကို အကုန်ပြောင်းပစ်လိုက် လိမ့်မယ်ဗျ၊ ခုတော့....တော်သေးတာပေါ့ဗျာ၊ ဒီအတိုင်း ရှိနေသေးလို့"

ဖာဒီက လေယာဉ်ပျံကို မြေကြီးပေါ်သို့ ဆင်းယင်း အော်ပြော လိုက်သည်။

ကတ်စတဲလ်လက်တို လေယာဉ်ပျံကလေးသည် ချောမွေ့စွာ ပြေး သွားပြီး ရပ်လိုက်သည်။

ဖာဒီက နောက်သို့လှည့်၍ မေးသည်။

"ကျွန်တော် ဆင်းရမလား၊ ဒါမှမဟုတ် ခင်ဗျားတို့ ကျွန်တော့် ကို အကျဉ်းသားအဖြစ် ဖမ်းကြပြီလား... ခင်ဗျာ"

"ခင်ဗျား....ဆင်းပါ"

ဒီကွန်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွင်းဝယ် ဘာရောင်နင်ပစ္စတိုကို အသင့် ကိုင်ထားသည်။ သို့သော် သူသည် ဖာဒီပြောလိုက်သည့် စကားကို သဘောကျနေသည်။

သူတို့ လေးဦးသားသည် လေယာဉ်ပျံပေါ်မှ ဆင်းလာခဲ့ကြသည်။ ဖာဒီသည် သူ၏ လေယာဉ်ပျံကလေးကို လှည့်ပတ်ကာ ကျည်ဆန်ပေါက်များကို ကြည့်ရှုသည်။ လေယာဉ်ပျံမှာ အကြီးအကျယ် ဘာမျှမဖြစ်။

"ဒီမှာ ဘာပြုလို့ ဆင်းတာလဲ"

ဒီကွန်က မေးသည်။

"ခာတ်ဆိ"

ဖာဒီက ပြန်ဖြေသည်။

"ခာတ်ဆိကုန်ပြီလား"

"ကုန်ခါနီးပြီ၊ တခါတက်ရတယ်၊ တခါဆင်းရတယ်၊ မိုင် ၅၀ လောက် ပျံရတယ်ဆိုတော့ ဆီက သိပ် တွက်လို့မရတော့ဘူးဗျ"

"ဒီလိုဆိုသင် ဘာပြုလို့တင်ကာရက်ကို ပြန်မမောင်းတာလဲ"

"တင်ကာရက်မှာ .... ဘာရှိမလဲ၊ ဂျစ်တွေရှိမယ်၊ လက်နက်တွေ ရှိမယ်၊ ဒါပေမယ့် .. ကျုပ်တို့ရဲ့စစ်က ဒီမှာဗျ၊ ဒီတော့ ဒီမှာ နီးနီးနားနား နေဖို့ မကောင်းဘူးလား"

"ကျုပ်တို့စစ်ပွဲဟုတ်လား"

ဒီကွန်က မေးလိုက်ပြီး၊ ဆက်လက်၍....၊

"ကဲ....ဖာဒီ ခင်ဗျားနဲ့ ကျုပ်တို့ ဆွေးနွေးကြရအောင်ဗျာ၊ တော်တော်ကလေး လေးလေးနက်နက် ဆွေးနွေးကြရအောင်ပေါ့ဗျာ"

ဖာဒီသည် ပြုံးရယ်လျက် သူ၏ လက်များကို ဝှေ့ယမ်းပြီး၊ ကဲ.... မေးချင်ရာမေးတော့၊ သူတော့ ဘာမှ မတတ်နိုင်တော့သည့်ဟန်ကို ၎င်းတို့၏ ပြင်သစ်လူမျိုးများ၏ ဟန်ပန် အမူအရာ အပြည့်နှင့် လုပ်ပြနေရာ၊ ဒီကွန်က စိတ်မဝင်စားမိ။

"ကျုပ်တို့က မီးလ်ဘန်းအတွက် အလုပ် လုပ်ပေးနေတာ မဟုတ်ဘူးဗျ၊ မီးလ်ဘန်းကသာ ကျုပ်တို့အတွက် အလုပ်လုပ်ပေးနေတာ" ဟု သူက ပြောသည်။

"ဘယ်သူတွေလဲ.... ကျုပ်တို့ဆိုတာက...."

"အာဖရိက ဒီဂေါ စစ်တပ်ပါ"

ကက်စလာက ဝင်၍ ဖြေလေသည်။

"ကက်စလာ....မင်းက အင်္ဂလိပ် မဟုတ်ဘူးလား"

ကင်းဗဲလ်က မေးသည်ကို ကက်စလာက....

"ကျွန်တော်....အာဖရိကတိုက်သားပါ"

ဟု သူက ခပ်ကြွားကြွားကလေး ဖြေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ သိကြပါလိမ့်မယ်၊ ကျုပ်တို့ သိပ်နာတယ်ဗျာ...၊ ဗိုဂျီ ပြင်သစ် နိုင်ငံတော်ကို သစ္စာဖောက်သွားတဲ့ သစ္စာဖောက်တွေက မော်ရိုကိုတို့၊ အယ်ဂျီးရီးယားတို့ကို ရသွားတယ်၊ ဒါပေမယ့်.... ကျုပ်တို့ဘက်မှာလဲ လူကောင်းတွေ အများကြီး ရလိုက်ပါတယ်၊ ကျွန်တော်ဟာ ဘာခေါ်မလဲ....အေးဂျင့်၊ သူလျှိုဆိုပါတော့၊ နှစ်နှစ်ရှိပါပြီ၊ လုပ်နေတာ၊ ဒီနိုင်ငံဟာလဲ ကျုပ်နိုင်ငံ ဖြစ်ခဲ့ဖူးတာပဲ၊ မွန်ဆီယာမီးလ်ဘန်းဟာ ကျုပ်တို့ရဲ့ဘပည့်၊ လွတ်လပ်သော ပြင်သစ်အဖွဲ့ရဲ့ နောက်လိုက်၊ သူ့ကို ကျုပ်တို့ရဲ့ ဘက်တွေက ထောက်ပံ့နေတာဗျ"

"ခင်ဗျားရဲ့ အတိအကျ တာဝန်ကဘာလဲ"

ဒီကွန်က မေးသည်ကို ဖာဒီက....

"သူလျှို၊ ပို့ဆောင်ရေး၊ လိုအပ်ယင် ကွန်မင်ဒါပေါ့ဗျာ"

"ဟို....နဗီလ်ဆိုတဲ့ ကောင်လေးကကော"

"ကျုပ်တို့ရဲ့ တပ်သားတယောက်ပဲ"

ဒီကွန်သည် ခေတ္တမျှ ငြိမ်သက်ပြီးနောက် မေးလိုက်သည်။

"ခင်ဗျားတို့ ဒီ အယ်လ်ဟာရောက်ဆီမှာ ရန်သူ့ရဲ့ လျှို့ဝှက် လေယာဉ်ပျံကွင်း ရှိနေတဲ့အကြောင်း သိလျက်နဲ့ ဘာပြုလို့ ခင်ဗျားတို့လူတွေကို ခင်ဗျားတို့ မပြောရတာလဲ"

"ကျုပ်တို့လူတွေက အခြေမကျသေးဘူးဗျ ဗိုလ်ချုပ်ကြီးလီကလက်မှာဆိုယင် သူ့တပ်မှာ ပြင်သစ်က ငါးရာ၊ ကိုလိုနီ တပ်သားတွေက နှစ်ထောင် လောက်သာ ရှိတာဗျ၊ ပြီးတော့လဲ ဘာမှ ရှိတာမဟုတ်ဘူး၊လားတွေပေါ် ပစ္စည်းတွေတင်ပြီး သွားရလာရတာ၊ ကျွန်တော်တို့ ကိုယ်တိုင်က.ပဲ အယ်လ်ဟာရောက်ဆီမှာ ဘာတွေရှိတယ်ဆိုတာကို သိရတာ မဟုတ်ဘူး၊ ဒါ သိဖို့ကလဲ လိုသေးတယ် မဟုတ်လားဗျ"

"ဒါ....သိချင်တာနဲ့ ခင်ဗျားတို့က အက်စ်အေအက်စ်ဆီ သတင်းပေါက်အောင်လုပ်၊ တခါ ကျုပ်တို့ အက်စ်အေအက်စ်တွေက ခင်ဗျားတို့အတွက် ဝင်တိုက်ပေး ဟုတ်တယ် မဟုတ်လား"

"လိုအပ်လို့ လုပ်လိုက်တာပါဗျာ၊ ပြင်သစ်တွေကိုလဲ သိပ်ယုံကြည်ကြဘာ မဟုတ်ဘူး မဟုတ်လားခင်ဗျာ"

"ကျုပ်တို့မှာ ခင်ဗျားတို့ သိချင်တာကို လုပ်ပေးရလို့ တပ်တခုလုံးလဲ ပြုတ်ပြုတ်ပြုန်းကုန်ပြီလေ"

"ဝမ်းနည်းစရာပေါ့ဗျာ၊ ကျွန်တော်က ကာနယ်ဟုမ်းဟာ ဝင်စီးတဲ့အထိ မလုပ်ဘူးမှတ်တာဗျ"

"ဘာပဲဖြစ်ဖြစ်လေ၊ ဟို....အိုအေစစ်မှာ အာရပ်တွေက ဘာပြုလို့ကျုပ်တို့ကို ထိုင်စောင့်နေရတာလဲ"

ဟု ကင်းဗဲလ်က မေးရာ၊ ကက်စလာက...

www.burmeseclassic.com

www.burmeseclassic.com



"အော်တိုမက်စနာ ခေါ်လာခဲ့တဲ့ လူတွေပါ"

"ဘာလဲ... ဒီ အော်တိုမက်စနာဆိုတဲ့ အကောင်က"

"ကန္တာရ သူရဲပေါ့ဗျာ၊ နာမည်ကြီးပေါ့"

ဖာဒီက ပြောသည်၊ သူက ဆက်လက်၍....

"မီးလ်ဘန်းအတွက် သူးညှောင့်ခလုတ်ပေါ့ဗျာ၊ သူက မီးလ်ဘန်းရဲ့ ကုန်တွေကိုလဲ ခိုးတာပဲဗျ၊ သူက ဂျာမန်ကပြား၊ သူ့ ညီအစ်ကိုတော် တယောက် ဂျာမန် အက်စ်အက်စ်ထဲမှာ ရှိတယ်၊ အဲဒီ....အက်စ်အက်စ်က ဒီ မြောက်အာဖရိကဘက်ကို ရောက်နေတယ်ဗျ၊ ဒီလူ ဘာပြုလို့ ဒီကို ရောက်ရတာလဲ၊ ကျုပ်တို့လဲ မစဉ်းစားတတ်ဘူး၊ ခုတော့ ကောလာဟလ သတင်းတွေက မှန်သလို ဖြစ်နေတယ်ဗျ၊ ခင်ဗျားတို့ ကျုပ် ပြောတာ နားလည်ကြရဲ့လား"

"ဟင့်အင်း....သိပ်မရှင်းသေးဘူး၊ ဒါပေမယ့်....တခုနဲ့တခု ဆက်စပ် ကြည့်လို့တော့ ရသလိုပဲ"

ဒီကွန်က ပြောသည်တွင် ကက်စလာကဝင်၍....

"ဟုတ်တယ်၊ နုဗီလ်ကပြောတယ်....မက်စနာတဲ့"

"နုဗီလ်နဲ့ စကားပြောခဲ့ရသလား"

"သူမသေခင်ကလေးတင် ပြောသွားတာလေ"

"ဟာ....ဒါဖြင့်ဟုတ်ပြီ၊ ကြားတာတွေ မှန်နေပြီ"

ဟု ဖာဒီ ဒီဗွိုင်တင်က ပြောလိုက်သည်။

"လုပ်ကြစမ်းပါဦး၊ ဘာတွေမှန်နေတာလဲ"

ကင်းဖဲလ်က ဝင်မေးပြန်သည်။

ဖာဒီသည် ကက်စလာအား လှမ်း၍ကြည့်လိုက်ရာ၊ ကက်စလာက....

"ပြောလိုက်လေ"

ဟု ပြောလိုက်သည်။

ဤတွင် ဖာဒီသည် သူ၏ အတွင်းအိပ်ထဲက မြေပုံစာရွက်ကိုယူလိုက်ပြီး မြေပုံကို ဖြဲပေါ်၌ချ၍ ခင်းသည်၊ လေးဦးသား မြေပုံအနီး၌ ဝိုင်း၍ ဒူးထောက်ထိုင်လိုက်ကြသည်။ မြေပုံမှာ ရိုးရိုးမြေပုံမဟုတ်၊ ဖာဒီကိုယ်တိုင် နှစ်ပေါင်းများစွာ ပြုစုရေးဆွဲထားသည့် မြေပုံဖြစ်သည်။ မြေပုံပေါ်ဝယ် အမှတ်အသားများ ပြထားပြီး အသေးစိတ် ဖော်ပြထားသည့် မြေပုံပင်၊ ဖာဒီသည် မြေပုံကို လက်ဝါးဖြင့် ဖြန့်လိုက်သည်။

ဒီကွန်သည် မြေပုံပေါ်၌ ပြထားသည့် ကြားဖူးနားဝရှိသည့် နာမည်ကို လိုက်ဖတ်နေသည်။ တင်ကာရက်၊ ဟာဆီမာတဲလ်လာ၊ အယ်လ် ဟာရောက်ဆီ၊ နာမည်တခုကို သူ မကြားဖူးခဲ့၊ ထိုနာမည်ကို ဖာဒီက မင်နီဖြင့် သောင်ခတ်ပြထားသည်။ အမည်မှာ နုဗီတား ဖြစ်၏။ မြေပုံတွင် စကေးမပါ၊ သို့သော် ထိုမင်နီပြထားသည့် နေရာမှာ အယ်လ်ဟာရောက်

www.burmeseclassic.com

www.burmeseclassic.com



ဆီ၏ အရှေ့မြောက်ဘက် မိုင် ၃၀၀ ခန့် အကွာအဝေးတွင် ရှိပေလိမ့်မည်ဟု ဒီကွန်က ယူဆသည်။ ထို့ပြင် ဖာဒီသည် ထိုနေရာကို အယ်လ်ဟာရောက်ဆီဘက်မှ ရောက်ရှိနိုင်သည့်လမ်းကို သာမက ဟာဆီမာတဲလ်လာဘက်မှလည်း ရောက်နိုင်သည့်လမ်းကို အထင်အရှား ခဲဆွဲပြီး ပြထားသည်ကို တွေ့ကြရသည်။

"ဒီ....နဗ်တား ဆိုတဲ့ နေရာကို ဘာပြုလို့ ဒါလောက် အရေးတကြီး ပြထားရတာလဲ၊ ဘာရှိလို့လဲ"

ဟု ကင်းဇဲလ်က မေးသည်။

"ရထားလမ်းဆုံး နေရာပဲ၊ မဟာမိတ်တွေအဖို့ တူနီးရှားတပ်ဖွဲ့အတွက် လိုအပ်ချက် တချက်လဲဖြစ်တယ်၊ ပြီးတော့....ဂျေတပ်ဖွဲ့လာဆုံမယ့်နေရာလဲ ဖြစ်တယ်၊ ဂျေတပ်ဖွဲ့ဆိုတာက ဗိုလ်ချုပ်ကြီး ဂျောင်ရန် ဦးစီးတဲ့တပ်ပဲ၊ အင်မတန် လက်သံပြောင်တဲ့တပ်လို့ ပြောကြတဲ့တပ်ပဲ"

"တောင်ဘက် ချဒ်နိုင်ငံဘက်က လာမယ့်တပ်လို့ ကျုပ်....ထင်တယ်"

"မှန်တယ်၊ အဲ....နဗ်တားမှာ ဆုံကြမယ်၊ ပင်မတပ်တွေစုကြမယ့်နေရာရဲ့ တောင်ဘက်မှာပေါ့၊ အဲဒီကမှ ဟောဒီမှာကြည့်၊ ဒီဆောင်းဒါးဂတ် ဆိုတဲ့နေရာကို လျှို့ဝှက်ပြီး မီးရထားနဲ့တက်ကြမယ်"

"တပ်ကူတွေနဲ့ ရိက္ခာပို့တဲ့လမ်းကို ဖြတ်တောက်ဖို့ပဲ"

"ဟုတ်တယ်....ရှိသေးတယ်၊ ဆုတ်လာမယ့် ဂျာမန် အာဖရိကတပ်တွေကို ပိတ်ဆို့ဖို့လဲ ဖြစ်တယ်"

ဒီကွန်က ပြုံးလိုက်သည်၊ နောက် သူ ပြောလိုက်သည်။

"တကယ်ကောင်းတဲ့ မဟာဗျူဟာပဲ"

"ဟုတ်တယ်၊ ကောင်းတယ်၊ ဂျာမန် ထောက်လှမ်းရေးကလဲ ဒါကို အနံ့ရသွားတယ်"

"ဘယ်လိုလုပ်ရသွားတာလဲ"

ဖာဒီက ပခုံးကိုတွန့်လိုက်သည်။

"ဟာ....သတင်းပေးဆိုတာတွေက နေရာတကာမှာ ရှိတာကလား"

"အမှတ် ရှစ် တပ်မတော်ကြီးက နဗ်တားကို ကာကွယ်လို့ မရဘူးလား"

ဟု ကင်းဇဲလ်က မေးသည်ကို ဒီကွန်က....

"အလှမ်းဝေးလွန်းနေတယ်၊ တောင်ဘက် ကျလွန်းနေတယ်" ဟု ဖြေလိုက်လေသည်။

"ဟာ... ကျုပ်သိပြီ၊ ကျုပ်မြင်ပြီ၊ ဒီလိုဖြစ်မယ်၊ ခုနက ပြောတဲ့ အာရပ် ဂျာမန်ကောင် မက်စနာဆိုတဲ့ အကောင်က ခပ်မြန်မြန် လှုပ်ရှားနိုင်တဲ့ တပ်နဲ့ နဗ်တားကို ဝင်ချမယ်၊ ရထားလမ်းကို သိမ်းထားမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖာဒီတို့ရဲ့ 'ဂျေ'တပ်က ဝါဒီမှာ ပိတ်မိနေမယ်၊ အဲဒီမှာ အယ်လ်ဟာရောက် ဆီမှာ ရှိမယ့် လေယာဉ်ပျံတွေ ဘယ်လောက်ရှိမယ်တော့ မသိဘူးပေါ့၊ အဲဒီလေယာဉ်ပျံတွေက ယာဉ်တွေကော၊ လက်နက်တွေကော၊ လူတွေကော ကို အကုန်အပြုတ် လာဆော်မှာပဲ"

ဖာဒီက ခေါင်းညိတ်လိုက်ယင်း....

"ခု....အဲဒီပုံဖြစ်နေတယ်၊ ဆရာတို့ရယ်...."

"မက်စနာဟာ လှုပ်ရှားလာတာ အမှန်ပဲ၊ ပြီးတော့လဲ ပြင်သစ် တပ်တွေက နဗ်တားကို ကိုးရက် ဆယ်ရက်အတွင်း ခုလကုန်အထိပေါ့ လေ၊ မရောက်နိုင်သေးဘူးလို့ ကျွန်တော်တို့ ထင်တယ်"

ဟု ကက်စလာက ပြောသည်။

"ဒါပေမယ့်...."

ဒီကွန်၏ စကားမဆုံးမီမှာပင်....

"ဗိုလ်ချုပ်ကြီး ဂျောင်ရန်တပ်ကတော့ လေးဆယ့်ရှစ်နာရီ အတွင်း မှာပဲ နဗ်တားကို ရောက်လိမ့်မယ်"

ဟု ဖာဒီက ပြောလေသည်။

"မက်စနာ....အိုအေစစ်မှာတော့ မရှိဘူးထင်တယ်"

"ရှိပုံမရဘူး၊ သူက အယ်လ်ဟာရောက်ဆီကိုသွားပြီး ဂျာမန်တွေနဲ့ တိုက်ရမယ့်အချိန်ကို သွားဆွေးနွေးမှာပေါ့၊ အဲဒီကနေပြီးနဗ်တားကိုသွားဖို့ သူ့မှာ အချိန်တွေ အများကြီး ရနိုင်တာပဲ၊ မက်စနာက ကြမ်းတယ် ဆရာတို့၊ ကျုပ်တို့ အိုအေစစ်မှာ တွေ့ခဲ့ပြီးပြီ မဟုတ်လား၊ သူ့ လူတွေကို နှစ်အုပ်ခွဲပြီး အဲဒီကို လွှတ်လိုက်ပုံရတယ်ဗျ"

"ဒီလိုလဲ ဖြစ်နိုင်တယ်လေ၊ ဘယ်လိုလဲဆိုတော့ အက်စ်အေအက်စ်က ဝင်တိုက်တာနဲ့ အယ်လ်ဟာရောက်ဆီကိုတော့ မဟာမိတ်တပ်တွေ ထိုးစစ် ဆင်တော့မယ်လို့ သူတို့ထင်ချင်ထင်မယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ အက်စ် အေအက်စ်တွေ ဝင်တိုက်တာက ကြုံလို့၊ ခရီးသွားယင်းဟန်လွှဲ တိုက်တာ ဟုတ်ချင်မှ ဟုတ်မယ်၊ ရှေ့ပြေး ဝင်တိုက်တာလို့ တွက်ချင် တွက်ကြ မှာကိုး...."

ဟု ဒီကွန်က သူ့အထင်ကို ပြောရာ ဖာဒီက....

"သူတို့ ဖမ်းမိတဲ့ ခင်ဗျားတို့ အက်စ်အေအက်စ် သို့ပန်းတွေက ဖွင့် မပြောယင်တော့ အဲဒီလို ထင်နိုင်တာပေါ့လေ"

ဟု ပြောလေသည်။

ဤနေရာ၌ ဒီကွန်နှင့် ကင်းဗဲလ်တို့သည် သူတို့၏ ရဲဘော်တို့ဘက်မှ ဝင်ရောက် ခုခံပြောဆိုခြင်းမရှိကြပဲ အသာငြိမ်နေကြသည်။ သူတို့က သိကြ ပါသည်။ မည်မျှလောက်မာသည့် စစ်သားဖြစ်ပါစေ၊ ကြာရှည် လေးမြင့်

www.burmeseclassic.com

www.burmeseclassic.com



စွာ နှိပ်စက်ခြင်းခံရပါက ပွင့်အံတတ်သည်ကို သူတို့ သဘောပေါက်ကြသည်။

ယခုတိုက်ပွဲတွင်လည်း အက်စ်အေအက်စ်များမှာ သုံ့ပန်းအဖြစ် အဖမ်းခံကြရပေမည်။ သည်အထဲတွင် ကာ့စ်တဲလ်မိန်းနှင့် ကာနယ်တို့ပါ ပါဝင်ကြမည်ဟု တွက်မိထားကြသည်။

'ကောင်းပြီလေ၊ ဒီမယ်....ဖာဒီ ကျုပ်က ရိုးရိုးသားသားပဲ မေးတဲ့ မေးခွန်းကို ခင်ဗျားကလဲ ရိုးရိုးသားသား မှန်မှန်ကန်ကန်ပဲဖြေပါ ဟုတ်လား၊ ကျုပ်နဲ့ကင်းဇဲလ်တို့ ခုလို ပိုက်ဆံအကုန်အကျခံပြီး လေယာဉ်ပျံနဲ့ ညာပြီး ခေါ်လာရအောင် ခင်ဗျားမှာ ဘာအကျိုးထူးမှာမို့လဲ၊ ဖြေစမ်းပါ''

''ခင်ဗျားတို့ ရဲဘော်တွေကို လိုက်ရှာရအောင်လို့ပါ''

''တော်....''

ကင်းဇဲလ်က ထအော်လိုက်သည်။

''ဟုတ်ပါတယ်၊ အမှန်ကိုပြောတာပါ၊ ခင်ဗျားတို့ရဲ့ ရဲဘော်တွေ လိုက်ရှာယင်း လွတ်ထွက်လာမယ့်ရဲဘော်တွေရှိလို့၊ သူတို့နဲ့တွေ့မယ်ဆိုယင် သူတို့ဆီက အယ်လ်ဟာရောက်ဆီရဲ့သတင်းစုံကို ရမယ်''

''ပြီးတော့ကော''

''ခင်ဗျားတို့ကိုယ်တိုင်လဲ မြင်စေချင်လို့ပါပဲ''

''ပြီးတော့...''

''ဂျေ တပ်ကြီးရှိရာကိုသွားကြမယ်''

''ဟာ.... သိပ်အကြံပိုင်ပါကလား၊ တယ်ကောင်းတယ်ကောင်း'' ဟု ကင်းဇဲလ်က ရွှဲ့၍ပြောပြန်သည်။

''ကဲ ... နောက်ဆုံး မေးခွန်းတခု၊ ကျုပ်တို့ အခု ရန်သူ့ရဲ့ နယ်မြေထဲမှာ သောင်တင်နေပြီ၊ အနီးဆုံးမဟာမိတ်တပ်နဲ့ဆိုယာ မိုင်လေးရာလောက်ဝေးတဲ့နေရာ၊ ဂျာမန်လေယာဉ်ကွင်းနဲ့ဆိုတော့ မိုင်လေးဆယ်လောက် ဝေးမယ်၊ ကျုပ်တို့လာခဲ့တဲ့ အိုအေစစ်နဲ့က မိုင်သုံးဆယ်လောက်လှမ်းမယ်၊ အဲဒီအိုအေစစ်မှာ အာရပ်တွေက တပြုံတခေါင်းကြီး၊ အဲ.... ကျုပ်တို့မှာက ဂျစ်ကားလဲ မရှိ၊ ဓာတ်ဆီလဲ ဗလာ၊ ရေဆိုတာက နည်းနည်းလေး၊ အဲ ... ဒီတော့ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ ဖြေပါ''

''ကျုပ်လဲ မသိတော့ဘူး''

''အဲ.... ကျုပ်သိတယ် ဖာဒီ၊ ကျုပ်တို့ ခု ဘာလုပ်ရမလဲဆိုတော့ အိုအေစစ်ကို အရသိမ်းရမယ်''

''ကျုပ်တို့ လေးယောက်တည်းနဲ့''

''ဟုတ်တယ်၊ လေးယောက်တည်းနဲ့ပဲ''

''ဘုရား.... ဘုရား၊ ဘယ်လိုလုပ်ဖြစ်နိုင်မလဲဗျာ''

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တဲ့နည်းလမ်းလဲ ကျုပ်သိတယ်လို့ ထင်တယ်၊ ဒါပေမယ့် သူငယ်ချင်းဖာဒီ ၊ ကိုယ့်လူကတော့ အဲဒီ နည်းလမ်းကို နည်းနည်းကလေးမှ ကြိုက်မယ်မဟုတ်ဘူး"

\+ + +

အချိန်ကား ညရောက်လုလုအချိန်။ ပီဘီ၏ကိုယ်ပေါ်မှ ချွေးများက ခြောက်စပြုနေပြီ၊ ပီဘီမှာ တုန်၍ချမ်းလာသည်။ သူသည် လှေကားထိပ်သို့ နှစ်ခေါက် ရောက်ခဲ့ပြီးပြီ။ သူ့တကိုယ်လုံး တောင့်တင်း နာကျင်နေလျက် လှေကားထိပ်အထိတက်ကာ သစ်သား တံခါးရွက်ကြီးကို နားဖြင့်ကပ်ပြီး ထောင်ကြည့်သည်။ ဘာသံမှတော့မကြားရ။

အကယ်၍ အပေါ်တွင် အစောင့်ရှိပါက ထိုအစောင့်သည် တောင့်တောင့်ကြီး မလှုပ်မယှက်ရပ်နေမည့် အာရပ်အစောင့်သာ ဖြစ်ချိမ့်မည်။ ဂျာမန်စစ်သား အစောင့်ဖြစ်ပါမူ လမ်းလျှောက်၍နေမည်။ အာရပ်ကဲ့သို့ အချိန်ကြာမြင့်စွာ တနေရာတည်း ရပ်၍တော့နေမည်မဟုတ်။

မိနစ်များသည် နာရီများဖြစ်လာသည်။ ပီဘီသည် သူ၏ နယ်မြေဖြစ်သော အခန်းထောင့်ဝယ် ပက်လက်လှဲနေသည်။ သူ၏ အနီးမှာတော့ ရေတကောင်း။

သူသည် သူ၏စိတ်က အလွန်အမင်းညစ်ညူးနေခိုက် ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နေသော သူ၏ခန္ဓာကိုယ်ကို လျှော့နိုင်သမျှလျှော့ကာ အနားပေးထားသည်။ သူသည် သက်သာရာ သက်သာကြောင်းဖြစ်ရန် သူ့ကိုယ်သူ လိမ်ညာကြည့်မိသည်။ အဘယ်သို့နည်းဟူမူ မိမိတို့၏ တိုက်ပွဲအကြောင်းကို မိမိတို့ဌာနချုပ်မှ လူကြီးများ သိသည်။ သူတို့က စီစဉ်ပြီးလွှတ်လိုက်ခြင်းဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုလှည့်စားပြီး ထင်ကြည့်မိသည်။ စင်စစ် ဤသို့ကား မဟုတ်ချေ။ သူတို့ အက်စ်အေအက်စ် တပ်ဖွဲ့သည် သူတို့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် လုပ်ပိုင်ခွင့် ရှိသည်။ ဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ ဥပမာ — ထွန်ရှိုက်ကဲ့သို့သော လူများက ရက်ပေါင်းများစွာ ကြာမှ သူတို့အကြောင်းကို သိကြမည်။ သည်တော့မှ ရှာဖွေရေးတွေ၊ ကယ်ဆယ်ရေးတွေ လုပ်ကြမည်။ ထိုအချိန်တွင် ဖြစ်ချင်ရာတွေ ဖြစ်ပြီးရှော့မည်။ ကံကောင်းပါက သူသည် သုံ့ပန်းစခန်းတွင် အကျဉ်းကျနေပေမည်။ အယ်လ်ဟာရောက်ဆီမှ လေယာဉ်များလည်း သူတို့ ရည်မှန်းချက်ရှိသမျှ ပြုလုပ်ပြီးကြရော့မည်။ သည်တော့မှ အယ်လ်ဟာရောက်ဆီတွင် ဘာတွေဖြစ်ခဲ့သည်ကို အတိအကျ သိကြမည်။ ထိုမှ နောက်သော်.... ယင်း အယ်လ်ဟာရောက်ဆီအကြောင်းကို အက်စ်အေအက်စ်တို့၏ အရှုံးပွဲဟုသတ်မှတ်ကာ ဖိုင်တွဲပြီး ချောင်ထိုးထား ပေရော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်းဗဲလ်နှင့် ဂျက်ဖ်တို့နှစ်ဦး ကိုင်ရိုမှ ဝါဒီဒမ်သို့ ပြန်ရောက်ပြီး မိမိတို့ဘယ်ကိုသွား၍ ဘယ်ရောက်နေကြသနည်းဟု ပူညံ့ပူညံ လုပ်ကာ၊ မေးမြန်းစုံစမ်းကြမည် ဆိုပါကလည်း၊ အချိန်များစွာ နှောင်းချေတော့မည်။ ပီဘီတွင် သူ့အပေါ်၌ တစုံတခုစီရင်ချက်မချမီ သူ့အဖို့ ၁၂-နာရီမှ ၁၄-နာရီခန့်သာ အချိန်ရတော့သည်။

ယခုပင်ကြည့်....၊ သူ့ထံသို့ စားစရာဘာမှမပို့၊ အစောင့်တယောက်တလေမှ လာရောက်ကြည့်ရှုခြင်း မရှိ၊ သူ့အဖို့ လွတ်စရာလမ်းစ တခုမျှမပေးကြ၊ တကာယ်ကိုပင် ရက်စက်ကြမ်းကြုတ်လှသည့် အစီအမံပါတကား၊ ဤကဲ့သို့ လုပ်ပုံမျိုးကို အမေရိကန်ရုပ်ရှင်များမှ ဇာတ်လိုက် ဂျော့ရပ် တို့၊ ဂျိမ်းကက်ကနီ တို့၊ အဲရိုးဖလင် တို့ပါသော ရုပ်ရှင်ဇာတ်ကားများတွင်သာ မြင်ဖူးတွေ့ဖူးရသည်။

သူ့တွင် ရေတကောင်းကြီးအတွင်း၌ ရေဂါလံဝက်ခန့် ရှိသည်။ သူ၏ ခန္ဓာကိုယ်အတွင်း ရေဓာတ် ရှိမှရှိသေးရဲ့လားဟု စမ်းသပ်ရပေမည်။ ကြည့်ရမည်၊ ကျောက်ကပ်က အလုပ်မှလုပ်သေးရဲ့လား၊ ဆီး များပါက သွေးသွည် နည်းသွားမည်လား၊ ဆီးစစ်စစ်မှ ထွက်ပါဦးမလား။

တုန်တုန်ယင်ယင်ဖြင့်ပင် ပီဘီသည် ရေတကောင်းအတွင်းမှ ရေကို မကြာခဏ မော့၍မော့၍ သောက်သည်။ သူသည် နောက်တကြိမ် မော့သောက်မည်အပြု ထိုအသံကို ကြားလိုက်ရသည်။

မော်တာဂျင်နရေတာ မြည်သံ၊ ပထမစက်နှိုးသံ၊ နောက် စက်လည်သံ၊ နောက် ရေစုပ်တင်နေသည့် အသံ....။

ပီဘီသည် ရေတကောင်းကို ချလိုက်မိပြီး နားစွင့်နေမိသည်။

သူသည် ဗိုလ်ကြီး တိုဘီကာ့စ်တဲလ်မိန်း၏ ပြောစကားကို ပြေး၍ သတိရလိုက်မိသည်။ ကာ့စ်တဲလ်မိန်းနှင့် သူသည် လမ်းတွင် ပျင်းပျင်းရှိသည်နှင့် စကားစမြည် ပြောလာကြသည်။ စကားစမြည် ပြောလာကြသည် ဆိုသော်သည်း ကာ့စ်တဲလ်မိန်းကသာ အများဆုံးပြောခဲ့သည်။ ကာ့စ်တဲလ်မိန်းက မြောက်အာဖရိက၏သမိုင်းကို ပြောပြရာ၌ ရောမသားများ သဲကန္တာရအတွင်း ရောက်ရှိလာကြပုံ၊ အယ်လ်ဟာရောက်ဆီ ခံတပ်ကြီးတွင် သူတို့၏ ကုန်စည်များထားရှိကာ၊ အာရပ်များနှင့် အရောင်းအဝယ် လုပ်ကြပုံ၊ အာရပ်များထံမှ ကျွန်များ၊ ရွှေ၊ ဆင်စွယ်၊ ဟင်းမွှေးမဆလာနှင့် ဆပ်ကပ်အဖွဲ့များတွင်အသုံးပြုရန် တောရိုင်းတိရစ္ဆာန်များ ဝယ်ယူကြပုံများ ကို ပြောပြသည်။ ကာ့စ်တဲလ်မိန်းက အယ်လ်ဟာရောက်ဆီ အကြောင်းကို ပြောသေးသည်။ ဘယ်လိုပြောပါလိမ့်....၊ ပီဘီက ဖျစ်ညှစ်စဉ်းစားသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ထောင်ပေါင်းများစွာက၊ ဤအယ်လ်ဟာရောက်ဆီသည် ရောမပြည်သားတို့၏ နယ်ခြားခံတပ်ဖြစ်ခဲ့ပုံ၊ အာရပ်များ ထိုဒေသသို့ ရောက်ရှိမလာမီကပင် ရောမများရောက်ရှိနေပုံ၊ သည်ပြင် ကာ့စ်တဲလ်မိန်းက

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ နောက်ထပ်လည်း ပြောပါသေးသည်၊ ပြောကို ပြောသေးသည်။ ဘာပါလိမ့်.... ဘာပါလိမ့်။

မော်တာဂျင်နရေတာ မြည်သံ၊ ရေကို စုပ်တင်သံတို့က ပို၍ ကျယ်လာသည်။

ကာ့စ်တဲလ်မိန်းက ပြောသေးသည်၊ ပြောသေးသည်။ စဉ်းစားစမ်း....၊ စဉ်းစားစမ်း။

ဟုတ်ပြီ....၊ ဟုတ်ပြီ။ သတိရပြီ....၊ ကာ့စ်တဲလ်မိန်းက ပြောသည်။ အယ်လ်ဟာရောက်ဆီ ခံတပ်ကြီး၏ ရေတွင်းများအကြောင်း၊ အယ်လ်ဟာရောက်ဆီ ခံတပ်ထည်ရှိနေသည်ကို မည်သူမျှမသိမီပင်၊ ဂျာမန်ရှေးဟောင်းသုတေသနပညာရှင်များက စတင်သိရှိခဲ့ကြကြောင်း၊ ၁၉၂၀-ခုနှစ်အတွင်းက ၎င်းတို့သည် ဤနေရာသို့ လာရောက်တူးဖော် ကြည့်ကြသည်တွင် ဤခံတပ်ကြီးနှင့် ရေတွင်းများ တူးထားကြပုံကို တွေ့ရှိခဲ့ကြကြောင်း....။

ဤသို့ သတိရလိုက်သည်နှင့် ပီတီ၏ခေါင်းထဲတွင် ရေတံခွန်မှ ရေသွန်ကျလာသလို ကာ့စ်တဲလ်မိန်း ပြောသမျှအားလုံး ပြန်၍ပေါ်လာလေတော့သည်။ ဗိုလ်ကြီး ကာ့စ်တဲလ်မိန်းက ဘူမိဗေဒပညာနှင့် သမိုင်းပညာကို ရောမွှေ၍ပြောကြားခဲ့ခြင်းဖြစ်ရာ၊ သူပြောသမျှ ယခု ပြန်မှတ်မိလာသည်။

ရေတွင်းများသည် အဝီစိတွင်းများမဟုတ်၊ ဘာပါလိမ့်။ သြော်.... သိပြီ၊ သိပြီ....၊ သဲလွှာထပ်များအောက် ကျောက်တုံးကျောက်ကြားများအတွင်း စုစုဆောင်းဆောင်းဖြစ်နေသော မြေအောက်ရေအိုင်ကြီးအတွင်းမှ ရယူကြခြင်းဖြစ်သတဲ့....။ ထိုရေမှာ မြေကြီးအောက်ပေပေါင်း မြောက်မြားစွာ နက်ရှိုင်းသည့် ကျောက်ကြိုကျောက်ကြားတွင်းမှ ထွက်လာရသဖြင့် အေးမြလှသတဲ့....။

ပီတီသည် ရုတ်တရက် ဒူးထောက်ထိုင်လိုက်ရာ၊ ရေတကောင်း အတွင်းမှ ရေကိုပင် ငုံ့ကြည့်လိုက်မိပေသည်။ ရေသံများသည် သူ့အောက်မှသာမက၊ သူ့နံဘေး နံရံအတွင်းမှလည်း ကြားနေရသည်။ ဂျာမန်များသည် သဲလွှာအောက်မှ ကျောက်စမ်းရေအိုင်မှ ရေများကို စက်ဖြင့် စုပ်တင်နေကြခြင်း ဖြစ်သည်။ ထိုရေကြောင်းကို ရာစုနှစ်ပေါင်း များစွာကြာအောင် မည်သူမျှမသိခဲ့ကြ။ ဂျာမန်ရှေးဟောင်း သုတေသနပညာရှင်များသာ သိရှိခဲ့ပြီး၊ ယခုအသုံးချနေခြင်း ဖြစ်သည်။ ရှေးက ရောမများကား၊ လက်မှုပညာမြောက်သူများ ဖြစ်သည်။ ဤမြေအောက်ရေအိုင်ကို ကျောက်တုံး၊ ကျောက်ခဲများဖြင့် ကျောက် ရေလှောင်ကန်သဖွယ်ဖြစ်အောင် လုပ်ဆောင်ခဲ့ကြပေမည်။ ဤသည်ကို ဂျာမန်များက တွေ့ရှိထားကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံး၊ ကျောက်လွှာကြားမှ စမ်းရေ....။

စုပ်တင်ခြင်း ခံရသည့် ထိုရေသံမှာ တိုးညင်း သိမ်မွေ့ လှသည်။ ကွန်ကရစ်ပေါ်ဝယ် သဲမှုန့်ကလေးများကျနေသလို၊ ဓာတ်ငွေ့ပိုက်မှ ဓာတ်ငွေ့များ ပေါက်ကာထွက်နေသလို အသံ....။

ပြီးတော့.... သူ့ရဲ့ခြေထောက်အောက်မှာ....။

ပီဘီသည် သိပ္ပံပညာ အခြေခံမျှလောက်တော့ သိပါသေးသည်။ သူက ရှေးရောမအင်ဂျင်နီယာများ ပြုလုပ်ခဲ့ကြမည့်နည်းကို စဉ်းစားကြည့်မိသည်။ သူတို့သည် မြေအောက်တွင်း မြောင်းများ ဖောက်ကြမည်။ ထိုမြောင်းများ၊ သို့မဟုတ် ပိုက်လိုင်းများသည် တခုပေါ်တခု ဆင့်လျက် အထပ်ထပ်ဖြစ်နေမည်။ ထိုမြောင်းများကတဖန် ရေကန်အတွင်းမှ ရေမြင့်လာသည့်အချိန်တွင် ဖိအားဖြင့် မြောင်းများအတွင်း ရေများစီးဆင်းပေလိမ့်မည်။ ထိုရေများသည် အပြင်မှတဖန် ကျောက်ရေလှောင်ကန်အစောင်း စီးဝင်သွားမည်။ ထို ကျောက်ရေလှောင်ကန်အတွင်းရှိ လှောင်ထား ပြီး ရေကိုမှတဖန် အပေါ်မှနေပြီး လိုသလို စုပ်တင်ကြမည်။ သူတို့ ဆောက်သည့် မြောင်းများသည်လည်းကောင်း၊ ရေလှောင်ကန်သည်လည်းကောင်း၊ သဲများဝင်နိုင်ခြင်း မရှိစေရန် ထူထူထဲထဲ၊ ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်ကြရပေမည်။ ပီဘီက ဤကဲ့သို့ပင် စဉ်းစားမိသည်။

ဤသို့ဖြစ်လျှင် ထိုမြောင်းများသည် ဘယ်နေရာမှာရှိနိုင်သနည်း....၊ အဘယ်ကြောင့် သူသည် ရေသံများကို သဲသဲကွဲကွဲ ကြားနေရသနည်း....။

ပီဘီသည် ဒူးထောက်ထိုင်လျက်သားနှင့် လေးဘက်ထောက်ကာ၊ မြေကြီးကိုကပ်ပြီး နားထောင်သည်။ သူ့ကိုကြည့်ရသည်မှ လူနီလမ်းပြ လမ်းရှာနေသည်နှင့်ပင် တူသေးတော့သည်။ မိမိစိတ်က ထင်နေခြင်းလား၊ အကယ်မှ ဟုတ်ရဲ့လား၊ ဘာပဲဖြစ်ဖြစ် ဤ မြေအောက်အချုပ်ခန်းတခုလုံး နေရာအနှံ့ လိုက်ရှာပါက၊ သဲလွန်စ တွေ့ရမည်ဟု သူက ထင်ထားသည်။

သူသည် မတ်တတ် ထ ရပ်လိုက်ပြန်သည်။ ပြီး.... လူရိုင်းများ စစ်ခေါ်သံ အက က,သလို ဟိုနေရာ၊ သည်နေရာ၊ မြေကြီးပေါ် ခြေဆောင့်နင်းကြည့်သည်။ ရှာသည်၊ မြေကြီးကို အတင်းကပ်ပြီး နားထောင်သည်။ ကြာသော်.... သူ၏နားရွက်များပင် နာလာသည်။ သူ၏ နှလုံးခုန်သံနှင့်အတူ ဂျင်နရေတာ အသံကမူ ပျောက်မသွား၊ မှန်မှန်ပင် လည်ပတ်သံ ကြားနေရသည်။ ဤစခန်းကြီးတခုလုံး ရေအလုံအလောက်ရရန် တကြိမ်ရေတင်လျှင် မည်မျှကြာသနည်း။ ရေစုပ်စက်၏ ပမာဏနှင့် အင်အားပေါ်တွင် တည်ပေလိမ့်မည်။ ထိုအချိန်သည် ဆောင်းရာသီကုန်ဆုံးပြီဖြစ်၍ မြေအောက် ရေလှောင်ကန်နှင့် ရေကတော့အပြည့် ရှိနေပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မြေမာပေါ်ဝယ် စက်အရှိန်ကြောင့် မြေကြီးတုန်ခါမှုကို ထိတွေ့နေရသည်မှာ ကြာမြင့်လာသော်၊ ဘယ်နေရာတွင် တုန်ခါမှုမရှိ၊ ဘယ်နေရာတွင် တုန်ခါမှုရှိသည်ဟု ပီဘီ၏ခြေဖဝါးများက သိလာသည်။ ထို့ကြောင့် တုန်ခါမှုများသည့် နေရာတွင်သာမပြီး၊ ခြေဖနောင့်ဖြင့် ပေါက်၍ပေါက်၍ ကြည့်သည်။ တွေ့ပါပြီ၊ သဲ့သဲ့ကလေးမျှသာ၊ တန်ပြန်ပဲ့တင်ရိုက်တက်လာသည့် ဂလိုင်သံ၊ သို့မဟုတ် လိုဏ်ခေါင်းသံ....။

သူ၏ တွေးခေါ်ဆင်ခြင်မှုသည် လျင်မြန်လာသည်၊ သူ ထင်သလို ဖြစ်နိုင်၏။ မဖြစ်နိုင်သည်မသိ၊ ရှေးက.... သူကံကောင်းနေကျအတိုင်းသာ ဖြစ်ပါစေဟုသာ အသေအလဲ မျှော်လင့်မိသည်။

မှန်နေပြီ၊ ရှေးက ရောမလူမျိုးတို့သည် မြေအောက်ရေမြောင်းများ ဘည်ဆောက်ခဲ့ကြသည်။ သေချာပြီ၊ ထိုမြေအောက် ရေမြောင်းများကို မြေအောက်သို့ဆင်း၍ စစ်ဆေးရန် မြေတွင်းဆင်းအပေါက်များ ဖောက်ခဲ့ကြသည်။ ထိုအပေါက်များကို လေဟာပြင်သဲပြင်ပေါ်၌မထား၊ သဲကန္တာရပြင်ပတွင် ဘာမဆိုဖြစ်တတ်၍ မိုးလုံလေလုံ ခိုင်ခံ့ထူထဲသော ခံတပ်ကြီးအတွင်း အနိမ့်ဆုံး၊ အနက်ဆုံးဖြစ်သည့် မြေအောက်အခန်း အတွင်း၌သာ ထားရှိခဲ့ကြသည်။ သို့မှ.... နှစ်ရှည်လများ မပျက် မစီး ရှိနေမည် မဟုတ်ပါလား။

ပီဘီသည် သူ့ခြေဖဝါးများအောက်တွင် အေးမြစွာတသွင်သွင် စီးဆင်းနေသည့် ရေစီးချောင်း၏ အရှိန်ကိုပင် ခံစားထိတွေ့နေရသည်ဟုပင် ထင်မိသည်။ သို့သော် ... ဤရေမြောင်းသည် မြေအောက်မည်မျှအနက်တွင် ရှိသနည်း....၊ ထိုထက် ထိုရေမြောင်းအထဲဆင်းရန် အပေါက်ရှိသလား....၊ ရှိလျှင် ယင်းအပေါက်ကို ဘယ်မှာရှာရမည်နည်း....။

ပီဘီသည် ရေတကောင်းကို ကလေးချီသကဲ့သို့ သူ့လက်ထဲတွင် ပွေ့လိုက်ကာ တင်ပြင်ခွေထိုင်ချလိုက်လေသည်။ ထို့နောက် ရေတကောင်းအဝကို ငဲ့ကာ မြေကြမ်းပြင်ပေါ်သို့ အသာအယာ လောင်းချလိုက်သည်။ မြေမာကြမ်းပြင် အချို့နေရာများ၌ စွတ်စိုထိုင်းမှိုင်းနေ၍ အညိုကွက်ကြီးများ ပေါ်နေသည်။ အခန်းမှာ မှောင်နေပြီး၊ ယင်ကောင်များလည်း မျက်နှာကြက်ထောင့်များ၌ ခိုကပ်နေကြပြီ၊ လေ့ကားထိပ်အပေါက်မှလည်း ဘာသံမျှမကြားရ၊ အလင်းရောင်လည်း မလာ။

ရေတကောင်းမှ ရေသည် မြေကြီးပေါ်၌ နိမ့်ရာသို့ အသာအယာ စီးဆင်းနေသည်၊ ပီဘီက ရေစီးကြောင်းကလေးကို မျက်တောင်မခတ် လိုက်ကြည့်နေသည်။ ပီဘီသည် ရေတကောင်းကို မထောင်သေးပဲ၊ အသာအယာ ရေများကို လောင်းချလျက်ပင် ရှိနေသည်။ ရေမှာ တဝက်ခန့်ကုန် သွားပြီ၊ ရေစီးကြောင်းသည်စီးဆင်းနေဆဲဖြစ်ပြီး လမ်းတလျှောက်ရှိ ဖုန် ပုံးများသည် ရွှံ့မြောင်းများဖြစ်ကာ၊ ရေစီးကြောင်းနောက် လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိကြသည်။ ပီဘီ၏ အကြောအချင်များက တောင့်တင်းနေပြီး၊ စိတ်လှုပ်ရှားကာ ရင်တထိတ်ထိတ် ဖြစ်နေသည်။ ရေများများ ထပ်သွန်၍ လိုက်ပြန်သည်။ ရေစီးကြောင်းကလေးက မြောင်းကလေးသဖွယ် ဖြစ်လာသည်။ ပီဘီသည် ရေတကောင်းကို ဘေးသို့ချလိုက်ပြီး၊ ရေမြောင်းကလေးအတွင်း လက်ဖြင့်လိုက်စမ်းသည်။ ရေမြောင်းကလေးမှာ လေးငါးလက်မခန့် အနက်ရှိပြီး၊ ရေအနက်အတွင်း သူ့လက်ချောင်းကလေးများက အသာအယာ လိုက်၍စမ်းနေရာ၊ တနေရာတွင် ရေအိုင်ကလေးသဖွယ် ရေများဝဲလည်ပြီး၊ ရေအိုင်ကလေးတခု ဖြစ်နေသည်ကို တွေ့ရသည်။ ပီဘီသည် အသက်ပင် မရှူရဲ၊ ထိုရေအိုင်ကလေးအတွင်း လက်နှင့်နှိုက်ကြည့်ရာ မြေမာကိုသာ စမ်းမိနေသည်။

ပီဘီက ထပ်၍ ရေလောင်းချလိုက်ပြန်သည်။ ထို ရေ စီး ကြောင်းကလေးသည် အပြေးကလေး စီးဆင်းသွားကာ၊ ထို ရေ ကွက် က လေး အတွင်းရောက်သော်၊ ရေများ အောက်သို့စီးဆင်း ကျသွားပြီး၊ ပျောက်ကွယ်သွားတော့သည်။

ပီဘီ၏ ကံကား ကောင်းနေဆဲပါတကား....။

သူသည် ရေကွက်ကလေးအတွင်း လက်ညှိုး ထိုးသွင်းလိုက်သည်။ အပေါက်ကလေးဖြစ်နေကာ ထောင့် စွန်း များ ကို ထိတွေ့မိသည်။ ရေတကောင်းကို ဆွဲယူလိုက်ပြီး၊ ရေလောင်းထည့်လိုက်ပြန်သည်။ နောက်.... သူက နားစိုက်ထောင်ကြည့်သည်။ ခဏကြာသော်.... ရေ ကွက် အ တွင်း ဝင်ရောက်ပျောက်ကွယ်သွားသော ရေများ တောက်လျှောက်ကျသွားသံကို ခပ်သဲ့သဲ့ကြားလိုက်ရပြီး 'ဖြန်းကနဲ....' အောက်ခြေကိုကျသွား၍ ထိုသံကို ခပ်သဲ့ သဲ့ ကြားလိုက်ရသည်။

ပီဘီတွင် ကြောက်စိတ် ဝင်လာသည်။ သူ ဘာ လုပ် နေ သည်ကို အစောင့်များက တွေ့သွားမှဖြင့်ဟူသော အတွေးဝင်လာကာ၊ သူ့ ရည်မှန်းချက် မအောင်မြင်မီ မိမည်စိုးသည့်စိတ်က သူ့ ကို ဖိ စီး လာ သည်။ ညိုညိုဝိုင်းဝိုင်းကြီး ရေပွက်မှာ အစောင့်၏ မီးအိမ်မီးရောင်တွင် ထင်ထင်ရှားရှားဖြစ်နေမည်။ သူ့တွင် လုပ်စရာ ကျန်နေသေးသည်။ အလျင်အမြန် လုပ်ရန်လည်း လိုသည်။ သူ့တွင် ဘာလက်နက်ပစ္စည်းမျှ မရှိ၊ လက်နက်ပစ္စည်းလိုသည်။

သူသည် ရေတကောင်းကို လက်နှစ်ဘက်ဖြင့်ကိုင်ပြီး နံရံကို ဆောင့်ကြည့်သည်။ နောက်တကြိမ် ခပ်ဆတ်ဆတ်ကလေး ဆောင့်လိုက်ရာ ရေတကောင်းမှာ အက်သွားသည်။ အက်သွားသော ရေတကောင်းမှ အသာအယာ ဖဲ့ယူလိုက်သော် လှပသောမပေါက်ပြားကလေးတ ရွက် ရသည်။ သူသည် ထိုရေတကောင်းတခြမ်းပဲ့ကို အရင်းမှလက်ဖြင့် ဆုပ်ကိုင်ပြီး ရေပွက်ကလေးကို ချဲ့ပြီး တူးတော့သည်။ ထွက်လာသော မြေများကို ဘေး

www.burmeseclassic.com

www.burmeseclassic.com



သို့ ယက်ထုတ်ရာ သူ့ကိုကြည့်ရသည်မှာ မြေကြီးတွင် မြှုပ်ထားသော အမဲရိုးကို ကမူးရှူးထိုး ယက်ယူနေသော ခွေးတကောင်နှင့်ပင် တူလှတော့သည်။

သူသည် တရစပ်တူးနေရာ လက်ချောင်းကလေးများ၊ ပြီးတော့လက်ကောက်ဝတ်၊ နောက်တွင် လက်ဖျံ တခုလုံး ဝင်နိုင်သော အပေါက် ဖြစ်လာတော့သည်။

ထိုအပေါက်ကို လက်ဝင်နိုင်သမျှ ဝင်အောင် ထိုးသွင်း၍ စမ်းလိုက်သော် သူထင်သလို ကျောက်ပြားအဖုံးမဟုတ်၊ သစ်သားအဖုံးဖြစ်နေသည်ကို တွေ့ရသည်။ သံလွင်သားဖြစ်ပေလိမ့်မည်။ နှစ်နှစ်ထောင်ကျော် သစ်သားဖြစ်ရာ သံမဏိပြားကဲ့သို့ မာကျောလှသည်။ ဂျာမန်တို့သည် အဘယ်ကြောင့် ဤမြေအောက်ခန်းကို သည်အတိုင်း ပစ်ထားခဲ့ကြသနည်း။ အဘယ်ကြောင့် မြေလှန်မရှာပဲ ထားခဲ့ကြသနည်း။ ဘာပဲဖြစ်ဖြစ် ယခုမှတော့ ဤကိစ္စကို တွေးနေစရာမလို၊ အရေးကြီး ပြီ၊ သူကသာ ရှာဖွေခဲ့၍ ယခုအူလိုချင်သည်ကို တွေ့နေရပြီ မဟုတ်လား။ ဤသည်သာ အရေးကြီးသည် မဟုတ်ပါလား။ ရှေးက ရောမ လူမျိုးများ၊ သူတို့၏ ပိသုကာများ၊ အင်ဂျင်နီယာများအား ကျေးဇူးတင်စရာပင်။ သူတို့အား ဘုရားသခင်က စောင့်ရှောက်တော်မူပါစေ။ ပီဘီ သည် ရေတကောင်းတခြမ်းပဲ့ဖြင့် အရှူးအမူး ထိုးနှက်တူးဆွပြန်သည်။ မိနစ် ၂၀ - ခန့်ကြာသော် သစ်သားအဖုံးမှာ အထင်အရှား ပေါ်လာတော့သည်။ မြေစမြေန ရှုံ့ခဲများကို ဖယ်ရှားကာ အဖုံး၏ အစွန်းကိုရှာရာ တွေ့သည်။ နပမ်းသမားတဦး ဖင်ချထိုင်သကဲ့သို့ ခြေနှစ်ဘက်ဆန့်တန်းကာ ဖင်ချထိုင်ပြီး လက်နှစ်ဘက်ဖြင့် အဖုံးအစွန်း ၂ - ဘက်ကို ကိုင်ကာ ဆွဲမကြည့်၏၊ တုတ်တုတ်မျှမလှုပ်။

အီဂျစ်ပြည်ရှိ ပိရမစ်ကြီးတခုကို မသကဲ့သို့ ဖြစ်နေသည်။

ပီဘီ သည် နောက်လှန်၍ဆွဲရာ၌ အား ပို၍ရှိရန် တွင်းဝထိပ်သို့ တိုးနိုင်သမျှတိုးပြီး တအားဆွဲကြည့်ပြန်သည်။

အဖုံးမှ ရုတ်တရက် လေအိ၍ထွက်လာသည့်အလား ရှူးကနဲ မြည်သွားသံကို ကြားလိုက်ရ၏။ တဆက်တည်း အောက်ခြေမှ စိုထိုင်းထိုင်းအနံ့အသက်ကို ရှူရှိုက်လိုက်ရပြီး ရေစီးသံကိုပါ ကြားလိုက်ရလေသည်။

သေးသေးကွေးကွေးရှိသူ ပီဘီ သည် ဂလက်မခန့် အပေါက်ကလေးဟရုံ ဟာသွားသော် သူသည် ထိုအပေါက်မှ သူ့ခန္ဓာကလေးကို လျှိုသွင်းသွားနိုင်မည်ဟု ခန့်မှန်းမိသည်။ သူသည် အဖုံးကိုတဖန် မကြည့်ပြန်သည်၊ အဖုံးက နောက်ထပ်လှုပ်မလာ။ မြဲခိုင်လှချေသည်။

ပီဘီ သည် အိုးခြမ်း ပဲ့ကို ကိုင်ပြန်ကာ အဖုံး၏နံဘေးကို တူးဆွပြန်သည်။ ထိုအချိန်မှာပင် လှေကားထိပ်မှ တံခါးမြည်သံလိုလို ကြားလိုက်ရသည်။ သာမန်လူဆိုပါက ကြောက်လန့်ပြီး ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေချေမည်၊ ပီဘီ ကား ဤသို့မဟုတ်၊ သူ၏ ဇဝနဉာဏ်ကား လျှင်လှသည်။ သူသည် အိုးခြမ်းပဲ့ကို ဗိုက်အောက်သွင်းကာ သူတူးထားသော တွင်းဝနှင့် ရွှံ့ခဲများအပေါ် လေးဘက်ထောက်၍ နေလိုက်သည်။

လှေကား တံခါးပွင့်လာသည်။

လှေကားခြေရင်းရှိ ပီဘီ က လေးဘက်ထောက်နေလျက်က အစောင့် ကိုင်၍လာသည့် မီးအိမ်မှမီးရောင်ကို မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ကြည့်လိုက်သည်။ မီးရောင်က ဖျော့တော့လှသည်။ သူ၏ ကိုယ်ပေါ်သို့ပင်ကောင်းစွာမရောက်။ ပီဘီက တွင်းကိုကွယ်ကာ ဒူးထောက်လိုက်သည်။

"စားစရာ ယူခဲ့သလား"

ဟု သူက ညည်းညည်းတွားတွား အသံကလေးဖြင့် မေးလိုက်သည်။

အစောင့်ကား လူမည်းတည်း၊ သူ၏ ပါးစပ်မှာ ငရုတ်သီးအနီတောင့် ၂-ခြမ်းကို ကိုက်လာသကဲ့သို့ ရဲရဲနီနေ၏။ မျက်လုံး ၂-လုံးမှာလည်း ဆီတွင်စိမ်လာသကဲ့သို့ တောက်ပြောင်နေသည်။ သူသည် ခြုံထည်အညို ကြားကြီးကို ဝတ်ရုံထားကာ လည်ပင်းတွင်လည်း အဝတ်ဖြင့် ရစ်ပတ်ထားသည်။ လက်တဘက်တွင် မော်ဆာရိုင်ဖယ်ကို ကိုင်လျက် သူသည် လှေကား ၂-ထစ်ခန့် ဆင်းလာပြီး ပီဘီ အား စူးစိုက်ကြည့်နေသည်။

"စားစရာ ပေးပါ၊ သနားသဖြင့် စားစရာပေးပါဗျာ"

ပီဘီက သနားစဖွယ် အစာတောင်းသည်။

လှေကားပေါ်မှ လူမည်း၏နောက်တွင် အာရပ်တယောက် ပါလာသေးသည်။ သူက မီးအိမ်တခုကို ကိုင်လာသည်။

ပီဘီ သည် လှေကားထိပ်အထိ ဒူးထောက်လျက် တိုးလာပြီး အစာပေးပါဟု တောင်းပြန်သည်။

အစောင့်သည် ပီဘီ အား တချက်ကြည့်လိုက်ပြီး လှေကားပေါ်ပြန်တက်သွားကာ လှေကားထိပ်မှ တံခါးကိုပိတ်လိုက်သည်။ မီးအိမ်ပါသူနှင့် တပါတည်း ယူသွားသည်။

ပီဘီ သည် အော်ဟစ်ပြီး လှေကားပေါ် ပြေးတက်သည်။ နောက် တံခါးကို ထုသည်။ ။ အော်သည်။

အပေါ်တွင် ခြေသံများ ကြားရပြီးနောက် ပျောက်သွားသည်။ မီးရောင်ပါ ပျောက်သွားသည်။ နောက် အားလုံးငြိမ်သက်သွားပြန်သည်။

ပီဘီ သည် လှေကားပေါ်မှ လျောဆင်းခဲ့သည်။ အာရပ်အစောင့်များကား သွားကြပြီ၊ ထိုသူတို့ကား မိမိဘက်ပေါက်ကဲရှာနေသည်ကို မည်သည့်နည်းနှင့်မျှ တွေ့မိကြမည်မဟုတ်။ မိမိရှာနေသည့် သွက်ပေါက်ကား ချောက်ကဲ့ ... အကျဉ်းစခန်းမှလွတ်မြောက်ရာလွတ်မြောက်ကြောင်း ထွက်ပေါက်ပင်။ ထိုအစောင့်တို့သည် မိမိအား နှက်ဖြန့်နှက် လေယာဉ်ပျံ

www.burmeseclassic.com

www.burmeseclassic.com



များ လာသည်အထိ ဤစခန်းထဲတွင် စိတ်ချလက်ချပစ်၍ ထားကြပြီး အခြားအလုပ်များကို လုပ်ကြပေမည်။

ပီတီ တွင် အစောင့်များလက်မှ သီသီကလေး လွတ်လာသဖြင့် အား အင်သစ်များ တိုးလာသည်ဟုပဲ ထင်မိသည်။ သူသည် လေးထောင့်သစ် သားအဖုံးကို တွင်းဝတွင် ဒူးထောက်ထိုင်ကာ မပြန်သည်။

တဖြည်းဖြည်း တစတစဖြင့် သစ်သားအဖုံးသည် တကျွိကျွိ ညည်း တွားမြည်ကာ ဟ၍ဟ၍ လာတော့သည်။ သူကလည်း တဖြည်းဖြည်းချင်း အားစိုက်ပြီး ဆွဲ၍ဆွဲ၍မရာ နောက်ဆုံးတွင် လိုင်းထိုင်း မှိုင်းမှိုင်း အောက်မှ လေက သူ့ထံ ဘဟုန်ထိုး တက်လာကာ အဖုံးပွင့်သွားလေတော့သည်။

ရှစ်လက်မ အဖုံးက ပွင့်သွားချေပြီ။ ပီတီ သည် ကြာရှည်ဆိုင်းမနေ အဖုံးပွင့်လျှင်ပင် နောက်ပြန်ဆင်းတော့သည်။ ခြေထောက်များကို ဦးစွာ ချလိုက်သည်။ ဒူးဖြင့်အဝကိုခဏထောက်ထားပြီးနောက် ကိုယ်လုံး၊ နောက် ပခုံး၊ နောက်တော့ လက်မောင်းနှင့်ခေါင်းကို ချလိုက်သည်။

ဤတလက်မချင်း အသာအယာ လျှောဆင်းခဲ့ရာ တွင်းသည်မည်မျှ အနက်ရှိမှန်းလည်း မသိရ၊ တဖန်အောက်တွင် ရေစီးချောင်းက မည်မျှအား သန်သည်ကိုလည်း မခန့်မှန်းနိုင်ပဲ သတိဖြင့် ဆင်းလာခဲ့သည်။ ခြေမဖြင့်ဆင်း ၍ ခြေထောက်ချရမည့်နေရာထို ခြေထောက်မြှုပ်ဆို့မှ လက်ဖြင့်ခိုင်ခံ့သည့် နံရံမှ အကြိုအကြားကို ထိုးသွင်း၊ တဖန်အောက်သို့လျှောဆင်း၊ ခြေထောက် လက်က တွယ်စရာရှာ စသည်ဖြင့် ဆင်းလာခဲ့ရာ အပေါ်မှ အပေါက်ကလေး သည် ကျဉ်းသည်ထက်ကျဉ်းလာရာ နောက်ဆုံးတွင် ထိုလေးထောင့်အပေါက် ကလေးမှ ပို့စကတ်အရွယ်မျှသာ ရှိတော့သည်။ တွင်းမှာလည်း အောက်မှ ရေခိုးရေငွေ့ကြောင့် ဖြစ်မည်၊ စိုစိုစွတ်စွတ် ဖြစ်လာသည်ကို တွေ့ရသည်။

တွင်းမှာ ၁၅ - ပေခန့်သာ နက်မည်ဟု ပီတီ က ခန့်မှန်းသည်၊ တွင်း ၏အဆုံးတွင် ဘေးတဘက်တချက်ဝယ် ကျောက်တုံးများစီထားသည့် ရေ မြောင်းကို တွေ့ရသည်။ ရေမြောင်းမှာ ၃ - ပေခန့်အနက်ရှိပြီး ရေမြောင်း အတွင်း၌ ၄ - လက်မခန့် ရေများစီးဆင်းလျက်ရှိသည်ကို တွေ့ရသည်။

ပီတီ သည် ရေစီးအတွင်း လေးဘက်ထောက် တွားသွားပြီး နောက် တွင်မူ ဝမ်းလျားမှောက်လိုက်ကာ မိကျောင်းသွား - တွားကာ ရေလှောင် ကန်ရှိရာသို့ ရေစီးဖြင့် အသာအယာ လိုက်ပါလာခဲ့သည်။

အဘန်ငယ်သွားမိသော် ရေများများလာသည်။ တစတစဖြင့် ရေက နက်လာသည်။ ပထမ ခြေသလုံးခန့်၊ နောက်ရင်ဘတ်အထိ၊ ထိုမှလည်းပင်း နောက် တကိုယ်လုံးမြုပ်သည်အထိ ရေနက်လာရာ ပီတီ က ကိုယ်ကိုဖော့၍ လိုက်ပါလာခဲ့သည်။ ရေမြောင်းသည် တဖြည်းဖြည်းချင်း ကျဉ်းလာပြီး နောက် ရှဘ်ဘရက် ပိုင် ရေလှောင်ကန်ကြီးအတွင်း ရောက်လာခဲ့သည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ဂျာမန်များက အပေါ်ကနေပြီး ထိုရေလှောင်ကန်ကြီးအတွင်းမှ ရေများကို စက်ဖြင့်စုတ်တင်နေဆဲပင်။

\+ \+ \+

ဘွတ်ရှ်သည် လေယာဉ်ဆင်းလာစဉ် အိုအေစစ်ကို မတွေ့ရ။ လေယာဉ်ပျံပေါ်မှ တော်မီသေနတ်၊ ခဲယမ်းမီးကျောက်နှင့် ကျောပိုးအိတ်များကို အလျင်ပစ်ချလိုက်ပြီးနောက် လူက လေယာဉ်ပေါ်မှ အောက် သဲပြင်ပေါ်သို့ လိမ့်ချလိုက်ရသည်။ ဘွရှ် ကင်းဗဲလ်သည် လေယာဉ်ပျံကလေး၏ အရှိန်သည် ဤမျှပြင်းလိမ့်မည်ဟုမထင်။ ရင်းကို ဘင်းနိုင်အောင် မြေပေါ်တွင် ရှုပ်ရှုပ်ပျံသန်းပေးသော ကက်စတလ်ယက်တို့၏ အရှိန်ကပြင်းလှရာ ကင်းဗဲလ်မှာ ခွေးကျကျခဲ့သည်။ သဲများက သူ့နံဘေးတွင် ဖွာကနဲ ဖြစ်သွားသည်။ သူ့တွင်မူးနောက်နောက် ဖြစ်နေယင်းပင် သူ၏ ပစ္စည်းများကိုလိုက်လံကောက်ကာ လေယာဉ်ပျံကလေးကို ကြည့်လိုက်ရာ ကြီးမား၍ အရုပ်ဆိုးလှသော ငှက်ဘီလူးကြီးတကောင် အတောင်ဖြန့်ဝဲသွားသည့်နှယ် သဲကန္တာရ မြေပြင်မှ အထက်ပေ ၂၀ ခန့်အကွာမှ တရှိန်ထိုးပျံတက်သွားသည်ကို မြင်ရသည်။ ကင်းဗဲလ်က အတောင်ပံကလေးများ လှုပ်ယမ်းပြသွားဦးမည်လားဟု စောင့်ကြည့် နေမိသေးသည်။

ဟက်စီမာတွဲလ်လာ သည် အဝေးတွင် လဲလျောင်းလျက် ရှိသည်။ နို့နှစ်ရောင် လရောင်အောက်ဝယ် စွန်ပလွန်ပင်များ၊ ရွက်ဖျင်တဲကလေးများနှင့် မီးဖိုချောင်မှ မီးခိုးကဲလေးတွေ တလူလူနှင့် ကဗျာဆန်သော အမျိုးသမီး ရေဆေးပန်းချီဆရာမ ဆွဲထားသော ပန်းချီကားချပ်နှင့်ပင် တူပေသေးတော့သည်။

လေယာဉ်ပျံကလေးက ထိုပန်းချီကားပေါ်မှ ပျံဝဲသွားသည်။ လေယာဉ်ပျံကဘဖန် တပတ်ကျော့ပြန်အလှည့်လာတွင် ဒီကွန်က မိမိနည်းတူ လေယာဉ်ပေါ်မှ လိမ့်ဆင်းကျလာသည်ကို တွေ့ရသည်။ ဒီကွန် ပြီးတော့ ကက်စလာ၊ ကက်စလာသည် တော်မီဂန်းကတဘက်၊ ကျောပိုးအိတ်ကြီးက တဘက်ဖြင့် လေယာဉ်ပျံနောက် ဖုံတောထဲမှ တရကြမ်း ပြေးလာနေသည်- ဒီကွန် အနီးရောက်သော် သူက....

"အိုကေပဲလား"

ဟု အော်၍မေးသည်ကို ဒီကွန် က....

"အိုကေပဲ"

ဟု ပြန်ပြောလိုက်သည်။

ကင်းဗဲလ် လည်း သူတို့နည်းတူ တရကြမ်း ရှေ့မှပြေးနှင့်ပြီ မကြာမီပင် ဒီကွန် သူ့နောက် မီလာသည်။ ကက်စလာကမူ သူ့ကိုဖြတ်ကျော်လျက် ရှေ့ရောက်နေပြီး သူ၏ခန္ဓာကိုယ်နှင့်စာသော် လျင်မြန်ပေါ့ပါးလှ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့လက်တွင်းမှ တော်မီဂန်းမှာ ပစ္စတိုသေနတ်ကလေးသဖွယ်ပေါ့ ပါးစွာ ပါလာသည်။

ကင်းဗဲလ်တွင် ယခုမှပင် သူတို့၏ အစီအစဉ်ကို သဘောပေါက်လာ တော့သည်။ အစီအစဉ်က တကယ့်အစီအစဉ်ပါပေ၊ မိုက်ရူးရဲဆန်လှပါ၏။ သို့သော် အလွန်လွယ်ကူလှရကား မည်သည့်နည်းနှင့်မျှ မအောင်မြင်ပဲ မရှိ နိုင်။

ရန်သူတို့ကား အာရပ်များပင်၊ ဂျာမန်များမဟုတ်ကြ၊ ထို့ကြောင့် သည်း စည်းကမ်းတကျ စခန်းကို မှောင်ချထားခြင်း၊ အစောင့်စန္တရီများ ထားခြင်းမရှိ၊ သူတို့၏ သဲကန္တာရ ထုံးတမ်းစဉ်လာ လုပ်ရိုးလုပ်စဉ်အတိုင်း ကုလားအုပ်များကို တဲအနီးတွင် ချည်နှောင်ထားခြင်း၊ သူတို့၏ တဲများကို ရေတွင်းကိုပတ်ချာဝိုင်းလျက် သစ်ပင်များအောက်တွင် ထိုးထားခြင်း စသည်ဖြင့် အေးအေးလူလူ စခန်းချနေကြခြင်းပင် ဖြစ်သည်။ ဤစခန်း တွင် တခုလိုနေသည်ကား ဆိတ်အုပ်၊ သို့မဟုတ် သိုးအုပ်မတွေ့ရခြင်းပင်။ သူတို့ကား သာမန်ဆင်းရဲသူ ဆင်းရဲသား အာရပ်များ မဟုတ်ကြ၊ ကက် စလာ ပြောပြချက်အရ သူတို့သည် ဂျာမန်တို့၏ အထောက်အပံ့ခံ မက် စနာ၏ ဂိုဏ်းသား လူဆိုးလူကြမ်း၊ လူသတ်သမားများ ဖြစ်သည်ဆိုသည်။

ဤအစီအစဉ်ကား ဒီကွန်၏ အစီအစဉ်ပင်ဖြစ်သည်။ သို့သော်.... တကယ်တော့ ဖာဒီ၏ အစီအစဉ်ဟု ဆိုရမည်။ ဖာဒီသည် ဒီကွန်က အတင်း ဝင်၊ အတင်းတိုက် လျှပ်တပြက်တိုက်နည်းဖြင့် ရန်သူစခန်းတွင်း ဝင်မည်။ သို့ဝင်နိုင်ရန် လေယာဉ်ပျံကို ရန်သူစခန်းနှင့် နီးကပ်နိုင်သမျှ နီးကပ်ရန်နှင့် နိမ့်စွာ ဆင်းပေးရန် လိုအပ်မည်ဟု ပြောသည်ကို ဖာဒီက လိုက်လျောခဲ့ သည်၊ သူက သိပါသည်။ သူလေယာဉ်ပျံဖြင့် မည်သို့တိုက်ရမည်ကို သူသိ သည်။ သူ၏ အနစ်နာခံ စွန့်စားလိုသည့်သဘောပင်။ ဖာဒီက 'ကျုပ် လေယာဉ်ပျံက လေယာဉ်ပျံစုတ်ပဲဗျာ၊ ဒီလိုအချိန်မျိုးမှာ စွန့်ရဲပါတယ် ဗျာ'' ဟု ပြောခဲ့သည်။ မိုက်ရူးရဲဆန်လှသည့် အစီအစဉ်ပင်၊ သို့သော် စွန့် စားရပေမည်။ လွတ်လပ်သော ပြင်သစ်တော်လှန်ရေးသမား ဖာဒီသည် စွန့် စားရမည်၊ ဤတိုက်ပွဲကို သူကောင်းစွာ သိပေမည်ဟု ကင်းဗဲလ်က တွက်မိ သည်။

ဘာ့ပဲဖြစ်ဖြစ်၊ ကြည့်ပါဦး...။ သူ့လေယာဉ်ပျံကလေးကို အာရပ် တို့၏ စခန်းတွင်းမှ ချက်ပြုတ်နေကြသည့် မီးခိုးများအပေါ်တွင် ထိုးစိုက်ချ သွားသည်။ သူ့လေယာဉ်ပျံက ဓာတ်ဆီတိုင်ကီများ ပွင့်လျက်....၊ ဖာဒီ၏ လေသူရဲ အပေါ်ဝတ် အင်္ကျီကော်လာ ၂-ဘက်မှ လက်ပစ်ဗုံး ၂-လုံးက လည်း တွဲလောင်းပါလျက်၊ ဖာဒီသည် သူ့ခေါင်းပေါ်မှ လေယာဉ်အမိုးကို ဖွင့်ထားကာ၊ ထိုင်ခုံပေါ်ဝယ် ဒူးထောက်ထိုင်လျက် ပါသွားသည်။ ဧကြ

www.burmeseclassic.com

www.burmeseclassic.com



မှန်းချက် ပစ်မှတ်ပေါ် သို့ အိတ်သွန်ဖာမှောက် အားလုံးပစ်သွင်းရန် ရည်ရွယ်ချက်ဖြင့် တည့်တည့်မတ်မတ်ကြီး ထိုးဆင်းနေချေပြီ။

လေယာဉ်ကလေးသည် အောက်မှ တရကြမ်းပြေးနေသည့် သူတို့ ၃-ဦး၏ရှေ့ အများကြီးသာလျက် ရှိသည်။ သူတို့နှင့် အလှမ်းကွာလွန်းလှသည်။ သို့သော်.... ကင်းဗဲလ်တို့က ဖာဒီနှင့်ချိန်ကိုက်ဖြစ်အောင် ပြေးယင်း တရစပ်ပစ်ဆည်။ ကက်စလာက ယာတောင်ပံ၊ ကင်းဗဲလ်နှင့် ဒီကွန်တို့က ဝဲတောင်ပံ ဖြန့်တက်ကြသည်။ သူတို့၏ ရည်ရွယ်ချက်ကား.... အချိန် ထဲ အတွင်း ရန်သူအာရပ်များ အကျအဆုံးများနိုင်သမျှများအောင် သတ်သင် ပစ်ရန်ဖြစ်သည်။ အငိုက်မိကာ မသေပဲကျန်ခဲ့သော အခြားအာရပ်များ သူတို့၏ကုလားအုပ်များကို မယူနိုင်ပဲ၊ သဲကန္တာရအတွင်း ထွက်ပြေးစေပြီး လူစုခွဲပစ်လိုက်ရန်၊ ပြီးမှ သူတို့အလိုရှိသော ဂျစ်ကားများကို ယူပြီးပြေးရန် ဖြစ်သည်။

ဂျစ်ကားများကို မနက်က သူတို့မြင်ခဲ့သည့်အတိုင်းပင် ရှိနေသေး သည်ကို တွေ့ရသည်။ ဘုရားသခင် ကျေးဇူးတော်ပင်၊ ပစ်ကွင်း မှ လည်း လွတ်နေသည်။

"ယား.... ယား...."

ကင်းဗဲလ်ကအော်ပြီး ပစ်၍တက်သည်။ သူ့နောက်မှ ဒီကွန်က ကပ် လျက် ပါလာသည်။

ရန်သူများ၏ စခန်းအတွင်းမှ ရိုင်ဖယ်သံများ၊ ခပ်ဝါးဝါးပေါ်လာ သည်၊ ဝေးလှပါသည်။ အန္တရာယ်မရှိနိုင်၊ သည်အချိန်မှာပင် သူတို့၏ရှေ့ လေယာဉ်ပျံကလေး အတွင်းမှ မီးတောက်ကို မြင်လိုက်ရသည်။ ဤစက္ကန့် ပိုင်းကလေး အတွင်းမှာပင် လေယာဉ်ပျံ၏ရှေ့ခန်း၊ လည်နေသောပန်ကာ တို့ကို နောက်ခံအဖြူပေါ်တွင် အထင်းသား ကွဲကွဲပြားပြား မြင်လိုက်ရသော သည်။ မကြာပါချေ၊ လေယာဉ်ကလေးသည် တဲများ၊ သစ်ပင်များအတွင်း စိုက်ချလိုက်လေရာ ဝုန်းကနဲအသံကြီးနှင့်အတူ အလျှံရဲရဲဖြင့် မီးတောက် ကြီးများ ထလာလေတော့သည်။

ကင်းဗဲလ်သည် ဖာဒီမှာ လေယာဉ်ပျံအတွင်းမှ ခုန်ဆင်းချိန်မရလိုက် ဟု မထင်ပါ။ သွက်လက်ချက်ချာလှသည့် ဖာဒီသည် လက်ပစ်ဗုံး များ အချိန်မီဖြုတ်ချပြီး၊ သူကမူ လေယာဉ်တွင်းမှ လိမ့်ဆင်းလိုက်မည်ဟု တွက် မိပြီး ဖြစ်သည်။ ထို့ကြောင့် သူသည် ရဲရဲနီနေသော မီး တောက်ကြီး ကို နောက်ခံထားကာ သူတို့ဆီသို့ ကဆုန်ပေါက်ပြေးလာသော ဖာဒီကိုမြင်ရ၍ သူက မအံ့သြတော့။

ကင်းဗဲလ်သည် ဂျစ်ကားများရှိရာသို့ ပြေးသည်။ နဗီးလ်တို့ခွေးကိုယ် ဆည် မနက်ကအတိုင်း ဂျစ်ကားများအနီးတွင်ပင် ရှိနေသေးသည်။ ကင်း ဗဲလ်သည် ထိုရုပ်အလောင်းကို မကြည့်မိရန်ကြိုးစားပြီး၊ ဂျစ်ကားတစ်စင်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြေးတက်လိုက်သည်။ တော်ပါသေးရဲ့၊ ငအော အာရုပ်များက ကားသော့ကို သည်အတိုင်း ချိတ်လျက်သာထားသည်ကို တွေ့ရသည်။

သော့ကိုလှည့်မည့်အလုပ် တန့်လိုက်မိသည်။

ဘူသီထရက်ပ်ဗုံးများ တောင်ထားလေရော့သလား။

အရဲစွန့်ပြီး သော့ကို လှည့်လိုက်သည်။ ဂျစ်ကား အင်ဂျင်စက်က မနိုးချင်နိုးချင် ဖြစ်နေသည်။

ကင်းဗဲလ်က သော့ကိုပြန်ပိတ် ပြန်လှည့်လိုက်ကာ ချုပ်ကိုဆွဲလိုက်သည်။ ကားအင်ဂျင်က နိုးလာသည်။ ကောင်းလိုက်လေ၊ ကံကောင်းလိုက်လေ၊ သူက ဒါပဲလိုချင်သည်။ ကင်းဗဲလ်သည် ကား ကို နောက် ပြန်ဆုတ်လိုက်ပြီး၊ တရှိန်တိုး-တိုးတွက်ကာ အိုအေစစ်ကို တဘက်မှပတ်လိုက်သည်။ ထိုအချိန်မှာပင် ဖာဒီသည် ဒီကွန်၏ကား ဂျစ်ကားပေါ်သို့ ရောက်နေချေပြီ။ ကင်းဗဲလ်က နောက်သို့လှည့်ကြည့်လိုက်ရာ ဂျစ်ကားနံပါတ် ၂-သည် အိုအေစစ်ရှေ့ခြမ်းမှ တရကြမ်းမောင်းကာပြေးနေသော အာရုပ် များ ၏ နောက်သို့ လိုက်နေသည်ကို တွေ့ရသည်။

လေယာဉ်ပျံကလေး ရန်သူစခန်း အတွင်း ထိုး ဆင်း လိုက် သည့် အချိန်မှ ၃-၄-မိနစ်အတွင်းမှာပင် အိုအေစစ်ကလေးမှ ငရဲအိုးပွက်သည့်နှယ် ဖရိုဖရဲဖြစ်ကုန်သည်။ စွန်ပလွန်ပင်များ ကျိုးကျကုန်၏။ တဲ များ က မီးဟုန်းဟုန်း တောက်နေသည်။ ကုလားအုပ်များက ခုန်ပေါက်အော်မြည် လျက်ရှိသည်။ အာရပ်များ တင်ပါးနှင့်ဖဝါး တသားတည်းကျအောင် ပြေးနေကြရာ.... ကက်စလာက တော်မီသေနတ်ဖြင့် လိုက်လံ၍ ဇီဝိန် ခြွေလျက်ရှိသည်။

ကင်းဗဲလ်သည် ကက်စလာ အနီးရောက်သော် ဂျစ်ကိုရပ်ပေးသည်။ ဂျစ်ကားပေါ်ဝယ် ဆင်ထားသောစက်သေနတ် မပါ၊ သို့သော်.... ကက်စလာ ၏ ကိုယ်ပေါ်တွင် စလွယ်သိုင်းလွယ်လျက် လက်ပစ်ဗုံးများပါသည်။ ကက်စလာသည် ဂျစ်ပေါ်သို့ရောက်သော် သူ၏တော်မီကန်းတွင် ကျည်ကပ် အသစ်တကပ် ထည့်လိုက်သည်။

"ကဲ.... အဆင်သင့်ပဲလား"

"အဆင်သင့်ပဲ၊ ကျေးဇူးပဲ.... ခင်ဗျားကို"

"ခေါင်းငုံ့...."

ကင်းဗဲလ် ကအော်ပြီး ဂျင်ကားကို အိုအေစစ်အလယ်သို့ ဦးတည် လိုက်သည်။ အိုအေစစ်အလယ်တွင် ဓာတ်ဆီလှောင်ကန်များ ရှိသည်။ ယခု မီးဟုန်းဟုန်းတောက်နေသော တဲများ၏နောက်ဘက် ဂိုက် ၅၀-၆၀ ခန့် တွင် ရှိနေသည်။ ဘယ်သို့မျှ ခုခံကာကွယ်မှုများ ရှိလိမ့်မည်မဟုတ်။

ဂျစ်ကားသည် လေးညို့မှ ပစ်လွှတ်လိုက်သော မြားကဲ့သို့ ရှေ့သို့ တဟုန်ထိုးပြေးလာသည်။ လမ်းတွင်တွေ့ရသော ခြံစည်းရိုးများ၊ ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရကာ လဲလျောင်းနေသော ကုလားအုပ်များကို ကျော်ပတ်ရှောင်ခဲ့ရသေးသည်။

ကက်စလာကလည်း တချိန်လုံး ပစ်လိုက်လာသည်။ သူ့ လက်ကလည်း အမြောင့်သား၊ ဂျစ်ကားကိုမောင်းနေသူ ကင်းဗဲလ်သည် လူသတ်ကုန်းကို ဖြတ်ကျော်မောင်းနှင်နေရသည်ဟု ထင်မိသည်။ မြင်း စီး အာ ရပ်များ ဟိုမှသည်မှ ပေါ်လာသည်။ သို့သော်... မကြာပါ၊ တော်မီဂန်းလက်ချက်ဖြင့် မြင်းရောလူပါ အ တုံး အ ရုံး လဲကျသေဆုံးကုန်ကြသည်။ ခေါင်းပေါင်း တကားကား၊ ဝတ်ရုံကြီးများ တ ဖား ဖား ဖြင့် အာရပ်အချို့လည်း ရိုင်ဖယ်များ တယမ်းယမ်းဖြင့် ထွက်လာကြသေးရာ၊ သူတို့လည်း ကျည်ဆန်များက ရင်ဝကို ဆီးကြိုဖောက်ထွင်း လိုက်ကြသဖြင့် ဂျစ်ကားဘီးကြောင်းဝယ် ခြေကားယား၊ လက်ကားယားဖြင့် လဲသေကုန်ကြသည်။ ဒါတွေကို ကင်းဗဲလ်က ဖြတ်ကျော်မောင်းခဲ့ရသည်။

ကင်းဗဲလ် တိုက်ဖူးခဲ့သမျှ တိုက်ပွဲများတွင် ဤ ၃-မိနစ်ကြာ ဟက်ဆီမာတဲလ်လာ တိုက်ပွဲကား သွေးချင်းချင်း အနီးဆုံးနှင့် အရှုပ်ထွေးဆုံးပင် ဖြစ်ပေသည်။ သူ၏ခေါင်းထဲတွင် အမြင့်ဆုံး အော့ စ တိန်း ခေတ် ငွေ့ မီးလောင်နေသည့်နှယ် ခေါင်း မီးတောက်နေသည်။ ဂျစ်ကားသည် မိမိကမမောင်းရပဲ၊ ပြေးနေသလို ထင်ရ၏။ မြင်ကွင်းအတွင်းသို့လည်း ပုံသဏ္ဍာန်အမျိုးမျိုး၊ တမျိုးပြီးတမျိုး ပေါ်နေရာ၊ ဖလင်အတိုအစများ ထည့်ထားသည့် ဖလင်လိပ်ကို ပြစက်တွင်ထည့်၍ မောင်းပြနေသည်နှင့် တူလှတော့သည်။ မီးလောင်နေသော သဲကုန်း၊ ရေအိုင်ကလေးများအတွင်းမှ အရိပ်များ၊ သူ့ဘေးတွင် ကြီးမားကြဲ့ခိုင်လှသည့် လူမည်းတယောက်၊ အာရပ်များ ကျွမ်းထိုးမှောက်ခုံ ဖြစ်နေပုံများ၊ လည်တံရှည်ကြီးတွေနှင့် ကုလားအုပ်များ၊ ခြေဦးတည့်ရာ ပြေးနေကြပုံများ တမျိုးပြီးတမျိုး မြင်နေရသည်။ ခေတ်ဆီနံ့၊ အသားကို မီးမြိုက်ထားသည့် အနံ့များကလည်း မွှန်နေသည်။ သေယာဉ်ပျံကလေးက ကုလားအုပ်များအကြားကျပြီး ပေါက်ကွဲသွားခဲ့သည်ကြောင့် အနံ့များကလှိုင်နေခြင်း ဖြစ်ပေသည်။

ကင်းဗဲလ်သည် ဘရိတ်ကို တအားဆောင့်၍အုပ်လိုက်ရာ သူတို့၏ဂျစ်ကားကလေးသည် ခေါင်းစိုက်မဘတ် ဖြစ်သွားသည်။ ကက်စလာ ကသူ၏လက်မောင်းကို လာ၍ဆုပ်လိုက်သည်နှင့်တပြိုင်နက် ၂-ဦးသား ဂျစ်ကားပေါ်မှ ခုန်ဆင်းလိုက်ကြကာ၊ ခေတ်ဆီပုံးများရှိရာသို့ တအားပြေးလာခဲ့ကြသည်။ ယခုအချိန်အထိ ခေတ်ဆီများလှောင်ထားရာ နေရာဝယ်ခုခံဘိုက်ခိုက်မည့်သူ မတွေ့ရသေး။

ခေတ်ဆီပုံးဘဝက်ခန့်မှာ ဗလာကျင်းနေလေပြီ၊ ကက် စ လာ ကထိုပုံးလွတ်များကို စိတ်ပျက်လက်ပျက်ဖြင့် လွှင့်ပစ်သည်။ သူတို့နှစ်ဦးသည် အုဘ်နံရံ ကို ရိုက်ပုတ်စမ်းသပ်ကြည့်ကြသည်။ ရေတွင်းကလေးများအတွင်း

www.burmeseclassic.com

www.burmeseclassic.com



နှိုက်ကြည့်ကြသည်။ ကင်းဗဲလ်က ခွာတ်ဆီပုံးကြီး ၄-ပုံးကို စမ်းမိသည်။ ချက်ချင်းပင်ဆွဲယူပြီး ဂျစ်ကားရှိရာသို့ ပြေးလေသည်။

ဟာဆီမာတဲလ်လာ၏ အချက်အချာဗဟိုဌာနဝယ် လူသူကင်းမဲ့နေခဲ့ပြီ၊ နာမည်ကြီးလှသော မက်စနာ၏ ဂိုဏ်းသားများလည်း တဦးတယောက်မျှမရှိ၊ သူတို့သည် တနေရာ၌ လူမြန်၍ စုနေကြခြင်းလည်း ဖြစ်ကောင်း ဖြစ်ပေမည်။ ကုလားအုပ်များစီး၍ ပြန်တိုက်ရန် အသင့်ဖြစ်ချင်လည်း ဖြစ်နေပေမည်။ သို့မဟုတ်... လသာသာ သဲကန္တာရအတွင်း ဟိုတကောင်၊ သည်ဘကောင် ပြေးလွှားနေသော ကုလားအုပ်များကို လိုက်လံဖမ်းနေကြခြင်းလည်း ဖြစ်ပေမည်။

ကင်းဗဲလ်သည် ခွာတ်ဆီပုံးများကို ဂျစ်ကားနောက်တွင်ထည့်ခဲ့ပြီး ပြန်ပြေးခဲ့ပြန်သည်။ သူသည် မနိုင်မနင်းဖြစ်အောင်တော့ မလိုချင်၊ ယခုရရှိခဲ့သော ၄-ပုံး၊ ထို ၄-ပုံးအပေါ်မှ နောက်ထပ် ၄-ပုံးလောက် တင်လာနိုင်လျှင် တော်လောက်ပြီဟု တွက်မိသည်။

ခွာတ်ဆီများ ရပြီးသည့်နောက် ဒီကွန်နှင့် ဖာဒီတို့ ၂-ဦးအား ရှာဖွေရဦးမည်၊ အာရပ်များ ပြန်လူစုပြီး တကျော့ပြန်မလာမီ ဤနေရာမှ ထွက်နိုင်ဖို့ရန် အချိန်းအချက် ပြုလုပ်ထားခဲ့ကြသည် မဟုတ်ပါလား။

ကက်စလာက တော်မီသေနတ်ကို သူ့ထံ လှမ်းပစ်ပေးလိုက်သဖြင့် ကင်းဗဲလ်က ဖမ်းယူလိုက်ပြီး ကင်းစောင့်ပေးလိုက်သည်။ ကက်စလာသည် နံရံပေါ်သို့ခုန်တက်လိုက်ပြီး ရေအိုင်အတွင်းဆင်းကာ သူ ယူ လာ ခဲ့ သော ပုံးလွတ်များနှင့် ပုလင်းများအတွင်း ရေများဖြည့်လေသည်။

ကင်းဗဲလ်၏စိတ်များမှာ တည်ငြိမ်၍နေပေပြီ၊ သို့သော်.... လူကလှုပ်လှုပ်ရှားရှားနှင့် သတိလွန်ကဲနေသည်။ ပစ်မည် ခတ်မည် တကဲကဲဖြစ်နေရာ၊ မှောင်ရိပ်အတွင်းမှ ဒီကွန်ထွက်လာသောအခါ ကပ်တကပ် လုံး ကုန်အောင် ပစ်ထည့်လိုက်မည်ပြုရာ ဒီကွန် အထွက်စောသဖြင့် သက်သာရာရသွားသည်။ ထိုအချိန်မှာပင် ဖာဒီသည် ဂျစ်ကားတစီးမောင်းလာသည်ကို မြင်ကြရသည်။

"ဟိုကောင်တွေ ဘယ်ရောက်ကုန်ပတုံး...."

ဒီကွန်က မေးသည်။

"ဘယ်ရောက်ကုန်တယ် မသိဘူး၊ ဓင်ဗျားကော.... ရခဲ့ရဲ့လား"

"ရခဲ့တယ်၊ အများကြီးပဲ...."

"ကက်စလာ.... မြန်မြန်လုပ်ဟေ့...."

ကင်းဗဲလ်က အော်၍သတိပေးသည်။

"ရေ ဲည့်ရတာဗျ၊ မြန်မြန်လုပ်လို့ မရဘူး...."

ဖာဒီက ဂျစ်ကားကို သူတို့အနီးတွင် ရပ်လိုက်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ခွာတ်ဆီ ရကြရဲ့လား"

"ရတယ်.... ကိုယ်သယ်နိုင်သလောက် သယ်နိုင်တယ်"

"ကျုပ်ဆီကလဲ ယူဦးလေ.... ခုနေများ ကျုပ် လေယာဉ်ပျံကလေး ရှိယင် ဘယ်လောက် ကောင်းလိုက်မလဲ...."

"တော်စမ်းပါ... ခွာတ်ဆီတွေ ယူနိုင်သလောက်ယူ၊ ကျန်တာမီးရှို့ပြီး၊ ဒီကအမြန်ဆုံး ထွက်ကြဖို့က အရေးကြီးတယ်၊ ဒီလိုငြိမ်နေတာမျိုးကို မကြိုက်ဘူးဗျာ...."

ဟု ကင်းဗဲလ်က စိတ်မရှည်ဟန်ဖြင့် ပြောသည်။

"သူတို့ လစ်ကြပါပြီဗျ....၊ ခြေထောက်နှစ်ချောင်းနဲ့ ပြေး နိုင် တဲ့ ကောင်၊ ကုလားအုပ် စီးသွားနိုင်တဲ့ကောင် ဟူသမျှ တကောင်မှ မရှိတော့ ပါဘူး...."

"လစ်ကြပြီဆိုသာ ဘယ်ကို လစ်ကြတာလဲ...."

"အယ်လ်ဟာရောက်ဆီကို ထင်တယ်...."

"မက်စနာကောင်တွေ လာကြဦးမယ်ထင်တယ်...."

ဒီကွန်က သူထင်သည်ကို ပြောလိုက်ရာ၊ ဖာဒီက....

"မက်စနာက ဒီမှာမရှိဘူး၊ တခြားတနေရာမှာ ရှိလိမ့်မယ်...."

"ဘယ်လိုလုပ်ပြီး ခင်ဗျားက သိသလဲ....၊ သေချာလှချည်လား...."

"သူသာ ဒီနေရာမှာရှိယင် သူ့ကောင်တွေနဲ့ တိုက်မှာသေချာတယ်၊ မရှိလို့သာပေါ့ဗျာ...."

ဖာဒီသည် ပုံးတခုကို ကောက်ယူပြီး လှုပ်ကြည့်ရာ၊ ဘာမှမရှိသဖြင့် လွှင့်ပစ်လိုက်သည်။ သူ၏ ဂျစ်ကားနောက်ဝယ် ခွာတ်ဆီအပြည့်ဖြင့် ခွာတ်ဆီ ပုံး ၆-ပုံး ပါလာသည်။ ကက်စလာ ဖြည့်ထားသော ရေဗူး များ လည်း အသင့်ရှိနေပြီ။

"ဟုတ်ဘယ်၊ တို့ ဒီကထွက်ကြမှ ဖြစ်မယ်၊ ကဲ.... သွားကြစို့"

"တင်တာရက်ကို ပြန်သွားကြမှာလား...."

ကင်းဗဲလ်က မေးသည်၊ ဟုတ်ပေသည်။ သူတို့သည် ခွာတ် ဆီ နှင့် ရေအတွက် ဤစခန်းကို ဝင်စီးကြမည်ဟုသာ စစ်ဆင်ရေး ရေးဆွဲခဲ့ကြသည်။ သည့်မှ နောက် ဘယ်ကို သွားကြမည်ဟု အစီအစဉ် မပြုလုပ်ခဲ့ကြ။

"တင်တာရက်ကို မှောင်ထဲမှာသွားဖို့လမ်း သိလို့ လား...."

"တင်တာရက်ကို မသွားတော့ဘူး...."

"ဟင်.... မင်း အစကပြောတော့...."

ကင်းဗဲလ်က ပြောပြန်အညတွင် ဖာဒီက ဆက်၍....

"လေယာဉ်ပျံ မရှိတော့ဘူးလေ၊ လေယာဉ်ပျံနဲ့ ဂျစ်ကားနဲ့ လဲလိုက် ရပြီလေ...."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုတော့ ဘယ်သွားကြမလဲ..."

"တို့အားလုံး နာ့ဗ်တားကို သွားကြမယ်...."

"နာ့ဗ်တား...."

ကင်းဗဲလ်က အော်သည်။

"တို့.... မက်စနာကို နှံခဲ့ကြပြီ၊ ဆက်ပြီး သူ့နောက် လိုက်ဦးမယ် လား...."

ဟု ဒီကွန်က မေးရာ၊ ဖာဒီက....

"ဟုတ်တယ်၊ မှန်တယ်၊ သူနာ့ဗ်တားကို ပြေးမှာပဲ...."

"မင်းက သူ့ကို လိုချင်တာကိုး၊ ဟုတ်လား...."

ဖာဒီ၏ ရုပ်အသွင်သည် တမုဟုတ်ချင်းပင် ပြောင်းလဲသွားတော့ သည်။ နှစ်လိုဖွယ်ရာ ပြင်သစ်လူမျိုးအသွင် မဟုတ်တော့ပဲ၊ ရက်စက်ကြမ်း ကြုတ်ခက်ထန်သည့် လူအသွင် ပေါ်နေသည်။ ဤသည်ကို ကင်းဗဲလ်က ပထမဆုံးအကြိမ်အဖြစ် သတိပြုလိုက်မိသည်။

"မက်စနာခေါင်းကို လိုချင်တယ်၊ ကျုပ်လက်ထဲ.... ဒီခေါင်း ရောက်မှဖြစ်မယ်...."

"ဂျက်ဖ်.... ဒီလူကို ပြောဗျာ၊ ကျုပ်တို့လာတာက ကာနယ်နဲ့ ပီဘီ အတွက် လာတယ်ဆိုတာ၊ ဘယ်ခွေးခေါင်း ဖြတ်ဖို့မှ လာကြတာမဟုတ် ဘူးလို့ ပြောဗျာ...."

"ဒီမယ်.... ကင်းဗဲလ်၊ ငါ့အထင် ပြောရယင် ကာနယ်ဟုမ်းနဲ့ ပီဘီ တို့အတွက် တို့လာတာ နောက်ကျနေပြီထင်တယ်၊ ဒါကတော့ တို့ပြင်းလို့ မရဘူးထင်တယ်...."

"ခင်ဗျားက လွယ်လွယ်နဲ့ အလျှော့ပေးချင်ပေး၊ ကျုပ်ကတော့.... မလျှော့သေးဘူး၊ ကာနယ်ဟုမ်းနဲ့ ပီဘီတို့ အယ်လ်ဟာ ရောက်ဆီ မှာ အဖမ်းခံမနေရဘူးလို့ ဘယ်သူပြောနိုင်မလဲ...."

"ကဲ.... သူတို့ အဖမ်းခံနေရပါသတဲ့ ဆရာ....၊ ကျွန်တော်တို့က သူတို့ လေယာဉ်ကွင်းကို ဘယ်လို ချဉ်းကပ်မလဲ၊ ကျွန်တော်တို့လူ လက်တဆုပ်နဲ့ သွားကပ်ယင် မိုက်မဲရာကျတော့မပေါ့ ခင်ဗျာ...."

ဟု ကက်စလာက ဝင်ပြောသည်။

"ဒီမယ်.... ကျုပ်လာတာက ပီဘီတို့ကို ကယ်ဖို့လာတာ၊ တကယ် လို့များ သံ့ပန်းမဖြစ်ပဲ ဒီသဲကန္တာရကြီးထဲမှာ ပြေးနေရလို့ရှိယင် ရှာဖို့ ထွက်လာတာ၊ ခုတော့.... ဒီပြင်သစ်အတွက် ကြားထဲက အချောင်ဝင်တိုက် ပေးနေရသလို ဖြစ်နေပြီ၊ မရဘူးဗျို့၊ ကျုပ်ကတော့ မရဘူး၊ ရှင်းရှင်းပဲ"

"ဒီမှာ နေနေလို့လဲ အန္တရာယ်က များလှတယ်ဗျာ...."

ဟု ဖာဒီက ပြောပြန်ရာ၊ ကင်းဗဲလ်က....

www.burmeseclassic.com

www.burmeseclassic.com



"တရက်တည်းပဲဖြစ်ဖြစ်၊ ထားပါလေ.... နေ့ဝက်ကလေးပဲဖြစ်ဖြစ်၊ ပီဘီဆိုတဲ့ကောင်က ပြေးနိုင်ယင် ပြေးမယ့်ကောင်၊ ဒီတော့.... သူပြေးမယ့် နေရာတွေက ဒီနေရာတွေပဲ၊ ဒီမှာပဲ ရှာကြမယ်"

"နေပါဦး... နဲ့ဇ်တားကို ဒီက ဘယ်လောက်ကြာကြာ သွားရမလဲ...."

ဒီကွန်က မေးသည်ကို ဖာဒီက....

"အနောက်ဘက်လမ်းက သွားမယ်၊ လမ်းမှာ ဘာမှမဖြစ်ဘူးဆိုယင် တညနဲ့ နှစ်ရက် သွားရမယ်"

"ဒီမှာ ဖာဒီ၊ တပ်ကြပ်ကြီးပြောတာ မှန်တယ်၊ တို့ဟာ တို့တပ်သားတွေကိုရှာဖို့ လာကြရတာပဲ၊ တို့မှာ ခုခံကာကွယ်စရာ မရှိတာမဟုတ်ဘူး၊ တို့မှာ လက်နက်အပြည့်၊ ဆီနဲ့ရေလဲ အပြည့်ပါတာပဲ...."

"ဒီတော့.... ခင်ဗျားက ဘယ်လိုအကြံ ပြုချင်သလဲ...."

"အယ်လ်ဟာရောက်ဆီဘက်ကို ပြေးကြည့်ချင်တယ်၊ ဂျစ်နှစ်စင်းမှာ တစင်းက ရှေ့က ကင်းအဖြစ် အလျင်သွား...."

"အချိန်ကုန်မယ့် အလုပ်ပါဗျာ...."

"မနက်ဖြန် နေ့ဝက်ပေါ့...."

"ဒီလိုဆိုယင်၊ ကျုပ်တို့ မက်စနာအယင် နဲ့ဇ်တားကို ရောက်မှာမဟုတ်ဘူးပေါ့...."

"ဂါဒင်ကိုဖြတ်ယင် ရောက်ပါတယ်...."

ဟု ကက်စလာက ဝင်ပြော၏၊ ဖာဒီက....

"ဒီတော့.... ဂါဒင်အော့ဗ်ပိန်းခေါ်တဲ့ မရဏကန္တာရကို ဘယ်သူမှ မဖြတ်ရဲဘူးလေ၊ ရှောင်ကြတာပဲ မဟုတ်လား"

"ဖြတ်ယင် ခရီးကျုံ့သွားတာပေါ့ဗျာ...."

ကက်စလာက ပြောပြန်သည်။

"ကျုပ်တို့အသက်တွေလဲ ကျုံ့သွားမှာပေါ့...."

ဟု ဖာဒီက ပြန်ပြောသည်။ ကင်းဗဲလ်က....

"ဘာလဲ.... ဂါဒင်ဥယျာဉ်ဆိုတာ သဲကန္တာရပဲလား...."

"ဟုတ်တယ် ကန္တာရပါပဲ၊ ဆားပြင်ကြီးပဲ၊ နဲ့ဇ်တားကို သွားတဲ့ ဖြတ်လမ်းပဲ၊ ဒီကန္တာရကို မက်စနာလဲ ရှောင်မှာပဲ...."

"ဒီလိုဆိုယင်.... တို့အဖို့ အယ်လ်ဟာရောက်ဆီက တပ်ပျက်လာတဲ့ တို့လူတွေကိုလဲ ရှာနိုင်မယ်၊ မက်စနာ အယင်လဲ နဲ့ဇ်တားကို တို့ရောက်နိုင်တယ်ပေါ့...."

ဟု ဒီကွန်က ပြောရာ ကင်းဗဲလ်က—

"ဒီလူကိုပြောဗျာ၊ သူသွားချင်ယင် ဂျစ်တစင်းယူသွားလို့၊ ကျုပ်တို့တော့ ပီဘီတို့ကို လိုက်ရှာမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖာဒီ....ဒါတရားမျှတတယ် ထင်တယ်"

ဖာဒီ သည် စိတ်ဆိုးသည်၊ သို့သော် သူစိတ်ဆိုးသည်ကို လူသိမခံ၊ ဖုံးဖိထားသည်။ သူက ပခုံးကိုတွန့်လိုက်သည်။

"ကဲ...ဖာဒီ ပြောလေ.... ဘာကိုရွေးမလဲ"

"ကက်စလာဟာ အရှုံးပဲ၊ ခင်ဗျားတို့ကို သူထုတ်ပြောတာ ရှုံးလို့ပဲဗျ"

"ကဲ....ထားပါလေ.... သူရှုံးလို့ပြောပြော ဘာဖြစ်လို့ ပြောပြော သူပြောပြီးပြီပဲဟာ၊ ကဲ....ဖာဒီ ဘယ်လိုလုပ်ချင်သလဲ"

"ကောင်းပြီလေ.... ဒီညကျုပ်တို့လျှာမန်စခန်းကို သွားကြမယ်၊ မနက်နေထွက်တော့ ခင်ဗျားတို့လူတွေကိုရှာမယ်၊ ညနေဘက်ကျတော့ အနောက်မြောက်ဘက်နာ့ဗ်ဘားကို ခရီးဆက်မယ်၊ ခုနကပြောတဲ့ မရဏကန္တာရကို ဖြတ်ရမှာပေါ့လေ"

"ဒီလိုမှပေါ့ကွ၊ ကိုယ့်ဆရာတို့ ကျုပ်ပြောတာကို လက်ခံကြမယ်ဆိုယင် ဒီခေတ်ဆီစခန်းကို မီးရှို့ဖျက်ခဲ့ကြစို့။ နို့မို့ယင် ဟိုကောင်တွေ ပြန်လာလိမ့်ဦးမယ်"

"ဒီကောင်တွေ မလာတော့ပါဘူးဗျော....သွားကြပါပြီ"

ကက်စလာက ပြောသည်။

"ဘယ်သွားကြတာလဲ"

"သူတို့ အယ်လ်ဟာရောက်ဆီအထိ ဒုံးစိုင်းသွားကြပါပြီ"

"သူတို့ဆရာကို သွားပြီး သံတော်ဦးတင်ဖို့ပေါ့"

"သူတို့ဆရာက ကျုပ်တို့ကို ဘာလုပ်နိုင်မှာတဲ့လဲ"

"ကျုပ်တို့ကို လိုက်ရှာပြီး သုတ်သင်ပစ်မှာပေါ့"

"အင်း.... မရဏကန္တာရက ကျုပ်တို့ကို ဦးအောင်မသုတ်သင်နိုင်ယင်ဆိုပါတော့ဗျာ"

ဟု ဖာဒီက ပြောလိုက်လေသည်။

✦ ✦ +

ပီဘီ တွင် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။ သူ၏ဝမ်းဗိုက်တပြင်လုံးလည်း နှင်းဖုံးသွားသည့် တူရှင်းပြားကလေးပမာ ဖြစ်နေပြီဟု သူထင်မိသည်။ သူသည် ပျှာမန်များ ရေဘင်ခြင်း မပြီးမချင်း ရေတိုင်ကီအတွင်း တနာရီခန့်ကျော်ခန့် ပြားပြားမှောက်နေခဲ့ရသည်။ ဤအချိန်အတွင်း ပီဘီ သည် ဖားဘားကောင်အသား ကန်ထောင့်ရေထဲ ဝပ်နေရရှာ၊ တခါတရံ သူနှင့်ရေပိုက်ခေါင်းသည် ၈-ပေ၊ ၁၀-ပေခန့်သာ ကွာတော့သည်။ ရေကန်ရှိ အုတ်ကြိုကုတ်ကြားခွ ထိုးသွင်းကာ ကိုင်ထားရသည့် သူ့လက်ချောင်းက

www.burmeseclassic.com

www.burmeseclassic.com



လေးများမှာလည်း ထိုကျင့်၍နေသည်။ ရေစက်သံကြောင့် ပီဘီသည် အသံနှင့် ရောစနော၍ ချောင်းကလေးများ ဟန့်ချင်လျှင် ဟန့်နိုင်ခဲ့ရပါ၏။ သို့သော် ဂျာမန်အစောင့်တဦးသည် လည်းကောင်း၊ အာရပ် တယောက်သည် လည်းကောင်း၊ ရေကန်အောက်ခြေသို့ငုံ့၍ ကြည့်တတ်သဖြင့် တုတ်တုတ်မျှမလှုပ်ရဲ၊ နောက်ခံကောင်းကင်တွင် ခေါင်းမည်းမည်းကြီးက ငုံ့ကြည့်နေသည်ကို မြင်ရတိုင်း ပီဘီသည် အကြောအခြင်များကို လျော့ပြီး မလှုပ်ပဲ နေရသည်။ ခေါင်းကြီး ပျောက်သွားမှ နေသာထိုင်သာ ရှိတော့သည်။

ရေတင်တာဝန်ကျသူများဖြစ်သည့် ဂျာမန်များနှင့် အာရပ်တို့သည် အချင်းချင်း စကားပြောကြပြီး တသောသော ရယ်မောသဘောကျနေကြသည်။ သူတို့ဘာပြောကြသည်ကိုတော့ နားမလည်၊ သူတို့ကဂျာမန် တော စကားနှင့် ပြင်သစ်ကပြား စကားပျက်များကိုသုံးပြီး စကား ပြောနေကြခြင်းကြောင့် ဖြစ်သည်။

ရေထဲတွင် ကြာရှည်နေရသဖြင့် ပီဘီ၏ စိတ်ဓာတ်ကော ကိုယ်ခန္ဓာအစိတ်အပိုင်းများပါ ရှုံ့တွ၍နေပေပြီ၊ အကယ်၍များ ယခုအချိန်တွင် သူထွက်ပြေးခဲ့သည့် အချုပ်ခန်းအတွင်းသို့ တစုံတယောက်က ဆင်း၍ကြည့်လျှင် မည်သို့ဖြစ်မည်နည်း၊ ကေန်မုချ သူထွက်လာခဲ့သည့် ကြမ်းပြင်မှ အပေါက်ကို တွေ့မည်။ ထိုမှတဆင့် ဘယ်နေရာထွင် သူရှိမည်ကို ချက်ချင်း သိရှိလိုက်လ ဖမ်းဆီး ကြပေမည်။

တစတစဖြင့် အချိန်များကုန်ခဲ့ပြီး၊ ရေတင်သူများကလည်း မပြီးသေး၊ အပေါ်ကစကားပြောသံ ခပ်ကျယ်ကျယ်ကြားရတိုင်း၊ ပီဘီ သည် အောက်ခြေသို့ ငုပ်ကာဝပ်နိုင်သမျှ ဝပ်နေရသည်။ ရေအနက်မှာ ပေ ၃၀-ခန့်ရှိပေမည်။

နေဝင်ခဲ့သည်မှာ ကြာပြီ၊ အုပ်ဆောင်းဖြင့် တွန်းထားသော လက်ဆွဲမီးအိမ်မှ မီးရောင်သည် ရေပေါ်သို့ ကျရောက်နေသောအခါ ရွှေအိုရောင်ထနေသည်။ မကြာပါချေ၊ ရေတင်မှုပြီးစီးသွားပေပြီ၊ ဂျင်နရေတာ စက်သံရပ်သွားသည်။ ရေပိုက်လုံးများ ဆွဲတင်လိုက်ကြပြီး ရေတင်သည့်အဖွဲ့ထွက်ခွာသွားကြလေပြီ။

ပီဘီ သည် ခေတ္တမျှငြိမ်သက်နေလိုက်သေးသည်။ ရေကန်နံရံသည် ချိတ်တွယ်တက်စရာ ရှိမရှိမသေချာသေး၊ အကယ်၍ မည်သို့မျှတွယ်ကပ်တက်စရာမရှိဟု ဆိုပါကသူသည် ဤရေသချိုင်းဝယ်ခေါင်းသွင်းပြီးသားဖြစ်တော့မည်၊ ထို့ပြင်လည်း အပေါ်တွင် အစောင့်များ ရှိမည်မှာလည်းမလွဲ၊ ဤဝေးလံသော သဲကန္တာရလွင်တီးခေါင်ဖြစ်ပါစေ၊ ဂျာမန်တို့သည် သူတို့၏ အသက်သွေးကြောဖြစ်သော ဤရေလှောင်ကန်ကို အစောင့် ချထားမည်ကား မယုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ပီဘီ သည် ရှေ့သို့လှုပ်ရှားမှုတခု ပြုလုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး၊ တစ်မှ တထောင်အထိ စိတ်ထဲတွင် ရေတွက်နေလိုက်သည်။

ရေကန်တွင်း၌ ပိန်းပိတ်အောင် မှောင်နေသည်။ ခေါင်းပေါ်၌ ရှည်မျှောမျှော တွင်းဝကိုသာ ခပ်မှိန်မှိန် မြင်နေရသည်။

ပီဘီ သည် ရေကန်နံရံကို သူ့လက်များဖြင့်လိုက်၍စမ်းသည်။ အုတ်ကြားတခုကိုတွေ့၍ လက်ကတွယ်မိပြီဆိုပါက မြဲအောင်တွယ်ကာ ကုတ်ကတ်တက်သည်။ ပြန်ပြီးလွတ်၍အကျမခံ၊ ဝုန်းကနဲ လူ ရေထဲကျသံ ကြားပါက အစောင့်များ လာကြပေမည်။ သူသည် အသက်တချက်ပြင်းပြင်း ရှူလိုက်သည်။ တွယ်မိထားသော တွင်းကလေးနှစ်တွင်းကို ဆုပ်ကိုင်ပြီး တွယ်၍တက်လိုက်ပြန်သည်။ နောက်တဆင့် တက်ပြန်သည်။ ရေပေါ်သို့ ခေါင်းဖော်နိုင်ပါပြီ။

နောက်တဆင့်တက်ရန် လိုသေးသည်။ အုတ်ကြားကို မြဲမြဲကိုင်ထားရသည်၊ ပြားနေအောင် ကပ်ထားရသည်။ နောက်တဆင့်တက်လိုက်သော် တွင်းထဲသို့ လူဆင်းသည့်လှေကားအောက်ဆုံးထစ်ကို စမ်းမိသည်။ သူက ခိုင်မခိုင်ဆွဲ၍ စမ်းလိုက်သည်။ ခိုင်သည်။ သူကဆွဲ၍တက်လိုက်သည်။ "ဟေး.... ကောင်ကလေး ခုမှတော့ ဘာမှကြောက်စရာမရှိပြီ" သူ့ကိုယ်သူ အားပေးပြီး လှေကားမှ တထစ်ချင်း အပေါ်သို့ တက်လာခဲ့တော့သည်။

အပေါ်ဝယ် လကလေးက ရေးရေးသာ နေသည်။ ပုံပန်းသဏ္ဍာန်များကို ခွဲခြားမြင်နိုင်သည်။ ဤဟာကတောင်တန်း၊ ထိုဟာကခံတပ်ပျက်ကြီး၊ သူတက်ခဲ့သည့် ရေကန်သည် လက်ဝဲဘက်တွင်ရှိသည်။ သူထွက်လာသော ခံတပ်ပျက်ကြီး၏ ပြတင်းပေါက်များတွင် မီးရောင် မှိန်မှိန်များကို မြင်နေရသည်။

ရုတ်တရက်....ဂျာမန်တပ်ကြပ်ကလေးတယောက် စန္ဒရီလှည့်လာသဖြင့် ပီဘီ သည် ဝပ်၍ ငြိမ်နေလိုက်သည်။

ယခုအချိန်အထိ ပီဘီ သည် ကာနယ်ဟုမ်း ကို မည်သို့ရှာဖွေရမည်ကို မစဉ်းစားမိ၊ မည်သည့်နေရာတွင် ကာနယ် ရှိမည်ကိုလည်း မသိရ၊ ရှာဖွေတွေ့သည့်တိုင် မိမိတို့မဟာမိတ်တပ်များရှိရာသို့ ချောချောမောမော မည်ကဲ့သို့ ကယ်ထုတ်သွားရမည်ကိုလည်း မသိပေ။

ယခု ကင်းလှည့်နေသော ဂျာမန်တပ်ကြပ်ကလေးကို မြင်လိုက်မှ ပီဘီ တွင် အကြံရလာသည်။ အဆက်ဆက် ဤအကြံအစည်သည် အောင်မြင်ခဲ့သည်သာ ဖြစ်သည်၊ ယခုလည်း အောင်မြင်ရမည်ဟု ပီဘီက တွက်လိုက်သည် မည်သို့ပင်ဖြစ်စေ၊ ပီဘီ သည် ဤ ဖြေ ဂျယ်လှသည့် ဇာတ်ဟာရ သဲကန္တာရကြီးကို ကိုယ်လုံးတီးဖြင့် မည်သည့်နည်း နှင့်မျှ မဖြတ်ကျော်လို။

ပီဘီ သည် ရေကန်ဘောင်ရိုးပေါ်ဝယ် မှောက်လျက်သာ ဖြင့် ဂျာမန်တပ်ကြပ်ကလေးကို ကြည့်နေသည်။ တပ်ကြပ်ကလေးသည်အမြင် ခြား

www.burmeseclassic.com

www.burmeseclassic.com



အစောင့်မရှိ၊ တပ်ကြပ်ကလေးသည် သေနတ်ကို ပခုံးတွင်လွယ်လျက် အစုန် အဆန် လျှောက်လျက်ရှိသည်။ သူ့ကိုကြည့်ရသည်မှာ ငြီးငွေ့နေပုံရသည်။ ဒါကို ပီဘီက ကောင်းစွာ သိလေသည်။ သူ့နောက်ခံ တပ်ပျက်ကြီး အတွင်းဝယ် ထမင်းချက်နေကြပုံရသည်။ မီးဖိုမှ မီးခိုးတလူလူထွက်လျက်ရှိ သည်။ အာရုပ်ညွှတ်သည်များ ရောက်ရှိနေသဖြင့် နေဝင်မှောင်ချ စည်းကမ်း မှာ လျော့လျှော့ ဖြစ်နေပုံရသည်။ အာရုပ်များကိုယ်တိုင်ကလည်း ထိုစည်း ကမ်း ကလနားများကို ဂရုစိုက်ကြပုံမရ။

ဂျာမန် တပ်ကြပ်ကလေးသည် ရေကန်ဆီသို့ လျှောက်လာလိုက်၊ နောက်လှည့်ကာ ပြန်လျှောက်လိုက်ဖြင့် လုပ်နေသည်၊ တပ်စခန်း တခုလုံး တွင်အမှောင်ထုက လွှမ်းခြုံထားသည်။ စောစောက လရောင်မှုန်ပျပျပင် မရှိတော့။

ပီဘီ သည် ရင်းလုပ်ရမည်ကို ဆုံးဖြတ်လိုက်သည်။ စွန့်စားရပေမည်။ အန္တရာယ်က များလှသည်။ သို့သော်သူ့တွင် တခြားရွေးစရာလမ်း မရှိပြီ။

ဂျာမန်တပ်ကြပ်ကလေးသည် ရေကန်ရှိရာ လျှောက်လာပြန်သည်။

ပီဘီ ၏ အကြောအခြင်များ တင်းမာလာသည်။

ဂျာမန်တပ်ကြပ်ကလေးသည် ရေကန်အနီး ရောက်လာသည်။ ရေ ကန်ဆီသို့ လှမ်း၍မျှမကြည့်.... သနားစရာ တပ်ကြပ်ကလေးခမျာ သူ့အား ဘယ်လိုအရာမျိုးဖြင့် ဘယ်လိုလုပ်လိုက်သည်ကိုပင် သိ တော့ မည် မဟုတ် ချေ။

ပထမ ပီဘီသည် သံပြင်ပေါ်သို့ အသာဆင်းကာ ဝပ်နေလိုက်သည်။ နောက် မတ်တတ်ရပ်လိုက်ကာ သူ့ကိုနောက်ကျောပေးလျက် လျှောက်နေ သောတပ်ကြပ်ကလေးနောက်သို့ ခြေသံမကြားရအောင် တဟုန်ထိုးပြေးလိုက် သွားခဲ့သည်။ ထိုမှ နောက်လူတယောက်ကို သတ်ရမည့် အလုပ်မှာ လွယ်ကူ လှတော့သည်။ တပ်ကြပ်ကလေး၏ နားရွက်နောက်သို့ ဆတ်ကနဲ ဓပ်ပြင်း ပြင်း လက်သီးတချက်သွင်းလိုက်သည်နှင့် တပ်ကြပ်ကလေးမှာ ကြောင် အမ်းအမ်း ဖြစ်သွားစဉ် ဆက်တိုက်ပင် လည်ပင်းကိုရှိုသွင်းကာ အသာ ညှစ်လိုက်ခြင်းဖြင့် ကိစ္စတုံးသွားလေတော့သည်။

တွန့်လိန်နေသော တပ်ကြပ်ကလေး၏ အလောင်းကို သံပေါ်တွင်ချ၊ နောက်တရွတ်တိုက် ဆွဲသွားကာ ရေကန်နောက်ကွယ်အရောက် သူ့အဝတ် အစားများကို ချွတ်ပြီးဝတ်လိုက်တော့သည်။ ပီဘီတွင် မာန်ပြည့်ရှိလာပြန် ပြီ၊ လုပ်ရကိုင်ရသည်မှာ သွက်လက်ချက်ချာလှသည်။ ဂျာမန် ယူနီဖောင် ဝတ်စုံကလည်း သူနှင့် အတော်ပင်။

သေနတ်မှာ ရိုင်ဖယ်မဟုတ်၊ ရှမိုက်ဇာ ဂျာမန်သေနတ်တိုဖြစ်သည်။ အလောင်းကို ရေကန်ထဲချလိုက်ရာ၊ ရေထဲသို့ လူကျသံမှာ ဖွံ့သံ့မျှသာ အသံထွက်၍ အခြားလူများ ကြားပုံမပေါ်၊ ဂျာမန်၏ အောက်ခံသိုးမွေး

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံမှာ ပုပုမန္တးန္တေးနှင့် လူဆေးစော်နံတုန်းပင် ရှိချေသေးသည်။ သို့သော် ချက်ချင်းပင် မေ့ပျောက်လိုက်ကာ၊ ထိုနေရာမှ ဂျာမန်တပ်များ၏ တဲများ ရှိရာသို့ အသာအယာပင် ထွက်ခွာလာခဲ့တော့သည်။

\+ \+ \+

အဆိုးရွားဆုံး အခြေအနေများမှ ကျော်လွန်လာခဲ့ပြီဖြစ်၍ ကာနယ်ဟုမ်းမှာ စိတ်သက်သာ၊ လူသက်သာ ဖြစ်နေသည့်အချိန်ပင် ဖြစ်သည်။ မိမိ၏တပ်ဖွဲ့ကို တာဝန်ယူပြီး၊ အမိန့်ပေးတိုက်ခိုက်ခဲ့ရသည့် ကြီးလေးလှသော တာဝန်ဝတ္တရားမှ ပြီးစီးသွားကာ ရန်သူ့လက်တွင်း သို့ သုံ့ပန်းအဖြစ် ကျရောက်နေပြီ မဟုတ်ပါလော။ မိမိရှေ့ရေးကြမ္မာကို သူတို့ကသာ ဖန်တီးတော့မည် မဟုတ်ပါလား၊ မိမိက ဘာများ တတ်နိုင်ဦးမည်နည်း။ ယခုအချိန်အထိ ဂျာမန်များက သူ့အား ကောင်းမွန်စွာဆက်ဆံကြသည်။ မိမိအဖို့ မိမိတာဝန်ယူ တိုက်ခိုက်ရသော စစ်ဆင်ရေး ကျရှုံးရသဖြင့် စိတ်မချမ်းသာသော်လည်း ရန်သူဂျာမန်များက သူ့အား နာမည်ကြီးလှသော အက်စ်အေအက်စ် အထူးတပ်ဖွဲ့၏ တွဲဘက်ကွန်မန်ဒါအဖြစ် မိမိ၏ ရာထူးအလိုက် ထရိုတသေ၊ တလေးတစား ဆက်ဆံပြောဆိုသွားကြသဖြင့် အကျေနပ်ကြီး ကျေနပ်နေမိသည်ကား အမှန်ပင်။ သူ့အား ဖမ်းလာသော အာရပ်များက ဂျာမန်အရာရှိ ၃-ဦးထံ အပ်နှံလိုက်သည်နှင့် တပြိုင်နက်သူကလည်း ဘာမျှထိန်းချန်ထားခြင်း မရှိ၊ မိမိ မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်စစ်ဆင်ရေးကို ကွပ်ကဲလာကြောင်း၊ ပြောကြားခဲ့လေသည်။ ပီဘီကဲ့သို့ သူသည်လည်း သူ့အသက်ချမ်းသာရာ ချမ်းသာရကြောင်း ကြံဆောင်ရမည် မဟုတ်ပါလား။

ကာနယ်ဟုမ်း၏ စိတ်တွင်း၌မူကား၊ ယခုအချိန်သာ ဂျာမန်များက သူ့အားကောင်းမွန်စွာ ဆက်ဆံကြမည်၊ မကြာခင်မှာမူ သူ့အား လိုအပ်သလို စစ်ဆေးကြပေလိမ့်မည်၊ နှိပ်စက် ညှဉ်းပန်းကြ လိမ့်မည် ဟူ၍ကား တွက်ထားမိပြီး ဖြစ်သည်။ သို့သော်.... ယခုအချိန် သူပင်မန်းနွမ်းနယ်နေချိန်၊ အဖမ်းခံရသဖြင့် စိတ်အား လျှော့နေချိန်ဝယ်၊ စိတ်ဓာတ် ပြန်တက်သည့်အချိန်အထိ စောင့်လေ့မရှိပဲ၊ သူတို့အလိုရှိသမျှ မေးလိုက မေးနိုင်သည့်အချိန်၊ စစ်ဆေးလိုက စစ်ဆေးနိုင်မည့်အချိန်ပင် ဖြစ်သည်။ ဤကဲ့သို့ သူတို့မလုပ်သေးသည်ကား၊ သူတို့လည်း နာမည်ကျော် အာဖရိကဂျာမန်တပ်မှ ဗိုလ်မှူးကြီးများကဲ့သို့ မွန်ရည်သူများဖြစ်ကြ၍သာ ဖြစ်လိမ့်မည်ဟု သူ့စိတ်ကို သူသက်သာအောင် တွေးထားမိသေးသည်။

ပြီးတော့.... ရှိသေးသည်။ ကာနယ်ဟုမ်းသည် သူ့အား ဟိုဆွဲခေါ်သွား၊ ဒီဆွဲခေါ်သွားလုပ်သည့် မျှောက်လိုကောင် ပီဘီအားလည်း သဘောမကျမိ၊ သူ့လက်မှ လွတ်ခဲ့ရသည်မှာလည်း ခပ်ကောင်းကောင်း၊ ယခု.... ဂျာမန်အက်စ်အက်စ် အရာရှိများက သူ့အား ယုယုယယ ထနားကြင်နာသော်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံနေသည်။ ဆေးမှုးကို ချက်ချင်းခေါ်ပြီး သန့်စင်ပေးသည်။ လက်မောင်းမှဒဏ်ရာကို ဆေးထည့်ပြီး၊ ဖြူစင်လှသောကျောက်ပတ်တီးဖြင့် စည်းပေးစေသည်။ ထို့ပြင်လည်း ဆေးပြားများ၊ အစားအစာနှင့် လက်ဖက်ရည် ပူပူကလေးပင် တိုက်ခဲ့သေးသည်။ ကောင်းမွန်စွာ၊ ရိုသေစွာ၊ လေးစားစွာ ဆက်ဆံကြပါပေသည်။ ဆေးပြားကလေးများသည် ဘာဆေးပြားတွေ ပါပါလိမ့်၊ ကာနယ်ဟုမ်းက မသိရှာ၊ သို့သော်.... သူ၏ စိတ်များကား၊ ငြိမ်းအေးချမ်းသာ၍ တလောကလုံးအား ကျေနပ်စရာ ဖြစ်နေချေသည် တကား....။

သူ၏အိပ်ဆောင်ကား ကျယ်ဝန်းလှသည်မဟုတ်။ သူက အခန်းကျဉ်းဟု မသတ်မှတ်၊ အိပ်ဆောင်ဟုသာ သတ်မှတ်သည်။ အက်စ်အက်စ်အရာရှိက အခန်းကျယ်မဟုတ်ခြင်း၊ အခြားဇိမ်ခံပစ္စည်းများ ထားမပေးနိုင်ခြင်း၊ ဤသည်တို့မှာ အခြေအနေအရ ဖြစ်ရသည်မို့ ခွင့်လွှတ်ပါမည့် အကြောင်းဖြင့် တောင်းပန်ရှာသေးသည်။

ဟုမ်းက ခွင့်လွှတ်ပါသည်။ ကျေနပ်စွာဖြင့် ခွင့်လွှတ်ပါသည်။ တကယ်တော့ ဤသူတို့၏အိပ်ဆောင်သည် လွန်ခဲ့သည့် ၆ လ အတွင်းက ဟုမ်းနေခဲ့ဖူးသည့် စစ်တဲများနှင့်စာသော် သက်တောင့်သက်သာ ရှိလှပါ၏။ ခုတင်၊ ပက်လက်ကုလားထိုင်နှင့် အခန်းထောင့်တွင် မျက်နှာသစ်စရာရေစင်၊ လေဝင်ပေါက် စသည်တို့ဖြင့် တခမ်းတနား ရှိလှပါ၏။

ဤအိပ်ဆောင်သည် လက်ဖတင်နင် ကလေး နှစ်ယောက်၏ အိပ်ဆောင်ဖြစ်ပြီး ၎င်းတို့နှစ်ဦးက ဂုဏ်သရေရှိသော ဧည့်သည်တော်အတွက် နေရာဖယ်ပေးရသည်ကို များစွာဂုဏ်ယူကြပါကြောင်း ဖြင့်လည်း အက်စ်အက်စ် အရာရှိက ပြောသေးသည်။ ထို့ပြင်လည်း ဤအိပ်ဆောင်သည် အခြားတဲများနှင့် အလှမ်းဝေးနေ၍လည်းကောင်း၊ တံခါးများကို အပြင်မှပိတ်ဆို့ထားရခြင်းကို လည်းကောင်း သည်းခံပါရန် တောင်းပန်သည်။

ကာနယ်ဟုမ်းက မိမိနားလည်မှုရှိပါကြောင်း၊ စစ်အတွင်း ဖြစ်နေ၍ အရာရာတွင် သည်းခံခွင့်လွှတ်ရမည်ဖြစ်ကြောင်း၊ အရင်းစစ်တော့ စစ်- စစ်- စစ်ပါပဲဟု ပြန်လည် ပြောကြားခဲ့လေသည်။

ကာနယ်ဟုမ်းသည် မွေ့ရာပေါ်၌ ၅ နာရီ၊ ၆ နာရီကြာခန့် လဲလျောင်းနေပြီး နှစ်လိုဖွယ်ရာ အိပ်မက်များပင် မြင်မက် နေသေးသည်။ ဆာလောင်မွတ်သိပ်ခြင်းလည်း မရှိ၊ နာကျင်ကိုက်ခဲခြင်းလည်း ကင်း၊ ဆင်ခရေး တာဝန်သည် နတ္ထိဖြင့် နေရ ထိုင်ရသည်မှာ လွတ်လပ်ပေါ့ပါးလှသည်။

ညနေစောင်းသော် ဆေးမှူးက ဆေးပြားကလေးများနှင့် လက်ဖက်ရည် မတ်ခွက်တခွက် ယူလာပြန်သည်။ ဆေးပြားကလေးများကို လက်

www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်ဖြင့် သောက်ချလိုက်ရပြန်သည်။ ဆေးပြားကလေးများ၏ အာနိသင်ကိုတော့ မသိရှာ။ မကြာပါချေ၊ ကာနယ်ဟုမ်း၏ စိတ်အစဉ်သည် အကောင်းအဆိုးမခွဲခြားနိုင်တော့ပဲ ပကတိ မှောင်ကျသွားလေတော့သည်။

ည ၁၁ နာရီခွဲခန့်တွင်မူ အက်စ်အက်စ်အရာရှိ ဇိုက်ဂင် ယူဆောင်လာခဲ့သော သူတို့၏ ဂျာမန် စိတ်ခွာတ်စစ်ဆင်ရေး ဌာနမှ အထူးစီမံပြုလုပ်ထားသည့် ထိုဆေးပြားကလေးများ၏ တန်ခိုးအာနိသင်က အစွမ်းကုန်သတ္တိပြလေတော့သည်။

ကာနယ်ဟုမ်း၏ ဦးနှောက် အာရုံကြောများကို ထိခိုက်ပျက်ပြားစေကာ သူ့စိတ်မှာလည်း အရူးလိုတဝက်ဖြစ်ပြီး ပြစ်မှုကြီးတခုကို ကျူးလွန်ခဲ့သူပမာ ကြောက်လန့် တုန်လှုပ်နေမိလေသည်။ အက်စ်အက်စ် ဇိုက်ဂင်ပြုသမျှ နုရမည့်အခြေသို့ ဆိုက်ရောက်ခဲ့လေတော့သည်။

တကယ်တော့ ကာနယ်ဟုမ်းအဖို့ လေယာဉ်ပျံခရီးစဉ် မရှိပါပေ။ ဟိုမိုက်ကန်းဟန်း ဖြတ်သွား တပ်ကြပ်ကလေး အတွက်လည်း လေယာဉ်ပျံအစီအစဉ် မရှိ။ နက်ဖြန်လည်း ရှိမည်မဟုတ်။ ဘယ်တော့မှလည်း ရှိမည်မဟုတ်ချေ။

ကာနယ်ဟုမ်းအဖို့ကား အက်စ်အက်စ် အရာရှိ၏ အကြံအစည်ကိုလည်း မသိ။ ဂျာမန်ယူနီဖောင်းဝတ်ဖြင့်ပင် ဖြစ်နေပြန်သော ပီဘီသည် သူ့အနီးတွင် ရောက်ရှိနေသည်ကိုလည်း မသိရှာ။

\+ \+ \+

"တကယ်တော့ တို့က ဇိုက်ဂင်ကို ကျေးဇူးတင်ဖို့ကောင်းတယ်ကွ၊ ဒါပေမယ့်လေ အက်စ်အေအက်စ် သံ့ပန်းတွေကို သူကိုင်ထားတာကိုတော့ ကျုပ် မကြိုက်ဘူးဗျ"

ဟု တပ်မှူး ဂတ်ရှူးက ပြောလိုက်သည်။

"ဇိုက်ဂင် ကိုင်လို့ မရသေးပါဘူးလေ၊ မက်စနာ ခေါ်လာတဲ့ လူတွေပဲဥစ္စာ"

ဟောဲတဲလ်က ပြန်ပြောလေသည်။

"မက်စနာက သံ့ပန်းဖမ်းလာလို့ ဆုကြေးတွေဘာတွေ မတောင်းသေးပါလား"

"သူကိုယ်တိုင်ကလည်း ကြေးစားစစ်သား မဟုတ်လား"

"အင်း.... ကျုပ်ထင်သလိုပါပဲ"

"ဒီလူကို ကျုပ် မကြိုက်ဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဇိုက်ဂင်ထက်တော့ ပိုမဆိုးပါဘူး၊ သူတို့နှစ်ယောက်က အတူတွဲနေတာကြည့်ရတာ ကျုပ်စိတ်ထဲမှာ တမျိုးကြီးပဲ၊ နှစ်ယောက်စလုံး ရက်စက် ကြမ်းကြုတ်မယ့် ပုံပဲ၊ သူတို့ကိုယ်ပေါ်က လျှပ်စစ်စီးကြောင်းတွေ ထွက်နေသလိုပဲဗျ"

"ဟေး....ဂတ်၊ သတိထားပြောလေ၊ အာရေဗျပုံပြင်တွေ ပြောနေတာ မဟုတ်ဘူးနော်"

"ဖအေတူ မအေကွဲ ညီအစ်ကိုတဲ့၊ တယောက်ကအာရပ်၊ တယောက်က ဂျာမန်စစ်စစ်၊ သူတို့နှစ်ယောက်က ဘာလုပ်ကြမှာလဲ၊ ခင်ဗျား ဘယ်လိုထင်သလဲ"

"သူတို့ လိုချင်တာက ကျုပ်ရဲ့ လေယာဉ်ပျံတွေနဲ့ ခင်ဗျားရဲ့ တပ်သားတွေ တဲ့ဗျာ"

"ဘာရမလဲဗျာ.... ဗိုလ်ချုပ်ကြီး ရိုမဲလ်ရဲ့ ကိုယ်တိုင်လက်မှတ်နဲ့ အမိန့်မပါပဲနဲ့ ဘယ်မှာပေးနိုင်မလဲ"

ဟု ဂတ်ရှူးလ် ပြောလိုက်ပြီး၊ ဆက်လက်၍ ၎င်းက "ဒီမယ်.... အထက်က အမိန့်မရပဲ၊ ထမင်းချက်တယောက်မှတောင် ဇိုက်ဂင်ကို မပေးဘူးဗျ၊ ဟို.... မက်စနာ ဆိုတဲ့အကောင်တော့ တည့်ပြောမနေပါနဲ့တော့"

"ကျုပ်ထင်တာက အဲဒီ အထက်က အမိန့်ဆိုတာက ကျုပ်တို့ ဆီ လေယာဉ်ပျံစီးပြီး ရောက်လာမယ်ထင်ပါရဲ့ဗျာ..."

"ဘာလဲ... အဲဒီအမိန့်နဲ့ ကျုပ်တို့ ခင်ဗျားတို့အားလုံး ဇိုက် ဂင် ရဲ့ လက်အောက် ရောက်သွားရမယ်ပေါ့၊ ဘုရား.... ဘုရား.... မဟုတ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲဗျာ"

"အေးဗျာ.... ထူးတော့ တော်တော်ထူးနေတာပဲ၊ ဘာဖြစ်မလဲဆိုတာသာ မသိတယ်၊ တခုခုတော့ တခုခုပဲ...."

"ကျုပ်တော့ သူတို့နဲ့အတူ ထမင်း မစားချင်ဘူးဗျာ၊ တာဝန်တခုခု အကြောင်း ပြလိုက်မယ်၊ ခင်ဗျား.... ထမင်းစားပွဲအတွက် ဘာစီစဉ်ထားသလဲ"

"အလောင်း တလောင်းလောင်းဖော်ပြီး၊ ကင်ကျွေးမယ် စိတ်ကူးတယ်"

ဟော့တဲလ်က ဤသို့ပြောလိုက်သဖြင့် ဂတ်ရှူးလ်က သဘောကျစွာ ရယ်မောလိုက်လေသည်။ ပြီး.... သူက-

"မက်စနာ ကတော့.... အစိမ်းဆို ပိုကြိုက်မှာဗျ"

ဟု ပြောလိုက်သည်။

ထို့နောက် တပ်မှူးများဖြစ်သူ ဂျာမန် ကာနယ် ၂ ဦးသည် စစ်တန်းလျားများဘက်သို့ ထွက်ခွာသွားကြလေသည်။ သူတို့နှစ်ဦးသည် သူ

www.burmeseclassic.com



ဦး၏ စစ်စခန်းအတွင်း၌ ယုံကြည်စိတ်ချစွာ လမ်းလျှောက်လာကြသည်။ ဘယ်နေရာမှာ အမှိုက်ပုံရှိသည်၊ ဘယ်မှာ ဝိုင်ယာကြိုးရှိသည်က အစ သိနေကြသူများဖြစ်၍ အေးအေးဆေးဆေးပင် လျှောက်လာကြသည်။ သူတို့၏ ခန်းတွင် အမိန့်တရပ်ကို တင်းကျပ်စွာလိုက်နာရသည်။ ထိုအမိန့်က တခြားဟုတ်၊ အရာရှိများ အပါအဝင် တစုံတဦးသည် စခန်းအတွင်း၌ မည်သည့်စွည်းအတိုအစမှ ချ၍မထားရ၊ ထိုအမိန့်ကို ဖောက်ဖျက်ကျူးလွန်သော ၂-နေ့နှင့် ၂-ည ဖက်တစ်အလုပ်ကြမ်း ဒဏ်ခံရမည်ဟူ၍ ဖြစ်၏။ ထို့ပြင် ယနေ့ညသည် လကလေးက သာနေသည်ဖြစ်ရာ၊ ကာနယ် နှစ်ယောက်သည် သူတို့၏ ကုတ်အင်္ကျီရှည်ကြီးများကို ပခုံးပေါ်တွင်တင်လျက်၊ ဘေးဝင် လမ်းမကြီးမှ သစ်ပင်ကြီးများအောက်၊ သို့မဟုတ် ဂါးမစ် မြစ်ကမ်းနံဘေး ဝယ်၊ လမ်းလျှောက်ထွက်လာကြသူများသဖွယ် အေးအေးလူလူ လျှောက်လာနေကြသည်။

"ဇိုက်ဂင်က ဟို... အင်္ဂလိပ် တပ်ကြပ်ကလေးကို ဘယ်လိုလုပ်မယ် ခင်ဗျားထင်သလဲ...."

ဟု ဂတ်က မေးလိုက်ရာ၊ ဟော့တဲလ် က...

"မတွေးရဲပါဘူးဗျာ...."

ဟု ပြန်ဖြေသည်။

"သူတိုက်တဲ့ဆေးပြားတွေ ကြည့်စမ်းပါဦးဗျာ၊ ဘာဆေးတွေမှန်း မသိဘူး၊ အင်္ဂလိပ် ကာနယ်တော့ သနားစရာဗျာ...၊ ဘယ်လောက် ခံရမလဲ မသိဘူး...."

"ဇိုက်ဂင်ဟာ အင်မတန်တိုးတက်တဲ့ စစ်သားဗျ၊ ကျုပ်တို့ သိပ် မပြောကြယင် ကောင်းမယ်ဗျာ၊ ခင်ဗျားတို့ ကျုပ်တို့က ဝင်တိုက်နေကြရတယ် မဟုတ်လား၊ သူသေ ငါသေ စစ်ပွဲပဲဗျ၊ တကယ်တော့ အဲဒီ... ဆေးပြားကလေးတွေနဲ့ ရဲရဲနီနေတဲ့ မီးညှပ်နဲ့ကော ဘာထူးမလဲဗျာ"

"ဒီကာနယ်ကို ဘယ်လိုလုပ်ကြဦးမလဲ မသိဘူး...."

"ခု... ခင်ဗျားနဲ့ ကျုပ်နဲ့ အဲဒီ... ကာနယ် ရှိရာ သွားနေကြတာ မဟုတ်လား"

"ကျုပ်တို့ ဝင်ကြည့်ကြရအောင်လား...."

"ကျုပ်တို့မှာလဲ တာဝန်ရှိတာပဲဗျ၊ သုံ့ပန်းဖြစ်လာတဲ့လူ သက်ထက် သာသာ နေရထိုင်ရသလားဆိုတာ ကြည့်ဖို့ ကျုပ်တို့တာဝန်ပဲ မဟုတ်လား"

"လက်ဖတင်နင် လင်းစတက် အိပ်ဆောင်မှာ ထားတယ်မဟုတ် လား...."

"ဟုတ်တယ်၊ လင်းစတက်နဲ့ ဟောနီ တို့နေတဲ့ အိပ်ဆောင်ပဲ၊ နှစ် ယောက်သားက မကျေနပ်ကြဘူး၊ ဇိုက်ဂင်က ဘာပြောလိုက်တယ် မသိဘူး၊ နောက်တော့ အမြီးကုတ်ပြီး နေရာဖယ်ပေးလိုက်ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတညပဲ ဒုက္ခခံရမှာပါ၊ မနက်ကျတော့ ကာနယ်ဟုမ်းကို လေယာဉ်ပျံပေါ် တင်လွှတ်လိုက်မှာ မဟုတ်လား"

"ဇိုက်ဂင်မှာ တခြားအစီအစဉ် မရှိဘူးဆိုယင်တော့ ဟုတ်တာပေါ့ဗျာ...."

"ရှိမယ်မဟုတ်ပါဘူး ထင်ပါရဲ့...."

"ဇိုက်ဂင်လို လူမျိုးစိတ်ကို ဘယ်သူက အတတ်ပြောနိုင်မှာလဲဗျာ"

ဂျာမန် ကာနယ်နှစ်ယောက်သည် မကြာမီဖင် ကာနယ်ဟုမ်းအား ချုပ်ထားရာ တဲအနီး ရောက်လာကြသည်။ တဲဝင်ပေါက်မှ လှေကားထစ် ၄-ထစ် သင်းရသေးသည်။ လှေကား ဝ၌ ဂျာမန် စစ်သား နှစ်ယောက် စောင့်နေသည်။ သူတို့နှစ်ဦးသည် မကြာသေးမီက အက်စ်အေအက်စ်များ အစီးခံခဲ့ရ၍ ပိုမိုသတိရှိနေကြသည်။ လူနှစ်ယောက် တဲအနီးကပ်လာသည်နှင့် တပိုင်နက် တဦးက လှေကားထိပ်သို့ခုန်တက်ကာ လက်နက်ဖြင့် ချိန်ရွယ်ပြီး မေးလိုက်သည်။ တပ်မှူး ဟော့တဲလ်က မိမိတို့ မည် သူ မည် ဝါ ဖြစ်ကြောင်း ပြန်ပြောလိုက်သည်တွင် အစောင့်က သေချာစွာသက်နှိပ်ခေတ်မီး ဖြင့် ထိုး ကြည့်ပြီး၊ ကျေနပ်မှ အနီးသို့ကပ်ခွင့် ပြုလိုက်သည်။ ဤသို့ သေချာစွာစစ်ဆေးသည်ကို အစောင့်ဂျာမန်က အရာရှိများအား တောင်းပန် ခြင်း မပြု၊ မိမိတာဝန် ဝတ္တရားကို အသိ အကျ ထမ်းဆောင်ခြင်းမျှသာ ဖြစ်သည်။

"အကျဉ်းသား လုံလုံခြုံခြုံရှိ ရဲ့လား...."

ဂတ် က မေးလိုက်ရာ၊ အစောင့် စစ်သားက....

"ရှိပါတယ်ခင်ဗျာ...."

"မင်းတို့ တချိန်လုံး စစ်ဆေးကြရဲ့လား...."

"စစ်ဆေးပါတယ် ခင်ဗျား...."

"ဘယ်လောက်ကြာကြာမှာ တခါ စစ်ဆေးတာလဲ...."

"တနာရီတခါ စစ်ဆေးပါတယ်...."

"အကျဉ်းသား ဘယ်လိုနေသလဲ...."

"ကောင်းကောင်းမွန်မွန် ပါပဲ...."

တယောက်က ဝင်ပြောသည်။

"သူ သီချင်းဆိုနေတယ် ခင်ဗျ...."

"ဟေ.... သီချင်းဆိုတယ် ဟုတ်လား...."

"ဟုတ်ဘယ်ခင်ဗျ၊ သူ့ကိုယ်သူ သီချင်းကလေး တညည်းညည်းနဲ့ နေတယ်ခင်ဗျ၊ အင်္ဂလိပ်သီချင်းပဲ ခင်ဗျ၊ အေးအေးဆေးဆေးပါပဲ၊ ကျွန်တော်တို့ အရုပ်ခိုင်းလိုက်ရမလား..."

"မခိုင်းပါနဲ့... မခိုင်းပါနဲ့၊ ဆိုပါစေ.... ဆိုပါစေ၊ ကဲ,... တံခါး သော့ဖွင့်ကြစမ်းပါဦး...."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...."

"အင်း.... သီချင်းဆိုတဲ့ ဗိုလ်မှူးကြီးပေါ့၊ အင်း... ဘာတွေတွေ့ရဦးမယ် မသိဘူး...."

ဟု ဂတ်က ဟောဲ့တဲလ်အား ပြောလိုက်သည်။

ဂျာမန် ကာနယ်နှစ်ယောက်သည် ခပ်နိမ့်နိမ့်တံခါးကိုငုံ့၍ တဲတွင်းသို့ ဝင်လိုက်ကြသည်။ တဲအတွင်း၌ ရေနံဆီမီးအိမ်တခု ထွန်းညှိထားသည်။

ကာနယ်ဟုမ်းသည် သူ၏လက်တဘက်ကို ခေါင်းအောက်၌ထားပြီး၊ ပက်လက်လှန် အိပ်နေသည်။ သူသည် ယူနီဖောင်းဝတ်စုံ အပြည့်အစုံ ဝတ်ထားသည်၊ သံကန္တာရသုံး ဘွတ်ဖိနပ်ပင် စီးထားလိုက်သေးသည်။ ဒဏ်ရာရသော လက်မောင်းမှ အင်္ကျီလက်ကို ညီညီညာညာ ဖြတ်ထားပြီး၊ ပလာစတာကိုင်ထားသည့် လူ့လက်မောင်းကို သူ့ဘေးတွင် ချထားရာ၊ သူ့လက်နှင့်ကိုယ်မှာ မဆိုင်သလို တခြားစီဖြစ်နေသည်။

အစောင့်စစ်သားများ ပြောသည်မှာ၊ မှားနေချေပြီ။

ကာနယ်ဟုမ်းသည် သီချင်းဆိုနေသည် မဟုတ်၊ ကလေးငယ်တယောက် ညည်းတွားနေသလို စကားမပီကလာ ပီကလာပြောပြီး ညည်းတွားနေခြင်းသာ ဖြစ်သည်။ သူ၏မျက်လုံးအစုံမှာ ပွင့်နေပြီး၊ တခြား.... တချိန် တခြားကမ္ဘာတခုသို့ ရောက်ရှိနေပုံပေါ်သည်။ သူ့အနီးသို့ ဂျာမန်အရာရှိများ ရောက်နေသည်ကိုလည်း သိပုံမပေါ်။

"မေ့ဆေး မိနေတယ်ထင်တယ်"

ဂတ်ကဟောဲ့တဲလ်အား ပြောလိုက်ရာ ဟောဲ့တဲလ်က....

"မော်ဖိန်း ပေးထားတာ၊ အနာသက်သာအောင်လို့"

"မော်ဖိန်း မဟုတ်ဘူးနဲ့တူတယ်၊ တခြားတခုခုပဲ"

"အင်း ဘုရား....ဘုရား တို့တတွေ ရှေ့လျှောက် ဘာတွေရင်ဆိုင်ကြရဦးမယ် မသိဘူး၊ ရိုးရိုးသားသား ကျည်ဆန်တွေဟာ အသုံးဝင်တော့မှာ မဟုတ်ဘူးနဲ့တူတယ် ဂတ်ရယ်"

"နာနာ....နာနာ....နာနာ"

ဗြိတိသျှ ကာနယ်က ညည်းတွားနေသည်။

"ဂတ်.... တို့မတွေ့ချင် မမြင်ချင်တာတွေ တွေ့နေပြီကွာ"

"အင်း....မနက်ဖြန် လေယာဉ်ပျံပေါ် မြန်မြန်ရောက်မှ ဒီလူသက်သာမှာပဲ၊ ဇိုက်ဂင်နဲ့ စေးလေသူအဖွဲ့ ကောင်းလေနေမှာပဲ"

ဂျာမန် ကာနယ်နှစ်ယောက်သည် အပြင်မှ အသံတခုကို မကြားလိုက်ကြ၊ ထိုအသံမှာ သဘာဝကျသည့် အသံတော့ အသံပင်၊ တစုံတဦး ချောင်းဟန့်လိုက်သလို သို့မဟုတ် အာခေါင်ရှင်းလိုက်သည့် အသံမျိုးပင် ဖြစ်သည်။

"ကဲ...ကာနယ်ဟုမ်းကို လက်ဆွဲနှုတ်ဆက်လိုက်ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဂုတ်ကပြုံးရွှင်ရယ်မောကာ ဟော့တဲလ်အား အကြံပေးလိုက်သည်။

ဟော့တဲလ်လည်း ကာနယ်ဟုမ်းအနီးသို့ တိုးသွားကာ "ကာနယ်.... နိုးရဲ့လား၊ ကာနယ်အိပ်မက် မက်နေတယ်ထင်တယ်"

ဟု ပြောကာ ကာနယ်၏လက်ကို ဆွဲထုတ်ယူလိုက်ပြီး အသာအယာ လှုပ်ယမ်း ပေးလိုက်သည်။

ထိုအချိန်မှာပင် သူတို့နှစ်ဦး၏ နောက်မှ အသံတသံ ပေါ်လာသည်။

"ခင်ဗျားရဲ့လက်ကို ဖယ်လိုက်ပါ"

သရာဝန်တဦးက လူနာ၏လက်ကို ကိုင်ထားသလို ဟော့တဲလ်သည် ကာနယ်ဟုမ်း၏လက်ကို ကိုင်ထားယင်းက အသံလာရာသို့ လှည့်ကြည့်လိုက်ရာ အက်စ်အေအက်စ် တပ်သား၏ မျက်နှာကို ဘွားကနဲ သွားတွေ့ရသည်။

သူကား ပုတာက်တက် တုတ်တုတ်ခိုင်ခိုင်နှင့် ဝတ်ထားသည်က ဂျာမန် ယူနီဖောင်း၊ ဟော့တဲလ် ပထမဆုံးထင်လိုက်မိသည်က သူတို့စခန်းကို အက်စ်အေအက်စ်များ ဝင်စီးပြန်ပြီ၊ ဤအချိန်တွင် သေနတ်တချက်မှ မဖောက်ရပဲ အငိုက်မိကာ စခန်းတခုလုံး သိမ်းပိုက်ထားမိကြပြီဟု ထင်လိုက်မိသည်။ သို့သော် ချက်ချင်းပင် ဂျာမန်ယူနီဖောင်းဝတ် အက်စ်အေအက်စ် တပ်သားမှာ မကြာမီက ခံတပ်ပျက်ကြီးအတွင်း ဇိုက်ဂင်ချုပ်ထားခဲ့သည့် အင်္ဂလိပ်ဘိပ်ကြပ်ကလေး ဖြစ်နေမှန်း သိလိုက်သည်။ သူ ဘယ်လိုလွတ်လာပါလိမ့်၊ ဇိုက်ဂင်က ပြောတော့ တပ်ကြပ်ကလေးက အကုန် ပေါ်ပြောပြီးပြီ၊ သူတို့ဘက်သား ဖြစ်နေပြီဟု ဆိုသည်။ ပြီးတော့လည်း ခံတပ်ပျက်၏ မြေအောက်အချုပ်ခန်းမှာ လုံခြုံလှသည်ဟု ဆိုသည်။ ယခု ဘယ်လို ဖြစ်လာပါလိမ့်။

ဂုတ်ရှုံ့မဲ့ကား ထုံထုံအအဖြစ်သည်။

"မင်း....မင်းတော့ ပြန်ဖမ်းမိယင် အသတ်ခံရတော့မှာပဲကွာ"

ဟု သနားကြင်နာစွာဖြင့် ပြောလိုက်သည်။ ပီဘီကလည်း —

"ကျုပ်သိပါတယ်ဗျာ၊ ကဲ... ကာနယ်ကို ထူလိုက်ကြစမ်းပါ"

"မင်းက တို့ကို"

"ထူပါ . ခုထူပါ"

ဂုတ်သည် ဟော့တဲလ်နှင့် မျက်လုံးချင်း စကားပြောလိုက်သည်။ သူတို့နှစ်ဦးက ပီဘီအားခုန်၍ အုပ်လိုက်နိုင်ကြသည်။ သို့သော် ပီဘီက အပေါက်ဝကို သူ့ကိုယ်လုံးက ကာထားပြီး ခပ်ဝေးဝေးမှာ ဖြစ်နေသည်၊ ထို့ထက်လည်း သူကားဓားကိုကျင်လည်စွာ သုံးတတ်ပုံရသည်။ သူ၏ လက်တဘက်က ရှမိုက်ဇာသေနတ်တိုကို ပေါင်ခြံတွင် ဒင်ကိုထောက်ပြီး ချိန်ရွယ်ထားလျက် တဘက်က သွေးအလူးလူးနှင့် ဓားမြှောင်ကို ကိုင်ထားသည်။ သူကား လူသတ်သမား ချောင်ပိတ်မိကာ သွေးရူးသွေးတန်း ဖြစ်နေသော

www.burmeseclassic.com

www.burmeseclassic.com



တိုရစ္ဆာန်လိုလူမျိုး၊ ဘယ်သူ့ကိုမဆို ထပ်သတ်ရန် လက်နှေးမည့်သူမဟုတ်။ ဟောတဲလ်တို့အား အရာရှိများဖြစ်သည်။ လက်နက်မဲ့သူများ ဖြစ်သည်ဟု သူဆင်ခြင်မည်မဟုတ်။

ထို့ကြောင့် ဟောတဲလ်တို့သည် မူလအကြံအစည်ကို လျှော့ကာ တဦးကိုတဦး ခေါင်းညိတ်အချက်ပြကာ ကာနယ်ဟုမ်းအား ဆွဲယူပေးလိုက်သည်။

"ကာနယ်....ဘာဖြစ်နေတာလဲ"

ပီဘီက မေးလိုက်သည်။ သူ့ပြောသည့်စကားကို ဂျာမန် ကာနယ် နှစ်ယောက်က နားမလည်၊ ထို့ကြောင့် ပီဘီက ဤအကြိမ်၌ သူတို့နား လည်လောက်သည့် အင်္ဂလိပ်စကားဖြင့် မေးလိုက်ပြန်သည်။

"ဒီမယ်... ကျုပ်မေးနေတယ်၊ ကာနယ်ဘာဖြစ်နေသလဲလို့"

"အိပ်ဆေး ကျွေးထားတယ်"

"သူ့အနာ သက်သာအောင်လို့ပါ"

"သူ လမ်းလျှောက်နိုင်မလား"

"ဘာ ပြောတယ်"

"ဒုက္ခပါပဲ....ကဲဗျာ သူ့ကိုဒီအနား တွဲခေါ်ခဲ့ကြ၊ ဖြည်းဖြည်း သက်သာလဲ လုပ်ပါ"

ဂျာမန် ကာနယ်နှစ်ယောက်အဖို့ ဤအချိန်သည် အကောင်းဆုံး အချိန်ပင် ဖြစ်တော့သည်။ အိပ်ဆေးဝင်သည် ကျဉ်းမြောင်းလှသည်။ ကာနယ်ဟုမ်းကို အကွယ်အကာလုပ်ပြီး တယောက်က ပီဘီကို ခုန်အုပ်လျှင် သူတို့နှစ်ယောက်က အသာစီးရနိုင်သည်၊ တိုက်ပွဲတွင် တယောက်ယောက်တော့ အသက်ပေးလျှင် ပေးရမည်။ သို့သော် အကျဉ်းသားများကား လွတ်လမ်း မရှိ။

ကာနယ် နှစ်ယောက်က ဤအတိုင်းတွက်မိကြသည်။

သို့သော် မည်သူမှ စတင်မလှုပ်ကြ။

သူတို့နှစ်ယောက်ကြားတွင် ကာနယ်ဟုမ်းသည် အရက်မူးသူပမာ ဒယီးဒယိုင်ဖြင့် ပါလာသည်။ သူသည် မျက်စိကို တအားဖြုံပြီး အခြေအနေ မှန်ကို လေ့လာနေပုံရသည်။

"မက်....မက်....မက်မင်းမဟုတ်လား"

"ဟုတ်ပါတယ် ကာနယ်၊ ကျွန်တော်မက္ကနဲယားပါ၊ ကျွန်တော်တို့ တချီပြေးကြဦးစို့ ကာနယ်"

"ဟာ....လာပြန်ပြီ မလုပ်နဲ့....မလုပ်နဲ့"

"ကာနယ်....ဒီဘက်ကိုလာခဲ့ပါ"

"အိုက္ခာ....တယ်ရှုပ်ပါလား"

"လာပါ ကာနယ် ခင်ဗျား၊ တောင်းပန်ပါတယ်၊ လာခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဟုမ်းသည် ဟောတဲလ်တို့နှစ်ဦးကြားမှ တိုးထွက်လာခဲ့ရာ ပီဘီကဆီး၍ ဖမ်းလိုက်ပြီး သူ၏ပခုံးတဘက်ပေါ်သို့ ဆွဲတင်လိုက်ကာ တံခါးဝဆီသို့ နောက်ဆုတ်နောက်ဆုတ်ဖြင့် သွားလေသည်။

"ပြေးကြဦးစို့....ပြေးကြဦးစို့....ခဏ... ခဏပဲ ပြေးနေရတာတယ်....ငါလေ"

ကာနယ်ဟုမ်းက တဖျစ်တောက်တောက် ပြောယင်း အပေါက်မှ ထွက်လိုက်ရာ အပေါက်ဝတွင် လူသေကောင်ဖြစ်နေသော အစောင့်အား ခြေထောက်ဖြင့်တိုက်မိကာ လဲကျသွားလေသည်။

"နာနာ....နာနာ....နာနာ"

"မင်းတော့ ပြဿနာပဲကွာ"

ဟောတဲလ်က ပီဘီအား သနားကြင်နာစွာ ပြောလိုက်မိသည်။

ပီဘီသည် ဓားမြှောင်ကို အသာအယာ ကိုင်ထားသည်။ ဓားမြှောင်ကား ဂျာမန်ဓားမြှောင် ဖြစ်သည်။ စစ်တပ်မှ ထုတ်ပေးထားသော ဓားမြှောင်မဟုတ်၊ စစ်သားကလေးများ အလှကိုင်ကြသည့် အရပ်သုံး ဓားမြှောင်သာ ဖြစ်သည်။ ပီဘီ၏လက်ထဲတွင်ကား အလှကိုင်မဟုတ်တော့ လူသတ်ဓားမြှောင်ဖြစ်နေသည်။ သူသည် သေနတ်ကိုမသုံးရဲ၊ အသံမမြည်မှ ဖြစ်မည်၊ အသုံးပြုစရာရှိလျှင် ဓားမြှောင်ကိုသာ အသုံးပြုရလေမည်။

ဂတ်က တိုးတိုးပြောလိုက်သည်။

"ကျုပ်အယင်လိုက်မယ်"

ဂတ်သည် ဓားမြှောင်ကိုကား မမှိတ်မသုံကြည့်ပြီး တံခါးဝသို့ တဟုန်ထိုး ပြေးလိုက်လေတော့သည်။ သူသည် ပီဘီ လက်တွင်းမှ သေနတ် ကို မကြည့်မိ၊ သေနတ်ဒင်ဖြင့် တချက်တည်း သူ့ခေါင်းကို လွှဲရိုက်ခြင်းခံလိုက်ရရာ ဝုန်းကနဲကြမ်းပြင်ပေါ် မှောက်ကျသွားလေတော့သည်။

ဟောတဲလ်သည် လက်ကိုအသာနောက်ပစ်ပြီး ကြည့်နေသည်။ ဘာယ်လိုမှမလှုပ်၊ ဘာမှမပြော၊ သူလည်း သူ၏ပါးချိတ်ကို သေနတ်ဒင်ဖြင့် အရိုက်ခံလိုက်ရသည်။ သို့သော် သူသည် ဝမ်းသာပါသည်။ အသက်မသေ၊ ပါးချိတ်ရိုးကျိုးရုံ ကျိုးသဖြင့် အပြင်တွင် လဲသေနေသော အစောင့် ထက်သက်သာသေးသည် ဟု ယူဆမိသည်။

ပီဘီက အပြင်တွင် မေ့နေသော အစောင့်အားတဲအတွင်းသို့သွင်း၊ တဲတံခါးဝကို သော့ပိတ်နေစဉ် ကာနယ်ဟုမ်းသည် 'နာနာ....နာနာ....နာနာ'ဟု ညည်းတွားနေဆဲပင်ဖြစ်သည်။ နောက် ပီဘီက ကာနယ်ဟုမ်းအား တဲ့ကာ—

"ဒီဘက်ကိုလာ ကာနယ်"

"ဘယ်သွားမှာလဲ နေပါဦး၊ ကျုပ်မေးပါရစေဦး၊ ကျုပ်တို့ဘယ်သွားကြမှာလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



ပီဘီက စိတ်မရှည်ဟန်ဖြင့် —

"အင်္ဂလန်ကို သွားကြမှာပါခင်ဗျား"

"ဟာ....ဟုတ်လား....တကယ်"

"တကယ်ပါခင်ဗျာ....တက္ကစီလာပါလိမ့်မယ်"

ပီဘီသည် ဤသို့ပြောယင်း ခေါ်မြှောင်ကို ခါးကြားတွင် သွင်းပြီး သေနတ်တိုကိုပခုံးတွင် လွယ်လိုက်သည်။ နောက် ကာနယ်ဟုမ်း၏ ပခုံးကို ပုတ်ပြီး တည်တည်ပင် ကိုင်လိုက်ပြီး....

"ကဲ....လာ၊ ကျွန်တော့်နောက် လိုက်ခဲ့ပါ၊ မကြာခင် တက္ကစီ လာပါလိမ့်မယ်၊ ဟိုမှာ....ဟိုမှာ တက္ကစီ"

"ကားမီးရောင်လဲ မမြင်ပါလားကွ"

"စစ်အတွင်းလေ ကာနယ်ရဲ့.... စစ်အတွင်း ဘယ်မှာ မီးထွန်းရပါ့မလဲ"

"စစ် စစ်.. တယ် ဒီစစ်"

ပီဘီသည် ကာနယ်အား မသိမသာ ဆွဲခေါ်ခဲ့ကာ စောစောက သူ ဝှက်ထားခဲ့သည့် စကစ်ပါးကား ရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။

ပီဘီသည် သူ၏နောက်တွင် သဲလွန်စများ တသီတတန်းကြီး ကျန်ခဲ့သည်ကို သတိပြုမိသည်။ ပထမမြေအောက် အချုပ်ခန်းလွတ်၊ နောက် ပျောက်နေသော စန္ဒရီ တပ်ကြပ်ကလေး၊ ဒိန်မလာကား၊ တဖန် လည်ကျိုးပြီး သေနေသော တပ်ကြပ်ကလေးတယောက်နှင့် ပျောက်နေသော တပ်မှူးများ စသဖြင့်ဖြစ်ရာ၊ အချိန်မရွေး တပ်စခန်းတခုလုံး တပ်လှန့်ပြီး မိမိတို့နောက်သို့ လိုက်လာကြပေတော့မည်။ အထူးသဖြင့် ကာနယ်ဟုမ်း သည် ဤအခြေအနေအတိုင်း ဖြစ်နေပါက ခက်ချေမည်၊ ပီဘီသည် ဤသို့အဖြစ်မျိုးကို တွေ့ဖူးသည်၊ အမြောက်ဆန်၊ ဗုံးဆန်များကို ကြောက်မှု၊ စစ်ပန်းမှု စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် စိတ်တမျိုးဖြစ်သွားသည့် ရဲဘော်အမျိုးမျိုးကို တွေ့ဖူးသည်။ တမျိုးကမူ ဦးနှောက်ပုံမှန်အတိုင်းမဟုတ်သည့် ကိစ္စပင် ဖြစ်သည်။ ယခု ကာနယ်ဟုမ်းသည်လည်း သည်အတိုင်းဖြစ်နေသည်။ သူ၏ ဦးနှောက်မှာ ကလေးလိုဖြစ်သွားသည်။ သူငယ်ပြန်နေသည်။ မော်ဖိန်း သို့မဟုတ် တခြားဆေးဝါးတမျိုးမျိုးဖြင့် စီရင်လိုက်ပုံရသည်။

ကာနယ်ဟုမ်း၏ အကျဉ်းခန်းအတွင်းဝယ် ခေတ္တခဏမျှ နှစ်ခြိုက်စွာ အိပ်မောကျနေကြသော တပ်မှူးနှစ်ဦးနှင့် စစ်သားတဦးသည် မကြာမတင်ပင် သတိပြန်လည်ရကြတော့မည်။ တနာရီ သို့မဟုတ် တနာရီကျော်ကျော်ခန့်သာ သူ့တွင် အချိန်ရသည်၊ သို့သော်လည်း အခြားသဲလွန်စများအရ သည့်ထက်စော၍လည်း တတပ်လုံး သိရှိနိုင်ပေသည်ဟု ပီဘီက တွက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဟုမ်းသည် ကားမောင်းသူ၏ဘေးခုံတွင် ထိုင်မိပြီဖြစ်သည်။ ပီဘီက ကားမောင်းသူနေရာတွင် ဝင်ထိုင်ကာ စက်ကိုနှိုးပြီး ကားကိုအသာ လိမ့်ထွက် လာခဲ့သည်။

ဤတချီတွင် ကားသွားလိုသည့် အရပ်မျက်နှာကို ရွေးနေ၍မဖြစ်၊ စခန်းအတွင်းမှ အမြန်ဆုံးထွက်၍ သဲကန္တာရအတွင်းရောက်ဖို့က အရေးကြီး သည်၊ ထို့ကြောင့်ကားဦးကို လှည့်ထားရာဘက်သို့ တရှိန်ထိုးမောင်းထွက် ခဲ့သည်။ ဤအကြိမ်တွင်မူ မြေကြီးထဲဝင်သွားရသွားရမောင်းဝင်သွားမည်၊ ဘယ်နည်းနှင့်မှရပ်၍မဖြစ်။

သို့သော် ပီဘီသည် လွတ်လမ်းတော့မမြင်၊ သူ့ကိုသူ မလှည့်စား၊ လုံးဝဥဿုံ လွတ်ထွက်သွားနိုင်လိမ့်မည်ဟုလည်း သူမထင်၊ သို့သော် အချိန် ရသမျှ လွတ်သပ်နေလိုသည်။ သူ့ဘေးတွင် ကာနယ်ဟုမ်းပါနေသမျှ ခါတ ဆီရှိသမျှ ကားမောင်း၍ ရသမျှလကလေး မသာဟသာအချိန်အတွင်းတော့ လွတ်အောင်ပြေးမည်ဟု စိတ်ကူးထားသည်။

ဂျာမန်တို့၏ လျှို့ဝှက်လေယာဉ်ကွင်း တပ်စခန်းသည် နောက်တွင် ကျန်ရစ်ခဲ့ပြီး သူ၏ကားဘီးသည် အောက်မှသဲမာပေါ်ဝယ် ပြေးကောင်း ဆဲပင်။

ပီဘီသည် ၂-နာရီနှင့် မိနစ် ၅၀-ခန့် မရပ်မနား တရကြမ်းမောင်း လာခဲ့ရာ၊ နောက်မှ လိုက်လာသူများ၏ အသံဗလံများကို စိုးစဉ်းမှ မကြား သား၊ သူ၏ဘေးမှ ကာနယ်ကသာ အာခေါင်သံဖြင့် ညည်းတွားလိုက် ထိုး ဉြည်ကို ကြားနေရသည်။

မကြာမီ ဆာလာပြီ၊ ဗိုက်က မခံမရပ်နိုင်အောင်ပင် ဆာလောင်မွတ်သိပ်လာ ရ၏ပြီ၊ ပီဘီသည် ၂၄-နာရီပတ်လုံး ဘာတခုမျှ မစားရသေး၊ ချမ်းလည်း ချမ်းလှသည်။ ဂျာမန်ယူနီဖောင်း ဝတ်ထားပါလျက် အအေးဒဏ်မခံနိုင်၊ သို့သော် သူက ဆုံးဖြတ်ထားသည်။ အခိုင်အမာပင် ဆုံးဖြတ်ထားသည်။ ပြန်၍ အဖမ်းခံရပါက ဘယ်နည်းနှင့်မျှ အသက်နှင့် ခန္ဓာကိုယ်တွဲလျက် အဖမ်းမခံ၊ ဤဆုံးဖြတ်ချက်ဖြင့် ပီဘီသည် ကားကိုမရပ်မနားပဲ အလ် ဟာရောက်ဆီ၏ အနောက်မြောက်စူးစူးသို့ မောင်းနှင်လာရာ မကြာမီပင် မရဏ ကန္တာရအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့တော့သည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

## ၄။ မရဏကန္တာရ

ညီအစ်ကိုချင်း ခွဲခွာကြရာတွင်လည်း စတင်တွေ့ဆုံစဉ်ကကဲ့သို့ ကဗျာမဆန်လှ။

တကယ်တော့ ဇိုက်ဂင်နှင့် မက်စနာညီအစ်ကို နှစ်ယောက်သည် တယောက်နှင့်တယောက် မတွေ့ဖူး မကြုံဖူးကြသော တစိမ်းပြင်ပြင် ညီအစ်ကိုများ မဟုတ်ကြ၊ စစ်ကြီးမဖြစ်မီက ၄-၅ ကြိမ်ခန့် တွေ့ဖူးဆုံဖူးခဲ့ကြသည်။ သို့တွေ့တိုင်းလည်း ကံကြမ္မာကခွဲ၍ထားသော ညီအစ်ကိုချင်း ပြန်တွေ့ကြပုံမျိုးမဟုတ်၊ တဦးအပေါ်တဦးက အမြတ်ထုတ်လိုသည့် သဘောဖြင့် တွေ့ခဲ့ကြခြင်း ဖြစ်ပေသည်။

မက်စနာသည် ဖခင်၏အမည်ကို ဝင့်ကြွားစွာ ခံယူထားသည်။ သူက ဇိုက်ဂင်ထက်ပို၍ အင်္ဂလိုဆက်္ကဆွယ် မဟာဂျာမန်လူမျိုး ဆန်နေပေသေးသည်။ ဇိုက်ဂင်ကမူ သူ၏ဖခင်နှင့် မိခင်ကွဲကြသော် မိခင်ဘက်မှ မိသားစုအမည်ကို ဆက်လက်ခံယူခဲ့သည်။

ဇိုက်ဂင်နှင့် မက်စနာတို့ ဖအေတူ-မအေကွဲ၊ ညီအစ်ကို ၂-ဦးသည် မက်စနာ၏ ညီအစ်ကိုဝမ်းကွဲတော်တဦး၏ ကောင်းမှုကြောင့် တဦး အကြောင်းတဦး သိရှိခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပေပြီ။ မက်စနာ ဝမ်းကွဲတော်သည် ၁၉၆၀-ခုနှစ်က စ၍ တူးနစ်တွင် နေထိုင်ခဲ့သူဖြစ်သည်။ သူသည် ချမ်းသာကြွယ်ဝသူပီပီ အလုပ်မရှိအလုပ်ရှာပြီး၊ ဆွေစဉ်မျိုးဆက် လိုက်လံပေါ်ဟပ်ရာမှ မက်စနာတို့ ညီအစ်ကိုအကြောင်းကိုတွေ့ရှိပြီး တော်စပ်ပုံ၊ တော်စပ်နည်းကို အထုပ်ဖြေပြခဲ့သည်။ ထိုမျှသာမက ဇိုက်ဂင်

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို၏ ဖခင်ဖြစ်သူ ရှူးဒေါ့အားလည်း မြောက်အာဖရိကတိုက်သို့ ပို့ဆောင်ပေးခဲ့လေသည်။ ၁၉၃၆-ခုတွင် ရှူးဒေါ့သည် အရက်လွန်ရောဂါ၊ ဆစ်ဖလစ် ကာလသားရောဂါများဖြင့် ကွယ်လွန်သောအခါ အမွေပြဿနာပေါ်လာခဲ့သည်။ သူ၏အမွေကို တရားဝင်ဟုတ်သော၊ မဟုတ်သော သားပေါင်းမြောက်မြားစွာကို ခွဲဝေပေးရန် သေတမ်းစာ ရေးသားခဲ့ရာ၊ ထိုသားများထဲမှ တရားဝင်သားများက ကန့်ကွက်ပြောဆိုကြရာမှ အမွေမှုမှာမပြတ်ပဲ၊ နိုင်ငံတကာရုံးတွင် ၄-နှစ်ခန့် ကြန့်ကြာနေခဲ့ ရပေသည်။ သို့သော်.... နောက်ဆုံး ရုံးမှုစီရင်ချက်ချသော် ဇိုက်ဂင်နှင့် မက်စနာတို့မှာ ဟုတ်ဟုတ်ညားညား မရကြ။ သို့သော်.... အဆိုပါဝမ်းကွဲတော်၏ အမွေအကြောင်းမှု ဖိတ်ခေါ်ချက်အရ ဇိုက်ဂင်သည် ဘာလင် စစ်ဌာနချုပ်မှ ခွင့်ယူ၍လည်းကောင်း၊ မက်စနာအားလည်း ဟိုဂါတောင်ကြားမှ လည်းကောင်း ထွက်လာစေကာ ဟွန်စ်စီးယားတွင် နှစ်ဦးသားလာရောက်ဆုံတွေ့စေခဲ့သည်။ ထိုမှစ၍ ညီအစ်ကိုနှစ်ဦး ရင်းနှီးသွားခဲ့ကြသည်။

တူးနစ်မြို့ ပါရီရိပ်သာရှိ ကလော်ဆီယမ် ဟိုတယ်ဆင်ဝင်တွင် ညီအစ်ကိုနှစ်ဦးသည် ဝမ်းကွဲတော်အား ပ,ထုတ်လိုက်ပြီး၊ ရှေ့ရေးကို ခေါင်းချင်းရိုက် ဆွေးနွေးခဲ့ကြသည်။ သူတို့ ဆွေးနွေးသည့်အချက်ကား တရားရုံးနှင့်ဆိုင်သော အမွေမှုမဟုတ်၊ ဘာလင် စစ်ဌာနချုပ်နှင့် ပတ်သက်သော စစ်ရေးစစ်ရာ အကြောင်းများသာ ဖြစ်သည်။ ထိုအချိန်မှစ၍ ညီအစ်ကိုနှစ်ယောက် လျှို့ဝှက်စွာ ဆက်သွယ်ရေး စတင်ခဲ့လေတော့သည်။

သူတို့နှစ်ဦးကား.... ဖခင် ရှူးဒေါ့မက်စနာ၏ သားများပီပီ၊ အကြံကြီးသူ၊ လျှို့ဝှက်သူ၊ ဖြတ်စားလျှပ်စား လုပ်တတ်သူ၊ ကိုယ်ကျိုးရှာသူများဖြစ်ကြရာ၊ ကမ္ဘာစစ်ကြီးဖြစ်လတ္တံ့သော စစ်ရိပ်စစ်ငွေ့များ သန်းနေသည်ကိုမှန်းကာ တဦးနှင့်တဦး မဟာမိတ်ဖွဲ့ကာ ကိုယ်ကျိုးအတွက်အသုံးပြုရန် ကိစ္စများကို ထိုစဉ်ကတည်းက မှန်းဆဆွေးနွေးခဲ့ကြခြင်း ဖြစ်ပေသည်။

ဟော်တဲလ်နှင့် ရှူးလ်တို့သည် သူတို့ကိုယ်ကိုသူတို့ ဂျာမန် အာဖရိကတပ်မှ အရာရှိများဟု ထင်မှတ်နေသော်လည်း တကယ်တော့မဟုတ်ရှာကြ၊ အက်စ်အက်စ် ဇိုက်ဂင်၏ စစ်ကျားကွက်အတွင်းမှ အစားခံပွန်းကျားကလေးသာ ဖြစ်ချေသည်။ ထို့ကြောင့်လည်း ယခုအခါ၊ သူ့ရှေ့တွင် ရောက်နေကြသော၊ မေးရိုးကားနေသော ဟော့တဲလ်နှင့် အုတ်ဆက်ပြုတ်နေ သူ ရှူးလ်တို့နှစ်ဦးအားကြည့်ပြီး ဇိုက်ဂင်က အကြိုက်ဖြစ်နေသည်။ သူ၏ ဒုဗိုလ်ဆောင် အတွင်း၌ ဤ ဟော့တဲလ်နှင့် ရှူးလ်တို့ အုပ်ချုပ်နေရသော လျှို့ဝှက်လေယာဉ်ကွင်း စစ်စခန်းကြီးတခုလုံးအား ဇိုက်ဂင်၏လက်အောက်သို့ လွှဲပြောင်းပေးရန် အက်စ်အက်စ် လျှို့ဝှက်ထောက်လှမ်းရေး ဌာနချုပ်၏ ဆကြီးအကဲ ဟင်မလာ ကိုယ်တိုင် လက်မှတ်ရေးထိုး ပေးလိုက်သည့် အမိန့်စာ

www.burmeseclassic.com

www.burmeseclassic.com



ပါလေသည်။ ယခုအခါတွင် ထိုအမိန့်စာကို ထုတ်ပြရန်ပင် မလိုတော့....၊ တပ်စခန်းတခုလုံးကို ဆက်လက်အုပ်ချုပ်ရန် မဖြစ်နိုင်တော့သည့် တပ်မှူးနှစ်ယောက်အား သူက ဘေးဖယ်လိုက်ပြီး၊ သူစိတ်တိုင်းကျ အမိန့်ပေးသွားရုံသာ ရှိတော့သည်။ မလည်မဝယ် စန္ဒရီတပ်ကြပ်ကလေးကိုပင် ဇိုက်ဂင်က ကျေးဇူးတင်ရဦးတော့မည်။ ဟော့တဲလ်နှင့် ရှူးလ်တို့ တပ်ဆေးရုံပေါ် တက်နေရစဉ် မိမိက တပ်စခန်းတခုလုံးကို ကွပ်ကဲအမိန့်ပေးသည်ကို ကျန်အရာရှိများကလည်း မည်သို့မျှ စောဒကတက်ရဲကြမည် မဟုတ်။

ဤကဲ့သို့ သက်သက်သာသာ လွယ်လွယ်ကူကူဖြင့် အာဏာလွှဲပြောင်းရယူလိုက်သည့်အဖြစ်ကို အော်တိုမက်စနာက သဘောကျသည် မကျသည် မသိ၊ ဇိုက်ဂင်ကိုယ်တိုင်ပင် မက်စနာ၏အတွင်းသဘောကို အကဲမခတ်တတ်၊ အသားဖြူဖြူ၊ မျက်လုံးဖျော့ဖျော့နှင့် သိန်းစွန်နှုတ်သီး၊ နှာခေါင်းချွန်ချွန်ဖြင့် မက်စနာကား.... အမြဲလိုလို သတိရှိနေဟန်မျိုးနှင့် ဘာမှ အလိုမကျသလို သုန်မှုန်နေတတ်သည်။

ဇိုက်ဂင်ကား ကျေနပ်နေသည်။ ဟော့တဲလ်တို့ကိစ္စက ငြိမ်သွားပြီ၊ လိမ်ညာပြောရခြင်း၊ ဖုံးကွယ်ထားရခြင်း စသည်ဖြင့် မလုပ်ရတော့၊ မိမိလာရင်းကိစ္စကို စူးစိုက်လုပ်ရန်သာ ရှိတော့သည်။ ထိုကိစ္စကား စစ်ဆင်ရေးကိစ္စ၊ ဤလျှို့ဝှက် လေယာဉ်စခန်းမှ လေယာဉ်များ၏အကူအညီဖြင့် ဤစခန်းမှ ကောင်းပေ့၊ ညွန့်ပေ့ဆိုသည့် အာဖရိကတပ်မမှ ပင်ဇာတပ်သားများနှင့် မက်စနာ၏ ကုလားအုပ်တပ်တို့ ပူးပေါင်းကာ အလုံးအရင်းဖြင့် ချီပြီး၊ နာဇီတား မြို့ဘက်ဆီသို့ ဦးတည်ချီတက်လျက်ရှိသည့် ဗြိတိသျှ လွတ်လပ်ရေး ရန်သူတပ်မကြီးကို သုတ်သင်ဖြိုဖျက်ရန်ပင် ဖြစ်သည်။

ဤကိစ္စတွင်မူ မက်စနာနှင့် ဇိုက်ဂင်တို့က တသဘောတည်းပင် ဖြစ်သည်။

မက်စနာသည် ပြင်သစ်များကို မုန်းတီးလှသည်။ ဤကိုလိုနီ ဝက်စုတ်များသည် ဆာဟာရသဲကန္တာရတွင် ဗိုလ်ကျမင်းမူနေသည်မှာ ကြာပြီ၊ သူတို့၏ လီးဂျင်း သဲကန္တာရတပ်များကြောင့်လည်း ၎င်းတို့၏ ဟာ့ဂါတောင်ကြား အင်ပါယာမှာ အချိန်မရွေး ကျီးလန့်စာ စားနေရ၏။ ၎င်းအဖို့ အနေကျုံ့ခဲ့ရသည်။ ၎င်းအားလည်း လူသတ်ကောင်၊ ဒမြ-သူခိုးဟု စွပ်စွဲကာ ဖမ်းဆီးမည်ပြုခဲ့ကြသည်မှာလည်း အခါခါပင်။ ဇိုက်ဂင်၏ အမြင်ကား၊ ပြင်သစ်အာဏာပိုင်တို့က မက်စနာအား ဒမြ-သူခိုး လူသတ်သမားဟု စွပ်စွဲခဲ့ကြသည်မှာ မဆိုးလှဟု ထင်မိသည်။ သို့သော်.... ဤ ထင်မြင်ချက်ကို အူ့ဝမ်းတွင်း၌သာ ထားသည်။ အပြင်သို့ ထုတ်ဖော်မပြောခဲ့၊ ယခုအခါတွင်မူ.... အော်တိုမက်စနာနှင့်တွဲ၍ ဂျာမန်တပ်မကြီးတခုလုံးကို ကွပ်ကဲပြီး၊ ရန်သူကိုချေမှုန်းရတော့မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့များက အဖြစ်အပျက်များကို အားလုံး မေ့ထားလိုက်တော့မည်၊ မေ့ထား၍လည်း ရပြီ၊ အက်စ်အေအက်စ်တို့၏ တိုက်ပွဲ၊ ထွက်ပြေးလွတ်မြောက်သွားသော ကာနယ်၊ သူ့အား သဲကန္တာရကြီးက စီရင်ပေလိမ့်မည်၊ ဟာဆီမာတဲလ်လာကို ဝင်စီးခဲ့ကြသည့် လူ ၄-ယောက်၊ ထိုမှ မက်စနာ၏လူပေါင်း ၁၈-ဦး ကျဆုံးခဲ့သည်။ ဒါကိုလည်း ဘေးချိတ်ထား၊ ပြင်သစ်ကောင်၏ လေယာဉ်ပျံ မီးလောင်ပျက်စီးခဲ့ပေပြီ။ သူတို့ အထဲက မည်သူမျှ ဗြိတိသျှစခန်းသို့ လည်းကောင်း၊ ဂျောင်ရန်၏ ပြင်သစ်တပ်သို့လည်းကောင်း၊ ဂျစ်ကားကလေးများနှင့်သွားရုံမျှဖြင့် မရောက်နိုင်၊ ဒါတွေကို အားလုံးမေ့ပစ်ထားပြီး၊ ယခုအခါတွင် ရန်သူပြင်သစ်တပ်ကြီးကို ဖြိုခွင်းဖို့ စီစဉ်ရတော့မည် မဟုတ်ပါလော။

မက်စနာနှင့် ဇိုက်ဂင်တို့နှစ်ယောက်သားသည် သူတို့ရှေ့တွင် မြေပုံကြီးများကို ဖြန့်လျက် စစ်ဆင်ရေးအတွက် ဆွေးနွေးကြသည်။ ၇-မိုင်ခန့်ရှည်လျားသည့် နာ့ဗ်တားတောင်ကြားသို့ ဂျောင်ရန်၏ ပြင်သစ်တပ်ကြီး အရောက် မည်ကဲ့သို့ နှစ်ဘက်ညှပ်တိုက်မည်။ ထိုအချိန်၌ မက်ဒီနိုင်းသို့ချီတက်နေသည့်မောင်ဂိုမာရီ၏ ဗြိတိသျှတပ်များကိုလည်း တချိန်တည်း တန့်ထားရာကျပြီး၊ ထိုအချိန်မှာပင် ဇိုက်ဂင်၏တပ်များက ဒရိမ်းပြတတ်သည့် အဆင့်မျှသာ ရှိတော့သော အမေရိကန်တပ်များကို ထပ်မံထိုးဖောက်တိုက်နိုင်ဦးမည်ဟု သူတို့နှစ်ယောက်က တွက်ထားကြသည်။

မက်စနာသည် ပြင်သစ်ကိုပထမ၊ ဒုတိယ-အမေရိကန်တို့ကို မုန်းတီးလှသည်။ အမေရိကန်များ ရှိခြင်းဖြင့် မိမိ၏ သဲကန္တာရဒေသကို ညစ်ထေးစေသည်ဟု သူက ယူဆသည်။ မက်စနာကား သေနင်ဗိုလ်ချုပ်ဟာကို ဇိုက်ဂင်လောက် ကျွမ်းသူမဟုတ်၊ သူက ပြောက်ကျား စစ်ဆင်နိုင်သည့်နည်းဖြင့်သာ တိုက်ရမည်ဖြစ်ပြီး၊ သူ၏ညီအစ်ကိုတော် ဇိုက်ဂင် ကသာ အဓိကစစ်ဆင်ရေးကို ကွပ်ကဲပေလိမ့်မည်။

ဇိုက်ဂင်သည် စစ်ဆင်ရေးကိစ္စ ဆွေးနွေးတိုင်ပင်ပြီးသော် ၄-နာရီမျှသာ အိပ်စက်ပြီး၊ မနက် ၅-နာရီတွင် အိပ်ရာမှ နိုးလာလေသည်။ သူနိုးသော်၊ မက်စနာသည် သူ၏ အာရပ်တပ်များကို စစ်ဆေးနေသည်ကို တွေ့ရသည်။ မက်စနာသည် သူ၏အာရပ်တပ်များအား လက်နက်နှင့်ခဲယမ်းမီးကျောက်များ ထုတ်ပေးသည်။ စားနပ်ရိက္ခာနှင့် ရေကို ကုလားအုပ်ကျောကုန်းတွင်လွယ်သည့် ကန့်နှိုးအိတ်ကြီးများတွင် ထည့်စေသည်။

နံနက် နေမထွက်မီပင် မက်စနာသည် သူ၏တပ်များကို ဦးဆောင်ကာ အယ်လ်ဟာရောက်ဆီ၏ အနောက်မြောက်ဘက် တူနီးစီး ယားနပ်ခြား နာ့ဗ်ဘားတောင်ကြားဆီသို့ ဦးတည်ထွက်ခွာသွားတော့သည်။

ဇိုက်ဂင်သည် အချိန်အနည်းငယ်ခြားလျက် အော်တိုမက်စနာ၏တပ်များနောက်မှ လိုက်ပါလာရမည်ဖြစ်သည်။ ဇိုက်ဂင်၏တပ်တွင် လက်ရွေးစင်

www.burmeseclassic.com

www.burmeseclassic.com



ပင်ဇာဂျာမန်တပ်သား ၂၀၀-ပါမည်။ လက်နက်အပြည့်အစုံ တပ်ဆင်ပြီး ထရပ်ကားများဖြင့် ချီတက်လိုက်ပါလာကြပါမည်။

ဇိုက်ဂင်သည်သူ့မျက်စိထဲ၌ မြင်ယောင်နေပေသည်။ မက်စနာ၏ အာရပ်တပ်များက နာဇီတားရထားလမ်းကို စီးမိသည်။ ထိုအခါ.... မြင်းသစ်ဂျောင်ရန်၏တပ်များ အငိုက်မိခံရသဖြင့် ဖရိုဖရဲဖြစ်ကာ၊ တောင်ကြားတလျှောက် ပြန့်နှံ့ထွက်လာမည်။ သူ၏ ပင်ဇာတပ်က ထွက်ပေါက်ကို ပိတ်ဆို့မည်။ ဤတွင် ဂျာမန် ဂျန်ကာဗုံးကြဲလေယာဉ်ကြီးများ၊ မက်ဆာရှမစ်တိုက်လေယာဉ်ပျံများက သူတို့အလုပ် သူတို့လုပ်ကြခြင်းဖြင့် ပြင်သစ်လွတ်လပ်ရေးတပ်ကြီးတခုလုံး အစတုံးသုတ်သင်ပြီးသားဖြစ်သွားတော့မည်။ မည်သူတဦးတယောက်မျှ အသက်ရှင်ကျန်ရစ်စေခြင်းမရှိရ၊ ဒဏ်ရာရသူဟုလည်းမရှိစေရ၊ သုံ့ပန်းအဖြစ်လည်း မည်သူကိုမျှဒုက္ခခံပြီးဖမ်းမထားလို၊ မိမိတို့ကမည်သို့ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ခဲ့ကြသည်ဟုပြောနိုင်သူမကျန်အောင်အားလုံး မျိုးဖြုတ်ပစ်မည်။ မိမိစစ်မှုထမ်း သက်တမ်းတလျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် ရှေ့တန်းစစ်မြေပြင်ဝယ် ဦးဆောင်တိုက်ခိုက်ခဲ့သည့် စစ်ပွဲမှာ ရာဇဝင်တွင် ကျန်ရစ်စေရမည်ဟု ဇိုက်ဂင်က မျှော်မှန်းထားသည်။ တဘက်မှ အလေးသာမည့် အချက်အလက်များကိုလည်း ကြိုတွက်ထားပါသည်။ သို့သော်.... မိမိတို့ မည်သည့်နည်းနှင့်မျှ မရှုံးနိုင်ဟု သူက အပိုင်တွက်မိပြီးဖြစ်သည်။

ဇိုက်ဂင်သည် သူ၏ညီအစ်ကိုတော် မက်စ်နာ၏ ရှေ့ပြေးတပ်များ အမှောင်ထုအတွင်း ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ မျက်စိတဆုံးမျှော်ကြည့်နေပြီးနောက် သူ၏ ဂျာမန်လေယာဉ်ပျံများရောက်လာမည့် မိုးကောင်းကင်ပေါ်သို့ မျှော်၍ကြည့်လိုက်မိသည်။ သူသည် သူ၏ အောင်ပွဲအရသာကို ယခုပင်ခံစားမိသယောင် တွေးထင်မိသေးတော့သည်။

ဤအချိန်တွင် မည်သူက ဤတိုက်ပွဲကို ပြောင်းပြန်လှန်ပစ်နိုင်ဦးမည်လဲ...။ မည်သူမျှမရှိ။

ဤသို့ပင် သူကထင်မိသည်။

\+ \+ \+

ဟာဆီမာတဲလ်လာမှ အယ်လ်ဘာရောက်ဆီ ဂျာမန်လျှို့ဝှက် စစ်စခန်းသို့သွားရာလမ်းမှာ ကွေ့ကွေ့ကောက်ကောက်နှင့် ကြမ်းတမ်းလှသည့်လမ်းတလျှောက်တွင်လည်း ကုလားအုပ်ချေးများ၊ မီးကျွမ်းသဲများ၊ သစ်သီး ဗူးခွံများ၊ ကိုကာကိုလာ ပုလင်းလွတ်များ စသဖြင့် နေရာအနှံ့အပြား

www.burmeseclassic.com

www.burmeseclassic.com



တွင် တွေ့ရသည်။ အာရပ်များ သွားလာလှုပ်ရှားသည့် အရပ်ဒေသဟု ခန့်မှန်းနိုင်ရသည်။ တနေရာတွင် ကုလားအုပ် အသေတကောင်၊ ကုန်းနီးနှင့် ကုန်းနီးအိတ်များကို ချွတ်ယူသွားကြပုံရသည်။ ကုလားအုပ်အသေကြီးမှာ ဂုံလျှော်ပုံ ကြီး တ ပုံ ပုံထားသလို အရိုးပြိုင်းပြိုင်းနှင့် ရှိနေသည်။ ယင်တလှောင်းလှောင်းနှင့် ဖြစ်နေပြီ။

တဖန် ကင်းဗဲလ်တို့၏ ဂျစ်ကားနှစ်စင်းသည် တွေ့နေကျ သံထည်ပျက်များကို ဖြတ်ကျော်လာရပြန်ပြီ၊ ထိုအရာများကတော့ ဂျာမန် ကား ပျက်များ၊ ကားဘီးခွေများ စသည်ဖြင့် ဖြစ်သည်။ ကားပျက်များမှာလည်း ဘော်ဒီအိမ်သာ ကျန်တော့သည်။ အာရပ်များနှင့် ဂျာမန်မကွက်င်းနှစ်များက စပယ်ယာပစ္စည်းများအဖြစ် အသုံးပြု၍ ရသမျှဖြုတ်ခွာယူပြီးကြပြီဖြစ်သည်။ ဤဒေသတွင် စပယ်ယာ အပိုပစ္စည်းများ သည် ရှေ့တမျှရှားလှပုံရသည်။

"အော်တိုမက်စနာ၊ ဒီလမ်းကသွားသဗျ"

ဟု ဖာဒီက ပြောလိုက်သည်။

"ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ၊ လုပ်ပါဦး"

ဟု ဒီကွန်က မေးရာ ဖာဒီက 'ကျုပ်အနံ့ခံလို့ရတာ'ဟု ပြန်ပြောလိုက်သည်။

ဒီကွန်တို့သည် အိုအေစစ်မှ လရောင်ဖြင့် ခရီးပြင်းနှင်နိုင်သမျှ နှင်ခဲ့ကြခြင်းဖြစ်သည်။ ခရီးမိုင် ၂၅-မိုင်ခန့် ပေါက်ခဲ့ကြပြီး လမ်းခရီးတွင် အသားပူးများ ဖောက်စားခဲ့ကြပြီး ၆-နာရီခန့် အိပ်ခဲ့ကြလေသည်။ အိုအေစစ်မှ မိမိတို့တိုက်ထုတ်လိုက်သော အာရပ်များသည် အယ်လ်ဟာရောက်ဆီသို့ တချိုးတည်း ပြေးကြကြောင်း ဒီကွန်ကတွက်မိသည်။ လမ်းခရီး၌ မေးမြန်းစုံစမ်းရန် အာရပ်တယောက်ယောက်ကို တွေ့ရှိ ဖမ်းဆီးလိုသည်။ သို့သော် အာရပ်တယောက်တလေမျှ မတွေ့ရ၊ သူတို့အား တန်ပြန်တိုက်ခိုက်မည့် အာရပ်အုပ်စုများကို တွေ့ရမည်ကိုလည်း စိုးရိမ်ရသေးသဖြင့် သတိဖြင့် ခရီးနှင်ခဲ့ကြရသည်။

ညက မိုးသားကင်းခဲ့သည့် ကောင်းကင်သည် နောက်တနေ့တွင် နေပူပြင်းမည်ဟု နိမိတ်ပြခဲ့သည်နှင့်အညီ နေကအပူရှိန်ပြင်းလှသည်။ နံနက် ၁၀-နာရီခန့်တွင်မူ ဒီကွန်တွင် ချွေးတပြိုက်ပြိုက် ကျနေလေပြီ၊ သူသည်ဂျစ်ကားကို သတိနှင့်မောင်းလာရသည်။ သဲကုန်းများနှင့် လေတိုက်၍ လွင့်ပုံနေသော ပေါင်ဒါမှုန့်တမျှ နူးညံ့လှသည့် သဲပုံကလေးများ အကြားရှိ သဲမာလမ်းကိုရွေးပြီး မောင်းနေရသည်။ သဲအိုင်များသည် အပေါ်ယံကသာနှုံးပြီး အောက်မှဂလိုင်ဖြစ်နေတတ်ရာ ဘီးကျွံကျသွားပါက ဆက်သွားမည်မဟုတ်၊ တခါပဲနစ်ပြီဆိုပါက ကားကိုဆွဲတင်ရန် မဖြစ်နိုင်သို့ကြောင့် သဲပြင်မာမာကိုရွေးပြီး သတိထား၍မောင်းနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းစပျောက်၍ သဲနစ်ပြီး စွန့်ပစ်ထားခဲ့ရသော ဗြိတိသျှ ဂျစ်ကား များဟူ၍ မတွေ့ရသဖြင့် ကာနယ်ဟုမ်းသည် သူ၏ဂျစ်ကားတပ်ကို ကျွမ်းကျင်စွာ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။ မည်သို့ပင်ဆိုစေ၊ ဤလမ်းကြောင်းတလျှောက် မြေစမ်း ခရမ်းပျိုးလျှောက်ကာ ကာနယ်ဟုမ်းနှင့် ပီဘီတို့အား ရှာဖွေရန်မှာ မိုက်မဲရာကျတော့မည်၊ ကောက်ရိုးပုံအတွင်း အပ်ရှာသည်ဟုသည့် စကားပုံအတိုင်း ဖြစ်နေရော့မည်ဟု ဒီကွန်က တွေးမိသည်။ ဤအပြောကျယ်လှသည့် သဲကန္တာရကြီးအတွင်း သဘာဝတရားက ပီဘီနှင့် ကာနယ်ဟုမ်းတို့အပေါ် အထူးအခွင့်အရေး ပေးလေမည်မဟုတ်၊ သူတို့သည် စိတ်ဇွဲသန်သန်နှင့် လွတ်မြောက်ရန် ကြံစည်စိတ်ကူးမိ၍ ထွက်ပြေးလွတ်မြောက်နေသည်ထားဦး ကံကြမ္မာ အခံကောင်းကြမှ လွတ်လမ်းမြင်နိုင်မည့် ခရီးပါပေ။

နေသည် ဒီကွန်၏ ဝဲဘက်ပခုံးစွန်းမှ ပာအား တောက်နေသည်။ ဤပခုံးစွန်းမှ မနေရောင်ကြောင့် သူ၏နေရောင်ကာ မျက်မှန်အတွင်း ပန်းနုရောင်အရိပ်ထင်လျက် ရှိနေသည်။ ဂျစ်ကားရှေ့မှ သံထည်များမှာလည်း ပူနေသည်။ လက်ဖြင့်ကိုင်၍မရ၊ ကက်စလာသည် ပဝါတထည်ကို သူ့ခေါင်းပေါ် ခြုံပြီး မျက်နှာဖုံးကိုပါ ဖုံးထားရာ လူသူတော်ပျက် တဦးသဖွယ်ဖြစ်နေသည်။

၁၁-နာရီနှင့် ၁၅-မိနစ်ခန့်ရှိသော် ဒီကွန်က 'ဖာဒီ....အယ်လ်ဟာ ရောက်ဆီရောက်ဖို့ ဘယ်လောက် လိုသေးသလဲ... မှန်းစမ်းပါဦး'ဟု ပြောရာ၊ ပြင်သစ်က ချက်ချင်းပင် မဆိုင်းမတွ 'မိုင် ၃၀'ဟု ပြန်လည်ပြောကြားလိုက်လေသည်။

ဒီကွန်သည် သူ၏ လည်စည်းကိုဖြုတ်၍ ထောင်ပြလိုက်ပြီး လက်တွင်ဆုပ်ကိုင်ပတ်လိုက်ကာ၊ ဂျစ်ကား၏ ဘရိတ်ကိုနင်းလိုက်သည်။ ချက်ချင်းပင် ဂျစ်ကားက တုံ့ကနဲရပ်သွားသည်။ ဘရိတ်များသည် နေပူဒဏ်ကြောင့် ကြွနေပြီး တိုင်ယာများက ပျော့နေသည်။

"တို ဟိုချုံဖုတ်ကလေးနားသွားပြီး မီးမွေးမယ်ကွာ၊ နေ့လယ်စာစားရအောင် ပြီးယင်ဆားတော်ဘက် ဦးလှည့်ကြစို့ကွာ"

"ဟင်....ခင်ဗျား သူတို့ကို မရှာတော့ဘူးလား"

"ဟုတ်တယ်"

"ဟာ....ခင်ဗျား သိပ်ပြီးပညာရှိတဲ့လူပဲ၊ ကောင်းတယ် ဒီအကြံ" ဟု ဖာဒီက ချီးမွမ်းလိုက်သည်။

ကင်းဗဲလ်၏ ဂျစ်ကားလည်း နောက်တွင် ရပ်လိုက်သည်။

"ဂျက်ဖ်....ဘာလုပ်တာလဲ မရှာတော့ဘူးလား"

ဟု ဒီကွန်အား လှမ်း၍မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''တို့ ...ဂျာမန်တွေနဲ့ သိပ်နီးနေပြီကွ၊ ပြီးတော့လဲ ကာနယ်နဲ့ ပီဘီက တကယ်လွတ်ပြေးရဲ့လား၊ ဒီလမ်းအတိုင်း လာနေကြတာ ဟုတ်ရဲ့လား ဆိုတာလဲ တို့သေချာတာ မဟုတ်ဘူးလေ''

''သူတို့ ဒီလမ်းကလာယင်လဲ အာရပ်တွေနဲ့ တွေ့တာ ကြာပြီ''

ဟု ကက်စလာက ဝင်ပြောသည်။

''ဒါ အတည်ပဲပေါ့''

ကင်းဗဲလ်က စိတ်ပျက်လက်ပျက် ပြောလိုက်ပြီး ဆက်၍....

''ပီဘီဆိုတဲ့ အကောင်က ဒီလိုခရီးကို ပြေးရယင် ရိက္ခာတို့ ရေတို့ မပါပဲ ပြေးပါ့မလား''

ဒီကွန်က ဘာမျှပြန်မပြောတော့ပဲ မီးမှိုက်ထားသော ဒယ်အိုးနှင့်တူလှသည့် ဂျစ်ကားပေါ်မှဆင်းကာ ကားတွင်းမှ ရိက္ခာများအနက်မှ သစ်သီးဗူးများကို ရှာဖွေနေသည်။ သူ့မှာ ဆာလှသည် မဟုတ်၊ သို့သော် ရေငတ်လှသည်။ ရိုးရိုးရေငတ်ခြင်းမျိုးလည်း မဟုတ်ပဲ၊ အချိုရည်ကို တဝကြီး သောက်လိုစိတ် ပြင်းပျနေခြင်း ဖြစ်သည်။ သူသည် အီတလီခရမ်းချဉ်သီးဗူးနှင့် သကြားပုလင်းကို ယူချလာပြီး သံပေါ်သို့ ထိုင်ချလိုက်သည်။ အစာအာဟာရကို အချိန်ရခိုက် တတ်နိုင်သမျှ ဝမ်းဗိုက်ထဲသို့ သွတ်သွင်းထားမှဖြစ်မည်ကို သူသိသည်။ သို့မှသာကျန်ရှိနေသေးသော တနေ့တာအချိန်တွင် ခံနိုင်ရည် ရှိနေမည်။

ဒီကွန်က ခရမ်းချဉ်သီးဗူးကို ဓားမြှောင်ဖြင့် ကလော်ကာ ဖွင့်ခိုက် ကင်းဗဲလ်သည် သူ့အနီးလာ၍ ထိုင်သည်။

''ကျုပ်တို့ တကယ်ပဲ သူတို့ကို မရှာတော့ဘူးလား''

ကင်းဗဲလ်က ဒီကွန်ကို မေးသည်။

''ဟုတ်တယ်၊ မရှာတော့ဘူး''

''ကျုပ်တို့....အညာခံရတာပေါ့၊ သိတယ်မဟုတ်လား''

''သိတယ်''

''ဖာဒီက ကျုပ်တို့ ဒီမရဏကန္တာရ ဆားတောကို ဖြတ်နိုင်မယ်လို့သာ ပြောတယ်၊ တခြားဘာမှ မပြောဘူး၊ ဒီကောင်ညာတာပဲ''

''သူက တိုက်ဖို့ပဲ အားသန်နေတာကိုး''

''ထားပါတော့ ကျုပ်တို့နာဗ်တား ရထားလမ်းကို ရောက်တော့ ဘာဖြစ်မလဲ၊ မက်စနောက အလျင်ရောက်နေယင် ဘယ်လိုလုပ်မလဲ၊ သူတို့ကုလားအုပ်ကြီးတွေက သူတို့သွားချင်ယင် ဘယ်လောက်မြန်မြန် သွားနိုင်တယ်ဆိုတာ ခင်ဗျားသိရဲ့လား၊ ပူပူလောင်လောင် ဆားတောကြီးကိုဖြတ်၊ ဟိုကျတော့မှ လက်နက်ကိုင် အာရပ်တွေနဲ့ တွေ့ပြီး ဓား‌ပြေးဓားကြ ပြေးရမယ့် အဖြစ်ပဲဗျ''

''ဖာဒီက ပြောပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ပြောတယ်....ပြောတယ် ဟုတ်တယ်၊ ကျုပ်တို့က နဝ္ဗတားကို ဦးအောင်ရောက်မယ်တဲ့၊ သူကဘာပြုလို့ ဒါလောက် သေချာပေါက် ပြောနိုင်ရသလဲ"

"သူက သေချာပေါက် ပြောတာတော့ မဟုတ်ပါဘူး၊ သူကဘာမှ သေချာတဲ့လူမှ မဟုတ်ပဲ၊ ဒါပေမယ့် သူ့မှာက တခြားလမ်း ရွေးစရာမရှိဘူး၊ ဒီကိုသွားဖို့ပဲ ရှိတော့တယ်၊ ဂျောင်ရန်ထက် ဦးအောင်သွားရမယ် နောက် တို့တပ်ရှိရာ တင်တာရက်ကိုပြန်ဖို့လမ်း ရှာရမယ်"

"ထားပါလေ....ဒါတွေ"

ကင်းဖဲလ်က နေရောင်ကိုလက်ဖြင့် ကွယ်ပြီး အဝေးကိုလှမ်းမျှော်ကြည့်လိုက်သည်။ ဖာဒီသည် သစ်ကိုင်းခြောက်များကို လိုက်လံကောက်နေသည်။ မီးမွေးကြရန်ဖြစ်သည်။ ကင်းဖဲလ်သည် သူ၏ လက်ကြမ်းကြီးဖြင့် မျက်နှာကို တဖျင်းဖျင်း ပွတ်သပ်လိုက်သည်။

"ကျုပ်တို့ ဒီကိုထွက်လာတာက ပီဘီတို့ကို ရှာဖို့ပဲဗျ"

ဟု ပြောလိုက်ရာ ဒီကွန်က 'မျှော်လင့်ချက်က ဝေးပြီကွာ၊ ခုလောက်ဆိုယင်.... ပီဘီဟာ သေယင်သေ၊ ဒါမှမဟုတ် သို့ပန်း ဖြစ်နေပြီလို့ ငါထင်တယ်ကွာ'ဟု ပြောလိုက်လေသည်။

"သွားစမ်းပါဗျာ...."

"ဘယ်လိုပဲဖြစ်ဖြစ် တို့အဖို့ဘာမှ မတတ်နိုင်တော့ဘူးကွ"

ဆာဂျင်ဘွတ်ရှိ ကင်းဖဲလ်သည် သူ၏ လည်ကုပ်ပေါ်လာ၍ နားသော ယင်ကောင်ကို စိတ်ဆိုးမာန်ဆိုးဖြင့် လက်ဝါးဖြင့် ရိုက်သတ်လိုက်ပြီး 'လုပ်ဖို့ကျန်တာကတော့ လက်စားချေဖို့ အလုပ်ပဲဗျ"

"ဒါလုပ်ဖို့ တို့ဆက်သွားသင့်တယ်တဲ့လား"

"ကျုပ်အဖို့တော့ ဟုတ်တယ်"

ထိုမှ နောက် တနာရီနှင့် မိနစ် ၂၀-ခန့်ကြာသော် ဂျစ်ကား ၂-စင်းသည် ထိုနေရာမှ ထွက်ခွာလာခဲ့ကြသည်။ ဖာဒီသည် သဲကုန်းတောနှင့် လွင်ပြင်အတွင်းရှိ သဲလမ်းကြောင်း ဖြူဖြူပေါ်သို့ ဒီကွန် အား လမ်းပြခေါ်ဆောင်လာခဲ့တော့သည်။

\+ \+ \+

"တော်ပါသေးရဲ့ ဘုရားသခင် ကျေဇူးတော်ကြောင့်၊ ခုရာသီဟာ ဆောင်းတွင်းဖြစ်လို့....နွေဆိုယင် ခုလောက်ရောက်အောင် ရှိပေါက်သွားမှာ မဟုတ်ဘူး"ဟု ပီဘီက တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သဲကန္တာရ စစ်ဆင်ရေးတွင် ပီဘီသည် နှစ်နှစ်မျှ အမှုထမ်းခဲ့ပြီးပြီ၊ ဤမျှလောက် အပူရှိန်ကို မခံစားဖူးခဲ့၊ နေကပူပြင်း လှသည်။ ဘာမဆို ကြည့်လိုက်တိုင်း နေရောင်က အရောင်ချွတ်ထားသလို ထင်ရသည်။ နေသည်ပင် အရောင်အဆင်းမရှိသကဲ့သို့ ဖြစ်နေသည်။ ကောင်းကင်၌ မြာပူထနေသည့် အိုးကင်းအတွင်းမှ အပူရှိန်ပြင်းစွာ တောက်လောင်နေသကဲ့သို့ပင်။

၅နာရီခန့် သူ၏ စကစ်ပါးဂျာမန်ကားကို မရပ်မနား မောင်းနှင်ခဲ့သည်။ ဆားပြင်လွင်တီးခေါင်ဝယ်ဘာမှ မရှိပြောင်ချော ကြီး ဖြစ် နေသည်။ သစ်ပင်မရှိ၊ ချုံဖုတ်မရှိ၊ သဲကုန်းမရှိ၊ သဲပုံမရှိ၊ ကျောက်တုံး ကျောက်ခဲမရှိ၊ ဘာဆိုဘာမှမရှိချေ။ မျက်စိ တဆုံး ကြည့် လိုက် တိုင်း တလှပ်လှပ်နှင့် သဲပူဆိုးထားသော သဲပြင်ကြီးကိုသာတွေ့နေရသည်။

ပီဘီ ခိုးယူလာခဲ့သည့် စကစ်ပါးကားဒိန်မလား အင်ဂျင်စက် သည် လေဖြင့်အေးရသော စက်ဖြစ်သဖြင့် တော်ပေသေးသည်။ သို့သော် ပန်ကာကြိုးပြတ်ခဲ့သော် ခက်လိမ့်မည်၊ အင်ဂျင်စက် က တမျိုး တမည်အသံဖြစ်လာသော် ထိုအသံသည် သူတို့၏ သေမင်းခေါ်သံပင် ဖြစ်လိမ့်မည်၊ ကားစက်ပျက်၍ ဤသဲကန္တာရအထဲမှာ နေရမည်ဖြစ်ပါက လူသေစာရင်းဝင်တော့မည်မှာ မလွဲချေ။ ဘယ်နည်းနှင့်မျှ အခြားလွတ်လမ်းမရှိ၊ အပူရှိန်က နာရီအနည်းငယ်အတွင်း သူတို့နှစ်ယောက်ကို မှောက်သွားစေမည်၊ ကံကောင်းပါက ည အထိ အသက်ရှူနေနိုင်ပေမည်။ သို့သော် အရိပ်မဲ့၊ ဒြပ်မဲ့၊ ရေမဲ့ ဤမရဏကန္တာရဝယ် သူတို့သည် နောက်တနေ့ မကူးနိုင်ပဲ အသက်ထွက်ဖွယ်ရှိလေသည်။

ယခုမှပင် ပီဘီရိပ်မိတော့သည်၊ သူတို့နောက်သို့ မည်သူတဦးတယောက်မှ ထွက်လိုက်မလာခြင်းမှာ သူတို့အား ဤမရဏကန္တာရက သုတ်သင်ရှင်းလင်း သတ်ပစ်ရင်မည်ဖြစ်သောကြောင့် ပီဘီက ယခုမှပင် သဘောပေါက်တော့သည်။ သူ့တွင် ရိက္ခာ၊ ရေ၊ ဆီအပြည့်ပါပါ၏။ သို့သော်.... နေကိုကာကွယ်ရန်နှင့် လွင်တီးခေါင်မှာ တရိပ်ရိပ်ပျံ့နှံ့လိပ်တက်နေသည့် အပူလှိုင်းဒဏ်ကို ကာကွယ်ရန် မတတ်နိုင်၊ ပီဘီတွင် တူရိုက်ခံထားရသကဲ့သို့ တ ကိုယ် လုံး နာကျင်ခိုက်ခဲ၍ နေပေပြီ။ နေကာမျက်မှန်သို့မဟုတ် ရိုးရိုးတပ်မျက်မှန် မရှိသဖြင့်လည်း မျက်လုံးများ ကျိန်းစပ်နေပြီး ခေါင်းကလည်း ကိုက်လှသည်။ သူ့တကိုယ်လုံးပေါ်ရှိ အရေပြားမှာလည်း အခြောက်တိုက် ပုလင်းကွဲဖြင့် ရိုတ်ထားသဖြင့် ပုလင်းကွဲရှရာ ထောင်ပေါင်းများစွာဖြင့် သွေးများထွက်နေသကဲ့သို့ စပ်ဖျဉ်းဖျဉ်း ခံစားနေရသည်။ သူ၏ ကားရှေ့မှန်ကာဝယ် အရိပ်ရအောင် လုပ်ကြည့်သေးသော်လည်း မအောင်မြင်၊ သူသည် ကောင်းစွာလည်း တွေးတောဆင်ခြင်ခြင်း မပြုနိုင်။

သူ၏ဘေးမှ ကာနယ်အဘိုးကြီးထံမှလည်း ဘာမှအကူအညီမရ၊ ဟုမ်းသည် ယမန်နေ့ ညသန်းကောင်ကျော်ကတည်းက စိတ်ဖောက်ပြားလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ပီဘီက သူ့အားထိုင်ခုံတွင် ကြိုးများ ခါးပတ်များဖြင့် ချည်နှောင်လာခဲ့ရသည်။

အရှက်တကွဲအချိန်၌မူ ပီဘီသည် ကာနယ်အဖြစ်ကို စိတ်မရှည်တော့၊ ကာနယ်ဟုမ်းသည် ထိုအချိန်၌ မှော်ဆရာက အသက်သွင်းပေးထားသည့် လူသေကောင်သဖွယ် ပါးစပ်မှ အမြှုပ်တစီစီထွက်ပြီး မမြင်ရသော နို့သီးခေါင်းကို စုပ်နေသကဲ့သို့ တပြွတ်ပြွတ်လုပ်နေသည်။ ပီဘီက ခေါ်သော်လည်း ပြန်မထူး၊ အကယ်၍သာ ထိုအခါက ပီဘီက ၎င်းအား အတင်း ပါးစပ်ကိုဖြဲပြီး ရေတိုက်ခြင်းမပြုခဲ့ပါက ကာနယ်ဟုမ်းသည် တကိုယ်လုံး ရေငတ်သည့်ဒဏ်ဖြင့် အသက်ပါပါသွားနိုင်ဖွယ်ရှိသည်။ ပီဘီက စိတ်လည်းဆိုး၊ ကြောက်လည်းကြောက်ကြောက်ဖြင့် ကာနယ်အား ရေတိုက်ခဲ့သဖြင့် ယခုအချိန်ထိ ကာနယ်ဟုမ်းသည် အသက်ရှင်လျက် လိုက်ပါလာနိုင်ခြင်း ဖြစ်ပေသည်။

ပီဘီသည် ဤသဲကန္တာရ၏အမည်ကိုမသိ၊ တူနစ်စီးယားတောင်ဘက် စိမ်းလန်းစိုပြည်သော ဒေသသို့ရောက်အောင် မိုင် ၅၀ သို့မဟုတ်၊ မိုင်၅၀၀ သွားရသည်လားလည်း သူမသိ၊ သူသည် ပါလာသော ကွန်ပါကလေးနှင့် ကြယ်များကို ကြည့်ပြီး အရှေ့အနောက် တောင်မြောက်ခွဲခြားကာ ရှေ့သို့သာ ဆက်လက်ဒမောင်းနေရသည်။ သူသွားလိုသည့်ဘက်မှာ လမ်းပြောင်းသွားမည်ကိုလည်း၊ စိုးရိမ်ကြောက်ရွံ့နေမိရကား လက်ကိုင်ကိုတအား ဆုပ်ကိုင်ကာ မျက်ခြည်မပြတ် မောင်းနှင်လာခဲ့ရသည်။ လမ်းက မှားစရာမရှိ၊ ဘာအမှတ်အသားမှလည်းမရှိ၊ ကွေ့ကောက်သွားစရာလည်းမလို၊

နေ့လယ်ပိုင်းတွင် သူသည် ပတ်ကြားအက် သဲပြင်အနေအထားကို ကြည့်ပြီး ဤနေရာကို မကြာသေးမီကလေးကပင် ဖြတ်ကျော်လာခဲ့သည်ဟု ထင်မိရကား ထိတ်လန့်သွားမိသည်။ ကွန်ပါကို ကြည့်ရပြန်သည်။ သူ့မှာတုန်လှုပ်နေမိသည်။ ကာနယ်ကိုအော်၍ လမ်းကိုဂရုစိုက်လိုက်လာရန် ပြောသော်လည်း ကာနယ်က တုတ်တုတ်မျှမလှုပ်။

ကား၏ မိုင်ပြဒိုင်ခွက်က ၉ဂမိုင် မောင်းနှင်ပြီးကြောင်း ပြသလျက်ရှိသည်။ ဓာတ်ဆီခွက်မှမြားက သုညပြနေသည်။ ကားစက်ရပ်သွားသော် မြားကလေးက တုန်ခါခြင်းမရှိ၊ သူက ကားပေါ်မှဆင်းကာ ကားပေါ်၌ ပါလာသော ဓာတ်ဆီများယူပြီး တိုင်ကီအတွင်း ထည့်လိုက်သည်။ ထို့နောက် မိုင်ပြဒိုင်ခွက်မှ ပြသနေသည့် မိုင်ဂဏန်းကို စိတ်တွင်မှတ်သားလိုက်ပြီးကား စက်ကိုနှိုးလိုက်သည်။

ကားကမနိုးလာ၊ စိတ်ဆိုးမာန်ဆိုးနှင့် အော်၍သာနေသည်။ ပီဘီက ဆဲဆိုပြီး နှိုးပြန်သည်။ သည်တခါတွင် ကားစက်က နိုးလာသည်။

သူသည် ရေဗူးကိုယူပြီး မော့သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်သူ့ဘေးရှိ ကာနယ်အား သူ့ကိုယ်ကိုလှဲပြီး ရေတိုက်ရာ ရေများ ကာနယ်၏ပါးစပ်အတွင်း မဝင်ပဲ ကိုယ်ပေါ်စီးကျကုန်သည်။ ကာနယ်သည် ပါးစပ်ကိုပင် ဖွင့်မပေးနိုင်တော့။

ဤတွင် ပီဘီသည် ကားလက်ကိုင်ဘီးကိုပင်လွှတ်ကာ ကာနယ်၏ ပါးစပ်ကို ရေဗူးအဖုံးဖြင့် ကန့်လန့်ဖွင့်ပြီး အတင်းရေလောင်းချမှ ကာနယ်တွင် ပထမရေသီးပြီး နောက်မှ ရေကိုမျိုချနိုင်တော့သည်။ ကာနယ်သည် ပီဘီအား မည်သို့မျှမပြော၊ သူ၏ကောင်းသော လက်တဘက်ကသာ လှုပ်ခါနေသည်။

ကာနယ်အား ရေတိုက်ပြီးနောက် ပီဘီသည် လက်ကိုင်ဘီးကို ပြန်၍ကိုင်ကာ တအားကုန် အော်တော့သည်။

"ငါ....မရောက်ရောက်အောင် သွားမယ်ဟေ့.... ရောက်အောင်သွားမယ်ကွ"

တကယ်တော့ ဘယ်ကိုရောက်အောင် သွားရမည် သူမသိ၊ သူ့တွင် ရည်မှန်းချက်မရှိ၊ လိုရာခရီးဟူ၍ မသတ်မှတ်ခဲ့၊ ရှေ့တူရူတွင်လည်း အမှတ်အသားအဖြစ် တောင်ကုန်းကလေး၊ တောတန်းကလေး၊ အနည်းဆုံး မိုးကုပ်စက်ဝိုင်းပျပျကလေးပင် မမြင်ရ၊ ပွက်ပွက်ဆူနေလော နေအပူရှိန်ဝယ် ဖြူရော်ရော်မြူများဆိုင်းနေသည်ကိုသာ မျက်စိတဆုံး မြင်နေရသည်။

"ငါရောက်အောင် သွားမဟေ့....နင့်အမေလွှားမှပဲ၊ ငါမရောက်ရောက်အောင် သွားမယ်ကွ"

သူကား ရန်သူများနှင့် တွေ့မည်ကို မကြောက်တော့၊ အပူရှိန်ကြောင့် သူ့ဦးနှောက်လည်း အရေပျော်ပြီး သူ၏ စိတ်တို့သည်လည်း အငွေ့ဖြစ်ကာ ကုန်ခန်းနေလေပြီ၊ သူကား ဘာကိုမှဂရုမစိုက်တော့၊ အဘယ်ကြောင့် ဆိုသော် သူသည် ဘာကိုမှ မယုံကြည်တော့၍ ဖြစ်သည်။

ညနေ ၃-နာရီအချိန်ခန့်တွင်မှ သူ၏ ပါးစပ်မှ တမျိုးတဖုံအသံထွက်နေသည်။

"မရောက်တော့ဘူး၊ မရောက်တော့ဘူး၊ မရောက်တော့ဘူး"

ရုတ်တရက် သတိပင်လာသဖြင့် ပီဘီသည် တတွတ်တွတ် ပြောဆိုနေခြင်းကို ရပ်လိုက်ကာ ကားလက်ကိုင်ကို ဆုပ်ကိုင်မိသည်။ သူသည် ကွန်ပါကို မကြည့်တော့၊ ရောက်လိုရာ ရောက်စေတော့ဟုဆိုကာ မောင်းနှင်လာရာ ကားကလေးသည် သွားလိုသည့်လမ်းမှ လွှဲကာ အရှေ့စူးစူးသို့ ဦးတည်လျက် သွားနေချေပြီ။

ထိုမှ ၅-မိနစ် ၁၀-မိနစ်ခန့်အကြာတွင် နောက်ဘီး၊ ဝဲဘက်ဘီးမှ တိုင်ယာက ကွဲလေတော့သည်။ ကားမှာလည်း ရပ်သွားလေတော့သည်။

\+ \+

www.burmeseclassic.com

www.burmeseclassic.com



ဒီကွန်ကမူ ပီဘီနှင့်မတူ သူ၏ဂျစ်ကားကို တအား မောင်း နှင် လျက် ရှိသည်။ သူ့တွင် ဆီအပြည့် ရေအပြည့်ပါသည်။ ထို့ပြင် ဖာဒီကလည်း လမ်းကောင်းပါသည်ဟု အာမခံခဲ့သည် မဟုတ်ပါလော။

"မောင်း ... မောင်း... မြန်မြန်သာမောင်း မိုင် ၃၀၀ - လောက်ကို ကတ္တရာလမ်းပေါ် မောင်းသလို မောင်း ရတာပဲ၊ မောင်း သာ မောင်း၊ ကျုပ်တို့အဖို့ အချိန်က အရေးကြီးတယ် မဟုတ်လား"ဟု ဖာဒီက တွန်း အားပေးလျက် လိုက်ပါလာသည်။

"၁၀-နာရီရှိပြီ မောင်းနေတာ မရောက်နိုင်သေးဘူးလား"

"ကျုပ်မောင်းမယ်လေ"

"နေပါဦးလေ"

ဖာဒီ ညွှန်ပြခဲ့ကာ ဒီကွန်တို့ လိုက် ပါ မောင်း နှင် လာ သည့် လမ်း ကြောင်းမှာ ပီဘီ ရွေးခဲ့သည့် လမ်းကြောင်းနှင့် မတူပေ၊ ပီဘီ၏ လမ်း မှာ မရဏ သဲကန္တာရအတွင်း ဗဟို့အထိ ဝင်ရောက်သွားနိုင်သည့် လမ်းဖြစ် ပြီး၊ မသေမပျောက် သဲကန္တာရအဆုံးအထိ သွားနိုင်ခဲ့သော် ဆာဟာရအက် လပ်တောင်ခြေသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထိုတောင်တန်းမှာ မရဏ သဲကန္တာရအလယ်တည့်တည့်မှာပင် မိုင် ၁၀၀၀-ခန့် ဝေးလေတော့သည်။

စကစ်ပါ ကားလမ်းကြောင်းကိုလှမ်း၍ မြင်လိုက်သူကား ကက်စ လာပင် ဖြစ်တော့သည်။

ဘွတ်ရှိသည် ကက်စလာက ဤသို့ ကားတစင်း၏ အရာများမြင်ရ သည်ဟု ပြောလိုက်သည့် တပြိုင်နက် သူမောင်းလာသည့် ဒုတိယဂျစ်ကားကို ဒီကွန်၏ ဂျစ်အနီး ကပ်နိုင်သမျှ ကပ် လာ ကာ လှမ်း ၍ အော် ပြော တော့ သည်။ ဒီကွန်လည်း သူ၏ဂျစ်ကားကို မိုင် ၅၀-နှုန်းသို့ မောင်းနေရာမှ ၂၀- နှုန်း လျှော့ချကာ အရှိန်သတ်လိုက်သည်။

ဖာဒီကမူ 'ဒီကားလမ်းကြောင်းက ကြာပါပြီ၊ တ ပတ် လောက် ရှိ ရော့မယ် အပိုပါပဲဗျာ ကြည့်မနေပါနဲ့"

ဟု ပြောသေးသည်။

သို့သော် ကင်းဖဲလ်ကမရ၊ သူ့ကားကို ကားလမ်းရှိရာသို့ မောင်း၍ သွားတော့သည်။ ဒီကွန်မှာလည်း ဘာမှမတတ်နိုင်တော့ ကင်းဖဲလ်၏နောက် သို့ လိုက်ရတော့သည်။

ကားလမ်းကြောင်းမှာ တောင်မှမြောက်သို့ သွားနေသော သူတို့၏ လမ်းကြောင်းကိုဖြတ်လျက် အနောက်နှင့်အရှေ့ကန့်လန့်ဖြတ်နေသည်။ သဲ ဖုံဖုံပေါ်မှ နစ်ဝင်နေသော ကား တာ ယာ အ ရေး အ ကြောင်း များ ကို အောက်ခြေမြေမှာတွင် အထင်းသား မြင်နေရသည်။

ကက်စလာနှင့် ကင်းဖဲလ်တို့သည် ဂျစ်ကားပေါ်မှဆင်းကာ ကား တိုင်ယာ အရာများကို ဒူးထောက်ကြည့်လျက် ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကက်စလာက "ဒီကားသွားထားတာ သိပ်မကြာသေးဘူးဗျ"

"ဘယ်လို ကားမျိုးလဲ"

"သံချပ်ကာကားမျိုးပဲ၊ ဂျာမန်ကားတော့ သေချာတယ်"

"ကဲ...မပြောဘူးလား ဂျာမန်ကားပါဆို၊ ကျုပ်တို့နဲ့ မဆိုင်ဘူး" ဟု ဖာဒီက ဝင်ပြောပြန်သည်။

"အဲဒီကားကို ကျုပ်တို့တပ်က တယောက်ယောက်က မောင်းပြေးတယ်ဆိုယင်ကော"

ဟု ကင်းဖဲလ်က ပြောလိုက်သည်။ ဒီကွန် ကမူ ဂျစ်ကား ဘောနက်ပေါ်သို့ တက်ကာ မှန်ပြောင်းဖြင့် အဝေးသို့ လှမ်းကြည့်လိုက်သည်။

"ဘယ်နေရာမှ မရောက်နိုင်တဲ့ ဒီလမ်းကြောင်းပေါ်မှာ လူကောင်း ဂျာမန်က ဘာပြုလို့ ဒီကားကို မောင်းသွားရတာလဲ"

"ဟုတ်တယ်....ကားကလဲ သံချပ်ကာ ကားမျိုး"

"ငါတော့ တော်တော်ဆန်းနေပြီလို့ ထင်တာပဲ"

ဟု ဒီကွန် က ဘောနက်ပေါ်မှ ခုန်ဆင်းယင်း ပြောလိုက်ရာ— ဘွတ်ရှ်ကလည်း "ကျုပ်တို့လဲ ဒီလိုပဲဗျို့" ဟု ပြောလိုက်သည်။

"ကျုပ်တို့ရမ်းသမ်းပြီး လျှောက်လိုက်နေကြဖို့ အချိန်မရဘူးဗျနော်"

ဟု ဖာဒီ က ပြောလိုက်ရာ ကက်စလာက "အင်္ဂလိပ်ဖြစ်ဖြစ်၊ ဂျာမန်ပဲဖြစ်ဖြစ် သေရှာကြတော့မယ်၊ ဘုရားသခင်က ညွှန်ပြတော်မူလို့ ကျုပ်တို့နဲ့မှလာပြီး ဒီကားရာတွေကိုလ ဆုံမိကြတယ်နော်" ဟု ဒီကွန် က ပြောရာ၊ ကင်းဖဲလ် က "ကဲ....ဘာတွေညာ တွေပြောမနေကြနဲ့တော့ ကျုပ်တို့လိုက်ရှာကြမယ်၊ ဒီကားကို" ဟု ပြောလိုက်သည်တွင် ဖာဒီ က....

"ကျုပ်တားတယ်ဗျာ"

"ကျုပ်တို့နဲ့မှလာဆုံတာ တိုက်ဆိုင်မှုထက်မက အများကြီး ထူးဆန်းနေပြီ"

ဟု ဒီကွန် က သူ့စကားကို အဆုံးသတ်လိုက်သည်။

"ကျုပ်အနေနဲ့ ဒီသဲကန္တာရထဲမှာ မသေချင်ဘူးဗျာ၊ စိတ်ကောင်း နှလုံးကောင်းရှိတဲ့ လူအနေနဲ့လဲ သေမယ့်လူကို ကျော်ခိုင်းမသွားလိုဘူးဗျာ၊ ကျုပ်ရဲ့လိပ်ပြာ သန့်တော့မှာ မဟုတ်တော့ဘူး"

"ဂျက်ဖ်....ဘာပြုလို့ အချိန်ဖြုန်းနေရတာလဲ၊ ကျုပ်တို့ လာယင်း ကိစ္စက ဒီကိစ္စမဟုတ်လား၊ ခင်ဗျားမေ့နေပြီလားဟင်"

ကင်းဖဲလ် က အော်ကြီး ဟစ်ကျယ် ပြောလိုက်သည့်တွင် ဒီကွန် က ပြင်သစ်လူမျိုးများ အမူအရာအတိုင်း သူ ဘာမှ မတတ်နိုင်တော့ပြီ ဆိုသည့် ဟန်ပျိုးဖြင့် ပခုံးကိုတွန့်ပြလိုက်ကာ—

"ကဲ...ဖာဒီ ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျား မရှုံးပြီပဲဟူတယ်" ဟု ပြောလိုက်လေသည်။ ဖာဒီ က တဖန်....

www.burmeseclassic.com

www.burmeseclassic.com



"နှာ့ဗုံဘား ကိစ္စ လက်မြောက်ပြီလား"

"မမြောက်ပါဘူးဗျာ၊ ဒီကားလမ်းကြောင်းကိုလိုက်ပြီး ညကျတော့ နှာ့ဗ်ဘားဘက်ပြန်ဦးလှည့်မောင်းကြတာပေါ့"

"ည ဆိုယင် ကားတွေကို မြန်မြန်မောင်းလို့ ဘယ်ရမလဲဗျာ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ် ခင်ဗျားကို ကတိပေးတယ်ဗျာ၊ နှာ့ဗ်ဘားကို မနက်ဖြန် မွန်းတည့်မှာ ရောက်စေရမယ်ဗျာ"

"သိပ်ခနောက်ကျနေရောပေါ့ဗျာ"

"ရပါလိမ့်မယ်ဗျာ၊ မက်စနာဆိုတဲ့လူက သူ့မှာအချိန်ရသေးတယ် ထင်ယင် သူ့အာရပ်တွေကို ညမှာ အတင်းမောင်းမှာ မဟုတ်ပါဘူး၊ ဒီတော့ ကျုပ်လဲ ဗိုလ်ကြီးတို့နဲ့ ဆန္ဒအတူဘူပဲ၊ ဒီကားလမ်းကြောင်း ကိစ္စကို ကျုပ်တို့ပစ်ထားခဲ့လို့ မရဘူးဗျာ.... ဖာဒီ"

ကက်စလာက ပြောလိုက်သည့် အဆုံးတွင် ဖာဒီသည် ဂျစ်ကား ပေါ်သို့ ခုန်းကနဲ ထိုင်ချလိုက်ကာ....

"ကဲ....ကဲ....ကဲ အိုကေ....အိုကေ....လိုက်မှာဖြင့်လဲ မြန်မြန်လိုက်ကြစို့ဗျာ" ဟု ပြောလိုက်လေတော့သည်။

စကစ်ပါး ခေါ် ဂျာမန်စကောက် ကင်းလှည့်ကား၏ ကားတာယာ လမ်းကြောင်းများက လိုက်ရန်လွယ်လှသည်။ လေတိုက်ခတ်မှု မရှိသဖြင့် ဂျစ်ကားဘီးရာများသည် ရေ့သဲကန္တာရပြင်ဝယ် ကရေရွှန် ဖယောင်းခဲ တံဖြင့် ရေးသားထားသကဲ့သို့ ထင်ရှားလှသည်။

ဒီကွန်က စကစ်ပါးကားကို ပထမမြင်လိုက်စဉ်က သဲပူတံလျှပ်များ ကြားမှ ရေးရေးပျပျမျှသာဖြစ်သည်။ သူ့မှာလည်း နေပူရှိန်ကြောင့် အ ရေပျော်လုလု ဖြစ်နေပြီး အားအင်လည်း ကုန်းခန်းစ ပြုနေပြီ၊ သို့သော် ဟိုအဝေးတွင် မော်တော်ကားဟု ယူဆရသော အမည်းပြောက် သေးသေး ကလေးကို မြင်လိုက်ရသည်တွင် အားတက်လာကာ ဂျစ်ကားကို အရှိန် မြှင့် မောင်းသည်၊ နောက်မှပါလာသော ကင်းဗဲလ်အားလည်း ဟာစ်အော် အားပေးလေသေးသည်။

သို့သော်လည်း ဒီကွန်က ထင်သည်။ မိမိမြင်ရသည့် ထိုအမည်းစက် ကလေးသည် တခြားဘာမဆို ဖြစ်နိုင်သေးသည်။ လင်းတ တကောင်လား၊ သိန်းစွန်လား၊ သို့မဟုတ် ချုံဖုတ်ကလေးလား၊ ကျောက်တုံးတတုံးလား၊ မရဏ သဲကန္တာရအတွင်း၌မူ ဤကဲ့သို့ အရာဝတ္ထုများ ရှိတော့ရှိခဲသည်။ အမည်းစက်ရှိရာသည် ဝေးမှံမရသော်လည်း မိနစ် ၂၀ - ခန့် မောင်းသော် လည်း မရောက်နိုင်သေး၊ သို့သော် သဲတံလျှပ်မှ ထင်ထင်ရှားရှား တော့ မြင်ရချေပြီ၊ ဟုတ်ပါသည်။ မော်တော်ကား တစင်း ပင် ဖြစ်ပါ၏။ ထို့ထက် ဂျာမန် သံချပ်ကာကား။ သူ၏ဘေးမှ ဖာဒီသည် တော်မီးသေ

www.burmeseclassic.com

www.burmeseclassic.com



နက်အတွင်း ကျည်ကပ်အသစ်ထည့်ကာ အသင့်အနေအထားဖြင့် သေနတ်ကို ကိုင်ထားသည်။

ဒိန်မလာ စကစ်ပါးကား သည်မလှုပ်မရှက် သဲပြင်ပေါ် ထီးထီးကြီး ရပ်နေရာ ကြီးမားလှသည့်ဟုလည်း ထင်ရရာ ဖြစ်နေသည်။

ဂိုက် ၅၀ - အကွာတွင် ဒီကွန်က ဂျစ်ကားကို ရပ်လိုက်သည်။ နောက်တွင် ထိုင်ခုံပေါ်မှာပင်ရပ်ကာ လှမ်း၍ အော်မေးသည်။

"ကားပေါ်မှာ လူရှိသလား"

ပြန်လည်၍ ထူးသံမပေါ်လာ၊ နောက်တကြိမ် အော်မေးပြန်သည်၊ ဤအကြိမ်တွင်မူ ဂျာမန်စကားဖြင့် မေးသည်။ မည်သို့မှ စကားပြန်မရ။

ဖာဒီသည် မှန်ပြောင်းဖြင့် ကြည့်လိုက်သည်။

"လူတယောက်ရှိနေတယ်၊ သေနေတဲ့ပုံပဲ"

"ဘွတ်ရှ်....ကိုယ်သွားကြည့်မယ်"

ဟု ဒီကွန်က ကင်းဗဲလ်အား လှမ်းပြောပြီး ဂျစ်ကားကို နံပါတ် ၁- ဂီယာဖြင့် အသာလိမ့်ကပ်သွားသည်။ စကစ်ပါးကား၏ နောက်တာယာ တလုံးမှာ ပြားနေသည်ကို တွေ့ရပြီး ကားပေါ်မှ လူမှာလည်း အရုပ်ကြီး တရုပ်သဖွယ် မလှုပ်မယှက်ဖြစ်နေသည်ကိုတွေ့ရသဖြင့် ဒီကွန်သည် သူ့ဂျစ်ကို ခပ်သွက်သွက်မောင်းကာ စကစ်ပါးကားဖြင့် ဘေးချင်းယှဉ်၍ ရပ်လိုက်သည်။

ဖာဒီသည် တော်မီဂန်း၏ မောင်းတံပေါ် လက်တင်ထားပြီး ချိန်လိုက်သည်။

"ဟာ.... ဒါ....ဟုမ်း၊ တို့ဗိုလ်မှူးကြီးပဲ"

ဟု ဒီကွန်က ပြောလိုက်သည်။

"သေနေတဲ့လူလား ကာနယ်ဟုမ်း ဆိုတာ"

ဖာဒီက ပြန်မေးသည်။ သို့သော် ကာနယ်ဟုမ်းကား မသေပါ။ သဲအလူးလူး ဖုန်အလိမ်းလိမ်းဖြင့် မျက်စိများကလည်းမဖွင့်၊ နှုတ်ခမ်းများ၊ ပေါ်တွင်း အမြုပ်တစီစီဖြင့် ဖြစ်နေသော ဟုမ်းကား အသက်ရှုလျက်ပင် ရှိနေသည်။

ကင်းဗဲလ်နှင့် ကက်စလာတို့လည်း အနီးသို့ရောက်လာကြပြီး ကာနယ်ဟုမ်းအား အသာအယာ ပွေ့ချီပြီး ကားပေါ်မှချကာ မြေကြီးပေါ်တွင် ခင်းထားသည့် စစ်စောင်ကြီးပေါ် တင်ထားကြသည်။ ကက်စလာက ဟုမ်း၏ ရင်ဘတ်ကြယ်သီးများကို ဖြုတ်ပြီး နှလုံးခုန်သံကို နားထောင်ကြည့်သည်၊ သူကား မစ်ရှင်ကျောင်းတွင် နေစဉ်က ဆေးပညာ အနည်းငယ် သင်ထားခဲ့ဖူးသည်။

"ဘယ်လိုနေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့လက်မောင်းမှာဒဏ်ရာနဲ့၊ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ၊ ဒါပေမယ့် ဒီဒဏ်ရာကို ကျကျနနကျောက်ပတ်တီး စည်းပေးထားတာပဲ၊ ဒါက ကိစ္စမရှိပါဘူး၊ မစိုးရိမ်ရပါဘူး၊ သူ့နှလုံး ခုန်သံ ကောင်း တယ်၊ သွေးပြန်ကြောတိုးပုံကောင်းတယ်၊ အဖျားနည်းနည်း ရှိတာပါပဲ"

"ဒါဖြင့် သူမေ့နေတာ မဟုတ်ဘူးလား"

ဘုတ်ရှိက မေးရာ ကက်စလာက မျက်မှောင်ကြုတ်လိုက်ပြီး –

"မပြောနိုင်ဘူးဗျ၊ ဆန်းတော့ဆန်းတာပဲ၊ အပူရှိန်ပြင်းလို့ သာမန်အဖျားဝင်ပြီး မေ့နေတာမျိုးတော့ မဟုတ်ဘူး၊ သူသတိလစ်နေပုံက တမျိုးပဲ၊ ဆားပြားနဲ့ နောက်သကြားရေတိုက်ကြည့်ဦးမယ်လေ"

"ဒီနေရာမှာ ရောက်နေတာ မကြာသေးဘူးနဲ့တူတယ်၊ ကြာကြာသာ နေလှမ်းခံနေရယင် ခုလောက်ဆို တကိုယ်လုံးကြွပ်နေပြီ"

"ဟုတ်တယ်.... ပြီးတော့လဲကြည့်ဦး၊ သူ့လက်မောင်းက ဒဏ်ရာနဲ့ ကားမောင်းနိုင်တာ မဟုတ်ဘူး"

ဟု ဒီကွန်က ပြောလိုက်ရာ ကင်းဗဲလ်လည်း သတိရကာ....

"ဟုတ်တယ်ဗျ၊ ဒါဖြင့်ဒရိုင်ဘာ ဘယ်ရောက်နေသလဲ"

ဤအကြိမ်တွင်လည်း ကက်စလာပင် ဖြစ်သည်။ ကက်စလာသည် သဲပြင်ကို ငုံ့ကြည့်လိုက်ရာ ကားရှိရာမှ မြောက်ဘက်စူးစူးသို့ ထွက်သွားခဲ့သော မထင်မရှား ခြေရာကလေးများကို မြင်ပြန်သည်။ တဖန် ကက်စလာပင် သုံးလေးမိုင်ခန့်အဝေးတွင် တလှုပ်လှုပ်၊ လှုပ်ရှားသွားလာနေသော လူတယောက်၏ ပုံပန်းကို သူပင်လှမ်း၍ မြင်ပြန်သည်။ သို့သော် ကင်းဗဲလ်က မှန်ပြောင်းဖြင့်ကြည့်ကာ ထိုသူ မည်သူမည်ဝါ ဖြစ်ကြောင်း ပြောနိုင်ခဲ့သည်။

"ဟိုကောင်လေးဟေ့.... ဟိုကောင်လေး... ကျုပ်တို့ လိုက်ရှာနေတဲ့ ဟိုခွေးကောင်ကလေးဗျို့.... ဟိုခွေးကောင်ကလေး၊ ခွေးမျိုးကလေး ခုမှပဲ တွေ့တော့တယ်"

ဟု ကင်းဗဲလ် က ဝမ်းသာအားရ အော်လိုက်လေတော့သည်။

\+ \+ \+

ယခုအခါတွင် ဂျစ်ကား ၂-စင်းသည် နာဇ်တားဘက်သို့ ဦးတည် မောင်းနှင်လျက် ရှိနေလေသည်။ ပီတီအား တွေ့ရှိပြီး ဂျစ်ကားပေါ်တင်၍ ခေါ်လာခဲ့ကြသည်မှာ နာရီပေါင်းများစွာ ကြာခဲ့ပြီ၊ ပီတီသည် ... ဟိုက်နွမ်းနယ်နေသေးသဖြင့် အထန့်ကြာ စကားမပြောနိုင်၊ နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းချင်း ဒီကွန် မေးသမျှကို တလုံးစနှစ်လုံးစ ဖြေနိုင်ခဲ့ရာမှ နောက်တော့ ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြလေသည်။ ညအချိန်ရောက်၍ နာရီဝက်ခန့် ခတ်ဆိုဖြည့်ကြရန် ခရီးတထောက် နားကြ၏။ ပီဘီ တွင် အားပြန်၍ပြည့်လာပြီ ဖြစ်သဖြင့် စားလိုက်သောက်လိုက်သည်မှာ သူရသင့်သည့်ကိုဘာထက်ပင် ကျော်သွားလေတော့သည်။

ကာနယ်ဟုမ်းကာမူ လူမှန်းသူမှန်း မသိသေး၊ အစီပွာယ်မရှိ တတွတ်တွတ် ပြောဆိုနေသည်။ ဒီကွန်တို့က သူ့အား ကယ်ဆယ်ခဲ့ကြကြောင်းကိုပင် သူမသိရှာ။

"ဂျာမန်တွေက ဆေးခတ်ထားတာပဲဗျ၊ သူ့စိတ်တွေက မမှန်တော့ဘူး" ဟု ပီဘီက ပြောပြသည်။

"သူ့ကို ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်လို့မှ မရဘူး၊ နာဗ်တားအထိခေါ်ခဲ့၊ ဟိုကျတိုက်ပွဲဖြစ်ယင် သူ့ကိုလုံခြုံရာထား၊ နောက်ဆရာဝန် တဦးဦးကိုတွေ့အောင်ရှာ၊ ဆေးကုပြီး တပ်အထိခေါ်သွားရုံပဲ ရှိတာပဲ"

ဟု ဒီကွန်က မှတ်ချက်ချသည်။

ဖာဒီအဖို့ ပီဘီထံမှရရှိသော သတင်းများမှာ သူ့အဖို့အလွန်တန်ဖိုးရှိနေသည်။ အယ်ဟာရောက်ဆီတွင် မည်ကဲ့သို့ လေယာဉ်ပျံများနှင့် အတူအက်စ်အက်စ် မေဂျာဂျိုင်နရယ် (ဇိုက်ဂင်) ရောက်ရှိလာပုံ စသည်တို့မှာ ဖာဒီအတွက် သတင်းထူး သတင်းဆန်းများ ဖြစ်နေသည်။ သူက အားမရနိုင်သေး၊ အခြားသတင်းများ ရရှိလိုရရှိငြား တမေးတည်း မေးနေရာ၊ ကြာတော့ ပီဘီမှာ ပြောစရာလည်းကုန် မောလည်း မောလာသည်နှင့် 'ကဲဗျာ....နားကြပါဦးစို့'ဟု ပြောယူရလေသည်။

သို့ပြောပြီး ပီဘီသည် ကင်းဗဲလ်၏ ဒုတိယဂျစ်ကား နောက်ပိုင်းသို့တက်ပြီး ခတ်ဆီပုံးများကြားဝယ် ခွေးတိုးဘလိုတိုးကာ စောင်ကိုခေါင်းမြီးခြုံပြီး အိပ်လိုက်လာခဲ့သည်။

ပီဘီ အိပ်မပျော်မီကလေးမှာပင် ကင်းဗဲလ်က....

"ဟေး... ပီဘီ"

"ဘာလဲဗျ"

"တို့ မင်းကိုတွေ့တော့ မင်းက ဘယ်ကိုဦးတည်လျှောက်နေတာလဲ၊ မင်းက ဘယ်အထိခြေလျင်လျှောက်မယ်လို့ စိတ်ကူးထားတာလဲ"

ပီဘီသည် အိပ်ချင်မူးတူး ဖြစ်နေရာမှပင် ရယ်လိုက်ကာ ခေါင်းကိုထောင်ပြီး....

"ဘယ်ရယ်လို့ မဟုတ်ပါဘူးဗျ၊ ဆရာကြီးဟုမ်းနဲ့ လွတ်ယင်ပြီးရောဆိုပြီး ခြေဦးတည့်ရာ လျှောက်နေတာပဲဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကင်းဗဲလ်မှာ သဘောကျကာ တဟားဟားဖြင့် ရယ်မောလေတော့သည်။

ဂျစ်ကားကလေး နှစ်စင်းသည် မရဏကန္တာရအတွင်း ကျန်ရှိနေသော နောက်ဆုံးခရီးကို ညအချိန်တွင်ပင် ကားမီးများကို အုပ်လျက် မောင်းနှင်လာခဲ့ကြလေသည်။ ပီဘီနှင့် ကာနယ်ဟုမ်း တို့ကား အိပ်ပျော်လျက် ပါလာကြသည်။

\+ \+ \+

ဒီကွန်သည် ပြောင်းပင်များ၏ အနံ့ကြောင့် အိပ်ရာမှနိုးလာသည်။ သူသည် မျက်စိများကို ဖွင့်ကြည့်မိသည်။ ဟုတ်ပါသည်။ ပြောင်းပင်တို့၏ အနံ့၊ ထိုမျှသာမက သစ်ပင်တို့၏အနံ့၊ မြက်ပင်တို့၏အနံ့၊ မြစိမ်းရောင် တူနီးစီးယား တောင်တန်းမှ တောင်နံ့များပင် ရနေပါပြီကော၊ မိုးကောင်းကင် မလင်းသေး၊ ညမှောင်ထုက မပြယ်သေးပေ၊ ဂျစ်ကားနောက်ပိုင်းတွင် ကွေးကောက်အိပ်ခဲ့ရ၍ ဒီကွန်တကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေသည်။

ဂျစ်ကားသည် သဲကန္တာရထဲ မောင်းစဉ်ကလို ချောချော မွေ့မွေ့နှင့် မြန်မြန်ဆန်ဆန် မဟုတ်တော့၊ လမ်းကြမ်းပေါ် မောင်းနေရ၍ နှေးကွေးပြီး ဝုံးဒိုင်းကြဲနေသည်။ ဖာဒီက ဂျစ်ကားကိုမောင်းလာခြင်း ဖြစ်သည်။ နောက်မှာ ဂျစ်ကားနံပါတ် ၂-၏ ထိပ်မီးရောင် ၂-ခုက ကားနှစ်စင်းကြား သဲပြင်ပေါ်ဝယ် မီးရောင်ဖျာခင်းပေးထားသကဲ့သို့ ဖြစ်နေသည် သဲပြင်...ဟုတ်ပါသည်။ သဲပြင်ပေါ်မှာပင် ဂျစ်ကားမောင်းနေရသေးပင် ဖြစ်ပါ။ သို့သော် မရဏသဲကန္တာရမှ ဆားသဲပြင် မဟုတ်တော့၊ ဖာဒီ၏ ကျွမ်းကျင်မှုကြောင့် မရဏသဲပြင်ကြီးကို ကျော်လွန်လာခဲ့ကြပြီ ဖြစ်သည်။

ဒီကွန်သည် ညဉ့်လေအေးကို တဝကြီး ရှူရှိုက်ပြီး....

"ဘယ်လောက်ဝေးသေးသလဲ ဖာဒီ"

"ရောက်တော့မယ်၊ ဝါဒီကို ၁၅-မိနစ်အတွင်း ရောက်သွားမှာပဲ"

ဒီကွန်သည် အရှေ့ဘက်က ကောင်းကင်ဆီသို့ မျှော်ကြည့်မိသည်။ အထက်ဘုံ၏အဝမုခ်ဦးသည် ပန်းနုရောင်ထနေသည်။ သူ့နံဘေး တဘက် တချက်တွင်လည်း တောင်တန်းများ ရှိနေသည်ကို တွေ့ရသည်။

"နှစ်တားကနေပြီး လှမ်းကြည့်လိုက်ယင် ကာကန်နားက ဖိုနပ လွန်ပင်တွေကိုမြင်ရတယ်ဗျ"ဟု ဖာဒီက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကွန်သည် သူ့ခြေထောက်ဖြင့် လိုက်စမ်းပြီး ရေဗူးထားဗူးကိုခြေဖြင့် ဆွဲယူလိုက်သည်။ နောက်ဗူးဆို့ကိုဖွင့်ပြီး တကျိုက်မော့လိုက်ကာ ကားဘေးသို့ ထွေးထုတ်ပစ်လိုက်သည်။ နောက်တဝသောက်ချ လိုက်လေသည်။ ဤအချိန်၌ပင် သူသည် လက်ဖက်ရည်ချိုချို၊ ပူပူကလေးတခွက်နှင့် ကြက်ဥမွှေကြော် တပန်းကန်ကို နောက်ထပ်ပေါင် ၂၀၀-ပေးလိုက်လိုက ပေးရစေရနိုင်မည် ဆိုပါက ငွေပေးပြီး ဝယ်လိုက်ချင်သေးသည်။ သို့သော်ဤ ကဲ့သို့သော မနက်စာကို အသာထားလိုက်ဦး....

သူက သူ၏ဘေးသို့ကြည့်လိုက်ပြန်သည်။ ကာနယ်ဟုမ်းသည် စောင်ခြုံ့ထဲတွင် ကွေးကွေးကလေး အိပ်ပျော်နေဆဲပင် ရှိသည်ကို တွေ့ရသည်။ သူ၏ဒဏ်ရာဖြင့် လက်ကို သူ့ဘေးတွင် တန်းဘန်းကြီး ချထားသည်။ ဒီကွန်သည် ရေဗူးကိုမော့လိုက်ပြန်ပြီး အဖုံးကိုပြန်ဖုံးကာ ပြန်ထားလိုက်သည်။ နောက် သူ၏ နောက်ဆုံးဖြစ်သော စီးကရက်တလိပ်ကို မီးညှိဖွာလိုက်သည်။

"မောင်းပေးရဦးမလား....ဖာဒီ"

"ရပါတယ်....နေပါစေ"

ဂျစ်ကားသည် ရှေ့ဆက်မောင်းလာသည်။

တဖြည်းဖြည်း အရှေ့နားမှ နေဝန်းမြင့်တက်လာသော် တလောကလုံး အရောင်များပွင့်လာသကဲ့သို့ လင်းလာသည်။ နေရောင်သည် မိန်းကလေးများနှင့် ရွှေတုံးရွှေခဲများဖြင့် ကြီးပွားနေကာ အိပ်လျက်ရှိမည့် မီလ်ဘန်၏ နေရာ ကိုင်ရိုမြို့ပေါ်တွင်လည်းကောင်း၊ အယ်လီဇန္ဒြား၊ ဆီဒီဘာရန်နီ၊ ဘိုဘရက်နှင့် အင်ဂါဇီ ဒေသများအပေါ်တွင် လည်းကောင်း၊ ကက်စတဲလ်ဘင်နီရှိ ရှေ့တန်းတပ်များ၊ အမေရိကပ်တပ်များရှိရာ ရက်စ်၊ ဂျောင်ရန်၏ လူချုံးပေါင်းစုံ ပါဝင်သော တပ်မကြီး ပေါ်တွင် လည်းကောင်း အလင်းရောင်ပေးလျက် ရှိချေသည်။

ချက်ချင်းပင် နေ့ဖြစ်လာသည်။ ဖာဒီသည်ကား မီး များ ကို ပိတ်လိုက်သည်။ နောက်ဂျစ်ကားကို တောင်စွန်းမှ တဖြည်းဖြည်း တောင်ကြားအတွင်း ဆင်းသက်လာခဲ့သည်။ တောင်ကြား တဘက်ထိပ်တွင်မူ နာ့ဇ်တားရွာကလေး တည်ရှိလေသည်။

ဖာဒီက ဒီကွန်အား နာ့ဇ်တားရွာ အကြောင်း ပြောပြခဲ့သည်။

နာ့ဇ်တားရွာအား အများက 'ရွာပုလဲ' ကလေး၊ တူနီးစီးယား၏ ခြင်းတောင်း' စသည်ဖြင့် တင်စားခေါ်ကြသလို၊ ကြွယ်ဝချမ်းသာသည့်ရွာ မဟုတ်၊ ဒေသခံတိုင်းရင်းသားများ ဒုက္ခသုက္ခရောက်ပါက ပုန်းအောင်းလေ့ အရပ်သာ ဖြစ်သည်။ ဆင်းရဲနွမ်းပါးလှကြသည်။ နာ့ဇ်တားကို အခြား တိုင်းရင်းသားများက ဝင်စီးကြ၊ ထွက်ခွာသွားကြနှင့် စစ်ပွဲအမျိုးမျိုးဖြင့် ကြုံခဲ့ရသည်။ ထိုအခါတွင် ဒေသခံများသည် တောင်စွန်းသို့ တက်ရောက်ပြီး ဂူသဖွယ် ရွှံ့အိမ်ကလေးများ ဆောက်လုပ်နေထိုင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေတွင် မီးရထားလမ်းဆုံ ဘူတာရုံ ရှိသည်။ တကြိမ်က နာ့ဇီတား တောင်တန်းများမှ ရွှေထွက်သည်။ ငွေထွက်သည်ဟု သတင်းများဖြစ်ကာ အီတလီလူမျိုးများ လာရောက်ကြပြီး မီးရထားလမ်းဖောက်၊ တောင်ကြီးကို တူးမည်ကြံကြသည်။ သို့သော် ရွှေလည်းမထွက်၊ ငွေလည်း မထွက်ပဲ မီးစုန်းကြောက်နှင့် ကြွေးများသာ ထွက်သဖြင့် လက်လျှော့သွားကြသည်။ ရွှေတွင်းတူးမည့် ကုမ္ပဏီများလည်း မွဲပြာကျသွားကာ မီးရထားလမ်းကိုသာ ဖောက်လုပ်နိုင်ခဲ့ကြရာ၊ ဒီကွန်နိက ဤမီးရထားလမ်း ဆိုသည် အင်ဂျင်နီယာများ၏ လုပ်ငန်းတိုးတက်မှု အဆုံးသတ်ရာဟု မယူဆပဲ အီတလီလူမျိုးတို့၏ ရွှေငွေလောဘဇော အိပ်မက်ချုပ်ငြိမ်းသွာရာလမ်းဟု မြင်မိသည်။ မီးရထားဘူတာရုံကြီးမှာ ဟောင်းနွမ်းနေပါပြီ၊ သံထည်များလည်း သံချေးတက်နေပါပြီ၊ တခုတည်းသော ဤမီးရထားလမ်းသည် နာ့ဇီတားမှ မိုင်ပေါင်း ၁၉၈-မိုင် ဝေးသည့် ဂျာရဒ် မြို့ အထိ ပေါက်လေသည်။

"လူတွေ မမြင်ပါကလား" ဂျစ်ကားများသည် တောင်ကြားလမ်း ကျဉ်းလေးအတွင်း ဝင်လာခဲ့သော် ဒီကွန်နိက မေးလိုက်သည်။ 'လူရိပ်လူစလဲ မတွေ့ရဘူး"

"ဘင်ဇာမာရစ်ကို များသွားနေကြသလား မသိဘူး"

"မြေအောက်စခန်းလေ၊ သူတို့ အဲဒီမှာလဲ သွားနေတတ်ကြတယ်၊ တွင်းကြီးတွေ နက်နက်တူးပြီး တွင်းအောင်းပြီး ပုန်းနေကြတာပဲ"

"အင်း... တကယ့်လူတွေပါပဲကလား"

"မက်စနာလာတယ်လို့ ကြားယင်ပဲ သူတို့တချိုးတည်းလစ်ကြတော့တာပဲ၊ သူတို့က တောင်သူလယ်သမားတွေ မဟုတ်တော့၊ ဘာမှစိုက်ခြင်းပျိုးခြင်းလဲ မရှိဘူးလေ၊ သူတို့က လက်မှုအနုပညာသည်တွေ လှလှပပ ပစ္စည်းကလေးတွေ လုပ်တတ်ကြတယ်၊ စစ်ဖြစ်လို့ ဘယ်သူတွေတိုက်ကြတိုက်ကြ သူတို့ကို မထိခိုက်ဘူး၊ ပုန်းနေရယင် ပြီးတာပဲ၊ ပုန်းယင်း အောင်းယင်း သားရေထည်တွေ၊ ကျောက်စိမ်းကုန်းနှိုးတွေကို အင်မတန်လှအောင်လုပ်တတ်ကြတယ်၊ အကျည်းတန် အခြေအနေဆိုးထဲမှာ အလှအပတွေလုပ်တတ်တဲ့လူတွေပေါ့ဗျာ"

ဖာဒီကား ဆာဟာရကို ချစ်သူဖြစ်သည်။ ဆာဟာရ၏ ရိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံကို မြတ်နိုးသည်။ သူသည် ရှေးကျသော လူမျိုးများကို နှစ်သက်သဘောကျသူ ဖြစ်သည်။ အချိန်ကာလ မျိုးဆက်များဟု သူက ခေါ်သည်။

"သူတို့က စစ်တိုက်တဲ့ လူမျိုးတွေ မဟုတ်ဘူးပေါ့"

ဟု ဒီကွန်နိက မေးရာ ဖာဒီက...

"သူတို့က စစ်ဆိုတာ မကောင်းမှန်းသိတဲ့ လူတွေပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ တော်တော်ဝေးဝေးကို ဖမ်းနိုင်လှင့်နိုင်တဲ့ ရေဒီယို ထရန်စစ္စတာတွေဖို့ မလွယ်ဘူးထင်တယ်"

"ဂျူရဒ်မှာတော့ ရှိပါတယ်"

"ဒီလိုဆိုယင် တို့ထဲက တယောက်ယောက် ဂျူရဒ်ကိုရောက်အောင်သွားပြီး တို့မဟာမိတ်စစ်ဌာနချုပ်ကို သတင်းပို့ရမယ်"

ဒီကွန်ကပစ်ဆက်၍....

"ဂျာမန်တွေဟာ ပြင်သစ်တပ်မကြီး တခုလုံးကို အာရပ်တအုပ်နဲ့ ဂျာမန်ပင်ဇာ နှစ်ရာကျော်နဲ့ပဲ အပြုတ်တိုက်မယ်လို့ ခင်ဗျားထင်သလား၊ အယ်လ်ဟာဒရာက်ဆီမှာ လေယာဉ်ပျံတွေ တပုံကြီးရှိတယ်၊ လေကြောင်းက အကြီးအကျယ်တိုက်မယ်လို့ ထင်တယ်"

"ကျုပ်တို့က လေယာဉ်ပျံကိုတော့ ဘယ်မှာတိုက်နိုင်မှာလဲဗျာ"

"ဟုတ်တယ်... တို့မတိုက်နိုင်ဘူး၊ ဒီတော့ ဂျောင်ရန် တပ်တွေကို ဖြန့်ပြီး၊ ဖျောက်နေကြဖို့ သတိပေးရမယ်"

"ဂျောင်ရန်က ဘယ်မှာရှိမှန်းမှမသိတာ"

"ဂျောင်ရန်တပ်တွေဟာ ဘယ်ဘက်ကလာလာ၊ တောင်ဘက်ကလာလာ၊ အရှေ့ဘက်ကလာလာ၊ ဒီတောင်ကြားထဲ ဝင်ရမှာပဲ၊ ဒါမှ ဘူတာရုံကို စီးနိုင်မယ်ဟုတ်တယ်မဟုတ်လား"

ဖာဒီက ခေါင်းကိုယမ်းလိုက်ပြီး....

"ကျုပ်လဲ အဲဒီလိုတွက်ပြီးသားပါ၊ ဒါပေမယ့် မက်စနာက ထွက်လာနေပြီ၊ တပ်မကြီးတခုလုံးကို ဖျောက်ထားဖို့ ကလဲ မလွယ်ဘူးဗျ၊ ဖုန်တထောင်းထောင်း ထနေမှာ၊ ဂျောင်ရန်တပ်ကို ရှေ့ပြေး ကင်း အဖြစ် ဂျင်ကားလွှတ်ပြီး ပြောလဲ၊ မက်စနာနဲ့ အလျင်တွေ့မှာပဲဗျ"

ဒီကွန်သည် ဂျစ်ကားထိုင်ခုံပေါ်တွင် မတ်တတ်ရပ်လျက် ရှေ့မြင်ကွင်းကို ဖြေးချာစွာ ကြည့်ရှုလေ့လာသည်။ တောင်ကြားသည် ရှည်လျားလှ၏။ တပ်ကြီးတခု ကောင်းစွာ ပုန်းအောင်နေနိုင်သည်ကို တွေ့ရသည်။ မက်စနာတပ်များ၏တိုက်ကွက်များမှာ တောင်ကြားတဘက်တချက်မှ ချုံခိုတိုက်မည် ဖြစ်သည်။ အဖြစ်နိုင်ဆုံးမှာ ဂျာမန်တပ်များသည် မရဏာသဲကန္တာရ အဒွန်တွင် တပ်ဝပ်ပြီး ထွက်ပေါက်ကိုပိတ်ထားကြမည်သာဖြစ်သည်။ သူတို့တွင် ပါလာသမျှသံချပ်ကာကား၊ လက်နက်ကြီးများ စသည်တို့ဖြင့်၊ ကမူးရှူးထိုးတပ်ပျက်ထွက်ပြေးလာမည့်ပြင်သစ်တပ်များ၏ ဇီဝိန်ကိုခြေကြမည်။ တချိန်တည်းမှာပင် လေကြောင်းမှတိုက်မည်။ ထိုဒေသတွင် အကာအကွယ်ဟူ၍ မရှိရကား ရှန်ကာဗုံးကြဲ လေယာဉ်ပျံ အစင်း ၂၀ သို့မဟုတ် ၃၀-တို့က ဗုံးတပြေးချရုံ၊ ရှမစ်တိုက်လေယာဉ်ပျံများက စက်သေနတ် ဖြင့်ဆွဲရုံမျှဖြင့် အားလုံးကိုစွဲချောနိုင်သည်။ ရေစည်ထဲမှ ငါးကိုပစ်ရသည့် သဖွယ် ဖြစ်ပေလိမ့်မည်ဟု ဒီကွန်က တွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တယောက်ယောက်ကတော့ ရေဒီယိုရှိရာ သွားမှ ဖြစ်မယ်"

ဒီကွန်က ခိုင်ခိုင်မာမာပင် ပြောလိုက်သည်။

"ဂျစ်ကားတစင်းတည်း နဲ့ မဖြစ်နိုင်ပါဘူး"

"မီးရထားကရော၊ မီးရထားကို ဘယ်သူမောင်းသလဲ"

"မော်ရိုကိုတွေ၊ ပြင်သစ် မော်ရိုကိုတွေ မောင်းတယ်ထင်တယ်"

"အဲဒီ ရထားလမ်းဆုံးက ဂျရဒ်မှာ ဘာရှိသလဲဗျ"

"မီးရထားစက်ရုံ ရှိမယ်ထင်တယ်"

"တို့ဒီလို တွက်ကြည့်ကြမယ်၊ ဂျောင်ရန် ဟာ ဂျ ရဒ် ကို ဝင် ယင် ဘယ်လိုမှ အကြောင်းမကြားပဲ မဝင်နိုင်ဘူး၊ ဂျရဒ်မှာ ရေဒီယိုအဆက်အသွယ်လုပ်နိုင်မယ်လို့၊ တို့က တွက်ရမယ်၊ တို့ဘက်မှာ လေယာဉ်ပျံ ရှိရမယ် ဖာဒီ၊ လေယာဉ်ပျံရလို့ ယောကြောင်းချင်း ကန့်ပြန်တိုက်နိုင်ယင် ဂျာမန် လေယာဉ်ပျံတွေကို ခွဲထုတ်ပစ်နိုင်မယ်၊ ဒါမှသက်သာမယ်"

"မက်စနာကလဲ မီးရထားကို အပိုင်စီးထားမယ်"

"ဖြစ်နိုင်တယ်"

"ဒီလိုဆိုတော့"

"တို့က သူတို့မစီးနိုင်အောင် ကာကွယ်ရမှာပေါ့၊ ပီဘီနဲ့ ကက်စလာ တို့နှစ်ယောက်က မီးရထားခေါင်းကို လက်ဦးအောင် လုပ်ရမယ်၊ ကင်း ဇဲလ်ရယ်၊ ခင်ဗျားရယ်၊ ကျုပ်ရယ်က ဒီမှာနေရမယ်၊ ဂျောင်ရန်ကို သတ် ပေးနိုင်ယင်ပေးနိုင်ဖို့ပဲ"

သူတို့၏ရှေ့တွင် မြို့ဟောင်းနေရာ ကွင်းပြင်ကြီးကို မြင်နေရသည်။ အုတ်ကျိုးအုတ်ပဲ့ ပုံများ၊ အမှိုက်ပုံများ ဟိုတပုံသည်တပုံ ဖြင့်ရှိနေသည်။ အဝေးတွင် ခေါင်းလောင်းပုံ တောင်ကုန်းကလေးပေါ်မှ ဗလီဝတ်ကျောင်း တော်၏ အစိုးဖြူဖြူက တောင်စွန်းပေါ်ဝယ်၊ ချိတ်ဆွဲထားသလို မြင်နေ ရသည်။ နေရောင်က ဘုတ်ာရုံပေါ်သို့ အနီရောင်ကန့်လန့်စင်း ကြီး အဖြစ် ကျနေသည်။ တောင်စွန်းဝယ် လူနေအိမ်ခြေ၊ ဂူသင်္ချာန် အိမ်ကလေးများ မှ ပြတင်းပေါက်သေးသေး ကလေးများအားလည်း လှမ်းမြင်နေရရာ မြစ် ကမ်းပါးမှ ပျံလွှားငှက်သိုက်ကလေးများနှင့် တူလှတော့သည်။

ကက်စလာသည် ဒုတိယ ဂျစ်ကားကို မောင်းယင်း သူတို့အနီးရောက် လာသည်။

"ဘာကြည့်နေတာလဲဗျ"

"ဘာမှ မဟုတ်ပါဘူး၊ ရှခင်းကလေးကို ကြည့်နေတာပါပဲ"

ဤနေရာ၌ ဖာဒီက ဒီကွန်အား ပြောတော့သည်။

"ခင်ဗျားက ခုတော့ ဘာမှစိတ်မဝင်စားတော့ ဘူးပေါ့ဗျာ၊ ခင် ဗျားတို့ရဲ့ ရဲဘော်နဲ့ ခင်ဗျားတို့ရဲ့ ကာနယ်ကြီးကို တွေ့ပြီးပြီကိုး၊ သူတို့ကိုတွေ့

www.burmeseclassic.com



မှတော့ ဘာကို စိတ်ဝင်စားတော့မှာလဲ၊ ခင်ဗျားတို့ သွားကြတော့ဗျာ၊ ရထားစီးသွားကြ၊ ကျွန်တော်နဲ့ ကက်စလာပဲ မက်စနာကို တိုက်မယ်''

''အို....ဘုရားရေ....ဖာဒီ ဘယ်လိုဖြစ်တာလဲ''

''ဒီလူ ဘာဖြစ်နေတာလဲ''

ကင်းဗဲလ်က အိပ်ချင်မူးတူး အသံဖြင့် ဝင်မေးသည်။

''မက်စနာကို ကျုပ်ချမယ်၊ ခင်ဗျားတို့ မလိုတော့ဘူး၊ ခင်ဗျားတို့ဟာ အလကား၊ အက်စ်အေအက်စ်၊ ငကြောက်တွေ''

''တို့ကို ဘာလုပ်ပေးစေချင်တာလဲ၊ လူက ၅-ယောက်၊ တိုက်ဖို့မပြောနဲ့ မတ်တတ်တောင် ထမရပ်နိုင်တဲ့ ကာနယ်က တယောက်၊ ဘာလဲ ခင်ဗျားက မက်စနာရဲ့ တပ်ကြီးကို အသေခံတိုက်ပြီး သူရဲကောင်းဘွဲ့ ယူချင်လို့လား၊ ခင်ဗျားရဲ့တကိုယ် အောင်ပွဲလို့ အခေါ်ခံချင်လို့လား၊ ဒီ ၅-ယောက်နဲ့ ဘာလုပ်နိုင်မှာတဲ့လဲ''

ဖာဒီသည် ကျူကျူပါအောင် ငိုပါလေတော့၏။ ဒီကွန်သည် သူက ပြောလိုက်မိသဖြင့် ဖာဒီငိုချလိုက်ပုံကို ကြည့်ယင်း အံ့လည်းအံ့သြ၊ ရှက်လည်း ရှက်မိသလို ဖြစ်မိချေသေးသည်။ ဖာဒီသည် သူ့မျက်နှာကို သူ၏ လက်သေးသေးကလေးဖြင့်အုပ်၍ငိုကာ ''ခွင့်လွှတ်ကြပါဗျာ၊ ကျုပ်ကို ခွင့်လွှတ်ကြပါဗျာ'ဟု လည်း တတွတ်တွတ် ပြောနေသည်။

''ကဲပါ....တိတ်ပါ... တိတ်....တိတ်....''

ဒီကွန်လည်း ဘာပြောရမှန်း မသိသဖြင့် ကလေးကို ချော့သလို ချော့နေမိပြန်သည်။

ဖာဒီက....

''ကျုပ် သိပ်ပင်ပန်းနေတယ်ဗျာ၊ လူရောစိတ်ရောပဲ၊ နဗီလ်ကလေးကို သူပဲသတ်တယ်၊ ဒီကောင်ကို ကျုပ်သိပ်မုန်းတယ်ဗျာ၊ ကျုပ်တို့ရဲတော်တွေအတွက်လဲ စိုးရိမ်မိတာ အမှန်ပါပဲ ကျုပ်ဆင်တာက ကျုပ်တို့ဒီကို ရောက်လာကြပြီး၊ ဒီလူကို တိုက်နိုင်မယ်လို့ ထင်တာကိုး၊ ကျုပ်မှားပါတယ်ဗျာ၊ ဒီလိုထင်မိတာ ကျုပ်အမှားပါပဲ၊ ဟုတ်ပါတယ်၊ ဒီငါးယောက်တည်းနဲ့ ဘယ်လိုလုပ်ပြီး နိုင်အောင်တိုက်နိုင်ပမလဲဗျာ''

''ကဲ....ဂျက်ဖ် ပြောလိုက်တော့လေ''

ဟု ကင်းဗဲလ်က ဒီကွန်အား ပြောလိုက်လေသည်။

\+ \+ \+

အယ်ဟာရောက်ဆီ လျှို့ဝှက်လေယာဉ်ကွင်းသို့ နံနက် မိုးလင်းလျှင် လင်းခြင်း ရောက်လာနေကျ 'နွားနို့ပို့' လေယာဉ်ပျံများ၊ ကွင်းအတွင်း ဆင်းပြီးသည့်နောက် မကြာခင်မှာပင် အက်စ်အက်စ် မေဂျာ ဗွန်ရယ်ရိုက်ဂင်က စခန်းအတွင်းရှိ အရာရှိအကြပ်တပ်သား အားလုံးအား တန်းစီစေပြီး ယခုအချိန်မှစ၍ ဤတပ်စခန်း တခုလုံးကို မိမိက အမိန့်ပေး ကွပ်

www.burmeseclassic.com

www.burmeseclassic.com



ကဲသွားတော့မည် ဖြစ်ကြောင်းဖြင့် အသိပေးလိုက်လေသည်။ သူသည် သူ ယူဆောင်လာခဲ့သော အမိန့်စာကိုလည်း တပ်တွင်းသို့ ဖြန့်ချိ လိုက် သေး သည်။ အရာရှိချားနှင့် တပ်သားအားလုံးက ဟင်မလာကိုယ်တိုင် လက်မှတ် ရေးထိုးထားသည့် အမိန့်စာကို တွေ့ကြသော် အံ့သြခြင်းမဖြစ်ကြသော် လည်း အထူးသဘောကျသွားကြလေသည်။

နောက် တနာရီခန့်ကြာသော် စောစောက ဆင်းသက်ခဲ့ကြသည့် တိုက်လေယာဉ်ပျံ ၂-စင်းသည် ပျံတက်သွားကြပြန်သည်။ ဇိုက်ဂင်၏ ညွှန် ကြားချက်အရ လေယာဉ်မှူးများသည် ဆာဟာရ သဲကန္တာရ၏ မြေပုံများ ပါ ယူဆောင်သွားကြပြီး ကောင်းကင်မှ ရန်သူအား ကင်းထောက်ရှာဖွေ ကြမည် ဖြစ်သည်။

"မင်းတို့ တာဝန်က လူ ၂-ထောင်လောက်ပါတဲ့ ရန်သူတပ်ကို ရှာဖွေဖို့ပဲ၊ ဗိုဘပ်ကြီးမှာ ထရပ်ကားတွေ၊ သံချပ်ကာကားတွေ ပါမယ်၊ တင့်ကားနည်းနည်းပါးပါး ပါချင်ပါမယ်၊ အဲဒီရန်သူစစ်ကြောင်းက နာဇီ တားဘက်ကို ဦးတည်ချီတက်နေကြလိမ့်မယ်၊ မင်းတို့ အဲဒီ စစ်ကြောင်းကို တွေ့တာနဲ့ ဘာမှမလုပ်ကြနဲ့ ဘာဆိုဘာမှ မလုပ်ကြနဲ့နော်၊ ပျံယင်လဲ အမြင့် ကြီးကပျံ၊ မင်းတို့ကို မမြင်နိုင်လေ၊ ကောင်းလေပဲ၊ မင်းတို့က သူတို့ကို တွေ့တာနဲ့ တပိုင်နက် ခေါင်းဆောင်ဖြစ်တဲ့ မင်းကမင်းရဲ့ လေယာဉ်အဖော် လေယာဉ်မှူးကို ရေဒီယိုနဲ့ဆက်သွယ်ပြီး စခန်းကို အပြန်ခိုင်းလိုက်၊ မင်း လေယာဉ်ပျံမှာလဲ ဆီနည်းနေယင်မင်းလဲပြန်လာနိုင်တယ်၊ ဒါမှမဟုတ်လို့ ဆီလောက်မယ်ဆိုယင် မင်းက နာဇီတားအရောက် အဲဒီစစ်ကြောင်းပေါ်က လိုက်ကြည့် ဟုတ်လား ထပ်ပြောရဦးမလား၊ နားလည်ကြပလား"

ပိုင်းလော့နှစ်ဦးကပြိုင်တူပင် "မလိုပါဘူး....ဗိုလ်ချုပ်...."ဟု ပြန်ပြော လိုက်ကြသည်။

ဇိုက်ဂင် သည် စားပွဲကလေး အောက်မှ၊ ကင်းဘတ် အိတ်ကြီး နှစ် အိတ်ကို ဆွဲဘုတ် ယူလိုက်ပြီး ပိုင်း လော့ နှစ်ယောက်အား တအိတ်စီပေး လိုက်ပြီး....

"အဲဒီအိတ်တွေထဲမှာ အလံကလေးတွေ တဒါဇင်လောက် တွေ့လိမ့် မယ်၊ အရောင်ကသုံးရောင်ပါတယ်၊ အလံနီက တနာရီအချိန်ကို ဆိုလိုတယ်၊ အလံဝါက သုံးနာရီ၊ အလံပြာက ငါးနာရီ၊ နားလည်ကြလား"

'ဟုတ်ကဲ့....ဗိုလ်ချုပ်...."

"မင်းတို့ အဲဒီစစ်ကြောင်း၊ စစ်ကြောင်းက ပြောရမယ်ဆိုယင် ရန်သူပြင်သစ်စစ်ကြောင်းပဲ၊ အဲဒီစစ်ကြောင်းပေါ်က ပျံလိုက်ယင်း သူတို့ရဲ့ ချီတက်နှုန်းကို မင်းတို့ခန့်မှန်းနိုင်ကြလိမ့်မယ်၊ အဲဒီနှုန်းနဲ့ နာဇီတား အကွာ အဝေးကို တွက်ပြီး ဘယ်နှစ်နာရီလောက်နေယင် သူတို့နာဇီတားကို ရောက် မယ်လို့ ဆိုတာ မင်းတို့တွက်ကြရမယ်၊ အနီးဆုံး ခန့်မှန်းခြေပေါ့လေ၊ အဲ

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကို တွက်လို့ ရပြီဆိုယင် လိုအပ်တဲ့အလံကို ကြိုးမှာမြဲမြဲချည်၊ ကြိုးတွေလဲ ဒီကင်းဗတ်အိတ်တွေ ထဲမှာ အသင့်ပါတယ်၊ ကြိုးတွေ ထိပ်မှာလဲ ခဲသီးတွေ ဆွဲထားတယ်၊ အဲဒီလို အလံကို ကြိုးမှာချည်ပြီးယင် နာဇီတားကို ကိုယ်က အလျင်ရောက်အောင် အမြန် ပျံသန်းသွားရမယ်၊ ဒါမှမဟုတ်လို့ ဆီဖြည့်စရာရှိယင် စခန်းကို မြန်မြန်ပြန်လှည့်လာပြီး ခပ်မြန်မြန် ဆီဖြည့်ပြီး ရည်မှန်းချက်ပြီးဆုံးအောင် လုပ်ကြရလိမ့်မယ်၊ ဟုတ်လား၊ နားလည်ကြလား ထပ်ပြောရဦးမလား"

"နားလည်ပါတယ် .. ဗိုလ်ချုပ်"

ပိုင်းလော့များကား၊ ကြည်းတပ် လေ့ကျင့်ရေးထွက်များဖြစ်သည်။ ဖျတ်လတ်သည်၊ သန်စွမ်းသည်၊ အယ်ဟာရောက်ဆီသို့ ခရီးဝေးပျံသန်းလာခဲ့ပြီးနောက်၊ ယခုဘဖန် ချက်ချင်းလိုပင် ပြန်ထွက်ကြရဦးမည်ဆိုသော်လည်း၊ သူတို့ဘွင် စိတ်ပျက် ညည်းညူဟန်မပြကြ၊ ပင်ပန်းနွမ်းနယ်ပုံလည်း မရကြ၊ သူတို့သည် မြေအောက်အရာရှိရုံးခန်းအတွင်း ဖြစ်သဖြင့်၊ အမိုးနှင့်ခေါင်းနှင့် မလွတ်သဖြင့် အနည်းငယ် ကုန်းနေကြသလိုရှိသော်လည်း သတိဆွဲရပ်လျက် သူတို့၏ မျက်လုံးများက ထိုင်နေသော အရာရှိ၏ဦးခေါင်းပေါ်မှ စူးစိုက်ကာ အမိန့်ကို နာခံလျက် ရှိနေကြသည်။

"အလံ၀ါက ဘယ်နှစ်နာရီ"

"သုံးနာရီပါခင်ဗျား"

"အပြာကကော"

"ငါးနာရီပါခင်ဗျား"

"ကောင်းတယ်၊ ကဲ.... မင်းတို့ ရန်သူစစ်ကြောင်းကို တွေ့ပြီ၊ သူတို့ ချီတက်နှုန်းကိုလဲ သိပြီ၊ ရေီးအကွာအဝေး ကို လဲ မှန်းမိပြီ၊ အဲဒီ အခါမှာ ဆီထည့်စရာရှိလဲ ပြန် ထည့်၊ ထည့်စရာမရှိယင် နာဇီတားကို အရောက်သွား၊ ရန်သူစစ်ကြောင်း နာဇီတားကို ရောက်နိုင်မယ့် အချိန်ကို တွက်ပြီး လိုအပ်တဲ့ အလံကို ကြိုးမှာချည်ယူခဲ့၊ နာဇီတား ရောက်ယင် တောင်ကြားထဲ ဆင်း ပြီး နိမ့်နိမ့်ပျံ၊ အောက်က တောရက်အာရပ်တပ်တွေက မီးကျည်ပစ်ပြီး အချက်ပြလိမ့်မယ်၊ အာရပ်တွေ မီးကျည်ပြမှ မင်းတို့မြင်မှာပဲ မီးကျည် မပြမချင်း တော့ မင်းတို့ တွေ့မှာ မဟုတ်ဘူး၊ ကဲ.... မီးကျည်ပြယင် သူတို့ကို မြင်ပြီပဲ၊ အဲဒီမှာ မင်းတို့ ချည်လာခဲ့တဲ့ အလံနဲ့ ကြိုးကို အောက်ချ လိုက်ပေတော့ ဟုတ်ကဲ့လား"

"ဟုတ်ကဲ့ခင်ဗျား"

"ဟုတ်ကဲ့ဗိုလ်ချုပ်"

"အဲဒီလို အလံနဲ့ ကြိုး ချပြီးတာနဲ့ ဒီ ကို ချက် ချင်း ပြန်လာကြပြီး ငါ့ကို သတင်းပို့"

www.burmeseclassic.com

www.burmeseclassic.com



ဇိုက်ဂင်သည် ထပ်မပြောတော့ပဲ၊ စစ်လေယာဉ်မှူး နှစ်ဦးအား မော့၍ စိုက်ကြည့်လိုက်ပြီး နောက်၊ ထိုင်နေရာမှ ထကာ သူက စတင်၍ အလေးပြုလိုက်သည်။

"ဟေး....ဟစ်တလာ"

"ဟေး....ဟစ်တလာ"

\+ \+ \+

ပထမဆုံး လေယာဉ်ပျံတစင်း ပြန်လည်ရောက်ရှိလာသည့်အချိန်မှာ နံနက်ဆယ့်တစ်နာရီနှင့် မိနစ်နှစ်ဆယ် ဖြစ်သည်။

ဇိုက်ဂင်သည် လေယာဉ်ပျံကွင်း ပြေးလမ်းအဆုံးမှာ ရပ်လျက် စောင့်ကြည့်နေသည်။ သူ၏ဘေး၌လည်း လေယာဉ်ပျံကွင်းမြေပေါ် ဝန်ထမ်းတပ်သားများ၊ လေယာဉ်ပျံစက်ပြင်ဆရာများရှိနေရာ အားလုံးမှာ ရွှေးပြန်နေကြသည်။ လေယာဉ်ပျံမျာ:ထားရာ မြေအောက်ကျင်း များလည်း ဗလာကျင်းနေကာ အားလုံးသော လေယာဉ်ပျံများလည်း ကွင်းပေါ်တွင် အသင့်တန်းစီပြီး ဖြစ်နေသည်။

တိုက်လေယာဉ်မှူးသည် သူ့ခေါင်းပေါ်မှ ခေါင်းမိုးအဖုံးကို ဖွင့်လိုက်သည်။

ဇိုက်ဂင်သည် လေသူရဲဆင်းမလာနိုင်မီပင် လေယာဉ် အနီးကပ်လာကာ—

"မင်းရှဲရဲတော်.... လေသူရဲနာဇီတား ကို ဆက်ပျံသွား တယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်ချုပ်"

"သူ....ဖြင်သစ်တပ်တွေကို ဘယ်နားမှာ တွေ့သတဲ့လဲ"

"ဒီကနေ အနောက်တောင်ဘက်မှာပါ ဗိုလ်ချုပ်၊ ကျွန်တော့်ဆီ မြေပုံညွှန်း ပို့လိုက်ပါတယ်"

"မြေပုံညွှန်းမလိုချင်ပါဘူး၊ အချိန်ဘယ်လောက်ကြာမတဲ့လဲ"

"အခု လက်ရှိ ချီတက်နှုန်းနဲ့ သူတို့ ချီတက်ကြယင် နာဇီတား တောင်ကြားကို ဆယ့်နှစ်နာရီ အကြာ လောက်မှာ ရောက်ပါလိမ့်မယ် ဗိုလ်ချုပ်...."

"ကဲ....မင်းဆင်းချင်ဆင်းတော့"

ဇိုက်ဂင်သည် နောက်သို့ချာကနဲလှည့်ကာ သူ့အားစောင့်နေသည့် ကွန်မင့်ကားရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီ ကြာမည်။ ပြင်သစ် တပ်များသည် ညအချိန် ခရီးသွားပြီး မှောင်ကြီးမည်းကြီး နာဗ်ဟားတောင်ကြားထဲ ဝင်ကြမည်မဟုတ်။သူတို့သည် ညနေ နေဝင်ရီတရောအထိ ချီတက်ကြမည်။ နောက်ည အချိန်တွင် တပ်နားကြမည်။ နံနက်လင်းရောင်ပေါ်သည်နှင့် ဆက်လက်ချီတက်ကြလိမ့်မည်ဟု ဇုိက်ဂင်သည် ကွန်မင့် ကားပေါ် ထိုင်လိုက်လာယင်း စဉ်းစားမိသည်။

ထို့နောက် ဇုိက်ဂင်သည် မြေပုံကို ဆွဲထုတ် လိုက်ပြီး သူ၏ပေါင်ပေါ်တွင် တင်၍ ဖြန့်လိုက်သည်။ ပြင်သစ်များ၏ စစ်ကြောင်းကို ခန့်မှန်းရန်မခက်လှ။ အခက်အခဲမရှိသော တကြောင်းတည်းသော လမ်းမှပင် ချီတက်ကြလိမ့်မည်။ နောက် နာဗ်ဟားမြို့မရောက်မီ တောင်ကြားအတွင်းသို့ မည်သည့်အချိန်တွင် ရောက်ရှိကြမည်ကို လည်း တွက်ကြည့်ရန် လွယ်ကူလှသည်။

နက်ဖြန်နံနက် ဆယ့်တစ်နာရီခန့်တွင် ပြင်သစ်လွတ်လပ်ရေး တပ်မကြီးဟု ဆိုသော ရန်သူ တပ်သည် တောင်ကြားအတွင်း၌ ပိတ်မိ နေချေတော့မည်ဟု ဇုိက်ဂင်က တထစ်ချတွက်မိလိုက်သည်။

\+ \+ \+

ရှူးမား ကား၊ တိုရေအာရပ် မင်းမျိုးမင်းနွယ်မှ ပေါက်ဖွားလာသူ တဦး ဖြစ်ပေသည်။ သူ၏မိဘတိုးဘွားတို့၏ အင်ပါယာကလေးကို အော်တိုမက်စနာနှင့် သူ၏ ဂိုဏ်းသား များက ဖျက်ဆီး လုယူခဲ့သဖြင့် အင်ပါယာကလေး ပြိုကွဲပျက်စီးခဲ့ရလေသည်။ ရှူးမား ဆယ့်လေးနှစ်သား အရွယ်ကပင် ရန်သူများ၏ လက်တွင်းသို့ သူ၏ မိဘတိုးဘွားပိုင်ပစ္စည်းများနှင့်အတူ သက်ဆင်းခဲ့ရလေသည်။

ရှူးမား သည် သန်မာသည်၊ ခြေတံလက်တံရှည်ပြီး ချောမောသည့် လူငယ်တဦးပင်၊ သူသည် မက်စနာ ၏ သုံ့ပန်းမွေးစားသား အဖြစ် ဟိုဂါ တောင်ကြား မက်စနာ ၏ ရဲတိုက်အတွင်း နေထိုင်ခဲ့ရသည်။ သူ လူပျိုဖော် ဝင်စ အရွယ်ကပင် အဖမ်းခံခဲ့ရသူ ဖြစ်ရကား သူ့အားဖမ်းမိလျှင်ပင် ချောမောလှပပြေပြစ်သည့် သူ့အား မက်စနာ ၏ တဲကြီး အတွင်းဝယ် တည တာ အခြားသော မက်စနာ ၏ မွေးစားသားများ နည်းတူ ယောကျ်ားချင်း သံဝါသပြုခြင်းခံပြီးနောက်တွင်မူ ယောကျ်ားမပြီသည့်အဖြစ် ဆိုက်ရောက်ခဲ့ရလေသည်။ ထိုကြောက်မက်ဖွယ်ကောင်း၍ ထူးခြား ဆန်းကြယ်သတို့လို့ဖြစ်မိသော ထိုညမှ လွန်မြောက်ခဲ့သည်မှာ ကိုးနှစ်တင်းတင်း ရှိခဲ့ပြီ။ ယခုအခါ ရှူးမား ကား ရက်စက်ကြမ်းကြုတ်လှပြီး၊ မက်စနာ နည်းတူ ဥာဏ်နီ ဥာဏ်နက် များသူ ဖြစ်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန် လေယာဉ်ပျံ အလာကို စောင့်ကာ မီးကျည်ဖောက်ပြီး၊ လေယာဉ်ပျံမှချပေးမည့် အချိန်ပြအလံကိုဖြုတ်ရန် တာဝန်ကျသူမှာ ရှူးမားပင် ဖြစ်သည်။ ရှူးမား သည် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး အလံကို မက်စနာ ထံ ယူဆောင်လာခဲ့သည်။

ဒဏ္ဍာရီဆန်သော မက်စနာ၏ အနေအထိုင်မှာ ဤသို့ဖြစ်၏။ သူကား ဟန်လုပ်သည်လည်း မဟုတ်။ လူအထင်ကြီးအောင် နေပြခြင်းလည်း မဟုတ်။ ငယ်စဉ်က သူ့ဝါသနာ ဗီဇအတိုင်း ဂျာမန်စစ်ရောင်အထည်စတွင် ကပ်ထားသော အနက်ရောင် အာရပ်အဝတ်အစားများကို ဝတ်ဆင်သည်၊ ခါးကြား တဘက်တွင် ဓားကောက်တိုကလေးကို အလွတ်ထိုးထားပြီး တဘက်တွင်မူ၊ အိတ်ဖြင့် ထည့်ထားသော ဂျာမန် လူးဂါး သေနတ်ကို လွယ်ထားသည်။ မျက်နှာတွင် ဂျာမန် လုပ် နေကာမျက်မှန်ကို အမြဲ တပ်ထားသည်။ သူ၏ ဖျော့တော့တော့ အပြာရောင် ရှိသည့် မျက်စိများ က တောက်ပလှသည်။ အာဖရိက နေ ရောင် ကို မကြည့်နိုင်ချေ။ နေပူဒဏ် ကြောင့် မကြာခဏပင် ပြင်းပြင်းထန်ထန် ခေါင်း ကိုက် ဝေဒနာ ခံစားရပြီး ထိုအခါတွင် သူ၏ မျက်လုံးများကလည်း မှုန်ဝါးဝါးဖြစ်လာတတ်သည်ဆိုလေသည်။ ဤကဲ့သို့ နေကာမျက်မှန် တပ်ဆင်ထားခြင်း ဖြင့်လည်း ပို၍ လျှို့ဝှက် သိုသိပ် ဟန်က ပေါ်လွင်ထင်ရှားနေသည်။ သူ၏ မျက်နှာသွယ်သွယ်၊ နေ လောင် ခံ ထား ရသည့် အသားအရေဖြင့် မေးဖျားတွင် တီကျစ်စာတွင်းသဖွယ် အမာရွတ် ကြီးတခု ရှိနေသည်။ ဦးထုပ်ဦးပေါင်း အသုံးမပြုသော သူ့ခေါင်းထက်မှ အဖြူရောင်ရှိသော သူ့ဆံပင်ရှည်များက နူးညံ့လှပြီး တောင်ကြားလမ်း အတွင်း တိုက်ခတ်လာသော လေနုအေးတွင် ဝှေ့ယမ်းနေသည်။

သူသည် လှပလှသော ခေါ်ဇောငယ်ကလေးပေါ်တွင် တင်ပြင်ခွေ ထိုင် ကာ စွန်ပလွံ သီး စား လိုက်၊ ဆိတ်သားခြောက် ကင်ကို ဝါး ကာ၊ ဝိုင်အရက်ဖြင့် မျှောချလိုက်ဖြင့် ရှိနေ သည်။ သူ့နောက် တွင်ကား သူ၏ ကုလားအုပ်ထိန်းက၊ ကလန်ကဆန်လုပ် မနေ သော ကြီးမား လှသည့် သူ၏ ကုလားအုပ်ကြီးကို ကျော့သပ် ရင်သပ် ကာ ဖြင့် ကုလားအုပ်များ အလွန် ကြိုက်သည့် ကြက်သွန်နီဥများကို ကျွေးနေသည်။

ထိုအချိန်ပင် ရှူးမား သည် အလံများကိုယူဆောင်လာကာ၊ မက်စနာ၏ ရှေ့တွင် ချလိုက်သည်။ မက်စနာ နှင့် ရှူးမား တို့ နှစ်ဦးသည် လေယာဉ် ပေါ်မှကြိုးဖြင့် သီချလိုက်သည့်အလံများ၏အရောင်ကိုကြည့်ကာ ဇုက်ဂင် နှင့် အချိန်းအချက် ပြုလုပ်ခဲ့ကြသည့်အချက်များကို ဆွေးနွေးကြသည်။

“ပြင်သစ်တပ်တွေ ဒီည တပ်နားပြီး မနက်ဖြန် မွန်းမလွဲခင် တောင်ကြားထဲ ဝင်လာကြလိမ့်မယ်”

ရှူးမား က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမယ့် ဒီညမှာလဲ မပေါ့ကြနဲ့ ကင်းတွေ ချထားရမယ်...."

"မြို့ကိုကော ဘယ်လိုလုပ်ရမလဲ"

"မြို့ထဲဝင်ပြီး ရထားဝင်လာတာနဲ့ ဖမ်းစီးရမယ်"

"ကျွန်တော်စီးမယ်"

"မင်းက ဘာမဆို လုပ်ချင်တဲ့ အကောင်ကိုး"

"ကျွန်တော်က အလကား နေချင်တာ မဟုတ်ဘူးဗျ"

"အဲ....ရထားကိုစီးဖို့ မင်း လူဘယ်နှစ်ယောက်လိုမလဲ"

"ဆယ် ယောက်"

"ရထားမှာ အစောင့်တွေပါလာမယ်၊ စက်သေနတ် ပါယင်ပါလာမယ်ဆိုယင် ဘယ့်နှယ်လုပ်မလဲ"

"ဆယ်ယောက်ပဲ"

မက်စနာသည် ပါးစပ်မှ ဆိတ်သားခြောက်ဝါးယင်း ခေါင်းလည်း တယမ်းယမ်း လှုပ်နေကာ ပြီးမှ....

"ကောင်းပြီလေ"

ဟု ပြောလိုက်လေသည်။

\+ \+ \+

၁၉၄၃-ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့၏ မွန်းတည့်အချိန်တွင် နာဗ်တားဘူတာရုံသို့ ဝင်လာသည့် မီးရထားသည် တကယ့် အင်္ဂလိပ် ရထား ပီသပါပေသည်။ စစ်မဖြစ်မီအနှစ် နှစ်ဆယ် ခန့် က အင်္ဂလန်ပြည် ဒါဘီမြို့ မီးရထား အလုပ်ရုံမှ တည်ဆောက် လာခဲ့သည့် အရှေ့ပိုင်း မီးရထားလမ်း များ တွင် အသုံးပြု၍ရသော ဂိတ်ကျဉ်းသွား မီးရထားခေါင်းတွဲကြီး ဖြစ်၏။ တူနီးစီးယား မြောက်ပိုင်းနှင့်အယ်ဂျီးရီးယား မီးရထားလမ်းများပေါ်တွင် လူမျိုးစုံ၊ ပစ္စည်းမျိုးစုံ တင်ဆောင်ပြေးဆွဲနေခဲ့သည့် ခေါင်းတွဲပင်=

ကြော့မော့နေသော အမြန်ရထားကြီး မဟုတ်၊ ပုံသဏ္ဍာန် က လေးထောင့်စပ်စပ်ရှန်တာ ဟု ခေါ်သော ရှန်တိန် လုပ်ရသည့် ခေါင်းတွဲကြီးသာ ဖြစ်သည်။ ကျောက်မီးသွေးဖြင့်မောင်းရသည့် ကိုယ်ထည်တဘက်တချက်တွင် ရေတိုင်ကီအပိုဘလုံးစီ ထပ်ဆောင်းထားလိုက်သေးသည်။ ထို့မှ ရေနွေးငွေ့အားကောင်းပြီး ခရီးရှည်ရှည် ပိုသွားနိုင်မပေမည်။

ဤခေါင်းတွဲကြီး၏ နောက်တွင်မူ ဂျလိမ်းဂျလောင်းအသုံးများဖြင့် ဆုည်းစွာ ပါလာသည့် တွဲကြီးရှစ်တွဲ တွဲများကား ရှေးတုန်းက တိရစ္ဆာန်တင်တွဲဘေးဖွင့်များပင်ဖြစ်သည်၊ မသုံးပဲ ပစ်ထားခဲ့သည်မှာကြာပြီ ယခုမှလူစီးတွဲ၊ ကုန်တင်တွဲများအဖြစ် ပြန်လည် အသုံးပြုနေကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကွန်က ဤရထားကို ကြည့်ယင်း၊ မည်သည့် စစ်တပ်တွင် မဆို သယ်ယူပို့ဆောင်ရေး တပ်များသည် နည်းအမျိုးမျိုးဖြင့် ပို့ဆောင်ရေး ယာဉ်များကို ကြံဖန် လုပ်ဆောင်ကြရသည်ဟု တွေးမိလေသည်။

ဤမီးရထားတွင်လည်း ဟိုက တပိုင်းတစ၊ သည်က တပိုင်းတစဖြင့် အပိုင်းအစများ စုပေါင်းပြီး မီးရထားကြီး ဖြစ်လာပုံ ဇာတ်လမ်း ရှိပေလိမ့်မည်၊ ဘယ်သကောင့်သား ပြင်သစ် ပို့ဆောင်ရေးတပ်မှ ပုဂ္ဂိုလ်က ဤရထားကို ဖြစ်အောင် ဆင်လိုက်ပြီး ဤဥပေက္ခာ ပြုထားသည့် ဘူတာရုံသို့ မောင်းဝင်လာနိုင်အောင် ကြံဆောင်ထားလေသနည်းဟု တအံ့တဩ ဖြစ်မိနေသည်။

မီးရထားတွင် လက်နက်ကိုင် အစောင့်အရှောက်များ ပါမလာ၊ ခေါင်းဖြူဖြူနှင့် ပြင်သစ်မော်ရိုကိုလူမျိုးအဘိုးကြီးနှစ်ဦးက စက်ခေါင်းကိုင် ယင်းလာကြသည်၊ သူတို့နှင့်အတူ ပြင်သစ်သယ်ယူပို့ဆောင်ရေး တပ်ထွက် အရာရှိ တဦးက အုပ်ချုပ် လိုက်ပါလာသည်။ ဒီကွန် သည် ထိုပုဂ္ဂိုလ် အား စကားစမြည် ပြောခွင့်မရလိုက်ပါ။

ဒီကွန် တို့သည် ကုန်လှောင်ရုံအပျက်ကြီး၏ ပလက်ဖောင်း ခုံအောက် ဝယ် အလျားမှောက်ကာ ပုန်း၍ စောင့်ကြည့်နေသည်။ သူ့စိတ်တွင် သူ၏ သေနတ်မှ ကျည်ဆန်သည် ရထားပေါ်သို့ တန်း တန်း မတ် မတ် ရောက်ရှိ သွားမည့်အရေးထက် ကျည်ဆန်ပြန်လာနိုင်မည့်အခြေအနေကို အလေးထား ချိန်ဆနေမိသည်။

အကယ်၍သာ ဖာဒီ၏ အတွက် အချက် မှန်ပါက ချောင်ရန်၏ ပြင်သစ်တပ်သား ၂၀၀၀နှင့် ယာဉ် များ လက်နက်များတို့ ဤနှာဗ်တားမှ ဂီယင်ဒ် သို့ ဤရထားဖြင့် သယ်ယူပို့ဆောင်ပေးရပါက ရှစ်ခေါက်မျှ လွန်းပျံ သယ်ပို့ပေး ရပေလိမ့်မည်၊ သယ်ယူပို့ဆောင်မှု ပြီး စီး ချိန် လောက်မှ ပင် ဂီယင်ဗ်မှ စစ်ပွဲများလည်း ပြီးဆုံးနေပြီ ဖြစ်ပေလိမ့်မည်။

ဤတပ်သား ၂၀၀၀ ခန့်ပါသည့် တပ်မကြီးကို သယ်ယူပို့ဆောင် ပေးရမည့် မဟာအစီအစဉ်ကြီးသည် သူတို့အား 'ဒါကျုပ်တို့အကောင်းဆုံး လုပ်ပေးနိုင်တဲ့ အစီအစဉ်ပဲ' ဟု ဆင် ခြေ ပေးနိုင်စရာ ဖြစ် သော် လည်း၊ ပြင်သစ်တပ်၊ တပ်မှူးချောင်ရန်ကမူ၊ သူ၏တပ်ကို ဤကဲ့သို့လူခွဲကာ ကူသယ် ခေါက်သယ် ပို့နေရမည်ကို သဘောကျလက်ခံလိမ့်မည်ဟု ယူမထင်၊ မဖြစ်နိုင်သော အစီအစဉ်ဟု ယူဆပေလိမ့်မည်၊ မိမိတို့အဖို့ကား ဤရထားသည် ပြင်သစ် တပ်ကြီးအား ရှေ့တန်းသို့ ပို့ရန်ကိစ္စထက် ပီဘီ မက်နဲယားအား ရေဒီယိုထရန်စမစ်တာ ရှိရာ ဒရပ်သို့ အရောက်သွားနိုင်ရန်ဖြစ်ပြီး၊ လူနာ လူမမာကြီးဖြစ်နေသော မိမိတို့၏ ကာနယ်ဟမ်း အား အချိန်မီ ဆေး ကုသနိုင်ဖို့ကာ၊ ပို၍ အရေးကြီးနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာရပ်များအနေဖြင့်လည်း၊ မီးရထားကို ဂျီယဒ်သို့ ပြန်သွားရန်၊ အလိုရှိကြမည်မဟုတ်ပေ။ ထိုသို့ ဒီကွန်က တွေးမိနေစဉ်ပင်၊ တိုးရေးအာရပ် ဆယ်ဦး ကုလားအုပ်များ စီးနင်းလာကြသည်ကို လှမ်း၍ တွေ့လိုက်ရသည့် အတွက် သူ့မှာ အံ့သြခြင်း မဖြစ်မိတော့ပါ။

မက်စနာ တပ်မှ တပ်သား ၁၅၀ ခန့် အား တမနက်လုံး မြို့အပြင် သုံးလေးမိုင် အကွာတွင် ချထားလျက် ရှိသည်ကို ဒီကွန် တို့ သိပါသည်။ ထို့ကြောင့် ကင်းဗဲလ် ၏ အကြံပေးချက်အရ၊ ဂျစ်ကား များ ကို တောင် စောင်းတွင် ဂူသဏ္ဍာန် ဖြစ်နေ သော စပါးကျီအတွင်း ဝှက်ထားခဲ့ကြပြီး၊ သူတို့ကမူ မြို့တွင်းဘူတာရုံသို့ ခြေလျင် ပုန်း လျှို ကွယ် လျှို ဝင် ရောက် ခဲ့ ကြသည်။

ဖာဒီ က မက်စနာ ၏ တပ် များ သည် အယ်ဟာ ရောက် ဆီမှ ဇ‌ေကဂင် ၏ အမိန့်ကို စောင့်နေမည်ဖြစ်ရာ၊ အမိန့် တစုံ တရာ မရမချင်း လှုပ်ရှားကြဦးမည် မဟုတ်ဟု ခန့်မှန်းခဲ့သည်မှာ မှန်နေပုံရသည်။

ယခု တိုက်လေယာဉ်ပျံများ မြို့ပေါ်မှ ဖြတ်ကာ ပျံသန်းနေကြပြီ ဖြစ်၍ မကြာမီပင် မက်စနာ ၏ တပ်များ လှုပ်ရှားကြတော့မည်ဟု တွက်မိ ကြသည်။

သူတို့တွက်ပုံမမှားချေ။ လေယာဉ်များ ပြန် လည် ထွက်ခွာသွား၍ မကြာမီပင် အထက်ပါ အာရပ်ဆယ်ဦးသည် ကုလားအုပ်ကိုယ်စီဖြင့် တောင် ကြားမှ ထွက်ပေါ်လာကာ ပြောင်ပြောင်တင်းတင်းပင် မြို့တွင်းသို့ ဝင်လာ ပြီး၊ ဘူတာရုံသို့ ရှေ့ရှုလာနေကြလေပြီ။

မီးရထားလမ်းမှာ မြို့အထွက် သုံးလေးမိုင်ခန့် ဖြောင့်တန်းစွာ ရှိနေ ပြီးမှ တောင်ကုန်းကလေးကိုကွေ့ပတ်သွားရကာ မီးရထားလာသံကို ဒီကွန် တို့ မကြားရ၊ ဥသြသံလည်း မပေးသည်မဟုတ်၊ မီးရထား မြို့တွင်း ဝင်လာမှ သိကြရရာ ယခု မီးရထားဘူတာသို့ ဝင်လျှင်ဝင်ချင်းပင် အာရပ်များရောက် လာကြရာ၊ မက်စနာ ၏ လူများ မီးရထား အလာကို တောင်ကုန်း တခုခုမှ စောင့်ကြည့်နေခဲ့ကြကြောင်းမှာ ထင်ရှားနေသည်။

ကင်းဗဲလ် က အသံတိုးတိုးဖြင့်—

"ဒါ....ဟို....ခွေးသားလား"

"ကျုပ်တို့ ထွက်ချကြစို့လား၊ မက်စနာ သိသွားအောင်လေ"

"မဖြစ်သေးဘူးလေ၊ တို့အားလုံး မီးရထားပေါ် ရောက်မှဖြစ်မယ်"

"မဟုတ်သေးဘူးလေ၊ ခင်ဗျားတို့ ကတိပြုထားတာက

"ဟုတ်ပါပြီ၊ဟုတ်ပါပြီ၊ ဒါပေမယ့် ပထမ ရထားကိုစီးပြီးတော့၊ စက်ခေါင်းရှေ့ဖြည့်တာ စောင့်ရဦးမယ်လေ၊ နောက် ကာနယ်ရှယ်၊ ပီတီရယ်၊ ကက်စလာ တို့ ရထားပေါ် ရောက်အောင် လုပ်ရမယ်၊ အဲ.... မက်စနာ ရဲ့ လူတွေ နောက်ထပ် လေးငါးဆယ်လောက် ထပ်ရောက်မလာခင်ပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ထင် တာ က တော့ ဒီကောင်တွေ နောက် မှ ကျုပ်တို့ကို ကြွက်တွေကို လိုက်သတ်သလို၊ လိုက် သတ် လိမ့်မယ်လို့ ထင် သ ဗျ" ဟု ကက်စလာ က ပြောရာ—

ဒီကွန် က "တို့က မီးရထားကို ဦးယင်ကိုပဲ ဒီ ကောင် တွေ တို့ ကို ဆော်မှာပါ"

ဒီကောင်တွေထဲက တကောင်ကောင်က သူတို့ လူတွေကို သွားပြော နိုင်သေးတယ်။

ဒီကောင်တွေ အား လုံး သေကုန်ယင်တော့ ဘယ် ပြော နိုင် တော့ မှာလဲ"

ဒီကွန် က စကားကို အဆုံးသတ်လိုက်ရာ—

ကင်းဗဲလ်က ငယ်ရွယ်သူ သူ၏ကက်ပတိန်အား အသာ မျက်စောင်း ထိုး၍ ကြည့်လိုက်လေသည်။

ဒီကွန် ကမူ ဣန္ဒြေရမှုပင်၊ သူ့ မျက်လုံးများက ရက်စက်မှု၊ ကြမ်း ကြုတ်မှုများကိုမပြ၊ ပကတိ မသိနားမလည် အပြစ်ကင်း၍ သိမ်မွေ့သော အမူအရာဖြင့်သာ တည်တည်ငြိမ်ငြိမ် ရှိနေသည်။

"အား လုံး ကို သတ်ပစ်ရမှာလား" ဟု ကင်းဗဲလ်က မေး သည်။

"တိုးတိုးတိတ်တိတ်နည်းနဲ့ပေါ့ဗျာ" ဟု ဒီကွန် က ပြောပြီး သူ၏ ကွန်မင်ဒို ဓားကို မြှောက်ပြလိုက်သည်။

"ခင်ဗျား....အယင်က ဒါမျိုး မလုပ်ပါဘူး"

"သူတို့လူမျိုးချင်း... အာရပ် လူငယ်လေးကို သူတို့ လုပ်ထားတာ လေ၊ ခင်ဗျားတွေ့မှာပေါ့"ဟု ဒီကွန် က ခပ်တိုးတိုးပြန်ပြောလိုက်သည်။

"ကံဆိုးတယ်ဗျာ.... မီးရထားက ည မ ရောက် ခင် ရောက်လာလို့ ညမှောင်ထဲမှာဆိုယင် သိပ်ကောင်းပေါ့"

"ကက်ပတိန်ပြောတာဟုတ်တယ်၊ဒီကောင်တွေ့တကောင်မှ အသက် မရှင်မှ ဖြစ်မှာ ခင်ဗျားတို့ အကစ်အေအက်စ်မှာ ကြွေးကြော်သံ ရှိပါတယ်၊ ဘာတဲ့ "ရဲသူနိုင်စတမ်း" ဆိုလား၊ ဟုတ်တယ်မဟုတ်လား"

ဟု ကက်စလာကပြောလိုက်ရာ၊ ဒီကွန် က ဒီလိုသွဲမှတ်သေးပါဘူး လေဟု ပြောလိုက်လေသည်။

တိုးရေအာရပ်ဆယ်ယောက်သည် မီးရထားဝယ်ဘက်ရှိ အကောက် ဌာန အဆောက်အအုံပျက်ကြီး၏ အနောက်ဘက်အုတ်တံတိုင်း၏ နောက်တွင် ကိုယ်ရောင်ဖျောက်ကာ နေရာယူထားလိုက်ကြသည်။

သံတိုင်စင်ကြီး အပေါ် တင် ထား သည့် ခေါင်းတွဲ ရေဖြည့်သည့် ရေတိုင်ကီကြီးသည် ကုန်လှောင်ရုံ၏ မြောက်ဘက်အဆုံးတွင်ရှိသည်၊ ဒီကွန် တို့ လူစု ပုန်းအောင်းနေသည့် နေရာနှင့် နီးသည်။ ဂျစ်ကားပေါ်မှ ယူ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်လာခဲ့ရသည့် ကာနယ်ဟာမ်း အား ကုန်လှောင်ရုံ ပလက်ဖောင်း အောက်တိုင်တတိုင်ကိုမှီပြီး ခြေဆင်းကာ ထိုင်ခိုင်းထားရသည်။

တကိုယ်လုံး မည်းသဲနေကာ ပင်ပန်းနွမ်းနယ်လှုပြီး မလှုပ်မယှက် ဖြစ်နေသော ကာနယ်ဟာမ်းအား ကြည့်ရသည်မှာ ပုံကြမ်းလောင်းထားသော ရုပ်ထုနှင့်တူပြီး၊ သူ့အနီးရှိသူ၏ရဲဘော်များက အာဖရိကတိုက်မြောက်ပိုင်းမှ တိုင်းရင်းသားများက တရိုတသေ သူတို့ ကိုးကွယ်သော ရုပ်ထုစားတွင် ဝိုင်းထိုင်နေကြသည့် ပုံစံမျိုး ဖြစ်နေသည်။

ဂျာမန်ယူနီဖောင်းဝတ်ထားလျက်ပင်ရှိသောပီဘီကမူ သူ၏လက်နက်များကို စစ်ဆေးနေသည်၊ တော်မီ သေနတ်နှစ်လက်၊ ဂျာမန် ရှမိုက်ဇာ ပြောင်းတိုသေနတ်တလက်၊ လက်ပစ်ဗုံးကတအိတ်၊ သူက သူ့အား ပေးအပ်ထားသည့်တာဝန်ကိုသာ စိတ်တွင်စွဲမှတ်၍ထားသည်။ သူ့အလုပ်က မီးရထားဝန်ထမ်းများအား ကာကွယ်ပေးရန်၊ ရန်သူ အာရပ်များအား စက်ခေါင်းခြေနင်းခုံပေါ်သို့အရောက်မခံပဲ၊ ပစ်ချရန်နှင့် ရထားနှင့်ဂျီယဒ်သို့ မရောက်ရောက်အောင်သွားရန် ဂျီယဒ်သို့ ရောက်လျှင် ကာနယ် အတွက် လုပ်သင့်လုပ်ရာများကို လုပ်ရန် စသည်ဖြင့်ဖြစ်သည်။

သူကမူ ဒီကွန် တို့နှင့် နာဇီတားတွင် အတူနေရစ်ကာ၊ အာရပ်များအား သူ၏ လီးအင်ဖီး သေနတ် ဖြင့် အစွမ်းပြ လိုသေးသည်၊ သို့သော် ကက်ပတိန် ဒီကွန် အား စိတ်ချယုံကြည်သည်လည်း ဖြစ်သဖြင့် ဘာမှမပြောတော့ပဲ အမိန့်ပေးသည်ကို လိုက်နာခဲ့လေသည်။

"ဒီကောင်တွေ မီးရထားကို လာတိုက်မလား"

ဒီကွန် က ကက်စလာ အား မေးရာ—

ကက်စလာက "တိုက်မှာမဟုတ်ဘူး....ရထားနဲ့ကုလားအုပ်က၊ မအပ်စပ်ဘူး၊ သူတို့အသာပုန်းနေဦးမှာပဲ" ဟု ကက်စလာ က ဖြေသည်။

ရထားစက်ခေါင်းကို ဒီကွန် တို့က ယခုကောင်းစွာမြင်နေပြီး ခေါင်းတိုင်ပြွားပြွားမှ မှိုပွင့်သဏ္ဍာန် မီးခိုးလုံးကြီးများက ကွေ့ရောင်ကောင်းကင်ထက်သို့ တက်နေသည်။

ရေနွေးငွေ့ဖြူဖြူတန်းကလေးကလည်း၊ ဘီးလည်အားဖြင့် ဆလင်ဒါမှ ထွက်နေသည်။ ရထားတွဲများ၏ အရှိန်ကြောင့် သံလမ်းများ အပေါ် တုန်ခါလာသည့်အသံက ဘူတာအတွင်း စောင့်နေသောလူများက ကောင်းစွာ ကြားနေရသည်။

အသားညိုညိုနှင့် မီးထိုးသမားသည် သူ့ခေါင်းထက်၌ ပေကျံနေသော မှုဆလင်များဆောင်းထားသည့် ထိပ်မှ ပန်းပွားကလေးနှင့် ဦးထုပ်နီကလေးဆောင်းကာ ခေါင်းတွဲအပေါက်မှ ထွက်ကြည့်ပြီး မီးရထားဥသြကို ဆွဲလိုက်သည်။

www.burmeseclassic.com



မီးရထားဥဩက လျှောင်ပြောင်လိုက်သလို ထွက်လာကာ၊ ပတ်ဝန်းကျင်သို့ ပဲ့တင် ရိုက်သွားသည်၊ မီးရထားကြီးသည် တဖြည်းဖြည်း အရှိန်သတ်ပြီး၊ ဘူတာတွင်းသို့ ဝင်လာရာ သံလမ်းများအပေါ် တကျွိကျွိဖြင့် မြည်၍လျက် မီးပွားများကလည်း တဖွားဖွား ကျလျက်၊ မီးခိုးမည်းများကလည်း မီးတောင်ကြီးတခု ပေါက်ကွဲလိုက်သလို လုံးကနဲ ထွေးကနဲ ထွက်လာသည်။

ဘရိတ်အုပ်သံများ ပေါ်လာကာ၊ ရထားတွဲများက၊ တဂျုံးဂျုံး၊ တဂျိုင်းဂျိုင်းမြည်လျက်၊ နောက်ဆုံးမှာ ကုန်လှောင်ရုံအနီးတွင်ပင် ရထားကြီးရပ်သွားလေတော့သည်။

"ဟော...သူတို့လာကြပြီဟေ့" ဟု ဗိုက္ကန် က ပြောလိုက်သည်။

စက်ခေါင်းမောင်းသူ၊ မီးထိုးသမားနှင့် ပြင်သစ် ပို့ ဆောင် ရေး အရာရှိတို့သည် ခေါင်းတွဲပေါ်မှပင် ဆင်းချိန်မရလိုက်၊ ခေါင်းတွဲကြီးကမူ ရေဖြည့်သည့်ပိုက်ကြီးအောက်ဝယ် တန်းတန်းမတ်မတ် ရပ်လျက်ရှိသည်။

အာရပ်များသည် မီးရထား၏ တဘက်တချက်တွင် ကုလားအုပ်ငါးကောင်ကျစီဖြင့် နှစ်ဘက်ညှပ် ဝိုင်းသည့် အနေဖြင့် တက်လာကြသည်၊ စက္ကန့်အနည်းငယ်အတွင်းမှာပင် ကျန်တဝက်အား မီးရထားကြီးကွယ်ထား ပြီးသား ဖြစ်နေပေတော့သည်။

"ချတော့ဟေ့....ဘွတ်ရှ်"

ကင်းဖဲလ် သည် ကုန်တင်ပလက်ဖောင်းပေါ်သို့ ခုန်၍တက်လိုက်ကာ၊ ဝပ်လိုက်ပြီး တော်မီ သေနတ်ဖြင့် ပထမ တချက်ကို အချိန်ကြာကြာဆွဲ၍ မွှေလိုက်သည်။ သေလောက်သော စက်ဝိုင်းတခြမ်းဆွဲနည်းကား ချိန်သားကိုက် လွန်းလှသည်။ ကုလားအုပ်များနှင့် သူတို့အပေါ် စီးနင်းလိုက်ပါလာသူ အာရပ်များ အော်ဟစ်မြည်တမ်းကာ အတုံးအရုံး သေဆုံးကုန်ကြသည်။ ကုလားအုပ်များ၏ ကုန်းနှီးပေါ်မှ အာရပ်များကိုသာရွေးပြီးပစ်ပါက ပို၍ သေသပ်ပြီး ရက်စက်လွန်းရာကျမည်မဟုတ်၊ သို့သော်.... အချိန်မရ၊ တော်မီကို ဆွဲမွှေ့လိုက်ရသဖြင့် တိရစ္ဆာန်မြောများပါ ခံလိုက်ကြရသည်။ ရှေ့သို့ သူတို့၏ လည်တံရှည်ကြီးများကို တန်းလျက် ဟပ်ထိုးလဲကျကြရာ သူတို့၏ ကျောပေါ်မှလူများလည်း သူတို့ ကိုင်ထားသည့် မော်ဆာ သေနတ်များနှင့် အတူ ကုလားအုပ်ခေါင်းပေါ်မှ အောက်သို့ ကျွမ်းထိုးမှောက်ခုံ ကျကုန်သည်။ ဤတိုက်ပွဲကလေးမှာ ဘဲလေး က ကွက်ကလေးနှင့်ပင် တူသေးတော့သည်။ ကုလားအုပ်စီး အာရပ်များ၊ တပြိုင်တည်း ညီညီညာညာ သူ့နေရာသူ အတုံးအရုံးလဲကျသိုက်၊ ပလက်ဖောင်းတဘက်စွန်းမှ ပီဘီက အေးအေးဆေးဆေးပင် ချည်ဆန်ထိပြီး မြေကြီးပေါ်ကျလာသော အာရပ်တဦးချင်းကို လက်ဖြောင့်စွာဖြင့် တချက်ချင်းပစ်ကာ ဇီဝိန် ခြွေပေး လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကင်းဗဲလ် သည် ကျည်ကပ်အသစ်လဲပြီးနေရာရွှေ့လိုက်ကာ၊ မီးရထား၏ အခြားတဘက်ရှိ ကုလားအုပ်စီး အာရပ်များအား ပစ်ပြန်သည်၊ အာရပ်များအဖို့ လမ်းကျဉ်းကလေးအတွင်းမှ ပြန်လှည့်၍မဖြစ်တော့သဖြင့် ရှေ့သို့ တိုးခဲ့ရရာ ကင်းဗဲလ် ၏ ပစ်ကွင်းအတွင်း တည့်တည့်မတ်မတ် ဝင်လာသလို ဖြစ်ကာ၊ အတုံးအရုံးလဲကျကုန်ကြပြန်သည်။

ကက်စလာ သည် ဒီကွန် ၏ ဘရောင်နင် ပစ္စတိုသေနတ်ကိုကိုင်ကာ၊ ခေါင်းတွဲစက်ခန်းအတွင်း ဝင်၍ မော်ရိုကိုတယောက်နှင့် ပြင်သစ် အရာရှိအား သေနတ်ဖြင့် ချိန်ရွယ်ထားလျက်၊ ဟာစ် အော် ပြောဆိုနေသည်၊ ထိုသုံးဦး နားလည်လောက်သည့် ဘာသာစကားဖြင့် ၎င်းတို့ သုံးဦးစလုံး မလှုပ်ကြပဲ၊ ငြိမ်ငြိမ်နေရန် ပြောဆိုနေခြင်း ဖြစ်သည်။

ဤအချိန်မှာ ဖာဒီ သည် ကာနယ်ဟာမ်း အား မီးရထားလမ်းပေါ်မှ ဖြုတ်၍ ကြီးမား ဝဖိုင့်လှသည့် ကာနယ် ၏ ခန္ဓာကိုယ် ကြီး အား သူ၏ လူဖလံကိုယ်ကာယကလေးဖြင့် ကွယ်ကာ တွဲ၍ ခေါ်ခဲ့သည်။

ဒီကွန် သည် လက်ပစ်ဗုံးနှစ်လုံးမှပင်ကိုဖြုတ်ကာ တလုံးကို ခပ်ဝေးဝေးသို့မြောက်၍ပစ်လိုက်ပြီး တလုံးကိုမူ ဘွတ်ရှ်အနီးမှဖြတ်၍ တုံးလုံး ပက်လက်လဲနေကြသော ကုလားအုပ်များနှင့် အာရပ်များရှိရာသို့ပစ်လိုက်သည်၊ ဖုန်များက လုံးကနဲထသွားပြီး သွေးရဲရဲသံရဲရဲဖြစ်နေသည့်မြင်ကွင်းကို ဖုံးကွယ်လိုက်သည်။

ကင်းဗဲလ် သည် လက်ပစ်ဗုံးများပေါက်ကွဲသည်နှင့်တပြိုင်နက် ဝပ်ချလိုက်သည်၊ နောက် အမြန်ပြန်ထကာ တော်မီသေနတ်ကို ဗယ်မှညာ၊ ညာမှ ဗယ်သို့ ဆွဲ၍ မွှေ့ပြန်သည်။

မည်မျှကြာသည်မသိ၊ အားလုံးသောအသံဗလံများ တိတ်ဆိတ်သွားသည်အထိ ဖြစ်ပြီး၊ သူ ရပ်လိုက်သောအခါ၌ အာရပ်များနှင့် ကုလားအုပ်များ၏ ညည်းညူသံသဲ့သဲ့လောက်ကိုသာ ကြားရတော့သည်။

"တွဲတွေကို ဖြုတ်ဟေ့" ဟု ဒီကွန် က အော် ဟစ် အမိန့်ပေးလိုက်သည်။

"ဖြုတ်လို့မရဘူးဗျ.... ဒီမှာက မီးရထားလမ်းလွှဲ ရှိတာမဟုတ်ဘူး၊ တွဲတွေကို စက်ခေါင်းက ဂိုယဒ်အထိ ပြန်တွန်းသွားရမှာ"

ဤကဲ့သို့ လမ်းခွဲများတွင် ခေါင်းတွဲလှည့်သည့်နေရာများ မရှိပါက တွဲများ ဖြုတ်၍ မရခြင်းကို ဒီကွန် ရော အခြား သူများပါ မတွေးမိကြ။ သူတို့အဖို့ အသုံးဝင်မည် မဟုတ်သည့်တွဲများကို ဒီအတိုင်း ပြန်၍ တွန်းသွားကြရပေတော့မည်။

"ဒီလိုဆို ခေါင်းတွဲထဲ ရှေ့ပြည့်"

မော်ရိုကိုမီးရထားဝန်ထမ်းနှစ်ယောက်သည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းတွဲပေါ်မှ ဆင်းကြသည်၊ ပြင်သစ်မီးရထားအရာရှိကမူ အတိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် ဣန္ဒြေရရပင် သူက ကက်စလာအား ဂတ်ဒူးနေ့မီးရထား အလုပ်ရုံတွင် ယခင်က တွေ့ဖူးသိဖူးထားသူကဲ့သို့ စကားစမြည်ပင် ပြောနေသေးတော့သည်။

စက်ခေါင်းသည် ရှေး စက် ခေါင်း ဖြစ် ရ ကား၊ ရှည်မျော့မျော့ ပုံသဏ္ဍာန်ဖြစ်သည်၊ စက်ခေါင်းနှင့်တွဲထားသော ကျောက်မီးသွေးတွဲထဲတွင်၊ အုန်းဆံမျှား၊ထင်းရှူးသား၊ ထန်းသားနှင့် ကျောက်မီးသွေး မည်း မည်း အပုံကြီးများကို တွေ့ရသည်။

ဒီကွန် သည် ဂျီယာဒ် ခရီးအတွက် လောင်စာ မည်မျှ လိုမည်ကိုမသိ၊ သို့သော် အပြန်ခရီးအတွက် လောင်စာ မပေါ်ပဲ၊ ဤ ရထား လာ လိမ့် မည် မဟုတ်ဟုကား ထင်မိသည်။

ကက်စလာ သည် ကာနယ် အား ဖာဒီ နှင့်အတူ တွဲမှ၍၊ ကျောက် မီးသွေးတွဲအတွင်း ထင်းပုံကြီးနောက် သံထည်နံရံကို အကာအကွယ်ပြုလျက် ထားလိုက်ကြသည်။ ကာနယ်ဟုမ်း ကား သေနတ်သံများ၊ လက်ပစ်ဗုံးသံ များကြောင့် စိတ်သားပီပီ၊ သတိ ပြန်လည် ဝင်နေပုံရသည်။

လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။သူက—

"ဟို ကော်ပရယ်ကောင်.... ဘယ်ရောက်နေသလဲ" ဟု အော် မေး လိုက်ရာ—

ပီဘီ က သူ့ ပခုံးထက်တွင် သေနတ်များ၊ တသီကြီးနှင့် ခေါင်းတွဲ ပေါ်သို့ ခုန်တက်လိုက်ကာ—

"ဒီမှာပါ ဗိုလ်မှူးကြီးရှိပါတယ်၊ဗိုလ်မှူးကြီးနဲ့ကွန်တော် နောက်ဆုံး အချီလွှင့်ကြဦးစို့၊ ဒီတခါတော့ ဂျုံးဂျုံးဂျက်ဂျက် မီးရထားကြီး စီး ပြီး လစ်ကြရမယ်...ဟုတ်လား....ဗိုလ်မှူးကြီး"

ကာနယ်ဟုမ်း က ခေါင်းညိတ်လိုက်ကာ—

"တို့ ခု ဘယ်သူ့ကိုတိုက်နေကြတာတုန်း"

"ဘီဒူး အာရပ်တွေ"

"အစစအရာရာ အခြေအနေ ကောင်းရဲ့လား"

"ကောင်းပါတယ် ဗိုလ်မှူးကြီး"

"အေး....ကောင်းတယ်....ဆက်လုပ်"

"ဟုတ်ကဲ့ ကျေးဇူး ပါပဲ"

ကာနယ်ဟုမ်းသည် မီးသွေးပုံကြီးကို သူ့ ကျောမှီလိုက်ပြီး သူ့ လက် ဖမောင်းဖြင့် မျက်နှာကို ကွယ်ထားလိုက်သည်၊ သည်တော့မှပင် ပီဘီလည်း အသက်ရှူ ချောင်သွားကာ-ကာနယ်အပေါ်မှ အသာကျော်ပြီး ထင်းပုံကြီး အပေါ်တွင် သူ၏ တော်မီဂန်းကို ဆင်ထားလိုက်သည်။ လ... ...ပု... ၁) လုံးပါသော အိတ်ကိုမူ ထင်းပုံကြီးပေါ်မှ ထိုးထွက် နေသော သံလှံ့ပင် ကိုင်းပေါ် ချိတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ အဖို့ ခရီးထွက်ရန် အသင့်ဖြစ်နေလေပြီ။

ရေစင်ကြီး၏ ခနော်ခနဲ့ လှေကားဖြင့် မော်ရှိကို မီးရထား အလုပ်သမားတယောက် ရေစင်ကြီးပေါ်သို့ တက်သွားသည်၊ နောက် ပိုက်ခေါင်းကိုဖွင့်ခဲ့ကာ အောက်သို့ပြန်ဆင်းလာသည်၊ နောက်ပိုက်မှ ရေများ ဒလဟောကျလာမည်ကို စောင့်နေသည်။

ရေ တစက်မျှ ကျမလာ

ဘယ်မှာလဲ မိန်း ပိုက်ခေါင်း - ကက်စလာက အော်မေးသည်။

မော်ရှိကို အလုပ်သမားက သူမသိကြောင်း ခေါင်းခါပြသည်။

ဤတွင် ပြင်သစ် မီးရထားအရာရှိက ဝင်ရောက်၍ မိန်း ပိုက်ခေါင်း ရှိမည်ထင်သည့် နေရာကို ထင်မြင်ချက် ပေးသည်၊ ရေပိုက်သည် မြေထဲသာ ထင်သာရှိပါသည်။ ကုန်လှောင်ရုံ ထုတ်များပေါ်မှ သွယ်တန်းလျက်ရှိသည့် ထို ပိုက်များတလျှောက် လိုက်ကြည့်ရာ မိန်းပိုက်ခေါင်းမှာ ကုန်လှောင်ရုံ၏ အနောက်ဘက်တွင် ရှိနေသည်ကို တွေ့ကြရသည်။

ကက်စလာသည် သေနတ်ကို လက်မှကိုင်လျက်၊ ဒီကွန်နှင့် ကင်းဗဲလ်တို့ နောက်က လိုက်ခဲ့သည်၊ ရေပိုက်ခေါင်းကိုမြင်လျှင် သူသည် ပြေးသွားကာ လှည့်၍ဖွင့်ရသည့် သံဘီးပေါ်တင်နေသော ရွှံ့ခဲများ၊သံချေးများကို ခွာချသည်၊နောက် သူ၏ သန်မာသော လက်နှစ်ဘက်ဖြင့် ဘီးကိုလှည့်သည်၊ သံချေးကိုက်နေသော၊ ဘီးက လှည့်၍မရ၊ သူ၏ လက်မောင်းမှ ကြွက်သားကြီးများ အမြောင်းလိုက် ထနေသည်၊ နဖူးတွင်လည်း ချွေးများသီးနေသည်၊ သူက ခြေနှစ်ဘက်ကိုကားလိုက်ပြီး၊ထပ်မံ၍ အားကို ညှစ်ထုတ်ကာ လှည့်ပြန်သည်၊ ဘလက်မချင်း၊တလက်မချင်း၊တရွေ့ရွေ့ဘီးက လည်လိုက်လာသည်၊နောက် တဖြည်းဖြည်း ညည်းညည်း တွားတွား ရေသံများကို ကြားရပြီး၊ ဘီးလည်း တပတ်လည်သွားသည်နှင့် တပြိုင်နက် ပိုက်မှရေများ ဒလဟောပန်းထွက်လာကာ၊ရေတိုင်ကီအတွင်းသို့ ဗွမ်း ဗွမ်း ကျသံများကြားရသည်၊ ထိုမှနောက် အောက်သို့ကျသည့်ပိုက်များ ဖောင်းတက်လာကာ တဖြည်းဖြည်းချင်း စက်ခေါင်းအတွင်းသို့ ရေများကျလာလေသည်။

စက်ခေါင်း မီးထိုးသမားလည်း သူ့အား ဘာမှ မလုပ်ချင်သူဟု အထင် မခံရလေအောင် စက်ခေါင်းပေါ် ကဗျာကယာတက်ကာ ရေပိုက်ခေါင်းကို စက်ခေါင်း ဘွိုင်လာ အပေါက် အတွင်းသို့ ထိုးထည့် ပေးလိုက်သည်။

ရေကိစ္စပြီးသော် ကင်းဗဲလ်နှင့် ဒီကွန်တို့သည် ကျဆုံးသူ ရန်သူ အသေကောင်းများကို လိုက်လံရေတွက်နေကြသည်၊ဒီကွန်က သူ့ လက်အိတ်ထဲမှ ပစ္စတိုသေနတ်ဖြင့် မသေမရှင် ဒဏ်ရာဖြင့်လဲနေသော ကုလားငပိုများ၏ ဦးနှောက်တွင်းသို့ ကျည်ဆန်များ ပစ်သွင်း လိုက်ခြင်းဖြင့် ဇာတိန်များ ချုပ်ငြိမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မသေမရှင် အာရပ်များကို သူမတွေ့ရသဖြင့် စိတ်သက်သာရာရသည်။ပီဘီသည် သူ့တာဝန်ကိုကောင်းစွာ ထမ်းဆောင်ခဲ့သည်၊ကင်းဖဲလ်၏ တော်မီ သေနတ်ဒဏ်ချက်ကြောင့် ကုလားအုပ်ပေါ်မှဒဏ်ရာဖြင့် ကျလာသူများကို သူ၏ လက်ဖြောင့်သေနတ်ဖြင့် အသက်ထွက်စေခဲ့သည်။

ဆာဂျင်ကြီးနှင့် ကပ္ပတိန်တို့သည် သံလမ်းများအတိုင်း လျှောက်လာကြသည်၊ အာရပ်များနေရာယူခဲ့ကြသော အုတ်တံတိုင်းမှာ လက်ပစ်ဗုံးများဒဏ်ကြောင့် ပြိုကျခဲ့သည်၊တံတိုင်းအောက်၌ ကုလားအုပ်တကောင်ပိနေကာ၊ သူ၏ ခြေထောက်ရှည်ကြီးများအား ကန်ကျောက်လျက်ရှိပြီး၊ သနားစဖွယ် တခွီးခွီးနှင့် ဖြစ်နေသည်။ ဒီကွန်က ထိုကုလားအုပ်၏ ဦးခေါင်းကို ပစ္စတိုသေနတ်ဖြင့် အသေအချာချိန်ပြီး မျက်စိများကို မှိတ်ကာ ၂ ချက်ဆက်ဆွဲလိုက်သည်၊သည်တော့မှ ထိုကုလားအုပ် ငြိမ်ကျသွား လေတော့သည်။

"ဟောဗျို...."

ကင်းဖဲလ်က အော်လိုက်သည်။

'ကုလားအုပ် အသေက ၁၀ ကောင်' လူက ၉ ယောက်ပဲ သေနေပါလား၊ခွေးသားတကောင် လွတ်သွားပြီနဲ့တူတယ်'

'ဟုတ်ရဲ့လား၊ ခင်ဗျား ရေတာ မှန်ရဲ့လား'

'ခင်ဗျားဘာသာ ခင်ဗျား ရေ ကြည့်လေ'

စစ်ပွဲတွင် ကျဆုံးသော အသေကောင်များသည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်ကများသည်။ထိုအသေကောင်များကိုကြည့်၍ ဒီကွန်သည်ထပ်မံ၍ ရေတွက် ကြည့်ပြန်ရာ—

ဟုတ်သည်၊ အာရပ် အသေ ၉ လောင်းသာ။

'အခြေအနေ တမျိုးဖြစ်တော့မှာပဲ'

'ကျုပ်တို့ ဒီမှာ အချိန် ဘယ်လောက်ရမလဲ ကက်ပတိန်'

'မပြောတတ်ဘူး ၁၀ မိနစ်ထက်တော့ ပိုနေလို့မဖြစ်ဘူး ထင်တယ်'

'ဒါဖြင့် ရထားပေါ်တက် ထွက်ကြစို့'

'ရေ မပြည့်သေးပဲနဲ့ ဘယ်လိုလုပ် ထွက်လို့ရမလဲ ဂျီယဒ်နဲ့ ဒီကြားမှာ ရေထည့်ဖို့ နေရာလဲရှိမယ် မထင်ဘူး'

ဒီကွန်သည် မြို့ဘက်သို့ လှမ်း၍ ကြည့်လိုက်သည်၊ မြို့ အတွက် သဲသန္တာရနောက် တောင်ကြား၊ ထိုနောက် ပြာလဲ့လဲ့ ကောင်းကင်။

'ဘွတ်ရှ် —ရထားထွက်ကြစို့'

'လုပ်ပြန်ပြီ....ခင်ဗျား ဟာက....'

'မက်စနာက ကျုပ်တို့နောက်ကို သူ့လူတွေအားလုံး အလိုက်ခိုင်းမှာ မဟုတ်ဘူး—လိုက်လာမယ့် အကောင်တွေကို ကျုပ်တို့က လွတ်အောင်ပြေးနိုင်ထားပြီး နောက် ညမှောင်တော့ ကျုပ်တို့မြို့ထဲ ပြန်ဝင်ကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



'မြို့ထဲ ပြန်ဝင်မယ် ဟုတ်လား'

'ဟုတ်တယ်—ဒီကိုပြန်လာကြမယ်'

'ဘယ်လိုလဲ ခင်ဗျားက—ခုနင်ကတော့ တမျိုး'

"ဖာဒီကို ကတိပေးခဲ့တာရယ်၊ ကျုပ်တို့ရဲ့ မဟာမိတ်နှစ်ထောင်လောက် ကျဆုံးသွားမှာကိုတော့ မလိုလားဘူး—ဒါကြောင့်ပဲ—"

'အင်း....မက်စနာက ကျုပ်တို့ကို ဒီရထားနဲ့ ပါသွားပြီ ထင်ယင် မြို့ထဲမှာ ကျုပ်တို့ကို ရှောက်ရှာမှာ မဟုတ်ဘူး၊ ဒီတော့ ဂျစ်ကားတွေကိုလဲ သူတို့ တွေ့ကြမှာမဟုတ်ဘူး—

"ကဲ....ကဲ....ရထားဆီကို ပြန်သွားကြစို့—တော်တော်ကြာ ဟိုကောင် တွေ လာယင် တို့မလွယ်ဘူး"

ဒီကွန်တို့ ရထားခေါင်းအနီး ပြန်ရောက်လာကြသော် —ဖာဒီ နှင့် ပြင်သစ် မီးရထားအရာရှိတို့သည် ပြင်သစ်လူမျိုး အချင်းချင်းပင် ဖြစ်သော် လည်း၊ တယောက်တခွန်း စကားများ ရန်ဖြစ် နေကြသည်၊ ရေစင်ပေါ် လက်ညှိုးထိုးပြလိုက်၊ တယောက်နှင့်တယောက် ခွန်းကြီးခွန်းငယ် ပြောလိုက် ဖြင့် ဖြစ်နေကြသည်၊ ဒီကွန်က သူတို့ ဘာဖြစ်နေကြသည်ကို အထူးနားစိုက် ထောင်စရာမလို၊ ဖာဒီက ရေမြန်မြန် ကျ စေ ချင်သည်၊ ပုဇ်းကို ပြင်သစ် မီးရထား အရာရှိကလည်း မလုပ်တတ်—သည်အဖြစ်ကို စကားများ နေကြ ခြင်းဖြစ်သည်။

ဒီကွန်သည် စက်ခေါင်း ခြေနင်းခုံပေါ်သို့ တက်ကာ ပီဘီအား၊ ကာနယ်ကို လုံလုံခြုံခြုံ ထားရန် ပြောကြားလိုက်သည်၊ ပီဘီကား ထင်းပုံ များအကြား လုံခြုံ ရေးစခန်းကလေးလုပ်ကာ ဟန်ကျပန်ကျဖြစ်နေလေပြီ။

ကက်စလာလည်း ခေါင်းတွဲအမိုးပေါ်သို့ တက်လိုက်ပြီး၊ သူက အမိုး ရေတိုင်ကီပေါ်မှ လိုက်ပါလာမည်ဟု ဆိုသည်။

"ရေပူအောင် လုပ်ကြတော့၊ အာရပ်တွေ အချိန်မရွေး ရောက်လာနိုင် တယ်၊ မြန်မြန်လုပ်ကြ"

ကင်းဗဲလ်က အော်ဟစ် အမိန့်ပေးသည်။

"ဟင်....ခင်ဗျားတို့ ထွက်ပြေးကြတော့ မလို့လား" ဟု ဖာဒီက ပြန် ၍ အော်မေးသည်။

"ဖာဒီ ကျုပ်တို့ ပြန်လာကြမှာပါ - ရထားပေါ် လိုက်သွားပြီး၊ ဟို ကောင်တွေရထားကို မလိုက်နိုင်တဲ့ အခါကျတော့မှ အလစ် ပြန်ဝင်လာကြ မယ်၊ အခုရန်သူ ၁၀၀ လောက်ကို တို့ချည်းခံချနေလို့ မဖြစ်ဘူး၊ တို့သေကုန် ယင် ကျောင်ရန်အဖို့ အလားကားပဲ- မဟုတ်လား"

'ကုလားအုပ်တွေက ရထားကို မလိုက်နိုင်ဘူး ထင်လို့ လား'

'လိုက်နိုင်လှ - လေးငါးမိုင်ပေါ့ - ဒီကောင်တွေကြာကြာ - မလိုက် နိုင်ပါဘူး - အရေးကြီးတာက ရထားကို သူတို့လက်ထဲ အရောက်မခံဖို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားရဲ့ အစီအစဉ်က မကောင်းပါဘူးဗျာ၊ ကျုပ်တော့ နေ ခဲ့တော့မယ်' သို့သော် ဖာဒီသည် ဆက် ၍ မပြောနိုင်တော့ပါ၊ ရထားခေါင်းတွဲ ခေါင်မိုးပေါ်မှ ကက်စလာက–

'လာကြပြီ- လာကြပြီ - သူတို့လာကြပြီ'ဟု- အော်ဟစ် ပြောလိုက်ရာ....

'ဘယ်လောက် များသလဲ ဟေ့'

"အများကြီး -အများကြီး - လူလေးဆယ် -ငါးဆယ် လောက်တော့ ရှိမယ်"

"ရထားထွက်တော့ဟေ့ - ရထားထွက်တော့"

ကင်းဗဲလ်က မီးထိုးသမားအား တော်မီဖြင့် ချိန် ပြီး ရထားထွက်ခိုင်းသည်၊ ရေပြည့်ပြီ မဟုတ်လား၊ ထွက်လေ -

မြင်သစ် မီးရထားအရာရှိသည် ခေါင်းတွဲပေါ် ခုန်တက် လိုက်သည်၊ နောက်ခလုတ်များကို ဖွင့်ကြည့်သည် -

မီးပေါင်ချိန်ပြ ဒိုင်ခွက်ကိုကြည့်လိုက်ပြီး၊ ဒီကွန်ဘက်သို့ လှည့်ကာ 'အိုကေ' ဟု ပြောလိုက်သည်။

'ဂျီယဒ်ကို ရောက်နိုင်ပါ့မလား'

မီးရထားအရာရှိက ပခုံးကို တွန့်ပြလိုက်သည်။

"ထွက်ပါဆို - ထွက်လေ" ကင်းဗဲလ်က အော်ပြန်သည်။ တိုးရေအာရပ်များ တောင်စွန်းကလေးပေါ်မှ အပြေး ဆင်းလာကြသည်ကို မြင်သော်၊ဖာဒီသည် ဤ အာရပ်များကို တဦးတည်း ရင်ဆိုင်ရသည်ထက် ရထားပေါ် လိုက်ပါသွားသည်က၊ပို၍သင့်လျော်သည်ကို သိသဖြင့် သူလည်း ရထားပေါ်သို့ စွေ့ကနဲ ခုန်တက်လိုက်ကာ ကျောက်မီးသွေး တွဲ အတွင်း တက်လိုက်ခဲ့တော့သည်။

ကင်းဗဲလ်က သူ့အား ဂျာမန် သေနတ်တလက်ကို ပစ်၍ ပေးလိုက်သည်။

ခေါင်မိုးပေါ်မှ ကက်စလာက စ၍ပစ်တော့သည်၊ မင်းစဖီး စက်ခေါင်းမှ ရေခိုးရေငွေ့ မှုတ်ထုတ်သံ ရထားဘီးများ တဂျိမ်းဂျိမ်း၊ တဂျိုင်းဂျိုင်းဖြင့် စတင် လည်ပတ်သံတို့ ကြားမှာပင်၊ကုန်လှောင်ရုံ အမိုးပေါ်သို့ကျည်ဆန်များ တဖြောက်ဖြောက် ကျနေသံများကို ကြားနေရသည်။

မီးရထားစက်ခေါင်းသည် စတင် ရွေ့လျား လေပြီ၊ ရေတိုင်ကီတွင် ထည့်ထားသော ရေပိုက်မှာလည်း စက်ခေါင်းမှ လွတ်ထွက် သွားရာ အမိုးပေါ်ရှိ ကက်စလာ အ ပေါ် မိုးရွာချလိုက်သလို ပိုက်မှရေများက ထွက်ကျကုန်သည်။

မီးရထားအရာရှိသည် စက်ခေါင်းအတွင်းမှ ခလုတ်များကို ဟိုယာဆွဲသည်ဟာဖြုတ် လုပ်ရသည်သာမက၊မေဘ်ရိုကို အလုပ်သမား ၂ ဦး ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



တယောက်က ဘာလုပ် ဟိုတယောက်က ဘယ်မှာနေ စသဖြင့် ပါးစပ်မှ တတွတ်တွတ်ပြောယင်း နေရာချ စေခိုင်းနေရပေသည်။

ဤမြင်သစ်မီးရထားအရာရှိက အဆိုပါအလုပ်သမား ၂ယောက်ကို 'မင်းတို့ ငါးခိုင်းတာ ကောင်းကောင်းနဲ့ မြန်မြန်လုပ်မှ ကိုယ့်အိမ်ကိုယ်ပြန်ရောက်မယ်၊ နို့မို့ယင် မလွတ်ဘူး' ဟု ပြောများ နေသလား ဟု ဒီကွန် က ထင်မိသည်။

ဒီကွန် သည် ၎င်းတို့အလုပ်ကောင်းစွာ လုပ်နိုင်ပါစေတော့ဟုဆိုကာ သူတို့နှင့်လွတ်ရာတွင်နေလိုက်ပြီး၊ ပြတင်းပေါက်မှ ရန်သူများအား၊ ခေါင်းပြူကြည့်လိုက်မိရာ ကျည်ဆန်တတောင့်က "ဝှီ" ကနဲ မိမိ မျက်နှာအနီးမှ ဖြတ်သွားသဖြင့် မနည်းကြီးပင် ရှောင်လိုက်ရသည်။

ရန်သူကုလားအုပ်တပ်သည် ကုန်လှောင်ရုံဘေးမှထွက်၍၊ မီးရထားနောက်သို့ တရကြမ်းလိုက်လျက်ရှိသည်။ ကုလားအုပ်တန်းကြီးက ရှည်လျားလှသည်၊ ဆယ်ကောင်မှ ဆယ့်ငါးကောင်၊ အကောင်နှစ်ဆယ် စသည်ဖြင့်....

တိုးရေ အာရပ် များ သည်၊ ကုန်းနှီးများ ပေါ်တွင် ကုလားအုပ်၏ ဝမ်းဗိုက်ကို ဒူးနှစ်ဘက်ညှပ်၊ နဖားကြိုးကို လက်မှလွတ်ကာ လက်နှစ်ဘက်ဖြင့်၊ မော်ဆာရိုင်ဖယ်သေနတ်များကိုကိုင်ပြီး၊ သူတို့၏ခါးများကိုလိမ်စောင်းလျက် တရစပ်ပစ်ခတ်လိုက်ပါလာကြသည်။

သူတို့တတွေ ဤကဲ့သို့ ကုလားအုပ်ပေါ်မှ ကျင်လည်စွာ သေနတ်ပစ်ပုံမှာ အံ့ဖွယ်ကောင်းလှသည်။

ရှေးက သေနတ်ပစ်နည်းပင်ဖြစ်ရာ ကြည့်ရသည်မှာ လှပလှသဖြင့်၊ ဒီကွန် မှာ တအံ့တသြ ဖြစ်ရသည်။

စက်ခေါင်း အရာရှိသည် ထုံးစံအတိုင်း ဥသြသံ ပေးလိုက်လေသေးသည်။ ရထား လည်း တဖြည်းဖြည်း အရှိန်ရလာသည်။ ဘူတာရုံအတွင်းမှ လွတ်လွတ်ကျွတ်ကျွတ် ထွက် လာ သည့် ရထားနောက်မှ ပါလာသော၊ ကုလားအုပ် တန်း ကြီး မှာ ဒီကွန် တို့၏ ပစ်ကွင်းသို့ ရောက်လာလေတော့သည်။

ကုလားအုပ်များသည်၊ ဤသို့အပြင်းကဆုန်စိုင်းမောင်းနှင်ခံရသော်၊ ခြေကားယား၊ လက်ကားယားဖြင့် ရယ်စရာပုံစံပေါက်မနေတော့ပဲ၊ သူတို့၏ သေးသွယ်၍ မထီလေးစားဟန်ပေါက်နေသော မျက်နှာနှင့် ခေါင်းတို့က နိမ့်ချီမြင့်ချီ ဖြစ်နေသည်။ ရှည်လွန်းလှသော လည်တံပေါ်ဝယ် ဖြောင့်တန်းလိုက်ပါလာသည်၊ ခြေကျလည်း လှ၍ အလွန်ကြည့်၍ ကောင်းသည်။

လက်ပစ်ဗုံးများသာ ပါမလာပါက၊ ဤ တိုက်ပွဲတည် ဒီကွန်တို့ အဖို့ မျှော်လင့်ဖွယ်မရှိ၊ လက်ပစ်ဗုံးများက ကုလားအုပ်တန်းကြီးအတွင်း နေရာအနှံ့ ပေါက်ကွဲနေရာ ကြောက်ခမန်းလိလိပင်၊ သို့သော်မည် သည့် ကုလားအုပ်စီး အာရပ်ကမှ သူတို့၏ ကုလားအုပ်ကို ဘေးသို့ချကာ ရှောင်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းခြင်း ရပ် လိုက်ခြင်း မပြု၊ ဆက်လိုက်နိုင်သူများက အပြေးမပျက် သဲသဲမဲ လိုက်မြဲလိုက်နေသည်။ တကယ့် အသေခံ ကုလားအုပ်စီး သူရဲကောင်းများ ပါပေ။ ကျော်ကြားလှသော အော်တိုမက် စနာ၏ ဤကုလားအုပ်တပ်သည်၊ မိမိတို့၏လက်ပစ်ဗုံးများ၊ တော်မီသေနတ်ကျည်ဆံများ မိမိတို့ဘက်မှ ရှေးဟောင်းပစ္စည်းတခုဖြစ်ပြီး မည်သည့် ကျည်ဆန်မှ ဖောက်ထွင်းခြင်း မပြုနိုင်သည့် မင်းစဖီး ရထားစက်ခေါင်း အဟောင်းကြီးကြောင့် ဤနေရာတွင် ရန်သူများသည် အတုံးအရုံး သေကြေ ပျက်စီးရှာတော့မည်ဟု၊ ဒီကွန် က တွေးမိလိုက်၏။

ဒီကွန် သည် စက်ခေါင်းပေါ်မှဆွဲ၍တက်ရသည့် လက်ကိုင်သံတန်းကို၊ ပခုံးဖြင့်စီ ဒူးဖြင့်ထောက်ကာ၊ ကုလားအုပ်တန်းကြီးဆီသို့ မှန်နိုင်သမျှ မှန်အောင်ချိန်ပြီး သူ့ပစ္စတိုဖြင့်ပစ်ခတ်လိုက်ပါလာသည်။ ထိုစဉ် သူ့နံဘေးမှ အော်သံတချက်ကြားလိုက်ရ၍ ကြည့်လိုက်ရာ ပြင်သစ်မီးရထားအရာရှိသည် သူ့ပခုံးကိုလက်တဘက်ဖြင့် ကိုင်ထားပြီး မျက်နှာကလည်းနာကျင်သည့်ဟန် ရှုံ့မဲ့နေသည်၊ ပခုံးထက်မှ သူ၏လက်ချောင်းကလေးများကြားမှ သွေးများက ယိုစီးကျနေသည်။ သူ့အား ကျည်ထိလေပြီ၊ ဒီကွန် က ပြင်သစ်ကြီး လဲကျလာမည်ကို စောင့်နေသည်၊ သူက လဲမကျလာ၊ နေရာရွှေ့ကာ ဘရိတ်လီဗာတန်ကို သူ၏ ဒဏ်ရာ ရသော ပခုံးအောက်သွင်းကာ၊ သူ၏ ယာဘက်လက်ဖြင့် စက်ကုန်ဖွင့်ခလုတ်ကို ဆွဲလိုက်သည်၊ ပြီး.... သူက ဒီကွန် အား သွားဖြဲ၍ ပြုံးလိုက်ကာ....

"ကျုပ် ပြင်သစ်နိုင်ငံတော်အတွက် သွေးမြေကျပါပြီ"

ဟု ပြောလိုက်လေသည်။

ကုလားအုပ်များသည် ရထားကိုအမီမလိုက်နိုင်ကြတော့၊ မီးရထားအရာရှိက ရထားကို အမြန်နှုန်းတင်လေလေ၊ သူတို့ နောက်ကျန်ရစ်လေဖြစ်နေသည်၊ မင်းစဖီးစက်ခေါင်းဟောင်းကြီးက စက်ကုန်ဖွင့်နေပေပြီ။ ခေါင်းတွဲကြီး၏ ရှေ့မှတွဲများသည် သံလမ်းပေါ် လျှောစီးပြေးနေသည်နှင့် တူလှသည်။ လမ်းနံဘေးမှဖွာ၍ဖွာ၍ထလာသောဖုန်လုံးကြီးများကြောင့် ရှေ့သို့ဘာမှ မမြင်ရတော့။

ထိုစဉ်တွင် အမိုးပေါ်မှ ကက်စလာ၏ အော်လိုက်သံကြောင့် ဒီကွန် က လှည့်လိုက်ရာ၊ အာရပ်တယောက်သည် စက်ခေါင်း၏ ခြေနင်းခုံပေါ် ရောက်နေသည်ကိုတွေ့ရသည်။ သူ၏လက်ထဲတွင်လည်း ဓားကောက်တိုတချောင်းကိုင်လျက်တွေ့ရသည်၊ မြန်ဆန်လှ၏၊ သူသည် သူ့လက်လှမ်း၍မီသော မော်ရိုကို မီးထိုးသမားအား လှမ်း၍ ခုတ်ချလိုက်ရာ မော်ရိုကို၏ ခန္ဓာကိုယ်မှာ နှစ်ခြမ်းကွဲမတတ် ဟက်တက်ကြီး ဖြစ်သွားကာ၊ ဘိုင်းကနဲ လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခမြာ အော်ပင် မအော်လိုက်နိုင် စက်ခေါင်း မီးထိုးဖိုဝတွင် လဲကျသွားကာ၊ ပါးစပ်နှင့် ဝမ်းဗိုက်မှ သွေးများ တရဟော ပန်းထွက်လာသည်။

ရန်သူအာရပ်သည် စက်ခေါင်းတွင်းဝင်ရောက်လာပြန်သည်၊ ဒီကွန်သည် ပစ္စတိုဖြင့်ပစ်လိုက်ရာ ဤမျှလောက်နီးကပ်နေပါလျက် ကျည်ဆန်က လွဲသွားသည်။ ဤတွင် အာရပ်၏ဓားက လက်ကနဲ မြောက်တက်သွားသည်၊ ဒီကွန်သည် တမုဟုတ်ချင်းပင် ပစ္စတိုသေနတ်ကို ကြမ်းပေါ်ပစ်ချလိုက်ပြီး၊ အာရပ်၏ ချိုင်းအောက်သို့ ပြေးဝင်လိုက်သည်။ တချိန်တည်းမှာပင် သူ၏ ချိုင်းအောက်မှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်၊ အာရပ်၏ ဓားသည် မြောက်နေရာမှ အောက်သို့ကျလာ၊ အချိန်အဆလွဲသွားပြီး ဒီကွန်၏ ပခုံးစွန်းကို ဓားပြားဖြင့် ရိုက်မိသွားသည်၊ ဤကဲ့သို့ ပခုံးစွန်းကို ဓားပြားရိုက်မိချိန်၊ အာရပ်၏ ဒူးနှစ်လုံးကြား ရောက်နေသော၊ ဒီကွန်သည် သူ့၏ လက်တွင်းမှဓားမြှောင်ကို အာရပ်၏ ရင်ဝတည့်တည့်သို့မှန်းကာ၊ အားကုန် ထိုးသွင်းလိုက်လေတော့သည်။

ဒီကွန်၏ ဓားမြှောင်သည် အာရပ်၏ ဝတ်ရုံထူထူကြီးအတွင်း စူးဝင်သွားသည်ကို ဒီကွန်က သိလိုက်သည်။ စက္ကန့်ဝက်လေးအတွင်းမှာ ဒီကွန်က ဤတချီ ဲည်း သူ့ဓားသည် လွဲပြန်ခဲ့ပြီဟု ထင်လိုက်သည်၊ သို့သော် သူ့လက်သည် ဓားရိုးအား ဖိဘွန်းနေဆဲဖြစ်ပြီး သူ့မျက်နှာကလည်း အာရပ်၏ ဝတ်ရုံကြီး အတွင်း ဝင်ရောက်နေကာ တဖြည်းဖြည်းနှင့် သူ၏လက်က အာရပ်၏ရင်အုံသားနှင့် ထိတွေ့နေမှန်း သိလိုက်ရသည်။

သူ၏ ဓားသည် ကျွမ်းကျင်မှုထက် ကံအားလျော်စွာပင် ရန်သူ၏ နှလုံးသားအတွင်းသို့ တည့်တည့် မတ်မတ် စူးဝင်သွား ကြောင်း သိရတော့သည်။

အာရပ်၏ ဓားကောက်သည် လက်မှလွတ်ကျသွားသည်၊ ဒီကွန်က ကုန်း၍ ထလိုက်ရာ၊ အာရပ်ကို သူက ကန်ချလိုက်သလို ဖြစ်သွားကာ၊ အာရပ်၏ အလောင်းကြီးသည် ခေါင်းကအရင် ခြေထောက်က နောက်မှ ခေါင်းတွဲပေါ်မှမြေကြီးပေါ်သို့ ကျသွားလေတော့သည်။

ကတုန်ကယင် ဖြစ်နေသော ဒီကွန်သည် ဖင်ထိုင်ကျသွားလေသည်၊ ဤတွင် ကျောက်မီးသွေးတွဲအတွင်းမှ ကာနယ်ဟုမ်းက ပြုံး၍ ကြည့်နေကြောင်း တွေ့လိုက်ရသည်။

ဟုမ်း၏ အပြုံးက ဒီကွန် လုပ်ပုံကိုင်ပုံကို သဘောကျသည့်အပြုံးမျိုး၊ "ကောင်းတယ်.... ကောင်းတယ်၊ သိပ်ကြည့်ကောင်းတာပဲ" ဟု ပြောကာ၊ ဟုမ်း သည် ဒီကွန် အား လက်မထောင်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအတွင်း၊ ကင်းဗဲလ်က ဒီကွန် အနီးသို့ ခုန်ဆင်းလိုက်ရာ ဒီကွန်က ကင်းဗဲလ် အား သူ့ ခါးမြှောင်ဖြင့်ထိုးမည့်အပြု ကင်းဗဲလ်က၊ ကဗျာကသီ အော်လိုက်ရသည်။

"ဟေ့... ဟေ့....ကျုပ်ပါဗျ၊ ဗိုလ်ကြီး အိုကေပဲလား၊ဘယ်ထိသွားသေးလဲ..."

"မထိပါဘူး"

"ဒီကောင်တွေမလိုက်နိုင်တော့ဘူး၊ ကြည့်စမ်း....ကျန်ခဲ့ပြီ"

သေနတ်သံများလည်း ဝေး၍ဝေး၍ ကျန်ခဲ့လေပြီ။

"ဟိုရှေ့က တောင်စောင်းမှာရော"

"ဘာကောင်မှမရှိဘူး ရှင်းတယ်၊ ဒီကောင်တွေ ကျွန်တော်တို့ အရင်သူတို့လူတွေဦးအောင် လွှတ်ချိန်မရလိုက်ဘူးနဲ့ တူတယ်ဗျ"

ပြောပြောဆိုဆို ကင်းဗဲလ် အား ဆွဲထူ၍ပေးလိုက်သည်၊ သူတို့နှစ်ဦးမတ် တတ် ရပ် လျက် ယှဉ်မိသော် ကင်းဗဲလ်က တိုး တိုး က လေး မေးလိုက်သည်။

"တကယ် ပြန်သွားရဦးမှာလား....ဗိုလ်ကြီး"

"တကယ်ပေါ့"

ဘရိဘ်တံပေါ် တွဲလွဲခို၍ လိုက်ပါလာသော ပြင်သစ် မီးရထားအရာရှိသည်၊ ယခုအချိန်ထိ သွေးလွန်သေးပုံမရ၊ ဒီကွန် တို့ကို ကြည့်လိုက်ပြီး ဒဏ်ရာကြောင့် စုတ်ပြတ်နေသော သူ့ လက်မောင်း ကို မေး ထိုး၍ပြကာ....

"ရဲဘော်တို့ ဒီမှာကြည့်စမ်းပါ....ကျုပ် ပြင်သစ်နိုင်ငံအတွက် သွေးမြေကျနေတာလေ" ဟု ပြောသည်။

ဒီကွန် တို့က သူ့ အား ဘာမှပြန်မပြောတော့....

ဒီကွန်က ကင်းဗဲလ် အား....

"ဘာမေးစရာရှိသေးလဲ ဘွတ်ရှ်"

"မရှိပါဘူး....ဗိုလ်ကြီး"

\+ \+ \+

မက်စနာသည် သူ့ လူများ၏ အခြေအနေကို သိရန် ထွက် လိုက်လာသည်။ သူသည် သူ့ လူများ၏ အဖြစ်ကို တွေ့ရှိသော် သူ့ဒေါသကို သူချုပ် တီး ထားလိုက်သည်။ မီးရထားတီး စ တင် လှုပ်ရှားလိုက်နိုင်သည်နှင့်မီးရထားကို တားဆီးထားရန် မလွယ်ကြောင်း သူ့ လူ များ မီး ရ ထားနောက်လိုက်ပြီး သေနတ်တချက် စတင်ပစ်လိုက်ကတည်းက၊သူကသိပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



မီးရထားလမ်းများကို ဒိုင်းနမိုက်နှင့်ဖောက်ခွဲဖျက်ဆီးထားရန် အကြံအစည်မှာလည်း နောက်ကျမှရခဲ့သည်၊ သူသည် သူ၏ရှေ့သို့ကြိုတင်မမြင်မှု၊ သတိချွတ်ချော်မှုအတွက် သူ့ကိုယ်သူ အပြစ်မတင်မိ၊ တကယ်တော့ သူသည် ခေတ်မီ စစ်ဆင်ရေး နည်းဗျူဟာကို သိရှာသူ မဟုတ်၊ ဤနေရာတွင် သူ၏ ဖအေဘူအမေကွဲ ညီအစ်ကိုတော် ဒေါ့ဗိုက်ဂင် ကလည်း သူ့အား အထင်ကြီးလွန်းခဲ့သည်၊ ဥပမာ – ခေတ်မီ သဲကန္တာရစစ်ပွဲ နွှဲနေသူ တို့တွင် ဆက်သွယ်ရေး ကိရိယာ ရေဒီယို အသံလွှင့် အသံဖမ်းစက် မရှိမဖြစ် ရှိရမည့် ကိစ္စတွင် မက်စနာ တွင် တလုံးမျှ မရှိ၊ သူ့တွင် ဆာဟာရ သဲကန္တာရဒေမြများ၊ တိုက်ရည် ခိုက်ရည်ရှိသည့် တပ်များရှိသည်က မှန်ပါ၏။ သို့သော် သူ့တပ်သည် ယခုခေတ် စစ်ဆင်ရေးကို နားလည် ကြသူများ မဟုတ်ကြ။

မီးရထားသည် သူ့မြင်ကွင်းမှ ပျောက်ကွယ်၍ သွား လျှင်ပင်၊ သူသည် မီးရထားကိစ္စကို မေ့ပစ်လိုက်တော့သည်၊ မီးရထားနှင့်ပတ်သက်၍ သူဘာမှ မတတ်နိုင်သည့်အဆုံး စိတ်ထဲတွင်မထားသည်က ကောင်းသည် မဟုတ်ပါလော။

ဤတွင် သူသည် ထောင်ချောက်အတွင်း ကျဆင်းခဲ့လေတော့သည်၊ သူက မီးရထားပေါ်ဝယ် အက်စ် အေ အက်စ် နှစ်ယောက် သုံးယောက်သာ ပါသွားသည်၊ ဤလက်တဆုပ်စာ အင်္ဂလိပ် စစ်သားများသာ ဆုံးရှုံးလိုက်သည်ဟု သူက မှတ်ယူလိုက်သည်။ သူတို့၏သတ္တိကို မချီးကျူးသော်လည်း၊ သူတို့ အောင်မြင်စွာ ထွက်ပြေးလွတ်မြောက် သွားသည်ကိုမူ သူက အသိအမှတ် ပြုလိုက်ပါ၏။

မီးရထားဖြင့် သူတို့သည် ဂျီယာဒ်သို့ ရောက်ရှိ သွားပေလိမ့်မည်၊ ဂျီယာဒ်ရောက်သော် သူတို့သည်သက်ဆိုင်ရာသို့ သတင်း ပို့လိမ့်မည်၊ ဒါပဲ ဖြစ်သည်-

သည်ထက်ပို၍ မက်စနာက မခန့်မှန်းတတ် သူ့တွင် ဤမှာအလုပ်ရှိမည်၊ ဤအလုပ်ကိုသာ မိမိက တာဝန်ကျေပွန်အောင်လုပ်ရမည် ဖြစ်သည်။ လုပ်လည်းလုပ်နိုင်သည် တခြားမဟုတ်၊ ဂျောင်ရန်၏ ပြင်သစ် တပ်ကြီးကို ချုံခိုတိုက်ပြီး တယောက်မကျန် သုတ်သင်ပစ်ရန် ဖြစ်သည်။ ယခုအချိန်တွင် မဟာမိတ်များသည် ဤပြင်သစ်တပ်မကြီးအား မည်သည့်နည်းနှင့်မျှ အကူအညီ မပေးနိုင်ပြီ၊ ဤအတိုင်းပင်သူက ထင်နေသည်။

ဂျီယာဒ် ဆိုသည်မှာလည်း ဤနေရာမှ လွန်စွာဝေးကွာ လွန်းလှသည်ဟု မက်စနာက မိုက်မဲစွာ တွေးလိုက်မိသည်။

ရှူးမားကား လွတ်မြောက်ခဲ့သည်၊ ပထမ ၁၀ ယောက် အနက်မှ ပျောက်သွားသူသည်သူပင်ဖြစ်သည်။ ရှူးမားသည် ပထမမီးရထားတိုက်ပွဲတွင် ကုလားအုပ်ဆုံးခဲ့ပြီး ခြေလျင်သူ့စခန်းအရောက် ပြေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓနာက် ဒုတိယအကြိမ် မီးရထားတိုက်ပွဲကို သူ ဦးဆောင်လာခဲ့ပြန်သည်၊ သို့သော် မီးရထားကို လိုက်မမှီပဲ ရည်မှန်းချက် မအောင်မြင်ပြန်သဖြင့် စိတ်ဆိုးကာ ပြန်လာပြီးသူ၏ မွေးစားဖခင်အားသတင်းပို့လေသည်။

"ရထားတော့ လွတ်သွားပြီ၊ ကိုင်ရိုက - ဟိုကုန်သည်ရဲ့ တပည့်ကို၊ ရထားခေါင်မိုးပေါ်မှာ တွေ့လိုက်ပါတယ်၊ ပြီးတော့ ပြင်သစ် လေယာဉ်မောင်းသမားကိုလဲ တွေ့လိုက်တယ်၊ ဒီကောင်တွေ ဘယ်လိုလုပ်ပြီး၊ ဒီရထားရှိကြောင်း သိကြသလဲမသိဘူး"

ပထမ ဟာဆိမာတယ်လာ၊ ခု - နာဗ်တားက မီးရထား၊ ဒီကောင်တွေ ဘယ်လိုလုပ် သိမလဲ၊ မက်စနာသည် ကိုင်ရိုမှကုန်သည် လူရှုပ် မီးလ်ဘန်၏ နာမည်ကို ကြားလိုက်ရသဖြင့် ဒေါသ တွက်သွားသည်၊ မီးလ်ဘန်း ကားဂျာမန်များ၊ အီတလီ လူမျိုးများ - အင်္ဂလိပ်များ ဤမြောက်အာဖရိကတိုက်သို့ မရောက်လာမီကပင် သူ၏ရန်သူဖြစ်ခဲ့သည်။

ရှူးမား၏ အမေးကို သူလည်းကောင်းစွာမဖြေနိုင်သဖြင့်၊ မက်စနာသည် အသာငြိမ်နေလိုက်သည်၊ မက်စနာသည် ကုလားအုပ်ကို ဇက်သတ်ရပ်ကာ၊ မီးရထားလမ်းတလျှောက်ကို မျှော်၍ ကြည့်လိုက်သည်၊မီးရထား၏ ဖင်ပိုင်းကိုပင် မမြင်ရပြီ၊ ဖင်ပိုင်းကိုထားဦး မီးရထားခေါင်းတွဲမှ မီးခိုးကိုပင်မမြင်ရတော့ပြီ။

မီးရထား လမ်းဘေး တဘက်တချက်တွင် ကုလားအုပ် သေများ၊ သူ့ လူများ၊ကစဥ့်ကလျား ပြန့်ကျဲသေနေကြသည်ကို မြင်ရသည်။

အချို့က မသေသေး၊ ဒဏ်ရာဖြင့် ညည်းညူနေကြသည်၊ သူ့ တွင် တိုက်ပွဲကြီးမှ မစရသေး လူ လေးပုံတပုံ အဆုံး ခံလိုက်ရချေပြီ။

မက်စနာသည် ရှူးမားအား ဒဏ်ရာရနေသူများအား စခန်းသို့ ပြန်သယ်သွားရန် သေသူများ၏လက်နက်များနှင့် ကုလားအုပ်များ၏ ကုန်းနှီးများကိုဖြုတ်ယူ၍ သေသူများကိုမြှုပ်နှံရန် အမိန့်ပေးလိုက်သည်။

သူသည် - ကျန်သေသူ၏ အင်အားဖြင့် နာဗ်တား တောင်ကြားအတွင်းမှ ရန်သူ ပြင်သစ်တပ်အလာကို စောင့်ရန်သာ ရှိတော့သည်၊ သူ့ လူများကို စစ်ဆေး ရေတွက်ကြည့်ရဦးမည်၊ လူ ၁၅၀ ခန့်ကျန်ဦး မည်၊ဤမျှ အရေအတွက်သည် သူ့ အဖို့ ရန်သူအား ချုံခိုတိုက်ခိုက်ရန် လုံလောက်သည်၊ ပိုပင်ပိုနေပေသေးသည်၊ ဤသူ့ လူကုလားအုပ်စီး တပ်သားကျော် များဖြင့် ပြင်သစ်တပ်ကိုသုတ်သင်နိုင်မည်၊ ဤသို့ဖြင့် သူ၏ ညီအစ်ကိုတော် ဇိုက်ဂင်အား ကျေနပ်စေမည်၊ ထို ထက် သူ့ အမည်သည် ခေါင်းဆောင်ကြီး ယာစ်တလာထံ ရောက်ရှိပြီး သူသည်လည်း ကျော် စော ထင်ရှားလာပေဦးတော့မည်။

မနက်ဖြန်မှာ ယနေ့ သူဆုံးရှုံးခဲ့သမျှ ပြင်သစ်တို့ကသူ့ အားပေးလျော်ကြပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တွေးနေစဉ်ပင် ရှူးမားက-

'ကျွန်တော် မီးရထားလမ်းကို ဒိုင်းနမိုက်နဲ့အဖျက်ခိုင်းလိုက်မယ်'

'မလိုပါဘူး'

'သူတို့ ပြန်လာယင် ဘယ်လို လုပ်မလဲ'

'ပြန်လာမယ် ဟုတ်လား၊ ဘာလုပ်ဖို့ ပြန်လာကြမှာလဲ'

'ကျွန်တော်တို့ကို တိုက်ဖို့လို့ပေါ့'

"ဒါ....သူတို့တိုက်ပွဲမှ မဟုတ်ပဲ၊ သူတို့ပြန်လာမှာ မဟုတ်ပါဘူး၊ ပြန်လာကြယင် ရှူးလို့ပေါ့ကွာ"

"ရွာထဲကို ဝင်ရှာလိုက်မယ်လေ"

"ဒါလဲ မလိုပါဘူးကွာ... သူတို့အားလုံး ရထားနဲ့ ပါသွားတာ၊ မင်း မြင်လိုက်တယ်ဆို"

"အကုန်ပါသွား....မသွားတော့ မသိဘူးဗျ"

မက်စနာ သည် ဘူတာရုံ၏ နောက် ဘက် သို့ သူ့ ကုလားအုပ် ကို မောင်း သွား သည်၊ ရှူးမား ၏ ကုလားအုပ်က နောက်မှ ပါလာ သည်၊ မက်စနာ သည် နာဗိတား တောင် ကြား ကို မျှော်၍ ကြည့် လိုက် သည်၊ တောင်ကြားအား ဤနေရာမှ ကောင်းစွာမြင်ရသည်၊ ဟိုအဝေးမှ မရဏ ကန္တာရ အဆုံးအထိပင် မြင်နေရသည်၊ သူသည် ရွာတွင်းရှိ အိမ် များ ကို ကြည့်၍ရသူ မဟုတ်၊ ဂူဆန်ဆန်အိမ်များ၊ မီးခိုးနံ့များ ဤအရာတို့ကား....

လူ့ယဉ်ကျေးမှု ဆိုသည်၏ အနံ့အသက်ဆိုးများ ဖြစ်မည်ဟု သူက ထင်သည်။

သူသည် သူ့တပ်သားများကို ညမမှောင်မီ တောင်ကြားအတွင်း၌ နေရာချထားမည်၊ အုပ်စု တ စု တွင် ကင်းသမား တဦးစီလည်း ချထား ပေးရန်....

လေတဟူးဟူး တိုက်ခတ်နေသော ကန္တာရအစွန်းအထိ သူ့လူများ က စောင့်နေပြီး ပြင်သစ်တပ် အလာတွင် အသင့် ရှိနေစေရမည်။

မက်စနာ သည် သူ့စိတ်ထဲတွင် သူ့အစီအစဉ်အား ကျေနပ်အား... နေမှုကို အသာ ထိန်းချုပ်ထားပြီး ရှူးမား အနီးသို့ ကပ် ကာ၊ ရှူးမား၏ ဆံပင်ကို သူ့လက်ဖြင့်ဖွလျက်....

"တို့ တိုက်ပွဲကလေးမှာ ရှုံးတယ်၊ မနက်ဖြန် တိုက်ပွဲကြီးမှာတော့ ... နိုင်မယ်"

ရှူးမား က သူ့ အား ကလေးလို ဆက်ဆံသည်ကို မကြိုက်၊ မက်စနာ... နား မှ အသာခွာလိုက်သည်၊ ဘာမဟုတ်သည့် စုတ်စုတ် ပြတ်ပြတ် အင်္ဂလိ... စစ်သား သုံးလေးယောက်၏ လှည့်ပတ်မှုကို ခံလိုက်ရသည် ... ရှက်... မိသည်။ သူသည် ဤအင်္ဂလိပ်များ မရဏကန္တာရကြီးကို မြန်မြန်ဆန်ဆ...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာနိုင်ပုံ၊ ထို့ထက် မိမိတို့၏အစီအစဉ်ကို သူတို့မည်မျှအထိ သိနေကြသနည်း၊ ဆိုသည်တို့ကို စဉ်းစားမိသဖြင့် စိတ်ပူ၍လည်းနေသည်။

ထိုအခိုက် မက်စနာက သူ့အား ခေါင်းကိုင် ဘာကိုင်နှင့် ကလေးလို ဆက်ဆံလိုက်ရာ ဒေါသဖြစ်မိသည်။

သူ၏ ခေါင်းဆောင် ဖြစ်နေသူ မက်စနာမှာ အသက်ကြီးခြင်းနှင့် သူ၏ လောဘ အလိုရမ္မက်ကြီးခြင်းက သူ့အား၊ အားနည်းစေသည်ဟုလည်း ရှူးမားက မြင်နေသည်၊ ငယ်ရွယ်၍ အားမာန်တက်နေသော ရှူးမားသည် မက်စနာ အပေါ် နာကျည်းမိသည်၊ ယခု ဖြစ်ပွားခဲ့သည့် မီးရထားတိုက်ပွဲများသည်၊ ဘာကြောင့် ဘယ်လိုဖြစ်ပေါ်လာရသည်ကို သူနားမလည်....

သူက နားလည်ချင်သည်၊ တခု သူနားလည်သည်ကား....မက်စနာသည် ခေါင်းဆောင် အရည်အချင်းမရှိပြီ၊ သူတို့၏ သဲကန္တာရလူမျိုးစုအား ဦးဆောင်ဦးရွက်ပြုရန် မထိုက်တန်တော့ပြီ ဟူ၍ ပင် ဖြစ် သည်။ မက်စနာကား၊ သူ့ကိုယ်သူ လျှာမန်များအား ရောင်းစားခဲ့လေပြီ၊ မက်စနာသည် အနာဂတ်မှာ လူ ဖြစ်ပြီး ယခု ပစ္စုပ္ပန်တွင် လူ မဟုတ်တော့။

ရှူးမား သည် ဤသို့ ထင်နေသော်လည်း၊ သူ၏ ဓါးသိမ်းမှုကို မျိုသိပ်ကာ၊ အမိန့်ကို နာခံမြနာခံခဲ့လေသည်။

မီးရထား လမ်း ကားယခင်အတိုင်းပင်၊ အ စောင့် အ ရှောက် မ ရှိ ရှာတွင်း၌လည်း ရှူးမား အကြံပြုသလို ရှာခြင်းဖွေခြင်း မပြုခဲ့၊ မက်စနာ ၏ ရန်သူများလည်း ကန္တာရ အဝသို့ ရောက်ရှိစခန်းချနေကြပြီ၊ ဤမှ ငါးမိုင်သာ ဝေးသည်။

ဒီကွန် ၏ အပြန်လမ်းကလည်း ပွင့်လျက် ရှိနေချေပြီ....

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

# ဒီကွန်၏ ခေးမြောင်

ဒီကွန် တို့သည် မီးထိုးသမား၏ အလောင်းကို ရထားလမ်းဘေးတွင် တွင်းတူးမြှုပ်နှံ လိုက်ကြသည်။ တွင်းကိုဖို့ရန် မီးထိုးသမား၏ မီးသွေးကော်ဂေါ်ပြားဖြင့်ပင် သဲများကို ကော်ပြီး တွင်း ကို ဖို့လိုက်ကြသည်။ နောက် ထင်းချောင်းနှစ်ချောင်းဖြင့် လက်ဝါးကပ်တိုင်အဖြစ် ဝှင်းထိပ်တွင် စိုက်ထူလိုက်ကြသည်။

မီးရထားအရာရှိ၏ လက်မောင်းမှ ဒဏ်ရာကို ကက်စလာက ဆေးကြောပေးပြီး သွေးမထွက်အောင် ပတ်တီးဖြင့် တင်းကျပ်စွာ စည်းပေးထားသည်။ ငါးသေတ္တာနှင့် ဘီစကွက်မုန့်များကို စားသောက်ကြပြီးသည့်နောက် ကာနယ်ဟုမ်း သည်၊ မီးခွေးအိတ်ဟောင်းများကို ခေါင်းအုံးကာ မီးသွေးပုံပေါ်တွင် အိပ်ပျော်သွားလေသည်။

နေ့ခင်းကအပူသည် တဖြည်းဖြည်း လျော့ပါး သွားကာ၊ အအေး ဓာတ် ဝင်လာပြီးမီးရထားလမ်းဘေးရှိ လမ်းဘေး၏ အရိပ်များလည်း ရှည်ထွက်လာကာ၊ မီးရထားလမ်းကို ဖြတ်ကျော်လျက် ရှိချေပြီ သူတို့တတွေမှာ မသေမပျောက် အောင်မြင်စွာ တွက်ပြေး လာနိုင်ခဲ့ကြသည်၊ မင်းစဖီးစက်ခေါင်းကြီးတွင် ကျည်ဆန်ရာများ၊ များလှသည်။ သို့သော် ဘာမျှ မဖြစ်၊ သူသည့်လည်း တရှူးရှူးဖြင့် ညည်းတွားကာ ခဏ အပန်းဖြေ နေသည်။ ဒီကွန်တို့ လူစုက၊ စားသောက်ပြီးကြသည့်နောက် လူခွဲကြရန်စီစဉ်နေသည်။

ပြင်သစ်ရထားအရာရှိနှင့် ကျန်မော်ရိုကို တယောက်က စက်ခေါင်းကို ယခင်အတိုင်း မောင်းသွားနိုင်သည်။ ကက်စလာက မီးထိုးရမည်၊ ပီတီက တွဲခေါင်မိုးပေါ်မှ လုံခြုံရေးကင်း တာဝန်ယူရမည်၊ လမ်းတွင် တစုံတရာ မဖြစ်ပါက ဂျီယာဒ်သို့ ညသန်းခေါင်တွင် ရောက်နိုင်သည်ဟု ပြင်သစ်ရထား

www.burmeseclassic.com



အရာရှိက ခန့်မှန်းသည်၊ သူ့အပြောအရ ဂျီယာဒ်တွင် တပ်အချို့ရောက်နေသည်။ လွတ်လပ်ရေးပြင်သစ်တပ်များနှင့် နယူးဇီလန်တပ်သားအနည်းငယ် ရှိကြသည်ဟု သိကြရသည်။

ရေဒီယို ရှိသလား....

ပြင်သစ်ကြီးက ရေဒီယို အကြောင်း သူ ဘာမျှမသိ။

သူ့အား အီဂျစ်မှခေါ်ယူပြီး ဤရထားကို ဦးစီးခိုင်းသဖြင့် မောင်းရသည်၊ နာဗ်တားသို့ လာရင်းအကြောင်းမှာ - နာဗ်တားမှ ပြင်သစ်တပ်ကို ဂျီယာဒ်သို့ သယ်ယူရန် အမိန့်ဖြင့် ရောက်လာခြင်းဖြစ်သည်။ နာဗ်ဘားတွင် ဂျာမန်တပ်များ ရှိနိုင်သည်။ အာရပ်များ တိုက်နိုင်သည် စသဖြင့် သူ့ကို မည်သူမျှ မပြောလိုက်ဟုဆိုသည်။

ဖာဒီနှင့် ပြင်သစ်ကြီးတို့ မဟာမိတ်များ၏ စီမံအုပ်ချုပ်ပုံကို ပခုံးများ တွန့်ကာတွန့်ကာဖြင့် ပြက်ရယ်ပြုစကား ပြောနေကြစဉ်၊ ဒီကွန်နှင့် ကင်းဗဲလ်တို့ နှစ်ယောက်က အိတ်ကြီး ၃ အိတ်အတွင်း လက်နက်ခဲယမ်းများ ရိက္ခာများ ထည့်သွင်းကာ နာဗ်တားသို့ ပြန်သွားရန် အသင့်ရှိနေကြပြီ ဖြစ်သည်။

"ကျုပ်တို့ ပိုရောက်ယင် ဘယ်လိုလုပ်ကြရမယ် မသိဘူးနော်"

ကင်းဗဲလ်က ပြောလိုက်ရာ ဒီကွန်က -

"ပြင်သစ်တပ်ကို သတိပေးနိုင်မယ့် နည်းလမ်းတခုခု တွေ့လိမ့်မယ် ထင်ပါတယ်"

"အာရပ်တွေ ဂျစ်ကားတွေ တွေ့သွားမှဖြင့်"

ဒီကွန်က ဘာမျှပြန်မပြော....

ကြယ်များ ထွက်လာလေပြီ - ပိုးဇာပြင် ကောင်းကင်ဝယ် အရောင်များ၊ ဖျော့ဖျော့ မှေးမှိန်နေပေသည်။ တောင်ကုန်းများ စောင်ကမူများမှာသည်း၊ သူတို့၏အသွင်သဏ္ဌာန် ပျောက်ကာ မှောင်ထဲဝယ် မည်းမည်း အပုံကြီးများ ပုံသဏ္ဌာန်ပေါ်နေသည်။

ကက်စလာသည်၊ စက်ခေါင်း မီးဖိုအတွင်း ထင်းများ ထည့်ကာ၊ မီးထိုးနေသည်။ စက်ခေါင်းကြီးမှမီးခိုးများ တလူလူ ထွက်နေသည်။ ပြင်သစ်ကြီးမှာ ဒဏ်ရာကြောင့် အနည်းငယ်သာ လေးလံသွားပုံရသည်။ သူက လည်း ရထားကြီးအား ဤတကြိမ်တွင် မရပ်တော့ပဲ၊ မြောက်ဘက် ခရီး ဂျီယာဒ်အရောက် မောင်းရန် ပြင်ဆင်လျက်ရှိနေသည်။

ဖာဒီ၏ အတွက်အချက်အရ၊ နာဗ်တားနှင့် ၂၂ မိုင်ခန့် ဝေးသော အရပ်၌ သူတို့ရောက်နေသည်။ အပြန်ခရီးတွင် မီးရထားလမ်း တလျှောက် မပြန်တော့ပဲ ရထားလမ်း၏ အရှေ့ဘက် မိုင်ဝက်ခန့်ရှိ တိုက်ရိုက် လမ်းမှ မြို့တွင်း ဝင်မည်၊ လမ်းမှ အမှတ် အသားများကို ကြည့်ပြီး သွားပါက သူတို့သည် လမ်းမမှားနိုင်ဟု သူက ဆိုသည်။ ဖာဒီ၏ အမူအရာမှာ စောစော

www.burmeseclassic.com

www.burmeseclassic.com



ကလို စိတ်တိုနေပုံမရ၊ အလေးအနက် ဖြစ်လာသည်။ နောက်ဆုံးတွင် သူ့အလိုကျ ဗိုလ်ချုပ်ဂျောင်ရန်၏ ပြင်သစ်ဘပ်ကြီးအား-ဂျာမန် လေယာဥ်စာ၊ မက်စနာ၏ 'ဝံပုလွေ' များ၏အစာဖြစ်အောင် သူတို့ကပစ်မထားဟု သဘောပေါက်ကာ ကျေနပ်နေပုံရသည်။

ဒီကွန်ကမူ လွန်ခဲ့သည့် ၂၄ နာရီအတွင်းက တိုက်ပွဲများကို ကြည့်ခြင်းဖြင့် မက်စနာ၏ တပ်များသည်၊ သို့မှမဟုတ် သူတို့ ခေါ်နေကြသော မက်စနာ၏ ဝံပုလွေများအား ဘာမျှအထင်ကြီးစရာ မရှိဟု ဒီကွန်က မြင်သည်၊သူတို့သည် ရက်စက် ကြမ်းကြုတ် သည်ကား မှန်ပါ၏။

သို့သော် တိုက်နေကျ ရန်သူမဟုတ်သော ရန်သူအား မည်သို့မည်ပုံ တိုက်ရမည်ကို သူတို့သိကြပုံမရ၊ သူတို့၏ တိုက်နည်း တိုက်ဟန်သည် ရှေးကျလှသည် ကပျက်ကချော် နိုင်လွန်းလှသည်။ စနစ်တကျ တိုက်တတ်အောင် သူတို့အား၊ ကန့်သတ်စစ်ပွဲအတွက်သာ၊ လက်နက် တပ်ဆင်ပေးသင့်သည်ဟု၊ ဒီကွန်က တွက်သည်၊အယ်လ်ဟာရောက်ဆီသို့ ရောက်လာသည်ဆိုသော အက်စ်အက်စ် အရာရှိ ဗိုက်ဂင်၏ အလုပ်မှာလည်း ဤအလုပ်သာ ဖြစ် သင့် သည်။ သို့သော် မက်စနာ၏ တပ်များတိုက်ပုံတိုက်နည်းသည် အပျော်ထမ်း ဆန်လှသည်ကို တွေ့ရသဖြင့် ဒီကွန်က သဘောကျမိသည်။

အက်စ်အေအက်စ် ဖွဲ့စကလည်း၊ ဤအတိုင်းပင် ဖြစ်သည်ကို၊ဒီကွန်က ဘွေးမိသေးသည်။ ထိုစဉ်က အက်စ်အေအက်စ် တပ်တွင် ဟိုတပ် သည်တပ်မှ ပို့လိုက်သော မတရာသား များသာ ဖြစ် ပြီး ဘာရည်မှန်းချက်မျှ မရှိ၊ မိုက်ရူးရဲ - တိုက်ချင်ခိုက်ချင်စိတ်သာ ရှိသူများ ဖြစ်သည်။ နောက်မှ စနစ်ကျသာကာ စိတ်ဓာတ်မြင့်လာကြခြင်းဖြစ်သည်။

ဒီကွန်၏ စနစ်ကျလိုသော စိတ်ဓာတ်နှင့် ပရမ်းပတာ တိုက်ရသည့် ခေတ်သစ် သေနင်္ဗျူဟာတို့သည် အမြဲလိုလို ဖီလာဖြစ်နေသည်။ယခု နာဗိုတားသို့ ပြန်သွားရမည့် ကိစ္စတွင် ဒီကွန်အဖို့ ပြီးအောင်လုပ်ရမည့် အလုပ်တခု ပြီးသွားစေချင်သည့် သဘောသာရှိသည်။ အခြား ဘယ်လိုမျှ မရှိ၊ ဤမိမိ၏ သဘောကို ဖာဒီသည် နားလည်မည်မဟုတ်၊ ဘွတ်ရှ်ကင်းဗဲလ်သည်ပင် နားလည်ချင်မှ နားလည် ပေလိမ့်မည်။

ဒီ ကွန် သည် ကျောပိုး အိတ်ကို ကောက်၍ ပိုးလိုက်သည်နောက်၊ တော်မီဂန်းကို ရင်ဘတ်တွင် စလွယ်သိုင်း လွယ်လိုက်သည်၊ အရေးကြုံလျှင် တခဏနှင့် ခေါင်းပေါ်မှဖြုတ်ယူ၍ ပစ်နိုင်သည့် အနေအထား ရှိနေအောင် တော်မီဂန်း သိုင်းကြိုးကို ခပ်လျော့လျော့ ထားလိုက်သည်။

ဘွတ်ရှ်ကင်းဗဲလ်နှင့် ဖာဒီတို့လည်း၊ အသီးသီး သူ့အိတ် သူ့ပိုး၊သူ့သေနတ် သူကိုင်ဖြင့် အသင့်ဖြစ်နေကြပြီး၊ဒီကွန်က ပီဘီအား ညွှန်ကြားချက်များ ပေးနေသည်ကို နားထောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရထားပေါ်က မဆင်းခင်မှာပဲ၊ မင်းရဲ့ ဂျာမန် ယူနီဖောင်းကို ချွတ်ပစ်လိုက်၊အပေါ်က ကျူူးနစ် အင်္ကျီကို ပြောဘာ၊နယူးဇီလန် စစ်သားရဲ့ဘော်က အထင်မှားပြီး ပစ်လိုက်လို့ ဒုက္ခဖြစ်နေဦးမယ်၊ ဒါလဲ သတိထားဦး'

'ဟုတ်ကဲ့ပါ ဗိုလ်ကြီး'

'ဦးစားပေး လုပ်ရမယ့်အလုပ်က ပထမ ရေဒီယို နဲ့ လေကြောင်း အကူအညီတောင်း၊ ဒုတိယ ကာနယ်ကို အန္တိုးဆုံး ဆေးရုံပို့ဖို့–ဒါပဲ'

'ဟုတ်ကဲ့'

'ကဲ....ပီဘီရေ မင်းနဲ့ တို့ပြန်ဆုံကြဦးစို့ရဲ့' ဟု ကင်းဗဲလ်က ပြောလိုက်ရာ ပီဘီက ...

'ကိုင်ရိုမှာ တွေ့ကြမယ် နောက်အပတ်၊ ဇောစတာ မှာလေ'

'ဟာ.... ဇောစတာတော့ မလုပ်ပါနဲ့ကွာ၊ ဇောစတာက လွဲလို့ ဘယ်မှာ ဖြစ်ဖြစ်ပါ'

မီးရထား ခေါင်းမှာ တရှူးရှူး တရှဲရှဲ အသံများ ထွက်လာသည်၊ ပီဘီသည် ခေါင်းပေါ် တက်လိုက်ပြီး မီးသွေးပုံပေါ်မှတဆင့် ခေါင်းတွဲအမိုးပေါ်အထိ တက်ရောက်သွားသည်။ရထားကြီးလည်း အလွန်ဖြည်းညင်းစွာဖြင့် စတင်ဘီးလှိမ့်ကာ ရသားလမ်းဘေးရှိ ရဲဘော်သုံးဦးအနီးမှ ထွက်ခွာလာခဲ့သည်။

ခေါင်းတွဲ ခြေနင်းခုံပေါ်မှ ကက်စလာက မတ်တပ်ရပ်လျက် သူ၏ ကြီးမားလှသော လက်သီးမည်းမည်းကြီးကိုဆုပ်လျက် လက်ကိုမြှောက်ကာ၊ သူ့ရဲဘော်ဖာဒီအား နှုတ်ဆက်လိုက်သည်။

'ဘုရားသခင်သည် ခင်ဗျားနဲ့အတူ လိုက်ပါနိုင်ပါစေ၊ မင်းကို စောင့်ရှောက် ကာကွယ်ချင်ပါစေလို့ ကျုပ် ဆုတောင်းတယ် ဖာဒီ' ဟု ကက်စလာက ပြောယင်း အရှိန်ရလာပြီဖြစ်သော ရထားကြီးပေါ် ပါသွားလေသည်။

ဤအချိန်မှစ၍ ဖာဒီနှင့်ကက်စလာတို့သည် ဘယ်သောအခါမှ ပြန်၍ မတွေ့နိုင်ကြတော့ချေ။

\+ + +

အေးကလည်း အေးလွန်းလှသည်၊ မသောမချာ မရေမရာ ရှိလှသည့် ရှေ့တွင် တွေ့ရမည့် တိုက်ပွဲကြောင့်လည်း ကင်းဗဲလ်တွင် မအီမသာ ဖြစ်နေသည်၊ ကြောင်းကြစိတ်က လွှမ်းနေသည်၊ ထို့ကြောင့် သူသည် သံကန္တာကို ဖြတ်ပြီး နာဇတားကို ပြန်လာရသည့် ခရီး အဆုံး၌ ခေတ္တနား ချိန် ရခိုက် တမှေးမျှအိပ်၍မပျော်ခဲ့။

သံကန္တာရထဲ ဖြတ်ကျော်ခဲ့ရသည်၊ သို့သော်လည်း ခက်ခဲပင်ပန်းခြင်း မရှိလှ၊လေငြိမ်နေသည့် အေးမြသော ညအခါတွင်၊အေးအေး ဆေးဆေးပင်

www.burmeseclassic.com



မိုင် ၂၀ ခရီးကို ပြန်လျှောက်လာခဲ့ရခြင်း ဖြစ်သည်။ ဤကဲ့သို့ ဘာမျှမဖြစ်ပဲ၊ လမ်းလျှောက်လာရသည်။ ကင်းဗဲလ်အဖို့ စဉ်းစား တွေးတောချိန် ရခဲ့ဟန်တူသည်။ နာဗ်တားတိုက်ပွဲ၏ မရေရာမှုက သူ့ခေါင်းတွင်း ဝင်လာခဲ့သည်။

ကင်းဗဲလ်အဖို့ သူ့အိတ်နှင့်သူ့သေနတ်မှာ ဘာမျှ ပြောပလောက်အောင် မလေးလ၊ ဤပစ္စည်းနှင့် ဤခရီးကို သည်းခံကာမပင်မပန်း သွားနိုင်ပါ၏။ သို့သော် ခရီးကမတွင်၊ ပထမ ၆ မိုင်ခန့် လျှောက်မိသော်၊ အားအင်ချည့်နဲ့နေပြီဖြစ်သော ပြင်သစ်လေသူရဲဖာဒီ၏ လက်နက်များကို ကူထမ်း ခဲ့ရသောကြောင့် ဖြစ်သည်။ ဖာဒီကား သူ့ဘဝတွင် လေယာဉ်ပေါ်တွင် ထိုင်ပြီး အခန့်သား နေခဲ့ရသူ ဖြစ်သဖြင့် လမ်းလျှောက်ခြင်း အတတ်ကို မတတ်တော့ပြီ။

နာဗ်တားကို လှမ်း၍မြင်ရသည့်အချိန်တွင် ဖာဒီမှာ လှုပ်ပင် မလှုပ်နိုင်တော့ချေ။ ဒီကွန့်က မြို့စွန်တွင် နားကြမည်၊ မနက် အရုဏ်ဦးနှင့် အတူ မြို့တွင်းဝင်ကြမည်ဟု ပြောသည်တွင် မှ ဖာဒီက -

'မနားနဲ့ဗျာ ဆက်သွားကြမယ်'

'မှောင်ထဲမည်းမည်း အာရပ် ကြွက်တွေရဲ့ ထောင်ချောက်ထဲ အဝင်မခံနိုင်ဘူး' ဟု ကင်းဗဲလ်ကပြန်ပြောသည်။

'တို့ ဟိုတောင်စွန်းက ကျောက်တုံး ကြားတွေ ထဲမှာ ပုန်းနေကြမယ်၊ ငြိမ်ငြိမ်နေရမယ်၊ မီးမသုံးရဘူး'

'ပြင်သစ် တပ် ဝင်လာ ယင် ကော'

'ခင်ဗျားတို့ ပြင်သစ်တပ် ဗိုလ်ချုပ်က ဒါလောက် မမိုက် ပါ ဘူး၊ ညကြီးမင်းကြီးမှာ သူမကျွမ်းတဲ့ ဘောင်ကြားထဲဘယ်မှာ ဝင်လာမပါမလဲ၊ တို့မှာ နားဖို့လဲ လိုအပ်တယ်လေ ဖာဒီရဲ့'

သည့်တော့မှ ဖာဒီက-

"အီ - ဗွမ် အမိ - ဗွမ် အမိ-အဲ ဟုတ်ဘာယ် ဟုတ်တယ်" ဟုပြင်သစ်လို ညည်းတွား ပြောဆိုလိုက်သည်။

ကင်းဗဲလ်ကား အိပ်မပျော်၊ မျက်လုံးများက ကြောင်နေသည်။ အအေးဒဏ်က ကျောရိုးထဲမှ စိမ့်အောင်ချမ်းလှသည်၊ စီးကရက်သောက်ချင်လှသည်။ သို့သော် မီးမခြစ်ရဲ၊ သူတို့နေရာကား နာဗ်တားကို ပတ်လည်ဝိုင်းထားသည့် တောင်တန်း၏ ကျောက်ကြို ကျောက်ကြား ထဲတွင် ဖြစ်သည်၊ တိုးရေ့စ် အာရပ်များသည် စီးကရက်အနံ့ကို ၅ မိုင်လောက်မှ အနံ့ရတတ်သည်။ မိမိတို့အနီးအနားတွင် ရန်သူကင်း ရှိပါက မလွယ်ချေ။ ကင်းဗဲလ်သည် တချိန်လုံးမအိပ်နိုင် စိတ်ထဲတွင်လည်း၊ စိုးရိမ် စိတ်တို့ ပို၍ပြင်းထန်လာသည်။ အအေးဓာတ်ကလည်း နှိပ်စက်လှသည်။ ဤသို့ဖြင့်ပင်မိုးသောက်ရောင်နီ ပေါ်လာသည်။ ဒီကွန့်အိပ်နေရာမှ ထိုးလွန့် လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသဖြင့် ကင်းဗဲလ်တွင် အနည်းငယ် စိတ်သက်သာရာ ရသွားသည်။ ဒီကွန်သည် ချက်ချင်းပင် ထထိုင်လိုက်ကာ -

"အချိန်...." ဟု မေးလိုက်ရာ ကင်းဗဲလ်က လက် ၆ ချောင်း ထောင်ပြလိုက်သည်။

ကျောက်ဆောင်ကိုမှီပြီး ဒူးနှစ်လုံးကို ရင်ဘတ်တွင် ကပ်ကာ လက်မောင်းပေါ် ခေါင်းတင်အိပ်နေသည့် ဖာဒီကား မနိုးသေး၊ ဒီကွန်က သူ့အား အသာလှုပ်နှိုးလိုက်သည်။ သူသည် 'အင်း' ဟု တချက် ညည်းလိုက်ကာ နိုးလာသည်။

မကြာမီပင် နေတက်လာတော့မည်၊ ဤအခါ တွင် မြေပြင် အနေအထားကို ကောင်းစွာ မြင်ရတော့မည်၊ သူက အထက်စီးရရန် တောင်စွန်းထိပ်အထိ တက်မည်ဟု တော်မီသေနတ်ဖြင့် ပြလိုက်ပြီး ထိုင်ရာမှထသွားရာ သူ့နောက်မှ ဒီကွန်တို့နှစ်ယောက်က လိုက်လာကြသည်။

ကင်းဗဲလ်သည် ကျောက်စွန်း ကျောက် ဆောင် များကို နင်းပြီး ထိပ်အထိ တက်ခဲ့သည်၊ တောင်ထိပ်မှ ဘူတာရုံ မြို့ နှင့် တောင် ကြားကို ကောင်းစွာလှမ်း၍ မြင်နေရသည်။ မြင်ကွင်း တခုလုံးတွင် အာရပ်များ တယောက်ဘလေ ကိုမျှမတွေ့ရ၊ ထိုအဝေးရှိ မရဏ ကန္တာရ၏ မို့မောက်မောက် သဲပြင်ကြီးမှာ၊ ကောင်းကင် နှင့် မြေကြီးကို အဖြူသား မျဉ်းရေးဆွဲကာ ခွဲခြားထားသလို လှမ်း၍ မြင်နေရသည်။

ကင်းဗဲလ်သည် လဟာပြင်တွင် ရပ်နေပါက နောက်ခံ ကောင်းကင်ဖြင့် ရန်သူမြင်နိုင်မည်ဖြစ်၍ ကျောက်ဆောင်တခု၏ ရှေ့ တွင် ရပ်လိုက်ကာ သူ့ မှန်ပြောင်းကို အိတ်အတွင်းမှ ထုတ်လိုက်သည်။ မှန်ပြောင်းဖြင့် အာရပ်များ ရှိနိုင်မည့်နေရာ ဖုံ တသောင်းထောင်းဖြင့် ပြင်သစ်တပ်ကြီး ချီတက်လာမည့် တောင်ကြားဝဆီသို့ လှမ်း၍ကြည့်လိုက်သည်။

ဒီကွန်သည် သူ့ အနီး ရောက်လာ သည်။

"သိပ်ပြီး ငြိမ်လွန်းနေတယ်၊ အခြေအနေကို သိပ် မကြိုက် ချင်ဘူး"

"အာရပ်တွေ ထွက်သွားကြပြီလား"

"မက်စနာအကောင်တွေကဘယ်ထွက်လိမ့်မတုံး၊ ဟော... နားထောင်စမ်း"

"ဘာလဲ"

'ကုလားအုပ်တွေ'

'ဘယ် ဘက် က လဲ'

"ဘယ်ဘက်က ထင်သလဲ၊ တောင်ကြားမှာ ပုန်းနေကြမှာပေါ့" ဟု ဒီကွန်က ပြန်ပြောလိုက်စဉ်မှာပင် ဖာဒီသည် ဒီကွန်တို့အနီးမှ မြေပေါ်တွင် စပ်ချလိုက်ကာ -

'ကုလားအုပ်တွေနိုးလာကြပြီ ကြားလား'

www.burmeseclassic.com

www.burmeseclassic.com



ကင်းဖဲလ်သည် မှန်ပြောင်းဖြင့် တောင်ကြားဆီသို့လှမ်း၍ ကြည့်လိုက်ပြန်သည်။ တောင်ကြားဘေး တဘက်တချက်ရှိ တောင်ကုန်း များမှ ကဏန်းလက်မများသဖွယ် သွယ်တန်းကျနေသည့် ကျောက်စွယ် ကျောက်ဆောင်များ အကြားတွင် ဟိုမှာ တယောက်၊ သည်မှာ တယောက် ရှိုင်ဖယ်သေနတ်ကိုင် အာရပ်များအား တွေ့ရသည်။ နီးတော့ မနီး၊ ၄ မိုင် ခန့် ဝေးသော နေရာတွင်ပင်ဖြစ်သည်။ ဖာဒီသည် သူ့ ရေဗူးကို ခါးမှ ဖြုတ်လိုက်ပြီး ဒီကွန်တို့ကို ပေးလိုက်သည်။ ဒီကွန်တို့နှစ်ဦးက မော့ သောက်လိုက်ကြသည်။ နောက် သူတို့ ၃ ဦးသည်၊ ကျောက်ဆောင်နံဘေး လေကာယ်တွင် ထိုင်ကြပြန်သည်။ တဟူးဟူး တိုက်ခတ်နေသော လေက အေးမြလှသည်။

မြို့တွင်းမှမူ အသံဗလံ ဘာသံမှ မကြားရ၊ လူတယောက်မှ လည်း မတွေ့ရ ငြိမ်သက်နေသည်။

နေဘက်လာပြီး သေးသေးမျှင်မျှင် မိုးတိမ်လေးများသာ ရှိသည်။ ကင်းဖဲလ်သည် စီးကရက်ကိုမီးညှိပြီး လက်ဝါးနှစ်ဘက်ဖြင့်အုပ်ကာ ဆေးခြောက်သမား ဆေးရှူသလို အားရပါးရ ရှိုက်သောက်နေသည်၊ ခုမှပင် စိတ်ငြိမ် သွားတော့သည်။

ဒီကွန်နှင့်ဖာဒီတို့က ကင်းတာဝန် ယူထားကြသည်။

တနာရီ ရှိသွားပြီ။

နေရောင်သည် ကြီးမားကျယ်ပြန့်လှသော လွင်တီး ခေါင်ပေါ်ဝယ် ပြင်းလာသည်။ လေသည် ငြိမ်သွားကာ ပူလာလေပြီ။ အာရပ် များလည်း ဟိုတယောက် သည်ဘယောက်ဖြင့် မြင် ခဲ့ ရာမှ ယခုအခါတွင် သူတို့လည်း တပ်စိတ်များအဖြစ် ခွဲကာ၊ တိုက်ပွဲ ဝင်ကြရန် စုရုံး နေကြလေပြီဟု ယူဆရသည်။ သူတို့ တပ်များကလည်း အဝေးရှိ ကောင်းကင်ကို မော့ကြည့်နေကြပြီ၊ ပြင်သစ်တပ်ကြီးလာတော့မည့် အရိပ်လက္ခဏာများကို စောင့်မျှော်လျက် ရှိနေကြပြီ ထင် သည်။

'ပီဘီ ရောက်မှ ရောက် ပါ့မလား'

'ဒီကွန်' က သူ့ အပူစိတ်ကို တိုးတိုးကလေး ပြောလိုက်သည်။

''ရောက်တော့ကော သူပြောတာတွေကို လက်ခံ နားထောင်မယ့် လူကော ရှိပါ့မလား'' ဟု ကင်းဖဲလ်က ခပ် ငေါ့ငေါ့ ပြန်ပြော လိုက်သည်။ ဤတွင် ဖာဒီက -

''အစ က ကျုပ် မပြောလား'' ဟု ဝင် စွက် လိုက် ပြန်သည်။

ဒီကွန်သည် ဘာမျှ ဆက်မပြောတော့ပဲ ကင်းဖဲလ်ထံမှ မှန်ပြောင်းကို ယူကာ အနီးအဝေးချိန်ပြီး အဝေးသို့ လှမ်းကြည့်လိုက်သည်၊ တမိနစ်ခန့် ငြိမ်သက်စွာ ကြည့်နေပြီးနောက် ''ပြင်သစ်တပ်လာပြီ'' ဟု ပြောလိုက်သည်။

''သေချာရဲ့လား''

''သိပ် သေချာတယ်''

www.burmeseclassic.com

www.burmeseclassic.com



ဖာဒီသည် ဒီကွန်လက်မှ မှန်ပြောင်းကို ဆွဲယူလိုက်သည်။ ကင်းဗဲလ်အဖို့ မှန်ပြောင်းမလိုတော့ပါပေ၊ ဖြူညစ်ညစ် ဖုံလုံးကြီးများက မိုးပေါ်သို့ ထောင်တက်နေသည်ကို လှမ်းမြင်နေရသည်။ ဖုံလုံးက ခဏချင်းပင် မီးလောင်နေသည့်အလား မည်း၍ ကြီးမားသည်။ မြင်သစ်၏ လူပေါင်းစုံပါဝင်သော တပ်ကြီးအား ထရပ်ကားများ၊ မော်တော်ယာဉ်များဖြင့် အပြင်း ချီတက်လာသဖြင့် ဤမျှ ဖုံထနေခြင်း ဖြစ်ဟန်တူသည်။

'ဖာဒီ..........ဘယ်လို ထင်သလဲ'

"တောင်ကြားထဲကို နောက် နှစ်နာရီခွဲ လောက် ကျယင် ဝင်လိမ့်မယ်...."

"ဒီလိုဆိုယင် ဆယ်နာရီခွဲလောက်မှာ ဂျာမန် တွေ လေကြောင်းက လာတိုက်လိမ့်မယ်လို့ မျှော်လင့်စရာရှိတယ်"

ဟု ဒီကွန်ကပြောလိုက်ရာ ကင်းဗဲလ်သည် ထိုင်ရာမှ ထလိုက်ကာ....

"ကဲ....ဒီလိုဆိုယင် ဂျစ်ကားတွေသွားယူကြစို့.. အကောင်းပကတိ အတိုင်း ရှိနေယင်ပေါ့လေ"

ဒီကွန် က မထသေးပါ၊ ဘေးဘက်လှိမ့်ချလိုက်ကာ မြောက်ဘက်ကောင်းကင်ကို မော့ကြည့်နေသည်။ သူကား တောမိုးခေါင်နေသဖြင့် မိုးကိုမျှော်သည့် လယ်သမားနှင့်တူသည်။

"ကျုပ်တို့အတွက် မဟာမိတ် လေယာဉ်ပျံ တွေ မရှိဘူးပေါ့ဗျာ၊ သူတို့အဖို့ ခရီးက လှမ်းလှတယ်"

ဒီကွန် သည် ယနေ့အဖို့ ပထမဆုံး သူ့အား လာ၍ကိုက်သည့် ခြင်ကောင်ကို လက်ဖြင့်ရိုက်လိုက်သည်။ သူ့ကြည့်ရသည်မှာ အေးအေးဆေးဆေးဘာမှမဖြုံသည့်ဟန် ရှိလှသည်ဟု ကင်းဗဲလ် က ထင်မိသည်။ ကင်းဗဲလ်က....

"ကျုပ်တို့ ဒီအတိုင်း ပြင်သစ် တပ်ရှိရာ သွားလို့တော့ မဖြစ်ဘူး ထင်တယ်"

"မဖြစ်ဘူး၊ လှမ်း ပစ် ယင် ရ တယ်၊ သေနတ်သံကြားပြီး ပြင်သစ်တပ်ကြီး တန်သွားနိုင်ပေမယ့် တို့ကို ကူနိုင်မှာ မဟုတ်ဘူး၊ သူတို့ နဲ့ တို့ က ဝေးလွန်းလှတယ်"

"ဟုတ်တယ်....ဝေးလွန်းလှတယ်၊ ထရပ်ကား တပ်စိတ် တခု ပြေးလာမယ်ဆိုယင်လဲ ငရဲအိုးပွက်သလို ဝိုင်းဆော်ကြမှာပဲ"

"ဒီတော့ ကျုပ်တို့ ပြင်သစ် တပ်၊ ကျုပ်တို့ဆီ ရောက် လာအောင် စောင့်ကြတာပေါ့" ဟု ဖာဒီက ပြောသည်။ ဒီကွန်က.........

"ကြည့်ရတာကတော့ အာရပ်တွေဟာ ချုံခိုတိုက်ပွဲမှာ တော်တော်ကျွမ်းကျင်ပုံ ရတယ်၊ သူတို့တပ်တွေ နေရာယူထားပုံကို ကြည့်လေ"

"ပြင်သစ် ရှေ့ပြေးကင်း မရှိပေဘူးလား၊ ဒါမှမဟုတ် ကျုပ်တို့ဆီး ပြောနိုင်ယင်ကောင်းမယ်" ဟု ကင်းဗဲလ်က အဆံပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြင်သစ် ဗိုလ်ချုပ်က အန္တရာယ်ကို ကြိုတွက်မှာ မဟုတ်လို့ ရှေ့ပြေးကင်းတွေ ဘာတွေ လွှတ်ထားချင်မှ ထားမှာ"

"အယ်လ်ဟာရေက်ဆီမှာ လေယာဉ်ပျံတွေ ရှိတဲ့ အကြောင်း လဲ ဘယ်သူမှသိမှာမဟုတ်ဘူး"

"အဲဒါ ခံရတာပေါ့—ပြင်သစ် ဗိုလ်ချုပ် ဂျောင်ရန်က ချုံခိုတိုက်ပွဲ လောက်ပဲရှိမယ်၊ဒါလောက်တော့ သူကမမှုဘူးပေါ့၊ အာရပ် နှစ်ရာ လောက်နဲ့ ဂျာမန် ပင်ဇာ တပ်ကလေးတတပ်လောက်တော့ အသေးအဖွဲ့ပဲ၊ တပ်မကြီးက ချေမှုန်းသွားနိုင်လိမ့်မယ်လို့ သူထင်ချင်ထင်မယ်၊ အင်း....တောင်ကြား ထဲမှာ သူ တပ်ပိတ်မိပြီး လေယာဉ်ပျံတွေက အပေါ်က ပစ်ယင်တော့ အာရပ်တွေ အဖို့ ပွဲကြီး ပွဲကောင်း နေမှာပဲ"

"ဒီတော့...." ဖာဒီသည် စိတ်ပူပန် လာပြန်သည်။

"ဒီတော့....ကျုပ်တို့ ဘာ လုပ်ကြမလဲ" ဟု သူက မေးတော့သည်။

"မီးခိုးနဲ့ အချက်ပြမယ်ဗျာ" ကင်းဗဲလ်က ရွှံ့ ပြောလိုက်သည်။

ဒီကွန်က ပက်လက်အိပ်ယင်း ကောင်းကင်ကို ကြည့်မြဲ ကြည့်နေသည်၊ သူ့ အမူအရာက အေးဆေးလွန်းလှသည်။ သူ့ မျက်နှာက ဟန်မပျက် ရှိနေသည်။ သူက ပြန်လာချင်၍ ပြန်လာ မိခြင်း အတွက် တောင်းပန်သည့် အရိပ်အရောင်လည်း မရှိ၊ သူက ပြောလိုက်သည်။

"တို့-ဂျစ်ကားတွေ ကောင်းဖို့ လိုတယ်"

"ကောင်းတော့ ဘာလုပ်မလဲ"

"တို့ ဖြတ်ဝင်ကြမယ်၊ ပြင်သစ်တပ်တွေဆီ အရောက် သွားကြမယ်"

\+ \+ \+

ဂျစ်ကားများအား မနေ့ကသူတို့ ဝှက်ထားခဲ့သည့်အတိုင်း အကောင်း ပကတိပင် ပြန်တွေ့ကြသည်။ ဂျစ်ကားဘီးရာများကို ကက်စလာက သစ်ကိုင်း တံမြက်စည်းဖြင့်လှဲ၊စစ်စောင်ကြီးဖြင့် လှဲခတ်ထားသဖြင့် ဘီးရာများပျောက် နေသည်။

ဖာဒီကဂျစ်ကားတွင် ရေနှင့်ဆီများ အလုံအလောက်ရှိမရှိ စစ်ဆေး နေစဉ် ကင်းဗဲလ်သည် ရှေ့ဂျစ်ကားပေါ်ဝယ် သူ၏ စစ်လွယ်အိတ်ကိုဖွင့်ကာ လက်နက်များကို၊ကားနောက်ပိုင်းတွင် အသင့်ထုတ်ထား လိုက်သည်။နောက် သူ၏ ကျူးနစ်အပေါ် အင်္ကျီအိတ်အတွင်းမှ ချော့ကလက်တောင့် တဝက်ကို ထုတ်ကာ မည်သူ့မျှမပေးပဲ သူချည်း အကုန် ဝါးစား ပစ်လိုက်သည်။ ချော့ ကလက် စားပြီးသော် ရေအနည်းငယ်ကို မော့သောက်၊ နောက် စီးကရက် တလိပ်ကို ထုတ်၍မီးညှိ၊ ထပ်မံ၍ ရေတဝ သောက်လိုက်ပြီး – ငြိမ်သက်စွာ ဆေးလိပ်သောက်နေသည်။

"မက်စနာ ဆိုတဲ့လူက အတော် - တော်အော် ရော်ကောင် နိုင်တဲ့ လူပါလား၊ အသာကလေး ရှာတယ်ဆိုရုံ ရှာလိုက်ရုံနဲ့ ဂျစ်ကားတွေ၊တွေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



အမုန်ပဲ သူကတို့ကိုများ ဒီကို ဘယ်လိုရောက်အောင် လာတယ် ထင်တယ် မသိဘူး၊ ခြေလျင် လျှောက်သာကြတယ်လို့ ထင်ဟန်တူရဲ့” ဟု ဒီကွန်က ပြောရာ ကင်းဗဲက စိတ်မရှည်ဟန်ဖြင့် -

“ဘယ်လိုထင်ထင်ဗျာ၊ အားလုံး ဖြစ်ပျက်သမျှ ထုံးစံအတိုင်း ဘာမှန်းကို မသိတော့ဘူး၊ အရှုးချီးပန်း အဖြစ် မျိုးပဲ တကယ်ပါပဲ၊ ပဒေသာကပ္ပဲလို၊ ဟိုလိုဖြစ်လိုက်၊ ဒီလိုဖြစ်လိုက်နဲ့ ခုလို ဟာက အဆိုတော်ဒူရန်တီ နဲ့ဂျူအီ ဘရောင်းတို့ပဲ လိုတော့တယ်”

“သူ...ဘာပြောတယ်”

ဖာဒီက ကင်းဗဲလ်၏ ရေရွတ်ဖြောဆိုနေသည်ကို နားမလည်၍ မေးလိုက်ရာ ကင်းဗဲလ်ကပင် -

“မကျေနပ်တာ ပြောနေတာဗျို - မကျေနပ်တာတွေကို ပြောနေတာ၊ ခင်ဗျားတို့အတွက် ကျုပ် စွန့်ရတော့မယ်၊ သေချင်လဲ သေမယ်၊ ကျုပ်မှာ မကျေနပ်ဘာတော့ ပြောရမှာပဲ၊ ပြောဖို့လဲ ကျုပ်မှာ အခွင့်အရေးရှိတယ် ဟုတ်တယ် မဟုတ်လား”

ဖာဒီနှင့်ဒီကွန်တို့က ဘာမျှပြန်မပြောကြ။

သူတို့သည် မက်စနာ၏ တပ်များ အားလုံး တောင်ကြား အတွင်း ရောက်နေကြသည်ဆိုကာ ခပ်အေးအေး ခစ် ပေါ့ပေါ့ပင် လုပ်ကိုင် နေကြသည်။

“ကျုပ်တို့ဘယ်တော့ထွက်ကြမှာလဲ”

ကင်းဗဲလ်က မေးသည်။

“အဖြစ်နိုင်ဆုံး အချိန်မှာ ထွက်မယ်”

ဒီကွန် က ဖြေသည်။

“ပြင်သစ်တပ် ရှေ့ရောက်တော့ သူတို့က ဆီးပစ်ယင် ဘယ်လိုလုပ်မလဲ”

“မပစ်ပါဘူးဗျာ”

ဖာဒီ ကား သူ့လူမျိုးများအပေါ် ယုံကြည်လွန်းလှသည်။

ကင်းဗဲလ် က မိမိတို့တပ်များတွင် အချင်းချင်းမှားပစ်ခံရ၍ ကျဆုံးသွားကြသော ရဲဘော်များ၏ အမည် တသီတတန်းကြီးကို ရွတ်ပြလိုက်လေသည်။ ယခု သူတို့သည် တောင်ကြားလမ်းမှ တန်းတန်းမတ်မတ် ပြင်သစ်ကို နဖူးတွေ့ဒူးတွေ့ သွားတွေ့ကြမည်၊ ပြင်သစ်တပ်များမှလည်း ခရီးရှည် ချီတက်ခဲ့ရသဖြင့် ပင်ပန်းနေမည်၊ ရန်သူနယ်မြေ အတွင်း ဝင်လာကြပြီ ဟူသောအသိဖြင့် ကြီးလန့်စာစား ဖြစ်နေခိုက် ဘာမှ မမေးမမြန်းပဲ လှမ်း၍ ပစ်ကြမည်က သေချာလှသည်။ ဤအခြေအနေတွင် ရန်သူအာဇပ်များထက် ပြင်သစ်များက ပို၍ ကြောက်စရာကောင်းနေသည်။

ထိုစဉ်မှပင် ဒီကွန် က....

www.burmeseclassic.com

www.burmeseclassic.com



"အခု ဆယ်နာရီထိုးဖို့ ဆယ်မိနစ် လို သေးတယ်၊ ပြင်သစ်တပ်ခုလောက်ဆို တောင်ကြားအဝကို ရောက်ခါနီးနေပြီ"

"ဂျာမန် လေယာဉ်ပျံတွေ အခုချိန်မှ ရောက်မလာယင် ဘာဖြစ်မလဲ...."

"မက်စနာ ကတော့ တိုက်မှာပဲ၊ ဘာဖြစ်နေနေ"

"ကောင်းပါဗျာ၊ ကောင်းပါ"

သို့ပြောပြီး ကင်းဗဲလ်သည် ကားဘောင်ကို မှီထိုင်လိုက်ကာ လက်မောင်းနှစ်ဘက်ကို ခေါင်းပေါ်တင်ပြီး လက်ချောင်းကလေးချင်းချိတ်ထားလိုက်သည်။ စိုးရိမ်ပူပန်စိတ်ဖြင့် တောင့်တင်းနေသော သူ့ခန္ဓာကိုယ်ကို လျော့သွားရန် ကြိုးစားခြင်းပင်ဖြစ်၏။ သို့သော် ကြာရှည်ဤသို့ထိုင်မနေ။ ခဏတွင်ပင် ဂျစ်ကားပေါ်မှ ဖုတ်ကနဲ ခုန်ချလိုက်ကာ ကားနောက်ပိုင်းသို့သွား ပြီး သူတို့တင် ယူလာခဲ့သည့် ပစ္စည်း ပစ္စယ များ ကို လှန်လှောကာ နောက်ထပ် တော်မီဂန်းတလက်၊ ဂျာမန်ဆောနဲတ်တလက်နှင့် လွယ်အိတ်နှစ်အိတ် အပြည့် ဗြိတိသျှလုပ် လက်ပစ်ဗုံး များ ကို ယူ လိုက် ပြန် သည်။ ဟိုမြေခွေးလို အ ကောင် မီးလ်ဘန်း သည် သူ့ကတိအတိုင်း လက်နက် ခဲယမ်းအပြည့်အစုံတင်ပေးလိုက်ပေသားပဲဟု ကင်းဗဲလ် က တွေးလိုက်မိသေးသည်။ ကင်းဗဲလ် သည် သူ့ခါးပတ်တွင် လက်ပစ်ဗုံး လေးလုံးကိုချိတ်၊ တော်မီဂန်းအတွက် ကျည်ကပ် အတောင့်နှစ်တောင့်ကို ခါးပတ်ကြား ထိုးလိုက်သည်။

"ကဲ....ပြင်သစ်တပ် ဘယ်ရောက်နေပြီ ဆိုတာ သွားကြည့်ကြမယ်"

ဟု ကင်းဗဲလ် က ပြောလိုက်ပြီး သူတို့ သုံး ဦး သည် ခိုး ကြောင်ခိုးဝှက်ဖြင့်၊ ကားများထားသည့်နေရာမှ မြို့ထိပ်သို့ ထွက်လာခဲ့ကြသည်။ထိုမှလှမ်း ၍ ကြည့်လိုက်ရာ ပြင်သစ်တပ်ကြီး တက် လာ ရာ လမ်း တလျှောက်မှ တက်လာသည့်ဖုန်လုံးကြီးက ယခုအခါတွင် တမိုးလုံးအပြည့် ဖြစ်နေသည်ကို တွေ့ကြရသည်။ ကင်းဗဲလ် က မှန်ပြောင်းဖြင့်ကြည့်လိုက်ရာ ထရပ်ကားများ၊ သံချပ်ကာကားများကိုပင် မြင်နေရသည်။ တင့်ကားတစင်းမျှမပါ၊ ညံ့လိုက်လေဟု သူက ထင်မိသည်။ သူ့မှာ အံ့သြ သွား သည်၊ ခြေလျင်လျှောက်စစ်သားများက များလှသည်။ ထရပ်ကားများ အကြားတွင် လျှောက်လာကြသူများက များမှများပါလေ၊ ရှေ့ဆုံးမှ ပါလာသည့် ကင်း ထောက်ကားလေးငါးစင်းက တောင်ကြား ဝဆီ ဦး တည် သွား နေ သည်။ ရှေ့မှန်များကို နေရောင်ကထိုးနေရာ တလက်လက်ဖြစ်နေသည်။

ကင်းဗဲလ် သည် မှန်ပြောင်းဖြင့်ပင် ကောင်းကင် အ တွင်း ဂျာမန်လေယာဉ်ပျံများလာကြပြီလားဟုဆိုကာ ရှာဖွေကြည့်မိသည်။

ဖာဒီ က "ကျုပ်တို့မြန်မြန်သွားကြမှဖြစ်မယ်" ဟု ပြောရာ ကင်းဗဲလ်က "ဟုတ်တယ်" ဟု မဆိုင်းမတွပင် သဘောတူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ တိုက်ပွဲအနေအထားကိုခန့်မှန်းနိုင်ပြီဖြစ်၍ သူ့ထွင် ပေါ့ပါး နေလေပြီ၊ တာမှ မသေမချာ မဟုတ်တော့ပြီ၊ ရှင်းလှပါ၏။ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏၊ ချိန်ဆနေစရာမလို။ သူတို့အဖို့ ဂျစ်ကားပေါ်တက်ကာ ဂျစ်ကား များကို တရကြမ်းမောင်းပြီး ရန်သူနယ်မြေ တောင်ကြားကိုဖြတ်၊ ပြင်သစ် တပ်ဦးသို့ အရောက်သွားရန်သာ ဖြစ်သည်။ အာရပ်ရန်သူများက သူတို့ကို ဆီး၍ပစ်ကြမည်။

ဤသို့သော အတင်းဝင်၊ အတင်းဖြတ်ရသည့် သူတို့ကွန်မင်ဒိုများ၏ နည်းဗျူဟာတွင် ကွန်မင်ဒိုအခေါ် အဝေါ် တခုရှိသည်။ ၎င်းမှာ ခေါးမြှောင် ဟု ဖြစ်၏။ ခေါးမြှောင်တချက်ထိုး ဖြစ်သည်၊ ထိုအချက်ကိုမိအောင် ထိုးရ မည် ဖြစ်သည်။

ယခုလည်း တဟုန်ထိုးဝင်၊ တဟုန် ထိုး ထွက်ရမည့် တိုက် ကွက် ဖြစ်သည်။

ဤခေါးမြှောင်တိုက်ကွက်မှာလည်း စနစ်တကျ စီစဉ်ရခြင်း မဟုတ်ပဲ၊ ဂျစ်ကားနှစ်စင်း၊ သေနတ်သမားတဦးတည်းဖြင့် အတင်းဝင် အတင်းဖြတ် ရမည်ဖြစ်ရာ လျှင်မြန်မှုအပေါ်တွင် တည်လေသည်။ အင်အားပေါ်မတည်၊ ဤတိုက်ပွဲမှာ ဒီကွန်၏ အကြံအစည်ဖြစ်၍ ဒီကွန်၏ ခေါးမြှောင်၊ ကောင်း လိုက်သည့်နာမည်၊ ကင်းဗဲလ်က အလွန်သဘောကျမိသည်။

ကင်ဗဲလ် သည် စချင်လှလေပြီ၊ ဒီကွန်က ၎င်း၏အား တားထား လိုက်ပြီး သူ့ပခုံးပေါ်လက်တင်ကာ....

"နေဦးလေ....ပြင်သစ်တပ်က ဝေးပါသေးတယ်"

"လေယာဉ်ပျံတွေ လာလိမ့်မယ်"

"ရှေ့ကင်း....ကားတွေ တောင်ကြားထဲဝင်ပါစေဦး၊သူတို့ဝင်တာနဲ့ တို့စဖြစ်မယ်"

ထို့နောက် သုံးဦးသားငြိမ်ပြီး ပြင်သစ်လွတ်လပ်ရေးတပ်ကြီး ချီတက် လာသည်ကို စိုက်ကြည့်နေကြသည်။ ပြင်သစ်တပ်ကြီးက စနစ်တကျ စစ်ရေး ပြကွင်းအတွင်း ဒရိမ်းပြနေသကဲ့သို့ ညီညီညာညာ ရှိလှသည်။ တရွေ့ရွေ့ဖြင့် ပုရွက်ဆိတ်တန်းကြီးတက်လာသလို တဖြည်းဖြည်း တက်လာနေသည်။ သူတို့ ကား လေယာဉ်ပျံပစ်ကွင်းအတွင်း ဝင်ရောက်နေကြသည်ကိုမသိကြ၊ ပြင်သစ် တပ် ဗိုလ်ချုပ်သည် ဂျာမန်ဗိုလ်ချုပ် ရိုမဲလ်က ပင်လယ်ကမ်းခြေ စစ်စခန်း တွင် ရှိနေခိုက် ဤဝေးသီခေါင်သော အရပ်သို့ ဂျာမန်လေတပ်ကို လွှတ်လိမ့် မည်ဟု အလျှဉ်းမထင်မိခဲ့ချေ။

ပြင်သစ် တပ်ကြီးသည် တဖြည်းဖြည်းချင်း နီးကပ်လာချေပြီ။

ထရပ်ကားများက ဟပ်ထိုးဟပ်ထိုး ဖြင့် သာ မောင်းနှင်ရ၍၊ သူတို့ ချီတက်လာပုံမှာ နှေးကွေးလှသည်။ သို့သော် သူဒန်ပြည်သားများဟု ထင်ရ သော ခြေလျင်စစ်သားအများအပြားမှာမူ၊ လမ်းလျှောက်မြန်ဆန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကိုဘွင် စစ်သားအသုံး ဆောင် သူတို့ကိုယ်ပေါ်၌ ပါပုံမရ၊ မာရသွန် လမ်းလျှောက်ပွဲကြီးအတွက် စစ်သားသုံး အသုံးအဆောင်များကို၊ ထရပ်ကားများပေါ် တင်ဆောင်လာကြပုံရသည်ဟု ကင်းဗဲလ် က ထင်မိသည်။

မက်စနာ ၏ ကုလားအုပ်တပ်ကိုမူ လုံးဝ မမြင် ရ၊ အရိပ်အရောင် မျှပင် မတွေ့ရ၊ မက်စနာ ကား ရှေ့ကလို မဟုတ်ပြီ၊ တိုက်နိုင် ခိုက်နိုင်သည့် စွမ်းရည်မရှိတော့ပြီ၊ သူ့တွင် နာမည်သာကျန်တော့သည်ဟု တွေးစရာ ဖြစ်နေ၏။ သို့သော် ဟုတ်မည်မဟုတ်၊ သူ့ကား၊ သူ့တပ်ကိုအဖျောက်ကောင်း သူသာ ဖြစ်ချိမ့်မည်။

လေယာဉ်ပျံများမလာသေး၊ ပြင်သစ်တပ်ကြီးက ချီတက်မြဲချီတက် လာလျက်။

ရှေ့ကင်းကားများလော၊ မိုင်းရှာကားများလောမသိ၊ ရှေ့ဆုံးမှ ကားခြောက်စင်းသည် တောင်ကြားအတွင်း ဝင်ရောက်လာကြလေပြီ၊ မိုင်ဝက်ခန့်အထိပင် ရောက်လာရာ သူတို့နောက်မှ တပ်ကြီး တသီတတန်း ကြီး ပါလာသည်။

"တနာရီ ငါးမိုင်နှုန်းနဲ့ တက်လာတာပဲ၊ နောက်ထပ် နာရီဝက် စောင့်မလား" ဟု ဖာဒီ က မေးရာ ဒီကွန် က....

"မစောင့်ဘူး....ခု သွားကြမယ်၊ လေယာဉ်ပျံတွေ လာ ယင် သူတို့ အဖို့ ပြန်ဆုတ်ဖို့မလွယ်ဘူး၊ ကပ်တဝက် တောင်ကြားအပေါ်ကို အရောက် မခံနိုင်ဘူး"

"ခုထိ သူတို့နဲ့ ကျုပ်တို့နဲ့ ခြောက်မိုင်လောက် ဝေးနေသေးတဲ့ဥစ္စာ ဖြစ်ပါ့မလား"

"ခုပဲ တို့သွားကြမယ်"

ဟု ဒီကွန် က ပြတ်ပြတ်ပင် ပြောလိုက်သည်။

သူတို့သည် ဂျစ်ကား များ ကို သွားရောက် ယူကြပြီး တောင် စွန်း ပေါ်မှ မြို့တွင်းအရောက် မောင်း ချ လာ ကြ သည်။ မြို့တွင်း မြေပြင်ဖော် အရောက်တွင်၊ ဂျစ်ကားများ၏ စက်သံကို စမ်းကာ စမ်းကာဖြင့် လမ်းကျဉ်း ကလေးတခုအတွင်းမှ တောင်ကြားလွင်ပြင်သို့ ရှေ့ရှုမောင်းထွက်လာခဲ့ကြ သည်။ အဝေးမှ ဦးတိုက် လှမ်းမြင်နေရသော ပြင်သစ်တပ်ကြီးကား သေး ငယ်လှသည်၊ အကွယ်အကာမရှိ၊ ပြောင်ကျလွန်းနေသည်။

ဒီကွန် က ရှေ့မှကားကိုမောင်းပြီး ကင်းဗဲလ် က သူ့နံဘေးမှပါလာ သည်၊ သူတို့နောက်မှ ဒုတိယ ဂျစ်ကားပေါ်ဝယ် ဖာဒီ က ယောက်တည်း မောင်းလာပြီး သူ့ဂျစ်ကလည်း ကပ်ပါလာသည်။ သူတို့၏ အစီအစဉ်က ရှင်းလှသည်။ မြန်နိုင်သမျှ အမြန်ဆုံး မောင်း ပြီး ရှေ့မှ ဒီကွန်၏ကား မသွား နိုင်သော် ဖာဒီ က တဦးတည်းဆက်မောင်းပြီး ဆက်လုပ်ရန်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည်ကား သူတို့အထဲမှ တယောက်ယောက်က ရှေ့ဆုံးမှ ကင်းထောက်ကားသို့ ရောက်ရှိရန်ပင် ဖြစ်သည်။ ဤကား ကံကောင်းကံမ မြောက်ပန်းလှန်သည့်သဘော၊ ဓားမြှောင်ဖြင့် တချက်တည်း ကိစ္စတုံးလုပ်ရမည့်အလုပ်ပျိုး။

ဒီကွန် က သူ့ဂျစ်ကားကိုမောင်းယင်း နောက်သို့လှည့်ကြည့်လိုက်ရာ ဖာဒီ က လက်ညှိုးနှစ်ချောင်းကို လက်ဝါးကပ်တိုင်ပုံသဏ္ဌာန် လုပ်ပြလိုက်ပြီး နောက် လက်သီးကိုဆုပ်ပြလိုက်သည်။

"ကဲ....ဝင်ကြစို့လား"

ဟု ဒီကွန် က ပြောပြော ဆိုဆို စက်ရှိန် တိုးမြှင့်ကာ တောင် ကြား အတွင်း တရကြမ်း ဝင်ရောက်ခဲ့တော့သည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



အက်စ်အက်စ်အိုဗာဖင်ရာ ဇိုက်ဂင် ကား မောဟိုက် ၍ နေ ချေပြီ၊ သဲကန္တာရခရီးမသွားဖူးသော သူ့အဖို့ သဲကန္တာရ ခရီးသည် ဤမျှပင်ပန်းသည်၊ အားအင်ကုန်ခန်းသည်၊ ကြမ်းတမ်းလိမ့်မည်ဟု သူမထင်ခဲ့။ အပေါ်က အပူရှိန် နောက် သူ စီးလာသည့် ဒိန်မလာ သံချပ်ကာ ကား က အ ရှိုး ကွဲမတတ် လှုပ်လိုက်၊ ယမ်းလိုက်၊ ဝုန်းကနဲ ဒိုင်းကနဲ ကျင်းထဲကျလိုက်၊ ပြန်တက်လိုက်ဖြင့် သူ့ ခေါင်းထဲမှ ဦးနှောက်များ အရည်ပျော်ကျကုန်ပြီဟု ထင်မိသည်၊ အမိုးများဖြင့် ဖုံးအုပ်ထားသည့် ထရပ်ကာ များပေါ်တွင် လိုက်ပါလာကြရသည့် ပင်ဇာတပ်သားများကား၊ လက်နက်များ ခဲယမ်းမီးကျောက်များ စစ်အသုံးအဆောင် ပစ္စည်းများ ကြား ဝယ် မီးသွေးတုံးများ ပမာ ပြောင်းဆန်အောင် လိုက်ပါလာကြရမည်ဖြစ်သဖြင့် ဇိုက်ဂင် ထက် ဆယ်ဆမက ပိုဆိုးရွားပေမည်။ သို့သော် ဇိုက်ဂင် က သူတို့ကား ရေစိမ်ခံ အမာခံများ တပ်သားကျော်များဖြစ်၍ သည်လောက်တော့ ခံနိုင်ရည်ရှိကြလိမ့်မည်ဟု သူ့ကိုယ်သူ နှစ်သိမ့်သားမိသည်။ သို့သော် ဤ ကြမ်းတမ်း ခက်ထရော်လှသည့် ကန္တာရခရီးဝယ် နာရီနှစ်ဆယ်မျှ နှင်လာခဲ့ရသော မိမိကဲ့သို့ အရာရှိကြီး အဖို့တော့ မသက်သာ၊ ခန္ဓာပျက်ပြုန်းရချည့်ဟု ထင်မိသည်။

ဇိုက်ဂင် ၏ ညွှန်ကြားချက်အရ သူ၏တပ်များသည် ဤ နာဗ်တား ခရီးတွင် လမ်း၌ သုံးကြိမ်သာနားခွင့်ရသည်။ တကြိမ်နားလျှင် တနာရီမျှသာ ဖြစ်သည်၊ ဇိုက်ဂင် ၏ သံချပ်ကာကားကို အတွေ့အကြုံများသည့်အာဖရိက ဂျာမန်တပ်မှ ဒရိုင်ဘာက မောင်းနှင်လာပြီး သူတို့နှင့်အတူ လမ်းပြကောင်း သူလည်း ပါလာသည်။

ဇိုက်ဂင် က တလမ်းလုံး သချာတွက်လာသည်။ သူ့လူများ သုံးခါ နား တခါနားလျှင် တနာရီတမိနစ်မျှ မပိုစေရ၊ ဤသို့ တနာရီနားခြင်းဖြင့် သူ့လူများ အပေါ့အပါး သွားနိုင်မည်၊ စားနိုင် သောက်နိုင်၊ ခြေဆန့်နိုင်မည်၊ တချိန်တည်းမှာပင် ကားများဆီဖြည့်နိုင်မည်၊ အသေးအဖွဲ့ ပျက်လာသည့်ကားများကို ပြင်နိုင်မည်၊ ထို့ပြင် ခန့်မှန်း ထား သော အ ချိန် တွင် နာဗ်တားသို့ ရောက်မည် စသဖြင့် တွက်ချက်လိုက်လာသည်။

အပြောကျယ်လှသည့် ဤ ဆာ ဟာ ရ လွင် တီး ခေါင် သဲကန္တာရ တထောင့်တခနေရာရှိ၊ ဤခရီးကား သူ့အား စိတ်ဓာတ်ကျစေသည်။ သူ၏ ဟန်ပန်အမူအရာများလည်း တစတစ လျော့ကျလာသည်။ သူ့တွင် အောင်နိုင်စိတ်လည်း မရှိတော့ပဲ၊ တဖြည်းဖြည်း သူ့ကိုယ်သူလည်း ယုံကြည်မှုနည်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဘာလင်ရှိ စီမံကိန်းအမျိုးမျိုး ရေးဆွဲနေကြသူများသည် ဤလို ဆာဟာရ သဲကန္တာရမျိုးကို မြင်ပင် မြင်ဖူးကြပါ၏လော၊ ဤစီမံချက်သည် လည်း အခိုင်အမာယုံကြည်ချက် အပြည့်ဖြင့် ရေးဆွဲခဲ့သည် ဖြစ်သော်လည်း ယခု တဖြည်းဖြည်းဖြင့် ဇိုက်ဂင် ၏ စိတ်ထဲတွင် သံသယများ ဝင်လာကာ ယုံကြည်မှုပျက်ပြယ်စပြုနေလေပြီ၊ မဆုံးနိုင်သော သဲပြင်ကြီးအတွင်း လွင့်စဉ် လျက် ရှိနေချေပြီ။

ထရပ်ကား နှစ်စီး ပျက်လေသည်။

မည်သူမျှ ပြင်မရသည့် အဆုံး ချန်ထားခဲ့သည်။ ဤထရပ်ကားနှစ်စီး ပေါ်မှ တပ်သားများအား ကားငယ်ကလေးများ အတွင်း မျှ၍ သွင်းရ လေရာ အချို့က နောက်မြီးမှ အမိုးတန်းကို လက်ဖြင့် ကိုင်ပြီး လိုက် လာ ကြရာ လူဝံကြီးများနှင့် တူလှတော့သည်။ ထရပ်ကားနှစ်စင်းအား စောင့် နေရန် ပင်ဇာတပ်သား နှစ်ယောက်ကိုပါ ထားခဲ့ရသေးသည်။

ဇိုက်ဂင် သည် စိတ်ပူနေမိသည်။

အရာရာကို အလိုမကျ ဖြစ်နေကာ နောက်ထပ် ကား ပျက် မည် ကို စိတ်ပူသည်၊ သူတို့လာသည့် လမ်းများမှား နေပြီလား၊ သူ၏အဖေ တူမအောက်ခွဲ ညီအစ်ကိုတော် မက်စနာ သည် တိုက်ရမည့် နေရာများတွင် ရှိပါ့မလား၊ အကြောင်းတခုခုပြပြီး၊ သူ့တက်များ ဆုတ်ခွာသွားကြပြီလား အထူးသဖြင့် လေယာဉ်ပျံများ လေယာဉ်ပျံ များ သတ်မှတ်ထားသည့် အချိန်အတိအကျ၊ ကွင်းမှထ၍ မပျံခဲ့သော် ဘာဖြစ်မလဲ သူတို့သည် ပြင်သစ်တပ်များ တောင် ကြားထဲ မဝင်မီ ရောက် လာ လျှင် ကော ဘယ်လိုဖြစ်မလဲ၊ ဘာဖြစ်မလဲ.... ဘာဖြစ်မလဲ....ဘာဖြစ်မလဲ....

သူ၏ ဒရိုင်ဘာနှင့် လမ်းပြ တို့ ကား လူငယ်များဖြစ်ပြီး ဣန္ဒြေနှင့် ခပ်ငြိမ်ငြိမ်ပင် လိုက်ပါလာကြသည်။ နှစ် နှစ် တာ မျှ တိုက်ပွဲ အတွေ့အကြုံ ရှိခဲ့ကြသော ထိုလူငယ် စစ်သားနှစ်ယောက်သည် ဇိုက်ဂင် အား ထိုက်တန် သော ရိုသေသမှုပြုကြသော်လည်း ဇိုက်ပင်အား စိတ်သက်သာရာရကြောင်း ကား မပြုကြချေ။ သူတို့က မေးမှဖြေသည်၊ ပြောမှပြန်ပြောသည်၊ ပြန်ပြော တော့လည်း ခပ်တိုတို၊ ခပ်ပြတ်ပြတ်ပင်။ တိုက်ပွဲဝတ် ယူနီဖောင်းအနက်ရောင် သံခမောက်များ နေကာမျက်မှန်ကြီး များနှင့် သူတို့သည် လူနှင့်မတူ စက်ရုပ် ကြီးများလို ဖြစ်နေသည်။

ဇိုက်ဂင် သည် ညအမှောင်ချိန် များ ကို၊ လူမသက်မသာ စိတ်မထာ မယာဖြင့်ပင် ကုန်ဆုံးစေခဲ့သည်။

အရှေ့မကာက်မီ တနာရီခန့် အလိုတွင် သူ တို့ သည် တပ်နားကြပြန် သည်။ သူတို့သည် ခန့်မှန်းသည့်အချိန် အတိအကျအတိုင်း၊ ခရီးနှင်လာနိုင်ခဲ့ ကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်နားလိုက်သည် ဆိုသည်နှင့် ထရပ်ကား များ ပေါ်မှ တပ် သား များသည် အရက်မူးသမားများပမာ ဒယိမ်းဒယိုင်ဖြင့် ကား ပေါ်မှ ဆင်း လာကြကာ၊ အချို့က သဲပြင်ပေါ် ပစ် လှဲပြီး အိပ် လိုက် ရာ ချက်ချင်းပင် အိပ်ပျော်ကုန်သည်။

ဇိုက်ဂင် ၏ ခြေထောက် များ သည် ရာဘာပိုက်များလို ပျော့ညွတ် နေပြီး၊ လည်ပင်းနှင့် လက်မောင်း တို့ က အုတ်ခဲ ကဲ့သို့ မာတောင့်နေသည်။ သူသည် ကတ္တီပါသားကျနေသော ညကောင်းကင်အောက်ဝယ် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေကာ၊ လမ်းလျှောက်ယင်း စားစရာ ရှိသည်ကို စား၊ သောက်စရာရှိသည်ကို သောက် နေ သည်။ စက်ရုပ် အလုပ် လုပ်သလို လုပ်နေသည်နှင့်တူလှသည်။ သူ၏စိတ်ထဲတွင် တိုက်ပွဲရှုံးမည်ကို ကြောက်ရွံ့ နေမိသည်။ သဲကန္တာရကြီးကို ကြည့်ရခြင်းဖြင့် ရှုံးမည့်ပုံ ပေါ် နေ သည် ဟု သူက ထင်နေသည်။ သူကား သဲကန္တာရနှင့်စိမ်းသူပင်။

နံနက်နေထွက်လာသော် သူသည် စိတ်မာန်တင်းကာ၊ ကင်းထောက် ကားနှစ်စင်းအား ပြင်သစ် တပ်များကို ရှာဖွေ ကြည့်ရှုရန် လွှတ် လိုက် လေ သည်။ နောက် ထိုကားနှစ်စင်း ပြန်လာမည်ကို စောင့်နေသည်။ သို့ စောင့် ရသည်ကို သူက စိတ်မရှည်၊ ကားနှစ်စင်း ပြန်လာမှ ဟင်း....ချမိသည်။

ထိုကားက ပြင်သစ်တပ် များ ကို မြင် ရ ပြီး၊ ခန့်မှန်းခြေ သူတို့နှင့် မိုင် နှစ်ဆယ် ကွာ အရှေ့ဘက်စူးစူးတွင် ရှိနေသည်ဟု သတင်းပို့သည်။

သည် တော့ မှ ခြေ ထောက် ထိ ကျ နေ သော သူ့ စိတ်ဓာတ်လည်း ဟုန်းကနဲ ပြန်တက်လာသည်။ သူ၏ ဒိန်မလာ ကားပေါ် ခပ်မြန်မြန်တက်ပြီး ကင်းထောက်ကားကို ရှေ့မှသွားစေကာ သူ ကိုယ်တိုင်လည်း ကြည့် သည်။ ခြောက်မိုင်ခုနစ်မိုင် ခန့် သွားရသည့်ခရီး ဖြစ်သည်။

ကင်းထောက် ကားတစင်းက စောင့် နေ သည့် နေ ရာ ရောက် သော် ဇိုက်ဂင် သည် ကား ပေါ် မှ ဆင်း ကာ သဲတောင်ကုန်းကလေး တခု ပေါ် တက်ခဲ့သည်။ သူသည် ပြန်လည်၍ အားမာန်တက်လာပြီး အလွန် စိတ်ထက် သန်နေသည်။ တောင်ကုန်းပေါ်မှ မှန်ပြောင်းဖြင့် ကြည့် လိုက် ရာ ဟုတ် ပါ သည်။ ပြင်သစ်တပ်ကြီး သဲလုံးကြီးများ ထ နေရာ သဲမုန်တိုင်း မ ဖြစ် နိုင်၊ ပြင်သစ်ဘပ်များ မော်တော်ယာဉ်များဖြင့် အပြင်း ချီတက်နေသဖြင့် ထလာ သည့် ဖုန်လုံးကြီးများ....

ဇိုက်ဂင် သည် ကြာရှည်ကြည့်မနေ၊ ချက်ချင်းပင် သူ့ တပ်များရှိရာ ပြန်လာခဲ့ပြီး၊ တပ်သားများအား ထရပ်ကားများပေါ် ပြန်တက်ခိုင်းကာ၊ အထွက်ခိုင်းတော့သည်။ သူကား စစ်ဆင်ရေးပထမပိုင်း တာဝန်ကို ကျေပွန် စွာ ထမ်းဆောင်ခဲ့ပြီဟု သိ လိုက် သည်။ သူ သည် လမ်းများ လာ ခြင်း မ ရှိ နောက်ကျခြင်းလည်းမရှိ၊ သူ၏တပ်များသည် နာဗီ တား တောင် ကြား ဝ

www.burmeseclassic.com

www.burmeseclassic.com



မရောက်မီ လေးမိုင်ခန့် အလိုသို့ ရောက်ရန်၊ သူ့တွင် အချိန်များစွာ ကျန်ရှိနေသေးသည်။

ယခု သူ ပူပန်ရမည်က အော်တို မက်စနာ နှင့် လေယာဉ်ပျံများ၊ သို့သော် သူသည် ယုံကြည်မှုအပြည့်ပြန်ဖြစ်လာသဖြင့် စိတ် လက် ပေါ့ပါးနေသည်။ အော်တိုနှင့်လေသူရဲများသည် သူ့အား ချောက်ချမည်မဟုတ်ဟု ယုံကြည်ထားလိုက်သည်။

နံနက်ကိုးနာရီခွဲတွင် သူ့တပ်များသည် မြင့်မားလှသော သဲတောင်ကုန်းများရှိရာ အရိပ်များအောက်ဝယ် သူ့တပ်ကို ရပ်နား ချထားလိုက်နိုင်သည်။ ပြင်သစ်တပ်များက သူ့တပ်ကိုမမြင်နိုင်၊ သူတို့သွားရာလမ်းကြောင်းမှ ပန်ထူကြီးက လိုက်ကာချထားလိုက်သကဲ့သို့ ဖြစ်နေသည်။ ပင်ဇာတပ်သားများလည်း၊ နိုးကြွလျက်ရှိပြီး၊ တိုက်ပွဲတွင် အမြတ်ထုတ်ရန် ပြင်ဆင်နေကြလေပြီ။

ဆယ်နာရီခွဲတွင် ဇိုက်ဂင် ၏ စိတ်ရောလူပါ စန္ဒရားကြိုးများ ကဲ့သို့ ဘောင့်တင်းနေသည်။ အယ်လ်ဟာရောက်ဆီမှ လေယာဉ်ပျံများ အလာကို ကောင်းကင်သို့မော့၍ ကြည့်ရသည်မှာလည်း အမော။

ဆယ်နာရီနှင့်၃၇မိနစ်တွင် ဇိုက်ဂင် သည် စိတ်ဆိုးလာလေပြီ၊ ယခု အချိန်ထိ မိမိတို့ လေယာဉ်ပျံ များက မပေါ်လာကြသေး၊ နောက်ထပ် နှစ်မိနစ်ပြည့်လျှင် သူ့တပ်ကြီးရှေ့သို့တိုးရတော့မည်၊ မက်စနာ ၏ တပ်များကို ကူတိုက်ရတော့မည်၊ ပြင်သစ်တပ်များသည် တောင်ကြားကို ဖြတ်ကျော်နိုင်ပြီး မြို့ကိုသာ သူတို့ရလိုက်ပါက၊ သူတို့အား အပြုတ်ချေမှုန်းရန် မလွယ်တော့ပြီ။ ဘုရား....ဘုရား....လေယာဉ်ပျံတွေ ဘယ်ရောက်နေပါလိမ့်....

ဆယ်နာရီနှင့်မိနစ်လေးဆယ်တိတိအချိန်တွင်မှ ဇိုက်ဂင် သည် သူ၏ တပ်ကြီးရှေ့သို့ ချီရန် အမိန့်မပေးချင်ပေးချင်ဖြင့် ပေး တော့ မည် အပြု၊ မျက်စိရှုပ်သော လက်ဖတင်နင် ကလေးတယောက်က....

"ဟိုမှာ....ဟိုမှာ...."

ဟု ကောင်းကင်ကို လက်ညှိုးထိုးပြီး အော်လိုက်သည်။

ဇိုက်ဂင် က ကိုယ်ကို ချာကနဲလှည့်၍ မော့ကြည့်လိုက်သည်။

ဆယ်နာရီလေးဆယ်တစ် မိနစ်တွင်၊ ဂျာမန် တိုက် လေ ယာဉ် ပျံလေးစင်း ရှေ့ဆုံးမှပေါ်လာပြီး သူတို့အပေါ် နိမ့်စွာပျံသန်းပြီး အတောင်နှစ်ဘက်ကိုဝါကြွားစွာ လှုပ်ခါပြသွားသေးသည်။ ဆလင်ဒါ ဆယ့်နှစ်လုံးတပ် အင်ဂျင်စက်များ၏ မြည်ဟီးသံက သဲပြင်တခုလုံး တုန်ခါသွားသည်။ နားကွဲမတတ် ပြင်းထန်လိုက်သည်ဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်တွင်မူ ကောင်းကင်တခုလုံး စစ်ဆင်ရေးတပ်ဖွဲ့ ပုံသဏ္ဍာန်ဖွဲ့ပြီး ပျံသန်းလာကြသည့် တိုက်လေယာဉ်ပျံများနှင့် ဗုံးကြဲလေယာဉ်ပျံကြီးများ တမိုးလုံး ဆူညံနေတော့သည်။ ဇိုက်ဂင် က သူ့လက်သီးကိုမြှောက်၍ အလေးပြုလိုက်သည်။ အမိုး များ ခွာ ထား သော ထရပ်ကားများပေါ်မှ တပ်သားများက ကောင်းချီးပေးကြသည်။

ဆယ်နာရီ လေးဆယ်နှစ် မိနစ်တွင် ဇိုက်ဂင် သည် သူ ၏ နွား သတ်သမားဂိုဏ်းတပ်ဖွဲ့ကြီးကို သဲပြင်အတွင်း တရကြမ်း ချီတက်ခိုင်းတော့သည်။ သူတို့က ပြင်သစ်တပ်များ ထွက်ပေါက်မရှိအောင် တောင်ကြားလမ်းဝကို ပိတ်ဆို့ကြရန် ပြီး....သေမင်းခံတွင်း တောင်ကြားအတွင်းမှ လွတ်မြောက်ထွက်ခွာလာကြမည့် ပြင် သစ် တပ်ကြွင်း တပ်ကျန် စစ် သား များ အား တယောက်မကျန် သုတ်သင်ကြရန် ဖြစ်လေသည်။

\+ + +

www.burmeseclassic.com

www.burmeseclassic.com



ဒီကွန် ၏ စစ်မှုထမ်းသက်တမ်းတလျှောက်တွင် အန္တရာယ်ဖြင့် ရင်ဆိုင်ခြင်းမရှိခဲ့သည်မဟုတ်၊ ၁၂-ကြိမ်ခန့် သေအံ့မူးမူးမှ လွတ်မြောက် ခဲ့ရသည့် အဖြစ်များ ကြုံတွေ့ခဲ့ရသည်။ ထိုအဖြစ်များက သူ့ အား ၁၉၄၃-ခုနှစ်၊ ဇန်နဝါရီလ နံနက်ခင်းတွင် ယခု သူပြုလုပ်ရမည့် တာဝန်ကို နှောင့်နှေးစေခြင်း၊ နောက်ဆံတင်းခြင်း မ ဖြစ်၊ ဒီကွန် သည် သူ့ ကိုယ်သူ သေလိမ့်မည်ဟု မတွက်၊ သူကား ကင်းဗဲလ် ကဲ့သို့ ကိုယ့်ကိုယ်ကို အသေဟုတွက်ကာ မြည်တွန်ညည်းတွား ပြောဆိုနေလေ့ရှိသူ မဟုတ်၊ ပီဘီ ကဲ့သို့လည်း မိုက်ရူးရဲလုပ်သူ မဟုတ်၊ မိမိပြုလုပ်ရမည့်ကိစ္စကို ဓမ္မဓိဋ္ဌာန်ကျကျ၊ ချင့်ချိန်ဆွေးနွေးဆပြီးမှ ပြုလုပ်တတ်သူ ဖြစ်သည်။

သူတို့ တောင်ကြား အ တွင်း အမြင်းအထန် ဝင် လာ စဉ် အ စဉ်ဂျာမန်လေယာဉ်လည်း မ တွေ့ ရ၊ အာရပ် များကိုလည်း မမြင်ရ၊ သို့ သော် မကြာပါချေ။ တောင်ကုန်း ကျောက်ဆောင် အကြား များ ၌ ပုန်း ကွယ်နေကြသော အာရပ်များသည် တောင်ကုန်းဆင်ခြေလျှောပေါ်မှ ဘွားကနဲ ပေါ်လာကြသည်။ မက်စနာ ၏ လူများသည် ဂျစ်ကား နှစ် စင်း ဝင် လာသည်ကို ချက်ချင်းပင်သိလိုက်ပြီး တုံ့ပြန်မှုကလည်း မြန်ဆန်လှပေ၏။

ဆင်ခြေလျှောပေါ်မှ ကုလားအုပ်များကို စီး လျက် ဆင်းလိုက်ကြကာ ရှေးက မြစ်ဟောင်းဖြစ်ခဲ့ပြီး ယခုအခါ သဲပြင်ဖြစ်နေသည့် ဂျစ်ကားများ လာမည့်သဲလမ်းပေါ်ဝယ် နှစ်ဘက်တန်းစီစောင့်နေကြသည်။ ကုလားအုပ်များနှင့် သူ တို့ ကျောပေါ်မှ အာရပ်များသည် ညိုပုပ်ပုပ် အရောင်ဖြင့် ပစ်ကွင်းမှတ်တိုင်များ တန်းစီထားသည်နှင့်တူလှသည်။ အာရပ် များ သည် ကုန်းနှီးကိုကိုင်ထားပြီး တလှုပ်လှုပ်ဖြစ်နေသည့် ကုလားအုပ်အား ထိန်းထားကြသည်။ ရိုင်ဖယ်များက၊ ကုလားအုပ်၏ကျောသေးတွင်ရှိသည်။ ဒူးနှစ်လုံးကို ညှပ်ကာ ပစ် ရန် အသင့် စောင့်နေကြပြီ၊ ဂျစ်ကားများ၏ ဝဲဘက်တွင် ၁၅-ယောက်၊ ယာဘက်တွင် ၁၀-ယောက်၊ ဤအနေအထားကား ညှပ်ပူးညှပ်ပိတ် တိုက်သည့် နည်းဗျူဟာပင်၊ တ ဖန် သူတို့နှင့် ခပ်လှမ်းလှမ်းတွင် အာရပ်တအုပ်၊ ကုလားအုပ်များက လှောင်ပြောင်နေတန်ဖြင့် ဖုန်တထောင်းထောင်းကြားဝယ် ဟီလိုက် မတ်တပ်ရပ်လိုက်ဖြင့် ဖြစ်နေသည်။ ၎င်းတို့ကား တတိယစစ်ကြောင်း၊ ထွက်လာမည့် ရန်သူအား နောက်ဆုံးပိတ် အပြီးသတ်ရှင်းမည့် ထွက်ပေါက်ပိတ်၊ ထို အာရပ် များအား ကျော်လွန်ပြီး ပြင်သစ်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အရောက် အလွတ်ရုန်းရန်ကား မိုင်ပေါင်းများစွာ ဝေးကွာသည့်နယ် ဖြစ်နေသည်။

ဘေးကြည့်မှန်ဖြင့် ကြည့်လိုက်ရာ နောက်မှ ဂျစ်ကလည်း ခုန်ပေါက်လိုက်လာသည်ကို တွေ့ရသည်။ ဖာဒီသည် ကုပ်ပြီး မောင်းလာသည်။ သူ့ခေါင်းပေါ်မှ သားရေခမောက်ကို ချွတ်ပြီး မေးသိုင်းကြိုးဖြင့် နောက်မှ တွဲလောင်းပါလာသည့် နေကာမျက်မှန်ထူကြီးနှင့် ဖာဒီအား ကြည့်ရသည်မှာ လူကြီးများနှင့်မတူ အားကစားပြိုင်ပွဲ တခုအတွင်း ဝယ်ဝင်ရောက်ယှဉ်ပြိုင်နေသူ၊ ကလေးတဦးနှင့် တူလှသည်။ သို့သော် သူကာ ပွဲဆုံးသည်အထိ ပြိုင်မည်ဟု သန္နိဋ္ဌာန်ချထားပုံပင်။

ကင်းဗဲလ်သည် ရှေ့ခုံမှ ဂျစ်ကားနောက်ပိုင်းသို့ လှမ်းချလိုက်သည်။ လက်ထဲတွင် ဂျာမန်သေနတ်ပြောင်းတိုကို ကိုင်လျက်သားရှိသည်။ ဒီကွန်က သူ့အား အဘယ်ကြောင့် နေရာပြောင်းသနည်းဟု မေးရန်မလို၊ ကင်းဗဲလ်က သူ့ကိုယ်သူလဲ ဂျစ်ကားထိုင်ခုံဖြင့် အကာအကွယ် ရအောင် ချိန်သားကိုက် အောင် ပစ်အား ကောင်း အောင် ရွှေ့လိုက်ခြင်းဖြစ်သည်။ ဤသို့ ကင်းဗဲလ် နေရာရွှေ့လိုက်သည်နှင့် တချိန်တည်းပင် အာရပ်များထံမှ ပစ်လိုက်သည့် ကျည်ဆန်များကဲ ပြေးလာကြသည်။

ကျည်ဆန်များကဲ ဂျစ်ကားဘေးကိုမှန်သည်ကမှန်၊ ဒီကွန်ရှေ့ရှိရှေ့မှန်ကို မှန်သည်ကမှန်ရာ၊ မှန်များ အစိတ်စိတ်အမြွာမြွာ ကွဲသွားသည်၊ ဘေးကြည့်မှန်လည်း သံကုပ်ကို ကျည်ထိသဖြင့် လွင့်စဉ်သွားသည်။ ဒီကွန်က အော်လိုက်မိသည်။ ဒီကွန်သည်၊ သူ့တတောင်များကို ဒူးနှစ်လုံးအတွင်း သွင်းကာ ငုံ့လျက်၊ ကားစတီယာတိုင်ကို ရွှေ့ယင်း ရှောင်လိုက်သည်၊ ကုလားအုပ်စီးအာရပ်များသည် ဂျစ်ကားနှစ်စီးဘေးမှ လိုက်ပါလာကြပြန်သည်။

ကားရှိန်ကို အမြင့်ဆုံးသို့တင်၍ မောင်းလာရာ ဂျစ်ကား၏အင်ဂျင်စက်သံက မြည်သံကြွမ်းလာသည်။ စက်သံ့အပေါ်ကို လွှမ်း၍ ဂျာမန်သေနတ်သံ၊ တော်မီဂန်းအသံများက တဒက်ဒက်ကြားနေရသည်။ ကင်းဗဲလ်သည် သေနတ်အမျိုးမျိုးကိုပြောင်း၍ ပစ်ခတ်နေသည်။ ဒီကွန်က နောက်သို့ လှည့်ကြည့်ပြန်၏။ ဖာဒီ၏ကားကို ဖုန်လုံးများအတွင်း သဲသဲကွဲကွဲမမြင်ရ၊ သို့သော် နောက်က ပါမြဲပါလျက် ရှိသည်ကိုကား သိရသည်။ ကင်းဗဲလ်သည် ကျည်ဆန်သေတ္တာများကိုကွယ်ပြီး ဖာဒီ၏ဂျစ်ကို ဝိုင်းနေသည့်သူများအား ပစ်ပေးသည်။ သူ့လက်က မှန်လှသည်၊ အာရပ်များ အထိနာကြသည်။ မိမိနံဘေးမှ ဒုန်းစိုင်းလိုက်နေကြသည့် ကုလားအုပ်များကား၊ အနီးကပ်မြင်ရသည်တွင် ကြီးမားလှသည်။ ပြီး....ကလန်ကလား နိုင်လှသည်ဟု ထင်ရသည်။ ကုလားအုပ် တကောင် ဒူးထောက် လဲကျသွားရာ၊ အာရပ်တဲတခု လေပြင်းအတိုက်လိုက်လဲပြိုကျသွားသည်နှင့် တူလှသည်၊ ကုလားအုပ်သည် လဲပြီးလိမ့်သွားရာ ခြေလေးချောင်း၊ ယက်ကန်ယက်ကန် ဖြစ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မကောင်း၊ ရှုမကောင်း ဝဖြိုးနေသော ခန္ဓာကိုယ်ကြီးက သဲများကို ဖွာကနဲ ဖွာကနဲ နေအောင် လှုပ်ယမ်းနေသည်။ ကုလားအုပ် အပေါ်မှ အာရပ်ကား ကုလားအုပ်လည်ပင်းပေါ်မှလွင့်ကျကာ၊ ကုလားအုပ်အောက်တွင် အသက်ပျောက်နေသည်။ ဖာဒီ၏ လက် အိတ် နက် ဝတ် ထား သည့် လက်ဘာဘက်ကိုထုတ်လိုက်၍ လက်ပစ်ဗုံးတလုံး ပစ်လိုက်ပြန်သည်ကို တွေ့ရမှ ကုလားအုပ်များ အဖြစ်ကို သိရတော့သည်။ ဖာဒီ လက်ပစ်ဗုံး ပစ်ဟန်မှာ စီးကရက်တို သို့မဟုတ် ငှက်ပျောခွံ ကိုပစ်လိုက်သည့်ဟန်၊ ခပ်ပေါ့ပေါ့ပင်၊ ဖာဒီ၏ လက်ပစ်ဗုံး အပေါက်ကို ကုလားအုပ်စီး အာရပ် တယောက် စက်ကွင်းမိပြီး မျက် ကန်း ဖြစ် သွား ကာ သွေးအလိမ်းလိမ်းဖြင့် ကုလားအုပ် ကျောပေါ်မှ လွင့်စဉ်ကျသွားသည်ကို တွေ့လိုက်သည်။

မက်စနာ ၏ လူများကား ကျော်ကြား သလောက် အစဉ်အလာ ရှိသည့်မဟုတ်ပဲ၊ ဒီကွန် က မျက်စိထဲတွင် တထွေးကြီးမြင်လိုက်ရပြီးနောက် ဘာမှမမြင်ရတော့ပဲ၊ အားလုံး ပျောက်ကွယ်ကုန်သည်။ သူ့ အား မည် သူ က မျှ မပစ်နိုင်သေးဟု သူ ထင် မိ သည်။ သို့ ဂျစ် က လည်း မြန်လှသည်။ ဘာကိုမှ သဲသဲကွဲကွဲ မြင်ရသည်မဟုတ်၊ သူ့မျက်စိများမှာ ပူစပ်ပူလောင် ဖြစ် ကာ မျက်ရည် များ က ထွက်နေသည်။ ဂျစ် ကား က ကျောက် တုံး ကျောက်ခဲများကို ဝင်ဆောင့်တိုင်း၊ အင့်ကနဲ အင့်ကနဲဖြစ်ကာ နှ လုံး ထဲ မှ လေများထွက်ကုန်သည်၊ သူကား တတိယနေရာတွင် ပိုက်ကွန်ချထားသည့် အာရပ်ရန်သူများကို မေ့လျော့နေချေပြီ။

ထိုစဉ်ပင် ကင်းဗဲလ် က ဒီကွန် ၏ ပခုံးစွန်းကိုကိုင်ကာ "ဗယ်ကွေ့ ဗယ်ကွေ့" ဟု တအား အော်လိုက်သည်။

ဒီကွန် သည် လက်ကိုင်ဘီးကို တအားကွေ့ချလိုက်သည်။ ဂျစ်ကား သည် ကျောက်စရစ်ပုံပေါ် တက်သွားကာ၊ ခေါင်းတပတ် လည်သွားသည်။ ဖာဒီ ဂျစ်ကမူ၊ ရှေ့သို့ ဂိုက်တရာခန့် ကျော်တက်သွားပြီးမှ၊ ခေါင်းကို ပြန် လှည့်နိုင်သည်။

ကင်းဗဲလ် က အော်ပြန်သည်။

"နံရံကိုယူ၊ နံရံကိုယူ၊ ဘေးဘက်က နံရံကိုကပ်လိုက်၊ ကျုပ် ကြာရှည် ခံမပစ်နိုင်တော့ဘူး"

"ကောင်းပြီ....ကောင်းပြီ"

ကင်းဗဲလ် ပြောသည်မှာ မှန် သည်။ ခံ ထား သည့် အာရပ် များ က များလှသည်။ မည် သည့် နည်းနှင့် မျှ မကျော်နိုင်၊ ဒီကွန် သည် အ ဘယ် ကြောင့် သူ ဤနည်းကို စောစောက မသိခဲ့လေသနည်းဟု သူ့ ကိုယ် သူ အပြစ်တင်မိသည်။ သူတို့သည် ကျောက်တောင်ကုန်း ဆင်ခြေလျောပေါ် တက်၊ ခေါင်းပြန်လှည့်ပြေးလိုက်လုပ်နေလျှင်၊ အာရပ် များ ကို များစွာခေါ် သလိုဖြစ်ပြီး၊ ပြင်သစ်တပ်များအဖို့ လမ်းပွင့်သွားနိုင်စေမည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူ၏ ဂျစ်သည် တောင်ကုန်းပေါ် ဦးမော့လျက်ရှိရာ အောက်သို့ ပြန်မကျအောင် စက်ဖြင့် မနည်းထိန်းထားရသည်။ နောက်.... နောက် ကျွမ်းထိုးသည့်ပမာ ဂျစ်ကားကို တောင်တန်းပေါ်တက်၊ နောက်တ ပတ် လည်အောင် ပြန်ကွေ့ကာဆင်းလိုက်သည်။ နောက်မှ ကင်းဗဲလ် သည် ကျည် ဆန်သေတ္တာများအပေါ် ဖင်ထိုင်ကျသွားသည်။ ဖာဒီ ၏ ဂျစ်ကား ကျောက်နံရံအထိ ရောက်မလာနိုင်ပဲ ရှေ့သို့ဆက်မောင်းပြေးပြန်သည်။

ပြင်သစ်တပ် များ သည် တပ်ရပ်လိုက်ကြသည်။ ထရပ်ကားများကမူ၊ စက်မသတ်သေးပဲ တပ်သား များအား ဝိုင်း၍ထားရန် ပတ်ချာလည်မောင်းနေကြသည်။ ရှေ့မှ သံချပ်ကာ ကား ငါးစင်းက တန်း စီ ရပ် လိုက်သည်။ သူတို့နှင့်မည်မျှဝေးသနည်း။ နှစ် မိုင် လျော့ လျော့ လောက် သာ ဝေးမည်၊ များပြားလှသော အာရပ်များသည် ယာ ဘက် တောင် စောင်းကြားများအတွင်းမှ ထွက်ပေါ်လာပြန်သည်။ ဒီကွန် သည် ကျောက်ဧရစ်ခဲများအတွင်း ဘီးသာလည်နေသော ဂျစ်ကားကို ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေရသည်။ သည်အတွင်း အဝေးမှ လှမ်းပစ်မည့်သေနတ်သံ၊ အမြောက်သံများကိုလည်း နားစွင့်မိသေးသည်။ စက်သံနှင့် ဘီးလည်သံ တဝှီးဝှီးသာကြား နရပြီး၊ ဂျစ်ကားကမရွေ့၊ သူ့လက်က စပယ်ရှယ်ဂီယာကိုရှာသည်၊ တွေ့သည်၊ ထိုးထည့်လိုက်သည်၊ နောက်ဘီးများ တန့်ကနဲ ဖြစ် သွား ကာ ရှေ့သို့ရုန်းထွက်သွားသည်၊ အောက်မှ သဲမာပေါ်တွင် ဂျစ်ကား ပြေး ပြန်သည်၊ သူသည် အရှေ့ဘက်တောင်ကြားလမ်းအတွင်းသို့ မောင်းသွားသော ဖာဒီ ၏ နောက်သို့လိုက်သည်။

နှစ်မိုင် ပြင်သစ်တပ် များ သည် တပ်ဖြန့်ခြင်းတော့ မပြု၊ တပ် ကို ရပ်လိုက်ပြီး တောင်ကြားအာတွင် နေရာယူလိုက်ခြင်းသာဖြစ်သည်။ တပ်ကြီး တတပ်လုံး တစုတဝေးတည်းရှိဆဲ၊ ဤသို့မလုပ်ပဲနှင့် အခြားလည်း မည်သို့မျှ လုပ်စရာမရှိ၊ သူတို့သည် တောင်ကြားအတွင်း ဘာဖြစ်နေသည်လည်း မသိ၊ မကြာမီပင်လျှင် လေကြောင်းမှ အတိုက်ခံရမည်ကိုလည်း ကြိုတင်သိကြသည် မဟုတ်ပေ။

ဒီကွန် တို့၏ နောက်တောင်ကြားလမ်းထဲဝယ် အာရပ်အသေကောင်များ၊ ဒဏ်ရာရသူများ၊ ကုလားအုပ်နာများ၊ ကုလားအုပ်သေများ ပြန့်ကြဲကျန်ခဲ့သည်။ မယုံကြည်လောက်အောင် များ လှ သည် ဟု ထင် ရ သည်။ လက်ပစ်ဗုံးဒဏ် ကင်းဗဲလ် ၏ တော်မီသေနတ်ဖြင့် အ မွှေ ကောင်း ခဲ့ သည့် ဒဏ်ပင် ဖြစ်သည်၊ မက်စနာ ၏ တပ်သားများကား၊ အကောင်အထည် မရှိသော တစ္ဆေများသဖွယ် တိုက်ရခိုက်ရ သည်မှာ လွယ်လှသည်ဟု ထင်ရာ ဖြစ်နေသည်။

တမိုင်၊ ပြင်သစ်တပ်များကို လှမ်းမြင်နေရပြီ၊ ယူနီဖောင်းအရောင်များပင် ကွဲပြားစွာမြင်ရပြီ၊ အရာရှိအချို့ကိုလည်း တပ်ဦးတွင်တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အရာရှိ တယောက်သည် ကားခုံပေါ်မှ မတ်တပ် ရပ် လျက် သူ့လက်များ ဝှေ့ယမ်းနေသည်ကိုလည်း မြင်နေရသည်၊ လက်နက်ကလေး အသံ များ လည်း ကြားနေရသေးသည်၊ မည်သူက ပစ်နေသည်တော့မသိ။

မက်စနာ သည် သူ့လူများကို ပြေးနေသော ဂျစ်များ အပေါ်မှ ပစ်မှတ်သဖွယ် ပစ်၍ကောင်းအောင် တောင်ကြားအတွင်းရှိသမျှ လူအားလုံး အား တန်းစီခိုင်းထားသည်နှင့် တူလှသည်၊ ချက်ချင်း ပင် မက်စနာ ၏ တိုက်ကွက်တုံ့ပြန်မှုကို ဒီကွန် က သိလိုက်ပါပြီ၊ ကုလားအုပ် တကောင်ဖြင့် အာရပ် ရှစ်ယောက်သည် နံရံကျောက်ကြို ကျောက်ကြားများ အတွင်း မှ ရုတ်တရက်ထွက်လာကာ ဖာဒီ ၏ကားကို ဆီး၍ဝိုင်းတိုက်ကြသည်။

ဒီကွန် က ဖာဒီ ၏ ဂျစ် ကို မီအောင် မောင်းသည်၊ ကင်းဗဲလ် က ဖာဒီ ၏ ဂျစ်ကို သူတို့ဂျစ်က ကျော်မိစဉ် တော်မီဂန်းဖြင့် သိမ်း၍ပစ်တော့ သည်၊ အာရပ် များ ကား သေနတ်ကျည်ဆန် မဖြုန်းတော့ပဲ ဖာဒီ အား နှစ်ဘက်ညှပ်ပြီး သူတို့၏ဓားများဖြင့် ခုတ်ကြ ထစ်ကြတော့သည်၊ ကင်းဗဲလ် ၏ ကျည်ထိသူလည်းထိ၊ ကျန်လူများက ကုလားအုပ်များပေါ်မှ ကိုယ်ကို လွှဲ၍လွှဲ၍ တအားခုတ်ကြသည်၊ သူတို့၏ ဓားရောင်များက နေရောင် တွင် တလက်လက်။

''ရပ်....ရပ်....ကားပြန်လှည့်''

ကင်းဗဲလ် က အော်သည်။

ဒီကွန် ၏ ဂျစ် က ဂိုက် လေးဆယ်ခန့် ကျော် လာခဲ့ ပြီ၊ သို့သော် အက်စ်အေအက်စ်သည် ပြန်မလှည့်တော့ပဲ ဆက်၍ မောင်းလာခဲ့တော့သည်၊ ဖာဒီ ၏ ကားမှာ အရှိန်လျော့နေပြီး လမ်းကလည်း အတက်လမ်း ဖြစ် နေ သည်၊ ဒီကွန် ၏ စိတ်တွင်း၊ ဖာဒီ ၏ အဖြစ်ကို မြင်ခဲ့သည်ဟု ထင်မိသည်။ ဖာဒီ ၏ ခေါင်း ပေါ် မှ သားရေခမောက် နှစ် ခြမ်း ကွဲသွား သည် ကို သူ မြင်ခဲ့သည်။

သူတို့နောက်မှ အာရပ် ခုနစ်ယောက် ဒုန်း စိုင်း လိုက်လာပြန်သည်၊ သူတို့သည် ဂိုက်ဘထောင်ခန့်မောင်းရန်လိုသေးသည်၊ ကင်းဗဲလ်က လက်ပစ် ဗုံး လွှတ်လိုက်သည်၊ တဒိုင်းဒိုင်း ပစ်လွှတ်လာသော မော်ဇာ သေနတ်သံ မှာ ငြိမ်ကျသွားသည်။

ထိုစဉ်ပင် ရုတ်တရက် ဒီကွန် ရှေ့မှ မြေကြီးများ ကွဲတက်လာသည်၊ ဒီကွန် ၏ မျက်လုံးများ ဘာမျှမမြင်ရ၊ ဂျစ်ကားဘရိတ်ကို တအား ဆောင့် အုပ်လိုက်သည်။ ပေါက်ကွဲသံ ကား နားပင်းမတတ် မြည် ဟီး လှသည်။ ကင်းဗဲလ် က နောက်မှအော်နေသံကို သူမကြား၊ ကုလားအုပ်များသူ့ဘေး သို့ ကပ်လာကြပြန်သည်။ သူက ကားပေါ်မှမော့ကြည့်လိုက်သည်၊ မျက်နှာ များမှာ အရေးအကြောင်းများနှင့်ဖြစ်သည်။ ခေါင်းပေါ်မှ ခေါင်းပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ရှည်များ ချထားသည်၊ ပျော့ပျောင်းသော ကုလားအုပ် လည်ပင်းရှည်ကြီးများက သူ့ပေါ်တည့်တည့်နှင့် သူတို့၏ပါးစပ်များမှလည်း အမြှုပ်တစီစီထွက်နေသည်။ သူတို့၏ မျက်လုံးများက ဝါထိန်နေပြီး၊ ကြောက် စ ရာကောင်းလှ၏။ ဒီကွန် သည် အသားညိုညို အာရပ်လူငယ်တဦး၏ မျက်နှာကိုလည်း မြင်လိုက်ရ၏။ သူကား ချောသောသူ ဖြစ်သည်။ သူက ပြုံးရယ်နေရာ သူ၏သွားများက ဖြူလွန်းသန့်ရှင်းလွန်းနေသည်။ ထိုသူက မော်ဇာသေနတ်ကို အောက်သို့စိုက်ကာ ချိန်လိုက်သည်။ ငါးဂိုက်ခန့်သာကွာမည်၊ ပစ်မလွဲပါတည်း၊ ဒီကွန်က လျင်မြန်စွာ လှုပ် ရှား လိုက် သည်။ အူ က ဂျစ်ကား လက်ကိုင်ကို ဆတ်ကနဲ လှည့်ပြီး ခေါင်း နှင့် ရိုက် လိုက် သည်။ ကုလားအုပ်၏ ရှေ့လက်များသည် ကား ရှေ့ ဘောနက် အကာကြား ညှပ်သွားသည် ၊ကုလားအုပ်အား တရွတ်တိုက်ဆွဲပြီး တက်ကြိတ်မလိုဖြစ်နေသည်၊ ကုလားအုပ်၏ ကိုယ်သည် ဂျစ်ကား ဘောနက်ပေါ် လဲကျပါလာသည်၊ ဤအချိန်ပင် မော်ဇာသေနတ်သံပေါ်လာသည်၊ ဂျစ်ကားရှေ့မှန်များ ကွဲသွားပြန်သည်၊ မှန်ကွဲများ၊ သံဘောင်နှင့် ဝိုင်ယာကြိုးများ၊ ဒီကွန် ၏ ပေါင်ပေါ်သို့ လွင့်စဉ် ကျလာသည်၊ ကုလားအုပ် ကိုယ်လုံးကြီး က လည်း ဘောနက်ပေါ်မှ မကျသေး၊ ဒီကွန် က လက်ကိုင်ဘီးကို အမျိုး မျိုး လှည့် ယမ်း၍ တခေါင်း ကျအောင် ကြိုးပမ်း၏၊ ကုလားအုပ်၏ ရှေ့လက်များ လွတ်သွားကာ ကားရှေ့အောက်သို့ကျသွားရာ ဂျစ်ကားက တက်နင်းလိုက်တော့သည်၊ ကုလားအုပ်စီး အာရပ် လူငယ် သည် ကား ဘောနက်ပေါ် တွင် တစောင်းထိုင် ကာ ကျန်ရစ်ခဲ့သည်၊ ဤ အ ချိန် မှာ ပင် ဂျစ်ကားသည် အ ရှိန် ဖြင့် တောင်ကမူကလေးပေါ် ပြေးတက်ပြီး တဘက်သို့ စောင်းကာ လဲသွားလေတော့သည်။ အာရပ်လူငယ်က ကားအောက်တွင် ရပ် လျက်၊ ဒီကွန် သည် ခုန်ဆင်းလိုက်သည်။ လေထီးဆင်းရာတွင် မြေပေါ်အကျ လှိမ့်လိုက်သကဲ့သို့ လှိမ့်ဆင်းလိုက်သဖြင့် အကျကောင်းလှ၏။ လွင့်စဉ် ကျလာသည့် အရှိန်ဖြင့် တလိမ့်ခေါက်ကွေးမဖြစ်ပေ။

ဒီကွန် ၏ အနီးတွင် ကုလားအုပ်သေ၏ ခေါင်းသွေးများ ပွက်ပွက်ထွက်နေသည်၊ သူ နှင့် အနီးဆုံး အရာက မော်ဇာသေနတ်၊ ခေါင်းထဲ၌ မူးနောက်နောက် ဖြစ်နေသော်လည်း၊ ဒီကွန် သည် မော်ဇာ သေနတ်ကို ကောက်ယူလိုက်ရန် သတိမမေ့၊ သေနတ်ကို ကောက် ယူပြီး၊ ဒူးတဘက် ထောက်၍ ကိုင်းလိုက်သည်။ သူ့ ပါးစပ်ထဲတွင် သဲတွေအပြည့်၊ ကုလားအုပ် အသေကောင်မှလည်း ညှီစို့စို့နံလှသည်၊ အန်ချင်သလိုလို ဖြစ်လာသည်၊ ပျို့လာသည်၊ ထိုခိုက် သူ့ ရှေ့ သဲထဲသို့ ကျည်ဆန်များ စူးဝင်လာ သဖြင့် ရှေ့သို့လှိမ့်ချလိုက်ပြီး ဘီးလေးဘီးကလည်ပြီး တုံးလုံးလဲနေသည့် ဂျစ်ကား နံဘေးပြေးဝပ်လိုက်သည်၊ ခပ်လှမ်းလှမ်းတွင် အာရပ် တဦးသည် သဲထဲ၌ ဘုရားရှိခိုးနေဟန် ဒူးထောက်လျက် ရှိနေရာမှ တဖြည်းဖြည်းချင်း ဟပ်ထိုး

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားလေသည်။ သူ၏ ဝပ်ပစ် ပစ်လိုက်သည့်ကျည်ဆန် ထိမှန်သွားပုံရသည်။

ဘယ်လောက် လိုသေးသလဲ၊ ဘယ်လောက် ဝေးသေးသလဲ၊ သိပ်မဝေးတော့ပြီ၊ သို့သော် ဤပုံအတိုင်းဖြင့် သူတို့ရှိရာသို့ ပြင်သစ် တပ်သားများ ရောက်လာမှ ဖြစ်ချေတော့မည်၊ လာမည် ဆိုပါကလည်း မြန်မြန်လာကြမှ။

အာရပ် တယောက်သည် ကုလားအုပ်ကို စိုင်းလိုက် သူ့ထံလာနေပြန်ပြီ၊ ဒီကွန်က ဘာမှ တွေးတောချိန်ရှယ်မနေပဲ၊ မော်ဇာသေနတ်မောင်းကို တအားဆွဲလိုက်သည်၊ အာရပ်က သူ့လက်တွင်းမှ ရှေးပစ္စတို သေနတ်ကို နှစ်ချက်ပစ်လိုက်နိုင်ပြီး ရှေ့သို့ ငိုက်ကျသွားသည်၊ အပြင်း ပြေးနေသော ကုလားအုပ်က သူ့အား တဲလောင်းကြီးဆွဲ၍ ပြေးတော့သည်၊ ဒီကွန် အဖို့ သူ့ကိုယ်သူ ချင့်ချင့်ချိန်ချိန် အကာအကွယ် ယူချိန် မရ၊ ဒုတိယ အာရပ်တယောက်ပေါ် လာပြန်သည်၊ ဒီကွန် သည် ဒူးထောက်လျက်ကပင် မော်ဇာဖြင့် ပစ်လိုက်ပြန်သည်၊ သေနတ်က ဂျမ်းဖြစ်သွားတော့သည်၊ သူသည်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကာ၊ သေနတ်ဒင်ကို လက်သီးဖြင့် ထု၊ ခလုတ်ကိုရိုက်လုပ်ကြည့်သည်၊ မရ၊ ကျည်ဆန်များက သူ့အနီးမှ တရှဲရှဲ ဖြတ်ကျော်နေသည်၊ သူသည် သုံးမရတော့သည့် သေနတ်ပျက်ကို ကုလားအုပ်ပေါ်မှ အာရပ်ထံ မှန်း၍ပစ်လိုက်သည်။ နောက်....ဂျစ်ကားဘေး ပြေး ဝပ်လိုက်ရပြန်သည်။ သူ့တွင် ကာကွယ်ရန် လက်နက် ဓားမြှောင်တချောင်းသာ ပါလာရာ သူ့ခါးကြားမှ ထိုဓားမြှောင်ကို စမ်းကြည့်လိုက်မိသည်။

အာရပ်ငါးယောက်၊ တောင်စောင်းမှဆင်းလာကြပြန်သည်၊ နီးကပ်လာချေပြီ၊ ဒီကွန် ၏ မျက်စိထဲတွင် ထိုငါးယောက်ကို ဓာတ်ပုံရိုက်ထားသကဲ့သို့ မြင်နေမိသည်၊ ကုလားအုပ်ပေါ်မှ သူတို့၏ ကိုယ်လုံးများက အပြာရောင်ဇကောင်းကင်နောက်ခံ ဝါကျင့်ကျင့်ကျောက်တုံးကျောက်ဆောင်များအောက် တွင်မူ နီညိုညို မီးကျွမ်း သဲပြင်တွင် ထင်ရှားလှသည်၊ သူတို့၏ လက်ထဲတွင် ရိုင်ဖယ်၊ ပစ္စတို၊ ဓားများ အသီးသီး ကိုင်ထားကြသည်၊ သူတို့သည် ဒီကွန် ရှိရာသို့ ဒုန်းစိုင်းလာနေကြသည်။ ရုတ်တရက် ကောင်းကင်မှ မမျှော်လင့်သောအရာဝတ္ထုတခု ဗြုန်းကနဲ ရောက်လာသည်၊ ခိုင်ခန့်ထည်ဝါလှသည့် ကိုယ်ထည်ဖြင့် အာရိအေအက်ဖ်ဟာရီကိန်း လေယာဉ်ပျံကြီး ဘောင်ကြားအဘွင်း နိမ့်စွာ ထိုးဆင်း ပျံသန်းလာခြင်း ဖြစ်သည်။

ကင်းဗဲလ် သည် ဒီကွန် နောက် ရောက်လာပြီး၊ ဒီကွန်၏ ကုပ်ကို တွန်းလှဲကာ အတင်း အမှောက် ခိုင်းလိုက်သည်၊ နောက် ကင်းဗဲလ်က သူ့လက်တွင်းမှ တော်မီဖြင့် ရန်သူများအား ပစ်တော့သည်၊ ဟာရီကိန်း လေယာဉ်ပျံကြီးသည် တံလျပ်ကဲ့သို့ ရုတ်တရက် ရောက်လာသကဲ့သို့ ပင် ပျောက်ကွယ်သွားလေသည်၊ အာရပ် များက ဒီကွန် တို့ နှစ်ယောက်အား

www.burmeseclassic.com

www.burmeseclassic.com



မဲကြုပြုန်သည်၊ ကင်းဗဲလ် သည် သူ့ ထုံးစံအတိုင်း ပစ်ယင်းခတ်ယင်း ပါးစပ်က အငြိမ်မနေ အော်နေသည်၊ ဒီကွန် သည် သူ့ အနီးမှ အ သာ ခွာ လာခဲ့သည်။

နောက် ဂျစ်ကားနောက်ဘိုင်းတွင် သွန်ကျနေသော သူတို့၏ ပစ္စည်းများအတွင်းမှ သေနတ်တလက်၊ လက်ပစ်ဗုံး တလုံးတလေ တွေ့လိုတွေ့ငြား ရှာဖွေကြည့်မိသည်၊ ဤ လက်နက်ဖြင့် သူသည် အာရပ် များ အား ခံ ချ နေရမည်၊ ပြင်သစ် ဗိုလ်ချုပ်က သူတို့သည် ဂျစ်ကား အပျော်စီး ခရီးထွက်သူများလည်း မဟုတ်၊ အီတလီ ခရီးသည်များလည်းမဟုတ်ပဲ၊ မဟာမိတ် တပ်သားများဟု သိရှိက၊ လာရောက် အကူအညီ မပေးမချင်း၊ သို့ မဟုတ် အာရ်အေအက်ဖ်ဟာရီကိန်း လေယာဉ်ပျံ ပြန်မလာမချင်း ခံတိုက်နေရမည်ဖြစ်သည်၊ လက်နက် ဟူ၍ အပ်တိုဘချောင်းမှမတွေ့။

ကုန်းရှာဖွေနေရာမှ မတ်တပ် အရပ်လိုက်၊ သူ့ ကိုမြင်လိုက်ရသည်၊ သူ့ အပေါ်မှမိုး၍ ကုလားအုပ်မှလူ၊ ကုလားအုပ်က ရပ်နေသည်၊ ကုလားအုပ် မှာ ခန့် တော့ ခန့် သည်၊ သို့သော် နွမ်း လျ နေ သည်၊ နားသီးကြိုး (နားပန်းကြိုး)က တင်းနေသဖြင့် လည်တခါခါနှင့် နှာခေါင်းမှတရှူးရှူး လေမှုတ်ထုတ်လျက်ရှိသည်၊ သူ့ အပေါ်မှ ကုလားအုပ်ရှင်ကား ခေါင်းအုပ်ကို နောက်မှ လှန်ချထားပြီး၊ သူ၏ ခေါင်းမှ ပေါင်းထုပ်မှာ ချွေးများဖြင့် စိုရွှဲနေသည်။ သူ့ ခေါင်းပေါင်းထုပ် အောက်မှ ပေါ်နေသည့် ဆံပင် ဖြူ လျော်လျော်များ ပျော့ ပျောင်း လှ သည်။ သူ့ မျက်လုံးက စူးရှလှသည်၊ သူကား ဂျာမန်၊ အာရပ်ကပြား၊ ဒမြဒဏ္ဍာရီသဖွယ် နာမည်ကြီးနေသူ.... သူ့ ရုပ်သွင်ဟန်ပန်သည် ဒီကွန် ၏ ဖခင်နှင့် တူလှသည်ဟု ဒီကွန် က ထင်မိသည်၊ အသားအရေ အစရောင်အဆင်း၊ ခပ်သွယ်သွယ် ဟိတ်ဟန်မာနကြီးပုံ၊ ရန်ငြိုးသိုထားသည့် ဟန်ပန်အမူအရာ တို့မှာလည်း တထေရာတည်းဟု ဒီကွန်က တွေးနေမိသည်။ နောက်မှ သူက....

"မက်စနာ...."

ဟု ပါးစပ်မှ အသံထွက်၍ပင် ခေါ်လိုက်မိသည်။

မက်စနာ ၏ လက်တွင်း၌ ခေတ်ပေါ် အော်တိုမက်တစ် ရိုင်ဖယ်၊ ရိုင်ဖယ်သေနတ်၏ပခုံးသိုင်းကြိုးမှာ ကြယ် သီး ပေါက် က လေး များ ကို ဆာဟာရမှာပင် ပြုလုပ်သော ကြေးကွင်းကလေးများဖြင့် အလှ အပ ဖော်ထားသည်၊ ထိုသိုင်းကြိုးသည်ပင်၊ ပန်းဖော် ပိုးသားဖြင့် ပြုလုပ်ထားပြီး ပန်းပွားများဖြင့် လှ ပ လှ ပ ါ ၏။ မက်စနာ သည် ရင်ကော့ပြီး ပန်းကော် ပန်းနွယ်များဖြင့် ခြယ်ထားသည့် ကုန်းနှီးပေါ် ဝယ် အခန့် သား ထိုင် နေသည်၊ သူ့ မျက်နှာက တည်ငြိမ် အေးဆေးလှသည်၊ မည်သည့် အမူအရာမှ မပြ၊ သူက သူ၏ ရိုင်ဖယ်ကို မြှောက်လိုက်သည်၊ နှစ်ချက်သုံး လုံလောက်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ချိန်ရန်ပင်မလိုပဲ၊ အမှတ်မဲ့ အသာကလေး ခလုတ်ဆွဲလိုက်ရုံဖြင့် ကိစ္စတုံး ဖြစ်မည်။

ဒီကွန် သည် သူ၏ ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ ဓားက ရိုးရိုးငါးလက်မသွားရှိ ဓားသွား၊ သစ်သီးမှူးများ ဖောက် လျှင် ကြိုးများဖြတ်လျှင်၊ သစ်သီးအခွံနွှာလျှင် သုံးသော ဓားမျှသာ ဖြစ်သည်၊ ဤအခြေအနေတွင် ဓားသည် ဟန်မျှသာဖြစ်ပေလိမ့်မည်၊ အော်တိုမက်တစ် ရိုင်ဖယ်ကသာ တကယ် အင်အား ကြီးမားကြောင်း ပြသသွားပေလိမ့်မည်။

ကုလားအုပ်သည် မတုန်မလှုပ် ဖြစ်နေပြီး၊ မက်စနာ သည် ရိုင်ဖယ် ကို လက်နှစ်ဘက်ဖြင့် ကိုင်လိုက်ပြီး၊ ရင်ဝကို သေနတ်ဒင် ကပ် လိုက် သည်၊ အောက်သို့ပစ်ထည့်လိုက်ရန် ပြောင်းကို အောက်စိုက်ထားသည်။

ဟာရီကိန်းလေယာဉ်ပျံ ကြီးသည် တောင် ကြား ပေါ် ဘွား က နဲ ပေါ်လာပြန်သည်။

ကြီးမားလှသည်၊ မြည်ဟီးလှသည်၊ လင်းနို့ကြီးတကောင် ပျံသန်း လာသလို ဟင်းလင်းပြင် ကောင်းကင်ယံမှ ထွက်ပေါ်လာခဲ့သည်၊ တောင် ကြားပေါ် နိမ့်နိမ့်စွာဖြတ်ပျံသွားရာ အမြင့်ပေသုံးရာခန့်သာ ရှိပေလိမ့်မည်။

ကုလားအုပ်ကလန့်ပြီး၊ မတ်တပ်ရပ်လိုက်သည်။

ဒီကွန် သည် လျှပ်စစ်လက် သ လို မြန်ဆန်လှသည်၊ ကုလားအုပ်၏ ကိုင်းကိုင်းကြီး ဖြစ်နေသော လည်ပင်းရှည်ကြီးအောက် အမွေးဖွားဖွားနှင့် ရင်အုပ်အနီး ရောက် အောင် ထိုး ဝင် လိုက် သည်၊ နောက် ကုန် နှီးကြိုးကို ဓားဖြင့်ဖြတ်သည်၊ သားရေစိမ်းဖြစ်သည်၊ လက်တဘက်က ခေါင်းပေါ်ကို ဖုံးကွယ်ထားပြီး ဓားဖြင့် သားရေ ကိုလှီးသည်၊ ကုလားအုပ်သည် မတ်တတ် ရပ်ရာမှ ပြန်ကျပြီးနောက် ခုန်ပေါက်နေသည်၊ ကုလားအုပ်ပေါ်မှ မက်စနာ သည် လန့်နေသော ကုလားအုပ်ကို ထိန်း ရန် ကြိုး ပမ်း သည်၊ ထိုစဉ်ပင် ကုလားအုပ်ဝမ်းဗိုက်ကို သိုင်းချည်ထားသည့် ကုန်းနှီးကြိုး ပြတ်တော့သည်၊ ကုန်းနှီးကလည်း မငြိမ်ပြီ၊ ဤတွင်ပင် ဒီကွန် သည် ကုလားအုပ် အောက်မှ ဝမ်းလျားထိုး၍ ထွက်လိုက်သည်။

ကုန်းနှီးပေါ်က မက်စနာ သည် ကုန်းနှီးမခိုင်တော့သဖြင့်၊ ကုလား အုပ် လည်ပင်းကို လှမ်း ဖက် သည်။ ခုန် ပေါက် နေ သည့် ကုလားအုပ် ၏ ဘို့ကြီးက မက်စနာ ၏ ဝမ်းဗိုက်ကို ဆောင့်ထိုးသလိုဖြစ်နေသည်။ လွယ်ထား သည့် ရိုင်ဖယ်ကလည်း ကျောပြင်ပေါ် ရောက်ပြီး တဖြည်းဖြည်း ရိုက် ခတ် နေသည်၊ မက်စနာ မှာ ကြာရှည်မနေနိုင်တော့ပဲ၊ မလှမပ ခြေကားယား လက်ကားယားဖြင့် ဒီကွန် ၏ ခြေထောက်ရှေ့သို့ ဘိုင်း က နဲ လွင့်စဉ် ကျ လာသည်။

ဒီကွန် သည် ထိုအခွင့်အရေးကို လက်လွှတ်မခံ၊ မက်စနာ ၏ ရင်ဘတ် ပေါ် ခွစီးပြီး လက်များကို ဒူးနှင့်ဖိချုပ်ထားလိုက်သည်၊ ဒီကွန် က ဓားမြှောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသည့်လက်ကို အမြှောက်လိုက်၊ မက်စနာ ၏မျက်နှာကို ကြည့်လိုက်သည်၊ ချော့တော့သော အပြာရောင်မျက်လုံးရှင်သည် ဒေါသလည်းမထွက်၊ ကြောက်လည်းမကြောက်၊ ထိတ်လန့်တုန်လှုပ်ခြင်းပင်မရှိပဲ စိတ်သက်သာရာရသွားဟန်၊ မျှော်လင့်ထားချက် ဆိုက်ရောက်လာပြီ ဟူ သည့် ပုံဖြင့် ပကတိ တည်ကြည်လှသည်၊ ဒီကွန် အဖို့သည်း ထိုတဒင်္ဂ၌ စိတ်ဆန္ဒရှိသည်ဖြစ်၍လည်း မဟုတ်၊ လိုအပ်သည်ဖြစ်၍လည်းမဟုတ်၊ ပြုလုပ်ရန်သာ ဖြစ်နေသည်၊ စင်စစ် မက်စနာ ကသာလျှင် သူ၏ သံလိုက်ဓာတ်ပမာ ဆွဲဆောင်မှုအင်အားကြီးမားလှသော စိတ်ဓာတ်ရှိကြောင်း ပြသသွားခြင်း ဖြစ်ပေသည်။

ဒီကွန် သည် ဓားမြှောင်ကို စိုက် ချ လိုက်သည်၊ နောက်....ပြန် နုတ်လိုက်ပြီး၊ တဖန် ထိုးစိုက်ချလိုက်ပြန်လေသည်။

မက်စနာ ၏ နှုတ်ခမ်းပါးကလေးက ရယ်သွမ်းသွေးလိုက်ဆည့် ပမာ ပွင့်ဟ၍ တချက် တွန့်သွားသည်၊ သူ့သွားများက မည်းနက်ပြီး ကျိုးနေပြီ၊ သူ၏လျှာက သားရေပြား ကဲ့သို့ နီရဲတွတ်နေသည်။ ဒီကွန် သ ည် ဒု တိ ယ ဓားချက်အသွင်းလိုက် မက်စနာ ၏ရင်အုပ်ပေါ် သူ့မျက်နှာက ရောက်သွားရာ မက်စနာ ၏ နှလုံးသားအတွင်း ဓားသွား စူးဝင်သွားသဖြင့် 'ဗွက်ကနဲ' သွေးပွက်လိုက်သည့် အသံကို ကြားလိုက်ရသည်။ နောက် မြက်နုနုကလေးများအပေါ် လေတိုးသွားသည့်ပမာ၊ တိုးညှင်းသော အသံ ထွက်လာသည်၊ မက်စနာ သည် မပီမသ ဂျာမန်စကားဖြင့် ဘုရားရှင်အား ကန်တော့သည်လား၊ ဆုတောင်းသည်လား၊ သို့မှုမဟုတ် သူ့အား ဆဲရေး တိုင်းထွာသွားသည်သားမသိ၊ တိုးတိုးကလေး ရေရွတ်သွားလေသည်။

ဓားကို ဆွဲနုတ်လိုက်ရာ နှလုံးအတွင်းမှ လေများပါ ထွက်လာသည်၊ မက်စနာ သည် တချက် တွန့်သွားပြီး မျက် လုံး စုံမှိတ်လိုက်သည်၊ သူကား သဲကန္တာရအပေါ် မိုးကျက်ထားသည့် မိုးကောင်းကင်ကို မမြင်ရတော့ပြီ၊ သူ့ကိုယ်ပေါ်တွင် ခွလျက် ဆံပင်ရှည်ရှည်နှင့် လူချောလူလှအင်္ဂလိပ်လူငယ်သည် မည်သူ မည်ဝါ ဖြစ် ကြောင်း သူ့နယ်မြေ ဖြစ် သော ဤ ဆာဟာရ သဲကန္တာရအတွင်းသို့ အဘယ့်ကြောင့်ရောက်ရှိနေရသည်ကိုလည်း သူမသိနိုင်တော့ချေ။

ဒီကွန် သည် သေ နေ ပြီ ဖြစ် သည့် လူဆန်းကြီး၏ အလောင်းပေါ်မှ ထလိုက်သည်။

ကင်းမဲလ် သည် ဒီကွန် အနီးသို့ အပြေး ရောက်လာပြီး ဒီကွန် ၏ ပခုံးကိုလှုပ်ကာ ကောင်းကင်သို့ လက်ညှိုးထိုးလျက် "ပီဘီ....ပီဘီ၊သူ့တာဝန်ကျေတယ်၊ သူ တာဝန်ကျေတယ်၊ ကြည့် စမ်း.... ကြည့် စမ်း.... ဟာ ငှက်နှုန်းလေယာဉ်ပျံတွေတအုပ်ကြီးပဲ....တအုပ်ကြီးပဲ" ဟု တအံ့တသြဝမ်းမြောက်ဝမ်းသာ အော်ဟစ်ပြောဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာရပ် ရန်သူများလည်း၊ နာဇီတားမြို့ ဘက်သို့ ကခုန်ပေါက်မြေး ကြလေပြီ။

မြင်းသစ် တပ် ကြီး လည်း ဂျာမန် လေယာဉ်ပျံများ၏ အန္တရာယ်မှ လွတ်ရာလွတ်ကြောင်း တပ်ဖြန့်လိုက်ပြီး၊ ကျောက်ကြို ကျောက်ကြားများ အဘွင်း၊ ခိုအောင်း နေ ကြ ပြီ၊ တကယ်တော့ မလိုပါပေ၊ အ နောက် ဘက် ကောင်းကင်မှ အရှေ့အလယ်ပိုင်း အာရှ်အေအက်ဖ် လေတပ်စခန်းမှ ထပျံ လာခဲ့ကြသော၊ ဟာရီကိန်း လေယာဉ်ပျံ ၂၄ စင်းသည် အတွဲလိုက် အတွဲ လိုက် ပျံသန်းလာနေလေပြီ၊ ပျံသန်းရာ၌ မြန် သည်၊ အထက်စီးမှ နေ ၍ တိုက်နိုင်သော ဟာရီကိန်းများကား ဂျာမန် မက်ဆာရှမစ် လေယာဉ်ပျံများ မယှဉ်သာပါပေ၊ လေးလံသော ဂျာမန်ဂျက်ကား ဗုံးကြဲ လေယာဉ်ပျံကြီး များ နှင့် မြေပြင်ပေါ်မှ ဂျာမန် ပင်ဇာ တပ် တို့ ကား ဟာရီကိန်းစာမိပေ တော့မည်။

"အောင်ပြီ....အောင်ပြီ....တို့အောင်ပြီ"ဟု ကင်းမဲလ်က ကြွေးကြော် လိုက်သည်။

ပင်ပန်းလှပြီးဖြစ်သော ဒီကွန် ကမူ သဲပြင်ပေါ်တွင် ထိုင် ချ လိုက် သည်၊ သူ့လက်တွင်းမှာမူ သွေးစွန်းသော ဓားမြှောင်ကို ကိုင်ထားလျက်....

"ကဲ....ခု....တို့ဘာလုပ်ကြမလဲ"

ဟု ဒီကွန် က နွမ်းလျလျ မေးလိုက်သည်။

ကင်းမဲလ် က သူ့အနီးတွင် ထိုင်ချလိုက်ပြီး....

"သူရဲကောင်းတွေ အနေနဲ့....တပ်ကိုပြန်ကြမယ်လေ"

"အား....ဟုတ်တယ်....ဟုတ်တယ်"

"အသေးအဖွဲ့တွေပါ ဘွတ်ရှ်၊ အားလုံး အသေးအဖွဲ့တွေပါကွ" ဟု ဒီကွန် က ပြောလိုက်ပြီး ဓားမြှောင်ကို သဲကန္တာရအတွင်းသို့ နောက်ပြန် လွှင့်ပစ် လိုက်လေတော့သတည်း။

အောင်ဝေယျတုသပြေနုမြင့်
မှုံးသမြေ

www.burmeseclassic.com

www.burmeseclassic.com

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | |
|---|---|---|---|
| ၆ | ၃ | တပ်မ | တပ်မတော် |
| ၂၉ | ၂ | တိုက်ပွဲပြီးမြန် | တိုက်ပွဲပြီးမြန် |
| | | တော့တော့လည်း | တော့လည်း |
| ၂၉ | ၁၁ | တပ်မ | တပ်မတော် |
| ၃၅ | ၁၂ | ကွန်မန်ဒို | ကွန်မန်ဒါ |
| ၂၉ | ၁၃ | ကင်းပဲလ် | ကင်းဗဲလ် |
| ၆၇ | ၁၉ | ဆိုယင် | ဆိုဒါ |
| ၇၅ | ၂၀ | အက်စ်အေအက်စ် | အက်စ်အက်စ် |
| ၇၇ | ၁၇ | နေ့ | နေ့ |
| ၉၄ | ၂၇ | ခတောက်ကား | စကောက်ကား |
| ၁၅၅ | ၁၉ | ဆင် | ဆင်း |
| ၁၅၇ | ၃၁ | အမို | အမိုး |
| ၁၉၀ | ၂၇ | ခိုက်ခဲ | ကိုက်ခဲ |
| ၂၂၃ | ၂ | သဲသဲမဲ | သဲသဲမဲမဲ |
| ၂၂၇ | ၁၉ | ကစဉ့်ကလျ | ကစဉ့်ကလျား |
| ၂၃၅ | ၂၀ | ကျောင်ဆောင် | ကျောက်ဆောင် |

www.burmeseclassic.com